www.burmeseclassic.com

# သောင်းဝေဦး

ဗသက (၃၆) မှ

## ကြည်း၊ ရေ၊ လေ တပ်မှူးများ၏ အမှတ်တရတိုက်ပွဲများ






www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၇ ခုနှစ်မတ်လ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၄၀၀၀ ကျပ် |
| မျက်နှာဖုံးကာလာခွဲ | - | မြရတနာ Colour Separation |
| အတွင်းဖလင် | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

**ထုတ်ဝေသူ**

ဒေါ်မူမူ (ခေါ်) ဒေါ်မြရတနာ (၀၀၅၅၃ မြဲ)
သီရိမြင်သာဈေးအတွင်း
မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း၊ ၀၁-၅၇၈၆၇၄၊ ၀၁-၃၇၉၇၇၃

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၀၄၀၁ မြဲ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

သောင်းဝေဦး ၈၉၉. ၈၃
ဗသက(၃၆)၊ ကြည်း၊ ရေ၊ လေ တပ်မှူးများ၏ အမှတ်တရ
တိုက်ပွဲများ / သောင်းဝေဦး။ - ရန်ကုန်၊
မြရတနာစာပေ၊ ၂၀၁၇။
၄၀၇ - စာ၊ ၁၄ x ၂၀ စင်တီ။
(၁) ဗသက(၃၆)မှ ကြည်း၊ ရေ၊ လေ တပ်မှူးများ၏ အမှတ်တရ
တိုက်ပွဲများ


BURMESE CLASSIC

သောင်းဝေဦး

# ဗသက (၃၆) မှ ကြည်း၊ ရေ၊ လေ တပ်မှူးများ၏ အမှတ်တရတိုက်ပွဲများ

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်တထောင် (၃၆) မှ ကြည်း၊ ရေ၊ လေ တပ်မှူးများ၏ အမှတ်တရတိုက်ပွဲများ

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| သောင်းဝေဦး၏အမှာ | ၅ |
| ၁ ဗိုလ်မှူးကြီးထင်အောင်နိုင် | |
| သူနာပြုဆရာမတစ်ယောက်၏သည် | ၉ |
| ၂။ ရဲမှူးကြီးစိန်ဝင်း | |
| အင်္ဂလိပ်ဗမ်းတိုက်ခဲ့ရသည့်တိုက်ပွဲတစ်ပွဲ | ၃၁ |
| ၃။ ဒုဗိုလ်မှူးကြီးအောင်စိုး | |
| သောက်မရောက် သတ်မရောက် | ၄၃ |
| ၄။ ဗိုလ်မှူးကြီးလှမြင့်(လေ) | |
| တိုက်စစ်တွေထဲဝင်ကျော်ခဲ့ပါပြီ | ၆၁ |
| ၅။ ဗိုလ်ကြီးစိန်သန်း | |
| မကောင်းသောအတွေး မဆိုးသောအတိတ် | ၇၉ |
| ၆။ ဗိုလ်မှူးဝင်းဟန် | |
| (က) နောင်မွန်ရွာအနီးတိုက်ပွဲ | ၉၉ |
| (ခ) ပါမုန့်တောင်တိုက်ပွဲ | ၁၀၅ |
| (ဂ) ထောင်တန်းပြာနဲ့ကျော့ပိုးအိတ် | ၁၂၉ |


## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၇။ ဒုဗိုလ်မှူးကြီးသောင်းထင် | |
| ဝန်းကျိုတိုက်ပွဲ | ၁၅၅ |
| ၈။ ဒုဗိုလ်မှူးကြီးညီပု | |
| ဝန်းကျိုတိုက်ပွဲ | ၁၈၃ |
| ၉။ ဒုဗိုလ်မှူးကြီးမောင်မောင်သန်း | |
| ၈၀၀ စကိုင်းအားကျောင်း ဝထဓအကြိမ်တိုက်ပွဲ | ၂၄၁ |
| ၁၀။ ဗိုလ်မှူးကြီးထင်ထွန်း(ညက်တျယ်လေး) | |
| ၃၆၈၈ | ၂၆၁ |
| ၁၁။ ဒုဗိုလ်မှူးကြီးမြတ်စိုး(ရေ) | |
| ကျောင်းသင်းရွှေရုရာ | ၂၈၅ |
| ၁၂။ ဗိုလ်မှူးကြီးစိုးဝင်း | |
| (က) ရောင်အနံ့တိုက်ပွဲ | ၂၉၅ |
| (ခ) ဂျပ်နိုင်အောင်စစ်ဆင်ရေး | ၃၂၉ |
| (ဂ) ထချင်ပြည်နယ်ကြိုပ်ဒေသရှေ့ပိုင်းတိုက်ပွဲ | ၃၃၉ |
| ၁၃။ ဗိုလ်မှူးကြီးသောင်းဝေ(သောင်းဝေဦး) | |
| ကြုံခဲ့ဖူးသောစွမ်းထူးစစ်ဆင်ရေးများ | |
| (က) နမ့်ဝထောယ်တိုက်ပွဲ | ၃၄၅ |
| (ခ) ပွန်ချောင်းတိုမြတ်တူးခဲ့စဉ်က | ၃၅၉ |


www.burmeseclassic.com

www.burmeseclassic.com

## သောင်းဝေဦး၏အမှာ

ပြီးခဲ့သည့် ဇန်နဝါရီလလယ် ၁၄–၁–၂၀၁၇ ရက်နေ့က စာရေးသူတို့ ဗိုလ်သင်တန်းဆင်းသည့် နှစ်ငါးဆယ်မြောက်ဖြစ်သည်။

နောင်တော့်နောင်တော် အပတ်စဉ်များနည်းတူ ကျွန်တော်တို့လည်း နှစ်ငါးဆယ်ပြည့်ရွှေရတုမဂ္ဂဇင်းကြီးကို အခက်အခဲအမျိုးမျိုးကြားမှ ကြိုးစားကာ ထုတ်ဝေလိုက်ပါသည်။

ကျွန်တော်က တာဝန်ခံစာတည်း။ ထို့ကြောင့် စာမူတွေ ခေါ်ရသည်။ ရေးမည့်သူရှိမှ ရှိပါ့မလားဟု စိတ်ကထင့်ထင့်ဖြစ်နေ၏။ တကယ်တမ်း စာအုပ်ထုတ်မည်လုပ်တော့ အံမယ် ... စာမူတွေ အများသားလားဗျာ။ အပုဒ်လေးငါးခြောက်ဆယ် ရောက်လာပါသည်။

တစ်ပုဒ်မှ မပယ်ပါ။ အားလုံးထည့်ပေးလိုက်ပါသည်။

စာမူရှင်များမှာ စာရေးဆရာများ မဟုတ်ကြပါ။ လက်စလက်နရှိသူ တစ်ယောက်စ၊ နှစ်ယောက်စသာ ပါပါသည်။

သို့ရာတွင် အရေးအသားများက သိပ်မမျှော်လင့်ဘဲ လာကောင်းနေ၏။ ထိုအထဲမှ တိုက်ပွဲစာမူများမှာ အတော်ကောင်းသည်။

ကျွန်တော်တို့မဂ္ဂဇင်းကြီးက အုပ်သုံးလေးငါးရာသာရိုက်ပြီး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗသက(၃၆) အသိုင်းအဝိုင်း၌သာ ဖြန့်သည်။ အပြင်သို့ ကျယ်ကျယ်ပြန့်ပြန့် မဖြန့်နိုင်ခဲ့။ ထို့ကြောင့် တိုက်ပွဲစာမူများကို နှမြောမိ၏။

ထိုစိတ်နှင့်ပင် ဗသက (၃၆) တိုက်ပွဲစာမူများကို စုစည်းလိုက်၏။ ဗသက (၃၆) က ကြည်း၊ ရေ၊ လေ။

ယခု စာမူများ၌ ကြည်း၊ ရေ၊ လေ အားလုံးပါပါသည်။

ထို ဗသက (၃၆) နှစ် ၅၀ ပြည့် ရွှေရတုမဂ္ဂဇင်းမှ ကြည်း၊ ရေ၊ လေ အရာရှိကြီးများ၏ တိုက်ပွဲစာမူများကို စုစည်းပြီး စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေလိုက်ပါသည်။

စာရေးဆရာ မဟုတ်ကြသည့် ဗသက (၃၆) မှ ကြည်း၊ ရေ၊ လေ အရာရှိကြီးများ၏ လက်ရာများအား မြည်းစမ်းဖတ်ရှုကြည့်ကြပါခင်ဗျာ။

ရှင်လန်းချမ်းမြေ့ကြပါစေ
သောင်းဝေဦး
၁-၂-၂၀၁၇

မြရတနာစာပေ




www.burmeseclassic.com



ဒုဗိုလ်မှူးကြီးတင်အောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com




# တိုက်ပွဲဖြစ်ပွားရာ သဇင်ရေကျော်ရွာပုံကြမ်း

www.burmeseclassic.com



ဧရာဝတီတိုင်း၊ မအူပင်၊ ညောင်တုန်းဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com

# သူ့နာမည် 'မြပုခတ်' ဟုခေါ်သည်

ရေးသူ – ဒုဗိုလ်မှူးကြီးတင်အောင်နိုင်

"ရေရှည်စစ်ပွဲဆင်နွှဲခြင်းအားဖြင့်
အကျိုးဖြစ်ထွန်းဖူးသော
တိုင်းနိုင်ငံဟူ၍မရှိခဲ့ဘူးချေ"

**SUN TZU (BC 501)**

တရုတ်စစ်ပညာရှင်ကြီးဆန်ဇု (ဘီစီ ၅၀၁)

## နိဒါန်း (သို့မဟုတ်) ပဏာမ တင်ပြချက်

သူ့နာမည်မြပုခက်ဟုခေါ်ပါသည်။ အပြည့်အစုံခေါ်ရလျှင်တော့"မြပုခက်ကျော်လှိုင်"ဟုခေါ်ရပါမည်။ တစ်ချိန်က ကေအင်ယူများ ဧရာဝတီတိုင်းတစ်ခွင် နေရာအနှံ့ လှုပ်ရှားတက်ကြွခဲ့စဉ်မအူပင်၊ ညောင်တုန်းမြို့နယ်တဝိုက် တစ်ဗိုလ်တစ်မင်းလုပ်ကာသောင်းကျန်းခဲ့သူတစ်ဦး ဖြစ်သည်။ ခြေတစ်ဖက်မသန် (ဒူးဆစ်တွင်ပတီးရိုးထည့်ထား)၍ လမ်းကောင်းစွာ မလျှောက်နိုင်၊ အဝတ်ပုခက်ဖြင့် သွားလာလှုပ်ရှားနေရသူဖြစ်သောကြောင့် နာမည်ရှေ့က

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြပုခက်ဟု ဒေသခံများက ကင်ပွန်းတပ်ပေးခဲ့ကြခြင်းဖြစ်သည်။ အနီး မြပုခက်ခေါ် ပုဂ္ဂိုလ်ကျော်အား ရှေ့တန်းအမှတ် (၁) ရှမ်းသေနတ်ကိုင်တပ်ရင်း၊ တပ်ခွဲ (၄) မှ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကွင်း တဖင်(သဖင်) ရေကျော်ရွာတိုက်ပွဲ၌ နောက်လိုက်နှစ်ဦးနှင့်အတူ အသေဖမ်းဆီးရမိခဲ့ပါသည်။

ဤနေရာတွင် ကြားဖြတ်တင်ပြလိုသည်မှာ မြစ်ဝကျွန်းပေါ် တိုက်ပွဲများအကြောင်း ရေးသားခဲ့သူများဖြစ်သည့် ဗိုလ်မှူးချုပ် သန်းတင်(ငြိမ်း) ၏ "စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ" နှင့် ရဲဘော်မြ ရဲဘော်ဘခက်တို့၏ "ပြည်သူ့စစ်၊ ဒို့စစ် ဒို့စစ်" စာအုပ်များတွင် ယင်းတိုက်ပွဲအကြောင်း မပါရှိပေ။ ထို့အတူ ဆရာသောင်းဝေဦး၏ "ပြည်သူပါဝင်သော မြစ်ဝကျွန်းပေါ်စစ်ဆင်ရေးများ" စာအုပ်တွင်လည်း မြပုခက်အကြောင်း မိပ်ဆက်သဘောသာ ဖော်ပြထားသည်ကို တွေ့ရသည်။ သူတို့အားလုံးက ပြည်သူပါဝင်သည့် ပြည်သူ့စစ်ဆင်နွှဲပုံကိုသာ ဦးစားပေး ရေးသားထားကြသည်။ မှန်ပါသည်။ ဤတိုက်ပွဲဖြစ်ပွားခဲ့သည့် အချိန်ကာလမှာ ပြည်သူ့စစ် မဟာဗျူဟာနှင့် ဖြတ်လေးဖြတ်စနစ် ကျင့်သုံးမှု မစတင်နိုင်သေး၍ ပြည်သူများ အလုံးအရင်းနှင့် အင်တိုက်အားတိုက် ပါဝင်လာခြင်း မရှိသေးပါ။ မိမိအင်အားသက်သက်ဖြင့်သာ တိုက်ခိုက်ချေမှုန်းနေရဆဲ ကာလဖြစ်သည်။

ဤတိုက်ပွဲဖြစ်ပွားခဲ့သည်မှာ ကာလအားဖြင့် နှစ် (၅၀) တိုင် ကြာညောင်းခဲ့ပါပြီ။ အချို့သော အချက်အလက် အမည်နာမများကို အသေးစိတ် မမှတ်မိတော့ပါ။ သို့သော် တိုက်ပွဲဖြစ်ပုံ အဆင့်ဆင့်ကို ယနေ့ထိ မြင်ယောင်နေဆဲ ဖြစ်ပါသည်။ ယခု





နောက်ပိုင်းကာလ မိတ်ဆွေသူငယ်ချင်းများ ရေးသားကြသည့် "ကိုယ်တွေ့တိုက်ပွဲ"များကို အားကျလာ၍လည်းကောင်း၊ ဒုကာကွယ်ရေးဦးစီးချုပ် (ကြည်း) မှ ချီးကျူး ဂုဏ်ပြုကြေးနန်း ပေးပို့ခဲ့သောကြောင့် မှတ်တမ်းတင်သင့်သည့် တိုက်ပွဲဟုယူဆ၍ လည်းကောင်း၊ ထုတ်ဝေမည့် မဂ္ဂဇင်းကလည်း အသင့်ရှိ၍လည်း ကောင်း တတ်စွမ်းသမျှ တင်ပြလိုက်ရပါသည်။ မြေပုံဓါတ်ပုံ ပုံကြမ်းတို့ဖြင့် အသေးစိတ်ဖော်ပြနိုင်ခြင်းမရှိသည့်ပြင် တင်ပြပုံတင်ပြနည်း မပီပြင်၍ "တိုက်ပွဲရသ" ပြည့်ဝစွာ မခံစားရပါမူ ဤစာရေးသူ၏ ချို့ယွင်းအားနည်းချက်ဟူ၍သာ မှတ်ယူကြပါကုန်။

## မြစ်ဝကျွန်းပေါ်ဒေသ

ဧရာဝတီတိုင်းဒေသကြီး၊ မြစ်ဝကျွန်းပေါ်ဒေသသည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း(၂၀) ကျော်ကာလ တိုင် သောင်းကျန်းမှု သက်ဆိုးရှည်ခဲ့ရာဒေသ ဖြစ်ပါသည်။ စာရေးသူ မောင်နိုင်တို့ ဗိုလ်သင်တန်းမတက်မီနှင့် ကျောင်းဆင်းပြီး ဗိုလ်ပေါက်စဘဝထိ ဆူပူဆဲ၊ သောင်းကျန်း၍ ကောင်းဆဲပင်၊ ပြည်သူများမှာ ၎င်းတို့ပြုသမျှ ခေါင်းငုံ့ခံကာ ပေးရကျွေးရသည့်ပြင် သတ်လျှင်လည်း ခံနေရ၏။ ၁၉၆၈ ခုနှစ်နောက်ပိုင်း ပြည်သူ့စစ်မဟာဗျူဟာ ဖြတ်လေးဖြတ်နည်းဗျူဟာတို့ဖြင့် အကောင်အထည်ဖော် ချေမှုန်းခဲ့မှပင် တိုင်းဒေသကြီးတစ်ခုလုံး အဖြူရောင်ဖြစ်လာပေတော့သည်။ (အသေးစိတ်သိလိုပါမူ ဆရာသောင်းဝေဦး၏ "ပြည်သူပါဝင်သော မြစ်ဝကျွန်းပေါ် စစ်ဆင်ရေးများ" စာအုပ်တွင် ရှုပါလေ) မောင်နိုင်တို့ သင်တန်းဆင်းပြီး ဧရာဝတီတိုင်းအတွင်း



www.burmeseclassic.com

www.burmeseclassic.com



Posting ကျသည့် ဗိုလ်လောင်းများကို နည်းပြအရာရှိနှင့် ဗိုလ်လောင်းသူငယ်ချင်းများက "အင်း ... ဒီကောင်တော့ သိပ်ကြာမယ်မထင်ဘူး"ဟူသော မျက်စိဖြင့် အကြည့်ခံခဲ့ရပါသည်ခင်ဗျား။

## အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်း

အမှတ်(၁) ရှမ်းသေနတ်ကိုင်တပ်ရင်း (ယခု အမှတ် ၃၃၃ ခြေမြန်တပ်ရင်း) အား ပြည်တွင်း သောင်းကျန်းမှုများစတင်ခဲ့သည့်ကာလ ၁၉၄၉–၅၀ ကပင် တောင်ကြီးမြို့၌ ရှမ်းတိုင်းရင်းသားများဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် သရက်မြို့သို့ ပြောင်းရွှေ့အခြေစိုက်ခဲ့ရာမှ အကြိမ်ကြိမ်ပြောင်းရွှေ့ခဲ့ရာ မောင်နိုင်တို့ရောက်ရှိသည့် ၁၉၆၇ ခုနှစ်တွင် မအူပင်၌ အခြေစိုက်လျက်ရှိနေပါသည်။ (အခွင့်ကြုံခိုက် ဂုဏ်ယူစကားဆိုရပါလျှင် ယခု ဒီမိုကရေစီခေတ် သမ္မတတာဝန်ထမ်းဆောင်ခဲ့သည့် ဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ နှစ်ဦးကလည်း Mother Unit ရှမ်း (၁) ပါပဲ) တပ်ရင်းတစ်ရင်းလုံးမှာ တစ်နေရာတည်း စုစုစည်းစည်းရှိနေသည်မဟုတ်၊ မြို့တွင်းရှိ စာရေးကုန်းရပ်ကွက်တွင် တပ်ခွဲနှစ်ခွဲ (အိမ်ထောင်သည်လိုင်းများပါ) ရှိပြီး တပ်ရင်းဌာနချုပ်နှင့် ကျန်တပ်ခွဲများကမူ မြို့နှင့်သုံးမိုင်ခန့်အကွာ ပန်တပွတ်ရွာအနီးရှိ ပန်တပွတ်ချောင်းနှင့် တိုးမြစ်တို့ဆုံရာ ကမ်းနဖူးတွင် အခြေစိုက်ပါသည်။ မြို့နှင့်ဆက်သွယ်ရန် ကားလမ်းရှိသည့်အပြင် ပပဝတီအမည်ရှိ မော်တော်တစ်စီးအား အမြဲ ငှားရမ်းအသုံးပြုခွင့်ပေးထား၍ ရေလမ်းကပါ သွားလာနိုင်ကြသည်။

ရှမ်း(၁)သို့ မောင်နိုင်နှင့်အတူ ကိုအောင်ထွန်း (ဒုဗိုလ်မှူးကြီး





ငြိမ်း) စာစစ်မင်းကြီး (ငြိမ်း) နှင့် ကိုချိန်ဟင် (ဗိုလ်ကြီးအဆင့်ဖြင့် နုတ်ထွက်သွား)တို့ Posting ကျပါသည်။ တပ်ရင်းမှူးမှာ မောင်နိုင်တို့ ဗိုလ်သင်တန်းတက်စဉ်က အုပ်ချုပ်မှုတပ်ခွဲမှူး (Admin Major) ဗိုလ်မှူးကျော်သောင်း (စာရေးဆရာမကြီးဒေါ်ခင်နှင်းယု၏ ခင်ပွန်း) ဖြစ်ပြီး ဒုတပ်ရင်းမှူးမှာ နည်းပြအရာရှိချုပ် (Chief Instructor) ဗိုလ်မှူးမောင်မောင်တို့ဖြစ်ကြပါ၏။ ဆရာသမားများဆိုပါတော့။ ရှမ်း(၁) သည် အနောက်တောင်တိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်ရင်းဖြစ်ပြီး တိုင်း၏တိုက်ရိုက်ကွပ်ကဲမှုဖြင့် ဒေသန္တရစစ်ဆင်ရေးတာဝန် ထမ်းဆောင်လျက်ရှိသည်။ တပ်ရင်းမှူး၏ စစ်ကြောင်း (၁) သို့ မိကျောင်း စစ်ရေယာဉ်တစ်စီး၊ ဒုတပ်ရင်းမှူး၏ စစ်ကြောင်း(၂) သို့ ယူဘီ (UB)သင်္ဘောတစ်စီး တွဲဖက်ပေးထားပါသည်။

မောင်နိုင်တို့ နတာခ လက်အောက်ခံတပ်များသို့ ရောက်ရှိသည့်အရာရှိများသည် ဦးစွာ တိုင်းစစ်ဌာနချုပ်သို့ သတင်းပို့ပြီး တိုင်းမှူး၊ ဒုတိုင်းမှူးတို့၏ ဩဝါဒနာခံရသည်။ (တိုင်းမှူးမှာ ဗိုလ်မှူးကြီး စံကြည်ဖြစ်ပြီး ဒုတိုင်းမှူးက ဗိုလ်မှူးကြီးစိန်လွင် ဖြစ်ပါသည်) ထို့နောက် သက်ဆိုင်ရာ တပ်အသီးသီးသို့ စေလွှတ်ပါသည်။ မောင်နိုင်တို့သုံးယောက် မအူပင်ရှိ တပ်ရင်းဌာနချုပ်သို့ ဖေဖော်ဝါရီလ (၇) ရက်နေ့ နံနက်(၇) နာရီခန့်တွင် ရောက်ရှိခဲ့ကြသည်။ ထိုနေ့ (၁၀)နာရီခန့်မှာပင် တပ်ရင်းမှူးသည် မိကျောင်းရေယာဉ်ဖြင့် တပ်သို့ အုပ်ချုပ်ကိစ္စဆောင်ရွက်ရန် ရောက်ရှိလာပါမယောသည်။ (တမင်လာတာလည်း ဖြစ်နိုင်ပါသည်) မောင်နိုင်တို့ ဂိုက်ထဲမှာ ဗိုလ်သင်တန်းကျောင်းက ဆရာသမားများနှင့် ပြန်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရမည်ဆိုတော့ ''ငါတို့တော့ ကံကောင်းလေစွ''ဟုပင် အောက်မေ့ခဲ့မိသည်။ သို့သော် ...

## ရက်စက်ပါပေ့ခီအို (CO) ကြီးရယ်

တပ်ရင်းမှူးရောက်ပြီး ခဏအကြာမှာပင် မောင်နိုင်တို့သုံးယောက်အား တပ်ရင်းမှူးရုံးတွင် ခေါ်ယူတွေ့ဆုံ ဩဝါဒပေးကာ တပ်ခွဲများသို့ နေရာချထားပေးသည်။ ကိုချိန်ဟင်က နောက်တန်းတွင် ရှိသည့် တပ်ခွဲ(၂)သို့ ကိုအောင်ထွန်းနှင့် မောင်နိုင်က ရှေ့တန်းရှိ တပ်ခွဲ(၁) နှင့် (၄) သို့ ပို့ပါသည်။ တစ်ဆက်တည်းမှာပင်

''ဗိုလ်အောင်ထွန်းနဲ့ ဗိုလ်တင်အောင်နိုင်၊ မင်းတို့နှစ်ယောက်က ဒီနေ့ ငါနဲ့ အပြန်လိုက်ခဲ့ကြ။ လိုတဲ့ လက်နက်ခဲယမ်းကို သက်ဆိုင်ရာတပ်ခွဲတွေက ထုတ်ခဲ့၊ နေ့လယ်(၂)နာရီ ပြန်ထွက်မယ်''ဆိုပြီး ပြောပြောဆိုဆို ရုံးဆင်းသွားပါတော့သည်။

ကဲ ... မောင်နိုင်တို့ ဘာများတတ်နိုင်သေးသနည်း။ သင်တန်းက တစ်နှစ်နီးပါးတက်ခဲ့ရလို့ ကိုယ်ချင်းစာနာစိတ်ထားပြီး ရှောင်တခင်ခွင့်လေးများ တစ်ပတ်တန်သည် ဆယ်ရက်တန်သည် ပေးမလား မှတ်တယ် ခုတော့ဗျာ။

အေးလေ စစ်သားဖြစ်လာပြီဆိုတော့ အမိန့်ဟာအမိန့်ပဲမို့ ကျောက်ပိုးအိတ်ပြင် မြို့ထဲရှိ တပ်ခွဲကို အမြန်ချီတက် လက်နက်ထုတ်ရပါတော့သည်။ ယက်နက်တိုက်တာဝန်ခံက –

''ကာဘိုင်သေနတ်ကတော့ မရှိတော့ဘူး ဗိုလ်ကြီး။ ရှေ့တန်းကို အကုန်ယူသွားတယ်။ လောလောဆယ် ရိုင်ဖယ်ပဲရှိလို့ ဒါပဲထုတ်သွားပါ။ ရှေ့တန်းကျ ပြန်လဲပါခင်ဗျာ'' တဲ့ဗျာ။ ကုသိုလ်ကံ





များ ပြောပါတယ်။

ဒါနဲ့ မောင်နိုင်လည်း ရိုင်ဖယ်သေနတ်ကြီးထမ်း ကျောပိုးအိတ်လွယ်ပြီး မိချောင်းမော်တော်ပေါ်တက်ခဲ့ရပါသည်။ မော်တော်ပေါ်က ရဲဘော်များကတော့ ပြုံးစိစိနဲ့ပါ။ ဒါတောင် မောင်နိုင် လွယ်ထားသည့် ကျောပိုးအိတ်ထဲကို မမြင်ကြလို့ပါ။ ဗိုလ်သင်တန်းကျောင်းက Issue ထုတ်ပေးတဲ့ စစ်ခြင်ထောင်အစိမ်းကို စစ်ရေးပြဆရာတစ်ယောက်ကို စွန့်ကြခဲ့တာမို့ ရွာက အဘွားထည့်ပေးလိုက်သည့် ပိတ်ခြင်ထောင်အဖြူကြီးကိုပဲ ထည့်လာတာများ မြင်လို့ကတော့ ဟားတိုက်ရယ်ကြမလား မသိ။ သည်လိုနှင့် ရှေ့တန်း မိမိတာဝန်ကျတပ်ခွဲသို့ ရောက်ရှိခဲ့တော့သည်။ တပ်ခွဲမှူးမှာ ဗိုလ်စိန်ခို(ဗသက ၂၈) ဒုဗိုလ်မှူးကြီး (ငြိမ်း) ကွယ်လွန်နှင့် တပ်စုမှူးက ဗိုလ်ရွှေကြူ (ဗသက(၃၀) ကွမ်လုံ ရက်(၄၀) တိုက်ပွဲ ဝေါမြို့ဒေသ၌ ကျဆုံး) တို့ဖြစ်သည်။

## တိုက်ပွဲမဖြစ်မီ အခြေအနေ

ယင်းအချိန်က ရောဝတီတိုင်းတစ်ခုလုံး စစ်ဆင်ရေးကြီးကို တိုင်းလက်အောက်ခံတပ်များဖြင့်သာ နည်းနည်းနှင့်ကျဲကျဲ ပိုင်းနေရသည့်ကာလဖြစ်သည်။ ကေအင်ယူများက အခွင့်သာလျှင် မြို့များကို ရုတ်တရက်ဝင်ရောက်စီးနင်းပြီး ငွေတိုက်ဖောက်ခြင်း၊ လူထုထံမှ ရနိုင်သမျှ လုယက်ခြင်း၊ ဆက်ကြေးတောင်းခြင်း၊ မသက်ာသူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းများအပြင် ခရီးသည် သင်္ဘောများကိုလည်း ပစ်ခတ်နှောင့်ယှက်ခြင်း စသည် နည်းမျိုးစုံ သောင်းကျန်းချင်တိုင်း သောင်းကျန်းလျက်ရှိသည်။ မိမိတပ်များကို ချုံခို



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်တတ်ပြီး ရွာအဝင်မှ ကျင်းတူး၍လည်း အပိုင်စောင့်ကာ တိုက်ခိုက်တတ်သည်။ နေ့ခင်းဘက်တိုက်ပွဲဖြစ်၍ မဆုတ်သာလျှင်တော့ ကျားကုတ်ကျားခဲ ခုခံကာကွယ်ပြီး ညအချိန်အမှောင်ထုကို အကာအကွယ်ယူ၍ ဆုတ်ခွာတတ်သည်။ လက်ဖြောင့်တပ်သားများကိုလည်း သစ်ပင်ပေါ်တင်ကာ အမှည့်ခြွေ ခြွေတတ်သည်။ နာမည်ကျော်ခေါင်းဆောင်များကတော့ သောင်းညွန့်၊ ကွက်ကော့၊ ဂါးမင်း၊ သန်းရှိန်၊ ချစ်လေးမောင်၊ မြပုခက်တို့ ဖြစ်ကြသည်။ သူ့နယ်နှင့်သူ တစ်ပိုလ်တစ်မင်း လုပ်နေကြသူများပင်။

အမှတ်(၁) ရှမ်းသေနတ်ကိုင်တပ်ရင်းသည် မအူပင်၊ ကျိုက်လတ်၊ ဘိုကလေး၊ ပန်းတနော်၊ ညောင်တုန်းမြို့နယ်တဝိုက် သတင်းပေါ်ရာနောက်သို့ တစ်ရွာဝင် တစ်ရွာထွက် လှည့်လည်ကာ မနားတမ်းလှုပ်ရှားနေရပြီး ရိက္ခာကိုမူ နီးရာနယ်မြေခံစခန်းများမှ ဆန်မပါ ရိက္ခာကို ထုတ်ယူသည်။ ဆန်ကို ရောက်ရာအရပ်တွင် ဒေသပေါက်ဈေးဖြင့် ဝယ်စားသည်။ ကျောပိုးအိတ်တွင် ဆန်မပါတော့၍ လှုပ်ရှားရတာ မြန်ဆန်လွယ်ကူသည်။ (စစ်သည်တစ်ဦးရသင့် ဆန် ၂၆ အောင်စ အစား တစ်ရက်လျှင် ငွေ ၂၇ ပြားနှုန်း ထုတ်ပေးသည်။ မြစ်ဝကျွန်းပေါ်ဖြစ်၍ ကောင်းကောင်းလည်းစားရသည်။ ရိက္ခာငွေအဖြစ် တစ်နေ့လျှင် ရှေ့တန်း ၅၅ ပြားနှင့် နောက်တန်း ၅၁ ပြားနှုန်း ဖြစ်ပါ၏။ ဤကား စကားချပ်)

## "ခိုန်" နှင့် "မြ" တွေ့ကြပြီ

သူတို့တစ်တွေ မည်မျှပင် အရှောင်အတိမ်း ဂျက်ဆီကျိန်း လုပ်နေနေ (ဆရာသောင်းဝေဦး လေသံအတိုင်းသုံးရလျှင်





မနောက်ဆုံးမှာတော့ "မင်းဘယ်ပြေးမလဲ မိရွှေသဲ" ရွှေဘပဲ အနိုင်ရလိုက်ပါ၏။) ဖော်ပြပါ လူစွမ်းကောင်းများမှ အရင်ဦးဆုံး ဝဈေးဦးပေါက်သွားသူမှာ **KPLA** မှ ဗိုလ်မှူးအဆင့်ရှိ ကျော်လှိုင်ပင် ဖြစ်ပါသည်။ ညောင်တုန်းမြို့နယ် ဆားမလောက် သဇင်ရေကျော် ရွာတွင်း၌ ရှမ်း(၁) မှ ဗိုလ်စိန်ခို ဦးစီးတပ်ခွဲ(၄) နှင့် ရင်ဆိုင်အတွေ့ မှာတော့ မြပုခက်ကြီးခမျာ ပုခက်စီးခြင်းအလုပ်ကို ရာသ[illegible]န် စွန့်လွှတ်သွားရရှာလေတော့သည်။

## တိုက်ပွဲဖြစ်ပွားပုံအဆင့်ဆင့်

အချိန်ကား ပြေလကုန် မေလဆန်းစ အပူရှိန်ပြင်းဆဲ မရတွင်းရေကန်တို့လည်း ခန်းခြောက်စပြုပြီ။ ကြည့်လေရာ ရိုးတံ ပြိုင်းပြိုင်းနှင့်။ ဗိုလ်စိန်ခိုဦးစီး မောင်နိုင်တို့တပ်ခွဲမှာ ပန်းတနော် မဒါင့်ကြီးတစ်ဝိုက် လှည့်လည်လှုပ်ရှားနေရသည်။ ထိုစဉ် စစ်ကြောင်း(၁)မှ အရေးကြီး ကြေးနန်းတစ်စောင် ပေးပို့လာသည်။ "မေ ၀၂၂၀၀၀ ချိန် ခေါင်းဆောင်စိစစ်ဆဲ ရန်သူအင်အား(၃၀) ခန့် ဆားမလောက်သို့ ရောက်ရှိခဲ့ပြီး ညတွင်းချင်း တောင်ဘက်သို့ ထွက်ခွာသွား။ ကြေးနန်းရလျှင်ရခြင်း ဆားမလောက်သို့ ချီတက် သတင်းဖော်ထုတ် ရှင်းလင်းသွားရန်" ဟူ၍ဖြစ်သည်။

တပ်ခွဲမှူးလည်း မောင်နိုင်တို့ အရာရှိများနှင့် အကြပ်များ ကိုခေါ်ယူ၍ **Briefing** ပေးပြီးနောက် ဆားမလောက်သို့ ချီတက်ခဲ့ရာ မေလ(၄)ရက် နံနက်(၁၀) နာရီခန့်တွင် ရောက်ရှိခဲ့သည်။ ရန်သူ့ သကင်းအား ရွာသားများထံမှ စုံစမ်းရာ "မြပုခက် ဦးစီးအင်အား (၃၀)ခန့် မေလ(၂)ရက် ည(၈)နာရီခန့်က ဆားမလောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာကြောင်း ထမင်းထုပ်ဆင့်ပြီး ညတွင်းချင်းပင် တော
အရပ်သို့ ဆက်လက်ထွက်ခွာသွားကြောင်း'' သာသိရပြီး အခြ
ဘာသတင်းမှ စုံစမ်း၍ မရပါ။ တပ်ခွဲမှူးက ရန်သူဆုတ်ခွာရာ လမ်
ကြောင်းအတိုင်း သတင်းဖော်ထုတ်ရှင်းလင်းရန် ဆုံးဖြတ်လိုက်ပြ
လိုအပ်သည့် အုပ်ချုပ်မှုကိစ္စများဆောင်ရွက်ကာ နေ့လယ်(၃)
နာရီခန့်တွင် သဖင်ရေကျော်ဘက်သို့ တပ်ခွဲတစ်ခွဲလုံး ဆက်လက်
တက်လာခဲ့ကြသည်။ မောင်နိုင်တပ်စုက ပွိုင့်ဖြစ်သည်။

ညနေ(၄)နာရီသာသာခန့်တွင် ဆားမလောက်ရွာနှင့် (၄–၅)
မိုင်ခန့်အကွာ သဖင်(တဖင်) ရေကျော်ရွာအနီး ချဉ်းကပ်မိသည်
ရွာ နီးကိုင်းပင်များရှိ၍ ရွာကို ရုတ်တရက်မမြင်ရပါ။ လမ်းပြပြော
သာ နီးပြီဖြစ်ကြောင်းသိရသည်။ တပ်ခွဲမှူးအား ရွာအနီးရောက်
ကြောင်း သတင်းပို့၍ ခွဲမှူးရှေ့တက်လာပြီး အခြေအနေကြည့်သည်
ရွာအဝင်တွင် ကိုက် ၂၀ ခန့်ကျယ်သည့် ချောင်းတစ်ခုက တော
မြောက်စီးဆင်းနေပြီး ရွာမှာလည်း ချောင်းတစ်လျှောက် အိမ်များ
အစီအရီရှိပြီး တောင်မြောက်တန်းလျက်ရှိသည်။ မြစ်ဝကျွန်းပေါ်ဒေ
ထုံးစံအတိုင်း ခြေတံရှည်အိမ်များသာ။ မိမိတို့ကြည့်နေစဉ် မ
သည့်မသင်္ကာဖွယ်ရာမှ မတွေ့ရ။ ကံအားလျော်စွာပင် သည်ဘက်
ကမ်း၌ လှေ ၂ စီး အသင့်ပင်ရှိနေ၍ မောင်နိုင်၏ တပ်စုတပ်ကြ
ကြီးဖြစ်သူ တပ်ကြပ်ကြီး အိုက်ယွမ်းအား ရှေ့ပြေးတပ်စိတ်
အတူ အရင်ကူးစေသည်။ ဒုတိယအခေါက် မောင်နိုင်တို့တပ်စိ
ကူးပြီး ရွာဘက်ကမ်းခြေချသည်နှင့် ရွာထဲရောက်ရှိသွားသ
ရှေ့ပြေးတစ်စိပ်မှ ပစ်ခတ်သံများ ကြားပါတော့သည်။

''ဟ ...ပစ်ကုန်ပြီ နေရာယူဟေ့ ရှမ်း(၁)ကွ''





အော်သံပေးပြီး တစ်ပြိုင်နက်ရွာတွင်း အပြေးတက်ဖြင့် နေရာယူလိုက်ကြသည်။ နောက်အဖွဲ့များ မည်သို့ကူးလာသည်ပင် မသိတော့၊ မောင်နိုင်တို့ တစ်စုနေရာရထားသည်က ရွာအတွင်း မျက်ကွယ်ဖြစ်သည့်ပြင် ငပိအိုး၊ ငံပြာရည်စိမ်အိုးများကလည်း အိမ်ဘေးတွင် ခပ်မြင့်မြင့်မြေဖို့ထားကြ၍ ကျည်ကွယ်လည်း အသင့် အတင့်ရသည်မို့ ကံကောင်းသည်ဆိုရမည်။ သေနတ်သံကြားရာသို့ ခေါင်းပြူကြည့်လိုက်တော့ ငပွေးတွေ ရွာလယ်ရေကန်ပေါင် ရတ်ခမ်းပေါ်မေးတင်ပြီး ပစ်နေကြတာပါလား။ စက်ပစ်ကွင်းမှာ ပစ်နေတဲ့အတိုင်းပဲ။ ရေကြည့်တော့ ခေါင်းက တစ်ဆယ့်သုံးခေါင်း က်တိရှိသည်။ ရေကန်က ရွာလယ်ကောင် ကွင်းလည်တွင် အကာ အကွယ်မရှိ ထင်းထင်းကြီးပါ၊ မြောက်ဘက်မှာတော့ အိမ်အချို့ရှိ သည်။ ရန်သူနှင့် မောင်နိုင်တို့တပ်စုကြား ကိုက် ၇၀–၈၀ ခန့် ကွာမည့် ထင်သည်။

မောင်နိုင်တို့နေရာယူထားပုံနှင့် သူတို့နေရာအနေအထားက ဘေးတိုက်လည်းမဟုတ် ရှေ့တည့်တည့်လည်းမဟုတ် အရှေ့မြောက် ဘက်မှာ ဘေးတစောင်းမကျတကျ အနေအထားဖြစ်သည်။ ၂ လက်မနှင့် ထုဖို့နေရာကြည့်တော့ အိမ်ကြိုအိမ်ကြားရောက်နေ၍ မလွယ်။ ရှေ့တက်ပြီး နေရာယူပစ်ခတ်ဖို့ကျတော့လည်း အကာ အကွယ်မရှိ ဟင်းလင်းပြင်မို့ မဖြစ်ပြန်။

''ကိုတင်အောင်နိုင် ဟိုကောင်တွေ ဘယ်ကနေ ပစ်နေ တာလဲဗျ''

ပြောပြောဆိုဆို အနားသို့ရောက်ရှိလာသည့် ဗိုလ်ရွှေကြူ က မေးလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုရှေ့ကန်ပေါင်ပေါ်က ပစ်နေတာဗျ ဒီဘက်ကိုလာကြည့်"

နှစ်ယောက်သား မှောက်လျက် အနေအထားဖြင့် ညာဘက်ကို တိုးပြီးပြလိုက်ရာ ...

"ဟ ... ကန်ပေါင်မှာ တန်းစီနေတာပဲ ကောင်းတယ်ဗျာ။ ဒါမှ ကျုပ်တို့ပစ်ကွင်းလည်း ရှင်းတာပေါ့"

ပြောနေဆဲမှာပင် နှစ်ဦးသားမှောက်နေသည့် ငံပြာရည် စိမ်ထားသည့် စဉ့်အိုးဘေးက မဒမတိုင်ကို ကျည်ထိမှန်ပြီး သစ်သားစများ ဖွာခနဲဖြစ်သွားသည်။ ခေါင်းပေါ် ၁ တောင်လောက် အကွာမှာဖြစ်သည်။ ကျည်က အောက်ကိုသာ နည်းနည်းနိမ့်ခဲ့လျှင် မောင်နိုင်တို့နှစ်ယောက်အနက် တစ်ယောက်ယောက်တော့ ကံဆိုးသွားနိုင်သည်။ "ဗိုး"ကံကောင်းလို့ပါလား။

(မောင်နိုင်သာ ထိခဲ့ရင်တော့ ကျောင်းဆင်းစ ရက်(၁၀၀) မပြည့်သေးသည့် ဗိုလ်ပေါက်စ ဘီစီ(BC) နံပါတ် မင်မခြောက်သေးမီမှာပင် အမေနဲ့ရွာကို လွမ်းရကိန်း ဆိုက်သွားနိုင်သည်။ ကိုရွှေကြူမှာတော့ ၁၉၇၁ ခု၊ နိုဝင်ဘာ (၂၈) ရက်နေ့ကျမှပင် ကွမ်လုံဒေသ ရက်ပေါင်း(၄၀) တိုက်ပွဲ ဝေါခြုံ၌ မောင်နိုင်တို့ အပတ်စဉ်မှ ဗိုလ်ဘလုနှင့်အတူ သူရဲကောင်းပီသစွာ တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ရရှာသည်။ ဤကား စကားချပ်)

"ဟ ... ဒီမှာစုပြုံနေလို့ မဖြစ်ဘူး၊ ဗိုလ်တင်အောင်နိုင်က ရှေ့နည်းနည်းတက် နေရာယူ၊ ကိုရွှေကြူက ဒီနေရာက ဖြန့်ပစ်ခင်ဗျားတို့ရဲ့ ၂ လက်မစိန်ပြောင်းတွေ ကျန်တော်နဲ့ထည့်ပေး တပ်ခွဲရုံးနဲ့ ကျန်တဲ့ ဆရာထွန်းအေးတပ်စုနဲ့အတူ ညာဘက်ကပတ်ပြီး ပစ်ကူပေးမယ်။ အလေးအပင်ပဲ့စွည်းတွေ ရွာထဲထားခဲ့မယ်"





"ကဲ ... ကိုတင်အောင်နိုင် ရှေ့ကိုတက်ပြီး နေရာယူတော့ ကိုယ် ဒီကဖိပစ်ပေးမယ်"

သည့်နောက်တော့ မောင်နိုင်တို့တပ်စုလည်း အိမ်ကြိုအိမ်ကြားမှပင် ရှေ့သို့တက်၍ နေရာယူရပါတော့သည်။ နေရာယူပြီး အိမ်တွေအရှေ့ဘက် (ရေကန်၏ တောင်ဘက်တည့်တည့် ကိုက် ၂၀၀ ခန့်) ကွင်းထဲမှ ကိုင်းပင်များ မျက်ကွယ်ယူလျက် တပ်ခွဲမှူးနှင့် တပ်စု အရှေ့ဘက်အိမ်စုများဆီသို့ သုတ်သုတ်ပင် အပြေးတက်လျက်ရှိသည်ကို တွေ့လိုက်ရသည်။ နေဝင်သွားပြီဖြစ်၍ အလင်းကဖျော့လာသည်။ ရန်သူ့ပစ်အားလည်း အနည်းငယ် လျော့လာသည်။ ထိုအချိန် အခွင့်ကောင်းယူ၍ အတင်းတက်ပြီး ကျားထိုးဖို့ကလည်း ပစ်ကူမရှိ၊ ကွင်းပြင်ထီးထီးကြီးဖြတ်ရမှာမို့ မစဉ်းစားရဲရောက်ရာ နေရာကသာ ဖိပစ်နေရသည်။ ထိုစဉ် ၂ လက်မ စိန်ပြောင်း ပေါက်ကွဲသံများ ရေကန်နောက်ကျောဆီက ဆက်တိုက်ကြားရတော့သည်။ တပ်ခွဲမှူးကြီး လက်စွမ်းပြနေပြီ။ သူ့ဘက်က ပစ်ခတ်သံ စကြားရပြီဆိုတော့ ရဲဘော်များပို၍ စိတ်ဓာတ်တက်လာသည်။ ယင်းအခိုက်မှာပင် မောင်နိုင် ညာဘက်နေရာယူထားသည့် တပ်စိတ်မှ ဒုတပ်စိတ်မှူး ဒုတပ်ကြပ်အေးရွှေ ပါးစောင်တွင် ထုတ်ချင်းပေါက် လက်နက်ငယ်ထိမှန်သွားတော့သည်။ ပါးပြင်တစ်ခုလုံး သွေးများဖြင့် ရဲရဲနီလျက် စိုးရိမ်စရာတော့မရှိပါ။ လူနာကို ရဲဘော်တစ်ယောက်ဘေးမှတွဲ၍ ဆေးတပ်သားရှိရာ နောက်ချန်ခွဲရုံးသို့ ပို့နိုင်းလိုက်ရသည်။

သို့နှင့် တဖြည်းဖြည်း အမှောင်ထုကြီးစိုးလာသည်နှင့်အမျှ ရန်သူဘက်မှ ပစ်ခတ်သံ တစ်ချက်ချင်းကြားရာမှ နောက်ပိုင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



လုံးဝရပ်စဲသွားတော့သည်။

"ကဲ ... ဆရာကြီးရေ ဟိုကောင်တွေ ပစ်ခတ်မှုတော့ ရပ်သွားပြီ။ အခြေအနေကို ခဏစောင့်ကြည့်ပြီး တက်ရှင်းလိုက်ရအောင်"

နောက်မှာရှိသည့် တပ်စုမှူး ဗိုလ်ရွှေကြူသို့လည်း တစ်ဆက်တည်း သတင်းပို့လိုက်သည်။

"အစ်ကိုကြီး ဒီကောင်တွေ ဆုတ်သွားလောက်ပြီ ကျွန်တော် တက်ရှင်းတော့မယ်"

"ဟုတ်ပြီ။ ကျုပ်လည်း လိုက်မယ်ဗျာ။ တပ်ခွဲမှူးကိုလည်း ဆက်သွယ်ရဦးမယ်လေ"

"ရေကန်ရောက်မှ သတင်းပို့တာပေါ့ သွားကြမယ်"

မကြာမီပင် မောင်နိုင်တို့တပ်စု ရေကန်ဆီသို့ရောက်ရှိသည့် ရောက်ရောက်ချင်းပင် တပ်ခွဲမှူးတပ်စုသို့ မီးဖြင့်အချက်ပြဖြင့်၎င်း အသံဖြင့်လည်း အဆက်အသွယ်ပြုလုပ်ပြီးနောက် ကန်တပိုက် အသေးစိတ်ရှင်းလင်းရာ ကန်ပေါင်ပေါ်မှ အလောင်းတစ်လောင်း ရိုင်ဖယ်သေနတ်တစ်လက်၊ ကျော်ပိုးအိတ်တစ်လုံးနှင့် ကန်မြောက်ဘက် ကိုက် (၂၀) ခန့်အကွာတွင် ကန်ပေါ်မှ ဆွဲယူသွားသည့် အလောင်းနှစ်လောင်း ကျန်ရစ်ခဲ့သည်ကို ထပ်တွေ့လိုက်ရသည်။ ရဲဘော်များလည်း တော်တော်ပျော်သွားကြပြီး သိပ်မဆူကြဖို့ ထိန်းထားရသည်။ ( )ခွဲမှူးအဖွဲ့လည်း ရောက်ရှိပူးပေါင်းမိသည်။ စစ်သည်များအသံကြောင့် အားတက်လာကာ ရွာအတွင်းမှ မီးအိမ်များ အစီအရီထွန်းကာ မီးရောင်တွေ လင်းလက်လာပြီး လူသံများ ကြားလာရသည်။ တပ်ခွဲမှူးကိုယ်တိုင် ရန်သူ့အလောင်းများကို





မျက်မြင်ကိုယ်တွေ့ဖြစ်၍ (အမှန်တော့ မှောင်နေ၍ ဓာတ်မီးနှင့် ထိုးပြရတာပါ) တပ်ခွဲ၏ အောင်မြင်မှုအပေါ် ပီတိဖြစ်နေသည်။

"ကဲ ... ခင်ဗျားပဲ ရွာအစွန်ထိ လိုက်ရှင်းပါဦး။ ဒီကောင်တွေ မရှိလောက်ပါဘူး။ ပြေးကုန်ကြပါပြီ မထူးရင်တော့ ရွာထဲမှာ ပြန်ဆုံကြတာပေါ့"

မောင်နိုင်တို့လည်း ရွာမြောက်ဘက်အစွန်ထိ သွားရောက်ရှင်းလင်းရာ ထူးခြားမှုမရှိတော့သဖြင့် ရွာထဲပြန်ဝင်ကာ တပ်ခွဲမှူးနှင့် ပူးပေါင်းခဲ့ပါသည်။

ဤဖြစ်စဉ်တွင် မိမိတို့ဘက်မှ –

- တပ်သားတစ်ဦး (ခွဲမှူးတပ်စုမှ ၂ လက်မ စိန်ပြောင်းကိုင်စစ်သည်) ကျဆုံး။
- ဒုတပ်ကြပ်အေးရွှေ ပါးစောင်ဖောက်မှန် (မစိုးရိမ်)။
- တပ်သားတွယ်ဇာထောင်၊ ဘယ်ဘက် ဦးခေါင်းရှပ်မှန် (ကိုယ်တိုင်ပင်ဖြစ်စက မသိခဲ့၊ တိုက်ပွဲပြီးမှသာသိ) မစိုးရိမ်ရ။ (၎င်းတို့နှစ်ဦး မောင်နိုင်တပ်စုမှဖြစ်သည်။)

ရန်သူ့ဘက်မှ အလောင်းသုံးလောင်း (မြပုခက်ဟုချက်ချင်း မသိသေး) ရိုင်ဖယ်သေနတ်တစ်လက်နှင့် ကျော်ပိုးအိတ်နှင့်အပြည့် စာရွက်စာတမ်းများ သိမ်းဆည်းရမိသည်။

## မြပုခက်တဲ့ဗျာ

တပ်ခွဲမှူးသည် ရွာထဲသို့ရောက်ရောက်ချင်း ရွာလူကြီးပေါ်ပြီး အောက်လင်းမီးများထွန်းညှိကာ သေဆုံးသူ ရန်သူ့အလောင်းများကို တစုတဝေးတည်းထားရှိပြီး နောက်နေ့သဂြိုဟ်ရန်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စပြောကာ ပြန်လွှတ်လိုက်သည်။ တပ်ခွဲရှိ ၁၅၆ စက်ထောင်စေကာ စစ်ကြောင်းနှင့် အဆက်အသွယ်ယူပြီး ကြေးနန်းပို့ရန်နှင့် ရွာတွင်း တပ်ဖြန့်နေရာယူထားရေးကိစ္စ စီစဉ်ပါသည်။ ထိုအခိုက်ပင် ရွာသား တစ်ဦး တပ်ခွဲမှူးရှိရာသို့ အပြေးအလွှားရောက်လာကာ ...

"ဗိုလ်ကြီး ... ဗိုလ်ကြီး ခုသေနေတဲ့အလောင်းထဲမှာ မြပုခက်ပါတယ်တဲ့ဗျ။ ဗိုလ်ကြီးတို့လာကြည့်ဖို့ ရွာလူကြီး လွှတ်လိုက်လို့ပါ"

"ဟုတ်လား၊ ကိုင်း ... သွားကြည့်ရအောင်၊ လိုက်ခဲ့ကြဗျာ"

ပြောပြောဆိုဆိုပင် သုံးယောက်သား ခပ်သုတ်သုတ် ထသွားလိုက်ကြသည်။ အလောင်းသုံးလောင်းကို နေရာရွှေ့ပြီး တန်းစီချထားသည်ကို တွေ့လိုက်ရသည်။ ရွာလူကြီးဖြစ်သူက လက်ညှိုးဖြင့်ထိုးကာ ...

"အဲဒီအလယ်ကလူက မြပုခက်ကျော်လှိုင်ပေါ့ ဗိုလ်ကြီး"

ဟုတ်ပဲ့၊ အလယ်ကပုဂ္ဂိုလ်မှာ ခြေတစ်ဖက်(ဘယ်ဘက်ဟု ထင်သည်) က အခြားတစ်ဖက်ထက် အနည်းငယ်နိမ့်နေသည်။ လူပုံက ခပ်ပြတ်ပြတ် အရပ် ၅ ပေ ၄ လက်မခန့် အသက် ၃၀ ကျော်လောက်ဟု ခန့်မှန်းရပါသည်။ အလောင်းအားလုံးက နဖူး တည့်တည့်ကိုပင် ထိမှန်ထားကြသည်။ တပ်ခွဲမှူးက ...

"ကဲ ... သူတို့ကို လုံခြုံမယ့်တစ်နေရာ ပြန်ရွှေ့ထားရမယ် ဟိုကောင်တွေ ပြန်လာပြီး ဒုက္ခပေးနိုင်တယ်"

သို့သော် တစ်ညလုံး အေးအေးဆေးဆေးပင် ကုန်လွန်သွားခဲ့ပါသည်။ မောင်နိုင်တို့အားလုံးမှာတော့ တပ်အသင့်အနေအထားနှင့်





တစ်ညလုံး မအိပ်လိုက်ရပါ။ တပ်ခွဲမှူးမှာ စစ်ကြောင်း (၁) နှင့် ည (၂၄၀၀) ချိန်ထိ အဆက်အသွယ်လုပ်နေသည်ကို မြင်တွေ့ရသည်။ တပ်ရင်းမှူးလည်း ဆားမလောက်သို့ အမြန်လိုက်လာမည် ဟုလည်း သိရသည်။

## မြည်သူ့မေတ္တာခံစားရပါသည်

နောက်တစ်နေ့ မိုးလင်းသည်နှင့် ကျဆုံးစစ်သည်ကို ရွာသင်္ချိုင်းမှာပင် မြှုပ်နှံသည်။ ဖမ်းဆီး စာရွက်စာတမ်းများကို လေ့လာကြည့်ရာ တောခို ဗိုလ်ကြီးကျော်စွာမြင့် (ဗိုလ်ချုပ်ကြီးနေဝင်းနှင့် အနီးကပ်နေခဲ့သူ) မှထံမှ မြပုခက်ထံသို့ ဗိုလ်မှူးကျော်လှိုင်ဟု အမည်တပ်၍ ပေးသည့်စာများနှင့် ဗိုလ်ချုပ်ကြီးနေဝင်းအား အပုပ်ချထားသည့်စာများ ဖြစ်သည်။ (အသေးစိတ် မမှတ်မိတော့ပါ) စာတွေကိုလေ့လာကြည့်ရသမျှ သူ (ကျော်စွာမြင့်) သည် ခရစ်ယာန်ဘာသာရေး စိတ်ဓာတ်ပြင်းထန်သူတစ်ဦးဖြစ်ကြောင်းသာ ခပ်ရေးရေး မှတ်မိပါတော့သည်။

တပ်ခွဲမှလူနာနှင့်အတူ သိမ်းဆည်းရမိ သေနတ်နှင့် စာရွက်စာတမ်းများကို ဆေးတပ်သားနှင့်အတူ ဆားမလောက်သို့ ရောက်ရှိနေသည့် တပ်ရင်းမှူးစစ်ကြောင်းထံ တပ်စုတစ်စုနှင့် ပို့လိုက်သည်။ ရွာလူကြီးများကိုလည်း တပ်ခွဲမှူးကခေါ်တွေ့ပြီး အကျိုးအကြောင်း မေးမြန်းရာ ...

"ဒီကောင်တွေ မနေ့ညနေက ရွာထဲဝင်လာပြီး ကျုပ်အိမ်ပေါ်မှာ ရွာသားတွေခေါ် ဆူပူကြိမ်းမောင်းနေတာဗျ။ အရင်နေ့က ကမင်းထုပ် ဆင့်တာမှာ ထည့်ပေးတဲ့ဟင်းကည့်လို့တဲ့ ငါးသန်ချေး



www.burmeseclassic.com

www.burmeseclassic.com



လေးတွေပဲ ထည့်ပေးရမလားဆိုပြီး ရစရာမရှိအောင် ကြိမ်းလိုက်တော ဗိုလ်ကြီးတို့ဝင်လာတော့မှ ကမန်းကတန်း ဆင်းပြေးကြတာပ ဖိနပ်တောင် မစီးနိုင်ဘူး။ ခုတော့ လူထုမေတ္တာ ရူးသွားတာပေါ့ဗျာ"

"နေပါဦး . . . မြပုခက်ကရော ပုခက်နဲ့ ဆင်းပြေးတာပဲလား"

"ဘယ်ပုခက်စီးနိုင်တော့မလဲ ဗိုလ်ကြီးရာ ဒီအတိုင်း ဝရုန်း သုန်းကားနဲ့ ဆင်းပြေးတာပေါ့"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား"

## ဒုချုပ် (ကြည်း) ၏ ဂုဏ်ပြုကြေးနန်း

နေ့ခင်းပိုင်းတွင် စစ်ကြောင်းရုံးမှ ကြေးနန်းများ ဆက်တိုက် ဝင်လာသည်။ ကက (ကြည်း) မှ ကြေးနန်းစာတွင် "တိုက်ပွဲဝင် အရာရှိ စစ်သည်အားလုံးကို ဒုကာကွယ်ရေးဦးစီးချုပ် (ကြည်း) မှ ချီးကျူးဂုဏ်ပြုကြောင်း" ပေးပို့သည့်ကြေးနန်းနှင့် တိုင်းစစ်ဌာနချုပ် အလားတူ ချီးကျူးဂုဏ်ပြုကြောင်းနှင့် ရှုပ်ရှုပ်ချုံချုံ စွန့်စားတိုက် ခိုက်သူများအား ဘွဲ့ထူး၊ ဂုဏ်ထူးတင်ပြရန်အတွက် အမည်စာရင်း စီစစ်ပေးပို့တင်ပြရန် ကြေးနန်းတို့ဖြစ်သည်။ တိုင်းမှူးက သူ တပ်ရင်းမှူး တာဝန်ထမ်းဆောင်ခဲ့သည့်တပ်ဖြစ်၍ စေတနာထားဟန် တူသည်။ မောင်နိုင်တို့ကသည် တိုက်ပွဲမှာ ခက်ခက်ခဲခဲစွန့်စားပြီး လုံ့စွပ်ထိုးတိုက်ခိုက် သိမ်းပိုက်ခဲ့ရသည်မဟုတ်၊ ငပွေးတို့ ထုံး အတိုင်း တတ်နိုင်သမျှ ခုခံပစ်ခတ်ပြီး ညအမှောင်ဖုံး၍ အကူ အဆုံးများလာလျှင် ဆုတ်ခွာသွားကြသည်သာ ဖြစ်သည်။ သို့သော် ရလိုက်သည့်အကျိုးအမြတ်က ကြီးမားပေသည်။ အကောင်ကြီး အမြီးရှည်ရှည်နှင့် နာမည်ကျော်ပုဂ္ဂိုလ် ဖြစ်ပေသကိုး။





အမှန်တော့ သည်ဖြစ်ရပ်မှန်တိုက်ပွဲကြောင်း တင်ပြခြင်း ဤမှာပင် ပြီးဆုံးသွားရမည်။ ထုံးစံအတိုင်းဆိုလျှင် နတခမှ ဘွဲ့ထူး ဂုဏ်ထူးတင်ပြရန် ကြေးနန်းကို တပ်ခွဲကိုဆက်ပို့၊ တပ်ခွဲက အမည် စာရင်းတင်ပြ၊ ပြီးပြီပေါ့။ သို့သော် တပ်ရင်းကပို့သည့် ကြေးနန်းတွင် နောက်ဆက်တွဲက ပါလာသည်။ ဘွဲ့ထူး၊ ဂုဏ်ထူးတင်ပြရာတွင် ဆေးတပ်သားဖြစ်သူ အမည်စာရင်းကိုပါ ထည့်သွင်းတင်ပြရန်ပါ ဖြည့်စွက်ညွှန်ကြားလာခဲ့သည်။ သည်မှာ တင်မောင်နိုင်၏ လက်ဦး ဆရာ အညာသားတပ်ခွဲမှူး၏ မဟုတ်မခံစိတ်က အထင်းသား ပေါ်လာပါတော့သည်။

## စိန်ခိုကွ

တကယ်တော့ ဆေးတပ်သားက ဘာမှ စွန့်စွန့်စားစား ဆောင်ရွက်ခဲ့သည်မဟုတ်။ လူနာကို လမ်းတစ်ဝက်က တွဲခေါ်ပြီး မှူးဦးပြုစုခြင်း (First Aid) ပြုလုပ်ပေးခြင်းမျှသာ။ သွေးမလွန် မဖောင်တော့ လုပ်ပေးနိုင်တာရှိသည်။ ဒါ သူ့တာဝန်သူ ပုံမှန်လုပ် ဆောင်ရုံသာဖြစ်သည်။ ကေန္တ သည်ငနဲ တပ်ရင်းမှူးကို မည်သို့ တင်ပြလိုက်သည် မသိ။ "ဒီ တစ်ဖက်နားပေါက် တပ်ရင်းမှူးကလည်း သူပြောသမျှယုံရလား။ သိကြသေးတာပေါ့ကွာ စိန်ခိုတဲ့ဟေ့"ဟု ကြုံးဝါးကာ ကြေးနန်းရေးရန် စီစဉ်ပါတော့သည်။ (နောက်မှ သိရ သည်မှာ ယင်းဆေးတပ်သားက လူနာကို သူကိုယ်တိုင် သက်စွန့် ဆံဖျား တက်ဆွဲခဲ့သည်အလား တပ်ရင်းမှူးကြီးကို သတင်းပို့သည် တဲ့။)

အမှန်မှာ မောင်နိုင်တို့တပ်ခွဲမှူးက စိတ်ရင်းကောင်းသူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လူဖြောင့်စိတ်တိုမို့ အကြောင်းမသိသူများက ဘုဂလန့်သမားဟု ထင်ကြပါ၏။ အဲ သူ့စိတ်နဲ့ မတွေ့ရင်တော့ နည်းနည်းအရွဲ့တိုက် တတ်ပါ၏။

"ကိုင်း ... လာဟေ့၊ ဆိုက်ဖါ (Cypher) သမား ကြေးနန်း ရေးမယ်၊ အို့ ... မထူးပါဘူးကွာ၊ ဒီအတိုင်း ပလိန်း (Plain) ယုံလေး (ယ)တပ်ပြီး အာတီ (Radio Telephone) နဲ့ ပို့လိုက်တော့"

သူကိုယ်တိုင်ပင် စာရွက်ကြည့်ပြီး ဘွဲ့ဂုဏ်ထူးအတွက် တင်ပြသည့် အမည်စာရင်းကို နှုတ်တိုက်ချပေးပါတော့သည်။ မကြာမီ ၁၅၆ စက်ကိုင်ကိုယ်တိုင် စက်ပေါ်မှ အာတီ (RT) ဖြင့် ... ပြီး ကြေးနန်းပို့ပါတော့သည်။ သည်အခါမှာတော့ ကြားရ ... ရဲဘော်အပေါင်းလည်း သူတို့ဆရာအကြောင်း ကောင်းကော ... သိထားကြသူပီပီ ပြုံးစိစိဖြစ်လာကြပါသည်။ ဟုတ်ကဲ့၊ သူပေးပို့သည် ... တပ်ခွဲမှ ဘွဲ့ထူးဂုဏ်ထူးအတွက် တင်ပြလိုက်သူများကတော ... တပ်ခွဲမှူးဖြစ်သူ သူ့နာမည်ကစပြီး တပ်ခွဲ တစ်ခွဲလုံး ရိက္ခာ ... အင်အား (Parade State) အတိုင်း တစ်ယောက်မကျန် ပေးပို့တင် ... လိုက်သောကြောင့်ပါတည်း။ ဤမှာတင် ဤကိစ္စ နိဂုံးတံပြီး တစ် ... ရပ်သွားပါတော့သည်။

နိဂုံးချုပ်သော် မိမိဘက်မှ တစ်ယောက်ကျ နှစ်ယော ... ဒဏ်ရာရ (တစ်ယောက်က မင်္ဂလာဒုံစစ်ဆေးရုံရောက်သွား ... ကျန်တစ်ယောက်က ရှေ့တန်းမှာပင် ဆေးထည့်တာနှင့် ပျောက်သွ ... ပါသည်။)

ရန်သူထံမှ မြပုခက်ကျော်လှိုင် အပါအဝင် သုံးယော ... အသေဖမ်းဆီးရမိ၊ ရိုင်ဖယ်တစ်လက်၊ ကျောပိုးအိတ်တစ်လုံး ...





အရေးကြီး စာရွက်စာတမ်းများ သိမ်းဆည်းရမိခဲ့ပါသည်ခင်ဗျား။

## နိဂုံးမချုပ်နိုင်သေးသောပြည်တွင်းသောင်းကျန်းမှု

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်ဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ စတင်ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) မြန်မာ့မြေပေါ် စတင်ခြေချလာချိန်မှစပြီး ပြည်တွင်းပြည်ပ ကျူးကျော်သောင်းကျန်းသူများနှင့် ဆင်နွှဲနေခဲ့ရသည့်တိုက်ပွဲများနှင့် ယနေ့ (ဤစာမူ ရေးသားနေချိန်အထိ) ရပ်စဲနိုင်ခြင်း မရှိသေးချေ။ အချို့ဒေသများတွင် သေနတ်သံမစဲ ယမ်းငွေ့ဝေဆဲပင်ရှိနေသည်။ NCA စာချုပ် လက်မှတ်ရေးထိုးပြီးသော လက်နက်ကိုင်အဖွဲ့များ အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ ပါတီပေါင်းစုံပါဝင်သော ကိုယ်စားလှယ်များ၊ ပြည်သူလူထုကိုယ်စားလှယ်များ အစုံအညီဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို စတင်နိုင်ခဲ့ပြီဖြစ်ရာ မကြာသော အချိန်ကာလတွင် တစ်ပြည်လုံး ငြိမ်းချမ်းရေးရောင်ခြည်သန်းလာမည်ဟု မျှော်လင့်ရပေသည်။

တစ်ပြည်လုံးအတိုင်းအတာနှင့် ငြိမ်းချမ်းရေးရသွားသည်ဖြစ်သည့်တိုင် တပ်မတော်အား ပြည်ပရန်ကို ကာကွယ်ရန်အတွက် Standard Army ဖြစ် ဆက်လည် တည်ဆောက်ရပါမည်။ မြန်မာပြည်ကာကွယ်ရေးအတွက် အမြဲအသင့် ဖြစ်နေရမည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် မဟုတ်ပါလား။ လူတိုင်းစစ်မှုမထမ်းမနေရဥပဒေ ပြဋ္ဌာန်းသင့်သည်။ ဒါမှလည်း တပ်မတော်သည် တိုင်းပြည်အတွက် မရှိမဖြစ် အမြဲတောင့်တင်းခိုင်မာစွာ ရှိနေရမည်ဆိုတာ လူတိုင်းသိသွားပေမည်။ နိဂုံးချုပ်အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com




စာရေးသူတို့တိုင်းပြည်က ပြည်သူတို့ အမြဲထာဝစဉ် နှလုံးသွင်းထား ရမည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်တစ်ခုအား နိဂုံးအနေဖြင့် ရှာဖွေတင်ဆက်လိုက်ရပါ ကြောင်း ...။

"တပ်ထဲဝင်ကြမလား၊ ပြောကြစမ်း။
စစ်ထဲမဝင်ချင်တဲ့သူတွေများနေလျှင်
- မြန်မာပြည်ဟာ လွတ်လပ်ရေးနဲ့ မထိုက်တန်ဘူး"
ဗိုလ်ချုပ်အောင်ဆန်း

မြန်မာပြည်သူပြည်သားအပေါင်း အဝေယာ ဟောန္တုပ ခင်ဗျား။

တင်အောင်နိုင်

မြရတနာစာပေ




www.burmeseclassic.com



ရဲမှူးကြီးစိန်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အငိုက်ဖမ်းတိုက်ခဲ့ရသည့် တိုက်ပွဲတစ်ပွဲ

ရေးသူ – ရဲမှူးကြီးစိန်ဝင်း

စစ်ပွဲမှန်သမျှတွင် လှည့်စားထားသော
ပရိယာယ်(အငိုက်ဖမ်းနိုင်မှု)ပေါ်တွင်
မူတည်သည်။
ဆန်ဇု (**Sun Tzu**)

'ရန်သူကို ယောင်မှားအောင်
လှည့်ဖြားပြီး အငိုက်ဖမ်းပါ'
စတုန်းဝေါလ်ဂျက်ဆင် (**Stone Wall Jackson**)

စစ်အောင်ရာသော အကြောင်းကြီးများထဲတွင် "အငိုက်ဖမ်းနိုင်ခြင်း(**Surprise**)" ကို အရေးပါသော အဓိကအချက် တစ်ချက်အဖြစ် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာက အသိအမှတ်ပြုလက်ခံထားကြသည်။ ယင်းအချက်ကို အထက်ပါ စစ်ပညာရှင်နှစ်ဦး၏ အဆိုအမိန့်များက သက်သေခံလျက်ရှိသည်။

မြဝတီနာဝတီပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ကမ္ဘာကျော်ပြင်သစ်ဘုရင် နပိုလီယံ(Napoleon)က–

“စစ်ဆိုသည်မှာ အငိုက်ဖမ်းခြင်းမှလွဲ၍ အခြားမည်သည့်အရာမျှ မပါဝင်ပေ။ ဗိုလ်ချုပ်တစ်ဦးသည် ထိုယေဘုယျဥပဒေကြီးကို လိုက်နာရမည်ဖြစ်သည်။ အငိုက်ဖမ်းခြင်းနှင့် အမြတ်ထုတ်ရန် အခွင့်အရေးများကို လက်လွတ်မခံသင့်ပေ”ဟု ဆိုထားလေသည်။

ကမ္ဘာပေါ်တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲစဥ်များကို လေ့လာ သုံးသပ်ကြည့်ပါက အငိုက်ဖမ်းတိုက်ခိုက်ခြင်းကြောင့် အောင်ပွဲများ ရယူသွားနိုင်ခဲ့ကြသည်ကို တွေ့ရပေမည်။ သာဓကအားဖြင့် ဒုတိယကမ္ဘာစစ်အတွင်းသို့ အမေရိကန်နိုင်ငံ ဝင်ရောက်လာစေသည့် ကမ္ဘာကျော် ''ပုလဲဆိပ်ကမ်း''တိုက်ပွဲ၊ နာဇီဂျာမန်များကို ထင်ယောင်ထင်မှားဖြစ်အောင် လှည့်ဖျားအလစ်အငိုက်တိုက်ခဲ့သည့် မဟာမိတ်တို့၏ ''နော်မန်ဒီ''ကမ်းတက်တိုက်ပွဲ၊ ၁၉၇၆ ခုနှစ်၊ ဇွန်လအတွင်းက အီရတ်မှ အစ္စရေးတို့၏ အလစ်အငိုက် **Surprise** ကို ရယူတိုက်ခိုက်ခဲ့သည့် အာရပ်–အစ္စရေး တတိယစစ်ပွဲတို့မှာ ထင်ရှားသည့်တိုက်ပွဲများ ဖြစ်သည်။ အလားတူ ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးတိုက်ပွဲများတွင်လည်း အလစ်အငိုက်ရယူတိုက်ခိုက်ခဲ့၍ အောင်ပွဲအလီလီရခဲ့သည့် ဖြစ်စဥ်များစွာ ရှိခဲ့သည်။ အငိုက်ဖမ်းတိုက်ပွဲများတွင် ပထဝီအငိုက်၊ လူအငိုက်၊ အချိန်အငိုက် ဟူ၍ တိုက်ခိုက်ခြင်းကြောင့် တိုက်စစ်ဆင်သူက တပမ်းသာလွန်ပြီး အတိုက်ခံရသူမှာ မမျှော်လင့်သည့် ကြီးမားသော ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတတ်ပေသည်။

ယခုတင်ပြမည့်တိုက်ပွဲဖြစ်စဥ်မှာ ကျွန်တော် အမှတ် (၃၀) ခြေလျင်တပ်ရင်း အမှတ် (၃)တပ်ခွဲမှူး တာဝန်ထမ်းဆောင်စဥ်က





ကိုယ်တိုင်ဦးစီးတိုက်ခိုက်ခဲ့ရသည့် အငိုက်ဖမ်းတိုက်ခိုက်မှု ဖြစ်စဥ် တစ်ခု ဖြစ်ပါသည်။ ဖြစ်စဥ်ကိုမတင်ပြမီ ရဲချုပ် ဗိုလ်မှူးကြီးစိုးဝင်းက ကျွန်တော်တို့ရဲ့ အနှစ် (၅၀) မြောက် နှစ်ပတ်လည်မဂ္ဂဇင်းမှာ မှတ်သားစရာ အတွေ့အကြုံများ ရေးသားရန်တိုက်တွန်းသည့်အတွက် ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါသည်။ သို့ရာတွင် အင်မတန် နက်နဲသိမ်မွေ့သော စာရေးသားခြင်းအတတ်ပညာ မသိ၊သာကြောင့် ကျွန်တော်၏ ရေးသားတင်ပြမှုတွင် လိုအပ်ချက်များရှိနေမှာ အမှန်ပင်ဖြစ်ပါသည်။ ထိုမှတစ်ပါး ကျွန်တော်သည် သာမန် စစ်သားဖြစ်သည်က တစ်ကြောင်း၊ အသက် (၈၀)တွင်း ဝင်ရောက်လာသည်ကတစ်ကြောင်း၊ မှတ်တမ်း မှတ်ရာများ မရှိတော့သည်က တစ်ကြောင်းတို့ကြောင့် ဖတ်ရှုရာတွင် အားနည်းချက်များရှိသောကြောင့် နားလည်ပေးပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ယခုဖြစ်စဥ်မှာ ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်တွင် KNU နှင့် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုပင် ဖြစ်သည်။ ၎င်းဖြစ်စဥ်မှရရှိသော အတွေ့အကြုံ သင်ခန်းစာများအား ရဲဘော်ရဲဘက်များ စာဖတ်သူများကို ပြန်လည်မျှဝေပေးချင်သောကြောင့် ရွေးချယ်တင်ပြရခြင်းဖြစ်သည်။ ပစ်ခတ်မှုသည် မိမိတို့၏တပ်ရင်းမှ ရဲဘော်များ ဆုံးတစ်ချက်မျှ အခြစ်မခံရဘဲ တစ်ဖက်ရန်သူများကို သုတ်သင်ချေမှုန်းနိုင်ခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များ တပ်မတော်အတွက် သိမ်းဆည်းရမိခြင်း၊ ၎င်းအပြင် ကက(ကြည်း)မှလည်းကောင်း၊ လပခ တိုင်းမှူးမှလည်းကောင်း၊ မိမိတပ်ရင်းမှူးထံမှလည်းကောင်း ချီးကျူးစကားများအား လက်ခံရရှိခဲ့ခြင်းတို့ကြောင့် ကျွန်တော့်ဘဝတွင် ထိုတိုက်ပွဲလေးသည် အမှတ်ထင်ထင် ရှိနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အမှတ်-(၃၀)ခြေလျင်တပ်ရင်းတွင် ၁၉၇၈ ခုနှစ်မှ ၁၉၈၁ ခုနှစ်ထိ အမှတ်(၃)တပ်ခွဲ၏ တပ်ခွဲမှူးတာဝန် ထမ်းဆောင်ခဲ့သည်။ ကျွန်တော်တို့တပ်ရင်းဌာနချုပ်မှာ ယခု တမခ(၇၇)နေရာ ပဲခူးမြို့တွင် တည်ရှိသည်။ ကျွန်တော်တို့နယ်မြေအတွင်း စစ်ဆင်ရေးပြုလုပ်ရန် ရန်သူမရှိသည့်အတွက် ကက(ကြည်း)အရံ လပခအရန်တပ်ရင်း ဖြစ်ခဲ့သည်။ ကျွန်တော်တို့သည် ရတခနယ်မြေတွင် စဆရ (၂) ကြိမ် ထမ်းဆောင်ပြီး လပခတွင် စဆရတစ်ကြိမ် အလှည့်ကျတာဝန်ထမ်းဆောင်ခဲ့ရသည်။

လပခနယ်မြေတွင် တာဝန်ထမ်းဆောင်ခဲ့ရသည့်အခါတိုင်း တပ်ရင်းမှူးနှင့် (၄)ခွဲ ရေတာရှည်အရှေ့နယ်မြေ စဆရတာဝန် တပ်ခွဲ(၁)ခွဲ ခလရ(၅၇)တပ်ရင်းမှူး ကွက်ကဲမှုအောက် တွဲဖက်တာဝန် ထမ်းဆောင်ရတတ်ပါသည်။ ထိုစဉ်က ခလရ(၃၀) တပ်ရင်းမှူးမှာ ဒုတိယဗိုလ်မှူးကြီး စောလျံထူးဖြစ်သည်။ ကျွန်တော်၏တပ်ခွဲကို တပ်ရင်းမှူးမှ ခလရ (၅၇)တပ်ရင်းနှင့် တွဲဖက်တာဝန်ချထားသည်။ ခလရ (၅၇)တပ်ရင်းမှူးမှာ ဒုတိယဗိုလ်မှူးကြီးသန်းတင် ဖြစ်သည်။

ကျွန်တော်တို့တပ်ရင်းတစ်ရင်းလုံး သတ်မှတ်ရက်တွင် ခလရ (၃၀)ပဲခူးမြို့မှ ထွက်ခွာခဲ့ပါသည်။ ကျွန်တော်တို့တပ်ခွဲတစ်ခွဲတည်း ရွှေကျင် ခလရ (၅၇)တပ်ရင်းသို့ ရောက်ရှိသတင်းပို့ပါသည်။ တပ်ရင်းမှူးမှာ ခလရ (၅၇) နယ်မြေအတွင်းရှိ ရန်သူအခြေအနေနှင့် နယ်မြေအခြေအနေများကို ရှင်းပြပြီးနောက် ကျွန်တော် တာဝန်ထမ်းဆောင်ရမည့်နယ်မြေကို မြေပုံတွင် ဂရပ်မျဉ်းများ သတ်မှတ်ပေးခဲ့သည်။ နောက်တစ်နေ့ ရွှေကျင်မှ ဒုံဖရစ်ကျေးရွာသို့ စက်လှေဖြင့် ချီတက်ခဲ့သည်။ ကျွန်တော် ရိက္ခာတစ်ပတ်စာ ထုတ်ယူခဲ့သည်။





မိမိစစ်ဆင်မည့်ဂွင်မှာ ဖြတ် (၄) ဖြတ် ကျင့်သုံးထားသည်။ တောင်ပေါ်ကျေးရွာအားလုံး စစ်တောင်းမြစ်ကမ်းတွင် နေရာချထားပြီး စီးပွားရေးလုပ်ငန်းအနေဖြင့် ဝါးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုရန် အခြေအနေ ဖန်တီးပေးထားသည်။ တောတက်ရန် ဆန်တစ်ရက်စာနှင့် ကျေးရွာလူကြီး ထောက်ခံစာပေးပြီး စနစ်တကျ ပြန်ခရီးသွားလာခွင့်ပြုသည်။ သတ်မှတ်နယ်မြေကျော်လွှင် မှဒ်မ (၁၄၄) ဖြစ်သည်။

ဤဒေသတွင် ရံဖန်ရံခါ KNU စစ်ကြောင်းများ ထိုးဖောက်ဝင်ရောက်လာတတ်သည်။ အမြဲတမ်းအနေနှင့် KNU အမာခံမပြောက်ကျားများရှိနေသည်။ သို့အတွက် တပ်ရင်းမှရရှိသော ရန်သူ့သတင်းနှင့် ကျေးရွာလူသု ထံမှရရှိသော သတင်းများပေါ်မူတည်ပြီး စိတ်ကြိုက်စစ်ဆင်ရေးစီမံချက် ရေးဆွဲဆောင်ရွက်ရမည်။ မိမိ ခလရ (၃၀)တပ်ရင်းသည် ကရင်သောင်းကျန်းသူများနှင့် တိုက်ပွဲပေါင်းများစွာ တိုက်ခဲ့ဖူးသည်။ ထိုထိတွေ့မှုများစွာအနက်မှ တစ်ခုသောဖြစ်စဉ်မှာ အလွန်[illegible]သားဖွယ်ကောင်းသော အမှတ်တရအဖြစ် ဆက်လက်ဖော်ပြသွားပါမည်။

တစ်နေ့မှာတော့ ခလရ (၅၇) တပ်ရင်းမှူး ဆေးကုနေသည့် ရွာပုန်းသို့ ချီတက်ချေမှုန်းရန် ကြေးနန်းစာဖြင့် ညွှန်ကြားလာပါသည်။ ကျွန်တော် အခြေပြုရာ ဒုံဖရစ်ကျေးရွာသို့ ခလရ (၅၇)မှ စစ်သည်များတရားခံပို့ရောက်ရှိလာပြီး လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ကျွန်တော်မှ ဖမ်းဆီးရမိသူ တရားခံအား သေချာစစ်ဆေးစုံစမ်းခဲ့သည်။ ၎င်းမှာ ခွဲထောက်တပ်ကြပ်ကြီးအဆင့်ရှိသူဖြစ်ကြောင်း၊ ၎င်းတို့မှာ တပ်မတော်[illegible]ကြောင်းနှင့် တိုက်ပွဲဖြစ်ပွားရာမှ ၎င်း၏



www.burmeseclassic.com

www.burmeseclassic.com

တပ်ခွဲမှူး ဗိုလ်ကြီးအဆင့်ရှိသူမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြော
ထိုဒဏ်ရာရတပ်ခွဲမှူးအား ဘီလင်းမြို့ နောက်ကျောရှိ ရွာပျက်တ
တွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း ၎င်းမှာ ဘီလင်းသို့
လာရောက်ဝယ်ယူစဉ် အဖမ်းခံရကြောင်း စုံစမ်းသိရှိရသည်။ ၎
တပ်ခွဲမှူး ဆေးကုသနေသည့် ရွာပျက်အား မြေပုံနှင့် ဆက်
ထောက်လှမ်းခဲ့သည်။

နောက်တစ်နေ့ နံနက်စောစောတွင် ခရီးစတင်ထွက်ခဲ့သ
ဖမ်းဆီးရမိသူအား မိမိနှင့်လိုက်ပါပြီး လမ်းပြအဖြစ် အသုံးချခဲ့သ
ထိုနေ့ နေဝင်ချိန်လောက်တွင် တောင်ကြောတစ်ခုပေါ်သို့ ရောက်
ခဲ့သည်။ တရားခံအား ၎င်းတပ်ခွဲမှူးနေရာနှင့် နီးစပ်မှုအား စုံ
ရာ ၎င်းက နီးစပ်လာပြီဖြစ်ကြောင်းပြောသည်။

မကြာမီအချိန်မှာ တောင်ဖအောက်မှ ကာဘိုင်သေနတ်
တစ်ချက်ကြားရသည်။ ဒါကြောင့် ဤနယ်မြေအတွင်းမှာ ရန်
အမှန်တကယ်ရှိသည်ဟု တွက်ဆနိုင်ပါသည်။ နောက်တစ်ချ
သေနတ်သံမှာ တစ်ချက်တည်း ကြားရသဖြင့် ရန်သူသည် ကျွ
တို့သတင်းကိုမရရှိဘဲလျက် အေးအေးဆေးဆေး ၄က်ပစ်နေသ
သဘော ရှိသည်။

ကျွန်တော်မှ တပ်ခွဲအား ညစာစားပြီး မနက်စာချက်
ညွှန်ကြားထားလိုက်သည်။ ဖမ်းဆီးရမိသူအား တပ်ခွဲမှူးနေထိုင်သ
ရွာ၏အခြေအနေ မြေပြင်အနေအထား၊ ကျင်းတူးထားခြင်း ရှိ/မ
တို့ကို ထပ်မံစုံစမ်းမေးမြန်းပါသည်။ ရန်သူမှာ အေးအေးဆေးဆေ
နေထိုင်သည့်သဘောကိုသိရပြီး ရွာမှာ မြေပြန့်ဖြစ်သည်။
အတွက် ကျွန်တော် ညအချိန် ချဉ်းကပ်တိုက်ခိုက်ရန် ဆုံးဖြတ်လို





သည်။ ထမင်းစားပြီး ဆက်လက်ချီတက်ခဲ့ရာ တောင်ခြေသို့ အရောက်တွင် လယ်တဲတစ်လုံးတွေ့ရှိပြီး မိသားစုများ ပျော်ပျော်ပါးပါး သီချင်းဆိုလျက် စပါးပုတ်နေကြသည်ကို ပွိုင့်တပ်စုမှ တွေ့ရှိရသဖြင့် သတင်းပို့လာသည်။ ကျွန်တော်မှ ၎င်းလယ်တဲရှိ မိသားစုအား အနီးကပ်ချဉ်းကပ်၍ အားလုံးဖမ်းဆီးခေါ်ဆောင်လာရန် ပွိုင့်တပ်စုအား တာဝန်ပေးလိုက်သည်။ မိနစ် ၂၀/၃၀ ခန့်ကြာချိန်တွင် ရွာသားများကို ဖမ်းခဲ့သည်။ ယောကျ်ား (၂)ယောက်၊ မိန်းမ (၃) ယောက်နှင့် ချီထားသော ကလေးတစ်ယောက်ဖြစ်သည်။ ၎င်းတို့အား စစ်ဆေးဖော်ထုတ်ချက်အရ ဒဏ်ရာရ တပ်ခွဲမှူးနှင့်အဖွဲ့မှာ ဆေးကုသနေသည့်ရွာမှ ထွက်ခွာသွားပြီဖြစ်ကြောင်းနှင့် ညနေက ကြားသည့်သေနတ်သံမှာ အခြားအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ၎င်းတို့အင်အား (၁၀)ဦး ခန့်ရှိကြောင်း၊ လွန်ခဲ့သည့်ရက်က ရောက်ရှိလာကြောင်း၊ လောလောဆယ် တောင်ကြားတစ်နေရာတွင်ရှိနေသေးကြောင်း သိရှိရသည်။ သတင်းမှာ ခိုင်ခိုင်မာမာ ရရှိပြီးဖြစ်သော်လည်း မိမိအား အထက်မှပေးအပ်သည့် တာဝန်မှာ ဒဏ်ရာရကုသနေသော တပ်ခွဲမှူးနှင့် အဖွဲ့အားချေမှုန်းရန်ဖြစ်သည့်အတွက် ထိုနေရာသို့ သွားရောက်ရှင်းလင်းရန် ဦးစားပေးခဲ့သည်။ တပ်ခွဲအရာခံဗိုလ်နှင့် တပ်စု(၂)အား ဖမ်းဆီးရမိသော ရွာသားများနှင့်အတူထားခဲ့သည်။

မိမိတပ်စုတစ်စု **Light Equipment** ဖြင့် ဆက်လက် ချီတက်ခဲ့သည်။ တရားခံအား မေးမြန်းလျက် ဖြည်းဖြည်းချဉ်းကပ်ပါသည်။ ရွာစပ်မှ ရွာတွင်းသို့ ရောက်ရှိသည်။ တစ်ဦးတစ်ယောက်မျှ မတွေ့ရ။ မီးဖိုရှိ ပြာများပင် အေးစက်နေသဖြင့် ထွက်ခွာသည်မှာ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်နေပြီဖြစ်သည်။ တရားခံအား တပ်ခွဲမှူး ဆေးကုသခံသည့် နေအိမ်အတိအကျပြပေးရန် မေးမြန်းခဲ့ရာ တပ်ခွဲမှူးနေအိမ်အား လိုက်လံပြသသည်။ လယ်တဲမှဖမ်းဆီးရမိသော လူငယ်အားလည်း စုံစမ်းမေးမြန်းသည်။ ယခင် ဤရွာတွင် တည်းခိုခဲ့သည်မှာ မှန်ကန်သည်။ ၎င်းတို့ ရွှေ့ပြောင်းသွားခဲ့ပြီဖြစ်ကြောင်း ပြောပြ၍ သိရသည်။ သို့နှင့် လယ်တဲမှဖမ်းမိသူနှင့် ပူးပေါင်းပြီး ဒုတိယရည်ညွှန်းချက်သို့ ဆက်လက်ချီတက်ခဲ့ပါသည်။ သန်းခေါင်ယံဖြစ်သော်လည်း လရောင်ရှိသဖြင့် ချီတက်မှု မြန်ဆန်သည်။ တစ်နာရီခန့် ချီတက်ပြီးနောက် ပေ ၅၀၊ ၆၀ ခန့်မြင့်သော တောင်ကုန်းတစ်ခုပေါ်သို့ လက်ညှိုးညွှန်ပြပြီး ၎င်းတဲတွင် ကင်းရှိသည်။ တောင်ကုန်းအလွန် ချောက်ထဲတွင် ကျန်သောအင်အားရှိမည်ပြောသဖြင့် ကျွန်တော်မှ တောင်ယာတဲကို Skyline နောက်ခံထား လေ့လာကြည့်သည်။ ၎င်းနောက် မိမိ တပ်စိတ်မှူးများအား တပ်စိတ် (၂)စိတ်ဖြင့် တောင်ယာထဲသို့ တက်မည်။ တစ်စိတ်ဖြင့် တောင်အောက်လျှိုမှ ထွက်နိုင်မည့်လမ်းကြောင်းပိတ်မည်။ အကြမ်းဖျင်းစီမံပြီး ဖြည်းဖြည်းချင်း တောင်ကုန်းပေါ်သို့တက်ခဲ့သည်။ တဲအောက်တွင် လူအရိပ်အရောင် မတွေ့ရှိ။ သို့နှင့် တောင်ယာတဲအောက်သို့ ချဉ်းကပ်ဝင်ရောက်ခဲ့သည်။ တဲပေါ်ရှိသူများ အိပ်မောကျနေသည်။ တဲမှာ (၆)ပေခန့်အမြင့် ဝါးထရံကာထားပြီး ဝါးလှေကားတစ်ခုထောင်ထားသည်။ ကာထားသော ဝါထရံကြ ႔မှာ M16 သေနတ်ပြောင်း (၂)ခု ထပ်လျက်ကို လက်ဖြင့် စမ်းသပ်တွေ့ရှိရသည်။

''မင်းနဲ့ တပ်စိတ်တစ်စိတ် တောင်အောက်ဆင်း။ မင်းတို့ ရောက်လောက်ပြီထင်ရတဲ့အချိန်မှာ တဲပေါ်က ရန်သူကို ငါရှင်း





မည်။ မင်းတို့ငါ့သေနတ်သံကြားရင် အောက်မှာတွေ့တဲ့ ရန်သူကို အပိုင်ချေမှုန်း တုတ်မီးထိုးပြီးပစ်လို့'' မှာကြားစေလွှတ်လိုက်သည်။ တောင်အောက်ဆင်းတဲ့ တပ်စိတ်ရောက်လောက်ပြီလို့ ယူဆချိန်မှာတော့ တဲပေါ်မှာရှိတဲ့ရန်သူကို G(3) ၂ လက်မနဲ့ ရန်သူရဲ့ ခါးနဲ့ ရင်ဘတ်နေရာလောက်ကို တောင်မှမြောက်၊ မြောက်မှတောင်သို့ နှစ်ပြန်သုံးပြန် ပစ်ခတ်လိုက်သည်။ သွေးများအောက်သို့ ကျဆင်းလာပါသည်။ တစ်ချိန်တည်းမှာ အောက်ဆင်းတဲ့ တပ်စိတ်ကလည်း အတွဲလိုက်ပစ်ခတ်ပါတော့သည်။ (၂) မိနစ်၊ (၃)မိနစ်အကြာမှာ သေနတ်သံများ ရပ်သွားသည်။ တဲပေါ်မှ ကလေးငယ်၏ ''အမိုး အမိုး''ဟူသော အသံ ကြားရပါသည်။ သို့နှင့် တဲပေါ်သို့တက်သွားရာ အရပ်ဝတ်အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး၊ KNU ယူနီဖောင်းဝတ် တပ်သား(၂)ဦးတို့ကို အသေရရှိသည်။ ကလေးငယ်မှာ ငုတ်တုတ်ထိုင်လျက် အနည်းငယ်မျှ ဒဏ်ရာရရှိခြင်းမရှိ။ ကျွန်တော် ကလေးကို ကောက်ချီလိုက်ပါသည်။ တောင်အောက်က တပ်စိတ်က ''ဗိုလ်ကြီးရေ . . . သေနတ်တွေ အများကြီးရတယ်'' လို့ အော်ပြောသည်နှင့် တောင်အောက်သို့ ဆင်းကြည့်ပါသည်။ သောင်းကျန်းသူအဖွဲ့မှာ တောင်နှစ်လုံးကြားရှိ ရေမြောင်းကိုခွပြီး ဝါးကြမ်းခင်းလျက် တစ်ဖက်ရပ်တဲထိုးထားပြီး အိပ်နေဟန်ရှိပါသည်။ ကျွန်တော့်တပည့်များက ခြေရင်းဘက်က မတ်တတ်ရပ်ပြီး ပစ်ခတ်ချေမှုန်းလိုက်ကြသဖြင့် ရန်သူများမှာ သေလို့သေမှန်းတောင် သိလိုက်ကြမည်မထင် ဆက်အိပ်သွားကြလေတော့သည်။ ၎င်းတို့ထဲတွင် အမျိုးသမီးအသက် ၁၈/၂၀ ခန့် တစ်ဦးပါရှိသည်။ ၎င်းမှာ ဆေးတပ်သားဖြစ်လိမ့်မည်ဟု ယူဆရပါသည်။ ရန်သူအလောင်း



www.burmeseclassic.com

www.burmeseclassic.com



(၁၀)လောင်း၊ ပွိုင့် ၂၂ ရိုင်ဖယ် (၁)လက်၊ ကာဘိုင် (၁)လက်၊ အမ် ၁၆ (၆) လက်၊ ၄၀ မီလီမီတာ (၁)လက်၊ ဆက်သွယ်ရေးစက် (၁)လုံးနှင့် ဆေးဝါးပစ္စည်းများ သိမ်းဆည်းရမိသည်။ ဟန်ကောတစ်လုံးတွင် "ဒုဗိုလ်"ဟု ရေးသားထားသည်ကို တွေ့ရှိရသည်။ ကျွန်တော့်လက်ကနာရီကိုကြည့်လိုက်တော့ မနက် (၀၂း၀၀) အချိန်ဖြစ်သည်။ ကျွန်တော်တို့ ရန်သူနေရာအား အသေးစိတ်ရှင်းလင်းပြီး နောက်တပ်ခွဲအရာခံဗိုလ်နှင့် စု(၂)စုရှိရာကို ထွက်ခွာခဲ့သည်။ ကျွန်တော်ချီခဲ့သော ကလေးငယ်အား လယ်တဲမှ အမျိုးသမီးအား ပေးအပ်ခဲ့သည်။ အမျိုးသမီးများအား ၎င်းတို့ နေအိမ်တွင်ထားပြီး အသက် ၄၅/၅၀ ခန့် ကရင်ကြီးကိုမူ ပုဒ်မ (၁၄၄) ကို ကျူးလွန်သောပြစ်ဒဏ်ပေးခဲ့သည်။ ကျွန်တော်တို့ မအိပ်မနေချီတက်ခဲ့သည်။ နောက်တစ်နေ့ ဒုံဇရစ်သို့ အောင်မြင်ချောမောစွာရောက်ရှိသည်။ ကျွန်တော်တို့ကိုလမ်းပြပေးသော လယ်တဲမှ လူငယ်အား ဒုံဇရစ်ရွာသို့ခေါ်ခဲ့သည်။ ရွာလူကြီးအား အသေအချာစောင့်ရှောက်ပေးရန် တာဝန်ပေးအပ်ခဲ့သည်။ ကျွန်တော် ယခုတင်ပြသောတိုက်ပွဲမှ ရရှိသော သင်ခန်းစာသည် ကိစ္စရပ်တစ်ခုအောင်မြင်မှုရရှိအောင် မဟာဗျူဟာစီမံကိန်း (**Strategy**)ကို သေချာစွာ ချမှတ်နိုင်ခြင်း၊ ၎င်းစီမံကိန်းကို အချိန်ကိုက်လုပ်ဆောင်နိုင်ရန်အတွက် (**Planning**) ချနိုင်ခြင်း၊ ၎င်း (**Planning**)ပေါ်တွင် လုပ်ဆောင်နိုင်မည့်အလုပ်များကို အချိန်ကောင်းကိုရွေးပြီး အကောင်အထည်ဖော်နိုင်ခြင်းတို့ကြောင့် ထိခိုက်နစ်နာမှုမရှိဘဲ အောင်မြင်မှုကို ဆွတ်ခူးနိုင်ခြင်းဖြစ်သည်ကို လက်တွေ့ခံစားသိရှိရပါသည်။ ၎င်းအပြင် ကျွန်တော်တို့ငယ်စဉ်က မှတ်သားဖူးသည့်





အတိုင်း "အိပ်ခြင်းနှင့် စားခြင်းသည် မသေမချင်းလုပ်ရသောအလုပ်ဖြစ်သည်" ဆိုသည့်အတိုင်း ကျွန်တော်တို့ရဲဘော်များသည် အိပ်ချိန်ကို အခွင့်ကောင်းယူအသုံးပြုကာ ချီတက် တိုက်ပွဲဝင်ခဲ့သောကြောင့် အောင်ပန်းဆင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ရဲဘော်ရဲဘက်အပေါင်းတို့အား ကျွန်တော်၏တိုက်ပွဲလေးကို ဖတ်ရှုပြီး ငါတို့လည်း ဒီအဖြစ်အပျက်မျိုးအတွက် အသင့်ရှိနေအောင် ယခုထက်ပိုပြီး သတိ၊ ဝီရိယ၊ ဖွဲ့၊ ပညာများ ပိုမိုရရှိလာစေရန် ရည်ရွယ်လျက် တင်ပြရေးသားလိုက်ရပါသည်။


ရဲမှူးကြီးစိန်ဝင်း

■




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com



ဒုပိုလိပ်မှူးကြီးအောင်စိုး

www.burmeseclassic.com

www.burmeseclassic.com




ပထမအကြိမ် ကော့မူးရာ (ခေါ်)
ဝမ်ခသစ်စခန်းတိုက်ပွဲပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com

# သေကံမရောက် သက်မပျောက်

ရေးသူ – ဒုဗိုလ်မှူးကြီးအောင်စိုး

## ဝင်းတလုတ်တိုက်ပွဲ

ဗိုလ်လောင်းဘဝမှာ စစ်ဗျူဟာ ဘာသာရပ်များ စာတွေ့ပို့ချတယ်။ စစ်မြေပြင်မှာ စစ်ဆင်ရေးလှုပ်ရှားနေတဲ့ တပ်တွေထဲက [illegible]ဟပ်အောင်မြင်တဲ့ တိုက်ပွဲတွေ မိမိတပ်ဆုံးရှုံးတဲ့ တိုက်ပွဲတွေထဲက ဘာကြောင့် အောင်မြင်တယ်နိုင်တယ်။ ဘာကြောင့် ဆုံးရှုံးရတယ်ဆိုတဲ့အချက်တွေကို တိုက်ပွဲလေ့လာသုံးသပ်ချက်သင်ခန်းစာအပေါ် ကောက်နုတ်ချက်ကနေ မှတ်သားနာယူရတယ်။ မိမိတပ်နဲ့ KNDO တိုက်ပွဲမှာ မိမိတပ်အဆုံးအရှုံးများခဲ့ရတဲ့ ကရင်ပြည်နယ်က ဝင်းတလုတ်တိုက်ပွဲသင်ခန်းစာကို ဒီနေ့ထိ မှတ်မိနေတယ်။ သဲမြေပုံခန်းမထဲမှာ ဝင်းတလုတ်တိုက်ပွဲ အနေအထားကို သဲမြေပုံ ရုပ်လုံးရုပ်ကြွတွေနဲ့ ခင်းပြထားတယ်။ နည်းပြအရာရှိက မေးတယ်။

"မင်းတို့ စစ်မြေပြင်ရောက်ရင် ရွာထဲမှာ ညအိပ်ရပ်နားကြဦးမလား" ဗိုလ်လောင်းတွေက "မနားပါဘူး၊ မအိပ်ပါဘူး" [illegible]ပြတယ်။

www.burmeseclassic.com



"စစ်ဆင်ရေးမှာ လမ်းကြောင်းအတိုင်း သွားဦးမလား" မသွားပါဘူး ဖြေကြတယ်။ "ရန်သူရဲ့ ချုံခို တိုက်ခိုက်တာ မခံ အောင် စစ်မြေပြင်မှာ ဘယ်လိုသွားမလဲ" ရှေ့ပြေးနံ့ကာလ ဦးကင်း နောက်ရံခြင်းနဲ့ စစ်မင်းလိုရာ သွားပါလေအတိုင်း တော နင်းချီတက်ပါမယ်ဟု ဗိုလ်လောင်းတွေ နှုတ်တိုက်မေး/ဖြေ အကြိ ကြိမ် သံကုန်အော်ပြီး ဖြေခဲ့ကြတယ်။ အဲဒီကာလက **KNDO** များ လွှမ်းမိုးထိန်းချုပ်နယ်မြေမှာ မိမိတပ်တွေ ချုံခိုတိုက်ခံရတာ များ တယ်။ ရေ အတက်/အကျ မကျွမ်း နယ်မြေမကျွမ်းလို့ ခံရတယ် ဒါကြောင့် "သေချင်ရင် စိန်မစားနဲ့ သိလ္လာကိုသွား" ဆိုရိုးစကား ရှိခဲ့တယ်။

## ပထမဦးဆုံး စစ်မြေပြင်

ကချင်(၁) ကသာတပ်ကို ကျွန်တော်တို့ ကျောင်းဆင်းအရာ သုံးယောက်ရောက်တယ်။ ရိပ်သာမှာ (၂/၃)ရက်နေစဉ် ထီးချိုင့် ဘက်မှာ ဗကပ (အလံနီ)နစ်နီအဖွဲ့က သစ်ထုတ်ရေးအဖွဲ့ထံက လစာယူသွားကြောင်း သစ်ထုတ်လုပ်သားတွေ လုံခြုံရေးအတွက် နောက်တန်းထုတ်နှုတ်တစ်စုဖြင့် ကျောင်းဆင်းအရာရှိထဲမှ တစ်ဦး လိုက်ရန်လိုကြောင်း တပ်ရေးဗိုလ်ကြီးက ပြောတယ်။ ကျွန်တော် တစ်ယောက်သာ လူပျိုဖြစ်လို့ ကျွန်တော် လိုက်မယ့်အကြောင်း သတင်းပို့တယ်။ ကသာမြစ်ဆိပ်ကမ်းမှာ အသင့်စီစဉ်ထား မော်တော်ဘုတ်စီးပြီး နောက်တန်းဌာနချုပ် ထုတ်နှုတ်တပ် ဧရာဝတီမြစ်အတိုင်း လိုက်ခဲ့တယ်။ ထီးချိုင့်ကမ်းနီရွာရောက်တော့ မော်တော်ဘုတ်ပေါ်ကဆင်းပြီး သစ်ထုတ်စခန်းရှိရာ တောတွင်း





ချီတက်ကြတယ်။ လမ်းအတိုင်းသွားပါတယ်။ ညနေချိန် ရွာရောက် တော့တစ်စုတပ်ကြပ်ကြီး(ကချင်)က ဗိုလ်ကြီး . . . ငါတို့ . . . ဒီရွာမှာ ညအိပ်မယ်၊ မနက်မှ ဆက်ထွက်မယ် သတင်းပို့တယ်။ အဲဒီ တုန်းက ချီတက်စဉ်မှာ "လမ်းကြောင်းအတိုင်း မသွားပါဘူး" ညအချိန်ရွာမှာ ရွာမှာအိပ်နေစဉ်မှာလည်း "ရွာမှာ ညမအိပ်ပါဘူး" ဟု အသံကုန် ဟစ်ကြွေးပြောကြားခဲ့တဲ့ ဝင်းတလုတ်ရွာ ချုံခိုတိုက်ပွဲ သင်ခန်းစာပို့ချက်ကို နားထဲမှာ စွဲနေ/ကြားယောင်နေပါတယ်။

## မူးမြစ်အစ ရွှေကျောင်းက

မြန်မာ့လူမှုနယ်ပယ်မှာ တစ်စုံတစ်ယောက်ကို အထင် သေးပါက "မမြင်ဘူး မူးမြစ်ထင်"လို့ တင်စား ပြောတတ်ကြတယ်။ မူးမြစ်ဆိုတာက ကသာခရိုင်၊ ပင်လယ်ဘူးမြို့နယ် ရွှေကျောင်းရွာမှာ မြစ်ဖျားခံတာပါ။ ဒါကြောင့် "မူးမြစ်အစ ရွှေကျောင်းက"လို့ ဒေသခံတွေ ပြောလေ့ရှိတယ်။ မူးမြစ်က ကဒူးကထာန်းဒေသမှာ ကွေ့ကွေ့ဝိုက်ဝိုက် စီးနေတယ်။ မူးမြစ်ရဲ့ အကွေ့အကောက်များ လွန်းလို့ မိုးရာသီမှာ ဒူးညောင်းအောင် ဖြတ်ရတယ်။ ဒီဒေသမှာ ငှက်ဖျားရောဂါ (မလေးရီးယား)နဲ့ ကျွန်တော် **First meet** ပထမဆုံး တွေ့တာမို့ အရသာ ဆိုးဆိုးဝါးဝါး ခံစားရတယ်။ ခိုက်ခိုက်တုန် အောင် တဟီးဟီးနဲ့ ချမ်းစိမ့်ပေမယ့် မူးမြစ်ကို ချီလေတဲ့ချီလေ ဆိုတဲ့အတိုင်း မရပ်မနား အကြိမ်ပေါင်းများစွာ ဖြတ်သန်းချီတက် ခဲ့ရတယ်။ ငှက်ဖျားဆေးမှုန့်ကို ရေနဲ့ဖျော်ပြီး ဆေးထိုးအပ်နဲ့ ကထိုးခံရတာ အလွန်ခါးတဲ့ ငှက်ဖျားဖြတ်ဆေးခါးကြီး စားရတယ်။ ကြက်ဟင်းခါးသီးနဲ့ တမာရွက် အဆီအနှစ်အခါးတွေလက်



www.burmeseclassic.com

www.burmeseclassic.com



အဆပေါင်းများစွာခါးတဲ့ ဆေးကြီးသောက်နေရသလိုပါ။ ဘယ်လို ငှက်ဖျားရောဂါ ခံစားရလို့ လမ်းမလျှောက်နိုင်လို့ ထမ်းစင်နဲ့လိုက် ရပေမယ့် မူးမြစ်အကူးတိုင်းမှာ တစ်ဖက်ကမ်းရှိ တောစပ်တောင်ကု လေးတွေမှာ လမ်းအတိုင်း အသင့်ချိန်ရွယ်ထားတဲ့ (fix line) နစ်ဖြူဗကပရဲ့ ရန်ပုံခွင်းအမြောက်နဲ့တွေ့ရင် ငှက်ဖျားရောဂါက ပျောက်ပါတယ်။ ရန်ပုံခွင်းအမြောက်ဆိုတာက လျှပ်စစ်မီးတိုင် တယ်လီဖုန်းတိုင်၊ သံပိုက်လုံးအရှည်ထဲမှာ သံတို၊ သံစ၊ သံမ တွေကို ယမ်းနဲ့ရောစပ်ထည့်ပြီး သံပိုက်လုံးဖင်ပိုင်းမှာ စနက်တံ/ဓါ ခလုတ်တပ်ဆင်ပါတယ်။ ခလုတ်ကို ကြိမ်ကြိုး/ နွယ်ကြိုးဖြင့်ချည်ပြီး ဆွဲတဲ့လူက ခပ်ဝေးဝေးမှနေလို့ မိမိတပ်များမြစ်/ချောင်းအကူးမှာ ခလုတ်ဆွဲပြီး သံတို၊ သံစတွေကို ပေါက်ကွဲစေတာပါ။ ရန်ပုံခွင်း အမြောက်ရဲ့ထိရောက်မှု စွမ်းပကားက "ရှေ့(၄)၊ နောက်(၆)၊ ငါပါ(၁၁)ယောက်"တဲ့။ အရှေ့(၄) ဆိုတာက မိမိတပ်ကို ထိမှန်တာပါ။ နောက်(၆)ကတော့ မူးမြစ်အကူး ချုံခိုတိုက်ခိုက်ရန် စောင့်နေတဲ့ နစ်ဖြူဗကပနဲ့ ငါပါဆိုတာက ကြိမ်ကြိုး/ နွယ်ကြိုးနဲ့ ခလုတ်ဆွဲသူ နစ်ဖြူကိုပြောတာပါ။

## မေခ/ မေလိခ ဒြိုဂံဒေသ

ခလရ(၄)မှာ တာဝန်ကျစဉ်က ကချင်ပြည် နယ်ဒေသ မေခနဲ့ မေလိခမြစ်နှစ်သွယ်အကြားမှာ စစ်ဆင်ရေး ဝင်ရတယ်။ ဧရာဝတီမြစ်လို့ နာမည်မတပ်မီ မြစ်ဆုံ (မေခ/ မေလိခ)မှာ B.II တပ်က ဖိုက်ဘာဘုတ် စက်တပ်လှေနဲ့ မြစ်ဆုံမှာ တပ်တွေကို ဖြတ်ကူးပေးလိုက်တယ်။ မြစ်ဆုံကနေစပြီး အင်ဂျန်းယန်ရွာ





(ယခုမြို့)၊ နှင်ရော်ကောင်းရွာတွေကိုဖြတ်ပြီး နယ်မြေထဲ ထိုးစစ်ဆင် ရတယ်။ ဦးတည်ရန်သူက KIA ဇော်တူးအဖွဲ့ပါ။ ဇော်တူးအဖွဲ့ ယိုးဒယားက အပြန်လက်နက်ခဲယမ်းတွေ ဝယ်လာတာကို မြစ်မကူး မီ စောင့်ရတယ်။ ဒီလို မေခ/ မေလိခ မြစ်တွေကို ဖြတ်ကူးစဉ်မှာ မြစ်ဆုံမှာလို ဖိုက်ဘာလှေမရှိပါ။ မြစ်ပြင်ကလည်း ဂရစ်တစ်ကွက် ကိုက်တစ်ထောင်လောက် ကျယ်ပါတယ်။ စစ်သုံးမြေပုံကို ဖတ်ရ တယ်။ စစ်သုံးမြေပုံမှာ FERRYလို့ ရေးထားရင် အဲဒီနေရာကို ရှာအောင်ရှာပြီး သွားရတယ်။ မြေပုံမှာ ဝါးဘိုးဝါးတော ကြိမ်တောများ ကို အဲဒီ FERRYကူးတို့ဆိပ် ရေးထားတဲ့နေရာမှာ တွေ့ရတယ်။ မြစ်ရေစီးနှုန်းကလည်း ရေစီးမသန်ဘူး။ မြစ်တစ်ဖက်ကမ်း KIA အခြေအနေကို မှန်ပြောင်းနဲ့ ထောက်လှမ်းရတယ်။ စိတ်ချရပြီဆိုတာနဲ့ ပါလာတဲ့ ဓားနဲ့ဝါးဘိုးဝါးတွေ စုစည်းပြီး ဝါးဖောင်ဖွဲ့စည်း၊ စစ်သည် (၄/၅)ယောက်စီး ဝါးဖောင်တွေ လုပ်ကြတယ်။ ကြိမ်နွယ်တွေကို မြစ်ဟိုဘက်ကမ်းအထိ အရှည်ရအောင် ခုတ်ယူရတယ်။ တပ်ထဲမှာ မြစ်ကူးကျွမ်းကျင်တဲ့ ရခိုင်ရဲဘော် ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းက ရဲဘော်တွေကို လက်ရွေးစဉ် ရွေးရတယ်။ တပ်နဲ့အတူပါလာတဲ့ ပေါ်တာများ (အကျဉ်းထောင်မှ ပြစ်ဒဏ်နှစ်ရှည်ကျသူများ)ထဲက ရေကူးကျွမ်းသူတွေ ရွေးချယ်ပြီး စုဖွဲ့ရတယ်။ ကြိမ်နွယ်ကြိုး မြစ်ချောင်းကို ရဲဘော်ရဲ့ခါးမှာချည်ပြီး ရဲဘော်က လက်ပစ်ကူး သွားတယ်။ ဟိုဘက်ကမ်းရောက်တော့ သစ်ပင်ကြီးကြီးမှာ ချည် နှောင်ထားလိုက်တယ်။ ဒီဘက်/ဟိုဘက်ကမ်းကို ကြိမ်ကြိုး/နွယ်နဲ့ တန်းစီးသွားပြီ။ အဲဒီကြိုးတန်းရဲ့ အထက်ပိုင်းကနေ (၄/၅) ယောက် တစ်ဖွဲ့စည်းထားတဲ့ ဝါးဖောင်ပေါ်မှာ လက်နက်ကိရိယာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုးနဲ့ချည်နှောင်ပြီး ရေမကူးတတ်တဲ့ ရဲဘော်ရဲဘက်တွေကို ဖောင်ပေါ်မှာတင်ပြီး ရေကူးကျွမ်းကျင်သူ ရဲဘော်က ကြိမ်ကြိုးနဲ့ဆွဲပြီး အခေါက်ခေါက်အခါခါ ကူးရတယ်။ ရေကူးကျွမ်းကျင်သူအဖွဲ့က အသက်ကယ်ဖို့ ဟိုဘက်/ဒီဘက်ကမ်းမှာ သွယ်တန်းထားတဲ့ ကြိုးတန်းမှာ အသင့်နေရာယူရတယ်။ မိုးလင်းမှစပြီး ကူးလိုက်တာ မိုးလည်းချုပ်ရော တပ်ရင်းတစ်ရင်းလုံး ဟိုဘက်ကမ်းကို ချောချော မောမော ရောက်ကြတယ်။

MONEY MAKES EVERY THING လို့ ဆိုရိုးစကား ရှိတယ်။ ကျွန်တော်တို့ တြိဂံဒေသစစ်ဆင်ရေး ဝင်စဉ်ကာလမှာ ဒီလိုဆိုရိုးစကား မမှန်ပါ။ KIA ရဲ့ အမိန့်အရ ကချင်တိုင်းရင်းသား တွေဟာ သူတို့ကျေးရွာတွေမှာ နေခွင့်မရှိဘူး။ မူလ ကျေးရွာကြီး တွေက ရွာအတွင်း လူနေကင်းမဲ့ပြီး ချုံနွယ်ပိတ်ပေါင်း အထပ်ထပ် နဲ့ပါ။ ရွာရှောင်၊ ရွာပုံးများကို တောနက်တဲ့ လျှိုမြောင်တွေကြားမှာ ထားတယ်။ အဲဒီမှာသာ နေခွင့်ရှိတယ်။ ကျွန်တော်တို့ တပ်မတော် စစ်ကြောင်းတွေနဲ့ ဒေသခံရွာသားတွေ တွေ့ခွင့်မပေးဘူး။ ဒါကြောင့် ငွေကြေးနဲ့ဝယ်စားရန် ဘာမှမရှိဘူး။ တောငှက်ပျောဖူး ငှက်ပျော ကျောက်ချဉ်ပေါင်စတဲ့ ချိုတက်ရာလမ်းတစ်လျှောက် စားလို့ရ အပင်၊ အရွက်တို့ ရှာဖွေတတ်မှ ဟင်းတစ်ခွက်ရတယ်။ မြို့ကြီးသား ရဲဘော်များဆိုလျှင် အသီးအရွက်မြင်ရပါက စားရန် သင့်/မသင့် ခွဲခြားမသိကြဘူး။ ကျေးလက်ကလာတဲ့ ရဲဘော်တွေက အသီးအရွက် တွေ့တာနဲ့ စားလို့ရတယ်ဆိုတာသိတော့ ဟင်းမငတ်ဘူး။ နေ့စဉ် စားတဲ့ ဆန်၊ ကုလားပဲ၊ စားဆီ၊ နို့ဆီ၊ လက်ဖက်ခြောက်စတဲ့ ရိက္ခာခြောက်တွေကို ဒါကိုတာလေယာဉ်နဲ့ AIR DROP လုပ်ပေး





တယ်။ ကိုယ့်တပ်ရောက်နေတဲ့နေရာ မြေပုံညွှန်းအမှန်မပေးတတ်ရင် တ်ဖို့သာ ပြင်ပေတော့။ ဒါကြောင့် ရိက္ခာသုံးရက်စာလက်ခံရလျှင် စ်ရက်ဆန့်ပြီး ငါးရက်စာရတယ်။ ရိက္ခာငါးရက်စာ လက်ခံရလျှင် စ်ရက်ဆန့်ပြီး ခုနစ်ရက်စားရတယ်။ လက်ရှိရိက္ခာကို ဆန့်စားရ တာမို့ ထမင်းကို ဝဝလင်လင် မစားရဘူး။ တချို့ရက်တွေမှာ ဆန်ပြုတ်နဲ့ ငှက်ပျောဖူး၊ ငှက်ပျောအူ၊ ပင်းဘောရွက်၊ ကျောက် ချဉ်ပေါင်ရွက်တွေနဲ့ရော ကျိုစားရတယ်။ ဒီလိုအနေဆင်းရဲ အသွား လာဆင်းရဲ၊ အစားဆင်းရဲပေမယ့် တစ်ယောက်ရဲ့အသက်ကို တစ်ယောက်ပေးပြီး တာဝန်ထမ်းကြတာဖြစ်လို့ ပျော်ကြတယ်။ အဲဒီတုန်းက F.R.A ရိက္ခာစိုခွင့်ပြုတာက ရဲဘော်တစ်ဦးကို ၆၅ ပြားနှုန်းဖြစ်တယ်။ ဒီငွေတွေက ရွာမရှိ၊ ရွာသား မတွေ့ရလို့ မဝယ်ရဘူး။ စစ်ဆင်ရေးခြောက်လမှာ ရဲဘော်တစ်ဦးမှာ ငွေကျပ် ရာနဲ့ချီပြီး ပိုနေတယ်။ တြိဂံဒေသစစ်ဆင်ရေးမှာ တပ်မ တပ် ဂါရပ်နဲ့အညီ မိုးလင်းတာနဲ့ ချီတက်လှုပ်ရှား၊ မိုးချုပ်တော့ ရပ်နားနဲ့ နေ့စဉ်ရက်ဆက် စစ်ဆင်ရေး (၆)လလုံး ဒီအတိုင်း သွားနေရသည်။ မေခ/မေလိခ မြစ်တွေ့တော့ ဖြစ်သလို ဝါးဖောင်ဖွဲ့ ပြီး ကူးရတယ်။ ရိက္ခာကလည်း ဆန့်စားရတယ်။ ငှက်ဖျားရောဂါ ကလည်း ထူပြောတယ်။ နေ့တိုင်းမြင်တွေ့နေရတာက ရဲဘော်နဲ့ တက်များသာဖြစ်တယ်။ KIA က ချောင်းမြောင်းပစ်ခတ်တော့ အသက်ပေးခဲ့ရတယ်။ တိုင်းပြည်အေးချမ်းသာယာရေးအတွက် တပ်မတော်သားတွေ ထမ်းရတဲ့ တာဝန်တွေပါ။ အဲဒီတုန်းက တက်စရာလေးတစ်ခုတော့ရှိတယ်။ ရဲဘော်တစ်ဦး ငှက်ဖျား ရောဂါပြင်းထန်လျှင် (ဦးနှောက်ထဲ ငှက်ဖျားပိုးဝင်လျှင်) ရဟတ်ယာဉ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လာခေါ်တယ်။ တပ်ရင်းမှူးက ဗိုလ်မှူးစိုးမြင့် (စစ်ရာထူးခန့်
ဗိုလ်ချုပ်စိုးမြင့်)ဖြစ်တယ်။ အရွယ်နဲ့မလိုက်အောင် အပင်ပန်း
တပ်ရင်းမှူးတစ်ဦးပါ။ ခြောက်လအကြာ တပ်ရင်းပြန်နားဖို့
ဒေသမှ ပြန်ထွက်ရတယ်။ မြစ်ဆုံရောက်တော့ ရဲဘော်တစ်
တချို့က တန်းစီပြီး တြိဂံဒေသဘက် မျက်နှာမူကာ တြိဂံဒေသ
တညီတညွတ်တည်း အလေးပြုကြပါတယ်။ တစ်ခါက တပ်
တစ်ရင်းလုံး နောက်တန်းပြန်ရန်အတွက် စစ်ယာဉ်တန်းက ကဝ
စခန်းအထိ လာကြိုတယ်။ ခြောက်လလုံးလုံး အရပ်သူ၊ အရပ်သ
မမြင်။ နေ့တိုင်း တစ်တောင်တက်၊ တစ်တောင်ဆင်း တောတွေ
ခရီး နှင်နေကြရလို့ ကဝပန်စခန်း ကတ္တရာခင်းထားတဲ့ မော်တေ
ကားလည်းတွေ့ရော ရဲဘော်တွေ ကားလမ်းကို (အာဘွား)အန
တစ်ရာ ပေးကြတယ်။ အမှတ်တရပေါ့ပါ။ နောက်တန်းအပြ
ပုသိမ်ကြီး မြို့သူ၊ မြို့သား မိဘပြည်သူတွေက အပြုံးကိုယ်စီ
ရှေ့တန်းပြန်စစ်သည်များကို ကြိုဆိုတဲ့အချိန်မှာပေါ့ ခြောက်
လုံးလုံး ပင်ပန်းနွမ်းနယ်မှုတွေဟာ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွ
တိမ်ကင်းစင်တဲ့ ဖိုးလမင်းကြီးရဲ့မျက်နှာလို ပြုံးပန်းတွေ ဝေကြတယ်

## အရှေ့မြောက်တိုင်းတစ်ခွင်

၁၉၆၉–၇၀ နှစ်များက အရှေ့မြောက်ဒေသတွင် ကိုးက
ကာကွယ်ရေးဆိုတာရှိတယ်။ မိမိတပ်နှင့်ပူးတွဲပြီး ဗကပနဲ့ KIA
တိုက်ရာမှ ပူးပေါင်းပါဝင်တယ်။ ဒါကြောင့် သူတို့ကို သက
(သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့)အဖြစ် တပ်မတော်
အသိအမှတ်ပြုကြယ်။ နောက်ပိုင်းမှာ သူတို့အဖွဲ့ ဘိန်းကုန်ကူး





ကို အစိုးရက တားမြစ်လိုက်တော့ မိမိတပ်နဲ့ လက်တွဲဖြုတ်ပြီး
တာခိုသွားတယ်။ ဘိန်းစိုက်၊ ဘိန်းချက် လုပ်ငန်းတွေကို ဖောက်ချ
ပ်တယ်။ ကိုးကန့်ကာကွယ်ရေးခေါင်းဆောင်က ဦးလောစင့်ဟာန်
တယ်။ သူတို့အဖွဲ့က လားရှိုးအရှေ့ခြမ်း နမ့်ဆလပ်ရွာတောင်ဘက်
လင်/ဝှေတောင်မှာ သင်တန်းကျောင်းကြီးဖွင့်ပြီး အခြေစိုက်နေ
ယ်။ အဲဒီစခန်းကို လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူများနှင့်
တပ်မှု စီမံချက်ရေးပြီး တိုက်စစ်ဆင်တယ်။ ကျွန်တော်ပါဝင်တဲ့
တခလရ(၄)က ချေမှုန်းရေးစစ်ကြောင်း တာဝန်ယူရတယ်။
ကဒါကိုတာ လေယာဉ်လိုမျိုး လေယာဉ်နဲ့ ပုံးကြဲတယ်။ ပုံးကြဲ
လေယာဉ်ကြီးက တအိအိနဲ့ ပစ်မှတ်ပေါ် ဝင်လာချိန်မှာ ရန်သူက
ိုက်သေနတ်နဲ့ လေယာဉ်ကို ပစ်နေတယ်။ T.33 ဂျက်လေယာဉ်
က ပစ်မှတ်အပေါ် ဝင်မရောက်ခင်က ကြိုတင်ပြီး ရော့ကက်နဲ့
ဝင်ကာကြည့်လို့ကောင်းတယ်။ T.33 ဂျက်လေယာဉ်နဲ့ ရော့ကက်
ပြီး ချေမှုန်းတယ်။ လေကြောင်းပစ်ကူရပ်နားချိန်မှာ နမ့်ဆလပ်
နေ အမြောက်အဖွဲ့က ပစ်ကူစီမံချက်အတိုင်း ပစ်ကူပေးတယ်။
ကျွန်တော်တို့ ရကခလရ (၄)က ပစ်ကူစီမံချက်နဲ့ ဟန်ချက်ညီ
ကိုကန့်သင်တန်းကျောင်းစခန်းကို လုံ့စွပ်ထိုးချေမှုန်းရေး ဝင်ရတယ်။
ကိုကန့်အဖွဲ့က သတင်းကြိုရပြီးဖြစ်လို့ စနစ်တကျ ခွာစစ်ဆင်
ပုံရတယ်။ သူတို့ သယ်ယူမသွားနိုင်တဲ့ လက်နက်ခဲယမ်းများသာ
တယ်။ စခန်းသိမ်းပြီး ပတ်ဝန်းကျင်ကို ကျွန်တော့်တပ်ခွဲ ၂
က်ရှင်းတယ်။ အလွန်နက်တဲ့ လျှိုမြောင်ထဲမှာ ရန်သူအဖွဲ့ရှိ
မြကြောင်း စီးနေတဲ့ ချောင်းငယ်လေးထဲ လက်နဲ့ချိုးဖွဲ့ပြီး အမှတ်
သားလုပ်ထားတဲ့ သဲလွန်စ တွေ့ရတယ်။ ဒါကြောင့် လျှိုအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆန်မတက်ဘဲ လျှိုနှင့်ချောင်းအစပ်မှာ ပိတ်ဆို့ရေးတပ်ဖွဲ့ထား
ကျွန်တော်နဲ့အဖွဲ့က လျှိုထိပ်ကိုရောက်အောင် တောင်စွယ်အတိုင်း
တက်တယ်။ လျှိုထိပ်ကနေအောက်ကို အပေါ်စီးယူပြီး တဖြည်းဖြည်း
ရှင်းပစ်ကြတယ်။ လျှို့ဝှက်ယာယီစခန်းချနေတဲ့ ရန်သူ့ပလတ်စ
တဲများကို တွေ့ရလို့ ရန်သူနဲ့မိမိတို့ သူပစ်/ကိုယ်ပစ် ပစ်တယ်
ကျွန်တော်တို့က အပေါ်စီးက အားလုံးဝိုင်းထားပြီးဖြစ်လို့ ကာကွယ်
ရေးတပ်ခွဲမှူး အပါအဝင် ၃၂ ယောက်နဲ့ သေနတ် ၃၄ လက်
ရခဲ့တယ်။ အကြီးဆုံးသေနတ်က ဘရောင်နီစက်သေနတ်၊ အသေး
ဆုံးသေနတ်က အလျား ၂ လက်မ၊ အနံ ၁ လက်မ၊ အပေါ်
သုံးပေါက်ပါ **PAPER WEIGHT** အရွယ် လက်နက်ဖြစ်တယ်
ကျည်ဆံပွိုင့်တူးတူး (အရှည်)၊ အလယ်မှာ ပတ္တာနဲ့ ခေါက်ချိုး
ရတယ်။ သေနတ်လေးက ယက်ဝါးအတွင်း ဆုပ်ထား
သေနတ်ကို မမြင်နိုင်ဘူး။

တပ်ရင်းတစ်ရင်းလုံး တစ်လအနားယူ ဖွဲ့စည်းလေ့ကျင့်
(၁၈–၁၁–၇၄)မှာ ကျွန်တော် ပုသိမ်ကြီး အထကမှ **S.A.T** ဆရာ
မခင်ဝင်းနဲ့ လက်ထပ်တယ်။ လက်ထပ်ပြီး တစ်ပတ်အကြာ
အရှေ့မြောက်ဒေသ မူဆယ်နယ်မြေကို စစ်ဆင်ရေးထွက်ရတယ်
စစ်ကြောင်း(၁) ဌာနချုပ် အခြေပြုရာ မူဆယ်မြို့မှာ တပ်ရင်း
နဲ့အတူ လုံခြုံရေးတပ်ခွဲမှူးအနေနဲ့ တာဝန်ယူရတယ်။ မူဆယ်
မြို့ပေါ်မှာ မန္တလေး တိုင်းချစ် အလွတ်ပညာသင် အထက်တန်း
ကျောင်းမှာ အတူနေခဲ့တဲ့ ရှမ်းတိုင်းရင်းသား သူငယ်ချင်း
ရှိတယ်။ စိုင်းခင်မောင်လေးဆိုသူက အုပ်ချုပ်ရေးအဖွဲ့မှာရော မြို့
မြို့ဖအနေနဲ့ရော တာဝန်ရှိသူဖြစ်လို့ တပ်နဲ့အရပ်(မြို့) ဆက်ဆံ





ပြေလည်အောင် ကူညီပေးတယ်။ ၂၀–၁–၇၅ ရက်မှာ မူဆယ်ဈေး
ပိတ်နေ့ ဗကပရဲ့ တိုက်ကွက်ဖော်မဲ့ သတင်းအစအနတွေ ဟိုက၊
ဒီက ရနေတယ်။ မူဆယ် ခံစစ်ဒေသထဲက မိမိတပ်စခန်းကို
သချာပေါက် တိုက်ကွက်ဖော်မယ့်အနေအထားတွေ တွေ့နေရ
တယ်။ ၂၀–၁–၇၅ ည ၈ နာရီမှာ မူဆယ်နဲ့ ၁၀၅ မိုင်အကြား
ဗကပနဲ့ ကျွန်တော်တို့ကင်းအဖွဲ့ တိုက်ပွဲဖြစ်တယ်။ ၂၁–၁–၇၅
နံနက်စောစောမှာ ပွိုင့်(၄၅၆၁)မြောက်တောင်ကုန်းကို ဗကပတပ်ရင်း
(၃၀၃၁၊ ၃၀၃၃၊ ၃၀၃၇) တပ်ရင်းသုံးရင်းနဲ့ **DAWN ATTACK**
တိုက်လို့ အမြောက်စခန်းကုန်း ရန်သူလက်ကျသွားတယ်။ မူလ
တပ်ထုတ်နှုတ်ထားတဲ့အတိုင်း တပ်စုလေးစုနဲ့ မျက်နှာစာ သုံးခု
ကနေ အမြောက်ကုန်းကို တန်ပြန်တိုက်တယ်။ ကျွန်တော်နဲ့
ရွဲရုံးစုက နမ့်လင်း (ပလောင်း)ရွာ၊ အမြောက်ကုန်း ရေဆိပ်ကမ်းက
တိုက်ရတယ်။ (၁၆၀၀)ချိန်မှာ အမြောက်ကုန်းကို မိမိတပ်တွေ
ပြန်သိမ်းနိုင်တယ်။ မူဆယ်ဒေသခံ စစ်စခန်းအားလုံးကို ဝိုင်းပတ်
ပိတ်ဆို့ပြီး အမြောက်စခန်းကုန်းကို အဓိကပစ်မှတ်ထား တိုက်သွား
တဲ့ ဗကပရဲ့ အမှားတစ်ကွေ့ တွေ့လိုက်ရတယ်။ ပွိုင့် (၄၅၆၁)
အမြောက်ကုန်း မူဆယ်ခံစစ်ဒေသအတွက် စစ်နည်းဗျူဟာအရ
အချက်အခြာမြေ **VITAL GROUND** ဖြစ်လို့ အဓိက ပစ်မှတ်ထား
တိုက်တာ မှန်တယ်။ ဒါပေမဲ့ တောင်မြင့်တိုင်း အချက်အခြာမြေ
မဟုတ်တာဆိုတာကို ဗကပ မေ့နေတယ်။ ဒါကြောင့်လည်း
အမြောက်စခန်းကို သိမ်းနိုင်ပေမယ့် သူတို့ မမျှော်လင့်ဘဲ တပ်ရင်း
အပိအစဉ်နဲ့ တန်ပြန်တိုက်စစ်ကြောင့် သူတို့ဆုံးရှုံးခဲ့ရတယ်။
ဘောလုံးပွဲအစထဲက အနိုင်ဂိုးနဲ့ အပေါ်စီးက ကစားနေတဲ့အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကို နာကျင်ချိန် (အချိန်ပို)မှာမှ ချေပဂိုးသွင်းပြီး အနိုင်ကစားသွား
အသင်းလိုမျိုးပေါ့။ တကယ်တော့ မူဆယ်ခံစစ်ဒေသမှာ အရေ
အခြာမြေ (V.G) က ဗိုလ်ငှ(၄၅၆၁) အမြောက်စခန်းကုန်းပါ။ ဒါပေ
စစ်ဒေသတစ်ခုလုံးကို ကွပ်ကဲနေတဲ့ အမိန့်ပေးသူ COMMANDE
ဦးနှောက် BRAIN နဲ့ စစ်ကစားနေသူက မူဆယ်မြို့ စစ်ကြော
ဌာနချုပ်မှာ ရှိနေတယ်။ အမိန့်ပေးသူ၊ စစ်ကစားသူ ကွန်မင်ဒါ
တန်ပြန်တိုက်စစ်အတွက် စိတ်ကြိုက်ဖန်တီးခွင့် ပေးလိုက်သ
ဖြစ်နေတယ်။ တင်စားပြီးပြောရရင် ဗိုလ်ငှ (၄၅၆၁) အမြောက်စခန်း
မူဆယ်ခံစစ်ရဲ့ အသည်းနှလုံး HEART ဆိုကြပါစို့။ ဗကပတပ်ရင်း
သုံးရင်းနဲ့ အသည်းနှလုံးကို အငိုက်ဖမ်းအလဲထိုးလိုက်နိုင်ပေမယ့်
ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေတဲ့ နှလုံးသားကို မူဆယ်မြို့မှာ ခြေကုပ်
ယူထားတဲ့ TAC(1) တပ်ရင်းမှူးက ဦးနှောက် BRAIN ကို
လွတ်လွတ်လပ်လပ် စိတ်ကြိုက်သုံးပြီး တန်ပြန်တိုက်စစ်နဲ့ ပြန်လည်
ကုစား အဆုံးသတ်ပြီး အပြတ်ထုတ် အနိုင်ယူခဲ့ပါတယ်။ (တိုက်ပွဲ
အသေးစိတ်ကို ထိုစဉ်က တပ်ရင်းမှူး တာဝန်ယူခဲ့တဲ့ ဒုတိယ
ဗိုလ်မှူးကြီးညွန့်ဆွေ စာရေးဆရာမောင်ဆွေသက်၏ ကဒူးမှ
မော်ဖသို့ (တတိယအကြိမ်) စာအုပ်တွင် ဖတ်ရှုပါရန်)။

## မြိတ်၊ ပလော၊ ပလောက်ဒေသ

ယာယီပ.ပခွဲမှူး (ဗိုလ်မှူး)တာဝန်ဖြင့် မြိတ်မြို့ ခလရ(၁၀၁)
တွင် တာဝန်ထမ်းဆောင်ရွက်စဉ်က ဖြစ်စဉ်တစ်ခုပါ။ ပလောမြို့နယ်
ပလောက်ကျေးရွာ အခြေပြုလှုပ်ရှားတာဝန်ယူရတယ်။ စစ်သားဘ
ပထမဆုံး ကသာခရိုင်က ဒူးကဏန်းနယ်ကရလာတဲ့ ငှက်ဖျား





ရှူးရှိုးမငှက်ဖျား၊ ကချင်ပြည်နယ်ငှက်ဖျား၊ ကရင်ပြည်နယ်
ငှက်ဖျားအားလုံး ကျွန်တော် ဖျားပါတယ်။ တစ်နေ့ ပလောက်လှုပ်ရှား
တာဝန်ယူစဉ်မှာပဲ ပလော ပလောက် ငှက်ဖျားရပါတယ်။ ဖျားပြီးစ
နလံထချိန် ပလောက်ရွာ ဘုန်းကြီးကျောင်းမှာ အခြေပြုနေစဉ်
ကေအင်ယူ ဒူးနမ်တပ်ခွဲမှူး ဦးစီးအင်အားနဲ့ လာရောက်တိုက်ပါတယ်။
ကေအင်ယူက ဘုန်းကြီးကျောင်းမှာ ဖျားနာနေတဲ့ စစ်သည်များသာ
ရှိတယ်လို့ သတင်းရထားတာပါ။ ကျွန်တော့်လှုပ်ရှားအဖွဲ့ ခေတ္တ
အခြေပြုနေတာကို သူတို့မသိလိုက်ပါ။ နံနက်မိုးလင်း BBC
အသံလွှင့်ဌာန စတင်အသံလွှင့်နေချိန် ရွာအတွင်း အတင်းဝင်၊
ဘုန်းကြီးကျောင်းအတွင်း ခေတ္တခြေကုပ်ယူထားတဲ့ တပ်စိတ်ကို
ဝင်ရောက်စီးနင်း ပစ်ခတ်တယ်။ ကျွန်တော်က စခန်းချညအိပ်ရင်
လုပ်နေကျအတိုင်း တပ်စိတ်တစ်စိတ်ကို ရွာအပြင်မှာ ထုတ်ထား
တယ်။ ကေအင်ယူအဖွဲ့က ကျွန်တော်နဲ့စစ်ကြောင်းရုံးအဖွဲ့ ရှိတာ
ကိုမသိဘဲ အတင်းဝင်စီးနင်းပစ်ခတ်လို့ ကျွန်တော်တို့က စနစ်တကျ
နေရာယူ ပစ်ခတ်တယ်။ ကျွန်တော်နဲ့ စက်လတ်ကိုင်စစ်သည်တို့
ဘုန်းကြီးကျောင်းအပြင်ထွက်ပြီး ရွာအတွင်း ပြေးလွှားနေတဲ့
ကေအင်ယူကို ပစ်ခတ်တယ်။ ရွာပြင်ကို ကြိုတင်ခြေကုပ်ယူထားတဲ့
လှည့်ကင်းတပ်စိတ်ကလည်း ကေအင်ယူကို နောက်ကနေ ဝင်ကျုံး
တယ်။ ပြေးပေါက်ပိတ်၊ ထွက်ပေါက်ပိတ် ကေအင်ယူက ထွက်
ပေါက်၊ ပြေးပေါက်ရရန် ရွာဈေးတန်းအိမ်တွေကို မီးရှို့တယ်။
အလောင်းဆယ်လောင်း လက်နက်နဲ့အတူ မိမိတပ်က ရလိုက်တယ်။
မကောင်မှတ်ဘဲ အငိုက်အဝင်ခံလိုက်ရပေမယ့် စခန်းချရပ်နားစဉ်
လုပ်သင့်လုပ်ထိုက်တဲ့ လှည့်ကင်း၊ တိုက်ကင်းတပ်စိတ်ကို ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ထားတဲ့ အကျိုးအမြတ် ရလိုက်ပါတယ်။ ကေအင်ယူတပ်ခွဲမှူး ဒူးနမ်က ဒီတိုက်ပွဲမှာ ဆုံးရှုံးမှုအတွက် သူ့မှာတာဝန်ရှိကြောင်း၊ သတင်းမှားတဲ့အတွက်ဖြစ်ကြောင်း သူ့အထက်ဌာနကို ဗိုလ်ကြီးနန်းကို ကြားဖြတ်ဖမ်းရတယ်။ ဒါကြောင့် တိုင်းမှူးဗိုလ်ချုပ်ချစ်ဆွေက ကျွန်တော့်နဲ့ တိုက်ပွဲဝင်စစ်သည်တွေကို ချီးကျူးကြောင်း ကြေးနန်းပို့ပါတယ်။

## ကျွန်တော်နဲ့ ကော့မှူးရာ

၁၉၈၈ ခုနှစ်မတိုင်မီ တပ်ရင်းမှူးတာဝန်ကို ခမရ(၁၆) မုံရွာမြို့တွင် တာဝန်ယူရတယ်။ ကျွန်တော်က တတိယမြောက် တပ်ရင်းမှူးဖြစ်တယ်။ တပ်ရင်းဟာ တိုက်ပွဲကြီး အတွေ့အကြုံ သိပ်မရှိ။ ဗကပနဲ့ တိုက်ပွဲဝင်ခဲ့ဖူးသူ အရာရှိသုံးဦးခန့်သာရှိတယ်။ ဒါပေမဲ့ စည်းကမ်းလိုက်နာမှု ကောင်းတယ်။ သန္ဓေကောင်းတဲ့ တပ်ရင်း ဖြစ်တယ်။ ၁၉၈၉ ခုနှစ်မှာ ကရင်ပြည်နယ်ရှိ နယ်စပ်စခန်းတွေကို တိုက်ပွဲဝင်ရမှာဖြစ်လို့ နယ်မြေစခန်းတွေရဲ့ စခန်းပုံကြမ်း သဲမြေပုံတွေခင်းပြီး အရာရှိတွေ NCO တွေကို သီးခြားစီ တိုက်ပွဲသင်ခန်းစာ လေ့ကျင့်ပေးတယ်။ ၁၉၈၉ ခုနှစ်၊ ဧပြီလမှာ ဝမ်ခသော စခန်း အနေအထားက ကွေ့ဝိုက်စီးနေတဲ့ သောင်ရင်းမြစ်နဲ့ ထိုင်း နယ်စပ်ကို ဝဲယာနောက်ပိုင်းမှာ အကာအကွယ် ယူထားတယ်။ OMEGA SH/... ပုံ အိုမီဂါပုံဖြစ်တယ်။ ဝင်ပေါက်က ရှေ့တည့်တည့်က တစ်ပေါက်ထဲ။ ဘယ်ညာနဲ့ နောက်ကျောကဝင်တိုက်ရင် ထိုင်းနိုင်ငံထဲကဝင်ပြီး တိုက်မှရမယ်။ KNU ကို မွေးထားတာက လည်း ထိုင်းနိုင်ငံ ဖြစ်နေတယ်။ ဒါကြောင့် ရှေ့တည့်တည့်က





ဝင်တိုက်ရုံမှတစ်ပါး အခြားမရှိ။ ဘယ်လိုပဲ စစ်နည်းဗျူဟာမြောက် ချဉ်းကပ်ပေမယ့် စခန်းရှေ့ ကိုက်တစ်ထောင်ရောက်လျှင် သတ်ကွင်း FIXLINE ပုံသေပစ်ကြောင်းအောက် ဝင်ရတယ်။ BOTTLE NECK ပုလင်းဘူးဝကို ဝင်တိုက်ရသလိုမျိုး ဖြစ်တယ်။ တပ်ဖြန့်စစ်ကစားရန်ကလည်း ရန်သူစိတ်တိုင်းကျ ပြင်ဆင်ထားတဲ့ သတ်ကွင်းထဲ ဖြတ်ရတယ်။ ဒီစခန်းက INTERNATIONAL DATA နိုင်ငံတကာ စိတ်ဝင်စားတယ်။ ပထမအကြိမ် ခမရ(၁၂)ကို အလယ်ထားပြီး ဝင်တိုက်တယ်။ တပ်ရင်းမှူး ဒဏ်ရာရသွားတယ်။ ကျဆုံး ဒဏ်ရာရသူများနဲ့အတူ တစ်ပွဲပြီးသွားတယ်။ ကျွန်တော်ကို ခမရ (၁၆) အလှည့်ရောက်တယ်။ အလှည့်ကျ မနွဲ့ကျစတမ်းပေါ့။ စပ်ပျော်ပျော်နေတတ်တဲ့ ရဲဘော်တစ်ယောက်က ဟာသလုပ်တယ်။ ''မောင့်ကို သေစေညွှန်းရော့သလား''တဲ့။ ပုလင်းဘူးဝကနေ ရှေ့တည့်တည့်က ဝင်တိုက်တယ်။ အရာရှိအပါအဝင် ၁၈ ယောက် ကျတယ်။ ဒဏ်ရာသုံးဆယ်ကျော် ရတယ်။ ဒုတိယအကြိမ် အလှည့်ကျပြန်တယ်။ ဒီတစ်ကြိမ်မှာတော့ တပ်ရင်းမှူးသုံးယောက် တိုင်ပင်တယ်။ ရှေ့တည့်တည့်သတ်ကွင်းကို အတင်းတိုးဝင်နေရုံနဲ့တော့ ပွဲမပြီးဘူး။ အထက်က ခွင့်မပြုဘဲ ကိုယ့်သဘောနဲ့ကို သောင်ရင်းမြစ်ကိုဖြတ်ပြီး ဝဲဘက်မှ ခမရ (၁၃) က တိုက်ရန်၊ ကျွန်တော်တို့ တပ်ရင်းက ရှေ့တည့်တည့်မှ ဝင်တိုက်ရန်ဖြစ်တယ်။ ကျွန်တော်တို့ တပ်ရင်း ထင်ထားသလို ဟန်ချက်မညီဘူး။ ကျွန်တော်တို့တပ်က ရန်သူ့ရှေ့ဆုံး ခြံစည်းရိုးအတွင်း စစ်သည်က ရောက်နေပြီ။ ဒီအချိန်မှာ အထက်ဌာနက စက်နဲ့ လှမ်းပြောတယ်။ စခန်းထဲ ရန်သူ မရှိတော့ဘူး။ အတွင်းဝင်တော့တဲ့။ ကျွန်တော်တို့က ရန်သူ့



www.burmeseclassic.com

www.burmeseclassic.com



အနီးဆုံးဆိုတော့ ရန်သူ ဘာလုပ်မယ်ဆိုတာ အသိဆုံးဖြစ်နေတ... ရန်သူက ကျွန်တော်တို့ကို အထက်ဌာနက RT နဲ့ ပြောနေတာကို... နားထောင်ပြီး ငါးမျှားချိတ်ကို လာဟပ်မယ့်ငါးကို စောင့်နေတ... ရန်သူက အမှားသတင်းတွေကို ကျွန်တော်တို့ အထက်ဌာန... စက်တွေဖမ်းနိုင်အောင် လှည့်စားတဲ့ RT တွေ ပြောနေတ... ရန်သူ့စခန်းထဲ ရန်သူ မရှိတော့ဘူး။ ရန်သူတွေ ဆုတ်ပြေးကု... ကျားတက်ထိုးတော့လို့ RT နဲ့ အမိန့်ပေးနေပြီ။ ဒါကြောင့် ကျွန်... က အမြောက်ပစ်ကူတွေ ရပ်ပေးပါ။ စခန်းထဲဝင်မယ်လို့လည်း... ပြင်ပါရော စခန်းတွင်း ရန်သူက ပုံသေပစ်ကြောင်းနဲ့ တန်... တိုက်ခိုက်တယ်။ ဒုတိယအကြိမ်အဖြေက အရာရှိ အပါအဝင် ... ကျပြီး သုံးဆယ်ကျော် ဒဏ်ရာရခဲ့တယ်။ ဝမ်ခစခန်းသစ်မတိုက်... တိုက်ပွဲဝင် အဆင့်အတန်းအားလုံးကို ကျွန်တော် ရှင်းပြတယ်... ငါက ယာယီတပ်ရင်းမှူး ငါ့ **Promotion** အတွက် တိုက်ခိုင်းမဟုတ်... မင်းတို့၊ ငါတို့အားလုံး အထက်မှ ပေးအပ်သော အမိန့်နှင့် တာဝ... ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။ ''ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား... ငါ၏တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်... ပါ၏'' ဆိုတဲ့ သစ္စာလေးချက်အတိုင်း သစ္စာရှိရှိလုပ်ကြရမှာဖြစ်တယ်... ကျဆုံး၊ ဒဏ်ရာရ စစ်သည်နဲ့ မိသားစုအတွက် ဒီနေ့အထ... စိတ်မကောင်းပါ။ မေတ္တာပို့ ဆုတောင်းပေးလျက်ပါ။ ကျသွား... ဒုတပ်ရင်းမှူး ဗိုလ်မှူးထွန်းကြည် **(O.T.S 33)** ဆိုတာက ကျွန်တော်... နဲ့ ခလရ (၄) ဂေါ်ရခါးတပ်မှာ အတူတူ တာဝန်ထမ်းခဲ့တာပါ... ဗကပနဲ့ တိုက်ပွဲအတွေ့အကြုံတွေ များပါတယ်။ ကျွန်တော်တို့... ရှေ့တန်းကို S.T အထူးရထားနဲ့ ထွက်လာစဉ် ပဲခူးဘူတာမှာ...





...က်တန်းဌာနချုပ်ရှိ တပ်ရေးဗိုလ်ကြီး ဗိုလ်ကြီးသွင်မြင့်မောင် ...မှ ကန (စာတို) ဝင်လာတယ်။ မှူးထွန်းကြည်ကို ယာယီ ...ပ်ရင်းမှူးအဖြစ် လွိုင်လင်တပ်ကို ပြောင်းရွှေ့ခံရကြောင်း ...ကထူး အမိန့်အမှတ် ဖော်ပြပြီး သတင်းပို့ပါတယ်။ သူက ...န်တော့်ထက် စီနီယာကျပါတယ်။ ''တပ်ရင်းမှူး ထွက်တာဖြစ်လို့ ...ချင်ရင်နေခဲ့ပါ။ ပဲခူးမှာ နေခဲ့ပါ။ ကက(ထူး)အမိန့်ကြောင့် ...ားခဲ့တယ်လို့ ကျွန်တော်တင်ပြမယ်''လို့ ပြောပါတယ်။ သူက ...မထူးပါဘူးကွာ ရှေ့တန်းတပ်မအထိလိုက်ပြီး တပ်မမှူး သဘော ...ားအတိုင်းလုပ်ပါ့မယ်''ဆိုပြီး ရှေ့တန်းပါလာသူပါ။ ရှေ့တန်း ...ပ်မရောက်တော့ ကစထမှူးလည်း ရှိနေတယ်။ ဒီတစ်ပွဲတော့ ...ပ်သွားပါဦးလို့ ပြောတာနဲ့ ဒီတစ်ပွဲပဲ သူလည်း လုပ်သွားတာပေါ့။ ...မှာ ကျသွားတာပဲ။ ဩော် ... တပ်မတော်သားကောင်းဘဝ၊ ...နားစရာနဲ့ အားကျအတုယူစရာခင်ဗျာ။

**ဒုဗိုလ်မှူးကြီးအောင်စိုး**


■



www.burmeseclassic.com

www.burmeseclassic.com

# တို့တစ်တွေတာဝန် ကျေခဲ့ကြပါပြီ



ဗိုလ်မှူးကြီးလှမြင့်(လေ)

www.burmeseclassic.com


www.burmeseclassic.com



ဗိုလ်မှူးကြီးလှမြင့်(လေ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# တို့တစ်တွေ တာဝန်ကျေခဲ့ပါပြီ

ရေးသူ – ဗိုလ်မှူးကြီးလှမြင့်(လေ)

ကြာပြီ၊ ကြာတော့ကြာခဲ့ပါပြီ။

ရက်ကို လစား၊ လကို နှစ်စား၍ ကာလတောင်တာ ရှည်ကြာခဲ့လေပြီ။

နွေ၊ မိုး၊ ဆောင်း၊ ဥတုသုံးလီ ရာသီစက်မောင်း အလီလီ ပြောင်းခဲ့ပြီ။

မမေ့နိုင်သော အတိတ်၏အရိပ်များက စိတ်အစဥ်ဝယ် ပြန်လည်မြင်ယောင်လာမိသည်။

၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ (၁၄)ရက်နေ့ ကျွန်တော် ဗိုလ်သင်တန်းဆင်းသောနေ့။

မှော်ဘီ၊ တပ်မတော်(ကြည်း)၊ ဗိုလ်သင်တန်းကျောင်းတွင် အမှတ်စဥ် (၃၆) ဗိုလ်လောင်းသင်တန်း သူရတပ်ခွဲ၊ ဗိုလ်လောင်း (၁၆၂) ယောက် ကျောင်းဆင်းဗိုလ်လောင်းများ၏ တစ်ခန်းရပ်ပြဇာတ်၊ ဖက်တစ် (Fatique) ယိမ်းသီချင်းများဖြင့် ဖျော်ဖြေကြသည်၊ နိုင်ငံကျော် အဆိုတော်များမှလည်း သီဆိုဖျော်ဖြေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်စုမှူး ဗိုလ်လှမြင့်ကျော် (ဗိုလ်မှူးကြီးလှမြင့်ကျော်(ငြိမ်း
အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) (ငြိမ်း)
စီစဉ်ညွှန်ကြားမှုဖြင့် ဆရာတင်အောင်သန်း ရေးသားသီကုံးသ
''ငှက်ငယ်လေးများအသွင်''သီချင်းကို ကျွန်တော်က သီဆိုသ
ဒုဗိုလ်တင်ဝင်းက တယောထိုးသည်။ ဒုဗိုလ်မြင့်ဇော်က မယ်ဒ
တီးသည်။

သီချင်းသံ၊ တယောသံ၊ မယ်ဒလင်သံတို့က ကျွန်တော့်
ထဲဝယ် လွင့်ပျံဝင်ရောက်လာကြသည်။

ရပ်ဝေးနေ xx ချစ်သူမောင်ဒါလီ xxx ရော်ရည်မျှော်မှ
xx မောင့်မှာရင်နင့် xx ပင့်သက်ဖြာစီ မေ့ကိုလွမ်း xx လွ
xx တော့သည် xx စစ်မြေကွာဝေး xx ဆွေးရပါပြီ xxx

အမိနိုင်ငံအတွက် xx အသက်သွေးနဲ့ ပေးလှူဖို့ရည်
xx ရင်မြေကတုတ် နောက်မဆုတ်တမ်း xx ခရီးကြမ်းကိုရဲ
ဒီလိုခါ xx ချီလေရာတွင် xx ထက်ကောင်းကင်ဆီ xx
ဝဲပျံနေသော xx ငှက်ငယ်များကို မြင်မိသည် xx အသက်ပေး
စံမြန်းတဲ့ဌာနီ xx ငှက်ကလေးအတူ xx ပျံသန်းခဲ့ပါမည် xx
စိတ်ကူးယဉ်မိပေမယ့် xxx တကယ်ဆိုတော့ xx ကိုယ့်မှာ
ဘာမှမတတ်သာလေပြီ xx ဆွေးရစ်ရှာမယ့် xx မောင့်သက်လျာ
xx ကြာညွှတ်ဖယောင်း xx နေရှိန်ပြောင်းသို့ xxx ဆင့်လောင်
လွမ်းဝှန် xxx ရှိုက်မဲ့ဟန်ကို xx တိမ်ခွန်လေလျှင် xxx ဖူးရောက်
ချင်ပါသည် xx မောင့် သက်ဝေလှပဂေးထံ xx မနေ့အမြန်နီးအောင်
xx ဝေးလံသောခရီး xx ဆီ xx လေဟုန်စီးသွား xx ငှက်ငယ်
လေးပမာညီ xx စိတ်ကူးနဲ့သာရှည် xx ပျံဝဲ xx ပျံဝဲ xx ပျံဝဲ





...ဝဲ xx ချီ xxx

ဩော် ... သည်သီချင်းလေးသည် အနှစ်ငါးဆယ်ကြာ
...ညှိတိုင် ကျွန်တော့်ရင်ထဲဝယ် ရှိနေဆဲပါတကား။

တယောဆရာ ကိုတင်ဝင်းက ဗိုလ်အဆင့်ဖြင့်ပင်
...မိမြည်အတွက် အသက်ပေးလှူသွားခဲ့သည်။

မယ်ဒလင်ဆရာ ကိုမြင့်ဇော်က ဗိုလ်မှူးကြီး အဆင့်ဖြင့်
...ပန်နိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) အဖြစ်
...ဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့သည်။ အခုတော့
...လည်း မရှိတော့ပြီ။

ကျွန်တော်က တပ်မတော်(လေ)သို့ စစ်လက်ရုံးလွှဲပြောင်း
...ဝန်ထမ်းဆောင်ရသည်။ အမှတ်စဉ်(၃၁) လေယာဉ်မောင်း
...င်တန်း တက်ရသည်။ အခြေခံလေယာဉ်မောင်းသင်တန်းကို
...ဖျွိုလာလေ့ကျင့်ရေး လေတပ်စခန်းတွင် အင်္ဂလန်နိုင်ငံလုပ်
ပရိုဗို့စ် (Provost) လေယာဉ်ဖြင့် နာရီ (၁၂၀) တက်ရသည်။
...မ်းမြင့်လေယာဉ်မောင်းသင်တန်းကို မင်္ဂလာဒုံ၊ အမှတ်(၅၀၂)
...လေတပ်စခန်းရှိ အမှတ် (၃) အုပ်တွင် အမေရိကန်နိုင်ငံလုပ်
တီ-၃၃ (T -33) အမောင်းသင် ဂျက်လေယာဉ်ဖြင့် နာရီ(၁၂၀)
တက်ရသည်။ ထိုစဉ်က အုပ်မှူးမှာ ဗိုလ်ကြီးသိန်းဝင်း (ဒုတိယ
ဗိုလ်ချုပ်ကြီးသိန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ငြိမ်း) ဖြစ်သည်။
...လေယာဉ်(၂)မျိုးဖြင့် စုစုပေါင်း နာရီ (၂၄၀)ပြည့်မှ သင်တန်းဆင်းရပြီး
...လေသူရဲတောင်ပံ အပ်နှင်းခံရသည်။ သင်တန်းကာလမှာ စုစုပေါင်း
(၂)နှစ် ခန့် ကြာမြင့်သည်။ သင်တန်းဆင်းပြီးနောက် အမှတ်(၅၀၂)
...လေတပ်စခန်းရှိ အမှတ်(၁) တိုက်ခိုက်ရေးအုပ်သို့ ပြောင်းရွှေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထိုစဉ်က အုပ်မှူးမှာ ဗိုလ်မှူးတင်ထွန်း (ဒုတိယ ဗိုလ်ချုပ်ကြီး တင်ထွန်း။ ကာကွယ်ရေးဦးစီးချုပ် (လေ)ငြိမ်း) ဖြစ် သည်။

လေယာဉ်မောင်း သင်တန်းတက်သည့်အချိန်မှစ၍ တပ် မတော်(လေ)တွင် လေးစားစရာ၊ ချစ်စရာကောင်းသော အစဉ်အလာ တစ်ခုကို တွေ့ရှိရသည်။ လေသူရဲအားလုံးဆရာ၊ တပည့်ချည်းဖြစ် ရာထူးအဆင့်အလိုက်မခေါ်ဘဲ ဆရာ ဟုသာခေါ်လေ့ရှိသည်ကို တွေ့ရှိခဲ့ရသည်။ ကာကွယ်ရေးဦးစီးချုပ် (လေ) ဖြစ်သည့်တိုင် လက်အောက်မှ လေသူရဲက ဆရာ ဟု ခေါ်ကြသည်။

ကျွန်တော်ရောက်ရှိသော အမှတ်(၁) တိုက်ခိုက်ရေးအုပ်စု၏ လေယာဉ်အားလုံးမှ တိုက်ပွဲဝင် အေတီ–၃၃ (Attack Trainer-33) လေယာဉ်များချည်း ဖြစ်သည်။ ထိုလေယာဉ်များတွင် ရှေ့ပိုင်း ဒ်သမ သုည ငါးလက်မ (0.5nch) စက်သေနတ် (၂) လက် ရှိသည်။ ဘယ်၊ ညာတောင်ပံအောက်၌ ဗုံး၊ ဒုံးချိတ်ရန် အမာ များ(Hard Point) များပါသည်။ ပစ်မှတ်ကို ချိန်တွယ်ပစ်ခတ်ရ လေသူရဲရှေ့တွင် ချိန်သီးခွက်(Gun Sight) ပါသည်။ အုတ်တံဆိပ် မြန်မာဂဏန်း(၁)အတွင်း၌ နဂါးဦးခေါင်းပုံဖြစ်ပြီး ဆောင်ပုဒ် (Motto) မှာ ''သတ္တိ'' ဖြစ်သည်။

အမှတ်(၁) အုပ်တွင် စစ်ဆင်ရေးလွှဲပြောင်း သင်တန်း တက်ရပြီး အုပ်မှူးဆရာတင်ထွန်း ကိုယ်တိုင်သင်သည်။ စစ်ဆင် ရေးအုပ်ဖွဲ့ပျံသန်းနည်း (Battle Formation) ဒ်သမ ငါးလက်မ စက်သေနတ်ဖြင့် ဝေဟင်၊ မြေပြင်ပစ်ခတ်တိုက်ခိုက်နည်း (Stra-ng) အနိမ့်ပျံသန်းဗုံးချနည်း (Low Level Bombing) ဒိုက်ထိုး





ည်း (Shallow Dive Bombing) များ သင်ရသည်။ ထို့နောက် ၏ (Rocket) ပစ်ခတ်နည်း မီးလောင်ဗုံးပစ်ခတ်နည်း (Napalm Bombing) များ သင်ရသည်။ သင်တန်းပြီးသည်နှင့် မြစ်ကြီးနား၊ မ်းတဲ Out Post များတွင်လိုက်ပါရပြီး စစ်ဆင်ရေးများ ဆင်နွှဲ သည်။

ထို့နောက် တပ်မတော် (လေ) သို့ ဝင်ရောက်လာသော လသူရဲကောင်းများ၏ အရည်အသွေး မြှင့်တင်ရန်အတွက် ကျွန်တော်အပါအဝင် အသက် (၃၀) နှစ်အောက် လေသူရဲ (၆) ကို လေယာဉ်မောင်းနည်းပြဆရာသင်တန်း တက်ရန်အတွက် မ်းတဲ လေကြောင်းအတတ်သင်လေတပ်စခန်းသို့ ၁၉၇၄ ခုနှစ် လိုင် ၅ ရက်တွင် စေလွှတ်လိုက်သည်။ အမှတ်စဉ် (၁၉) လယာဉ်မောင်း နည်းပြဆရာသင်တန်းတက်ရန် ဖြစ်သည်။ ကျွန်တော်တို့ရောက်ရှိပြီး နောက်တစ်နေ့ ဇူလိုင်လ (၆) ရက်နေ့ ၌ စစ်ဆင်ရေးတိုက်ပွဲဝင်ရန် ရှမ်းတဲသို့ ထွက်ခွာလာသော အတီ–၃၃ တိုက်လေယာဉ် ၅ စီးမှာ ရွှေကျင်ရှိ ဗန်းတင် တောင်တန်းနှင့်တိုက်မိ၍ တိုက်လေသူရဲ ၁၀ ဦး ဆုံးရှုံးခဲ့ရသည်။ ည်းပြဆရာ သင်တန်းတက်သူ ၆ ယောက်၊ ကျဆုံးသူ ၁၀ ယောက်၊ စုစုပေါင်း ၁၆ ယောက် တိုက်လေယာဉ်အုပ် ၂ ခုဖြစ် သည့် အမှတ် (၂) အုပ်နှင့် အမှတ် (၃) အုပ်မှ အင်အားလျော့ ည်းသွားသည်။ ထို့ကြောင့် စစ်ဆင်ရေးဆောင်ရွက်ရာတွင် ည်းပြဆရာ တိုက်လေသူရဲကောင်းများကို ဖြည့်စွက် တိုက်ပွဲဝင်ခဲ့ ယည်။

၁၉၇၇ ခုနှစ်၊ ဖွန်လ (၁၆) ရက်နေ့ –



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကျွန်တော်သည် အမှတ်စဉ် (၃၈) လေယာ
မောင်းသင်တန်းမှ သင်တန်းသားတစ်ဦးကို အီတလီနိုင်ငံ
အက်စ်အက်ဖ်-၂၆၀ (SF-260) မောင်းသင်လေယာဉ်ဖြင့် လေ
တွင် သင်ကြားပို့ချနေချိန်ဖြစ်သည်။ စစ်တက္ကသိုလ်အမှတ်စဉ် (
မှ သင်တန်းသားဖြစ်သည်။

ထိုစဉ် ရှမ်းတဲ လေကြောင်းထိန်းမှ ရေဒီယိုဖြင့်
ခေါ်သံကြားရသည်။

"ရန်နိုင်ဂေါ့ဖ် **(Yan Naing Golf)** ရှမ်းတဲ၊ ရန်နိုင်ဂေါ့
– ရှမ်းတဲအသံ ဘယ်လောက်ကြားလဲ၊ ကြားရင် အကြောင်းပြန်"

ကျွန်တော်၏ ရေဒီယိုအခေါ် **(Call Sign)** မှာ ရန်နိုင်ဂေါ့
ဖြစ်သည်။ ရန်နိုင်မှာ လေယာဉ်မောင်းသင်တန်းကျောင်း
အခေါ်အဝေါ်ဖြစ်ပြီး ဂေါ့ဖ်မှာ ကျွန်တော်၏အခေါ်ဖြစ်သည်
ကျောင်းအုပ်ကြီးမှစ၍ အင်္ဂလိပ် အက္ခရာအစဉ်အတိုင်း အေ
မှ ဇက် **(Z)** အထိ နည်းပြဆရာများကို အခေါ်အဝေါ်ပေးထား
ဖြစ်သည်။ နိုင်ငံတကာ ရေဒီယိုအခေါ်အဝေါ်အရ **(G For G**
ဖြစ်သည်။ ရှမ်းတဲလေကြောင်းထိန်းကို ကျွန်တော်က ပြန်
လိုက်သည်။

"ရှမ်းတဲ – ရန်နိုင်ဂေါ့ဖ်၊ ရှမ်းတဲ – ရန်နိုင်ဂေါ့ဖ်၊ အသံ
ငါးကြားတယ်၊ ဆက်ပြောပါ"

"ရန်နိုင်ဂေါ့ဖ် – ရှမ်းတဲ၊ စစ်ဆင်ရေးလေယာဉ်တ
ရှိပါတယ်။ အခုချက်ချင်း လေယာဉ်ကွင်းကို ပြန်ဆင်းခဲ့ပါ"

"ရှမ်းတဲ– ရန်နိုင်ဂေါ့ဖ်၊ ကောင်းပြီ ရှမ်းတဲကိုပြန်လ
လေယာဉ်ဆင်းဖို့ ညွှန်ကြားချက်ပေးပါ"





"ရန်နိုင်ဂေါ့ဖ် – ရှမ်းတဲ၊ အသုံးပြုသည့်လေယာဉ်ပြေးလမ်း
(၁၉–ဘယ်) **(19- left)** မြေပြင် လေ (၁၈၀) ဒီဂရီ (၁၀)မိုင်"

လေယာဉ်ပြေးလမ်း (၁၉–ဘယ်) ဆိုသည်မှာ (၁၉၀) ဒီဂရီ
သည့်မြောက်ဘက်လေယာဉ်ကွင်းထိပ်ကို အသုံးပြုဆင်းသက်
ဖြစ်ပြီး ဘယ်ဆိုသည်မှာ လေယာဉ်ပြေးလမ်း၏ဘယ်ဘက်ခြမ်းမှ
ပါက် ဆင်းသက်ရန်ဖြစ်ပါသည်။

"ရှမ်းတဲ – ရန်နိုင်ဂေါ့ဖ် ကောင်းပြီ"

ကျွန်တော်က လေယာဉ်ဆင်းသက်လိုက်ပြီးနောက်
ဆင်ရေးလေယာဉ်ရုံသို့ ရောက်သတင်းပို့သည်။ တိုက်လေယာဉ်
ပိုင်းဆောင်မှာ ဗိုလ်မှူးဇော်ဝင်း အမှတ်(၁) အုပ်မှူးဖြစ်သည်။

"ဆရာ၊ ကျွန်တော်ရောက်ပါပြီ"

"ခင်ဗျားက နံပါတ် (၃) လိုက်ခဲ့။ နောက်က ဇော်ဝင်း
ပါသွား"

"ဟုတ်ကဲ့ . . . ဆရာ"

ဆရာဇော်ဝင်းမှာ ကျွန်တော့်ကို ဒုံးကျည်ပစ်ခတ်နည်း၊
လောင်ဗုံးချနည်း သင်ပေးခဲ့သည့်ဆရာ ဖြစ်သည်။ ကျွန်တော့်
လေယာဉ်နောက် ဆိုင်ခုံတွင်လိုက်ပါမည့် လေသူရဲအမည်မှာလည်း
ဗိုလ်ကြီးဇော်ဝင်းဖြစ်သည်။ အေတီ–၃၃ လေယာဉ် (၃) စီး
စစ်ဆင်ရေးသွားရမည်ဖြစ်ပြီး နံပါတ်(၂)မှာ ဗိုလ်မှူးစိန်မြင့် အမှတ်
() အုပ်မှူဖြစ်ပြီး စစ်ဆင်ရေး သွားရမည့်နေရာမှ ပန်မကောက်
သည်။

တပ်မ(၈၈)မှ တံခွန် (၂)စစ်ဆင်ရေးဖြင့် ဗကပရင်း (၁၅)
အင်အား (၂၀၀) ခန့် ခြေကုပ်ပြုနေသော လွယ်ဆင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပန်မကောက်စခန်းများကို အဓိက ပစ်မှတ်ထား၍ အပိုင်းတစ် တည်းဖြင့် စစ်ကြောင်းနှစ်ခုခွဲပြီး တစ်ပြိုင်တည်း တိုက် ခြေမှုန်းလျက်ရှိကြောင်း သိရသည်။

ကျွန်တော်က ပျံသန်းမည့် လေယာဉ်ကိုစစ်ဆေး လိုက်သည်။ တိုင်ကီအားလုံး ဆီအပြည့် (၈၁၃) ဂါလံ ထ ထားသည်။ လေယာဉ်ထိပ်တွင် ဒသမ (၅) လက်မ စက်သေ (၂) လက်၊ ကျည်(၆၀၀)၊ ဘယ်ညာ တောင်ပံအောက်တွင် ပ မြှင့်တင့်ဖျောက်ခေါင်း **(High Explosive Tank Head)** တပ် ထားသည့် ဒုံးကျည် (၈)စင်း တပ်ဆင်ထားသည်။ အေတီ- လေယာဉ်သည် အလုံးအထည်သေးသော်လည်း သံထည် ပြုလုပ်ထားပြီး တစ်စီးလုံးဆီဖြည့်ထားသဖြင့် အလွန်လေး လေယာဉ်ဖြစ်သည်။ ပေါ့ပေါ့ပါးပါး ပျံသန်းနိုင်ရန်အတွက် **(Boost)** ခလုတ်တပ်ဆင်ထားရသည်။ **Boost off** လုပ်ထား လေးလွန်း၍ မပျံသန်းနိုင်။

လေယာဉ်တောင်ပံထိပ်တစ်ဖက်တစ်ချက် **Tip Tank** လုံး တောင်ပံဖျားတစ်ဖက်တစ်ချက်တွင် **Leading Edge T** (၂)ခု၊ တောင်ပံရင်းတစ်ဖက်တစ်ချက်တွင် **Main Wing Tank** ခု ကိုယ်ထည်တွင် **Fuselage Tank** (၁)ခု တပ်ဆင်ထား စုစုပေါင်း လေယာဉ်ဆီ (၈၁၃) ဂါလံ၊ ပီပါ (၁၆) လုံးခန့် ဆံ ထည့်ထားသည်။ နောက်ဘက်တွင် ပုံမှန်အပူချိန် (၃၂၅) စင်တီဂရိတ်ရှိသည့် ဂျက်အင်ဂျင်ရှိသည်။ ဆီတိုင်ကီအား ဆီများသည် ကိုယ်ထည်တိုင်ကီသို့ ၎င်းမှဆီများသည် ထိုကိုယ် တိုင်ကီမှတစ်ဆင့် အင်ဂျင်အတွင်းသို့ စီးဝင်သည်။





ကျွန်တော် လေယာဉ်အတွင်း ဝင်ထိုင်ပြီးသည်နှင့် ရဲခေါင် ခေါင်းဆောင်မှ ရဲခေါင် (၂)၊ ရဲခေါင်(၂)မှ ကျွန်တော့်ကို လက်ညှိုး ထောင်၍ လက်ယာရစ်လှည့်ပြီး စက်နှိုးရန် အချက်ပြသည်။ ကျွန်တော်က ပြန်အချက်ပြလိုက်ပြီး လေယာဉ်(၃)စီး စလုံး တစ်ပြိုင်နက် စက်နှိုးသည်။ တိုက်လေယာဉ်များ၏အခေါ် **(Call Sign)** မှာ ရဲခေါင်ဖြစ်ပြီး၊ ရဲခေါင် ခေါင်းဆောင်၊ ရဲခေါင်(၂)၊ ရဲခေါင်(၃) စသည်ဖြင့် ခေါ်ဝေါ်သည်။ ထို့နောက် ရဲခေါင်ခေါင်းဆောင် အသံ ပေါ်လာသည်။

''ရဲခေါင်အုပ်ဖွဲ့၊ ရေဒီယိုအသံ စမ်းမယ်၊ အသံ ဘယ် လောက်ကြားလဲ၊ ကြားရင် အကြောင်းပြန်''

''ရဲခေါင် (၂)၊ အသံငါး/ ငါးကြားတယ်''

''ရဲခေါင် (၃)၊ အသံငါး/ ငါးကြားတယ်''

ထို့နောက် ရဲခေါင်ခေါင်းဆောင်က ရှမ်းတဲ လေကြောင်း ထိန်းကို လှမ်းပြောသည်။

''ရှမ်းတဲ-ရဲခေါင်အုပ်ဖွဲ့၊ အသံဘယ်လောက်ကြားလဲ''

''ရဲခေါင်အုပ်ဖွဲ့၊ ရှမ်းတဲ အသံငါး/ ငါး ကြားတယ်''

''ရှမ်းတဲ- ရဲခေါင်အုပ်ဖွဲ့၊ အေတီ-၃၃ လေယာဉ် (၃) စီး ဆင်ရေးထွက်မယ်၊ လေယာဉ်တက်ဖို့ ညွှန်ကြားချက်ပေးပါ''

''ရဲခေါင်အုပ်ဖွဲ့ - ရှမ်းတဲ၊ အသုံးပြုသည့် လေယာဉ် ပြေးလမ်း (၁၉-ဘယ်)၊ မြေပြင်လေ (၁၈၀) ဒီဂရီ၊ (၁၀) မိုင်''

ထို့နောက် တိုက်လေယာဉ် (၃) စီး၊ ရှေ့ဆင့်နောက်ဆင့် ပြေးလမ်း (၁၉)ကွင်းထိပ်သို့ ထွက်ခွာသွားပြီး နေရာယူလိုက်သည်။ ရဲခေါင်ခေါင်းဆောင်က ကွင်းအလယ်တည့်တည့် - ရှေ့ဆုံး (၂)



www.burmeseclassic.com

www.burmeseclassic.com



က ညာဘက်ဘေးသို့ နေရာယူလိုက်သည်။ ကျွန်တော်က
လေယာဉ်အတွင်းပိုင်းကို အမြန်စစ်ဆေးလိုက်သည်။ အင်ဂျင်
ဖိအား၊ အပူချိန် ပုံမှန်ရှိနေသည်။ လေဖိအားဖြင့် အလုပ်လုပ်သ
တောင်ပံထိပ် ဆီတိုင်ကီကြီး (၂)လုံး အလုပ်လုပ်နေပြီ ဖြစ်သ
အတွက် အချက်ပြမီးငြိမ်းနေပြီ။ ကိုယ်ထည် ဆီတိုင်ကီလည်
အပြည့်ပြနေပြီ။ ကျွန်တော်က ဆီတိုင်ကီ (၄)ခုစလုံး၏ခလုတ်များ
ဖွင့်လိုက်သည်။ လေထဲတွင် လေယာဉ်အရှိန်လျှော့ရန်တပ်ထားသ
(Speed Brake) က ခလုတ်တင်ထားခြင်း ရှိ/မရှိ စစ်ဆေးလိုက်
လေယာဉ်တောင်ပံနောက်ဘက်တွင်တပ်ထားသည့် ဖလက် (Flap
ကို လေယာဉ်တက်ရာတွင်သုံးသည့် (၃၀)ဒီဂရီချထားလိုက်သည
တက်ဖို့ အဆင်သင့်ဖြစ်ပြီ။

ရဲခေါင် ခေါင်းဆောင်အသံပေါ်လာသည်။

''ရှမ်းတဲ – ရဲခေါင်အုပ်ဖွဲ့၊ လေယာဉ်တက်မယ်''

''ရဲခေါင်အုပ်ဖွဲ့ – ရှမ်းတဲ၊ တက်ပါ မြေပြင်လေ(၁၈၀)ဒီဂ
(၁၀)မိုင်''

ရဲခေါင်ခေါင်းဆောင် လေယာဉ်သည် မြားတစ်
ပစ်လွှတ်လိုက်သည့်နှယ် ရှေ့ဆုံးမှ တက်သွားသည်။ နောက် (
စက္ကန့်ကြာလျှင် ကျွန်တော် လေယာဉ်တက်သည်။ လေယာဉ် (
စီးလေထဲတွင် နေရာမှန်ယူပြီးသည်နှင့် ရဲခေါင်ခေါင်းဆောင်၏အ
ပေါ်လာသည်။

''ရှမ်းတဲ – ရဲခေါင်အုပ်စု၊ စစ်ဆင်ရေး လေလှိုင်းပြောင်းမယ်
''ရဲခေါင်အုပ်စု – ရှမ်းတဲ၊ စစ်ဆင်ရေး လေလှိုင်းပြောင်း
ရဲခေါင်ခေါင်းဆောင်က ကျွန်တော့် လေယာဉ် (၂)စီး





လှမ်းပြောသည်။

''ရဲခေါင်အုပ်စု၊ စစ်ဆင်ရေး လေလှိုင်း ပြောင်းမယ်၊ အသံ
ကောင်း၊ မကောင်း သတင်းပို့''

''ရဲခေါင် (၂)၊ အသံကောင်းတယ်''

ကျွန်တော်တို့ သွားရာလမ်းတစ်လျှောက် တိမ်စအနည်းငယ်
ရှိသည်မှအပ ရာသီဥတုကောင်းသည်။ ရာသီဥတုမကောင်းလျှင်
လေယာဉ် (၃) စီး ဖြင့်လှုပ်ရှား၍မကောင်း။ လားရှိုးအနီးရောက်
သောအခါ ရေဒီယိုခေါ်သံများ ကြားရသည်။ သို့ရာတွင် မသဲကွဲ။
ကျွန်တော်တို့ပြောသည်ကိုလည်း သူတို့မကြား။ တကယ်တော့
ကကြော်ကြော်ခေါ်နေလျှင် ရန်သူ ကျွန်တော်တို့ လာသည်ကို
သိသွားနိုင်သည်။ ပြီးတော့ ပုံများလည်း ရိုက်နိုင်သည်။

တစ်နာရီခန့်ကြာပြီးသည့်အချိန်တွင် စစ်ဆင်ရေးရှိရာသို့
ရောက်သည်။ ရဲခေါင်ခေါင်းဆောင်၏အသံ ပေါ်လာသည်။

''ရဲခေါင်အုပ်စု၊ ဘယ်ဘက် (၁၀) နာရီအောက်၊ ရန်သူ
တောင်ကုန်းတွေ့ပြီ၊ တစ်ပတ်ဝဲကြည့်ပြီးတာနဲ့ ဝင်တိုက်မယ်။
တစ်စီးပြီးတစ်စီး Tail Cover ပေးပြီး အဆက်မပြတ်တိုက်မယ်''

''ရဲခေါင် (၂) ကြားတယ်''

''ရဲခေါင် (၃) ကြားတယ်''

ကျွန်တော် ရန်သူတောင်ကုန်းကို လှမ်းကြည့်လိုက်သည်။
တောင်ကုန်းအောက်ပိုင်းကို ရှင်းထားပြီး သတ်ကွင်းလုပ်ထားသည်။
အပေါ်ဘက်တွင် သစ်ပင်များရှိသည်။ တစ်ပတ်ဝဲပြီးနောက် ရဲခေါင်
ခေါင်းဆောင်က စတိုက်သည်။ တိုက်လေယာဉ် စစ်ဆင်ရေးပြု
လုပ်ရာတွင် ခေါင်းဆောင်က အရင်ဝင်တိုက်ရသည်။ ကျည်ဆွယ်



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ မျက်ကွယ်မရှိ။ မိမိပစ်အားသည်သာ မိမိအကာအကွယ်ဖြ သည်။ ဆရာတင်ထွန်းပြောခဲ့သည်ကို ပြန်လည်ကြားယောင် သည်။

"မင်းတို့ Leader ကျရင်ကျသွားပစေ၊ The Show mu go on"

ခေါင်းဆောင်လေယာဉ် သို့မဟုတ် မည်သည့်လေယာ ကျသွားသည်ဖြစ်စေ၊ တိုက်ပွဲကိုတော့ ပြီးဆုံးအောင် တိုက်ရ လိမ့်မည်။ အပြန်ခရီးတွင်တော့ ကျဆုံးသည့်လေယာဉ်နေရာ အလွတ်ထား၍ ပြန်ရပေမည်။ မည်သူမှု သူ့နေရာတွင် ဝင်မပျံသန်း အောက်မှကြည့်လျှင်လည်း မည်သည့်လေယာဉ် ပြန်ပါမလာသည် သိရှိနိုင်သည်။

ကျွန်တော်က စက်သေနတ်/ဒုံး ချိန်တွယ်ပစ်ခတ်ရ ချိန်သီးခွက်၊ စက်သေနတ်/ဒုံးခလုတ်များကို ဖွင့်လိုက်သည် ပြီးတော့ ရဲခေါင် (၂) နောက် ခပ်လှမ်းလှမ်းတွင် နေရာယူလိုက်သည် ရဲခေါင် (၂) ဝင်ပစ်ပြီး ဆွဲတင်သွားသည်နှင့် ကျွန်တော်က လေယာဉ်ဦးခေါင်းကို ပစ်မှတ်တောင်ကုန်းထိပ်သို့ စိုက်ချထိုးဆင် လိုက်သည်။ လေယာဉ်အရှိန်နှုန်း တဖြည်းဖြည်းတက်လာ လေယာဉ်က ရန်သူတောင်ကုန်းထိပ်နှင့် တဖြည်းဖြည်း နီးလာသည် ပစ်ရန်အနည်းဆုံး အမြန်နှုန်း (၃၂၀) မိုင်နှင့် ပစ်ရန်အကွာအဝေ ရောက်သည်နှင့် ကျွန်တော်၏ညာဘက်လက်ညှိုးကို လေယာ မောင်းနှင်တံ (Control Stick) ရှေ့ရှိ စက်သေနတ်ခလုတ်ကို ဖိ (၃)ချက် ဆက်တိုက်ပစ်လိုက်သည်။

"ဒက် … ဒက် … ဒက် … ဒက် ဒက် … ဒ





က် … ဒက် … ဒက်"

ဒသသမင်းလက်မစက်သေနတ် (၂) လက်မှ ကျည်များက တောင်ကုန်းထိပ်သို့ အပြေးအလွှား ဝင်ရောက်သွားကြသည်။ မီးခိုးနံ့များက ကျွန်တော့်နှာခေါင်းဝသို့ တိုးဝင်လာကြသည်။

ထို့နောက် ကျွန်တော်၏ ညာဘက်လက်မကို လေယာဉ် မောင်းနှင်တံထိပ်ရှိ ခလုတ်ကို (၂) ချက်ဆင့် နှိပ်လိုက်သည်။

"ရှွန်း … ရှွန်း"

လေယာဉ် ဘယ်ညာတောင်ပံနှစ်ဖက်အောက်ရှိ ဒုံးကျည် (၂)စင်းက ပစ်မှတ်တောင်ကုန်းထိပ်သို့ တန်းတန်းမတ်မတ် စိုက် ဝင်သွားကြသည်။ ထို့နောက် ကျွန်တော်က လေယာဉ်ကိုအပေါ်သို့ ဆွဲပင့်လိုက်ပြီး ဘယ်ဘက်ကိုကွေ့ချလိုက်သည်။ ဝတ်ဆင်ထား သည့် ဂျီဝတ်စုံ(Anto 6 Suit)က အတွင်း လေများတိုးဝင်လာပြီး ကျွန်တော်၏ ဝမ်းဗိုက်နှင့် ပေါင်များကို ဖိထားလိုက်သည်။ အကယ် ၍ ဂျီပတ်စုံ ဝတ်မထားလျှင် ဦးနှောက်မှ သွေးများ ကမ္ဘာမြေကြီး ဆွဲအားဖြင့် အောက်ဘက်သို့ စီးဆင်းသွားပြီး မျက်စိမမြင်ရဘဲ (Black out) ဖြစ်သွားမည်ဖြစ်သည်။ သတိရှိသော်လည်း မျက်စိ ထဲတွင် ဘာမှမမြင်ရတော့ဘဲ အမည်းရောင်သာ မြင်ရတတ်သည်။ သို့ရာတွင် ခဏသာဖြစ်သည်။ တစ်ခါတစ်ရံ ဆွဲတာမြန်လျှင် ကြမ်း လျှင် ဂျီဝတ်စုံဝတ်ထားလျက် Black out ဖြစ်တတ်သည်။ ကျွန်တော်က ရဲခေါင် (၂) နောက်တွင် နေရာပြန်ယူထားလိုက်ပြီး လေယာဉ် (၃)စီး ရန်သူ ခေါင်းမထောင်နိုင်အောင် ဆက်တိုက် ဆက်တိုက်ခိုက်ကြသည်။ (၄) ခေါက် ပစ်ပြီးသောအခါ ကျွန်တော့် တွင် ကျည်ဆန်ရော၊ ဒုံးကျည်ရော မကျန်တော့။ အတွေ့အကြုံ



www.burmeseclassic.com

www.burmeseclassic.com



ရင့်ပြီးဖြစ်သော ရဲခေါင်ခေါင်းဆောင်က လှမ်းမေးသည်။

"ရဲခေါင် (၂) နဲ့ ရဲခေါင် (၃) ကျည်ကုန်ပြီလား"

"ရဲခေါင် (၂) ကျည်ကုန်ပြီ"

"ရဲခေါင် (၃) ကျည်ကုန်ပြီ"

"ကျည်ကုန်ရင် ခင်ဗျားတို့ (၂)စီးပြန်နှင့် ကျွန်တော် (၀) ခေါက်ကျန်သေးတယ်။ ပြီးရင် လိုက်လာမယ်"

ရဲခေါင်ခေါင်းဆောင်သည် အတွေ့အကြုံ ရင့်ကျက်ပြီးသ ဖြစ်သည်။ ရဲခေါင် (၂) နှင့် အထူးသဖြင့် ရဲခေါင် (၃) ၏ လေယာ များသည် သူ့လေယာဉ်ထက် ဆီပိုကုန်သည်ကိုသိသည်။ နဂါးကြ ခေါင်းလှည့်လိုက်လျှင် ကိုယ်လုံးနှင့် အမြီးက အများကြီးရမ်းသွ သလိုဖြစ်သည်။ သံလွင်မြစ် အရှေ့ခြမ်းဆိုလျှင် လေယာဉ်ဆီက လောက်ရုံသာရှိသည်။ ပစ်မှတ်ပေါ်တွင် အချိန်ဆွဲနေ၍မရ။ ရဲခေါ် (၂) က အမိန့်ရလျှင် မိခင်စခန်းဘက်သို့ ခေါင်းလှည့်ပြီးပြန်သည ကျွန်တော်က သူ့နောက်က လိုက်သွားသည်။

မကြာမီ ရဲခေါင်ခေါင်းဆောင်အသံ ပေါ်လာသည်။

"ရဲခေါင် (၂) နဲ့ ရဲခေါင် (၃) ဘယ်နေရာ ရောက်နေပြီလဲ"

ရဲခေါင် (၂) က ပြန်ဖြေသည်။

"ကျွန်တော်တို့ သံလွင်မြစ်ကို ကျော်လာပြီ"

ထို့နောက်မကြာမီ ရဲခေါင် ခေါင်းဆောင်လေယာဉ် ရောက် လာသည်။ တိုက်လေယာဉ် (၃) စီး ပုံမှန်အနေအထားအတိုင် နေရာယူပျံသန်းခဲ့ကြသည်။ ရာသီဥတုက မဆိုး၊ သို့ရာတွင် ည ပိုင်း အနောက်ဘက်သို့ ဦးတည်ပျံသန်းရသဖြင့် နေရောင်က မျက်နှာတည့်တည့်ထိုးနေသည်။ ပစ်မှတ်က ထွက်ခါစကပ





တောင်ပံတိုင်ကီ (၂)လုံးမှာ ဆီကုန်ပြီဖြစ်ကြောင်း မီးနီလင်းနေပြီ။ ထို့နောက် ဆီတိုင်ကီတစ်ခုချင်း မီးနီများ လင်းလာသည်။ ရှာင် ားရောက်တော့ နောက်ဆုံးဆီတိုင်ကီဖြစ်သည့် ကိုယ်ထည်ဆီတိုင်ကီ ပါလင်းနေပြီ။ အရန်ဆီလက်ကျန် **(Fuel Reserve Low)** နည်း နေပြီဖြစ်ကြောင်းပြခြင်း ဖြစ်သည်။ သည်နေရာရောက်လျှင် ဆီကုန် တတ်ပြီး နည်းနည်းလောက်သာ ကျန်တတ်သည်ကိုသိသော်လည်း စိတ်ကပူနေမိသည်။

အေတီ - ၃ လေယာဉ်သည် ဆီစားကလည်း အလွန်များ သည်။ သည်ခရီးအကွာအဝေးနှင့် အောက်က ပစ်သည့်ကျည်ထိပြီး ဆီထွက်ကျလျှင်တော့ မိခင်စခန်း ပြန်မရောက်နိုင်။ ပြီးတော့ ဆင်းလို့ တက်လို့ရသည့် ကွင်းကလည်း မိခင်ရှမ်းတဲစခန်းသာ ရှိသည်။ အနီးအနားကွင်းများကို ဆင်းတက်မရ။ ဆီကုန်လျှင် မလထီးဖြင့် ခုန်ထွက်ရုံသာ ရှိသည်။

တဖြည်းဖြည်းနှင့် မိတ္ထီလာလွင်ပြင်ကို ရောက်လာသည်။ ရှမ်းတဲကွင်းဖြူဖြူကြီးကိုလည်း အဝေးမှ လှမ်းမြင်နေရပြီ။ ထိုစဉ် ရဲခေါင်ခေါင်းဆောင် အသံထွက်လာသည်။

"ရှမ်းတဲ - ရဲခေါင်အုပ်စုဖွဲ့၊ အသံဘယ်လောက်ကြားလဲ"

"ရဲခေါင်အုပ်ဖွဲ့ - ရှမ်းတဲ၊ အသံငါး/ ငါး ကြားတယ်"

"ရှမ်းတဲ - ရဲခေါင်အုပ်ဖွဲ့၊ ရှမ်းတဲလေကြောင်းထိန်း ဧရိယာအတွင်းရောက်လာပြီး ရှမ်းတဲလေလိုင်းကို ပြောင်းမယ်"

"ရဲခေါင်အုပ်ဖွဲ့ - ရှမ်းတဲ၊ ရှမ်းတဲလေလိုင်းကိုပြောင်းပါ"

ရှမ်းတဲလေလိုင်းပြောင်းပြီးနောက် ရဲခေါင်ခေါင်းဆောင်မှ ရှမ်းတဲကွင်းသို့ ဆင်းခွင့်တောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှမ်းတဲ – ရဲခေါင်အုပ်ဖွဲ့၊ လေယာဉ်ဆင်းဖို့ ညွှန်ကြ ချက်ပေးပါ"

"ရဲခေါင်အုပ်ဖွဲ့– ရှမ်းတဲ၊ အသုံးပြုသည့်လေယာဉ်ပြေးလ (၁၉–ဘယ်)၊ မြေပြင်လေ(၁၈၅) ဒီဂရီ၊ (၁၀)မိုင်"

"ရှမ်းတဲ – ရဲခေါင်အုပ်ဖွဲ့၊ ပြေးလမ်း (၁၉) အတို တိုက်ရိုက်ဆင်းမယ်"

ကျွန်တော်တို့လေယာဉ်များ ဆီနည်းနေပြီ ဖြစ်၍ ကွ ပေါ်သို့မသွားတော့ပဲ ပြေးလမ်း(၁၉) အတိုင်း တိုက်ရိုက်ဆင် ကြသည်။ တိုက်လေသူရဲများအဖို့ မိခင်စခန်းသို့ ချောချောမောမေ ပြန်ရောက်မှသာ တာဝန်ပြီးဆုံးသည်။ **Misson Complete** ဖြ သည်။ တိုက်လေသူရဲများအဖို့ **Recover** သည် အရေးအကြီး ဖြစ်သည်။ မိခင်စခန်းသို့ ချောချောမောမောပြန်ရောက်မှသ နောက်ထပ်တိုက်ပွဲ ဆင်နွှဲနိုင်မည်ဖြစ်သည်။ ကျွန်တော့်လေယာ စက်မရပ်မီ ဆီလက်ကျန်ကိုလှမ်းကြည့်လိုက်မိသည်။ လက်ကျ ဆီဂါလံ (၂၀)။ တစ်မိနစ်လျှင် (၅) ဂါလံနှုန်း ဆီစားသေ အေတီ–၃၃ တိုက်လေယာဉ်အတွက် နောက်ထပ် (၄)မိနစ်သ လေထဲတွင် နေနိုင်တော့မည်။ မည်သို့ပင်ဖြစ်စေ ကျွန်တေ **Mission Complete** ဖြစ်သည်။

ဆရာဖော်က လေယာဉ်မှ ဆင်းလာပြီး ကျွန်တော့်က ပြောသည်။

"ခင်ဗျား အိမ်ပြန်ချင်ပြန်တော့၊ ကျွန်တော် သတင်းသ ပို့လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဆရာ"





ကျွန်တော် အိမ်သို့လမ်းလျှောက်ပြီး ပြန်လာခဲ့သည်။ တောင်စွယ်တွင်နေကွယ်လုပြီ။ ကျွန်တော် အိမ်အပြန်နောက်ကျ၍ ဂျက်လေယာဉ်များ စစ်ဆင်ရေးတက်သွားသံကြားလျှင် ကျွန်တော် လိုက်ပါသွားပြီဆိုတာကို အတွေ့အကြုံအရ ဇနီးသည် "အေး" သိနေရော့မည်။ "အေး"က ကျွန်တော့်ကို အိမ်ရှေ့တွင် အပြုံး ပန်းနှင့် လက်ကမ်းကြိုနေသည်။

"ရှင် ဒီနေ့နောက်ကျတယ်နော်၊ စစ်ဆင်ရေးပါသွား တာလား"

"ဟုတ်တယ်။ ဆရာဖော်က လိုက်ခဲ့ဦးဆိုလို့ လိုက်သွား တာ"

"သြော် ..."

❖❖❖

ကြာပြီ၊ ကြာခဲ့ပြီ။

ရက်ကိုလစား၊ လကိုနှစ်စား၍ ကာလတာ ရှည်ကြာခဲ့လေပြီ။

နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီ၊ ရာသီစက်မောင်း၊ အလီလီ ပြောင်းခဲ့ပြီ။

ကျွန်တော်အိမ်အပြန်တွင် အပြုံးပန်းနှင့် လက်ကမ်းကြို နေတတ်သော ဇနီးသည်'အေး' လည်း ကျွန်တော့်ကို မကြိုတော့ပြီ၊ ကွယ်လွန်သွားခဲ့ပြီ။

ခေါင်းဆောင်တိုက်ပွဲဝင်ခဲ့သော ဆရာဖော်လည်း မရှိ တော့ပြီ။

ကျွန်တော့်လေယာဉ်တွင် ကျွန်တော်နှင့်အတူ လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဝင်ခဲ့သော ကိုဖော်ဝင်းလည်း မရှိတော့ပြီ။

ကျွန်တော်တိုက်ပွဲဝင်ခဲ့သော အေတီ – ၃၃ တိုက်လေယာဉ်သည်လည်း ရွှေတိဂုံစေတီတော်ခြေရင်းရှိ ပြည်သူ့ဥယျာဉ်အတွင်း ငြိမ်းချမ်းစွာ အနားယူလျက်ရှိနေချေပြီ။

ဩော် … ကျွန်တော် တပ်မတော်မှ သက်ပြည့်အငြိမ်းစားယူခဲ့သည်ပင် ဆယ်စုနှစ်တစ်ခုကျော်ခဲ့ပြီကော။

ကျွန်တော် ဗိုလ်သင်တန်းဆင်းခဲ့သည်မှာလည်း နှစ်ပေါင်း (၅၀) ကြာခဲ့ပြီကော၊ ရွှေရတုတိုင်ခဲ့ပြီကော။

ဗိုလ်မှူးကြီးလှမြင့်(လေ)

■

မြရတနာစာပေ



www.burmeseclassic.com

www.burmeseclassic.com

# မဟောင်းသောအတွေး မဆွေးသောအတိတ်

ရေးသူ – ဗိုလ်ကြီးစိန်သန်း

## အပိုင်း (၁)။ ။ထာဝရစစ်သည် ဗိုလ်ကျော်(ချ)အောင်ကြည်

၁၉၆၈–ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ တိုက်ခိုက်ရေးတပ်များက မြန်မာပြည်အရှေ့မြောက်ဒေသ တ်စ်ဖက်နိုင်ငံနှင့် နယ်စပ်မျဉ်းအနီး သံလွင်မြစ်၏အနောက်ဘက်၊ မုံးကိုးချောင်း၏တောင်ဘက် မုံးကိုးရွာရှိ အမှတ် (၄၅) ခြေလျင်တပ်ရင်းမှ နယ်မြေထိန်းစခန်းအား အရှဏ်တက်တိုက်ပွဲဖြင့် တိုက်ခိုက်သိမ်းပိုက်ကာ တိုက်ပွဲ စတင်ခဲ့ပါသည်။ စခန်းမှူး ဗိုလ်မင်းစိန် ကျဆုံးပြီး စခန်းအား မိမိတပ်မှ လက်လွှတ်ခွာပေးခဲ့ရပါသည်။

ထိုသို့ဗကပတပ်များ ဝင်ရောက်တိုက်ခိုက်လာခြင်းအတွက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ အမှတ် (၁) စစ်ဗျူဟာလားရှိုးမှ တိုက်ပွဲဖြစ်ပွားရာဒေသသို့ တပ်ကူစေလွှတ်ရန်အတွက် သိပေါ၊ မိုင်းရယ်နှင့် လားရှိုးအကြားရှိ လွယ်ဆီမှူး ဂွင်အတွင်း အမှတ် (၃၃) ခြေလျင်တပ်ရင်းမှ ဒုတပ်ရင်းမှူး ဗိုလ်မှူးထွန်းဝင်း

www.burmeseclassic.com



ဦးစီးသော နယ်မြေရှင်းလင်းရေး စစ်ကြောင်း၏ တပ်ခွဲနှစ်ခွဲ
ဗိုလ်ကြီး တင်မောင်ရွှေ ဦးစီးသော တပ်ခွဲတစ်ခွဲအား လား
စစ်ဗျူဟာဌာနချုပ်သို့ အမြန်ခေါ်ယူလိုက်ပါတော့သည်။ လား
စစ်ဗျူဟာဌာနချုပ်သို့ ရောက်ရှိသောအခါ မုံးကိုးစခန်းမှာ ကျဆုံး
သွားခဲ့ပြီး မိမိတို့အပတ်စဉ်မှ ကြည်း/၁၁၁၅၆ ဒုဗိုလ်စိန်ဝင်းနှင့်
တပ်စုမှာလည်း စခန်းကိုစွန့်လွှတ်၍ သံလွင်မြစ်ကို ဖြတ်ကူးပြီး
အမှတ် (၃၉) ခြေလျင်တပ်ရင်းနယ်မြေဖြစ်သော ကိုးကန့်ဒေသသို့
ရောက်ရှိလာကာ အဆက်အသွယ်ရပြီဖြစ်ကြောင်း သတင်းကို
သိရပါသည်။

ဗိုလ်ကြီးတင်မောင်ရွှေ ဦးစီးသောတပ်ခွဲနှင့်အတူ မိမိ
လည်း တပ်ခွဲအရာရှိအဖြစ် လိုက်ပါခဲ့ရပါသည်။ ကွတ်ခိုင်မှတစ်ဆင့်
၁၀၅ မိုင် မိုင်းယု၊ ၎င်းမှ နမ့်တောင်းသို့ရောက်ပြီး မုံးပေါ်သို့ ဆက်
လက်ချီတက်ရပါသည်။ မုံးပေါ်တွင် ခလရ (၄၅) မှ ရှေ့တန်းမှူး
ဗိုလ်မှူးယောဟန်နှင့် တွေ့ဆုံပြီး ဆောင်ရွက်ရမည့် အစီအစဉ်များကို
ပြောပြပါတော့သည်။ ဗိုလ်မှူး ယောဟန်မှာ ဆုတ်ခွာတပ်များကို
စုစည်းကွပ်ကဲလျက် မုံးပေါ်သို့ ယမန်နေ့ညကမှ ပြန်လည်ရောက်
ရှိလာသည်ဟု သိရပါသည်။

မိမိတို့တပ်ခွဲသည် မုံးပေါ်မှ ရိက္ခာနှင့်ခဲယမ်းများကို မန်ကာ
စခန်းသို့ ဝန်တင်လားများဖြင့် ပို့ဆောင်ပေးရမည့်တာဝန် ဖြစ်ပါ
သည်။ လွယ်ဆ..ခန်းတွင် ညအိပ်ရပ်နားပြီး နောက်နေ့မနက်
စောစောတွင် ထွက်ခွာခဲ့ရာ အောက်နမ့်ဖြူရွာ၊ အထက်နမ့်ဖြူရွာ
တို့ကို ရှင်းလင်းဖြတ်ကျော်လာခဲ့ကြပါသည်။ မိမိမှ ရှေ့ပြေးရှင်းလင်း
ရေးတပ်စုကို ကွပ်ကဲပြီး ဗိုလ်ကြီးတင်မောင်ရွှေမှ တပ်စုတစ်စုနှင့်





...ဝ်ခွဲရုံးကို ဦးစီးကွပ်ကဲ၍ ဝန်တင်လားများနှင့်အတူ ချီတက်ခဲ့ကြ
...ါသည်။ နောက်ရံတပ်စုမှာ ခွဲအရာခံ ဗိုလ်မောင်သန်းမှ ဦးစီး
...ါသည်။ အလှမ်းကွာသောနေရာများကို မိမိ၏တပ်စုမှ ရှင်းလင်း
...ည့်အခါတွင် ဒုအရာခံဗိုလ် မောင်သန်းဦးစီးသောတပ်စုမှာ ပင်မ
...တန်း၏ ရှေ့ပြေးအဖြစ်လည်းကောင်း၊ ရှေ့ပြေး အရန်တပ်စု၏
...ထောက်အကူအဖြစ်လည်းကောင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။
...သို့ဖြင့် လမ်းတစ်လျှောက် ရှင်းလင်းချီတက်ခဲ့ကြရာ မန်ကာနီစခန်း
... (၃)မိုင်ခန့်အကွာ နှီနှစ်လုံးတောင်အနီးအရောက်တွင် မြေပြင်
...မြေအနေမှာ သုံးဖက်ညှပ် တိုက်ခိုက်နိုင်သော အနေအထားဖြစ်
...ဖြင့် တောင်ကြောအား ရှင်းလင်းပြီး၊ တောင်တက်လမ်း
...မြေအနေမှာ လားများ သွားလာနိုင်ရန် ဖြစ်နိုင်၊ မဖြစ်နိုင် အခြေ
...နေအား ကြည့်မည်ဖြစ်၍ ရောက်ရှိနေရာတွင် ခေတ္တစောင့်ဆိုင်းပြီးမှ
...တပ်စုနောက်သို့ လိုက်လာခဲ့ရန် တပ်ခွဲမှူးအား သတင်းပို့ခဲ့
...သည်။ မိမိတက်ရောက်ခဲ့သော တောင်ကြောမှာ နှင့်ဆင့်ထပ်
...တောင်ကြောဖြစ်ပြီး တောင်ကြောပေါ်တွင် ကချင်ရွာကလေးတစ်ရွာ
...ပါသည်။ ရွာမှာ အိမ်ခြေ (၁၀) လုံးခန့်သာ ရှိပါလိမ့်မည်။
...သားတစ်ဦးနှင့်တွေ့၍ မေးမြန်းသည့်အခါ ရန်သူ အင်အား (၃၀)
...သည် ယမန်နေ့ညက ၎င်းတို့ရွာတွင် စခန်းချသွားကြောင်း၊
...ကို့တွင် ဆက်သွယ်ရေးစက်များလည်းပါရှိပြီး အများအားဖြင့်
...ယက် (၄၀) ကျော်ခန့်ရှိ တရုတ်များဖြစ်ကြောင်း၊ ၎င်းတို့
...ချင်းချင်း စကားပြောရာတွင် တရုတ်စကားများ ပြောကြပြီး
...ချင်နှင့်ဗမာ (၃) ဦးခန့်သာ တွေ့ရကြောင်း ပြောပြပါသည်။
...ကို ရန်သူ့သတင်း အခြေအနေနှင့် လမ်းခရီးအခြေအနေများကို



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းနေစဉ်မှာပင် ညာဘက်အောက် တောင်ကြောဘ
အော်တိုမစ်တစ်လက်နက်ငယ် ပစ်ခတ်သံနှင့် လက်ပစ်ဗုံး ပေါက်
သံများကို ကြားရပါသည်။ မိမိမှာလည်း ရွာသား၏ပြောကြားချက်
ရန်သူအင်အားနှင့် ပစ်ခတ်မှုအနေအထားတို့ကို တွက်ဆ
ရန်သူ၏နောက်ကျောမှပတ်ကာ တိုက်ပွဲဖြစ်ရာသို့ သွားရော
ပါသည်။ မိမိတို့တပ်စု တောင်ကြောပေါ်မှ ဖြန့်ခွဲ၍ အောက်ဘ
တောင်ကြောသို့ ဆင်းလာသောအခါ မိမိလားတန်းကို ဦးတ
တိုက်ခိုက်နေသော ဗကပ တပ်ဖွဲ့များသည် ခရာရှည်များမှုတ်
အလျင်အမြန် အပစ်ရပ်ပြီး မိမိတပ်စုအား ပြန်လှန်ပစ်ခတ်ခြင်း
မပြုတော့ဘဲ အဖွဲ့ခွဲ၍ ဆုတ်ခွာသွားကြပါသည်။

မိမိလည်းတပ်ခွဲမှူး၏ ရှေ့တပ်စုမှဒုအရာခံ ဗိုလ်မော
သန်း၏ ရှေ့ဖျားတပ်စိတ်နှင့် ဆက်သွယ်မှုရရှိပြီး တိုက်ပွဲအခြ
အနေကို အတိုချုံးမေးမြန်းကာ ကွဲပြန့်သွားသော တပ်ဖွဲ့များအာ
ပြန်လည်စုစည်းပြီး ထိခိုက်ပျက်ဆီးပျောက်ရှမှုကို သတင်းပို့စေ
သည်။ ထိုအခါတွင် တပ်ခွဲမှူးဗိုလ်ကြီးတင်မောင်ရွှေကို တွေ့
ရခြင်း မရှိပါ။ တပ်ခွဲအရာခံဗိုလ်၏ သတင်းပို့ချက်မှာ စစ်သည်
(၄) ဦး ဒဏ်ရာရပြီး တစ်ဦးကျဆုံးကြောင်း၊ လား ၄ ကော
ဒဏ်ရာရပြီး လားတစ်ကောင်မှာ ဒဏ်ရာပြင်းထန်ကြောင်း၊ ကျ
စစ်သည်မှာ အမှတ် (၂) ဝန်တင်တပ်ခွဲမှ ဒုတပ်ကြပ် ကျော်ညွ
ဖြစ်ကြောင်း၊ ပစ္စည်းပျောက်ရှမှုမရှိ၊ ဘက်ထရီအိုး (၆)
ပျက်ဆီးကြောင်း၊ တပ်ခွဲမှူးမှအပ ကျန်စစ်သည်များအားလုံး စုံလ
ကြောင်းဖြစ်ပါသည်။

မိမိလည်း တပ်ခွဲမှူးအား အနီးဝန်းကျင် ဒေသတစ်ဝိုက်





ခွဲ၍ ရှာဖွေရန် ခွဲအရာခံဗိုလ်အား တာဝန်ပေးကာ မိုးမချုပ်မီ
က်ပွဲဖြစ်နေရာတွင် ပြန်လည်စုစည်းရန် အမိန့်ပေးလိုက်ပါသည်။
အရာခံဗိုလ်နှင့် တပ်စိပ် (၂) စိပ်မှာ တပ်ခွဲမှူးကို လိုက်လံရှာဖွေရာမှ
နေရာကြပြီး ဗိုလ်ကြီး တင်မောင်ရွှေ၏ ချပ်ဝတ်တန်ဆာမှာ
မ်းအောက်ဘက်ဝါးရုံတန်းတွင် တွေ့ရှိခဲ့ကြောင်းနှင့် ခြောက်လုံး
၊ မပါရှိကြောင်း၊ ခြေရာလမ်းကြောင်းအတိုင်း လိုက်လံရှာဖွေ
ရာတွင် မှောင်မိုက်လာပြီဖြစ်၍ ပေးအပ်ပြီး သတင်းပို့ပါသည်။
မိလည်း ချပ်ဝတ်အား စစ်ဆေးကြည့်ရာ ခြောက်လုံးပြူးကျည်ဆန်
(၁၂) တောင့်၊ မြေပုံနှင့် သံလိုက်အိမ်မြှောင်တို့ကိုသာ တွေ့ရှိရပြီး
သူ့စသေးနှ တစ်စုံတစ်ရာ မတွေ့ရှိပါ။ (ထိုစဉ်က ဖွဲ့စည်းပုံအရ
ခြောက်လုံးပြူးတစ်လက်လျှင် ကျည် (၁၂) တောင့် ဖြစ်ပါသည်။)

တပ်ခွဲအရာခံဗိုလ်၏ သတင်းပို့ချက်ရရှိပြီးနောက် မူလ
ာဝန်ဖြစ်သော ဝန်တင်လားယာဉ်အား မန်ကန်စခန်းသို့ ပို့ဆောင်
ပို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ မန်ကန်စခန်းသို့ ရောက်
ာအခါတွင် ခလရ (၄၅) မှ တပ်စုတစ်စုနှင့် တပ်ခွဲရုံးတည်ရှိရာ
န်းတောင်ကုန်းပေါ်သို့ တက်ရောက်ခဲ့ပြီး ခဲယမ်းနှင့် ရိက္ခာများကို
ရင်းဇယားနှင့်တကွ အပ်နှံရပါသည်။ ထိုသို့ ဝန်တင်လားများပေါ်မှ
ည်းများကို ချရာတွင် ဒုထမဦးစွာ ဒုတပ်ကြပ်ကျော်ညွန့်၏
လောင်းကို အရင်ချစေပြီး ဒဏ်ရာရလားများပေါ်မှ ခဲယမ်းများကို
ယဦးစားပေး၍ချရန် ညွှန်ကြားလိုက်ပါသည်။ အပြင်းအထန်
ဏ်ရာရထားသော ဇော်ရိုး ခေါ် လားပေါ်မှ ခဲယမ်းသေတ္တာများကို
ာအခါ လားကြီးမှာ တဆတ်ဆတ်တုန်ယင်လျက်ရှိပြီး
က်ရည်များလည်း ကျဆင်းလျက် အသက်ကို ပြင်းထန်စွာ



www.burmeseclassic.com

www.burmeseclassic.com



ရှုနေပါသည်။ ၎င်းလားကြီးမှာ အမှတ်မဲ့ လားထီးကြီးဖြစ်ကာ ရှု
တရုတ်ဖြူများနှင့် တိုက်ပွဲဖြစ်ရာမှ ရရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် အကေ
အထည် ကြီးသလောက် အားကောင်းမောင်းသန်ရှိပြီး လ
ပါးနပ်သော ခေါင်းဆောင်းလားကြီးဖြစ်ကြောင်း သိရပါသ
ခေါင်းဆောင်လားကြီး ဇော်ရိုးမှာ ခဲယမ်းသေတ္တာများကို ၎င်
ကျောပေါ်မှ ချပြီးလျှင်ပြီးချင်းပင် သူရောက်ရှိရာနေရာ၌လဲကျ
သုံးလေးကြိမ်ခန့် အသက်ပြင်းစွာရှူပြီးနောက် သေဆုံးသွားပါေ
သည်။ ဇော်ရိုး၏ တာဝန်ထမ်းဆောင်မှုမှာ နောက်ဆုံးအသ
ထွက်ချိန်အထိ ကျေပွန်သွားခဲ့သည်ကို မျက်မြင်တွေ့ရှိကြေ
အ ရှိစစ်သည်များအားလုံးမှာ စကားပင်ပြောမထွက်နိုင်ေ
လောက်အောင် နှမြောတသ ဖြစ်ကြရပါသည်။ ဇော်ရိုး၏စိတ်ေ
ကို ၎င်း၏တာဝန်ထမ်းဆောင်မှုဖြင့် စစ်သည်များအားပြသခဲ့ြ
ဖြစ်ပါတော့သည်။

တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း ဖြစ်ပျက်ပုံကို အသေးစိ
မေးမြန်း၍ သိရှိရသည်မှာ ဇော်ရိုး၊ ဇော်မျိုးနှင့် မိညိုတို့သ
အမြဲသဖြင့် တစ်ကောင်နှင့်တစ်ကောင် စုစည်းနေထိုင်ကြလ
မခွဲမခွာ သွားအတူစားအတူဖြင့် သံယောဇဉ်ရှိကြသူများ ြ
ကြောင်း၊ ရန်သူ၏လက်နက်ငယ်ပစ်ခတ်မှုများ လက်ပစ်ဗုံးပေါ
မှုများအကြားတွင် ဗရမ်းဗတာ လန့်ဖျပ်ပြေးလွှားကြခြင်းမရှိ
ရောက်ရာနေရာ၌ တည်ငြိမ်စွာဖြင့် လားထိန်း ဒုတပ်ကြပ်ကျော်ညွှ
အမိန့်ပေးကွက်ကဲမှုကို နာခံကြကြောင်း၊ ကျည်လွတ်နေရ
ရွှေ့ပြောင်းရာတွင်လည်း အမိန့်အတိုင်း ဆောင်ရွက်ခဲ့ကြကြောင
သိရပါသည်။ ထိုတိုက်ပွဲတွင် ဒဏ်ရာသာရရှိပြီး ကျဆုံးခဲ့ေ





ဒုတပ်ကြပ်ကျော်ညွှန့်မှာလည်း ၎င်း၏မူလတာဝန်ကို ကျေပွန်စွာ
ထမ်းဆောင်သွားခဲ့သောကြောင့် ဂုဏ်ပြုဖွယ်စစ်သည်တစ်ဦးအဖြစ်
မှတ်တမ်းတင်ထိုက်သူ ဖြစ်ပါသည်။

နောက်တစ်နေ့မနက်တွင် ဒုတပ်ကြပ်ကျော်ညွှန့်နှင့် ဇော်ရိုး
တို့အား စခန်းရှိစစ်သည်များနှင့် မိမိတပ်ခွဲတို့မှ သေနတ်ပစ်ဖောက်
ဂုဏ်ပြုကာ စခန်းကုန်းတောင်စောင်းတွင် ကောင်းမွန်စွာ မြှုပ်နှံ
သင်္ဂြိုဟ်လိုက်ကြပါသည်။ ဇော်ရိုး ခေါ် လားကြီး၏ နောက်ဆုံး
ထွက်သက်အထိ တာဝန်ထမ်းဆောင်သွားပုံကို အမှတ်တရရှိလှ
သဖြင့် ခလရ (၄၅)မှ တပ်ကြပ် တစ်ဦးဖြစ်သူ မင်းပြားသာဒွန်းမှ
တပ်မတော်စာစဉ်တွင် ဇော်ရိုး၊ ဇော်မျိုး၊ မိညိုဟူသော ခေါင်းစဉ်
ဖြင့် ဝတ္ထုတိုတစ်ပုဒ်ကို ရေးသားဖော်ပြ မှတ်တမ်းတင်ခဲ့ပါသည်။
နောင်အခါတွင်လည်း ထပ်မံ၍ ၎င်းဝတ္ထုကိုပင် တပ်မတော်စာစဉ်၌
ရုပ်ပြဇာတ်လမ်းရေးဆွဲကာ ဖော်ပြခဲ့သည်ကို အမှတ်ရမိပါတော့
သည်။

စာရေးသူ၏တပ်ခွဲမှူးဖြစ်သော ဗိုလ်ကြီးတင်မောင်ရွှေမှာ
ယူစီ ခေါ် ပြည်စောင့်ရဲတပ်မှ အရာရှိဖြစ်ပြီး ၁ . ၁၀ . ၁၉၆၂ တွင်
မဟာတပ်မတော်သို့ အသွင်ပြောင်းလာသောအရာရှိဖြစ်လာပါသည်။
ခလရ (၃၃) မှာလည်း ယူစီဌာနချုပ်ကို အသွင်ပြောင်းဖွဲ့စည်းခဲ့သော
တပ်ရင်းဖြစ်ပါသည်။ ဗိုလ်ကြီးတင်မောင်ရွှေမှာ အရပ်ရှည်ရှည်
ပိန်ပိန်နှင့် အသားဖြူပြီး တရုတ်နှင့်တူပါသည်။ စကားပြောသွက်
လက်၍ အစားအသောက်ကောင်းများကို ကြိုက်နှစ်သက်သူ ဖြစ်
ပါသည်။ သွားလေရာတွင် ၎င်းအတွက် အစားအသောက်များမှာ
ပန်တင်လားတစ်ကောင်၏ လားကုံးခြမ်းကို နေရာယူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ခွဲမှူးသည် သူ၏မွေးစားသားဖြစ်သော အိုက်ပေါ ခေါ် အသက် (၁၀) နှစ်ခန့်ရှိ မိဘမဲ့ လားဟူကလေးကို ၎င်း အတူ အမြဲခေါ်သွားလေ့ရှိပါသည်။ အိုက်ပေါင်းမှာ ကလေးအရွ ပင်ဖြစ်သော်လည်း သွက်လက်ချက်ခြာသောသူဖြစ်ပါသည်။ တပ် ရှိ စစ်သည်ရဲဘော်များနှင့်လည်း ရင်းနှီးပျော်ရွှင်စွာ နေထိုင်တ ကာ စစ်တပ်သည်ပင် သူ၏ဘဝ အစိတ်အပိုင်းအဖြစ် အောက် ခံယူထားပုံရပါသည်။ တပ်ခွဲမှူးအားလည်း ဖခင်အရင်းသဖွယ် အားကိုးခင်တွယ်လျက် သွားလေရာတိုင်းသို့ လိုက်ပါလေ့ရှိပါသည် တပ်ခွဲမှူးမှာ သူ၏ ဝက်ဗလေ ခြောက်လုံးပြူးတွင် မတော်တ ကျည်ထွက်မည်စိုးသဖြင့် အမြဲလိုပင် ကျည်ထည့်ထားခြင်းမရှိပ အိုက်ပေါင်းကလည်း သူ့အဖေ၏သေနတ်တွင် ကျည်မရှိသဖြ ဘာကြောင့်သေနတ်တွင် ကျည်မထည့်ရသည်ကို မေးမြန်းရာ တပ်ခွဲမှူးက ''ငါ့သား ဒီသေနတ်က ရန်သူကိုပစ်ရတဲ့သေနတ် မဟုတ်ဘူးကွ၊ ရန်သူတွေက ဖမ်းမိသွားတဲ့အချိန်ကျမှ ကိုယ့်ကိုယ် ကိုပစ်သတ်ဖို့ပေးထားသော ကျည်မရှိတော့ ကိုယ့်ကိုယ် ပစ်လည်းမရတော့ ကိုယ်လည်း မသေတော့ဘူးပေါ့''ဟု ဖြေလိုက် ပါသည်။ အိုက်ပေါင်းမှာ စပ်စပ်စုစုမေးမြန်းတတ်သော ကလေ ဖြစ်သဖြင့် သူ့အဖေမှ အလွယ်တကူပေးသောအဖြေကို အမှန်ယ ယူဆလိုက်ဟန်တူပါသည်။

တိုက်ပွဲဖြစ်နေရာမှ လူစုကွဲ ပျောက်ဆုံးသွားသော တပ်ခွဲမှူးမှာ ခြောက်လုံးပြူးကို လွယ်ကြိုးဖြင့် လည်ပင်းတွင်ချ ထားသောကြောင့် ရန်သူ့ကျည်ဆန်ကို တိမ်းရှောင်ရင်း ချောက် အတွင်းသို့ ပြုတ်ကျသွားသောအခါ ချပ်ဝပ်မှာ ဝါးရုံနှင့်ငြိ၍ကျန်ခဲ့





ကျည်မပါသော ခြောက်လုံးပြူးလွယ်လျက်နှင့် ရန်သူ့ပစ်ခတ်မှုမှ ရှောင်တိမ်းကာ မိမိတပ်နှင့် ကင်းကွာပျောက်ဆုံးသွားခဲ့ခြင်း ဖြစ် ပါသည်။

မိမိလည်း တိုက်ပွဲအစီရင်ခံစာကို ကြေးနန်းဖြင့် အထက် ဌာနသို့ သတင်းပို့လိုက်ပါသည်။ ထိုစဉ် ကွက်ခိုင်တွင် ဌာနချုပ်ဖွင့် လှစ်သော ရှေ့တန်းဗျူဟာမှာ ဗိုလ်မှူးကြီး ထွန်းအောင်ကျော်မှ ဗျူဟာမှူးအဖြစ် ဆောင်ရွက်ပြီး စစ်ဦးစီးမှူးမှာ ဗိုလ်ကြီး စန်းတင့် အောင် ဖြစ်ပါသည်။ အောင် အမည်ပါသူအရာရှိများနှင့် ဖွဲ့စည်း ထားပြီး ''အောင်ဗျူဟာ''ဟု အမည်တွင်ပါသည်။

အောင်ဗျူဟာမှ မိမိအား တပ်ခွဲကို ဦးစီးကွပ်ကဲရန်နှင့် သင့်လျော်သည့်အချိန်တွင် တပ်ခွဲမှူးတစ်ဦးကို စေလွှတ်ပေးမည် ဖြစ်ကြောင်း လောလောဆယ်တွင် ပျောက်ဆုံးလျက်ရှိသော တပ်ခွဲ မှူးအား ပတ်ဝန်းကျင်ဒေသအတွင်း အသေးစိတ်ရှာဖွေရန်နှင့် ယင်းသို့ရှာဖွေရာတွင် ထပ်ဖြည့်အင်အားအဖြစ် ခလရ (၂၃)မှ ကြည်း/၉၇၆၆ ဗိုလ်ကျော့(ချ်)အောင်ကြည်၏တပ်ခွဲအား မုံးကိုး၊ ဖောင်းဆိုင်းနှင့် ပန်ဆုကိုင် ဒေသတစ်ဝိုက် လှုပ်ရှားနေရာမှ မိမိ တပ်ခွဲနှင့် ပူးပေါင်းလှုပ်ရှားရန် တာဝန်ပေးခဲ့ပါသည်။

ဗိုလ်အောင်ကြည်မှာ ဗိုလ်သင်တန်းအပတ်စဉ်(၂၉)ကျောင်း ဆင်းဖြစ်ပြီး အရပ်အမောင်းကောင်းလျက် ရုပ်ရည်ချောမောပြီး ကိုယ်ကာယ အချိုးအဆက် ကျနသဖြင့် လွန်စွာကြည့်၍ကောင်းသူ ဖြစ်သည်။ မိမိမှ ''ကိုကျော့ရာ ခင်ဗျားရုပ်ညီနဲ့ စစ်ဗိုလ်မလုပ်ဘဲ ရုပ်ရှင်မင်းသားလုပ်ရင် ပိုကောင်းမယ် ထင်တယ်''လို့ ပြောလိုက် ရာ ကိုကျော့က ''ငါက ငယ်ငယ်ကလေးတည်းက ဗူးယို(ဗိုလ်ရှူး)

www.burmeseclassic.com



ကွ၊ ဒီအမေက မောင်နှမခြောက်ယောက်မွေးတာ။ ငါ တစ်ယော တည်း ယောကျ်ားလေးပါတယ်၊ ငါ့အဖေက ရဲအရာရှိကြီး ငါ့အဖေကိုကြည့်ပြီး ဘယ်တော့မှ ငါ ရဲမလုပ်ဘူး စစ်ဗိုလ်ပဲလုပ်မ လို့ ပြောခဲ့တာ အခု ငါ စစ်ဗိုလ်ဖြစ်ပြီလေ၊ ငါက စစ်သာ လုပ်ချင်တာကလွဲပြီး ဘာရည်ရွယ်ချက်မှ မရှိခဲ့ဘူး''

လို့ မိမိအား သူ့အကြောင်းကို ပြောပြပါသည်။

မိမိတို့တပ်ခွဲနှစ်ခွဲသည် လွယ်ဆာနှင့် မန်ကန်အကြ ပျောက်ဆုံးသွားသော တပ်ခွဲမှူးအား ရှာဖွေရင်း ဆက်သွယ်ရေ လမ်းကြောင်း လုံခြုံမှုနှင့် ဒေသတွင်းရှိ ဗကပပြောက်ကျားများအာ ရှာဖွေတိုက်ခိုက်ရှင်းလင်းရန် နယ်မြေအတွင်း အပိုင်းလိုက်ခွဲကာ ပူးလိုက်ခွာလိုက်ဖြင့် လှုပ်ရှားဆောင်ရွက်ကြပါသည်။ ဗိုလ်ကြ တင်မောင်ရွှေမှာ သတင်းအစအနမှ မရရှိဘဲ အလောင်းလည်းမတွေ့ သတင်းလည်းမရနှင့် ရက်သတ္တတစ်ပတ်လုံးလုံး ပျောက်ချက်သာ ကောင်းလျက်ရှိပါသည်။ တောင်ကြောများ၊ လျှိုမြောင်များ၊ တော ကမ်းပါးယံများပါမကျန် တပ်ဖြန့်ရှာဖွေကြရာ နယ်မြေခံ ဗကပ ပြောက်ကျားများမှလည်း မိမိတပ်အား တိုက်ခိုက်ရေးထက် ပျောက်ဆုံးလျက်ရှိသော တပ်ခွဲမှူးအား မိမိတပ်ထက်အရင်ဦးအော တွေ့ရှိဖမ်းဆီးရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ထိုသို့အပြင်းအထန် ရှာဖွေရေးဆောင်ရွက်စဉ် ရန်သူ ဗကပအင်အား(၃၀)ခန့်သည် လွယ်ဆာနှင့် မန်ကန်ရွာသွားလမ်းပေါ်ရှိ အထက်နမ့်ဖြူနှင့် အောက်နမ့်ဖြူရွာတို့တွင် တပ်ဖြန့်ခွဲရောက် ရှိနေကြောင်း သတင်းရရှိပါသည်။ ထိုသတင်းအရ ဗိုလ်ကျော့(၅) အောင်ကြည်တပ်ခွဲအား အထက်နမ့်ဖြူရွာနှင့် မိမိတပ်ခွဲအာ





အောက်နမ့်ဖြူရွာများသို့ ချီတက်ရှင်းလင်းကြရာ အောက်နမ့်ဖြူရွာတွင် ရန်သူနှင့် ထိတွေ့တိုက်ပွဲဖြစ်ပြီး ရန်သူ(၄)ဦးကျဆုံးကာ ဆုတ်ခွာ သွားကြပါသည်။ တစ်ချိန်တည်းမှာပင် အထက်နမ့်ဖြူရွာတွင်လည်း ဗိုလ်ကျော့(၅)ဦးစီးသောတပ်ခွဲနှင့် ထိတွေ့တိုက်ပွဲ ဖြစ်ပါသည်။ တိုက်ပွဲမှာ မပြီးမပြတ် ကြာနေသဖြင့် မိမိတပ်ခွဲမှ အထက်နမ့်ဖြူရွာသို့ စစ်ကူသွားရောက်သောအခါ ရန်သူများ ဆုတ်ခွာသွားပါတော့သည်။ ဗိုလ်ကျော့လည်း ရန်သူ ဆုတ်ခွာရာဘက်သို့ ဆက်လက်ရှင်း လင်းရန်အတွက် မြေအနေအထားကြည့်ရန် လမ်း၏ညာဘက် ပေ(၂၀၀)ခန့်အကွာရှိ ကုန်းမြင့်အထက်သို့ ပြေးတက်သည်ကို မြင်လိုက်ရပြီး မကြာမီမှာပင် မိုင်းတစ်လုံးကွဲသံ ကြားရပါသည်။ မိုင်းသံကြားရာသို့ ကြည့်လိုက်ရာ စစ်သည်တစ်ဦး လေထဲသို့ (၁၀) ပေခန့် မြောက်တက်သွားပြီးမှ ပြန်ကျလာသည်ကို မြင်တွေ့ရသဖြင့် မိမိမှ မိုင်းပေါက်ကွဲရာသို့ လိုက်သွားသောအခါ ဗိုလ်ကျော့၏ ညာဘက်ခြေထောက်မှာ ဒူးအောက်မှ ကြေမွပြတ်တောက်လျက်ရှိပြီး ဘယ်ဘက်ခြေသလုံးမှာ အရိုးများ ကျိုးကြေလျက်ရှိသည်ကို တွေ့ရ ပါသည်။ မိမိ၏ဆေးတပ်သားအား တပ်ခွဲရန်ပုံငွေဖြင့် ဝယ်ယူထား သော ဂျပန်နိုင်ငံ Nichimen (နီချီမင်) ဆေးကုမ္ပဏီမှ ထုတ်လုပ် သည့် Plusma (ပလပ်စမာ) ခေါ် သွေးခြောက်ပုလင်းကို မိုးရေဖြင့် ဖျော်စပ်၍ ကုန်ဆုံးသွားသော သွေးများအတွက် အစားထိုး သွေး သွင်းရန် ညွှန်ကြားလိုက်ပြီး မိမိကိုယ်တိုင် ဗိုလ်ကျော့၏ဒဏ်ရာအား ပတ်တီးများဖြင့် စည်းနှောင်ထုပ်ပိုးလျက် ပင်မ သွေးလွှတ်ကြောကြီးအား ပိတ်ဆို့နိုင်ရန် စီမံလုပ်ကိုင်ရပါတော့ သည်။ ထိုစဉ်က ဗိုလ်ကျော့၏တပ်ခွဲတွင် တပ်စုမှူးအဖြစ် လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



လာသောသူမှာ မိမိနှင့် ဗိုလ်သင်တန်းတစ်ပတ်တည်းဆင်းဖြစ် ကိုမောင်မောင်လှဖြစ်မည်ဟု ထင်ပါသည်။ လူချင်းခွေတွေ့မှု လက် နှုတ်ဆက်နိုင်ရုံသာရှိပြီး အလုပ်ရှုပ်လျက်ရှိသဖြင့် စကားမပြော ဖြစ်ခဲ့ကြပါ။ ဗိုလ်ရှော့မှာ ပလပ်စမာဆေးများ ထိုးသွင်းနေ အချိန်မှာပင် မိမိ၏လက်အတွင်း၌ ကျဆုံးသွားခဲ့ပါတော့သည် (နေ့စွဲကိုတော့ ကောင်းကောင်း မမှတ်မိတော့ပါ။ ဒါကတော စစ်သားဘဝကို မြတ်နိုးလှသည့် ထာဝရသည် ဗိုလ်ရှော့( အောင်ကြည်၏ နောက်ဆုံးအချိန် အမှတ်တရ ဖြစ်ပါသည်။)

တပ်ခွဲမှူးဗိုလ်ကြီးတင်မောင်ရွှေမှာမူ တိုက်ပွဲဖြစ်ပြီးနော (၈)ရက်ခန့်ကြာမှ လွယ်ဆာစခန်းသို့ ၎င်းတစ်ဦးတည်း ပြန်လ ရောက်ရှိလာခဲ့ပါသည်။ သူ၏သား အိုက်ပေါင်းမှာလည်း တမှိုင် တတွေတွေရှိရာမှ သူ့အဖေ၏သတင်းကို ကြားရသည့်အခါ ထ ခုန်ပါတော့သည်။ သူတို့သားအဖဆုံကြသောအခါ အိုက်ပေါင်း ''အဖေ့ကို ငါပြောသားပဲ သေနတ်ထဲကို ကျည်ထည့်ထားပါလို့တော ဟုပြောရာ ဗိုလ်ကြီးတင်မောင်ရွှေမှ ''ဟေ့ ... အိုက်ပေါ ကျည်မရှိတဲ့ ခြောက်လုံးပြူးနဲ့ တပ်မပါဘဲ တစ်ယောက်တ ဗကပနယ်မြေထဲမှာ ငါ့လိုနေဖူးတဲ့ကောင် ဘယ်ကောင်ရှိလဲကွ

လို့ မေးလိုက်ပါတော့သည်။

ဗိုလ်ကြီးတင်မောင်ရွှေမှာ မြေပုံနှင့် လမ်းညွှန်အိမ်မြှောင် ကျည်မရှိသော သေနတ်တစ်လက်ဖြင့် ရန်သူကို တိမ်ရှောင် မိမိတပ်ဖွဲ့နှင့် ဆက်သွယ်နိုင်ရန် ဆောင်ရွက်ခဲ့ရာတွင် တစ်ဖက်နိုင် မီးရောင်များကိုမြင်မှ မိမိတပ်ရှိရာကို မှန်းဆပြီး ပြန်လာနိုင်ခဲ့ ဖြစ်ပါသည်။ ထိုအချိန်မှစ၍ ဗိုလ်ကြီးတင်မောင်ရွှေ၏ ခြောက်လုံး





မှာ အမြဲ ကျည်အပြည့်ထည့်ထားလျက် ရှိပါတော့သည်။ မိမိမှ အိုက်ပေါင်းအား ''ဒီတစ်ခါ အရင်လိုဖြစ်ခဲ့ရင် သူ့ကိုယ်သူ ပစ်လို့ မရအောင် ကျွန်တော် တားမယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်မှာ အဖေ မရှိလို့ မဖြစ်ဘူးလေ''လို့ ပြန်ပြောပါတော့သည်။

ထိုအဖြစ်အပျက်များ၏ နောက်တွင်တော့ ဗိုလ်ကြီးတင် မောင်ရွှေအား တပ်ရင်းရှိ အရာရှိနှင့် စစ်သည်များက ''ပီကင်းပြန် လူရှိုးဖန်'' ဟူသော ဘွဲ့ထူးကြီးကို အခမ်းအနားမပါ ကန့်ကွက်သူမရှိ ခွင့်ပြုချက်မရယူဘဲ တညီတညွတ်တည်း ပေးအပ်လိုက်ကြပါတော့ သည်။

အထက်ပါအဖြစ်အပျက်များမှာ မိမိ၏ဆရာ ဗိုလ်ကြီး တင်မောင်ရွှေနှင့် ဗိုလ်ရှော့(ချ်)အောင်ကြည်တို့အတွက် အမှတ် တရအကြောင်းများ ဖြစ်ပါတော့သည်ခင်ဗျား။

## အပိုင်း(၂) ။ ပိုးပင်းဂါးမိုလ်ခုံးရွှေ

အချိန်ကတော့ ၁၉၆၉–ခုနှစ်၊ နေရာကတော့ အရှေ့မြောက် တိုင်းစစ်ဌာနချုပ် အမှတ်(၁) စစ်ဗျူဟာနယ်မြေ၊ တောင်ပိုင်း(ဝ) ပြည်နယ်၏ မြောက်ဘက်နှင့်အရှေ့ဘက် အစွန်ဆုံးနယ်မြေထိန်း သိမ်းစခန်းတစ်ခုဖြစ်သော မန်ဖန့်(အရပ်ခေါ် ရင်းဖန်) စခန်းတွင် ဖြစ်ပါသည်။ အဆိုပါမန်ဖန့်စခန်းတွင် စာရေးသူမှာ နယ်မြေထိန်း စခန်းမှူးအဖြစ်ဖြင့် တာဝန်ထမ်းဆောင်ပါသည်။ တပ်မှာ တန့်ယန်း ာခြေစိုက် အမှတ်(၃၃) ခြေလျင်တပ်ရင်း၏ တပ်ခွဲတစ်ခွဲဖြင့် တောင်ပိုင်း(ဝ)နယ်မြေ၏ မြောက်ခြမ်းဖြစ်သော သံလွင်မြစ်အရှေ့ ဘက်ဒေသ မန်မန်ဆိုင်၊ နားဖန်နှင့် မန်ဖန့်တို့တွင် နယ်မြေထိန်းစခန်း



www.burmeseclassic.com

www.burmeseclassic.com



ထိုင်အဖြစ် တာဝန်ယူရပါသည်။ တပ်ရင်းဗျာနချုပ် တည်ရှိ
တန့်ယန်းမှ မန်ဖန့်စခန်းသို့သွားလျှင် သံလွင်မြစ်၏ အနောက်ဘ
(၃)မိုင်ခန့်အကွာ တုံဟူးရွာသို့ ကားဖြင့်သွားရပြီး ၎င်းမှ ခန်
လားများဖြင့် ခြေလျင်ခရီးဆက်၍ သံလွင်မြစ်ကို တာကော
ကူးတို့ဆိပ်မှ **Flying Ferry** ခေါ် မိုးပျံကြိုးဆိုင်းဖောင်ဖြ
ဖြတ်ကူးကာ တပ်ခွဲရုံးရှိရာ မန်မန်ဆိုင်သို့ တစ်နေကုန်အတက်ခရီ
သွားရပါသည်။ တပ်ခွဲရုံးစခန်းရှိရာ မန်မန်ဆိုင်၊ ၎င်းမှ မွတ်စမို
လုံလပ်ဆင်ရွာ၊ လွယ်ထူးရွာတို့တွင် ညအိပ်ရပ်နားရပြီး တပ်စုစ
တည်ရှိရာ နားဖန်ရွာ၊ ၎င်းမှ မိမိတပ်စုစခန်းတည်ရှိသော မန်ဖ
သို့ ရောက်ရှိပါသည်။ ရာသီဥတုကောင်းမွန်သောကာလတွင် (
ရက်ခရီးသွားရပြီး မိုးတွင်းကာလဖြစ်ပါက လားတစ်ကောင်
သွားလောက်ရုံမျှ သုံးပေခန့်သာကျယ်သော တောင်တက်တောင်
လမ်းမှာ ရွံ့စေးများ တောစီးဖိနပ်တွင်ကပ်သဖြင့် ခြေလှမ်း
ခန့် လှမ်းတိုင်း ရွံ့စေးများကိုဖိနပ်မှ ခွာထုတ်နေရ၍ သွားလာရခ
သောကြောင့် ခရီးမတွင်ဘဲ ၁၀ ရက်ခန့် ကြာတတ်ပါသည်။

ထိုအချိန်က ဗမာပြည်ကွန်မြူနစ်ပါတီ၏ တိုက်ခိုက်ရေး
များသည် မုံးကိုး၊ ဖောင်းဆိုင်ဒေသနှင့် ကိုးကန့်ဒေသတို့တွင်
၎င်းတို့၏ တပ်ရင်းကြီးများဖြစ်သော တပ်ရင်းကြီး (၃၀၃)
တပ်ရင်းကြီး (၄၀၄) တို့ဖြင့် အားသွန်တိုက်ခိုက်လျက်ရှိကြ
မြောက်ပိုင်း(ဝ)နယ်အတွင်းသို့မူ စိမ့်ဝင်ထိုးဖောက် စည်းရုံးတိုက်
ခြင်းကို ဟိုပန်မြို့နယ်အတွင်းရှိ ပန်ဝိုင်း၊ ဗင်းဟာင်၊ ဟိုစွမ်၊
နှင့် မိုင်းမောဒေသတို့တွင် တိုက်ပွဲငယ်များဖန်တီးခြင်းနှင့်
အဖျားကျသော မိမိတပ်စခန်းများအား တိုက်ခိုက်သိမ်းပိုက်ခြ





မိတပ်လက်အောက်ခံ ကာကွယ်ရေးတပ်ဖွဲ့များကို တိုက်ခိုက်ခြင်းတို့
လောက်သာရှိပြီး တောင်ပိုင်း (ဝ) နယ်မြေသို့ အလုံးအရင်းဖြင့်
ရောက်လာကြခြင်း မရှိသေးပါ။ စာရေးသူတို့၏ တောင်ပိုင်း(ဝ)
ယ်မြေရှိတပ်စခန်းများမှာ ဒေသခံ တပ်ဖွဲ့များဖြစ်သော ဗင်းငင်း
စော်ဘွား၏ (ဝ)သောင်းကျန်းသူ အလင်းဝင်များကို စည်းရုံး၍
ည်သူ့စစ်အသွင်ဖြင့် မိမိတပ်နှင့် ပူးပေါင်းလှုပ်ရှားလျက်ရှိရာ
ဒေသခံ (ဝ) စော်ဘွားများနှင့် ရင်းရင်းနှီးနှီးဖြစ်အောင် စည်းရုံး
နထိုင်လျက် နယ်မြေသတင်းများကို စုဆောင်းရယူရပါသည်။

ထိုသို့ တာဝန်ထမ်းဆောင်နေရစဉ် ကြည်း/၁၁၄၇
ယ်အုံးရွှေမှာ နားဖန်စခန်းတွင် တပ်စုတစ်စုနှင့်လည်းကောင်း
ာရေးသူမှာလည်း မန်ဖန့်စခန်းတွင် တပ်စုတစ်စုဖြင့် ဒေသခံ
င်းငင်းကာကွယ်ရေး တပ်ပေါင်းစုအင်အား ၂၀၀ ခန့်နှင့်ပူးပေါင်း၍
စ်ဖက်နိုင်ငံ၏ နယ်စပ်ဒေသအခြေအနေများကို စောင့်ကြည့်
င်းယူကာ နယ်မြေထိန်းတာဝန် ဆောင်ရွက်လျက်ရှိပါသည်။
၉၆၉-ခုနှစ် ဒီဇင်ဘာလ ပထမပတ်တွင် ဗိုလ်အုံးရွှေမှာ စာရေးသူ
ရာသို့ လွယ်လင်းစော်ဘွား၏ ဘုရားပူဇော်ပွဲမှတစ်ဆင့် ရောက်ရှိ
ာခဲ့ပါသည်။ မန်ဖန့်စခန်းသို့ ဗိုလ်အုံးရွှေ ရောက်ရှိလာလျှင်
မန်းတစ်ခုလုံးရှိ စစ်သည်များအားလုံး ပျော်ရွှင်တက်ကြွ သွားကြ
ါသည်။ အကြောင်းမှာ ဗိုလ်အုံးရွှေသည် ဖဲကစားရာတွင်လည်း
ကာင်း ဘော်လီဘောကစားရာတွင်လည်းကောင်း၊ ဟောင်စီခေါ်
ပတ်ပြား ကံစမ်းမဲချ ကစားရာတွင်လည်းကောင်း ထူးချွန်သူတစ်ဦး
စ်ရုံမျှမက ရဲဘော်များနှင့် နီးနီးကပ်ကပ် ချစ်ခင်စွာ ဆက်ဆံတတ်
ဦးဖြစ်ပြီး အမြဲသဖြင့် တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှား



www.burmeseclassic.com

www.burmeseclassic.com

နေတတ်သူဖြစ်၍ ၎င်းတို့ တပ်စိပ်ရောက်ရှိလာသောအခါ စာရေ
တို့စခန်းမှာ ကစားပွဲများ၊ စားပွဲသောက်ပွဲများဖြင့် စည်ကားလျ
တက်ကြွပျော်ရွှင်သွားကြပါတော့သည်။

မန်ဖန့်စခန်းမှာ တပ်ရင်းဌာနချုပ်နယ်မြေ၏ အရှေ့ဘ
အစွန်ဆုံးစခန်းဖြစ်ပြီး တစ်ဖက်နိုင်ငံနှင့် နမ့်ခါချောင်းကလေးသ
ခြားလျက်ရှိပါသည်။ နယ်စပ်စခန်းဖြစ်သော်လည်း မန်ဖန့်ရွာ
ရွာကြီးတစ်ခုဖြစ်လျက် တစ်ဖက်နိုင်ငံ၏ အစားအသောက် အဝ
အထည်နှင့် လူသုံးကုန်ပစ္စည်းများ စုံလင်စွာ ရနိုင်ရုံမျှမက ထို
နိုင်ငံနှင့် လာအိုနိုင်ငံတို့မှ လူသုံး၊ စစ်သုံးပစ္စည်းများလည်
လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ (၅)ရက်တစ်ဈေး ရောင်းချသေ
ဈေးထဲတွင် ဒုတိယကမ္ဘာစစ်သုံးလက်နက်ဟောင်း လက်နက်ပေ
မျိုးစုံ ခဲယမ်းမျိုးစုံနှင့် မိုင်းတပ်ဆင်ရန် ယမ်းဘီလူးနှင့်စနက်တံများ
ပါ အလွယ်တကူ ဝယ်ယူနိုင်ပါသည်။ ထိုသို့ပစ္စည်းစုံများကို မိ
ကြိုက်သလိုဝယ် ရရှိနိုင်ခြင်းနှင့် မိမိတို့စစ်သည်များ အချင်းချ
တွေ့ဆုံနိုင်ကြရန်အတွက် ဗိုလ်အုံးရွှေမှာ မန်ဖန့်ရွာရှိမိမိစခန်း
ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။

၁၉၆၉ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့ မနက် (၉)နာ
အချိန်တွင် ဗိုလ်အုံးရွှေသည် ၎င်း၏တပ်စိပ်နှင့်အတူ နားဖန်စခန်း
ပြန်ကြမည်ဖြစ်သဖြင့် အထုပ်အပိုးများပြင်ဆင်ပြီး စခန်းမှထွက်ကြ
မည်ပြုစဉ် စာရေးသူမှ''ဟေ့ ... ဗိုလ်အုံးရွှေ ဒီနေ့ဟာ ဒီဇင်ဘ
(၉) ရက်နေ့၊ အချိန်က (၉) နာရီ မင်းတပ်စိပ်က လူ (၉) ယော
နော်၊ ဒီနေရာဟာ ကိုးမြို့ရှင်ကြီးရဲ့နယ်မြေ အဲ့ဒါလေး သတိထားပြ
ဟု လှမ်းပြောလိုက်ရာ ဗိုလ်အုံးရွှေမှ ''စိန်သန်းရာ မင်းက မေ





တို့၊ တိုင်းပြည်ကို သေးနဲ့ပန်းရင်တောင် ရောက်တဲ့နေရာမှာနေပြီး
အတွေးအခေါ်တွေ ရှိနေတုန်းလား''လို့ပြောကာ ရယ်ရယ်မောမော
နှင့် နှုတ်ဆက်ပြီး ထွက်သွားပါတော့သည်။

ရင်းဖန်စခန်းနှင့် နားဖန်စခန်းမှာ တစ်ရက်ခရီး ကွာဝေး
သဖြင့် မနက်စောစောထွက်ခွာသွားကြခြင်း ဖြစ်ပါသည်။ ထိုခရီးမှာ
အတက်ခရီးနည်းပြီး အဆင်းခရီးများလျက် ရာသီဥတုသာယာသဖြင့်
အလာခရီးထက် ခရီးတွင်ပြီး သက်သာမှုရှိပါသည်။ လမ်းခုလတ်တွင်
လည်း ပတို့စော်ဘွားနယ်မြေမှ ပတို့ချောင်းကို ဖြတ်ကျော်ရာတွင်
ချောင်းမှာ ကြီးမားသောတောင်ပေါ်ချောင်းဖြစ်၍ ရေပြင်ကျယ်ခြင်း၊
ရေများကြည်လင် အေးမြခြင်းနှင့် ငါးများ ပေါများခြင်းတို့ကြောင့်
ခဏတ စခန်းချနားနေရန် ကောင်းမွန်သောနေရာ ဖြစ်ပါသည်။
ထိုပတို့ချောင်းသည်ပင်လျှင် ဗိုလ်အုံးရွှေ၏ ဤဇာတ်လမ်းစတင်ရာ
နေရာ ဖြစ်ပါတော့သည်။

ဗိုလ်အုံးရွှေတို့တပ်စိပ် အတို့ချောင်းရောက်သည်နှင့် အစား
အသောက်ကောင်း စားခြင်း၌ ဝါသနာကြီးသည့်အလျောက်
ချောင်းအတွင်းမှ ငါးများကို ၎င်းကိုယ်တိုင် မိုင်းခွဲ၍ဖမ်းဆီးရန် စီမံ
ပါတော့သည်။ မန်ဖန့်စခန်းတွင်ရှိစဉ်က ထိုအကြံဖြင့် စာရေးသူအား
မိုင်းသုံးလုံးကို ယမ်းကြိုးနှင့် စနက်တံပါ အပြည့်အစုံအား ဝယ်
ပေးရန်ပြောသဖြင့် မိုင်းတစ်လုံးလျှင် ငွေဟောင်းဒင်္ဂါးတစ်ပြားနှုန်းဖြင့်
မိုင်းသုံးလုံး ဝယ်ပေးလိုက်ပါသည်။ (ထိုအချိန်က (ဝ) နယ်မြေတွင်
အင်္ဂလိပ်ခေတ်သုံး ငွေဒင်္ဂါးနှင့် ကြေးပြားများကိုသာ သုံးစွဲကြပြီး
ကျပ်ငွေကို သုံးစွဲကြခြင်း မရှိပါ။)

ထိုနေ့ ၁၂ နာရီ စက်ပေါ်ချိန်တွင် တပ်ရင်းဌာနချုပ်မှ



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူအား စက်ပေါ်တက်ရန်ခေါ်သဖြင့် စက်ခန်းအတွင်း ရောက်ရန် ကြေးနန်းတစ်စောင် ရောက်ရှိပြီး မိုင်းထိဒဏ် ရှိထားသော ဗိုလ်အုံးရွှေကို အရေးပေါ်ဆေးကုသရန်အတွ ရဟတ်ယာဉ်စေလွှတ်ပေးမည်ဖြစ်၍ လေယာဉ်ကွင်းလုံခြုံရေ လူနာသယ်ယူရေးကို ဗိုလ်စိန်သန်းမှ နားဖန်စခန်းသို့ အသေ ညွှန်ကြားစီစဉ်ပေးရန်နှင့် လေယာဉ်ဆင်းကွင်း အချက်ပြအမှ အသားများကို သတ်မှတ်ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက် ရာသီဥတုအခြေအနေကို နာရီတိုင်းဆက်သွယ်တင်ပြရန် ညွှန်ကြ ချက်ရရှိပါတော့သည်။

ဤတွင်မှ စာရေးသူလည်း ဗိုလ်အုံးရွှေ မိုင်းထိခြင်း သိရှိရပြီး နားဖန်စခန်းသို့ လူနာသယ်ယူရေးအတွက် အသေးစိ ဆောင်ရွက်ရမည့် အစီအစဉ်ကို ညွှန်ကြားရပါတော့သည် ဗိုလ်အုံးရွှေ၏မိုင်းဒဏ်ရာမှာ မိမိမိုင်းနှင့်မိမိထိမှန်ခြင်းဖြစ်ကြော မေးမြန်း သိရှိရပါသည်။ ဖြစ်ပုံမှာ ဗိုလ်အုံးရွှေတို့တပ်စိ ချောင်းသို့ရောက်လျှင်ရောက်ချင်း မိုင်းခွဲ၍ငါးဖမ်းရန် စီစဉ်ကြ ပထမမိုင်းတစ်လုံး ခွဲလိုက်ရာ ချောင်းအတွင်းမှ လက်မ ငါးကလေး (၉) ကောင် ရရှိကြပါသည်။ မကျေနပ်သဖြင့် နော ထပ်တစ်နေရာတွင် မိုင်းခွဲပြန်ရာ ထိုမိုင်းမှာ မအောင်မြင်ဘဲ ရေထဲ ပျောက်ဆုံးသွားပါတော့သည်။ ထိုအခါ ဗိုလ်အုံးရွှေမှ တပ်စိ အား မခိုင်းတော့ပဲ၊ ၎င်းကိုယ်တိုင် နောက်ဆုံးကျန်သည့်မိုင်းဖြင့်ခွဲ ချောင်းကမ်းပါးပေါ်သို့ တက်ရောက်ပြီး စီးကရက်မီးဖြင့် ယမ်းကြိုး မီးတို့လိုက်ပါသည်။ တစ်ပေခန့်ရှည်သောယမ်းကြိုးကို မီးတို့ ကြည့်လိုက်ရာ မီးခိုးမထွက်သဖြင့် မိုင်းကို မလွှတ်သေးဘဲ မြ





စိနေချိန်တွင် ငါးဖမ်းရန် ချောင်းအတွင်းရောက်နေသော စစ်သည် ကေ "ဗိုလ်ကြီး မိုင်းလွှတ်တော့"ဟု အော်ပြောကြပါသည်။ အချိန်မှာပင် ဗိုလ်အုံးရွှေလက်ထဲမှ စက္ကူဖြင့် ထုပ်ထားသော မ်းပျော့ထုပ်မှာ ပေါက်ကွဲပါတော့သည်။ ယမ်းထုပ်ပေါက်ကွဲမှု ကြောင့် သူ၏ညာဘက် လက်မတစ်ချောင်း ပြတ်ထွက်သွားပြီး က်ဖဝါးမှ အရေအပြားများ စုတ်ပြတ်ကာ ညာဘက်မျက်လုံးမှ ဏ်ရာရသွားပါတော့သည်။

ဗိုလ်အုံးရွှေမှာ လားရှိုးမှတစ်ဆင့် မေမြို့စစ်ဆေးရုံတွင် (၃) ခန့် ဆေးကုသပြီးမှ တပ်ရင်းသို့ ပြည်လည်ရောက်ရှိပါတော့သည်။ န်လည်ရောက်ရှိလာသော ဗိုလ်အုံးရွှေမှာ ယခင်ကလို သူ င်မတန် ကြိုက်နှစ်သက်သော ဘော်လီဘောကစားခြင်းနှင့် (၁၃) စ်ဖဲပိုကာ ကစားခြင်းတို့ကို မပြုလုပ်နိုင်တော့ပါ။ ထိုအချိန်မှာ မ်း(စ်)ဘွန်းဇာတ်လမ်းတွဲမှ ဂိုးဖင်းဂါး ဇာတ်ကားကလည်း ပြသ ်ရှိရာ ဗိုလ်အုံးရွှေအား တပ်ရင်းရှိအရာရှိနှင့် စစ်သည်များက ဖင်းဂါး (လက်ချောင်းလေးချောင်း) ဟု နောက်ပြောင်ခေါ်ကြပါ တော့သည်။

စာရေးသူမှ ၎င်းအား "မင်းကို ငါမပြောဘူးလား။ ကိုးရက် ကိုးနာရီမှာ လူကိုးယောက်နဲ့ထွက်တာ ကိုးမြို့ရှင်ကြီးနယ်မြေမှာ မလုပ်ကောင်းဘူးလို့" ပြောရာတွင် ၎င်းမှ "အေးကွာ။ မင်းပြောတာ မှတ်တယ်။ ငါးကိုးကောင် ရကတည်းက ငါ ရပ်လိုက်ဖို့ ကောင်း တယ်။ အခုတော့ကွာ လက်မ မရှိဘဲ လက်ချောင်းလေးချောင်း ရှိတော့ ပိုကာတောင် မကစားနိုင်တော့လို့ ကိုးမီးပဲ ရိုက်နေရ ယ်ကွ" လို့ ပြန်ပြောလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ ဖိုးဖင်းဂါးမိုလ်အုံးရွှေအကြောင်း အမှတ်


လေးပါခင်ဗျား။

စာရှုသူများ ကျေနပ်နှစ်သက်နိုင်ကြပါ


ဗိုလ်ကြီးစိန်သ

■

မြရတနာစာပေ



www.burmeseclassic.com



www.burmeseclassic.com

## ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းတုံမြို့နယ်၊ ပုံပါကျင်ရွာ၊ ကြက်ဟင်းခါးသီးတောင်နှင့် ဆက်စပ်လျက်ရှိသော 'နှောင်မွန်ကန်ရေအိုင်' အနီး ခလရ (၆၅) နှင့် တစ်ဖက်နိုင်ငံသစ်ခိုးထုတ်သည့် ရန်သူအားတိုက်ခိုက်ခြင်း

ရေးသူ – ဗိုလ်မှူးဝင်းဟန်

**မိုင်းတုံမြို့အကြောင်း တစ်စေ့တစ်စောင်း**

ကျွန်တော် ဗိုလ်ကြီးဝင်းဟန်သည် ခ.လ.ရ (၆၅) မိုင်းတုံမှ ပဟိုအမြောက်တပ် မိတ္ထီလာမှ ၁၉၈၀ ခန့်တွင် ပြောင်းရွှေ့ရောက်ပါသည်။ မြို့မှာ လူဦးရေနည်းပါးပြီး သွား/လာရေးခက်ခဲသည့်မြို့ဖြစ်သည်။ တပ်ပြောင်းရွှေ့သည့်အခါ အိမ်ထောင်သည်တိုင်း မိုင်းတုံမှ ''တာဆန်း'' ကူးတို့ဆိပ်သို့ တောင်များပေါ်မှ တစ်တောင်ဆင်း တစ်တောင်တက် R.T.C အာရ်တီစီ ခေါင်းပြတ်ကားငယ်ဖြင့်များရသည်။ ကားကြီးများ တောင်တက်/ဆင်း မလွယ်၍ ကားငယ်များဖြင့်သာ (၁) လ တစ်ခါသာ ရပခတိုင်း အစီအစဉ်ဖြင့် သွား/လာရသည့် ''တာဆန်းကူးတို့ဆိပ်'' မှာ သံလွင်မြစ်တစ်ဖက်ကမ်းမှ



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်တစ်ဖက်ကမ်းသို့ စတီးကြိုးဖြင့် သွယ်တန်းထားပြီး ဖေ
နှင့်ချိတ်ဆက်ကာ "Flying-Ferry" (ခေါ်) ''မိုးပျံဖောင်'' ဖြ
ခက်ခက်ခဲခဲ ကူးသန်းရသည်။ တစ်ခါတစ်ရံ သံလွင်ဟိုဘက်က
ဒီဘက်ကမ်းကူးနေစဉ် ဖောင်စတီးကြိုးပြတ်၍ ရေစီးနှင့် မျော
သွားသည့်အခါလည်းရှိသည်။ သံလွင်မြစ်အထက်ရှိ ''တာကော်
တံတားမှာ တရုတ်မှ ဆောက်လုပ်ပေးသည့် သံလွင်မြစ်ကူးတံတ
ဖြစ်ပြီး တောင်ကြီး–ကျိုင်းတုံသွား ကားလမ်းပေါ်တွင် ရှိသည
မိုင်းတုံ–တာဆန်းကူးတို့သွား တောင်တက်ကားလမ်းမှာ လူသွားလူ
လာမှုနည်းပါးသဖြင့် တချို့တောလမ်းနေရာတွင် ရှေးတုန်း
ကျား များတောင်ရှိသည်ဟု ပြောဆိုကြသည်။ မြို့လူထုမှာ အများ
ဆုံး ရှမ်းများဖြစ်သည်။

မိုင်းတုံတပ်မှ အရာရှိများ၊ ဌာနဆိုင်ရာများ၊ မြို့လူထုများ
တောင်ကြီးသို့သွားလိုပါက အဆိုပါ လေယာဉ်ပျံယာဉ်တွင် ''ဆော
တာ (၃၃) ယောက်''စီးကို စီးနင်းလိုက်ပါရသည်။ မိုင်းတုံ
လေယာဉ်ကွင်းမှာ တပ်ခြံစည်းရိုးအောက်တွင်ရှိပြီး ပတ်ပတ်လည်တွင်
တောင်များပတ်လည်ဝိုင်းရံလျက်ရှိသည်။''အော်တာလေယာဉ်''မှ
တစ်ပတ်လျှင် (၃) ကြိမ်ခန့် ပျံသန်းပေးသည်။ မိုင်းတုံမှ ကျိုင်းတုံ
သို့လည်းကောင်း၊ မိုင်းတုံမှ ဟဲဟိုး–တောင်ကြီးသို့လည်းကောင်း
ပျံသန်းပေးသည်။ နွေရာသီတွင် တောင်များ၊ တောင်ယာခုတ်
မီးရှို့ကြ၍ မြင်ကွင်းမကောင်းသဖြင့် လေယာဉ်မဆင်းသက်သည်
များသည်။ မိုင်းတုံမြို့ သွားလာရခက်ခဲခြင်း၊ တောင်ကြီးသို့သွားရ
''တာဆန်း''ကူးတို့ကူးပြီးမှ တစ်လ (၁) ကြိမ်ယာဉ်တန်း ရှိသည်
မိုးတွင်းအခါသွားလိုလျှင် ဟဲဟိုး–တောင်ကြီးသို့တစ်ဆင့် သွား





သည်။ တစ်ခါတစ်ရံ မိုင်းဆတ်မှ လေယာဉ်နေရာမရ၍ ကျိုင်းတုံ
ဂျစ်ကားများဖြင့်သွားကာ ကျိုင်းတုံမှ တောင်ကြီးသို့ ယာဉ်တန်း
ဖြင့် လိုက်ပါရသည်။

**မိုင်းတုံမြို့ပတ်ဝန်းကျင်ရာသီဥတု**

ရှမ်းပြည်နယ်ဖြစ်၍ ''ဆောင်း'' ရာသီ အလွန်အေးပြီး
ပတ်ဝန်းကျင် နံနက်မြူဆိုင်း၊ ညနေဘက် မြူနှင်းများကျပြီး
မှောင်လွယ်သည့် ''နွေ'' ရာသီ၊ တောင်ယာခုတ်မီးရှို့ကြ၍
မိုးများဖြင့် မှိုင်းမှုန်နေသည့် မြင်ကွင်းမကောင်း မှိုင်းဝေနေသည့်
''မိုး'' ရာသီ အမြဲတမ်းစိုစွတ်နေသည်။ အမြဲတမ်း မိုးရွာတတ်သည်။

**ဒေသခံပြည်သူလူထု**

ရှမ်းပြည်နယ်ဖြစ်၍ ရှမ်းအများစုနေထိုင်သည်။ တောင်
ပေါ်တွင် ပလောင်များနေထိုင်ပြီး လားဟူများလည်း တောင်ပေါ်
တွင် နေထိုင်လေ့ရှိသည်။ တချို့လူနည်းစုမှာ ကချင်အနည်း
ငယ်၊ အခါလူမျိုး အနည်းငယ်နေထိုင်ကြသည်။

**တ်ဓာတ်အခြေအနေ။** မိုင်းတုံမြို့မှာ တစ်ဖက်နိုင်ငံနှင့် ရှမ်းနှင့်
များတိုင်းရင်းသားလည်း ထိုင်းသို့ စျေးဝယ်သွားကြသည်။ တချို့
နေရာတွင် လူသူအရောက်နည်း၍ စပါးအစား ဘိန်းကိုသာ စိုက်ပျိုး
လေ့ရှိသည်။ တစ်ဖက်နိုင်ငံ လွယ်လန်းဒေသတွင် မှောင်ခိုဘိန်း
ပက်နက်၊ ကျွဲ၊ နွား၊ ကျောက်မျက်ရတနာများ ရောင်းဝယ်ကြသည်။
ကုံ၏မြောက်ဘက်တွင် မိုင်းကျွတ်ဂွင်ရှိ၍ ဘိန်းစခန်းများရှိ
ဖြင့် မိုးဟိန်းစစ်ဆင်ရေး မကြာခဏပြုလုပ်ပြီး ဘိန်းစခန်းများကို



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးလေ့ရှိသည်။ မိုးဟိန်းစစ်ဆင်ရေး အဆင့် (၁) (၂) (၃) (၄) (၅) (၆) (၇) (၈) (၉) (၁၀) ...စသည်ဖြင့် တိုက်ခိုက် ရှင်းလင်းလေ့ရှိသည်။

## ပုံပါကျင်ရွာ (ယခု ပုံပါကျင်မြို့) အနီး "နောင်မွန် ကန် ရေအိုင်" အနီးတိုက်ပွဲ

ပုံပါကျင်မှ ဆိုင်ကယ်ဖြင့် တောလမ်းအတိုင်းသွားလျှင် တစ်ဖက်နိုင်ငံ ''ထိုင်း'' ယိုးဒယားနိုင်ငံ နယ်စပ်မြို့ ''နောင်အုပ်'' သို့ရောက်ပြီး ဟိုင်းလတ်ကားဖြင့် ဘန်ကောက်အထိ ဈေးတက် ဝယ်ကြသည်။ ဆိုင်ကယ်ဖြင့် နယ်စပ်သို့ ၃၀ မိနစ်၊ ခြေလျင်သွားလျှင် နယ်စပ်သို့ ၃ နာရီခန့်သွားရသည်။ ပုံပါကျင်သည် ကျေးရွာများနှင့် ဆက်သွယ်မှုအရတည်ရှိသဖြင့် တိုက်နယ်ကျေးရွာအဖြစ် ရပ်တည် လျက်ရှိသည်။ ယခုအခါ ပုံပါကျင်သည် မြို့အဖြစ် နယ်စပ်အနီး တည်ရှိပြီး လျှပ်စစ်မီးများထွန်းညှိထားပြီး ရွာမှ ယခင်အခါတည်းက အများစုမှာ တိုက်အိမ်များဖြစ်ပြီး ထိုင်းလက်သမား၊ ထိုင်းအိမ် ဆောက်ပစ္စည်းများဖြင့် ခေတ်မီစွာ ဆောက်လုပ်နေထိုင်ကြသည်။ အများစုနေထိုင်သူမှာ ရှမ်းလူမျိုးများ ဖြစ်သည်။ ရှမ်းလက်နက်ကိုင် ပြည်သူ့စစ်အဖွဲ့ထားရှိသည်။ အနီးအနားရွာများတွင် လားဟူးများ နေထိုင်ပြီး ပြည်သူ့စစ်များ ဖွဲ့စည်းထားရှိသည်။ ယိုးဒယားနှင့် အနီးဆုံး "ကြက်  ႏ်းခါးသီးတောင်" မှ နွေရာသီ ဘုရင်မင်းမြတ်နှင့် ယိုးဒယားမင်းသမီး မိသားစုများလာရောက် နွေရာသီအပန်းဖြေရာ နေရာ ဖြစ်သည်။ မြန်မာပြည် အညာဒေသမှ အလုပ်သမားများ လာရောက်အလုပ်လုပ်ကြသည်။ မြက်ရှင်း၊ အပင်စိုက် အလုပ်





များလုပ်ကြရပြီး (၁) လလျှင် အလုပ်သမား (၁)ဦး ဘတ် (၈၀၀) လုပ်ခရသည်။

## တိုက်ပွဲဖြစ်ပွားခြင်း

၁၉၈၁ ခုနှစ်၊ အောက်တိုဘာလခန့်က သတင်းအရ သစ်ခိုး လက်နက်ကိုင်အဖွဲ့များ လာရောက်သစ်ခိုးထုတ်မည်ဟု သတင်း အတိအကျရရှိသဖြင့် ခလရ (၆၅) တပ်ရင်းမှ ညွှန်ကြားချက်အတိုင်း ကျွန်တော် ဗိုလ်ကြီးဝင်းဟန်မှ တပ်စု (၁) စု၊ ကျန် အရာရှိများမှ (၁)စုစီ စုစုပေါင်းတပ်စု (၄) စုဖြင့် မိုင်းတုံအရှေ့ဘက် ပုံပါကျင်ရွာတွင် စုဖွဲ့စခန်းချပြီး ညဘက် ၁၂ နာရီကျော်ခန့် ရွာမှ ၅ မိုင်ခန့်အကွာ နောင်မွန်ကန်ရေအိုင်အနီး ၄ နေရာဖြန့်ခွဲ၍ နေရာအသီးသီးယူပြီး စောင့်ဆိုင်းနေကြသည်။ ဗိုလ်ကြီး ဝင်းဟန်နှင့် စု (၁)စု တို့သည် နောင်မွန်ကန် ရေအိုင်ကြီး၏ အနောက်မြောက် သစ်ပင်ကြီးများ ပုံထားရာအနီး ရောက်ရှိနေရာယူစဉ် နံနက် (၀၆၀၀) နာရီခန့်တွင် ရန်သူသစ်ခိုးကြေးစားတပ်ဖွဲ့သည်လည်း ရောက်ရှိလာပြီး ရန်သူမှ မလှမ်းမကမ်း ကျောက်တောင်နေရာယူနေစဉ် စကားပြောသော အသံများလည်း ကြားသိနေရသည်။ မိမိတပ်စုမှ နေရာအမြန်ယူပြီး ရန်သူရှိရာ ကိုက် ၁၀၀ ခန့် ကျောက်တောင်ကုန်းသို့ မိမိတပ်မှ တပ်ဖြန့်ထားကာ သစ်ပင်များ လှဲထားမှုကို အကာအကွယ်ယူပြီး ရန်သူရှိရာသို့ စတင်ပစ်ခတ်ရာ လက်နက်ငယ်ပစ်ခတ်သံများ ညံနေပြီး မိမိတပ်မှ အမ် ၇၉ ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်သဖြင့် ရန်သူများ စတင်ဆုတ်ခွာနေသဖြင့် မိမိတို့မှ နောက်မှ အဆက် မပြတ်ပစ်ခတ်ရာ ရန်သူများ အလျင်အမြန်ဆုတ်ခွာသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ခွာသွားသော သစ်နိုးကြေးစားအဖွဲ့အား နောင်ကန်ရေအိုင် အရှေ့ဘက်တွင် အသင့်စောင့်နေသော မိမိတပ်စု (၁) ဖွဲ့မှ ရန်သူ အား အပြီးအပိုင်ချေမှုန်းရာ ရန်သူအချို့ကျဆုံးပြီး ကျန်တချို့ တစ်ဖက်နိုင်ငံသို့ ဝင်ရောက်ထွက်ပြေးသွားကြသည်။ မိမိတပ် အသေးစိတ်ရှင်းလင်းရာ ရန်သူအလောင်း ၁၃ လောင်း၊ လက်နက် ၁၃ လက်နှင့်အတူ အသေဖမ်းဆီးရမိသည်။ သစ်နိုးထုတ်မည့် မော်တာလွှစက်များ၊ ဆင် ၂ ကောင်လည်း အတင်းထွက်ပြေး ဖမ်း၍မရသဖြင့် သေနတ်ဖြင့်ဝိုင်းပစ်ကြရာ တစ်ဦးချင်း ဆင်အား ချက်ကောင်းနေရာများ အနှံ့အပြား ပစ်ခတ်သဖြင့် ဆင် ၂ ကော လုံး တုံးလုံးလဲလျောင်းနေသဖြင့် တပ်မှလက်လျှော့ပြီး ပြန်ခဲ့ကြ သည်။ ခလရ (၆၅) မိုင်းတုံတပ်မှ တိုက်ပွဲဖြစ်စဉ်အား အရှေ့ပိုင်း စစ်ဌာနချုပ်သို့ တင်ပြခဲ့သည်။

## တိုက်ပွဲတွင် ဒဏ်ရာရ/ကျဆုံးသိမ်းဆည်းရမိ၊ လက်နက် ခဲယမ်းများတင်ပြခြင်း

**မိမိတပ်မတော်**

(၁) ဒဏ်ရာရ၊ ကျဆုံးမရှိ

(၂) လက်နက်ခဲယမ်း၊ ဆုံးရှုံးမှုမရှိ

**ရန်သူကြေးစား...ပ် (တစ်ဖက်နိုင်ငံ)**

(၁) ရန်သူကျဆုံး (၁၃) လောင်း

(၂) လက်နက်/ခဲယမ်း (၁၃) လက်နှင့် ကျည်မျိုးစုံ

(၃) သစ်နိုးရာတွင်သုံးစွဲသည့် လက်ဆွဲမော်တာ လွှစက်များ





(၄) ဆင်သေ (၂) ကောင် (တစ်ဖက်နိုင်ငံမှ) သိမ်းဆည်းရရှိသည်။

## ရပစတိုင်းဌာနချုပ်မှ တင်ပြရန် ညွှန်ကြားခြင်း

(၁) တိုက်ပွဲတွင် အသေဖမ်းဆီးရမိသည့် ဆင် (၂) ကောင်၏ နားရွက် (၄) ခု (သို့မဟုတ်) ဆင်နှာမောင်း (၂) ခု၊ ထပ်မံ အတည်ပြုတင်ပြရန် ညွှန်ကြားလာခဲ့

(၂) မိမိ ခလရ (၆၅) တပ်မှ တိုက်ပွဲဝင်အရာရှိများ၊ စစ်သည် များမှ တိုက်ပွဲဖြစ်ရာ 'နောင်မွန် ကန်'သို့ ထပ်မံသွား ရောက်ပြီး ရေလယ်ခေါင် ဆင်သေ (၂) ကောင်မှ နားရွက် (၄) ခုဖြတ်ပြီး ရပခတိုင်းသို့ ပေးပို့ခဲ့သည်။

## ကက (ကြည်း)မှ ချီးကျူးသည့် ကြေးနန်းပေးပို့ လာခြင်း

ခလရ (၆၅) မိုင်းတုံတပ်မှ တိုက်ပွဲဝင် မိမိ ဗိုလ်ကြီး ...ကန်နှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား အထက် ...ပြပါ ကြေးနန်းအရ ကက (ကြည်း)မှ ချီးကျူးဂုဏ်ပြုကြောင်း ...ရှိရသည်။

**ဗိုလ်မှူးဝင်းဟန်**

■




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

" ပါမုံတောင်တိုက်ပွဲပြမြေပုံ "




www.burmeseclassic.com

www.burmeseclassic.com

## ကွတ်ခိုင်–မူဆယ်သွား ကားလမ်းဘေးရှိ စီစီဝမ်၊ တာပန်တောင်ကြောနှင့်ဆက်စပ်နေသော 'ပါမုံ့တောင်' တိုက်ပွဲ

ရေးသူ – ဗိုလ်မှူးဝင်းဟန်

### ၁၉၇၅ ခု၊ ဖေဖော်ဝါရီလ

**●မြေပြင်အခြေအနေ**

စီစီဝမ်၊ တာပန်၊ ပါမုံ့တောင်တို့မှာ လားရှိုး–ကွတ်ခိုင်–မူဆယ် ကားလမ်းဘေး အရှေ့ဘက်၊ ကိုက် ၈၀၀၀ ကျော်ခန့် တောင်မြောက် မှယ်တန်းတည်ရှိသည့် ပါမုံ့တောင်မှာ ကွတ်ခိုင်–မူဆယ်သွား ကားလမ်းဘေး အနီးဆုံးနေရာ ကိုက် ၅၀၀ ခန့် တည်ရှိပြီး ပါမုံ့တောင်တစ်ပိုက်၊ ကွတ်ခိုင်–မူဆယ် သွားကားလမ်းမှာ (ပ)စောက် ကွ့သဏ္ဌာန် တည်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရန်သူအခြေအနေ

ဗကပမြောက်ပိုင်းဗဟိုမှာ မုံးကိုးတွင်အခြေပြုပြီး ဗဟိုခွဲအော... တွင် မုံးပေါ်ဒေသတွင် ဗကပတပ်မဟာ (၂)ရှိသည်။ တပ်မဟာ... (၃) အား ကေအိုင်အေ (ကချင်)ဖြင့် ဖွဲ့စည်းထားပြီး လွယ်ဂျ... ဒေသတွင်လည်းကောင်း၊ တပ်မဟာ(၄)အား နမ့်ဖက်ကာ အရှေ့... ခြမ်း ဆမားဒုဘန်တွင်လည်းကောင်း ဖွဲ့စည်းထားရှိသည်။ မြော... ပိုင်းဗျူရို အတွင်းရေးမှူး ရဲဘော်အောင်နှင့် ကေအိုင်အေ ဗ... ဥက္ကဋ္ဌ ဘရန်ဆိုင်းတို့ ပူးပေါင်းဖွဲ့စည်းထားရှိသည်။ ပူးတွဲတပ်မ... အား မြောက်ပိုင်းဗျူရိုတပ်မှူး ရဲဘော်ဘသင်၊ တပ်မ(၄၈) နိ... ရေး... ရဲဘော်စိုးသိမ်း၊ စစ်ဦးစီးမှူး ရဲဘော်ထွန်းတင်တို့ ပါဝ... ကြသည်။ ရဲဘော်အောင် (ခေါ်) အသားမဲမျိုးမြင့်သည် မုံးကို... မုံးယားသို့ ပြောင်းရွှေ့လာပြီး အနီးကပ်ကွပ်ကဲသည်။ ပူးတွဲတပ်မျ... သည် ကွတ်ခိုင်-နမ့်ဖက်ကာ ကားလမ်းတစ်လျှောက်တွင်လည်... ကောင်း၊ တာမိုးညဲ (ကွတ်ခိုင်) ဒေသတွင်လည်းကောင်း လှုပ်ရှ... ကြသူဖြစ်သည်။

## မိမိတပ်အခြေအနေ

မြန်မာနိုင်ငံအထက်ပိုင်း၌ ရှေ့တန်းအမှတ် (၉၉) ခြေမြ... တပ်မဟာနချုပ်အား ကွတ်ခိုင်တွင်လည်းကောင်း၊ နည်းဗျူဟာ (... စုနှင့် တပ်ရင်း(၃)ရင်းသည် ကွတ်ခိုင်တွင်လည်းကောင်း၊ မူဆ... တွင် တပ်ရင်း (၁)ရင်းနှင့် ၎င်းတပ်ရင်းမှ ရစ်ကြောင်း(၁)နှင့် (... ခွဲအား မူဆယ်တွင် အခြေပြုသည်။ ထိုအချိန်က ရှေ့တန်းအမှတ်(... ခြေမြန်တပ်မဟာနချုပ်သည် ကျိုင်းတုံတွင်လည်းကောင်း၊ ရှေ့တ...





...အမှတ်(၇၇) ခြေမြန်တပ်မဟာနချုပ်သည် လဲချားတွင်လည်းကောင်း၊ ...ရှေ့တန်းအမှတ် (၆၆)နှင့် ရှေ့တန်း အမှတ်(၄၄) ခြေမြန်တပ်မ...ဟာနချုပ်တို့အား သထုံတွင်လည်းကောင်း အသီးသီးထားရှိပါသည်။

## ...စီဝမ်၊ တာပန်၊ ပါမွံ့တောင်ဒေသရှိ ပြည်သူများအကြောင်း

စီစီဝမ်၊ တာပန်၊ ပါမွံ့တောင်တစ်ဝိုက် နေထိုင်ကြသော ...တိုင်းရင်းသားများမှာ ရှမ်းတိုင်းရင်းသားများ၊ ကချင်တိုင်းရင်းသားများ၊ ပလောင်တိုင်းရင်းသားများသာ နေထိုင်ကြသည်။ ...တိုင်းရင်းသားအချို့မှာ ဗကပတို့နှင့်ဝေးရာ ကွတ်ခိုင်-မူဆယ် ...ကားလမ်းတစ်လျှောက်တွင် နေထိုင်ကြသည်။ စီစီဝမ်တာပန်ရှိ ...အမျိုးသားများသည် တစ်အိမ်ထောင် တစ်ဦးကျ ဗကပပြည်သူ့...စစ်အဖြစ် တာဝန်ထမ်းကြရသည်။ မြောက်ဘက် ကောင်းခါးရွာတွင် ...ကချင်တိုင်းရင်းသားများ၊ အရှေ့ဘက် မုံးပေါ်ချိုင့်ဝှမ်းတွင် ရှမ်း...တိုင်းရင်းသားများ၊ ကချင်၊ ပလောင်များနေထိုင်ကြသည်။ ဗကပတို့...ရန်ကြောင့် မူဆယ်မြို့နှင့် ပတ်ဝန်းကျင်ရွာများသို့ ရွှေ့ပြောင်း...နေထိုင်ကြသည်။ စီစီဝမ် တာပန် တောင်ဘက်တွင် ကချင်တိုင်းရင်း...သားများ၊ ပလောင်တိုင်းရင်းသားများ နေထိုင်လာကြသည်။ ကြူကုတ် (ပန်ဆိုင်း)ဒေသသည် ဗကပများ စိုးမိုးထားခြင်းကြောင့် (၁၀၅)မိုင်နှင့် ကြူကုတ် ကားလမ်းတစ်လျှောက်သည် စိတ်မချရ...သည့်နယ်မြေတွင် ပါဝင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



## မူဆယ်မြို့

ရှမ်းများနေထိုင်ကြသည့် တစ်ဖက်ကမ်း တရုတ်နိုင်ငံနှင့်မူ... ရွှေလီမြစ်နှင့် နယ်စပ်ခြင်း ခြားနားထားသည်။ အထူးသဖြင့် ... တရုတ်သွေးနှောသူများ လာရောက်နေထိုင်ပြီး ကျန်တိုင်းရင်းသ... များမှာ ရှမ်း၊ ပလောင်၊ ကချင်များ နေထိုင်ကြသည်။ အထူးသ... ဗကပရန်ကို ကြောက်၍လည်းကောင်း၊ ပြည်သူ့စစ် ခိုင်းစေမှု... ခံစားရမှာစိုး၍လည်းကောင်း တိမ်းရှောင်သူ စစ်ပြေးများ ပါ... သည်။ မူဆယ်၏အဝင်ဝတွင် ဗျူဟာကုန်း ရှိသည်။ ယခင်က... လေယာဉ်ကွင်းဟောင်းဟု သိရှိရသည်။ ဗျူဟာကုန်းတွင် ဗျူဟာ... တစ်ခု အမြဲတမ်း စခန်းချနေထိုင်သည်။ အနီးစပ်တောင်ကုန်းမှာ... တောင်နီဖြစ်ပြီး တပ်မှစိုးမိုးထားသည်။ တောင်နီနှင့်ကပ်လျက်... ဖရုံတောင်မှ''ဖရုံသီး''သဏ္ဍာန် တောင်ကတုံးဖြစ်ပြီး ပေ (၅၅၀၀)... ခန့်မြင့်ပြီး စီစီဝမ်၊ တာပန်နှင့် နီးသည်။ မူဆယ်နှင့်အနီးဆုံးမှာ... ၁၀၅ မိုင် ကားလမ်းရှိရာ ကွတ်ခိုင်သို့သွားသည့် ၁၀၅ မိုင် ကား... လမ်းဆုံ တည်ရှိသည်။

## ကျူကုတ်/ပန်ဆိုင်းလမ်း

(၁၀၅)မိုင် ကျူကုတ်/ပန်ဆိုင်းလမ်းအတိုင်းဖြင့် သွားပါက... တစ်ဖက်နိုင်ငံ ဝမ်တိမ်သို့ရောက်သည်။ အဆိုပါ ကားလမ်းမှာ... ဗကပစိုးမိုးထား၍ ထိုလမ်းကို မသုံးစွဲဘဲ ရှိပါသည်။





## ...တ်ခိုင်မြို့

ကွတ်ခိုင်မှ မူဆယ်သို့သွားလျှင် မိုင် ၈၀ ခန့် ဝေးသည့် ...တ်ခိုင်သည် အများအားဖြင့် ကချင်တိုင်းရင်းသားများနေထိုင်သည်။ ...ခြားတိုင်းရင်းသားအနည်းစုမှာ ရှမ်း၊ ပလောင်တို့ဖြစ်သည်။ ...တန်းတပ်မ (၉၉) ဌာနချုပ် စခန်းချရာဖြစ်ပြီး တပ်မတော် (လေ) ...ရေဒါစခန်းတစ်ခုလည်းရှိသည်။ ပစ်ကူတပ်အဖြစ် အမြောက် ...တပ်ခွဲများလည်း ရှိသည်။

## ...စီဝမ်၊ တာပန် တိုက်ပွဲဖြစ်ရာ ပါမွှတောင်မြေအခြေအနေ

စီစီဝမ်၊ တာပန်ဒေသသည် လားရှိုး၊ ကွတ်ခိုင်၊ မူဆယ်ကား ...လမ်း၏ အရှေ့ဘက် (၅)မိုင်ကျော်တွင် တည်ရှိသည်။ အဆိုပါ ...စီဝမ်၊ တာပန်ဒေသနှင့် ဆက်စပ်လျက်ရှိသည့် ''ပါမွှတောင်''မှာ ...ကွတ်ခိုင်–မူဆယ်ကားလမ်း အရှေ့ဘက် ကိုက် (၁၅၀၀) အကွာ ...အနီးဆုံး တည်ရှိသည့်နေရာ ဖြစ်သည်။ စီစီဝမ် တာပန်မှာ ...တောင်ကြောအမြင့်ပေ (၅၀၀၀)ရှိပြီး ပါမွှတောင်မှာ အမြင့်ပေ (၅၀၀)ခန့် ရှိသည်။ တောင်အလျားမှာ ပေ (၁၀၀၀)ခန့် ရှည်လျားပြီး ...အနံမှာ ပေ(၅၀)ခန့်ရှိပြီး အဝေးမှကြည့်လျှင် ပေါင်မုန့်တစ်လုံးနှင့် ...ပုံသဏ္ဍာန်တူသည်။

## စီစီဝမ်၊ တာပန်၊ ပါမွှတောင်၊ ရာသီဥတု

ရှမ်းပြည်ဖြစ်၍ တောင်များဝိုင်းရံလျက်ရှိပြီး ဆောင်းရာသီ ...နံနက်ပိုင်း၊ ညနေပိုင်း ဆီးနှင်းများ ကျပြီး တစ်နေ့လုံး ဆီးနှင်းများ ထူထပ်စွာကျလေ့ရှိသည်။ နွေရာသီ ပူပြင်းခြောက်သွေ့ပြီး တော...



www.burmeseclassic.com

www.burmeseclassic.com



တောင်များမီးလောင်ခြင်း၊ တောင်ယာမီးရှို့ခြင်းကြောင့် ပတ်ဝန်းကျ မီးခိုးများဖြင့် မှိုင်းဝေနေပြီး မြင်ကွင်းမကောင်း မှုန်ဝါးနေသည့် မိုးရာသီတွင် မိုးများပြီးစိုစွတ်နေသည်။ ချောင်းများ ရေလျှံခြ တောင်ကျရေဆင်းခြင်းကြောင့် သွား/လာရေး ခက်ခဲသည်။

**ပါမုံ့တောင်တိုက်ပွဲမဖြစ်မီ မိမိရန်သူတပ်များ အခင် အကျင်း မိမိတပ်အခင်းအကျင်း**

(၁) ကွတ်ခိုင်ရှိ ရှေ့တန်းတမခ (၉၉)မှ ဗျူဟာ မှူး (၁) ဦးနှ ဦးစီးရုံးအဖွဲ့

(၂) ရှေ့တန်း တမခ(၉၉)မှ လက်အောက်ခံ တပ်ရင်း (၁) ရင်းမှ လက်အောက်ခံခြေလျင် (၁)ခွဲ

(၃) B.E ဘီအီးတပ်မှ ဗိုလ်ကြီး(၁)ဦးနှင့် မိုင်းရှင်း လင်းရေး(၁) ဖွဲ့

(၄) အမြောက်တပ်မှ တပ်စု(၁)စုနှင့် စိန်ပြောင်း ကြီး(၂) လက် ၎င်းကျည် (၂၀၀)တောင့်

(၅) အမြောက်တပ်ရင်း အမတ(၁)မှ ဒုမှူးကြီး(၁)ဦး (ပစ်ကူအကြံပေး)

(၆) အမြောက်တပ်ရင်း အမတ (၃)မှ ဒုမှူးကြီး (၁)ဦး (ပစ်ကူအကြံပေး)

**ရန်သူတပ်အခင်းအကျင်း**

(၁) ရန်သူ ဗကပ (၂၀၀၀)ခန့် စီစီဝမ်၊ တာပန် မူဆယ်နှ (၁၀၅)မိုင်တစ်ဝိုက်





(၂) တိုက်ပွဲဖြစ်ချိန်"ပါမုံ့တောင်"ဗကပ(၂၀၀)ခန့် အနီးတစ်ဝိုက် တွင် နေရာယူဖြန့်ခွဲထားသည်။

(၃) ရန်သူ ဗကပအင်အား (၂၀၀၀)ခန့်မှာ (၁၀၅)မိုင်အနီးရှိ တောင်များတွင် အဆင့်ဆင့်ခြေကုတ်ယူထားပြီး အမှတ် (၉၉၃)နည်းဗျူဟာကွပ်ကဲမှုအဖွဲ့အောက်ရှိ "ပွိုင့် –၄၅၆၁" အမြောက်တောင်ကုန်းအား ၁၉၇၅ခု၊ ဖေဖော်ဝါရီလတွင် လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်ပြီး နာရီပိုင်းသိမ်းပိုက် ထားစဉ် မိမိတပ်များမှ ပြန်လည်ပြီး အရာရှိများ၊ စစ်သည် များ အသက်ကိုပဓာနမထားဘဲ နာရီပိုင်းအတွင်း ရန်သူ ဗကပအား လျှပ်တစ်ပြက် တန်ပြန်တိုက်ခိုက်ပြီး အမြောက် တောင်ကုန်း"ပွိုင့်–၄၅၆၁"အား ပြန်လည်တိုက်ခိုက် သိမ်းပိုက်သည့်အချိန် ဖြစ်သည်။

(၄) ပွိုင့်–၄၅၆၁ အမြောက်တောင်ကုန်းအား ရန်သူ ဗကပမှ တိုက်ခိုက်သိမ်းပိုက်ပြီး နာရီပိုင်းအကြာ မိမိတပ်မတော်မှ ပြန်လည်တိုက်ခိုက်ပြီး(၂)ပတ်ခန့် အကြာ"ပါမုံ့တောင်" တိုက်ပွဲ ပြန်လည်ဖြစ်မည့်အခါဖြစ်သည်။

**ပါမုံ့တောင်တိုက်ပွဲ**

**ည်နေရာ**

စီစီဝမ်၊ တာပန်၊ တောင်တန်းမှ သွယ်လှုဆက်စပ်နေသည့် ောင်ဆွယ်တစ်ခု ဖြစ်သည်။ တစ်နည်းဆိုသော် မူဆယ်(၁၀၅) ရာ ပွိုင့်"၄၅၆၁"ပေ တောင်ကုန်းနှင့် မနီးမဝေးနေရာတွင် ရှိသည်။ ကွတ်ခိုင်၊ မူဆယ် ကားလမ်း၏အရှေ့ခြမ်း၊ ကွတ်ခိုင်



www.burmeseclassic.com

www.burmeseclassic.com



မှ မူဆယ်သို့သွားရာ ကားလမ်းညာဘက်ခြမ်းတွင် တည်ရှိသည်။ ကွတ်ခိုင်-မူဆယ် ကားလမ်း၏အရှေ့ခြမ်း ကွတ်ခိုင်မှ မူဆယ်သို့ သွားရာ ကားလမ်း ညာဘက်ခြမ်းတွင်တည်ရှိသည်။ ပွိုင့်''၄၅၆၁'' ပေ တောင်ကုန်းနှင့် မလှမ်းမကမ်းတွင်တည်ရှိသည်။ ပွိုင့်''၄၅၆၁'' တောင်ကုန်းမှ ကွတ်ခိုင်မှ မူဆယ် သွားရာကားလမ်း ဘယ်ဘက်ခြမ်း တွင် တည်ရှိသည်။

## ကွတ်ခိုင်၊ မူဆယ်၊ ရန်သူ့အခြေအနေ

ပွိုင့်''၄၅၆၁'' အမြောက်တောင်ကုန်းအား ရန်သူ ဗကပ လျှပ်ပြက် တိုက်ခိုက်သိမ်းပိုက်ပြီးနောက် မိမိတပ်မတော် ရှေ့တန်းနည်းဗျူဟာ (၉၉၃)မှ စုဖွဲ့ထားသည့် စစ်ကြောင်းများမှ နာရီပိုင်းအတွင်း တန်ပြန်တိုက်ခိုက်ပြီး ပွိုင့်- ၄၅၆၁တောင်ကုန်းအား ပြန်လည်သိမ်းပိုက်ခဲ့သည်။ ထိုစဉ်က မူဆယ်နှင့် စီစီဝမ် တာပ.. တစ်ဝိုက်တွင် ရန်သူ ဗကပ ၂၀၀၀ ခန့် ဖြန့်ခွဲပြီး အဆင့်ဆင့် ခြေကုတ်ယူထားသည့်အချိန် ဖြစ်သည်။ ရန်သူ ဗကပမှ ပွိုင့် ''၄၅၆၁''ပေ တောင်ကုန်းအား တိုက်ခိုက်သိမ်းယူရခြင်းမှာ ရှေ့တန်းနည်းဗျူဟာ (၉၉၃)လက်အောက်ရှိ အဓိက အချက်အခြာ ကျသည့် အမြောက်တောင်ကုန်း ဖြစ်သည်။ ရန်သူ/မိမိ တိုက်ပွဲ ဖြစ်သည့်အခါတွင်လည်းကောင်း၊ ရန်သူတပ်စွဲထားရာ စီစီဝမ်တာပ.. တောင်ကုန်းအားလည်းကောင်း၊ အမြောက်ကြီးများဖြင့် ပစ်ခတ်/ ပစ်ကူပေးသောကြောင့် ဖြစ်သည်ဟု ယူဆရပါသည်။





**မိမိတပ်အားစုဖွဲ့ထားပြီး ရန်သူ့သတင်းရယူရန်နှင့် နယ်မြေအခြေအနေထောက်လှမ်းရန် စေလွှတ်ခြင်း**

ကွတ်ခိုင်ရှိ ရှေ့တန်းတပ်မ (၉၉)မှ တပ်မမှူး ဗိုလ်မှူးချုပ် မင်းဂေါင်မှ အောက်ပါတပ်ဖွဲ့များစုဖွဲ့ပြီး ကွတ်ခိုင်မှ မူဆယ်သို့ နယ်မြေရှင်းလင်းရန်နှင့် သတင်းရယူရန် စေလွှတ်လိုက်ပါသည်။

(က) နည်းဗျူဟာ (၉၉၃)မှ ဗျူဟာမှူး ဗိုလ်မှူးကြီး သူရ ညွန့်တင်နှင့် ဦးစီးရုံးအဖွဲ့

(ခ) တမခ(၉၉) လက်အောက်ခံတပ်ရင်းမှ တပ်ခွဲ(၁)ခွဲ

(ဂ) B.E ဘီအီးတပ်မှ ဗိုလ်ကြီးမောင်ပိ ဦးစီးသော မိုင်းရှင်းလင်းရေးတပ်ဖွဲ့ (၁)ဖွဲ့

(ဃ) အမြောက်တပ်ဖွဲ့မှ အမှတ်(၁) အမြောက်တပ် မိတ္တီလာတပ်မှ ဒုမှူးကြီးထွန်းကြည် ဦးစီး (အကြံပေး) အဖွဲ့

(င) အမှတ်(၃) တင့်ကားပစ်အမြောက်တပ်မှ ဒုမှူးကြီးတင်မောင် ဦးစီး(အကြံပေး)အဖွဲ့

(စ) လားရှိုးရှိ အမှတ်(၂) အမြောက်တပ်မှ ဗိုလ်ကြီးဝင်းဟန် ဦးစီး(ပြင်သစ်လုပ်) ဘရန့်စိန်ပြောင်းကြီး (၂)လက်နှင့် ၄င်းကျည် ၂၀၀ တောင့်ပါဝင်သည်။

ကွတ်ခိုင်မှ ၁၉၇၅ ခု၊ ဖေဖော်ဝါရီ ဒုတိယအပတ် နံနက်ပိုင်း စထွက်ပြီး နံ့ပေါ်ချောင်းတံတားသို့အရောက် ခေတ္တယာဉ်တန်းနားပြီး ဗျူဟာမှူးမှ နယ်မြေကြည့်ရှုပြီး အမြောက်တပ်မှူးထံ အကြံဉာဏ် တောင်းဆို ညှိနှိုင်းပြီး ဗျူဟာမှူးမှ အမှတ(၂) ဗိုလ်ကြီးဝင်းဟန်အား နံ့ပေါ်တံတားရှိ စခန်းဟောင်းမှ အဝေးတွင်လှမ်းမြင်ရသည့် ''လွယ်စန္ဒာ''တောင်ကြောတစ်လျှောက် တောက်ကုန်းများအား



www.burmeseclassic.com

www.burmeseclassic.com



ပစ်နိုင်းရာ ဗိုလ်ကြီးဝင်းဟန်မှ ပြင်သစ်လုပ် ဘရန်းစိန်ပြောင်း
၂ လက်ရှိ အမြောက်စစ်သည်များအား နေရာယူခိုင်းပါသည်
ကျွန်တော်မှ အမြောက်(၁) လက်လျှင် အမြောက်ကျည် ၃ တော
ပေါင်း (၆) တောင့်အား နေရာအသီးသီးသို့ အကဲကြည့်ပြီး "လွ
စန္ဒာ" တောင်ကြောသို့ "အမြောက်တပ်ဖွဲ့ နေရာယူ"ဟု အမိ
ပေးပြီး "အမြောက်(၁)လက် (၃)တောင့်စီ"၊ "ကိုက် ၂၀၀
တာဝေး" "ပစ်"ဟု အမိန့်ပေးရာ အမြောက်စိန်ပြောင်း (၂)လက်
"ဖောက်"ဟုမြည်ကာ ရှေ့ကိုက် (၂၀၀၀) ကွာဝေးရှိ "လွယ်စန္ဒာ
တောင်ကြောပေါ်တွင် "ဂျိုင်း ဂျိုင်း ဂျိုင်း"ဟု ပေါက်ကွဲပြ
စုစုပေါင်း ဘရန်းစိန်ပြောင်း (၂)လက်မှ ကျည်(၆)တောင့် တော
ကြောပေါ်သို့ အစီအရီ "ဂျိုင်း . . . ဂျိုင်း . . . ဂျိုင်း"ပေါက်ကွဲသ
ကြားရသည်။ ရန်သူရှိရာ တောင်ကြောများမှ ဘာမျှပြန်လည်
ပစ်ခတ်သံ မကြားရပါ။ ဗျူဟာမှူးမှ နမ့်ပေါ်တံတားစခန်းဟော
ခေတ္တနာရီဝက်ခန့်နေပြီး T.E တီအီး(၁၁) ယာဉ်တန်း(၁၀)စီး ဆ
လက်ပြီး မူဆယ်သို့ထွက်ခွာခဲ့ပါသည်။ ကားလမ်းဘယ်ဘက် ကို
(၁၀၀၀)အကွာ ပွိုင့် "၄၅၆၁"ပေ အမြောက်တောင်ကုန်းရှေ
ရောက်ရှိလာပြီး ဘာမှမထူးခြား၍ ဆက်လက်ထွက်ခွာလာရာ မုံ
(၁၀၅)မိုင်သို့ ရောက်ရှိသည်။ ခေတ္တရပ်တန့် သတင်းစုံစမ်း
ဘာမှမထူးခြား၍ မူဆယ်မြို့သို့ ဆက်လက်ချီတက်ခဲ့ပါသည်
မူဆယ်မြို့သို့ရောက်လျှင်"ဗျူဟာကုန်း" "လေယာဉ်ကွင်းဟောင်
နေရာတွင် စခန်းချနေရာယူပြီး အနီးစပ်ဆုံး "တောင်နီ" တော
အား လက်နက်ကြီးများနှင့် စိုးမိုးထားသည်။ ဗျူဟာမှူးမှ မြို့လူ
နှင့် သတင်းပေးသူ ထောက်လှမ်းရေးများထံမှ သတင်းများရ





ကြည့်ရာ ပွိုင့် "၄၅၆၁"တောင်ကုန်းအား တိုက်ခိုက်ခဲ့သည့် ဗကပ
အင်အား ၂၀၀၀ ခန့်မှာ တချို့မှ ၎င်းတို့စခန်းရှိရာ စီစီဝမ်တာပန်သို့
ပြန်သွားကြပြီး တချို့ဗကပများမှာ ရွှေလီတစ်ဖက် "မန်ဟီရိုး"
သို့လည်းကောင်း၊ တချို့ဗကပများမှာ နမ့်ခန်းတစ်ဝိုက်သို့လည်း
ကောင်း ပြန်လည်ဆုတ်ခွာသွားပြီး ကျန်အင်အား ဗကပ (၁၀၀၀)
ခန့် ဆက်လက်လှုပ်ရှားလျက်ရှိကြောင်း ကြားသိရပါသည်။
ဗျူဟာမှူး ဗိုလ်မှူးကြီး သူရညွန့်တင်မှ မူဆယ်မြို့ရှေ့တန်းစခန်းတွင်
တစ်ပတ်ခန့် ရန်သူသတင်းယူပြီး မူဆယ်မှကွတ်ခိုင်သို့ နေ့လယ်
(၁၂)နာရီခန့် ပြန်လည်ထွက်ခွာခဲ့သည်။

## မူဆယ်မှအပြန် မိမိတပ်ဖြန့်ခွဲ ချီတက်မှုများ

ရှေ့တန်း TE တီအီးယာဉ်တွင် ပွိုင့်တပ်စုထားရှိပြီး ခြေလျင်
တပ်ခွဲမှာ TE တီအီးယာဉ် (၇)စီးပေါ် ဖြန့်ခွဲထားရှိပြီး ယာဉ်တန်း
အလယ်တွင် ဗျူဟာမှူးယာဉ်တန်း လိုက်ပါသည်။ ၎င်းနောက်တွင်
အမြောက်တပ်မှ ဂျစ်ယာဉ်ပေါ်တွင် အမတ(၁) တပ်မှူး ဒုမှူးကြီး
ထွန်းကြည်၊ အမတ(၃) တပ်မှူး ဒုမှူးကြီးတင်မောင်တို့ လိုက်ပါပြီး
ယာဉ်တန်းနောက်ဆုံး TE တီအီး (၂)စီးယာဉ်တွင် ပြင်သစ်လုပ်
ဘရန်းစိန်ပြောင်း(၂)လက်၊ TE တီအီးယာဉ်တစ်စီးတွင် ဘရန်း
စိန်ပြောင်းကျည် (၁၀၀)တောင့်စီ၊ နောက်ဆုံး ဒုတိယယာဉ်တွင်
အမတ(၂) လားရှိုးတပ်မှ ဗိုလ်ကြီးဝင်းဟန် လိုက်ပါပြီး နောက်ဆုံး
TE ယာဉ်တွင် တပ်ကြပ်ကြီး (၁)ဦး၊ ဘရန်းစိန်ပြောင်း (၁)လက်၊
၎င်းကျည် (၁၀၀)တောင့်ပါဝင် လိုက်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



yGdKifh 4561 tajrmufawmifukef; ppfaq;jcif;

မှူဆယ်မှ ယာဉ်တန်းထွက်လာပြီး မုံးယု(၁၀၅)မိုင်သို့ရောက်ရှိပြီး ၎င်းမှဆက်လက်ထွက်ခွာလာရာ ပွိုင့် "၄၅၆၁"ပေ တောင်ကုန်းသို့ ရောက်ရှိပြီး ယာဉ်တန်းအား ခေတ္တရပ်တန့်ပါသည်။ ဗျူဟာမှူး ဗိုလ်မှူးကြီး သူရညွန့်တင်နှင့်အတူ အမြောက်တပ်မှ ဒုမှူးကြီး ထွန်းကြည်၊ ဒုမှူးကြီးတင်မောင်တို့ ဗျူဟာမှူးနှင့်အတူ လိုက်ပါကာ လုံခြုံရေးအစောင့်များဖြင့် ခြေလျင်ချီတက်ပြီး ပွိုင့်"၄၅၆၁"ပေ အမြောက်တောင်ကုန်းအား နာရီဝက်/တစ်နာရီခန့် စစ်ဆေးပြီး နောက် ယာဉ်တန်းရှိရာသို့ အားလုံးပြန်လာကြပါသည်။

## ယာဉ်တန်းနေရာ ပြောင်းလဲစီးနင်းခြင်း

ဗျူဟာမှူး ဗိုလ်မှူးကြီး သူရညွန့်တင်မှ ပွိုင့် "၄၅၆၁" ပေ အမြောက်တောင်ကုန်းအား မုံးယု (၁၀၅)မိုင် အနီးမှ စစ်ဆေးပြီး နမ့်ပေါ်ချောင်း ကွတ်ခိုင်သို့ချီတက်ရန် ပြင်ဆင်စဉ် ဗျူဟာမှူးမှ ယာဉ်တန်းအလယ်စီးနေရာမှ ယာဉ်တန်းထိပ်ရှိ ပွိုင့် TE တီအီး ယာဉ်သို့ ၎င်းရုံးအဖွဲ့နှင့်အတူ ပြောင်းစီးပြီး အမြောက်တပ်မှူး (၂) ဦး၏ ဂျစ်ကားမှာလည်း ဗျူဟာမှူးစီးသောယာဉ်၏ နောက်မှကပ် လိုက်ကာ ဗျူဟာမှူးမှ ဗိုလ်ကြီးဝင်းဟန်အား TE ယာဉ်တန်းမှ နောက်ဆုံးပိတ်ပြီးလိုက်ရန် ညွှန်ကြားသဖြင့် နောက်ဆုံး TE ယာဉ်(၂)စီးမှ ဒု[illegible]ကားမှဆင်းပြီး နောက်ဆုံးပိတ် TE ယာဉ်သို့ ပြောင်းရွှေ့လိုက်ပါခဲ့ပါသည်။ ၎င်းအချိန်တွင် နေ့လယ်(၀၁း၃၀) နာရီခန့်ရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ TE တီအီးယာဉ်တန်း ဆက်လက် ထွက်ခွာခဲ့ပါသည်။





## ယာဉ်တန်း(ပ)စောက်ကွေ့ "ပါမ့်တောင်" ရှေ့ရောက်စဉ် ရန်သူဇကပနှင့် မိမိတပ်တို့ စတင်တိုက်ပွဲ ဖြစ်ပွားခြင်း

ရန်သူဇကပ (၂၀၀)သည် ပါမ့်တောင်တစ်ဝိုက် ကြိုတင်နေရာ ယူထားပြီး ယာဉ်တန်း(ပ)စောက်ကွေ့ ရောက်သည်နှင့်တစ်ပြိုင်နက် မိမိ TE တီအီးယာဉ်တန်းပေါ်ပါ မိမိတပ်အင်အား (၉၀)အား ရန်သူမှ ပါမ့်တောင်ပေါ်ရှိ (၅၇) မီလီမီတာနောက်ပွင့်ရိုက်ဖယ်ဖြင့် ယာဉ်တန်း၏ရှေ့ဆုံးကား (ပွိုင့်ကား)အား စတင်ပစ်ခတ်သည်။ မိမိတပ်မတော်သားများမှလည်း ယာဉ်တန်းပေါ်မှ အမြန်ဆုံး ခုန်ဆင်းပြီး နေရာယူကာ ရန်သူဇကပများရှိရာသို့ ပြန်လှန်ပစ် ခတ်ကြသည်။ ရန်သူပစ်လိုက်သော (၅၇) မီလီမီတာ နောက်ပွင့် ရိုင်ဖယ်၏ပစ်ခတ်မှုကြောင့် ဗျူဟာမှူးစီးနင်းလိုက်ပါလာသည့် TE ယာဉ် (ပွိုင့်)ကားအား ထိမှန်သည်။ ရန်သူပစ်သောလက်ချက်ကြောင့် (၅၇)မီလီမီတာ ဗုံးသီးသည်"ရှူး"ဟု တိုက်ရိုက်ကျည်ဆန်မှ ပွိုင့် ဗျူဟာမှူး TE တီအီးယာဉ်ကို "ဂျိုင်း"ဟု ထိမှန်ပေါက်ကွဲသည်။ ရန်သူမှ (၅၇) မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ဖြင့် ဒုတိယအကြိမ် ယာဉ်တန်းအလယ် TE အား ထပ်မံပစ်ခတ်ပြန်၍ ထိမှန်ပြန်သည်။ ယခင်ကဲ့သို့ပင် "ရှူး"ဟု လက်နက်ကြီးကျည်ဆန် တိုက်ရိုက်လာပြီး "ဂျိုင်း"ဟု အသံမြည်ကာ ထိမှန်သည်။ မိမိတပ်မတော်သားများ လည်း ကားလမ်းကို မေးတင် တန်းစီပြီး နေရာယူ ပြန်လှန် ပစ်ခတ်သည်။ မိမိတပ်မတော်သားများမှာ "အနိုင်မခံ အရှုံးမပေး ကဲ"ရန်သူရှိရာသို့ လက်နက်ငယ်မျိုးစုံဖြင့် ပြန်လှန်ပစ်ခတ်သည်။ မိမိယာဉ်တန်းပေါ် တပ်မတော်သားများကလည်း မြေပြင်တွင် စနစ်တကျနေရာယူပြီး ရန်သူအား တန်ပြန်ပစ်ခတ်သည်။ ရန်သူမှ



www.burmeseclassic.com

www.burmeseclassic.com



လည်း ''ပါမုံတောင်''ပေါ်မှ (၅၇) မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ဖြ TE တီအီးယာဉ်တန်း၏ နောက်ဆုံးနေရာသို့ ''ဖောက်''ဟု ပစ်ခတ်သံကြားရပြီး ကျည်ဆန်လာရာတစ်လျှောက် ''ရှီး'' မှ ကြားရပြီး TE ယာဉ်တန်း၏ နောက်ဆုံးရှေ့ရှိ ဒုတိယ TE ယာ အား ''ဂျိုင်း''ဟုထိမှန်ကာ ယာဉ်ပေါ်ပါ စိန်ပြောင်း(၁)လက်မှ ငင်းကျည် (၁၀၀)အား ထိမှန်သဖြင့် ''ဝုန်း ... ဒိုင်း ... ဝုန်း'' ဟုမြည်ဟည်းပေါက်ကွဲပြီး မီးခိုးများ၊ မီးတောက်များတက်လာပြီ စိန်ပြောင်းဗုံးသီးကျည် (၁၀၀)တောင့်မှာ မျက်နှာလေးဘက်သို့ လွင့်စင်ပေါက်ကွဲ ရောက်ရှိသွားသည်။ ဗုံးသီးအကွဲများ နေရာ အနှံ့ပြန့်ကြသွားသည်။ ရန်သူမှ TE တီအီး ယာဉ်ထိမှန်ခြင်း မီးလောင်ခြင်း၊ ဗုံးသီးများကွဲသည်ကို အဝေးမှတွေ့ရှိရသဖြင့် ဆူညံစွာ အော်ဟစ်ကြသည်။ ထိုသို့ဖြစ်ပျက်ရသဖြင့် ယာဉ်တန်း၏ TE တီအီး ဒုတိယနောက်ဆုံးယာဉ်မှာ ရန်သူ လက်နက်ကြီးကြေ မီးလောင်ခံရသည်။ မိမိ တပ်မတော်သား စစ်သည်များလည်း မြေပြင်တွင် ပြားပြားဝပ်ပြီး ရန်သူ့အခြေအနေကြည့်ပြီး မိ ထိခိုက်မှုမရှိဘဲ အခြေအနေ စောင့်ကြည့်နေကြသည်။ တိုက် စတင်ဖြစ်သည့်အချိန်မှာ နေ့လယ် (၂)နာရီခန့်ဖြစ်ပြီး လက်နက်ကြ ကျည်ဆန်များ ပေါက်ကွဲချိန်မှာ ညနေ (၀၂း၃၀) နာရီခန့်ရှိပြီ ဖြ သည်။ ရန်သူသည် အားတက်လာပြီး ပါမုံတောင် ဘက်မှ ဗကာ ရန်သူတချို့မှ တနးစီပြီးချီတက်လာရာ ယာဉ်တန်းနှင့် ကိုက်(၁၀၀ အကွာရောက်ရှိပြီး ဆက်ချီတက်ပြန်ရာ ကိုက်(၅၀)တွင် ရန်ဒ ဗကပများမှ ပထမအကြိမ် ''ကျား ... ကျား ... ကျား'' ဟု အော်ဟစ်ပြီး လုံစွပ်ထိုး ပစ်ခတ်တိုက်ခိုက်ရာ ယာဉ်တန်းအော





ကားလမ်းတွင် နေရာယူထားသော မိမိတပ်မတော်မှ အနိုင်မခံ အရှုံးမပေး တရစပ်ပြန်လှန်ပစ်ခတ်သည်။ အချိန်အတော်ကြာ ပစ်ခတ်ပြီး ရန်သူ ဗကပများ ရှေ့မတိုးနိုင်သဖြင့် အထိနာစွာ ပြန်လည်ပြီး ''ရှီး ... ရှီး ... ရှီး'' ခရာမှုတ်ပြီးလာရာ ပါမုံ တောင်ဘက်သို့ ပြန်လှန်ဆုတ်ခွာသွားသည်။ ပါမုံတောင်ကိုအခြေပြု၍ ရန်သူ ဗကပများ ပြန်လည်ဖြန့်ခွဲနေရာယူပြီး မိမိယာဉ်တန်းမှ စစ်သည်များ လက်နက်မျိုးစုံ G3 ရိုင်ဖယ်၊ G4 ရိုင်ဖယ်၊ စက်လတ်၊ ကာဘိုင်အမ် (၁၆) ရိုင်ဖယ်၊ အမ် (၇၉)ဗုံး ပစ်လောင်ချာတို့ဖြင့် ပြန်လည်ပစ်ခတ်သည်။ ရန်သူ/မိမိ နှစ်ဖက်ပစ်ခတ်သံများ ပလူပျံအောင်ကြားရသည်။ တိုက်ပွဲမှာ တဖြည်းဖြည်း ကြာမြင့်လာပြီး ညနေ (၀၃း၃၀)နာရီအချိန် ဒုတိယအကြိမ် ရန်သူဗကပများ တန်းစီပြီး ''ကျား ကျား ... ကျား''ဟုအော်ဟစ်ပြီး ယာဉ်တန်းရှိရာ တပ်မတော်စစ်သည်များထံ လုံစွပ်ထိုးချီတက်ပြန်သည်။ မိမိ တပ်မတော်ဘက်မှ အရာရှိ၊ အရာခံ၊ စစ်သည်များမှ –

လေ့ခွက်ကြီးကျန် အလံမလှဲစိတ်ဓာတ်ဖြင့် လက်နက်မျိုးစုံဖြင့် ပြန်လှန်တရစပ်ပစ်ခတ်သည်။ ရန်သူမှ မိမိတပ်စစ်သည်များအား အပြီးသတ် ချေမှုန်း၍မရဖြစ်နေ၍ ရန်သူမှ ဝီစီ(ခရာ)မှုတ်ပြီး ''ရှီး ရှီး ... ရှီး''အချက်ပြကာ ပြန်လည်ဆုတ်ခွာသွားပြန်သည်။ ရန်သူဗကပသည် ''ပါမုံတောင်'' မှ လက်နက်မျိုးစုံဖြင့် မိမိယာဉ် တန်းရှိရာ တရစပ် ပစ်ခတ်သည်။ မိမိတပ်မတော်ဘက်မှလည်း တန်ပြန်ပစ်ခတ်သည်။ ရန်သူသည် မိမိယာဉ်တန်းကိုကျော်ပြီး ပယ်နက်ကြီးဖြင့် ကျော်၍ ပစ်ခတ်သည်။ တတိယအကြိမ် ရန်သူ ဗကပများမှ အတင်းတက်၊ အတင်းပစ်ပုံစံဖြင့် သုံးဖွဲ့ခွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်တန်းရှိရာသို့ အရှေ့၊ အနောက်၊ အလယ်သို့ အနီ
တက်လာပြီး ''ကျား . . . ကျား ကျား'' ဟု အော်ဟစ်ပြီး လိ
ထိုးချီတက်လာရာ အချို့ဗကပများသည် ယာဉ်တန်း၏ နောက်
နေရာထိ ရောက်ရှိလာရာ တပ်မှ စစ်သည်များမှလည်း အော်ဟ
''ပစ် . . . ပစ် . . . ပစ်'' ဟု တန်ပြန်ချေမှုန်းရာ ရန်သူမျ
ခရာ(ဝီစီ) မှုတ်ပြီး ''ရှိုး . . . ရှိုး . . . ရှိုး''ဟု အချက်ပြ ခရာမှုတ်
''ပါမုံ့တောင်''ဘက်သို့ ဆုတ်ခွာသွားသည်။ ထိုအချိန်မှာ ည
(၀၄း၃၀)နာရီရှိပြီး ဖြစ်သည်။ ခဏအကြာတွင် ''ပါမုံ့တော
ဘက်မှ ''ဖောက် . . . ဖောက် . . . ဖောက်''ဟု အသံကြာ
''မိုးမှ၊ မီးစိမ်း''များ ကောင်းကင်လေထဲ ပစ်ပေါက်ပြီး ခရာ(
မှုတ်ကာ စတင်ဆုတ်ခွာကြောင်း သိရသည်နှင့် မိမိ တပ်မတေ
ဘက်မှ အခွင့်အရေးကို အမိအရဆုက်ကိုင်ပြီး ယာဉ်တန်
နောက်ဆုံးပိတ်သို့ လိုက်လာသည့် အမတ (၂)မှ ဗိုလ်ကြီးဝင်း
သည် ပြင်သစ်လုပ် ဘရန်းစိန်ပြောင်းတစ်လက်နှင့်အတူ ၎င်းကျ
(၅၀)အား ယာဉ်ပေါ်မှ အမြန်ဆွဲချပြီး မည်သူမျှခေါ်ရန် အ
မပေးနိုင်ဘဲ ဗိုလ်ကြီးဝင်းဟန်တစ်ဦးတည်း စိန်ပြောင်းအား ရင်
ပိုက်ပြီး ကားလမ်းဘေးတစ်နေရာမှ ရန်သူဆုတ်ခွာရာ''ပါမုံ့တော
ဘက်သို့ ဦးတည်ပြီး ဘရန်းစိန်ပြောင်းအတွင်းသို့ ကျည်တောင့်
(၁)တောင့်ပြီး ပြောင်းဝမှ အစီအရီ ထည့်သွင်းလိုက်ရာ ''ကလ
ဟု အသံမည်ပြီး ရှောခနဲ ရှောခနဲဝင်သွားပြီး''ဖောက်''ခနဲ အ
ကြားရကာ စိန်ပြောင်းမှ ကျည်များ''ပါမုံ့ဘောင်'' ဘယ်/ည
ရှေ့နောက် ကိုက်(၂၀၀၀)ခန့်တွင် ''ဂျိုင်း ဂျိုင်း . . . ဂျိုင်း'' ''ဝ
ဝုန်း . . . ဝုန်း''ဟု ပေါက်ကွဲသံကြီးများ အဆက်မပြတ် ကြာ





ရသည်။ အမြောက်ပစ်ခတ်မှု နည်းစနစ်အရ အပေါ်အောက်၊
အရက်ကက်ရအောင် ပစ်သည်။ မြေပြင်တွင် အမြောက်ကျည်
(၅၀) ပုံထားပြီးပစ်ရာ အမြောက်ကျည် (၃၈)တောင့်ကုန်ပြီး ရန်သူ
ဗကပ အသံလည်း ဘာမှမကြားရတော့ကြောင်း သိရှိရသည်။
ထိုအချိန်တွင် ရှေ့တန်း တမခ (၉၉) ကွတ်ခိုင် အကူတပ်ဖွဲ့မှ
တောင်ခြေဘက်သို့ လက်နက်ငယ်များ ပစ်ခတ်သံများ၊ လက်နက်
ကြီး ပစ်ခတ်သံများ ကြားရသည်။

**ယာဉ်တန်းအား''ပါမုံ့တောင်''တိုက်ပွဲဖြစ်နေရာမှ ကွတ်ခိုင်သို့ ဆက်လက်ထွက်ခွာခြင်း**

အချိန်မှာ ညနေ (၀၅း၃၀)နာရီ ရှိပြီးဖြစ်သည်။ ယာဉ်တန်းအား
အမြန်ဆုံး မိမိစီးနင်းလာသည့်ယာဉ်အား စစ်ဆေးရာ ပွိုင့်ရှေ့ဆုံးရှိ
TE တီအီးယာဉ် ဗျူဟာမှူးယာဉ်မှာ ရန်သူ (၅၇)မမနောက်ပွင့်
ရှိုင်ဖယ်ထိမှန်၍ ပျက်စီးမီးလောင်ကြောင်း တွေ့ရှိရသည်။ အခြား
TE တီအီးယာဉ်များနှင့် အမြောက်တပ်မှူး(၂) ဦး စီးသည့်ယာဉ်မှာ
လက်နက်ငယ် ကျည်ဆန်ထိမှန်သည်ကို တွေ့ရှိရပြီး TE တီအီး
ယာဉ် နောက်ဆုံးပိတ်ယာဉ်၏ ဒုတိယ နောက်ဆုံးယာဉ် TE တီအီး
ရန်သူ၏ (၅၇)မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကျည် တိုက်ရိုက်ထိမှန်၍
အမြောက်ဘရန်းစိန်ပြောင်း (၁)လက်၊ ၎င်းကျည် (၁၀၀) ထိမှန်
ပေါက်ကွဲ မီးလောင်ကြောင်း တွေ့ရှိရသည်။ အမြောက်တပ်
အမတ(၂) လားရှိုးမှ ဗိုလ်မှူးကြီးသူရည့ွန့်တင်မှ ဗိုလ်ဝင်းဟန်
နောက်ဆုံးမှပိတ်ပြီး စီးနင်းဟု အမိန့်ပေးသဖြင့် ကံကောင်း
ထောက်မပြီး (ပ)စောက်ကွေ့အရောက် ရန်သူ ဗကပ၏ (၅၄)



www.burmeseclassic.com

www.burmeseclassic.com



မိလီမီတာနောက်ပွိုင့် ရိုင်ဖယ်ထိမှန်ချက်မှ လွတ်ကင်းခဲ့ရသည်

"ဩော် ... သေကံမရောက် သက်မပျောက်"ပါတကား။

မိမိဗိုလ်ကြီးဝင်းဟန် စီးနင်းသည့် နောက်ဆုံး TE တီအီးယာဉ် အမြောက်(ဘရန်း) စိန်ပြောင်းတစ်လက်နှင့် ရန်သူ ဗကပ ပါမုံတောင်တွင် နောက်ဆုံးပစ်ခွင်းခဲ့သည့် ဘရန်းဗုံးသီး (၃၈)တော မှအပ ကျန်အမြောက်ကျည်ဆန်များ ပြန်ပါလာပြီး ကွတ်ခိုင်သို့ (၀၆း၃၀)ချိန် ပြန်ရောက်သည်။

## ရှေ့တန်းတမခ (၉၉)ဌာနချုပ်ရှိရာ ကွတ်ခိုင်သို့ ပြန်လ ရောက်ရှိခြင်း

"ပါမုံတောင်" တိုက်ပွဲတွင် မီးလောင်ပျက်စီးခဲ့သည့် TE တီ မီးလောင်ပျက်စီးရာမှ ဗျူဟာမှူး ဗိုလ်မှူးကြီးသူရညွန့်တင် ကျ သွားသည်။ ထိုအတူ ၎င်းနှင့်တစ်ပါတည်းပါလာသည့် ရှေ့တ ဗျူဟာမှူးရုံးအဖွဲ့ ဆရာဝန်ဗိုလ်ကြီးလည်း တစ်ချိန်တည်းကျဆုံး သည်။ ကျန်ကျဆုံး (၁၁)ယောက်မှာ စစ်သည်များဖြစ်ကြသည် ကျွန်တော် ဗိုလ်ကြီးဝင်းဟန်မှ ကွတ်ခိုင်ရှိ ရှေ့တန်း တမခ(၉ ဌာနချုပ်မှ တပ်မမှူးကြီး ဗိုလ်မှူးချုပ်မင်းဂေါင်အား မြေပုံပေါ် ထောက်ပြညွှန်တံဖြင့် တိုက်ပွဲအစမှအဆုံးထိ တင်ပြခဲ့ပါသ ကျွန်တော်မှ ရန်သူ ဗကပများ "ပါမုံတောင်"မှ ဆုတ်ခွာချိန် ကျ သည့် အမြောက်ပြင်သစ်လုပ် ဘရန်းစိန်ပြောင်း တစ်လက်နှင့်၎င်းက (၃၈) တောင့်အား အချိန်ကိုက် ရန်သူ ဆုတ်ရာနေရာအနှံ့သို့ ဗုံး (၃၈) လုံး ဖြန့်ခွဲပစ်ခတ်ခဲ့ကြောင်း တင်ပြခဲ့သဖြင့် တပ်မမှူး ဗိုလ် ချုပ် မင်းဂေါင်မှ ချီးကျူးစကား အားပေးပြောကြားခဲ့ပါသည်။





## ကျဆုံးအရာရှိများ၊ စစ်သည်များ ညတွင်းချင်း သင်္ဂြိုဟ်ခြင်း အခမ်းအနားကျင်းပပေးခြင်း

ကွတ်ခိုင်တွင် ရောက်ရှိသည့်ညမှာပင် တပ်မမှူးမှ ညတွင်းချင်း ကျဆုံးအရာရှိများ၊ စစ်သည်များအား နံနက် (၀၃း၀၀)နာရီ ကွတ်ခိုင်တပ်ဝင်းအနီး သင်္ဂြိုဟ်ရန် ညွှန်ကြားသဖြင့် ကျဆုံး ဗျူဟာမှူး ဗိုလ်မှူးကြီး သူရညွန့်တင်၊ ဆေးဗိုလ်ကြီးနှင့် စစ်သည် (၁၁) ဦး စုစုပေါင်း (၁၃)ဦးအား တပ်အခမ်းအနားဖြင့် မြေမြှုပ်သင်္ဂြိုဟ် ခဲ့ပါသည်။

## ကွတ်ခိုင်မှ မိမိတပ်ရင်းများသို့ ပြန်လည်ထွက်ခွာခြင်း

အမတ (၂)မှ ဗိုလ်ကြီးဝင်းဟန် ဦးစီး အမြောက်တပ်ဖွဲ့ဝင်များ ကွတ်ခိုင်မှ လားရှိုးသို့ TE တီအီး ယာဉ်များနှင့် ဆက်လက်ထွက်ခွာရာ လားရှိုးအမတ (၂)သို့ ပြန်လည်ဆိုက်ရောက်လာရာ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီးနှင့် အရာရှိစစ်သည်များ၊ မိသားစုများမှ တပ်ရင်းဂိတ်ဝမှ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ပါသည်။ အမတ(၁) နှင့် အမတ(၃)မှ ဒုဗိုလ်မှူးကြီးထွန်းကြည်နှင့် ဒုဗိုလ်မှူးကြီးတင်မောင် တို့မှာ ၎င်းတို့စီးနင်းလာသည့် ဂျစ်ယာဉ်(၁)စီးနှင့် လုံခြုံရေးဖြင့် ပိတ္တိုလာတပ်ရင်းသို့ ဆက်လက် ထွက်ခွာခဲ့ပါသည်။

## စွမ်းရည်ဘွဲ့တံဆိပ်တင်ရန် ပြင်ဆင်ခြင်း

အမတ (၂)မှ ဗိုလ်ကြီးဝင်းဟန်အား သူရဘွဲ့တံဆိပ်တင်ရန် တပ်ရင်းနှင့်တမခ (၉၉)မှ နှုတ် ပြောကြားလာသဖြင့် မိမိမှ ရန်သူ ဗကပအား ကွတ်ခိုင်မှ မူဆယ်သို့ ချီတက်စဉ် အမြောက်ပြင်သစ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ဘရန့်စိန်ပြောင်း(၂) လက်ဖြင့် နမ့်ပေါ်ချောင်းစခန်းမှ ရန်သူ တောင်များ လွယ်စန္ဒာတောင်များအား လက်နက်ကြီး အမြော ကျည်ဆန်ဖြင့် ပစ်ခွင်းပြီး ဦးနှိမ်ခံရမှုအရလည်းကောင်း၊ မှူဆယ ကွတ်ခိုင်သို့အပြန် ''ပါမွံ့တောင်''တွင် ရန်သူ ဗကပမှ (၃)ကြ တိတိ ကျားထိုးတက်လာသည်ကို အနိုင်မခံ အရှုံးမပေးဘဲ ရွပ် ချွန်ချွန် တွန်းလှန်ခဲ့ခြင်း၊ ရန်သူဗကပများ ပစ်ခတ်မှုကြဲသွားသ အချိန်နှင့် တပြေးညီ အခွင့်ကောင်းယူပြီး ပြင်သစ်လုပ် ဘ စိန်ပြောင်း (၁)လက်အား တစ်ဦးတည်း၊ တစ်ယောက်တည် စိန်ပြောင်းကို ရင်မှာပိုက်ပြီး ရန်သူ ဆုတ်ခွာမည့်နေရာများ၊ ရန် ဖြန့်ခွဲခိုအောင်းရာ နေရာများ၊ စစ်ကူလာနိုင်သည့်နေရာ ''ပစ်မှတ် များသို့ အမြောက်ကျည် (၃၈)တောင့်အား ဖြန့်ခွဲပစ်ခတ်သ ရန်သူဗကပများမှ မိုးကျည်များ ဖောက်ခွဲပစ်လွတ်ပြီး အပြီးအပ ဆုတ်ခွာသွားကြောင်း သိရှိရသည်။

သို့သော် မိမိဘက်မှ ဗျူဟာမှူးနှင့် ဆရာဝန်၊ စစ်သည် (၁ ဦး ကျဆုံးခဲ့ရ၍ လားရှိုး ရမခတိုင်းမှ ဘွဲ့တံဆိပ်မတင်ရန် နှုတ်ပြ ပြောကြားလာသဖြင့် မတင်ခဲ့ရဖြင်းဖြစ်ကြောင်း တင်ပြအပ်ပါသည်

''ပါမွံ့တောင်''တိုက်ပွဲကား ဤတွင် နိဂုံးချုပ်ခဲ့ပေပြီ။

တိုက်ပွဲသင်ခန်းစာကား ...

(၁) အနိုင်မခံအရှုံးမပေး

(၂) လေ့ခွ၊၊၊ကြီးကျန် အလံမလှဲ

(၃) သေကံမရောက် သက်မပျောက်





## စစ်မြေပြင်တွင် ဘယ်သူနိုင်မလဲ

လက်နက်ချင်းတူလျှင် ပို၍ကြံ့ခိုင်သူကလည်းကောင်း၊

ကြံ့ခိုင်မှုချင်းတူလျှင် ပို၍သတ္တိရှိသူကလည်းကောင်း၊

သတ္တိရှိချင်းတူလျှင် ပို၍စိတ်ဓာတ်ကောင်းသူကလည်းကောင်း နိုင်ရစမြဲဖြစ်သည်။

(မြန်မာ့တပ်မတော်)

## စစ်တို့၏ သဘော

စစ်တို့၏သဘောမှာ လူများသည် နည်းသည် ပဓာန မဟုတ်၊ ရသတ္တိနှင့် စစ်နည်းဗျူဟာမြောက် ဆောင်ရွက်ရာ၌သာ လိုရင်း ဖြစ်သည်။

(ဘုရင့်နောင်)

**ဗိုလ်မှူးဝင်းဟန်**

■




www.burmeseclassic.com

www.burmeseclassic.com

တရုတ်

# တောင်တန်းပြာနဲ့ ကျောပိုးအိတ်

ဗိုလ်မှူးဝင်းဟန်



www.burmeseclassic.com

www.burmeseclassic.com

## တောင်ထန်းပြာနှင့်ကျောဝိုးအိတ်

ရေးသူ – ဗိုလ်မှူးဝင်းဟန်

ဆောင်းပါးရဲ့ခေါင်းစဉ်ကို တွေ့လိုက်သည်နှင့် ဩော် . . . ဆောင်းပါးက တပ်မတော်သားတွေနဲ့ဆိုင်သည့် ဆောင်းပါးလို့ ကောက်ချက်ချနိုင်ပါသည်။

ဒါပေမဲ့ မည်သည့်တိုင်းပြည်မဆို တပ်မရှိက သူတစ်ပါး၏ ကျူးကျော်မှု၊ ရန်စမှု ခံရပေမည်။

ရှေးမြန်မာဘုရင်များလက်ထက်ကပင် ကိုယ့်တိုင်းပြည်၊ ကိုယ့်ဘုရင်၊ ကိုယ့်ခြံစည်းရိုး ကာကွယ်ရန်၊ ဆင်တပ်၊ မြင်းတပ်၊ လေးသည်တော်၊ စစ်သည်တော် စသည့် ဖွဲ့စည်းထားရှိသည်။ တပ်မရှိက၊ အင်အားမရှိက သူတစ်ပါး၏ ကျွန်ပြုမှုကို ခံရပေမည်။

ရှေးဘုရင်များ တပ်ထွက်သည့်အခါ ''နတ်သျှင်နောင်'' သီချင်းဖြင့် ''မဲဇာတောင်ခြေ၊ စီးတွေတွေဖြင့်၊ လေကတစ်ဝိုက် [illegible]နှင်းတစ်ပြိုက်ဖြင့်'' ရှေ့တန်းရောက်စစ်သည်များ စိတ်ကို ဖြေလျှော့ခဲ့ရသည်။

သို့ဖြင့် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး မကာကွယ်နိုင်၍



www.burmeseclassic.com

www.burmeseclassic.com



မြန်မာဘုရင် ''သီပေါမင်း'' ပါတော်မူခဲ့ရပြီး နှစ်ပေါင်းတစ်... သူ့ကျွန်ဘဝ ရောက်ခဲ့ရပြီး ကျွန်ဘဝလွတ်မြောက်ရန် လွတ်လ... ရေးရရန်၊ ပြည်သူတွေအသက်၊ သွေးချွေးဖြင့် စတေးခဲ့ရသည်... ရရာလက်နက်စွဲကိုင်ပြီး ပြည်သူတွေ၊ တိုင်းရင်းသားတွေ၊ သံဃ... တော်တွေ၊ အသက်စတေးပြီး ''လွတ်လပ်ရေး'' ကို ရအော... နည်းမျိုးစုံဖြင့် တိုက်ယူခဲ့ရသည်။

အသက်လည်းစွန့်၊ ခန္ဓာလည်းစွန့်၊ မျက်စိ၊ ခြေလက်စွ... အသက်သွေးတွေကိုစွန့်ပြီး လွတ်လပ်ရေးကို တိုက်ယူခဲ့ရသည်။

လွတ်လပ်ရေးရပြီး မကြာခင် ၁၉၄၈ ခုနှစ်မှ စ၍ ဖြူ၊ ကြောင်၊ ကြား ရောင်စုံသူပုန်များ တစ်စခန်း ထကြွပြန်သည်... ထို့အတူ ကရင်သူပုန်၊ ရှမ်းသူပုန်၊ ကချင်သူပုန်၊ ချင်းသူပု... ပအိုဝ်းသူပုန်၊ နာဂသူပုန်၊ ရဲဘော်ဖြူ၊ ရဲဘော်နီ၊ ကွန်မြူနစ်သူပု... များ အသီးသီးပေါ်ပေါက်လာပြီး ရောင်စုံသူပုန်ခေတ်သို့ ရောက်ခဲ့... သည်။ ထိုစဉ်က ''ရန်ကုန်အစိုးရ''ဟုပင် တင်စားခေါ်ဝေါ်ကြသည်...

၁၉၅၀ ခုနှစ်လွန်ကာလတွင်လည်း ရောင်စုံသူပုန်များ... အင်အားကြီးမားဆဲဖြစ်၍ မြို့ရွာတိုင်း တိုက်ပွဲများ၊ တံတား... များတွင်လည်း တိုက်ပွဲများ၊ ကားလမ်းများ၊ ရထားလမ်းများ... တစ်လျှောက် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည့်ကာလ ဖြစ်သည်... ဘာမှ လုံခြုံမှုမရှိ၊ အဘက်ဘက်မှ ယိုယွင်းပျက်စီးနေသည်... တိုင်းပြည်၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ စီးပွား... ရေး စသည် ဆုတ်ယုတ်လျက်ရှိသည်။

တပ်မတော်မှလည်း ရန်သူကို တစ်စထက်တစ်စ ဖြိုခွ... အနီးမှ ဝေးရာသို့ တိုက်ထုတ်ခဲ့ကြသည်။ တပ်များကိုလည်...





...တစ်စထက်တစ်စ တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ရန်သူများ နယ်စပ်ကို ...ခြေပြု၍ လှုပ်ရှားကြသည်။

သို့ဖြင့် ၁၉၆၅–၆၆ နှစ်သို့ ရောက်ရှိသည့်အခါ ကျွန်တော် ...အသက်အရွယ်လည်းရပြီး အတွေ့အကြုံလည်း ရင့်ကျက်လာပြီး ...ဖွဲ့လည်းရရှိသည့်အချိန် သတင်းစာများလည်း ကြေညာ လမ်းဆုံ လမ်းခွ နေရာများတွင်လည်း ...

''တပ်မတော်က သင့်ကို အလိုရှိသည်
တိုင်းပြည်ကိုချစ်သူများ
တိုင်းပြည်သားကောင်းများ
တပ်မတော် ကြည်း၊ ရေ၊ လေတပ် အသီးသီး တာဝန်
...ထမ်းဆောင်ကြကုန်လော့ ...''

ဟု ခေါ်ယူစုဆောင်းနေသဖြင့် ကျွန်တော်တို့လို ဘွဲ့ရသူများ၊ စိတ်ဓာတ်တူညီသူများမှ တပ်မတော်မှ ကြိုဆိုနေသဖြင့် ၁၉၆၆ ခုနှစ်၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်းသို့ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးပြီး အောင်မြင်သူများ၊ ကျန်းမာရေးဆေးစစ်အောင်မြင်သူ စုစုပေါင်း (၁၆၂) ယောက် မှော်ဘီ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း သူရတပ်ခွဲသို့ စစ်ပညာသင်ကြားရန် ကိုးလတိုင် ဗိုလ်လောင်းသင်တန်းတက်ရောက်ရန် ...စုစည်းရောက်ရှိခဲ့သည်။ သင်တန်းအား နံနက်လေးနာရီ ကိုယ်...ကာယလေ့ကျင့်ခန်း PT စတင်ကာ အိပ်ရာမှ ထကြရပြီး မနက် ...သင်ခန်းစာ၊ နေ့လယ် သင်ခန်းစာ၊ ညနေခင်းသင်ခန်းစာ၊ ည ...ပြည့်ချိန် စသည်ဖြင့် သင်ကြားလေ့ကျင့်ခဲ့ရပြီး ညဆယ်နာရီ ...မှ အိပ်ရာဝင်ခဲ့ရသည်။ စနေ၊ တနင်္ဂနွေ တစ်ခါတစ်ရံ Out-



www.burmeseclassic.com

www.burmeseclassic.com



door ပြင်ပသင်ခန်းစာ လေ့ကျင့်ခဲ့ရသည်။ မှော်ဘီ/ရန်ကုန် စသ
ပြင်ပထွက်ခွင့် **Out-Pass** ပိတ်ထားပါသည်။

နေ့စဉ် ဗိုလ်သင်တန်းကျောင်း၊ စစ်ရေးပြကွင်းမှ နံ
**P.T** လေ့ကျင့်ရန် (၀၅း၃၀) နာရီ စတင်ထွက်ခွာပြီး အ
လေ့ကျင့်ကြရပါသည်။ မှော်ဘီမှ ရန်ကုန်သို့သွားသည့် ကားလ
အတိုင်း ငါးမိုင်ခန့် အပြေးလေ့ကျင့်ကြရပါသည်။

စတင်ပြေးသည့်အခါ လက်ခုပ်၊ လက်ဝါး ညီညာစွာတီ
ပြေးရသည်။ ဗိုလ်လောင်းများ မောလာသည့်အခါ အမြန်လျှော့
ခိုင်းပြီး စစ်သီချင်းများ သံပြိုင်ရွတ်ဆိုကြရသည်။ ဗိုလ်လော
များ ာားမှ **P.T** ဆရာ သုံးလေးဦး လိုက်ပါထိန်းသိမ်းပေးပါသ
**P.T** ဆရာမှ လက်ခုပ်တီးအမိန့်ပေးသည်နှင့် ဗိုလ်လောင်းများ
ပြေးရင်းလက်ခုပ်တီးရာ ဖြောင်း ဖြောင်း ... ဖြောင်း ညီညာ
တီးခဲ့ကြရသည်။

**P.T** ဆရာက ''ဘာလုပ်နေလဲ''
ဗိုလ်လောင်းများ ''လေ့ကျင့်နေတယ်''
**P.T** ဆရာက ''ဘယ်သူ့အတွက်လဲ''
ဗိုလ်လောင်းများက ''ပြည်သူ့အတွက်''
**P.T** ဆရာက ''ဘာကိစ္စလဲ''
ဗိုလ်လောင်းများက ''တိုက်ပွဲဝင်ဖို့''
**P.T** ဆရာက ''ဘယ်လိုတိုက်သလဲ''
ဗိုလ်လောင်းများက ''တိုက်ရင်းစည်းရုံး''
''စည်းရုံးရင်းတိုက်''

အဲဒီနောက် **P.T** ဆရာက ဗိုလ်လောင်းများအား ''





လျှာက်''ဟု အမိန့်ပေးပြီး စစ်သီချင်း ''ရဲရဲတောက်တောက်''
ကို ...

''ရဲရဲတောက် တို့ဗမာတွေ သတ္တိခဲတွေ ရာဇဝင်ထိုးလောက်
အောင် စွန့်ပေ တို့တိုင်း၊ တို့ပြည် လွတ်လပ်ရေးကို အာဇာနည်
သူတွေ အရိုးကြေကြေ တို့ပြည်၊ တို့မြေ''

''ဗမာ့အာဇာနည်''ဆို

''တို့ဗမာတွေ ရဲစွမ်းပြမည် အာဇာနည်ပီပီ တို့ရဲဘော်များ
အားလုံးညီညီ ဖွဲ့နှဲ့ချီတက်မည် မျိုးရိုးနဲ့ ရာဇဝင်မော်ကွန်းသည်
ရဲကောင်းများထွန်းကားသည်''

''မျိုးမြန်မာပြည်ရွာ''ဆို

''မျိုးမြန်မာပြည်ရွာ တို့စောင့်ရှောက်ဖို့ပါ ညီအစ်ကိုများ
ပေါင်းစုကာ ရင်မြေကတုတ်ပမာ စစ်သွေးစစ်ရေး မွေးလို့သာ
အာဇာနည်စိတ်ထား ငါတို့ဗမာ ဒေါင်းလံတလူလူ ထူလို့သာ မြင်ရ
မြတော့မှာ''

''ဗမာ့အာဇာနည်''ဆို ...

''တို့ဗမာတွေ ရဲစွမ်းပြမည် အာဇာနည်ပီပီ တို့ရဲဘော်များ
အားလုံးညီညီ ဖွဲ့နှဲ့ချီတက်မည် မျိုးရိုးနဲ့ ရာဇဝင်မော်ကွန်းတည်
ရဲကောင်းများ ထွန်းကားသည်''

''မျိုးမြန်မာပြည်ရွာ''ဆို ...

''မျိုးမြန်မာပြည်ရွာ တို့စောင့်ရှောက်ဖို့ပါ ညီအစ်ကိုများ
ပေါင်းစုကာ ရင်မြေကတုတ်ပမာ စစ်သွေးစစ်ရေး မွေးလို့သာ
အာဇာနည်စိတ်ထား ငါတို့ဗမာ ဒေါင်းလံတလူလူ ထူလို့သာ မြင်ရ
မြတော့မှာ''



www.burmeseclassic.com

www.burmeseclassic.com



''ဗမာပြည်ကာကွယ်မည်''ဆို ...

''ဗမာပြည်ကာကွယ်မည် တပ်မတော်ချီလာပြီ ရန်သူမျ တို့မမှုတော့သည် အာဇာနည်ဗိုဗို သတ္တိ ဖျတ္တိညီ ဗမာပြည် ဗမာပြည်သွေးနဲ့ နှီးခဲ့သည် တို့ပြည်မြေတွေရယ် တို့ပိုင်နိုင်စေကွ လူငယ်လူရွယ် စစ်ထဲဝင်လို့ရယ် မခင်တွယ် မကြင်တွယ် ချစ်သူမှ လို့ရယ် တိုက်ပွဲကိုပင် အပွဲပွဲနွှဲခဲ့တယ်''

''တူယှဉ်ကာတိုက်စို့''ဆို ...

''တူယှဉ်ကာလေ တကယ်ပဲ အစွမ်းပြချင်တယ် ဗမာ့သ ကမ္ဘာကသိအောင် ငါတို့တိုက်ခိုက်မယ် နိုင်ငံတော်အကျိုးရှိဖို့ ချီတက်တိုက်ခိုက်မယ်''

''ဒို့စစ်သား''ဆို ...

''အဆွေ သင်ဘယ်လို စိတ်ကူးတယ် တကယ်ပင် အမျိ သားချစ်ရင်ကွယ် ယှဉ်ပြိုင်ကာ ဒီစစ်ကြီးဝယ် ဝင်ကာအသီးသ နွှဲရမယ်''

''တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်'' ဆို ...

''တပ်မတော်ကြီးကိုအင်အားရှိဖို့ အရာရာမှာကူညီ ရဲဘော် အပေါင်းကို ကိုယ့်သွေးသားမို့ အစဉ်မမေ့အပ်ပေသည်''

ကြိုးကြိုးစားစား တို့အမျိုးသားစစ်သည်
ဖွံ့သတ္တိညီ ထူးထူးခြားခြား
ခွန်အားစွမ်းပြမည် ရဲဘော်ဇာနည်
တိုင်းပြည်နိုင်ငံ ကျက်သရေဆောင်ကြပြီ
တကယ်မွန်မြတ်တဲ့ တပ်မတော်ရှေ့ကိုချီ





တပ်မတော်သာလျှင် နိုင်ငံအမြတ်ကို
ပေးအပ်နိုင်လိမ့်မည် တပ်မတော်သာလျှင်
နိုင်ငံအကျိုးကို တိုးတက်နိုင်စေသည်
တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်''

ဒီလိုစစ်သီချင်းများဆိုရင်း ဗိုလ်သင်တန်းကျောင်းသို့ နေ့စဉ် ဝင်ရောက်ခဲ့ရသည်။ ကိုးလကျော် စစ်ပညာမျိုးစုံ သောက်စို့ခဲ့ရပြီး (၀၄–၁–၁၉၆၇) နေ့တွင် ပြန်တမ်းဝင်အရာရှိများခန့်အပ်ကာ နယ်မြေအသီးသီးသို့ ကျရာတာဝန်ထမ်းဆောင်ရင်း ခရီးကြမ်းကို လျှောက်လှမ်းခဲ့ရသည်။

❖ ❖ ❖

''၁၉၆၈–၆၉–၇၀ နှစ်ကာလများ

ပဲခူးရိုးမ၊ ရွှေကျင်ကျောက်ကြီး ပဲခူးမှ ကျွဲပွဲ သူဌေးကုန်း ဖရနိုတစ်လျှောက် တောင်ငူထိ ရထားလမ်းလုံခြုံရေး''

၁၉၆၇ ခု၊ ဇန်နဝါရီလ၊ မှော်ဘီဗိုလ်သင်တန်းဆင်းကာလ ဗိုလ်အောင်ဇော်၊ ဒုဗိုလ်မြင့်စန်း၊ ဒုဗိုလ်ဝင်းဟန်တို့ ခလရ(၃၀) ပဲခူးသို့ ပြောင်းရွှေ့ရောက်ရှိပြီး တပ်တာဝန်ထမ်းဆောင်ခဲ့ရသည်။ ပဲခူးရိုးမတောင်ပေါ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)ဌာနချုပ် တပ်စွဲထားပြီး သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ချစ်၊ ပီကင်းပြန် မအောင်ကြီး၊ နော်တစ်လုံးစိန် (အမျိုးသမီး) တို့ ဦးစီးကွပ်ကဲပြီး မိမိတပ်မတော်အား တိုက်ခိုက်သည်။ ပဲခူးရိုးမ တောင်တန်း ဖက်လျှောက် ကွန်မြူနစ်တို့ တိုက်တိုင်းအောင် (၁)၊ တိုက်တိုင်းအောင် (၂)၊ တိုက်တိုင်းအောင် (၃) စသည်ဖြင့် ဖွဲ့စည်းထားပြီး တပ်မတော်



www.burmeseclassic.com

www.burmeseclassic.com



အား ရင်ဆိုင်တိုက်ခြင်း၊ ချုံခိုတိုက်ခြင်း၊ မိုင်းထောင်၍တိုက်ခြင်းဖြ
ရင်ဆိုင်သည်။ မိမိတို့ တပ်မတော်မှလည်း ရှေ့တန်းအမှတ် (၉
ကွတ်နိုင်ရှိ လက်အောက်ခံ ဗျူဟာတပ်များနှင့်လည်းကောင်း
မင်္ဂလာဒုံရှိ အလယ်ပိုင်းတိုင်း လက်အောက်ခံ တပ်များနှင့်လည်း
ကောင်း၊ ပဲခူးရိုးမရှိ ဗကပကွန်မြူနစ်တပ်များအား တိုက်ခိုက်ချေမှုန်း
သည်။ ပဲခူးရိုးမစစ်ဆင်ရေးကာလအတွင်း O.T.S (၃၆) သူရတံ
ကျောင်းဆင်းမှ ဒုဗိုလ်အောင်ဇော်၊ ပဲခူးရိုးတောင်ပေါ် (၁၄) ရွာတွ
ဒုဗိုလ်မျိုးသန့်တို့ နိုင်ငံအတွက် အသက်ပေးလှူခဲ့ကြရသည်။

ပဲခူး ခလရ (၃၀) မှာ စစ်ဆင်ရေးတာဝန်ကို တပ်အင်အား
မမျှအောင် တာဝန်ထမ်းဆောင်ရသည်။ ကားလမ်းအရှေ့ခြမ်းတွ
မြန်မာပြည် ကွန်မြူနစ် ရန်သူများရှိသလို၊ ကားလမ်းအနောက်
ခြမ်းတွင် KNU ကရင်သောင်းကျန်းသူများ လှုပ်ရှားကြသည်
ပဲခူးနှင့်အနီးဆုံး စစ်တောင်းမြစ်တစ်လျှောက် ရွှေကျင် ကျောက်ကြီး
တွင် ကရင်သောင်းကျန်းသူများ လှုပ်ရှားသလို၊ ပဲခူးနှင့်ကပ်လျက်
စစ်တောင်းမြစ်တစ်ဖက်ကမ်း ဒုံဇရပ်၊ သူ့ရဲသမိန်၊ ကျိုက်ထီး
ဝန်းကျင် ကရင်သောင်းကျန်းသူများမှ ချုံခိုတိုက်ခြင်း၊ ကားလမ်း
မိုင်းထောင်ခြင်း၊ ခရီးသည်ကားများကို ပစ်ခတ်ခြင်း ပြုလုပ်လေ
ရှိသည်။ ကျွန်တော်တို့မှာ ဝေါမြို့တွင်အခြေပြု၍ ကရင်သူပုန်များကို
နှိမ်နင်းရသည်။ ထိုစဉ်က KNU ကရင်သောင်းကျန်းသူတို့သည်
ညအချိန် ပဲခူးအနီး၊ ဝေါမြို့နှင့်ကပ်လျက် သူ့ရဲသမိန်ရွာကို ညအခါ
KNU တပ်မင်း လင်းထင်မှ ဝင်ရောက်လာပြီး မိန်းကလေးများကို
ဖမ်းခေါ်သွားခြင်း၊ ဒုံဇရပ်ရွာ စစ်တောင်းမြစ်တစ်ဖက်ကမ်းကို ည
အခါ ဝင်ရောက်ခြင်း၊ နယ်မြေချင်း ဆက်စပ်နေသည့် ကျောက်ကြီး





ရွှေကျင်တို့ကို လက်နက်ကြီးဖြင့် အဝေးမှပစ်ခြင်း ခံရသည်။
ကျွန်တော် ဗိုလ်ဝင်းဟန်နှင့် စစ်ကူတပ်များ ရွှေကျင်၊ ကျောက်ကြီး
မြို့ရေးကို တွဲဖက်ဆောင်ရွက်ပေးရသည်။ ထိုအချိန်က KNU
တပ်မင်း၊ မိုးဟိန်းသည် ပဲခူးကျောက်တံခါးမြို့ အနီးတစ်ဝိုက်
လည်းကောင်း၊ ကျန် KNU တပ်မင်း ဒဂါး၊ ရော်နယ်၊ ဂျော
သူများလှုပ်ရှားပြီး KNU ကရင်တပ်မင်း လင်းထင်သည်လည်း
ကုန်မှ မော်လမြိုင် မီးရထားခရီးစဉ်တွင် "မိုင်း"ခွဲပြီး ရထား
ပါ တက္ကသိုလ်ကျောင်းသူ ငါးဆယ်အား ဖမ်းခေါ်သွားပြီး ထိုင်း၊
ယားသို့ လက်နက်ဖြင့်လဲပြီး ရောင်းစားခဲ့သည်။

မည်သို့ပင် ဆိုစေကာမူ KNU တပ်မင်း လင်းထင်အား
တပ်မတော်မှ ကျိုက်ထိုတွင်ပင် အပြတ်ချေမှုန်းခဲ့၏။ ၁၉၇၁ ခုနှစ်
နောက်က ကရင် KNU တပ်မင်း ဒဂါးတပ်မင်း ရော်နယ်လ် တို့မှာ
ကရင်အချင်းချင်း သစ္စာဖောက်သည်ဆို၍ KNU ခေါင်း ဆောင်
ပိုင်းမှ ကျန်တပ်မင်းများအပါအဝင် သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

မြန်မာပြည်ကွန်မြူနစ်များကိုလည်း ပဲခူးရိုးမတွင် ဖြတ်
လေးဖြတ်ဖြင့် ...

(၁) ရိက္ခာဖြတ်
(၂) သတင်းဖြတ်
(၃) ဆက်ကြေး၊ ငွေဖြတ်
(၄) သတ်ဖြတ်ဖြင့် မူဝါဒ ချမှတ်ဆောင်ရွက်ခဲ့သည်။ မြန်မာ
တပ်မတော်မှလည်း တပ်မ (၇၇) (၈၈) (၈၉) ဖွဲ့စည်းထားရာမှ
ထပ်မံပိုးချဲ့ပြီး တပ်မ (၄၄) (၅၅) (၆၆)ဟူ၍ ထပ်မံတိုးချဲ့ ဖွဲ့စည်း
ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဗမာပြည် ကွန်မြူနစ်ပါတီ ဗကပ ( ခေါင်းဆောင် သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ချစ်တို့ပါ ပဲခူး တောင်တန်းမှ သေဆုံး ပျောက်ကွယ်ခဲ့ရသည်။ ကျွန်တော် ဗိုလ် ဟန်မှ ခလရ (၃၀) ပဲခူးတွင် နေ့စဉ်၊ ညစဉ် ရန်ကုန်–မန္တ အမြန်ရထားများမထွက်မီ ရှေ့ပြေးပဲခူးမှ သူဌေးကုန်း၊ ကျွဲပွဲ တောင်ငူသို့ မီးရထားလုံခြုံရေး ရထားခေါင်းတွဲနှင့် တွဲတစ်တွဲ ဆက်၍ လည်းကောင်း၊ A.P.T ခေါ် ခေါင်းတွဲချိတ် ဆက် ရထားတစ်တွဲအား သံတိုင်၊ သံစ၊ သစ်များတင်၍ မိုင်းရှင်းရထား လည်းကောင်း၊ M.P.T လိပ်ခုံးသံချပ်ကာ ရှေ့ပြေး ရထားဖြင့် လ ကော..င်း ညစဉ် မိုင်းရှင်းပေးခဲ့ရသည်။

ရန်သူ၏ မိုင်းထိခဲ့သော် အချိန်မရွေး တစ်ဦးတစ်ယော မှ တပ်စိတ်တစ်စိပ်လုံး ကျဆုံးနိုင်သည်။ ဒါပေမဲ့ ထိုအချိန် ရန်ကုန်–မန္တလေး၊ မီးရထား၏လုံခြုံရေး ခရီးသွားပြည်သူ လုံခြုံရေးကို စစ်သည်များ အသက်ပေး၍ စောင့်ရှောက်ရသည့် ဖြစ်ပေသည်။

''တပ်မှ စစ်သည်များသည် ထိုအချိန်က ခရီးသွားပြည် များ၏ ရှေ့ပြေးလမ်းပြကြယ်ကလေးများ''ဆိုလျှင် မှားမည်လို့မ

တစ်ခါတစ်ရံ မီးရထားလမ်း ကင်းသွားရင်း MPT ရှေ့ လိပ်ခုံးလေးပေါ်တွင် သေနတ်များ၊ ဗုံးသီးများ၊ လောင်စာများ အသင့်အနေအထား လိုက်ပါစောင့်ရှောက်ရင်း သီချင်းတေးက တစ်ပုဒ် ရေရွတ်သီဆိုကြပုံ ''ဩော် ... လမ်းခင်းတဲ့ကျော ခဲ၊ အရောင်ဘသွေးမှာလည်းမွဲ''ဟု ရေရွတ်မိပြန်သည်။

တပ်၏သဘောမှာ အသက်သေသည်၊ ဆင်းရဲဒုက္ခရော





သည် ပတနမဟုတ် ပြည်သူတွေ၏ အသက်၊ စည်းစိမ်၊ အိုးအိမ်ကို စောင့်ရှောက်ရင်း၊ မိမိတိုင်းပြည်ကို ကျူးကျော်ထိပါးလာသူ ရန်သူ နှင့်သမျှ တိုက်ခိုက်ချေမှုန်းရသည်။

❖ ❖ ❖

၁၉၇၀ ခုနှစ်ဝန်းကျင် ပဲခူးရိုးမကို ကျောခိုင်း၍ပြီး နောက် စ်တာဝန်ကျရာ ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့သို့ ပြောင်းရွှေ့ ရောက်ရှိခဲ့သည်။ အဲဒီအချိန်က ဗကပ ကွန်မြူနစ်သောင်းကျန်း သူများမှ ''လားရှိုး'' ဘူတာအနီး ''ဆင်တောင်''မှ ဘူတာနှင့် မီးရထား စက်ခေါင်းတို့အား လောင်ချာဖြင့်ပစ်သည့်ကာလ ဖြစ် သည်။

လားရှိုးမြို့သည် ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ(၃၀၀၀) ကျော် တောင်ပေါ်ရှမ်းမြို့ ဖြစ်သည်။ မန်ဆူဘုရား၊ သာသနာ ၂၅၀၀ ဘုရားနှင့် ကမ္ဘောဇ ဒေါက်တာခင်လှိုင်အိမ်တို့ လူသိများ သည်။ ရှမ်းတရုတ်များလည်း နေထိုင်ကြသည်။ ရပ်ကွက် ငါးမှာ အများအားဖြင့် ကချင်လူမျိုးများ နေထိုင်ကြ၍ မကြာခဏ K.I.A ကချင်သောင်းကျန်းသူများ ဝင်ထွက်သွားလာလေ့ရှိသည်။ မန်ဆူ ဘုရားအနီးရှိ ဘောလုံးကွင်းတွင် လွတ်လပ်ရေးနေ့ ကျင်းပ နေစဉ် မိန့်ခွန်းပြောနေစဉ် ကချင်နှင့် ဗကပတို့ ချောင်းမြောင်း ပစ်ခတ်မှု ကြောင့် တပ်မှ ဒုဗိုလ်မှူးကြီးတစ်ဦး ကျဆုံးသွားခဲ့ရသည်။ ထိုစဉ်က တိုင်းစစ်ဌာနချုပ်လည်းမရှိသေးဘဲ မဟာဗျူဟာသာရှိသည်။ ရှမ်းပြည်ရောက်ခါစကာလဖြစ်၍ ရှမ်းစကား မောင် နားမလည်၊ ယ်နားမလည်နှင့် ကြုံရသည်။ လားရှိုး ဈေးထဲသွားသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းစကားမတတ်၍ ပိုက်ဆံထောင်ပြ၍ ဝယ်ရသည်။ တစ်ခါတ
မြန်မာလိုပြောလျှင် ရှမ်းလို "မဟု"ဟု ပြန်ပြောသည်။ ဈေးယ
ပစ္စည်းတစ်ခု အဆစ်တောင်းပြီး ခြင်းထဲကောက်ထည့်လျ
"မလိုက်" မရဘူးဟု လက်ကို ဖမ်းဆွဲထားသည်။ "ရှမ်းစကာ
မောင်နားမလည်" ဖြစ်နေ၍ သူငယ်ချင်း မိတ်ဆွေ ရှမ်းလူမျိုး
ရှမ်းစကားသင်ရသည်။ ရှမ်းစကား စသင်တော့ ...

| မြန်မာ | | ရှမ်း |
| --- | --- | --- |
| ခရမ်းသီး | ကို | မခေ |
| ကျား | ကို | ဆေ |
| ယုန် | ကို | ပန်တိုင်း |
| မီး | ကို | ဖိုင်း |
| ခရု | ကို | ဟွိုင် |
| တောင် | ကို | လွိုင်– တိုင်ဆိုတာရှမ်း |
| ရှမ်းအဖိုးကြီး | ကို | ဖိုးထောက် |
| ရှမ်းအဖွားကြီး | ကို | မယ်ထောက် |
| ရှမ်းအမျိုးသမီး | ကို | ပီနန်း |
| ဖြည်းဖြည်းသွား | ကို | ကွာလွယ်လွယ် |
| မြန်မြန်သွား | ကို | ကွာဖိုင်းဖိုင် |
| နည်းနည်းပေး | ကို | ပန်အစ်အစ် |

ကွတ်ခိုင်မြို့ဘက်ရောက်တော့ ...

တောင်အလုံးသုံးဆယ်ကို လွိုင်ဆန်ဆစ် စသည်ဖြ
တစ်လုံးစ၊ နှစ်လုံးစ သင်ခဲ့ရသည်။

လားရှိုးမှ တန့်ယန်းမြို့သို့ စစ်ဆင်ရေးတာဝန်ဖြင့် R.T.





ယာဉ်ဖြင့် ချီတက်ခဲ့ရသည်။ တန့်ယန်းမြို့တွင် ခလရ (၃၃) ရှိသည်။ စစ်ဗျူဟာ တစ်ခုစခန်းချထားပြီး တပ်များကို ကွပ်ကဲသည်။ ၁၉၇၀ နှစ်လွန် ကာလဖြစ်၍ ကာကွယ်ရေး ကိုယ်ပိုင်တပ်များထားရှိသည်။

| | |
| --- | --- |
| (လားဟူး) | ရောင်ပရေး–ကာကွယ်ရေး |
| | ရောင်ကလု–ကာကွယ်ရေး |
| (ရှမ်းကိုးကန့်) | ဖိုလ်လိုက်အူ–ကာကွယ်ရေး |
| (ရှမ်း) | ဦးကျော်စိန်–ကာကွယ်ရေး |
| (ဝလူမျိုး) | ဦးကျောက်တဲ–ကာကွယ်ရေး |
| (လွယ်မော်) | လွယ်မော်–ကာကွယ်ရေး (နောင်အခါ) ခွန်ဆာ– |

ကာကွယ်ရေးအဖြစ် ရပ်တည်ခဲ့သည်။ ခေါင်းဆောင်ခွန်ဆာ အမည် ဖြင့် "ခွန်ဆာ ကာကွယ်ရေး"ဟု ခေါ်သည်။ နှစ်သစ်ကူးချိန်ကာလ ရောက်ရှိသည့်အခါ နှစ်သစ်ကူးပွဲလုပ်လေ့ရှိသည်။ တန့်ယန်းမြို့တွင် တပ်စခန်းချချိန် ကာလအတွင်း ဗျူဟာမှူးမှ ခရီးထွက်မည်ဆို၍ ကပ်ပဲစုတစ်စုတွင် ကျွန်တော် ဗိုလ်ကြီးဝင်းဟန်နှင့် ခလရ (၃၃) မှ ဗိုလ်ကြီးအောင်စန်း (နောင် ဗိုလ်မှူးကြီးအောင်စန်း၊ သမဝါယမ ဝန်ကြီး)နှင့်အတူ ဗျူဟာမှူး ဗိုလ်မှူးကြီး ခင်ကျော်ညိုနှင့်အတူ တန့်ယန်းမှ သံလွင်အရှေ့ခြမ်း မန်မန်ဆိုင်သွားနယ်မြေ အကဲ ကြည့်ရန် ခရီးထွက်ခဲ့သည်။ တန့်ယန်းမှ ငါးမိုင်လောက် သံလွင်မြစ် အား အပေါ်မှအောက်သို့ ပေ ၃၀၀ ခန့် တောင်ခြေလျှော ဗျူဟာမှူး နှင့်အတူ ဆင်းခဲ့၏။ အောက်တွင် သံလွင်မြစ် စီးဆင်းနေပြီး ဟိုဘက်ကမ်းသို့ B.E အင်ဂျင်နီယာတပ်မှ ပါလာသည့် ဘုတ် Boat "ဖောင်ကူးစက်တပ်ယာဉ်"ဖြင့် တစ်ဖက်ကမ်းသို့ ကားသည် ရောက်သည့်အခါ တောင်ပေါ်သို့ ပေ ၃၀၀ ခန့် ပြန် တက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်လိုဖြင့် တောင်များပေါ်တွင် ကွေ့ပတ်ပြီး ဗကပကွန်မြူနစ်တို့ (အဝေးရောက် ဗဟို) ရှိရာ "မန်မန်ဆိုင်"၊ "မုံးပေါ်"သို့ အဝေး ကြည့် မှန်ပြောင်း၊ မှန်ဘီးလူးဖြင့် လှမ်းကြည့်ပြီး လာလမ်းအတိုင်း သံလွင်မြစ်ကိုဖြတ်၍ ပြန်ခဲ့သည်။ ဒီဘက်တောင်ကုန်းမှ သံလွင် မြစ်ခြား ဟိုဘက်တောင်ကုန်းရှိရာ "လယ်စောင့်တဲ" တစ်ခုမြင်ရ ဗျူဟာမှူး ဗိုလ်မှူးကြီး ခင်ကျော်ညိုမှ ကျွန်တော် ဗိုလ်ကြီးဝင်းဟန်နှင့် ခလရ (၃၃) မှ ဗိုလ်ကြီးအောင်စန်း အားခေါ်ပြီး ဟိုဘက်ကမ်းတဲအား ၃ လက်မ စိန်ပြောင်းဖြင့် ကျည် သုံးတောင့်ပေးပြီး ပစ်ခိုင်းရာ ထိမှန်က တစ်ဦးလျှင် ငွေ (၅၀/-)ကျပ်ပေးပြီး ဗျူဟာရုံးရောက်က ညနေစာ ကြက်သားဟင်းဖြင့် ကျွေးမည်ဟု စိန်ခေါ်လောင်းကြေးထပ် သဖြင့် ၃ လက်မ စိန် ပြောင်းဝမှ ကျည်တစ်တောင့် သွင်းလိုက်ရာ "ဂလုံ"ဟု ရှောခနဲ ဝင်သွားပြီး "ဖောက်"ဟု အသံမြည်ကာ ကျည်မှာ ပြောင်းဝမှထွက် သွားပြီး သံလွင်မြစ်တစ်ဖက်ကမ်း တဲရှိသို့ရောက်သွားပြီး "ဂျိမ်း"ဟု ပေါက်ကွဲသံကြားရသည်။

ကျွန်တော် ဗိုလ်ကြီးဝင်းဟန်နှင့် ဗိုလ်ကြီး အောင်စန်းမှ "အဘ" ဟု လှမ်းခေါ်ရာ "ဟေ" မင်းတို့ အရှုံးပေးပြီလား ဟု ပြန်မေးသဖြင့် ကျွန်တော်တို့မှ "ခွင်းပုံး"ကျည်အစား ပေါက်ကွဲ မြင်နိုင်သည့် မီးခိုးပုံး Smoke အား တောင်းဆိုရာ ဗျူဟာမှူး ခွင့်ပြုလိုက်၍ ၃ လက်မစိန်ပြောင်းအတွင်း မီးခိုးပုံးကျည်တစ် တောင့် ပြောင်းဝအတွင်း ရေချိန်ညှိပြီး ကိုက် ၂၈၀၀ တာဝေးတင်ပြီး "ပစ်"ဟု အမိန့်ပေးလိုက်ရာ "ဂလုံ" ဟု ကျည် ရှောခနဲဝင်သွားပြီး "ဖောက်"ဟု အသံမြည်ကာ ကျည်မှာ ပြောင်းဝမှထွက်သွားပြီး တစ်ဖက်ကမ်း တဲရှိရာသို့ ကံကောင်းထောက်မစွာ "ဂျိမ်း"ဟု





ကိုက်ရိုက်ထိမှန်သဖြင့် တဲမှာ မီးလောင်ပြီး မီးခိုးများ ကောင်းကင် အထက်သို့တက်လာသဖြင့် အားလုံး လက်ခုပ်တီးကာ အားပေးကြ သည်။ ဗျူဟာမှူးမှ ညနေ ဗျူဟာမှူးရှိရာ ရိပ်သာသို့ ကျွန်တော်တို့ အရာရှိနှစ်ဦး သွားရောက်သည့်အခါ ဗျူဟာမှူးမှ ကြိုဆိုပြီး ရိပ်သာ တွင် အာမိရမ်ဖြင့် ညှော်ခံကျွေးမွေးပြီး လောင်းကြေးပိုက်ဆံငွေ ငါးဆယ်ကျပ်အား တစ်ဦးစီ ထုတ်ပေးလိုက်သည်။ "သြော် ကံကောင်းလေစွ"ဟု ရေရွတ်ပြီး နှစ်ဦးသား လည်ပင်းဖက်ကာ သီချင်းဆိုပြီး ပြန်လာခဲ့ကြသည်။

တန့်ယန်းမြို့၊ မိုင်းရယ်မြို့၊ စိန်ကျော့စစ်ဆင်ရေးဂွင်လည်း ကောင်း၊ မိုင်းရှူးဂွင်တွင်လည်းကောင်း စစ်ဆင်ရေး တစ်လှည့်စီ ဝင်ရောက်ပြီး လားရှိုးသို့ ပြန်လည်ရောက်ရှိခဲ့သည်။ လားရှိုးမှ ကွတ်ခိုင်မြို့သို့ စစ်ဆင်ရေးတာဝန်ဖြင့် သွားရောက်ကာ အခြေပြု လှုပ်ရှားခဲ့ရပြန်သည်။ ကွတ်ခိုင်မှ အရှေ့ဘက်ခြမ်း တာမိုးညဲသို့လည်း ကောင်း၊ ရမခတိုင်းစစ်ဌာနချုပ်မှ ဒုတိုင်းမှူး ဗိုလ်ချုပ်အေးစံနှင့်အတူ အဆိုပါဂွင်များသို့ ဝင်ရောက်နယ်မြေ ရှင်းလင်းခဲ့ရသည်။ ကွတ်ခိုင် သည် ကလောမြို့ကဲ့သို့လည်းကောင်း၊ ပြင်ဦးလွင်မြို့ကဲ့သို့လည်း ကောင်း၊ ဟဲဟိုး–တောင်ကြီးမြို့များကဲ့သို့ အရမ်းချမ်းအေးပါသည်။ စစ်သည်များ ကွတ်ခိုင်တွင် တစ်ပတ်မှတစ်ခါ ရေချိုးသည်။ ကျွန်တော်သည် မိုးကောင်းကင်ကြည့်ပြီး တိမ်ကြားထဲမှ နေမင်း ပြပြင်သို့ တိမ်အပေါက်ထဲမှ ဆင်းလာသည်ကို မြင်ရလျှင် ရေပြေး ချိုးပြီး အမြန်အဝတ်အစားလဲကာ စောင်ကို အမြန်ခြုံရသည်။ ကွတ်ခိုင်မှာ စခန်းချစဉ်အတွင်း ရှမ်းပြည်နယ် ငါးရက် တစ်ဈေး နေ့တစ်နေ့မှာ တယ်လီဖုန်း Exchange အိတ်ချိန်းမှ အရာရှိများ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောပြီး သိနေသည်။ ဖုန်းရုံးအော်ပရေတာ ရှမ်း တရုတ်မလေး
မှ ဈေးနေ့ကျရင် ထမင်းတစ်ခါလာစားဖို့ဖိတ်ထား၍ ကွတ်ခိုင်ရေ
လေတပ်အရာရှိတစ်ဦး၊ အမြောက်အကူတပ်မှ အရာရှိနှစ်ဦး
ခြေလျင်မှ အရာရှိနှစ်ဦး ပေါင်းငါးဦးမှ ဈေးနေ့သွားရင်း ဖုန်း
Exchange အိတ်ချိန်းသို့ ခေတ္တဝင်လည်ကြသည်။ ရှမ်း/ တရုတ်
အော်ပရေတာမလေးမှ ပျူငှာစွာခေါ်ရင်း အိမ်ရှေ့ခန်းတွင် စကား
ဝိုင်းဖွဲ့ပြောနေစဉ် ထမင်း၊ ဟင်းချက်ရမည်ဆို၍ နောက်ဖေး
ဝင်သွားသည့်အခါ အိမ်အောက်ထပ်မှ လွှဆွဲသံနှင့် တူရိုက်
ကြားရသဖြင့် အရာရှိများ ကြမ်းကြားမှ ချောင်းကြည့်စဉ် ခြေ
အာမေဋိတ်သဖြင့် တအံ့တသြ တစ်ယောက်ကိုတစ်ယောက်ကြည့်
ကာ အံ့သြသွားသည်။ တွေ့ရှိသည့်မြင်ကွင်းမှာ အရာရှိများ
ကြောက်လန့်သွားစေသည်။ ရှမ်းတရုတ်မလေး ဖုန်းတာဝန်ခံ
ဖခင်မှာ လက်သမားဖြစ်ပြီး အိမ်အောက်တွင် ''လူသေခေါင်းများ
အသင့်တန်းစီထားသည်။ တချို့အခေါင်းများမှ တရုတ်အခေါင်းများ
တိုင်းရင်းသားအချို့အတွက် အခေါင်းများ'' တွေ့ရှိရသည်
အခေါင်းလုပ်သည့်အိမ်လို့ တွက်ချက်ရပြီး 'အလောင်းစည်သူအိမ်'
လို့ တီးတိုးပြောပြီး အရာရှိများ တစ်ဦးနှင့်တစ်ဦး လက်တို့
ထိုအိမ်မှ ထွက်ပြေးလာကြသည်။ လမ်းပေါ်ရောက်ပြီး ဝေးသည့်
နေရာတွင် ဟားတိုက်ရယ်မောကြရသည်။ ကွတ်ခိုင်မှတစ်
တာဝန်ကျရာ မူ...ယ် ၁၀၅ မိုင် မုံးယုသို့ရောက်ရှိပြီး ပွိုင့်-၄၅
ပေ တောင်ကုန်းတွင် စခန်းချရသည်။ အနီးတစ်ဝိုက်တွင်
သစ်တစ်ပင်တောင်ကုန်း ရန်သူစိုးမိုးသည့် ကျူကုတ်၊ ပန်ဆိုင်းတောင်
စသည်ဖြင့်လည်းကောင်း၊ အနီးတစ်ဝိုက်တွင် စီစီဝမ်၊ တာပ





...ပေါ် ဗကပ စိုးမိုးထားရာ တောင်တန်းများ ဝိုင်းရံလျက်ရှိသည်။
...ယ်အနီးတစ်ဝိုက်တွင် ဗျူဟာရုံးမှ လေယာဉ်ကွင်းဟောင်း
...ပ်တွင် နေရာယူထားပြီး အနီးဆုံး တောင်နီ၊ ဖရုံတောင်များကို
...ဟာမှ စိုးမိုးထားသည်။

ညနေရောက်သည့် လပြည့်ညများတွင် တောင်ထိပ်စခန်း
...ထားသဖြင့် လပြည့်ညများတွင် ''ရီရီခင်''ဆိုသည့် . . .

''လပြည့်ညတွင် လမင်းက ထိန်ထိန်သာ မိုးထက်အာကာ
...ထက်အာကာ'' စသည်ဖြင့် စစ်သည်များ၊ အရာရှိများ နားဝင်
...သာစွာ ကြားသိရပြန်သည်။ နေ့အခါ စစ်သည်များ၊ တောင်တန်း
...များပေါ်သို့ စစ်ချီတက်ပြန်ရင်လည်း ''တင်တင်မြ''ဆိုသည့်
''တောင်တန်းပြာနဲ့ ကျောပိုးအိတ်''ကို သတိရ တမ်းတမိပြန်သည်။

''မြင်စေချင်စမ်းလှသည် တောင်တန်းပြာ စစ်စခန်းမှာ
...ကျောပိုးအိတ်ကိုလွယ် ချီ၊ စစ်သည်များစွာ အားမာန်တက် အသက်
...ပေးကာရည်၊ မျိုးဇာနည် သာကီဖွားတွေ စွန့်စားပုံကြွား စွမ်းပကား
...ပြကြသည်''

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့သို့ ၁၉၇၀ ခုနှစ်
...န်းကျင် လာရောက်ရှိစဉ် ရ.မ.ခ တိုင်း မဖွင့်သေးဘဲ မဟာ
...ဗျူဟာဖြင့် ဖွင့်လှစ်ထားရှိပြီး ဗိုလ်မှူးကြီးစိန်မြမှ စစ်ဆင်ရေးနှင့်
...ယ်မြေအား စီမံကွပ်ကဲသည့် လားရှိုးသို့ ကျွန်တော်တို့ ရောက်ရှိပြီး
...စ်နှစ်၊ သုံးနှစ်ကြာမှ ရ.မ.ခ တိုင်းဟုခေါ်တွင်ပြီး ဗိုလ်ချုပ်အေးကိုမှ
...တိုင်းမှူး၊ ဒုဗိုလ်မှူးကြီးစောမောင်(နောက် ဗိုလ်ချုပ်မှူးကြီးစောမောင်)
...မှ ဂစ်ဦးစီး (ပ) အဖြစ် တာဝန်ထမ်းဆောင်သည်။ လားရှိုးအတွက်
A.T လား ဝန်တင်တပ်ရှိ၊ ရေပူစမ်း အနီး၊ ခလရ(၆၈) တပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



အသစ် ဖွင့်လှစ်ရာတွင် ဗိုလ်မှူးမောင်အေး (နောင် ဒုတိယဗိုလ်
မှူးကြီး မောင်အေး)မှ တပ်ရင်းမှူးအဖြစ် တာဝန်ယူကွပ်ကဲသ
ဗိုလ်မှူး အေကယ်လ်မှာ တိုင်းမှူး ဗိုလ်ချုပ်အေးကို၏
ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်သည်။ ကျွန်တော်သ
တိုင်းအသစ် စဖွင့်စဉ် တိုင်း၏တည်ဆောက်မှု၊ အားကစားကျ
မှုနှင့် ရွှေလီရိပ်သာ၊ တပ်နယ်ဈေး စသည့်ကိစ္စအဝဝအား ကျ
ဆောင်ရွက်ပေးခဲ့သည်။ ထိုစဉ်က လားရှိုးတွင် ၁၉၇၂–၇၃ ခုနှ
ရှိမည်ဟု ထင်ရပါသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် (၁၀) နှစ်ခန့် တာဝန်ထမ်
သ...နောက် ''တောင်ကြီး'' ''ရှမ်းပြည်တောင်ပိုင်း''သို့
နှစ်ခန့် ပြောင်းရွှေ့ရောက်ရှိ၍ ခလရ (၆၅) ''မိုင်းတုံ''သို့လည်
ကောင်း၊ ခလရ (၄၃) ''မိုင်းပျဉ်း''သို့လည်းကောင်း၊
ပြောင်းရွှေ့ရောက်ရှိခဲ့ပါသည်။ တောင်ကြီးမြို့သည် ရှမ်းပြည်
တောင်ပိုင်း ပြည်နယ်ရုံးစိုက်ရာဖြစ်သည်။ အရှေ့ပိုင်းတိုင်းစစ်
ချုပ် ရပခတည်ရှိရာ မြို့ဖြစ်သည်။ ''မိုင်းပျဉ်းမြို့''သည် တောင်
ကျိုင်းတုံသွားရာ လမ်းမပေါ်တွင် တည်ရှိသည်။ ''မိုင်းတုံ
သည် တောင်ကြီး–တာဆန်းကူးတို့ဆိပ်မှ မိုင်းတုံ– မိုင်းဆတ်
မြေသားကားလမ်းပေါ်တွင် တည်ရှိပြီး မိုင်းဆတ်မှ တာလေ
မြေလမ်းဖြင့်ရောက်ရှိပြီး ကျိုင်းတုံ–တာလေ–တာချီလိတ်
ကားလမ်းသို့ ဆက်သွယ်ထားရှိသည်။ ခလရ (၆၅) မိုင်းတုံ
တာဝန်ထမ်းဆောင်စဉ် ရှေ့တန်းသို့သွားရာတွင် နမ်းဆင်းချော
ရဲဘော်များ၊ ဆရာကြီးများ၊ အရာရှိတို့မှ ချောင်းကို လူလွတ်ကူး
ကြရသည်။ ရေစီးအရမ်းသန်သဖြင့် အထက်မှ အောက်သို့ စုန်





ကူးခတ်ကြရသည်။ သေနတ်နှင့် ကျောပိုးအိတ်၊ အုပ်ချုပ်မှုဆိုင်ရာ
...ရည်းများ၊ ဝါးဖောင်ပေါ်တင်၍ တစ်ဖက်ကမ်းမှ ဖောင်ပေါ်ရှိ
ကြိုးကို စောင့်ဖမ်းပြီး တစ်ဖက်ကမ်းသို့ ကူးရသည်။ မိုင်းပျဉ်းအပိုင်
...ာကော်တံတားလုံခြုံရေး ကုန်းဆာဒေသ စစ်ဆင်ရေးများ
...မ်းဆောင်ကြရသည်။ ထိုဒေသသို့ အသွား (၁၅) ရက်၊ အပြန်
(၁၅) ရက်ကြာ ခြေလျင်ချီတက် လမ်းလျှောက်ရသည်။ ထိုသို့
...ာဝန်ထမ်းဆောင်စဉ် ခြောက်လခန့်ကြာသည်။ ...သည်နှင့်
...ရာရှိတို့ မကြာခဏ ငှက်ဖျားရောဂါ ခံစားရသည်။

ရှေ့တန်းမှ တာဝန်ပြီးဆုံးသည့်အခါ စစ်သည်များ၊
...ကြပ်၊ အရာရှိတို့မှ ခြေလျင်ခရီးဖြင့်ပြန်ခဲ့ပြီး လမ်းတစ်ဝက်တွင်
...ဆန်ချောင်းကို ဖောင်မရှိဘဲ ကူးခတ်လာကြသည်။ နောင်အခါ
...ားလမ်းဖောက်ပြီး ချောင်းကူးတံတား ဆောက်လုပ်ထားသည်။
...မ်းခရီးတစ်ခုလုံး မိုးမိလာပြီး တပ်ရောက်သည့်အခါ စစ်သည်၊
...ကြပ်၊ ကျွန်တော် ဗိုလ်ကြီးဝင်းဟန်တို့ ငှက်ဖျားရောဂါဖြင့်
...ေးခန်းပြုကြပြီး တစ်လခန့်အကြာတွင်မှ ငှက်ဖျားပျောက်ကြသည်။
...ောက်မကြာမီ ခလရ (၆၅) မိုင်းတုံသို့ရောက်ပြီး ပုံပါကျင်ရွာရှိရာ
...စခန်းသို့ တာဝန်ယူရသည်။ သစ်ခိုးသူ ထိုင်း၊ ယိုးဒယားဘက်မှ
...ကြေးစားတပ်များနှင့် တိုက်ပွဲဖြစ်ရသည်။ တစ်ခါတစ်ရံ တပ်ရင်းမှူး
...မှူးကြီး ကျော်ရှိန်ခေါင်းဆောင်ပြီး နယ်စပ် သကာသ စခန်းသုံးခုအား
...ားရောက်ချေမှုန်းရသည်။ ကျွန်တော်မှ လက်နက်ကြီးသင်တန်း
...က်ထားသည့်အတွက် ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ဖြင့်
...င်ကုန်း တစ်ခုပြီးတစ်ခု ပေါင်းသုံးခု ရန်သူ့စခန်းအား ပင်ခတ်
...သည်။ ရန်သူ့စခန်း သုံးခုလုံး တိုက်ရိုက်ထိမှန်၍ ရန်သူများ



www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်ကျော်ပြီး ယိုးဒယားဘက် ထွက်ပြေးသွားကြသ
ပုံပါကျင်တွင် နေ့စဉ် ရန်သူဘိန်းစခန်းရှိရာသို့ သွားရောက်တ
ခိုက်ခဲ့ရသည်။ ဘိန်းချက်စခန်းများတိုက်သည့်အခါ ''မိုးဟ
ဘိန်းစစ်ဆင်ရေး (၁)(၂)(၃)(၄)(၅) (၆)(၇)(၈)(၉)(၁၀) စသည်
ရှိခဲ့ပြီး ရန်သူများ ယိုးဒယား- ထိုင်းဘက်သို့ ထွက်ပြေးပြီး
မရှိပါက ပြန်လည်၍ ရန်သူများ ဝင်ရောက်လာပြီး ဘိန်းတ
ပြန်လည်ချက်ပြန်သည်။ ပုံပါကျင်အနီး နယ်စပ် မလှမ်းမကမ်း
ယိုးဒယားနယ်စပ်အနီး ''လွယ်လန်း'' တောင်ကုန်းရှိပြီး မှော
ကွဲ၊ နွား၊ ကျောက်၊ ဘိန်းနှင့် လက်နက်များ၊ ကျည်ဆန်
ရောင်း/ဝယ်ကြသည်။ မှောင်ခို ရောင်း/ဝယ်ကြသူများမှာ
ကချင်သောင်းကျန်းသူများ၊ ကိုးကန့် သောင်းကျန်းသူများ၊
ကွန်မြူနစ် သောင်းကျန်းသူများ တောလမ်းမှ နယ်စပ်ကျော်
ယိုးဒယား-ထိုင်းတွင် လွိုင်လန်းတောင်တွင် မှောင်ခို ရောင်း/
ကြသည်။ ပုံပါကျင်ရွာအနီး ''ထိုင်း-ယိုးဒယားဘုရင်၊ နွေရာ
အပန်းဖြေ'' တောင်ကုန်းရှိသည်။ 'လွိုင်မတ်အနှ်ခမ်'
''ကြက်ဟင်းခါးသီးတောင်' ရှိသည်။ နွေရာသီ မြန်မာပြည်
အလုပ်သမားများ ပေါက်တူး/ဓားဖြင့် ကိုယ်စီ ရောက်လာကြ
အလုပ်သမားတစ်ထောင်ခန့် အလုပ်လုပ်ကြသည်။ တစ်လလ
ယိုးဒယားဘတ်ငွေ (၇၀၀) ရရှိကြသည်။ အဆိုပါ ဥယျာဉ်
ပန်းမျိုးစုံ၊ သစ်သီးမျိုးစုံဖူး၊ ပွင့်၊ သီးကြသည်။ နွေရာသီ ကုန်
သည့်အခါ ယိုးဒယားဘုရင်မိသားစုလည်း ဘန်ကောက်ပြန်သ
မြန်မာပြည် အလုပ်သမားတွေလည်း အညာသို့ ပြန်ကြသ
တပ်မတော်သားတို့မှာ နယ်စပ်အနီးထိ စခန်းချနေထိုင်ကြရသ





စ်သားတို့မှာ –

''မင်းခယောက်ျားများ မဟုတ်ပါလော''

တစ်ခါတစ်ရံ ''ရေဒီယိုမှ စိုင်းဆိုင်မော သီဆိုတဲ့ တောင်ပြာတန်းကသိတယ်'' သီချင်းလာရာ –

မေရယ် အထင်တော့မလွဲလိုက်နဲ့ဦး
စာလွှာများ မရောက်လာခဲ့ရင်
မောင့်အပေါ်မှာ မငြိုငြင်ပါနဲ့နော် အစ်ကိုတို့စစ်သားဘဝမှာ
ချစ်သူကိုလွမ်းဖို့ရာ
တစ်ခါတလေ အချိန်တော့မပေးနိုင်ပါ
တောတောင်ကို ကျော်ကာဖြတ်လို့
တိုင်းပြည်တာဝန်ထမ်းလို့
ကျောပိုးအိတ်ကိုလွယ်ကာ
ဒါတွေကိုတောင်ပြာတန်းက
အသိဆုံးပါ မေရယ်
မေးကြည့်ပါကွယ်

စသည်ဖြင့် ပင်ပန်းနွမ်းနယ်မှုကို ဒီသီချင်းနားထောင်ရင်း ဖြေသိမ့်ကြရသည်။

တစ်ခါတစ်ရံ ''တွံတေးသိန်းတန်''မှ ဆိုပြန်သေးတယ်။

''စစ်ပွဲတစ်ရာ နွှဲလိုက်ချင်ရဲ့ ... အချစ်တစ်ပွဲတော့ မနွှဲချင်တော့ဘူးကွယ်''တဲ့ သြော် ... တတ်လည်း တတ်နိုင်ပါပေတယ်။

တစ်ခါတစ်ရံ အခိုင်တော် ''ကိုင်ဇာ''က တပ်မတော်သားများ ရန်သူနဲ့တွေ့တဲ့အခါ –



www.burmeseclassic.com

www.burmeseclassic.com



''လက်သီးဆုပ်မလား? လက်ဝါးဖြန့်မလား? ကြိုက်တာ ရွေးလိုက်စမ်းပေါ့'' တဲ့။

❖ ❖ ❖

၁၉၈၃ ခုနှစ်၊ ခလရ (၆၅) မိုင်းတုံမှ မိုင်းပျင်း ခလရ (၄၃) သို့ ကျွန်တော် ဗိုလ်မှူးဝင်းဟန် ရောက်သည့်အခါ ဗျူဟာမှူး ဗိုလ်မှူးကြီးစိုးမြင့်နှင့်အတူ တုံတာရွာကလေးပေါ်မှာ နေရသည်။ တုံတာမှာ ယခုအခါ တုံတာမြို့၊ ကျိုင်းတုံသို့သွားသည့် လမ်းပေါ်ရှိ မြို့ဖြစ်သွားခဲ့သည်။ မကြာခဏ ဗကပတပ်များ ကားလမ်းဖြတ်ပြီး ယိုးဒယား ''လွိုင်လန်း''သို့ သွားသည့်လမ်းကြောင်းကို ထိန်းထား ရသည်။ နောင်တွင် ကျိုင်းတုံရှေ့တန်း တမခ (၈၈) မှခေါ်ရ ဒုတပ်မမှူး ဗိုလ်မှူးကြီးထွန်းကြည် (ယခု ဒုဗိုလ်ချုပ်ကြီးထွန်းကြည်) တပ်မမှူး ဗိုလ်မှူးကြီးသန်းရွှေ (ယခု ဗိုလ်ချုပ်မှူးကြီးသန်းရွှေ) တို့နှင့် တွေ့ဆုံပြီး ရှေ့တန်းခြေလျင် တပ်ရင်း (၁၂) ရင်းအား တစ်ခါလျှင် ခြေလျင်သုံးရင်း စီ၊ ၆၀ မီလီမီတာ စိန်ပြောင်း၊ ၈၁ မီလီမီတာ စိန်ပြောင်း၊ မြန်မာ့တပ်မတော်တွင် တပ်ဆင်ကာစဖြစ်သော မှမ်းမံသင်တန်းပေးရာတွင် ကျွန်တော် ဗိုလ်မှူးဝင်းဟန်မှ သင်တန်း မှူးအဖြစ် ကျန်အရာရှိ နှစ်ဦး၊ ပေါင်းသုံးဦးတို့ တာဝန်ယူလေ့ကျင့် ပေးရသည်။ သင်တန်းကာလ တစ်လဖြစ်သည်။ ကျိုင်းတုံ လေယာဉ်ကွင်း[illegible]ဖက်မှ လေယာဉ်ပြေးလမ်းအဆုံးရှိ ဘယ်ဘက်မှ တောင်ကုန်းများကို ထုံးဖြူဖြင့် စက်ဝိုင်းများလုပ်ထားပြီး စိန်ပြောင်း ကျည်အစစ်ထည့်ကာ သင်တန်းဆင်း ပစ်ခတ်ရသည်၊ ထိမှ အောင် သည်။ မိုင်းပျင်းတွင် ''လွယ်ဆီး''တောင်မှာ အမြင့်ဆုံးဖြစ်သည်။





''လွယ်ဆီး''(ပ) တောင်ပို့င့် ၇၅၃၀ ပေမြင့်ပြီး၊ (ဒု) တောင်များ ပို့င် ၇၅၂၀ ပေမြင့်၍ (တ)တောင်များ ပို့င် ၇၅၁၀ ပေမြင့်သည်။ စစ်ကြောင်းမှူး ဗိုလ်မှူးဝင်းဟန်မှ အမြင့်ဆုံးတောင်မှာနေရပြီး ဆက်သွယ်ရေးစက် ဆင့်ကမ်း(လက်ဆင့်ကမ်းရသည့်) Relay စလောင်းစက်ကြီးရှိသည်။ (ဒု)အမြင့်ဆုံး တောင်တွင် ဒုအရာခံ ဗိုလ်နှင့် စစ်သည်များထားရှိပြီး (တ)အမြင့်ဆုံး တောင်တွင် ဒုတပ်ကြပ်ကြီး ထားရှိသည်။ တောင်ထိပ်မှကြည့်လျှင် ရန်သူ ဗကပ ''ပန်မကောက်''စခန်းရှိသည်။ ဗကပစခန်းပေါင်း လေးဆယ် ခန့် ရှိသည်။ တောင်အောက်တွင် ''ဆင်နှာမောင်းချောင်း'' ရှိပြီး လွယ်ဆီးတောင်ခြေရင်းကို ကွေ့ဝိုက်ပြီး စီးဆင်းသည်။ ဗကပ ကွန်မြူနစ်သောင်းကျန်းသူများ အမြဲဖြတ်သန်းသွားလာလေ့ရှိသည်။ တောင်ထိပ်မှ အမြဲတမ်း အေးစက်နေပြီး လေများလည်း ခပ်ကြမ်း ကြမ်း ဝေ့ဝိုက်တိုက်လေ့ရှိသည်။ တောင်ထိပ် ပတ်ဝန်းကျင်တွင် ကစ်ပင်တချို့ပေါက်ပြီး ပင်စည်များ ရေခဲဖြင့် အေးခဲနေလေ့ရှိသည်။ ''လွယ်ဆီးတောင်'' တစ်ခါနေလျှင် ခြောက်လကြာမှ နောက်တပ်က လာလဲပေးသည်။ အဆက်အသွယ်ပြတ်ပြီး ပါလာသည့် ရေဒီယို အသေးစားကို တွင်းထဲတွင် တိုးတိုးလေး ဖွင့်နားထောင်ရသည်။ လွယ်ဆီးတောင် တစ်တောင်နဲ့တစ်တောင် ကူးသန်းလျှင် မိုးရွာနေ ပါက မိုးကြိုးပစ်ခြင်းခံရသည်၊ အရာခံ/အကြပ်ကြီးများ မိုးကြိုး ထိမှန်၍ မကြာခဏ သေကြရသည်။ ထို့ကြောင့် မိုးရွာလျှင် တောင်တစ်တောင်မှတစ်တောင်သို့ မကူးရဟု အမိန့်ထုတ်ထားသည်။ ညဘက်တွင် မိမိနေရာ မြေအောက်တဲတွင် မီးဖိုနေကြရသည်။ စားစရာမရှိ၍ ညဘက်သတင်းနှင့် ကြေးနန်း စောင့်နားထောင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကုလားပဲခြမ်းကို ကြော်စားကြသည်။ တစ်နေ့တွင် ခွဲတပ်ကြပ်ကြ
''ဂျီ''ရသည်ဆို၍ ဗိုလ်မှူးစားလျှင် ညနေဟင်းတစ်ခွက် လာပေ
မည်ဆို၍ ကျွန်တော်နှင့်ဆရာ၊ စစ်သည်တချို့ ပျော်နေကြသည်
ည ''ဟင်း'' လာပေးသည့်အခါ ထမင်းဖြင့် စားလိုက်ကြသည်
နောက်တစ်နေ့ည ခွဲတပ်ကြပ်ကြီးနေရာ ရောက်သည့်အခါ ဘယ်
ရလာလဲမေးရာ ''ဂျီကတုံး''လို့ခေါ်တယ်''ခွေး'' သားဖြစ်ကြော
ပြော၍ အဆောင် အပြင်ဘက်ထွက်ကာ အန်ပစ်ရာ ဘာမှမထွက်
ဆရာကြီးအား နောင် ဒီလိုမလုပ်ရန်မှာပြီး မိမိစခန်းရှိရာသို့ ပြ
ခဲ့သည်။

ပဲခူးရိုးမတွင် နေစဉ်ကလည်း ခလရ (၃၀) တွင် အတ
နေကြသည့် အရာရှိများ၊ ရှေ့တန်းထွက်လာကြရာတွင် ဗိုလ်ကြ
ခင်မောင်လွင်မှာ ဘာမှမစား၊ ကြက်သားတစ်ခုသာစားသည်
တစ်ရက်တွင် ဗိုလ်ကြီးတစ်ဦးမှ ပဲခူးရိုးမမှ ''ဂျီ''ရလာ၍ ကြပ်တင်
ထားပြီး အသားအားမွမွလေးအုပ်ပြီး ငါးပိကြော်လို ကြော်ထားပြ
ဗိုလ်ကြီးခင်မောင်လွင်အား ဗိုင်းကျွေးကြရာ ထမင်းစားသည့်အခါ
သုံးလေးလုတ် စားပစ်သည်။ နောက်တစ်နေ့ရောက်သည့်အခါ
စစ်သည်များထံမှ စုံစမ်းကြည့်ရာ ပဲခူးရိုးမမှ စပါးကြီးမြွေ
တစ်ကောင်ရလာပြီး ကြပ်တင်စားကြကြောင်း သိရ၍ ဗိုလ်ကြ
ခင်မောင်လွင်မှာ အရာရှိများနှင့် ပဲခူးရိုးမ တောင်ခြေစခန်းတွ
ရန်ဖြစ်ကြပြီး ပုံ‿ပန်းတားမှ ကြေအေးကာ တဲအပြင်ဘက်တွ
လက်ထိုးအန်ပစ်သည်။ ကျန်စစ်သည်များနှင့် အရာရှိများမှ
ဝိုင်းရယ်ကြသည်။ ကျိုင်းတုံမှာရှိစဉ် ရန်သူများ မှိုလိုပေါ်ကြောင်း
တွေ့ရသည်။ ဗကပ၊ **KIA** ကေအိုင်အေ ကိုးကန့်၊ လွယ်မော်





ဒိန်းသူခိုး၊ ကြေးစားရန်သူ၊ တရုတ်ဖြူများပါရှိသည်။ ကျိုက်လတ်၊
ပါလှိုးစခန်းကျပြီး ပြန်တိုက်ယူရသည်။ မိုင်းယောင်းနယ်စပ်မြို့
ကျသည်။ ပြန်တိုက်ယူရသည်။ မိုင်းခတ်မြို့ အရှေ့ဘက်နယ်စပ်မြို့
မိုင်းယန်းကိုလည်း ပြန်တိုက်ယူရသည်။ မိုင်းခတ်မြို့တွင် ဗျူဟာမှူး
ဗိုလ်မှူးကြီး တင်အောင်ထွန်းနှင့်အတူ နေရသည်။ မိမိတို့မှာ
မြေအောက်ကျင်းထဲတွင် နေကြရသည်။ ရန်သူ့မှ အပေးမှ
လက်နက်ကြီးဖြင့်ပစ်၍ နေကြရသည်။ မိုင်းခတ်မြို့မှာ ဌာနဆိုင်ရာ
(၁၇) ရုံးသာ ရှိသည်။ ဦးတော်မီဟန်မှာ လမ်းစဉ်ပါတီ ဗဟို
ကော်မတီဝင်ဖြစ်သည်။ မိုင်းခတ်နှင့်အနီးဆုံး မိုင်းနွံးရွာ ''နီး
ဘုရား'' ရှိ၍ သွားရောက်ဖူးမြော်ကြသည်။ နှစ်ပေါင်းငါးဆယ်
ကျော်ပြီဟု ဘုရားအား ပူဇော်ကြသည်။ ၁၉၈၄ ခုနှစ်တွင် တမခ
(၄၄) လက်အောက်ခံ ခမရ (၄) ရောက်သည်။ ၎င်းမှ တမခ (၄၄)
ဌာနချုပ် သထုံသို့ရောက်သည်။ ၁၉၉၁ ခုနှစ် ထိနေပြီး **KNU**
ကရင်စခန်းများသို့ မော်ဖိုးကေ–မဲလှ–ဝမ်ခ–ဂျော်နီ ကုန်းများသို့
လှိုင်းဘွဲ့ ခလရ (၂၈) နှင့် နယ်မြေ ဆက်စပ်လျက်ရှိသည်။ ပိုင်ကျူ
မှတစ်ဆင့် ''ပွိုင့် ၉၂၈'' တောင်ကုန်းမှတစ်ဆင့် ''ကုလားမတောင်''
သို့တက်ပြီး ''မော်ဖိုးကေ''ဆင်းကာ သောင်ရင်းမြစ်တစ်လျှောက်
ကရင်စခန်းများအား တမခ (၄၄) မှ ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်။

❖ ❖ ❖

ဤသို့ဖြင့် ၁၉၉၁ ခုတွင် အသက်အရွယ်ကြီးပြင်းလာသည့်
အတွက် အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦးမှ
နယ်ဘက်တာဝန်ပေး၍ ရခိုင်ပြည်နယ်၊ တောင်ကုတ်၊ သံတွဲမြို့သို့



www.burmeseclassic.com


www.burmeseclassic.com



ပြောင်းရွှေ့ရောက်ရှိပြီး မဝတ၊ ခဝတ တာဝန်ထမ်းဆောင်ခဲ့ရ
(၇) နှစ်မျှ တာဝန်ထမ်းဆောင်ပြီး နာမည်ကောင်းရခဲ့၏။ ဗိုလ်
အသက် (၅၇) နှစ်ရောက်ရှိ၍ သက်စေ့ပင်စင်အငြိမ်းစား
ပြင်ဆင်နေစဉ် S-2 အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး
ဝန်ကြီးဌာနတစ်ခုခုတွင် သုံးနှစ်တာဝန်ထမ်းဆောင်ရန်
မည်ဟုပြောရာ မယူတော့ကြောင်း ငြင်းပယ်ခဲ့ကာ ရခိုင်ပြည်
သံတွဲတွင် ယခုတိုင် အခြေကျနေထိုင်လျက်ရှိပါကြောင်း..

အားလုံးကျန်းမာချမ်းသာကြပါစေ
ဗိုလ်မှူးဝင်း

■




မြရတနာစာပေ


www.burmeseclassic.com



ဒုဗိုလ်မှူးကြီး သောင်းတင်

www.burmeseclassic.com

www.burmeseclassic.com





ရည်ညွှန်းချက်

- မိမိတပ်ရပ်ဆိုင်းတိုက်ခိုက်ပုံ
- မိမိတပ်ချီတက်သည့်လမ်းကြောင်း
- ရန်သူစခန်းတည်ရှိနေရာ
- ရန်သူနှင့်တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည့်နေရာ
- မိမိတပ်မှ ဝေ့ဝေ့ကြောင်းအားထွက်ပေါက်သည့်နေရာ
- ရန်သူချီတက်သည့် လမ်းကြောင်း
- ရန်သူဆုတ်ခွာသည့် လမ်းကြောင်း
- ကားလမ်း
- ရွာများ
- ချောင်း မြစ်

## ပန်ကျူတိုက်ပွဲ စကေးကိုက်ပြမြေပုံ
## (၃လက်မ တစ်မိုင်စကေး)

www.burmeseclassic.com

www.burmeseclassic.com




ခလရ(၅) စစ်ကြောင်း(၁)နှင့် တပ်ခွဲ(၂)ခွဲအား
ရန်သူ ၁၅၀၀ ခန့်မှ ဝန်တျုံအနီးတွင်
ဝိုင်းပတ်တိုက်ခိုက်နေပုံ

www.burmeseclassic.com

www.burmeseclassic.com

## ပန်ကျုံတိုက်ပွဲ

ရေးသူ – ဒုဗိုလ်မှူးကြီးသောင်းတင်

ကျွန်တော် ဒုဗိုလ်မှူးကြီးသောင်းတင်ပါ။ ဒီတိုက်ပွဲကို မှတ်မိသလောက် ဖော်ပြပါမည်။

၁၉၇၀ ခုနှစ်၊ မေလ ဒုတိယပါတ်တွင် တမခ (၈၈) ကွပ်ကဲမှုအောက်မှ ခလရ (၅) လာရှိုး သို့ရောက်ရှိပြီး စစ်ဗျူဟာ (၈) (ရပခ) ကို သတင်းပို့ပြီး ခလရ (၄၁) တွင် နေရပါသည်။ ၎င်းအချိန် ရပခတိုင်းမှူးမှာ ဗိုလ်မှူးချုပ်သန်းတင်ဖြစ်ပြီး စစ်ဗျူဟာ (၈) မှူးမှာ ဗိုလ်မှူးကြီး ပေါလ်ထွန်းရှိန် ဖြစ်ပါသည်။ တမခ (၈၈) တပ်မမှူးမှာ ဗိုလ်မှူးကြီးအေးကို (ဗိုလ်ချုပ်ကြီးအေးကို) ဖြစ်ပါသည်။ ခလရ (၅) ရင်းမှူးမှာ ဗိုလ်မှူးခင်မောင်ကျော် (ဗိုလ်ချုပ်ခင်မောင်ကျော်) ဖြစ်ပြီး နိုင်ငံခြားသင်တန်းတစ်ခု သွားရောက်တက်နေသဖြင့် ဗိုလ်မှူး ဖန်သန်းမှ ခေတ္တတပ်ရင်းမှူးအဖြစ် တာဝန်ယူထားပါသည်။

ရှေ့တန်း ခလရ (၅) အနေဖြင့် တပ်ခွဲ (၁)နှင့် (၃)ကို လားရှိုးတွင် ဖြန့်ခွဲနေရာယူထားရပြီး စစ်ကြောင်း (၂) နှင့် တပ်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



(၅) ကို အရန်အဖြစ် ထားရှိပါသည်။ စစ်ကြောင်း (၁) နှင့် တပ် (၂/၄) သည် လှုပ်ရှားတာဝန်ထမ်းဆောင်ရပါသည်။

လားရှိုးသို့ ရောက်ပြီး အနားမရဘဲ စစ်ကြောင်း (၁) ၂ ခွဲ လားရှိုးမရောက်ခင် ဗကပအချို့ လားရှိုးဘူတာကို ဝင်ပစ်သွ ခဲ့ပါသည်။

ယေဘုယျအားဖြင့် သုံးသပ်ရလျှင် လားရှိုးပတ်ဝန်းကျင်ကို ဗကပအင်အားတော်တော်များများ ရောက်နေသည်ဟု သုံးသပ် ပါသည်။ မိမိတို့ရောက်ပြီး သိန္နီဂွင်ထဲတွင် ရှေ့တန်းချင် (၁) ဗကပအင်အားအချို့ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ နောက်တစ် သီပေါ စဉ့်အင်တံတားကို မိုင်းခွဲသည်ဆိုပြီး မိမိစစ်ကြော လားရှိုးသို့ အမြန်ပြန်ဝင်ခဲ့ရပါသည်။ လားရှိုးပတ်ဝန်းကျင် ကွက်ပြည့်မနင်းနိုင်သော်လည်း နေ့စဉ် လှုပ်ရှား ရှင်းလင်းနေ ပါသည်။

၁၉၇၀ ခု၊ မေ (၁၉) ရက်နေ့တွင် လားရှိုး နမ့် တန့်ယန်းကားလမ်းမြောက်ဘက်ဂွင်ကို ဝင်ရောက်ရှင်းလင် လားရှိုးသို့ ည ၇/၈ နာရီ လောက် စစ်ကြောင်းပြန်ဝင်ခဲ့ပါသ စစ်ဗျူဟာမှူးထံ ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးဖန်ခန်သန်းနှင့် လိုက် သတင်းသွားပို့ရာတွင် စစ်ဗျူဟာမှူးမှ လားရှိုး–မုံးယော် မုံးကျ ကားလမ်းမြောက်ဘက် လားရှိုး–သိန္နီလမ်းအရှေ့ဘက်ဂွင် ဝင်ရှင်းရန် ညွှန်ကြားပါသည်။

ရှေ့တန်း ခလရ (၅) တွင် စက (၁) ကွပ်ကဲမှုအဖွဲ့ ခေတ္တတပ်ရင်းမှူးမှာ ဗိုလ်မှူးဖန်ခန်သန်း **(OTS-9)** ထလရ အ ဗိုလ်သောင်းတင် **(OTS-36)** လက်နက်ကြီးတပ်စုမှူး ဗိုလ်





**(OTS-36)**

တပ်ခွဲ (၂) တွင် တပ်ခွဲမှူး ဗိုလ်ကြီးမြတ်ငြိမ်း **(OS-30)**၊ တပ်စုမှူး ဗိုလ်တင်စိုး **(DSA-10)**၊ တပ်ခွဲ (၄) တွင် တပ်ခွဲမှူး ဗိုလ်ကြီးတင်လှ **(OTS-31)**၊ တပ်စုမှူး ဗိုလ်သောင်းလွင် **(DSA-10)** တို့ပါ ဝင်ပါသည်။ စစ်ကြောင်းတစ်ကြောင်းလုံး လူအင်အား ၂၀၀ ခန့်ပါဝင်ပြီး လက်နက်ကြီး ၃ လက်မ စိန်ပြောင်း တစ်လက် 7.62 စက်လတ် ၂ လက်၊ **3.5** လောင်ချာတစ်လက် ကျန်လက်နက် ပယ်များမှာ ၂ လက်မစိန်ပြောင်း ၆လက်၊ ကျန် ဂျီသရီး ဂျီဖိုး ကာဘိုင်များသာပါပြီ **40** မိလီမီတာဗုံးသေနတ် **KM-79** မတပ်ဆင် ရသေးပါ။

၁၉၇၀ ခုနှစ်၊ မေလ ၂၀ ရက် မနက် အခြေပြုမှထွက်ပြီး လားရှိုး မုံးယော် ကားလမ်း ၉/၁၀ မိုင်လောက်ရှိ ရှမ်းရွာကြီး တစ်ရွာရောက်ပါသည်။ (၎င်းရွာကို မေ ၁၉ ရက်နေ့ညက ထလရ အရာရှိနှင့် တပ်စိတ်တစ်စိတ် **TE** တစ်စင်းဖြင့် ဝန်ထမ်းသွား ခဲ့ပါသေးသည်။)

၎င်းရွာသို့ နံနက် ဝ၉း၃၀ ခန့်ရောက်သည် ဟုထင်ပါသည်။ ရွာမှာကားလမ်း၏ ညာဘက်ခြမ်းတွင်ရှိပြီး ကားလမ်းဘေးတွင် သစ်ပင်ကြီးတစ်ပင်ရှိပြီး သစ်ပင်ပတ်လည်တွင် ကွပ်ပျစ်ရိုက်ထား ပါသည်။ ၎င်းနေရာတွင် စစ်ကြောင်းတစ်ခုလုံး ထမင်းစားနိုင်းပြီး တပ်ရင်းမှူးနှင့်အတူ မြေပုံကြည့်ပါသည်။ မျက်မြင်အားဖြင့် မြောက် ဘက်သို့တက်သည့် ဂျစ်ကားများသွားသည်ဟုဆိုသော မြေလမ်း တစ်ခုတွေ့ပြီး လမ်းမှ ပေ ၃၀ ခန့် ကျယ်သည်ကိုတွေ့ရပါသည်။ မြေပုံမှာတော့ လှည်းလမ်း၊ လူသွားလမ်းပုံသာ ပြထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သူမှလည်း မရောက်ဖူးသည့်ဒေသ ဖြစ်ပါသည်။ ၎င်းရှမ်းရွာ ရန်သူသတင်းထောက်လှမ်းရာတွင် ရွာသားတွေက မသိပါ ပြောကြပါသည်။ (နောင် တိုက်ပွဲပြီးချိန် သတင်းရသည်မှာ ၎ ရှမ်းရွာမှ အမျိုးသမီးအချို့ တိုက်ပွဲဖြစ်သည် ဗကပများ ဈေးသွားရောင်းခဲ့သည်ဟု သိရပါသည်။)

၎င်းနောက် စစ်ကြောင်းတစ်ခုလုံး အထက်ပါလမ်းအတို တပ်ခွဲ (၂) ရှေ့ စစ်ကြောင်းရုံး အလယ်ခွဲ (၄) နောက်မှ သွား တပ်ရင်းမှူးမှ ညွှန်ကြားပါသည်။ မနက် ၁၀ နာရီကျော်ကျော် လောက်တွင် ရှေ့ပြေးတပ်ခွဲမှ လမ်းဘေးတွင် ထိုင်နေသော ရှမ်းအဘိုးအိုတစ်ယောက်တွေ့ရပါသည်။ ခလရ (၅) မှ ဆ တော်တော်များများနှင့် ရဲဘော်အချို့ ရှမ်းလို တော်တော်ပြောတ ပါသည်။ ခလရ (၅) အနေနှင့် မိုင်းတုံတွင် တော်တော်ကြာနေခဲ့ ဖြစ်ပါသည်။

ရှမ်းအဘိုးအိုထံမှ ရရှိသောသတင်းမှာ ရှေ့မှာရွာရှိ ရွာထဲတွင် တရုတ်တွေအများကြီးလို့ ပြောပါသည်။ လားရှိုးအ AT တံတားကို မိုင်းခွဲဖို့ အဖွဲ့တစ်ဖွဲ့ စောင့်နေပြီး ထမင်း နေသည်ဟု သိရပါသည်။ ၎င်းအချိန် စစ်ကြောင်းရောက်ရှိနေသော မြေပြင်အခြေအနေမှာ ကုန်းယောင်ယောင်နေရာဖြစ်ပြီး သစ် ကြီး သိပ်မရှိဘဲ သစ်ပင်ငယ် ကြိုးတိုးကြဲတဲနှင့် စိန်နပန်ချုံနွယ်မျ သာရှိသည့် အနေအထားဖြစ်ပါသည်။

တပ်ရင်းမှူးမှ ရှေ့ပြေး တပ်ခွဲ (၂)အား ရွာကို တိုက်ရန် စစ်ကြောင်းဌာနချုပ်နှင့် ခွဲ (၄) နောက်မှ လက်နက်ကြီးတပ်စု အခြေအနေအရ လှုပ်ရှားဆောင်ရွက်မည်ဟု အမိန့်ပေးပါသည်





ရှေ့ပြေးခွဲ (၂) ဆက်လက်ထွက်ခွာပြီး စစ်ကြောင်းနှင့် ခွဲ (၄) နေရာယူခိုင်းပါသည်။ ကားလမ်းဘယ်ဘက်တွင် ဗိုလ်သောင်းလွင် ဦးစီးတပ်စုအား အနောက်ဘက်နှင့် မြောက်ဘက်တွင်ယူပြီး ခွဲမှူး ဗိုလ်ကြီးတင်လှုခွဲရုံးနှင့် တပ်ကြပ်ကြီး လှသင်း ဦးစီးတပ်စုကို အနောက်ဘက်နှင့် တောင်ဘက်ကို ပိတ်ယူစေပါသည်။ တပ်စု (၂) ၏ အလယ်တွင် လွတ်နေသောနေရာကို စစ်ကြောင်းရုံးမှ လမ်းပေါ် တွင် နေရာယူပါသည်။ လမ်းဘယ်ဘက်ဘေးတွင် လူတစ်ထိုင်စာ အကာအကွယ်နေရာ ဖြစ်ပါသည်။ ကျန်တပ်စုတစ်စုကို လမ်း၏ ညာဘက်ခြမ်းတွင် ထောက်လှမ်းရေးအရာရှိ အိုင်အို ကျွန်တော်မှ သွားရောက်နေရာချပါသည်။ ၎င်းတပ်စုမှာ ထားဝယ်သား တပ်ကြပ်ကြီး ရန်နိုင်က ဦးစီးပါသည်။

ဗိုလ်ညီပု ဦးစီးသည့် ၃ လက်မစိန်ပြောင်း အဖွဲ့ ၃ ၊ ၅ လောင်ချာအဖွဲ့က လမ်း၏ညာဘက် ဘေးခွဲ (၂) ဘက်တွင် နေရာ ယူပါသည်။

၎င်းနောက် မနက် ၁၀ နာရီ ၂၀ မိနစ်တွင် ရှေ့မှတပ်ခွဲ (၂) နှင့် ရန်သူစတင်ထိတွေ့ပြီး ရန်သူဘော မိမိတပ်ပါ လက်နက် ငယ်သံများ တောက်လျှောက်ပစ်နေကြရာ ၅ မိနစ်လောက်တွင် ရှေ့တပ်ခွဲမှ တပ်စုမှူး ဗိုလ်တင်စိုး ထိမှန်ဒဏ်ရာရပြီး ဆေးမှူးလွှတ် ပေးရန် မိမိအားလှမ်းပြောပါသည်။ မိမိမှ ဆေးအရာခံဗိုလ် မောင်နှစ်နှင့် ဆေးတပ်သားတစ်ယောက် တပ်ကြပ်ကြီးရန်နိုင်တပ်စုမှ င်အား ၅ ယောက် လှည်းလမ်းကြောင်းအတိုင်း အပြေးသွားရန်နှင့် ားဖြတ် အတိုက်ခံရလျှင်လည်း ဆေးမှူးကို ကာကွယ်ပြီး ရှေ့တပ်ခွဲကို ရောက်အောင်သွားရန် ပြောလိုက်ပါသည်။ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရောက်သွားပါသည်။

၁၀ နာရီ ၃၅ မိနစ်တွင် မိမိနေရာ ဗိုလ်သောင်းလွ
တပ်စုနေရာနှင့် တပ်ခွဲ (၄) မှ ဗိုလ်ကြီး တင်လှ၏ခွဲရုံးနှင့် တပ်
နေရာများကို ရန်သူမှ ရင်ဘောင်တန်းပစ်ပြီး တက်လာပါသည
မိမိတပ်မှလည်း ပြန်လည်ပစ်ခတ်ကြပါသည်။ ၎င်းအချိန်မှာပ
ရန်သူ ၈၂ မီလီမီတာစိန်ပြောင်းကျည်များ မိမိ နေရာသို့ စတ
ကျလာပါသည်။ ထိခိုက်မှုမရှိသေးပါ။ ရန်သူ့ လက်နက်ငယ
ကျည်များမှာလည်း အောက်မှ ပစ်တက်သည့် အနေအထားဖြစ်လျ
အပေါ်မှသာ ကျော်သွားပါသည်။ ၁၁ နာရီခန့်တွင် ဗိုလ်သော
လွင်ထံမှ ရဲဘော်တစ်ယောက် ရောက်လာပြီး ဗိုလ်သောင်းလွ
ရန်သူသိပ်များ၍ စက်လတ်ပို့ပေးရန် ပြောတာဖြစ်ပါသည
၎င်းရဲဘော်ပြောပြချက်အရ ဗိုလ်သောင်းလွင် ပါးစပ်ဟ၍ အမိ
ပေးနေစဉ် ရန်သူ လက်နက်ငယ်ကျည် ပါးစပ်မှန်ပြီး လည်ပ
အပေါ်နားမှထွက်သွား၍ စကားမပြောနိုင်တော့ကြောင်း စာရေးပြ
အမိန့်ပေးကွပ်ကဲနေကြောင်း သိရပါသည်။ မိမိလည်း စက်လတ်ကို
ရဲဘော် ၂ ယောက် လက်ဖြောင့်မှ ရဲဘော် ၂ ယောက်နှင့် အ
စက်လတ် ပို့ပေးပါသည်။ ဤကဲ့သို့ပို့၍ မိမိတို့စစ်ကြောင်း
ထားသည်ရှေ့ ၁၅ ကိုက်ခန့်အကွာတွင် ခြတောင်ပို့တစ်ခု
နေသည်နေရာသို့အရောက် ဗကပများ တက်လာသည်ကိုတွေ့
စက်လတ်သမား ၂ ယောက်ကို ဗိုလ်သောင်းလွင်တပ်စုအရော
ပြေးနိုင်းပြီး မိမိတို့မှာ နေရာယူထားသည်နေရာသို့ ပြန်နေရာ
ပါသည်။

နံနက် ၁၁ နာရီ ၃၀ မိနစ်ခန့်တွင် မိမိတို့ စစ်ကြော





ကွပ်ကဲမှုအဖွဲ့ နေရာယူထားသည့်နေရာဘက်သို့ ရန်သူရောက်လာ
ပါသည်။ မိမိတို့စစ်ကြောင်းအဖွဲ့ ရှေ့မျက်နှာစာမှာ ရေမြောင်း
သဏ္ဍာန်ဖြစ်နေသော လျှိုလေးတစ်ခုဖြစ်ပြီး ၎င်းအတိုင်း ဝင်လာ
ခြင်းဖြစ်ပါသည်။ ၎င်းအချိန် မိမိမှတ်မိတာတစ်ခုက လက်နက်ကြီး
တပ်စုတပ်ကြပ်ကြီး လှမောင်က အော်တာဖြစ်ပါသည်။ သူက
"တပ်ရင်းမှူး ထိပ်နီကြီး''ဟု ကုန်းအော်ပါသည်။ တပ်ရင်းမှူးက
ပြီး ''အဲဒါ မင်းအဖေ . . . ပစ်ပါလား''ပြန် ပြောတာဖြစ်ပါသည်။

တိုက်ပွဲ အခြေအနေကတော့ ရန်သူက တစ်သုတ်ပြီး
တစ်သုတ် ပစ်တက်တက်တာဖြစ်ပြီး မိမိတို့ ရှေ့တန်းစီပြီး မျက်နှာ
အမူအရာကိုပဲ တက်လာတာပါ။ ဒါကြောင့် မိမိမှ ဘယ်လိုပစ်ပစ်
ရန်သူကို မှန်နေတာ ဖြစ်ပါ၏။ သေနတ်သံကလည်း ရပ်သွားရင်
၅ မိနစ်၊ ၁၀ မိနစ်ထက်ပိုမကြာပါ။ ရန်သူ တစ်ဖွဲ့ကျသွားရင်
နောက်တစ်ဖွဲ့ ပစ်တက် တက်လာကြပါသည်။

နေ့ခင်း ၁၃း၀၀ နာရီကျော်ကျော်မှာ တပ်မတော်လေမှ
ပေကြောင်းကင်းထောက်လေယာဉ် တစ်စင်းလာပါသည်။
လေယာဉ်မှာ မိမိနဲ့ တိုက်ရိုက် စက်ပြော၍မရပါ။ စစ်ဗျူဟာမှ
တစ်ဆင့်ပဲ ပြောရပါသည်။ မိမိတို့ရှိသည့် တည်နေရာ **Location**
ကောင်းပါသည်။ အလံထောင်ပြီး ရမ်းပြရန် ဗျူဟာမှ တစ်ဆင့်
ပြောရာ မိမိမှ ''အလံထောင်ဖို့ နေနေသာသာ လှုပ်လို့တောင်
မရတော့ဘူး''ပြောမှ ဘာမှမလာတော့ပါ။ အခြေအနေမှာ တပ်ရင်း
မှူးကိုယ်တိုင် အော်ဟစ်တိုက်ပွဲဝင်နေရတဲ့ အခြေအနေဖြစ်ပြီး
ကြောင်းမှ တိုက်ခိုက်ရန်မဖြစ်နိုင်ပါ။ တိုက်ပွဲပြီးချိန်မှာ ရန်သူ
၄ ယောက် တပ်ရင်းမှူးရှေ့ကိုက် ၂၀ လောက် တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိ ၃ လက်မ စိန်ပြောင်းမှာလည်း ဘာမှထိရောက်စွာ မလုပ်နိုင် ရန်သူ ၈၂ မီလီမီတာ စိန်ပြောင်းဖုံးသီးများသာ မှန်မှန်ကျ အခြေအနေပါ။ တိုက်ပွဲအတွင်း ရန်သူလက်နက်ကြီး မှန်တာ ရှိပေမယ့် မိမိတို့ တိုက်စွမ်းရည်ကျသွားအောင် ရန်သူ မလုပ်နိုင် နောက်လက်နက်ကြီး တော်တော်များများ မိမိတပ်ပေါ်ကျ တိုက်ပွဲပြီးမှ သိရပါသည်။ မိမိစောစောက စက်လတ်သွားပို့တုန် တွေ့ခဲ့တဲ့ ခြံတောင်ပို့နောက်မှ ရန်သူ ၂ လောင်းရပါသ လက်နက်ဆို၍ တရုတ်လက်ပစ်ဗုံးနဲ့ မီးကျည် သေနတ်ပဲပါပါသ သုံးသပ်ရတာက ဒီကောင်တွေ မီးကျည်ပစ်ပြီး မိမိတို့နေရာ ပြခဲ့တယ်လို့ သုံးသပ်ပါသည်။

ရန်သူဟာ ၎င်းရဲ့ရှေ့တည့်တည့်ကိုပဲ တက်တဲ့အတွ စိန်နပန်းချုံတွေကို ဖြတက်ကြရ၏။ ဒီလိုနဲ့ ညနေ ၁၆း၀၀ နာ လောက်ထိ ရန်သူက တက်တုန်း၊ မိမိမှလည်း ပစ်တုန်းနဲ့ အပ သွားပါသည်။ အဲဒီ မေ ၂၀ ရက်မှာ တိုက်ပွဲနေရာကို မ နိုင်တော့ပါ။ သေနတ်သံတွေလည်း တဖြည်းဖြည်းစဲသွားပြီး ရောက်သွားပါသည်။

နောက်နေ့ မေလ ၂၁ ရက်နေ့ မနက် ၀၆း၃၀မှ ရှေ့တ ခလရ (၉) စစ်ကြောင်း ရောက်ရှိလာပါသည်။ ရှေ့ကခွဲ (၂) ခလရ (၉) တပ်ခွဲနဲ့ လဲပြီး ခွဲ (၂)နဲ့ လူနာများအတူပြန်ဆင်းခိုင်း မိမိစက (၁) နဲ့ ခွဲ (၄)က တိုက်ပွဲနေရာကိုရှင်းကြပါသည်။

တိုက်ပွဲဖြစ်တုန်း စစ်ကြောင်းအဖွဲ့နေရာယူတဲ့နေရာ မိမိက မြောက်ဘက်အစွန်မှာရှိပြီး မိမိဘေးမှာ လက်နက်ကြီးတပ်မှ ရဲဘော်ကျော်တင့်ဆိုတာ ရှိပါသည်။ ပုပုသေးသေးဖြစ်ပြီး အသ





နှစ်လောက်ပဲ ရှိပါသည်။ ရဲဘော်သစ်ပါပဲ။ သတ္တိကတော့ မသေးပါဘူး။ သူကိုင်တဲ့ G3 နဲ့ တောက်လျှောက်ပစ်နေတာပါ။ မိတို့ ပစ်ကျင်းမရှိဘဲ ဒူးလောက် လမ်းဘေးကမ်းပါးလေးကို ယနတ်တင်ပြီး နေရာယူထားတာပါ။ သူက ''ဗိုလ်ကြီး ကိုယ်လုံး ကြီးလို့ မတ်တပ်ထရင် သတိထား'' လို့ပြောသည်။ ဒါပေမဲ့ ညနေ ၁၅း၀၀ နာရီလောက်မှာ ဘယ်က ပစ်မှန်းမသိတဲ့ ရန်သူကျည် တစ်တောင့် သူ့ဆီ တည့်တည့်ထဲဝင်သွားသည်။ ဆေးတပ်သားနဲ့ တတ်နိုင်သလောက် ကုပေး၏။ ညတစ်ညလုံး သူ့ကိုနေရာ မရွှေ့ နိုင်ခဲ့ပါ။ အဲဒီည ၂၁း၀၀ နာရီလောက်မှာ ကားသံတွေ ကြားသည်။ မိမိစက (၂) နှင့် တပ်ခွဲ တစ်ခွဲ လားရှိုးက လားရှိုး–မုံးယော်ကား လမ်းအတိုင်း တက်လာဖြစ်ပါသည်။ မိမိမှလည်း ဆက်သွယ်ပြီး ဝင်လာဖို့ ပြောပေမယ့် မရောက်လာပါ။ သေနတ်မှန်ထားတဲ့ ရဲဘော်ကျော်တင့်တို့ အားပေးတဲ့အနေနဲ့ ''မင်းမသေနိုင်ဘူး။ ကား သံကြားတယ်မဟုတ်လား။ ဆေးရုံအမြန်ပို့မယ်''လို့ ပြောလိုက်၏။ ည ၂၃း၀၀ နာရီလောက်ကြတော့ ရဲဘော်ကျော်တင့်က ''ဗိုလ် ကြီး ကျွန်တော့်ညာနေတာပါ။ ဘယ်သူမှ လာမှာမဟုတ်ဘူး''ဟု ပြောပါသည်။ ဒီရဲဘော်ကို မနက်ကျမှ လားရှိုးစစ်ဆေးရုံကို ပို့ပေး နိုင်ရာ ဆေးရုံမှာပဲ ကျဆုံးသွားပြီး လားရှိုးမှာပဲ ကျွန်တော်ကိုယ်တိုင် သဂြိုဟ်ခဲ့ပါသည်။

မေ ၂၁ ရက် တိုက်ပွဲနေရာတွင် ရှင်းပြီး အလောင်းများ ထုတ်ရာ အပုပ်နံ့ထွက်နေပြီး ဖြစ်ပါသည်။ တိုက်ပွဲတချိန်လုံး ရွာလိုက် နေပူလိုက်ဖြစ်လို့ပါ။ မြေမြှုပ်ထားတဲ့အလောင်းတချို့ကို စစ်ကြောင်းက အဖော်ခိုင်း၍ ဖော်ရပါသည်။ နေရာကတော့



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်သောင်းလွင်တပ်စုရဲ့ အောက်ခြေမှာ ဖြစ်ပါသည်။ မြေ
မဟုတ်ဘဲ ဝါးပင်တွေရှိနေပါသည်။ အလောင်းများဖော်ပြီး တိုင်းမှ
ဗိုလ်ချုပ်သန်းတင် ရဟတ်ယာဉ်နဲ့ လာဆင်းကြည့်ပါသည်။ ဖေ
တော့မှ ဒီတိုက်ပွဲမှာ ဗကပ တပ်မဟာမှူးကျသွားတယ်ဆိုတာ သိ
ပါသည်။ ဘယ်လိုကျလဲ၊ ဘယ်နေရာလဲဆိုတာ မသိပါ။ ဗက
တွေမှာ တပ်မဟာမှူး ၂ ယောက်ပါပါသည်။ တယောက်က
ဗီယက်နမ်ပြန် ရန်ခိုက်ရန် ဆိုသူဖြစ်ပြီး နောက်တစ်ယောက်က
ဗိုလ်မှူးကြီး သန်းရွှေဆိုသူဖြစ်ပါသည်။ နောက်မှ သိရတာ
ရန်ခိုက်ရန်ကို မီးသဂြိုလ်ပြီး ပြာနဲ့အရိုး ပြန်သယ်သွားကြော
သိရပါသည်။

ရန်သူဟာ ရှေ့ကတပ်ခွဲ (၂) နှင့် စတင်ထိတွေ့မှုဖြစ်ပြ
ဘာမှမကြာဘဲ စစ်ကြောင်းနှင့် နောက်တပ်ခွဲကို ဝင်တိုက်ခိုက်ခြ
ဖြစ်၍ ရှေ့တပ်ခွဲ (၂) ထိတွေ့သော ရန်သူမဟုတ်နိုင်ပါ။ မိ
စစ်ကြောင်း နေရာလမ်း ဘယ်ဘက်ကွင်းပြင်တွင် ရှိနေသော ရွာ
လာတာဖြစ်နိုင်သည်ဟု သုံးသပ်ရပါသည်။ ရန်သူထံမှ လောင်ချာ
လက်နက်ငယ်မျိုးစုံ ၂၇ လက် သိမ်းဆည်းရမိပါသည်။ အလော
အားလုံးတွင် မော်စီတုံး စာအုပ်အရွယ်မျိုးစုံကို ဖတ်နိုင်သူက ဖတ်
နေသည့်အနေအထား၊ မဖတ်နိုင်သူက ခေါင်းပေါ် တင်ထားပါသည်
မိမိဘက်မှ ၆ ယောက်ကျပြီး ဒဏ်ရာရသူများသော်လည်း မမှတ်
တော့ပါ။ ရန်သူဟာ နောက်ကျသတင်းအရ တိုက်ပွဲဖြစ်ပွားသည့်
နေရာမှ အရှေ့မြောက်ဘက်ကို ထွက်ပြီး သိန္နီ ကွမ်းလုံလ
နမ့်ဆလပ်၏ အရှေ့ဘက်မှ ဖြတ်ပြီး မြောက်ဘက်ပြန်တက်သွာ
ပါသည်။ မြောက်ဘက်မှ ဗကပ နော်ဆိုင်းမှ အင်အားတော်တော်





များများနှင့် လာကြိုသွားကြောင်းသိရပါသည်။

မိမိစစ်ကြောင်း (၁) နှင့် ခွဲ (၄) သည် မေ (၂၁) ညနေမှာ လားရှိုးသို့ပြန်ဝင်ပြီး လားရှိုး ထောင်ကြီး (ဆောက်လုပ်ဆဲ) တွင် ခွဲ (၂) ခွဲ ပူးပေါင်း အခြေပြုရပါသည်။ မိမိတပ်ရင်းမှူးမှာ စကားရှည်ရှည်ဝေးဝေး ဘယ်တော့မှ မပြောပါ။ ''မင်းတို့ ငါတို့ စစ်သားဖြစ်တယ်။ စစ်သားဟာ စစ်တိုက်ဖို့တာဝန်ရှိတယ်။ စစ်တိုက်ရတာ ဘာမှမထူးဆန်းဘူး''လို့ ပြောပါတယ်။ ဒီလိုပြောရတာလည်း တချို့ဆရာကြီးတွေအပိုင်းမှ ''ငါက ဘယ်လောက်တိုက်တယ် သူက ဘယ်လောက်တိုက်တယ်'' ပြောကြလို့ပါ။ သဘောကတော့ ဘွဲ့ထူး ဂုဏ်ထူးနဲ့ပတ်သက်ပြီး ပြောကြသည် ထင်ပါသည်။

၎င်းအချိန်တွင် လားရှိုးသို့ ရပခတိုင်းမှူး ဗိုလ်ချုပ်သန်းတင် ကမခ (၈၈) တပ်မမှူး ဗိုလ်မှူးကြီး အေးကို၊ (ဗိုလ်ချုပ်ကြီးအေးကို) kCol-GS ဗိုလ်မှူးကြီး ကြည်မောင်တို့ ရောက်ရှိနေပါသည်။ ခေတ္တ တပ်ရင်းမှူး ဗိုလ်မှူးဖန်ခန်သန်းအနေဖြင့် တပ်မမှူးနှင့် တွေ့ရာတွင် တပ်မမှူးမှ . . .

''မင်းတို့ တိုက်ခဲ့တာ ဘာတိုက်ပွဲလဲ''

မေးပါသည်။ တပ်ရင်းမှူးက . . .

''ဗကပနဲ့ တိုက်တဲ့ တိုက်ပွဲပါ''ဟုဖြေပါသည်။ တပ်မမှူးက . . .

''ဒါပေမဲ့ ဒီတိုက်ပွဲဟာ ဗကပရဲ့ မဟာဗျူဟာကို ရိုက်ချိုးတဲ့တိုက်ပွဲ''လို့ပြောပါသည်။

''ဗကပတွေ အတွင်းထဲဝင်လာတာက သူတို့ မဟာဗျူဟာဖြစ်တဲ့ ၃ နှစ်နဲ့ လားရှိုးသိမ်းမယ်၊ ၅ နှစ် မန္တလေးသိမ်းမယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



မဟာဗျူဟာ''

ဖြစ်ကြောင်းပြောပါသည်။ ယခု (၃) နှစ်ဖြစ်တဲ့ ၁၉၅၀ ခုနှစ်မှာ လားရှိုးကို ရောက်လာပြီး မိမိတို့နှင့် တိုက်ပွဲဖြစ်ပြီး လုံးဝ အကြေပျက်သွားတာဖြစ်ပါသည်။ တပ်မမှူးမှ ...

''တို့တပ်မတော်ရဲ့ ဂုဏ်သိက္ခာ၊ တပ်မ (၉၈) ရဲ့ ဂုဏ်သိက္ခာ၊ မင်းတို့ တပ်ဂုဏ်သိက္ခာအတွက် လုပ်သင့်တာ ဆက်လုပ်ပါ'' ပြောပါသည်။

မိမိတပ်အနေနဲ့ ဘွဲ့ထူး ဂုဏ်ထူးတင်တာ သူရ (၃) ယောက်ရပါသည်။ သူရဲကောင်း မှတ်တမ်းဝင်ကတော့ အရေအတွက် မမှတ်မိပါ။ သူရ ရသူများမှာ–

ဗိုလ်သောင်းလွင် (သူရဦးသောင်းလွင်၊ မီးရထား ဒုဝန်ကြီး)

ဗိုလ်တင်စိုး (ဒုမှူးကြီး တင်စိုး၊ ကရင်ပြည်နယ်မှာကျဆုံး)

တပ်သားမောင်မြင့် (တပ်ကြပ်ကြီးမောင်မြင့်၊ ကရိန်းတောင် ဘက် ဗကပနဲ့တိုက်ပွဲတစ်ခုတွင်ကျဆုံး)

သူရဲကောင်းမှတ်တမ်းဝင်အနေနှင့် ဗိုလ်ညီပု(ဒုမှူးကြီးညီပု–ငြိမ်း) နှင့် ဆေးအရာခံဗိုလ်မောင်နှစ် (ဗိုလ်ကြီးမောင်နှစ် ကွယ်လွန်) တို့ ရသည်ကိုတော့ မှတ်မိနေပါသည်။

မိမိနှင့် ရန်သူတိုက်နေစဉ်လုံး ရန်သူများသည် တရုတ်လိုသာ ပြောကြပြီး ရရှိသည့် ရန်သူအလောင်းအားလုံးဟာ မြန်မာနိုင်ငံသား တစ်ယောက်မှ မပါပါ။ အားလုံးတရုတ်ကလေးတွေ ဖြစ်ကြပါသည်၊ ကတုံးနဲ့ ခပ်ငယ်ငယ်လေးတွေပါ။

တိုက်ပွဲပြီး ရရှိသည့်စာရွက်စာတမ်းများ၊ ဓာတ်ပုံများတွင် ပီကင်းတွင် ရိုက်ထားသော ရန်သူ အစုလိုက်ပုံများ၊ ယူနန်ပြည်နယ်





မဟုတ်ဘဲ တခြားမြို့များတွင် ရိုက်ထားသောပုံများစွာ ပါပါသည်။ ရရှိသည့် ရေဒီယို များသည် ပီကင်းအသံ+တရုတ်အသံများသာ ဖမ်း၍ရပါသည်။ ရန်သူအလောင်းများ၏ အင်္ကျီအိတ်ထဲတွင် ဗပင်မုန့်ခြောက် ၂ ချပ်ပါပြီး ဆေးပတ်တီးများမှာ မာလကျင်ပိတ် မရောင် အဝတ်ပတ်တီးများသာဖြစ်ပြီး ဆေးမပါပါ။ ဆုတ်ခွာသွားတဲ့ လမ်းကြောင်းမှာလည်း ရန်သူအလောင်းများ ကျန်ခဲ့ကြောင်း သိရပြီး လမ်းလျှောက်ပြန်လိုက်နိုင်သူများ ခေါ်သွားပြီး မလိုက်နိုင် သူများ ဆေးထိုးသတ်ခဲ့သည်ဟု အတည်မပြုနိုင်သော သတင်း များအရ သိခဲ့ရပါသည်။

အထက်တွင် ဖော်ပြခဲ့အတိုင်း စစ်ကြောင်းနေရာကို အပြင်း အထန် တိုက်ခဲ့ခြင်းကို သုံးသပ်ကြည့်ပါက မိမိစစ်ကြောင်းနေရာကို ရခဲ့လျှင် ရှေ့ကတပ်ခွဲ (၂) ကိုပါ နောက်မှ ဝိုင်းပတ်၍ ချေမှုန်းရန်ဟု ယူဆပါသည်။

နောက် ဗကပ ဘာကြောင့်ဆုတ်သွားရသလဲဆိုတာကို တိုက်ပွဲပြီးချိန် တပ်ရင်းမှူးနှင့်ပြောဖြစ်သည်မှာ–

(၁) လားရှိုးတိုက်မယ့် အစီအစဉ်ပျက်သွားခြင်း။

(၂) တပ်မဟာမှူး ရန်ခိုက်ရန် ကျဆုံးခြင်း။

(၃) မိမိတို့ကို မချေမှုန်းနိုင်၍ ရက်ကြာကြာတိုက်ပါက မိမိ လေကြောင်းနှင့် အမြောက်ပစ်ကူများ စစ်ကူတပ်များမှ ဝိုင်းပိတ်ဆို့တိုက်လာနိုင်ခြင်း။

(၄) ၎င်းတို့၏တပ်များ စစ်ကူလာရန် မလွယ်ကူခြင်းတို့ ကြောင့်ဟု သုံးသပ်ရပါသည်။

ရန်သူသည် မေလ ၂၀ ရက် တစ်ညလုံး မနားဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆုတ်သွားသည်ဟု ထင်ရပါသည်။ အဘယ်ကြောင့်ဆိုသော် မေ ၂၁ ရက် နောက်မှလိုက်သွားသော ခလရ (၉) စစ်ကြောင်းများ ထိတွေ့မှုမရှိခြင်းကြောင့် မေ ၂၀ ရက် တစ်ညလုံး ရန်သူ အပြင်းဆုတ်သွားသည်ဟု ယူဆခြင်းဖြစ်ပါသည်။

မိမိတို့ တပ်ရင်းမှူး ဗိုလ်မှူးဖန်ခန်သန်းနှင့် ခလရ (၉) အကြောင်းပြောပြရန်လိုမည်ထင်ပါသည်။

ဗိုလ်မှူး ဖန်ခန်သန်းသည် ဗိုလ်သင်တန်းဆင်းတော့ ခလရ (၅) သို့ရောက်ပါသည်။ နှစ်အတော်ကြာနေပြီး ဗိုလ်မှူးအပွင့်တင် ဗိုလ်ကြီးနဲ့ ခလရ (၄၅)ကို ပြောင်းသွားပြီး အပွင့်မတင်ခင် ခလရ (၅) ကို ပြန်ရောက်လာပါသည်။ ဒါကြောင့် သူ့ဒု-ဗိုလ်တုန်းက ရဲဘော်တော်တော်များများဟာ သူ တပ်ရင်းမှူးဖြစ်ချိန်တွင် တပ်ကြပ် ကြီးတွေ တပ်ကြပ်တွေဖြစ်ပါပြီ။ တချို့ ရဲဘော်တွေက တပ်ရင်းမှူး အရာရှိယ်ဘဝက လူငယ်လေးတွေ ဖြစ်ပါသည်။ ဒါကြောင့် ခလရ (၅) က အရာရှိ ဆရာ ရဲဘော် တော်တော်များများဟာ ဗိုလ်မှူး ဖန်ခန်သန်းကို မိဘလိုချစ်ကြပါသည်။ ဗိုလ်မှူးဖန်ခန်သန်း တိုက်ပွဲတွေမှာ လက်တွဲတိုက်နေကျမို့ သူ့ကို အားလုံးယုံကြည်ပါသည်။

ဗိုလ်မှူး ဖန်ခန်သန်းမှာ ချင်းလူမျိုးဖြစ်ပြီး တီးတိန်ဇာတိ ခရစ်ယာန်ဘာသာ ကိုးကွယ်ပါသည်။ ဒါပေမဲ့ သူ့ဘေးလွယ်အိတ်ထဲ မှ ဗုဒ္ဓဘာသာ ဘုရားဆင်းတုတော်လေးတစ်ဆူရှိပါသည်။ ဆင်းတု တော်က အလယမှ ကွဲနေပြီး ပလာစတာနဲ့ ပတ်၊ သေနတ် တိုက် 4 x 2 အဝတ်စနှင့်ထုတ်ပြီး ဘေးလွယ်အိတ်ထဲ ထည့်ထားတာပါ။ သူက စကားလည်း နည်းတော့ ဘာမှတော့မပြောပါဘူး။ သူ အာမီရမ်ကြိုက်ပါသည်။ နဂါးဆေးပေါ့လိပ် ကြိုက်ပါသည်။





လက်ဖက်ရည်ကြိုက်ပါသသည်။ ထမင်း သိပ်မစားပါဘူး။ သူပုံသေ ယူဆတာက စစ်သားတာဝန်က စစ်တိုက်ရမယ်၊ စစ်တိုက်တာ ဘာမှမထူးဆန်းဘူးဆိုတာပါပဲ။ သူနဲ့ပတ်သတ်ပြီး ထူးဆန်းတာ တစ်ခုပဲ ရှိပါသည်။ ည ၂ နာရီ၊ ၃ နာရီလောက် တစ်ရေးနိုးလာရန်၊ တစ်ခါတလေ "ဗိုလ်သောင်းတင် ငါ့ကို တပ်ရင်းတစ်ရင်းလုံးက အကောင်းဆုံးကာဘိုင်တစ်လက် ရှာပေး" လို့ ပြောတာပါ။ မိမိမှလည်း မိမိကာဘိုင်ကိုသာ အမြဲဆုံးပေးလေ့ရှိပါသည်။ သူ ကာဘိုင်တောင်းပြီး နောက်နေ့မဟုတ်ရင် မကြာတဲ့တစ်ရက်ရက်မှ တိုက်ပွဲကြီးတစ်ခုဖြစ်တာပါပဲ။ တစ်ခါတလေ လက်ဖြောင့် တပ်ကြပ်ကြီး အုံးကြိုင်က ကာဘိုင်အပိုတစ်လက် ယူလာပါသည်။ တပ်ရင်းမှူးတောင်းရင် ပေးဖို့ဖြစ်ပါသည်။ သူလည်း မိုင်းယောင်း ဘက်မှာ ဗကပနဲ့တိုက်တဲ့ တိုက်ပွဲတစ်ခုမှာကျသွားပါပြီ။

တပ်ရင်းမှူး ဒုဗိုလ်ကြီး ဖန်ခန်သန်းဟာ ခလရ (၅) မှ အမြောက်တပ်ကို ပြောင်းသွားပြီး မကြာမီမှာပင် ပါတီ/ကောင်စီ ဘက် ရောက်သွားပါသည်။ ညီလာခံတစ်ခု ရန်ကုန်မှာ လာတက်ရင်း အသည်းရောဂါနဲ့ မင်္ဂလာဒုံစစ်ဆေးရုံကြီးမှာ ဆုံးသွားပါသည်။ အလောင်းကို လေယာဉ်ငှားပြီး ချင်းတောင်ပြန်သယ်ပြီး သူ့ဇာတိမှာ မြှုပ်လိုက်တယ်လို့သိရပါသည်။ (ကိုသောင်းလွင် အားလုံးစီစဉ် ဆောင်ရွက်ပေးတာပါ။)

ဒီတိုက်ပွဲကို ရေးမယ်ဆိုရင် ရှေ့ကတိုက်တဲ့ ခွဲ (၂) တပ်ခွဲ မှူး ဒုဗိုလ်မှူးကြီး မြတ်ငြိမ်း (ငြိမ်း)နဲ့ တွေ့ဆုံမေးမြန်းဖို့လိုပါသည်။ မှုပြီးပါ ရန်ကုန် ၈ မိုင်လား၊ ၉ မိုင်လား သေချာမသိပါ။ မေးမြန်းစုံစမ်းပါရန်။



www.burmeseclassic.com

www.burmeseclassic.com



# သူရဲကောင်း

ဇာတိရပ်ရွာ
လွန်ဝေးကွာ၍
ကြုံရာအိပ်စက်
တိုင်းပြည်တွက်နဲ့
အသက်စွန့်လွှတ်ခဲ့သူများ။
ဘယ်သူသိသိ မသိသိ
စားဝင်ဝင် မဝင်ဝင်
ကမ္ဘည်းတင်တင် မတင်တင်
သေသော်အိပ်စက်
တိုင်းပြည်တွက်မို့
ရက်ဆက်နှစ်ကြာ
မမေ့သာခဲ့။

ဘယ်ရွာဘယ်မြို့
အနေချို့နှင့်
သင့်မိသားစု
ယခုဘယ်ပုံ
နေကြကုန်သည်
သင်မသိပြီလည်း
တိုင်းပြည်အတွက်
အသက်ပေးလှူ။





သူတို့စိတ်ထဲ
အမြဲစွဲသည့်
သင်သည့် သူရဲကောင်း။ ။


ဒုဗိုလ်မှူးကြီးသောင်းတင်

■



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ဒုဗိုလ်မှူးကြီး ညီပု

www.burmeseclassic.com

www.burmeseclassic.com

## ရှမ်းပြည်အရှေ့မြောက်ဒေသမှ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)များ၏ တာန်စွယ်ကို ရိုက်ချိုးပစ်ခဲ့သည့် ပန်ကျုံတိုက်ပွဲ

ရေးသူ - ဒုဗိုလ်မှူးကြီးညီပု

### နိဒါန်း

အချိန်သည်ကား ရှမ်းပြည်အရှေ့မြောက်ဒေသရှိ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)တို့၏ စစ်ရေးအရှိန်မြှင့်တက်လာပြီး ၎င်းတို့၏ လွှတ်ရာဇ်မှုနယ်မြေကို တိုးချဲ့ရန် အစွမ်းကုန် ကြိုးပမ်းနေသည့် အချိန်ဖြစ်သည်။ ဗကပများသည် မြန်မာနိုင်ငံအတွင်းပိုင်းထိ ထိုးဖောက်ဝင်ရောက်ရေးဆိုသည့် ၎င်းတို့၏မဟာဗျူဟာ ရည်မှန်းချက် အိပ်မက်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းနေသည့် အချိန်လည်းဖြစ်သည်။ ကျွန်တော်တို့တပ်သည် ၁၉၇၀ ခုနှစ်၊ မေလ ၂၀ ရက်နေ့ လားရှိုးမြို့အနီးထိ အလုံးအရင်းနှင့် ထိုးဖောက်ဝင်ရောက်လာသည့် ဗကပများနှင့် ရင်ဆိုင်ထိတွေ့ ဖြစ်ပွားခဲ့သည့် တိုက်ပွဲဖြစ်သည်။ တိုက်ပွဲဖြစ်ပွားသည့်နေရာမှာ လားရှိုးမြို့၏ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့် အကွာတွင်တည်ရှိသည့် ပန်ကျုံရွာ အနီးတွင် ဖြစ်ခဲ့သည့်အတွက် ပန်ကျုံတိုက်ပွဲဟုခေါ်တွင်ခြင်း ဖြစ်သည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## တိုက်ပွဲဖြစ်စဉ်အား ပြန်လည်ဖော်ထုတ်ရေးသားရသော အကြောင်းရင်းများ

ကျွန်တော်သည် တပ်မတော်တွင် ခြေလျင်တပ်ရင်း အပြင် တိုင်း/တပ်မစစ်ဌာနချုပ်များတွင်လည်း စစ်ဦးစီးအရာရှိအ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့အပြင် တိုင်း/တပ်မ ကွန်မ စစ်ကြောင်းများတွင်လည်း တပ်စုမှူး/စစ်ကြောင်းမှူးအဖြစ် တာ ထမ်းဆောင်ခဲ့သည်။ ခြေလျင်တပ်တွင် အနေများခဲ့သည့်အတွ တိုက်ပွဲကြီးတိုက်ပွဲငယ် တော်တော်များများ ပါဝင်ဆင်နွှဲခဲ့ရသ မြန်မာနိုင်ငံ မည်သည့်ဒေသ၊ မည်သည့်နေရာရောက်ရော သောင်းကျန်းသူမျိုးစုံ၊ နေရာအနှံ့အပြားတွင် ရှိနေသည့်ကာလ ဖြ သည်။ အထူးသဖြင့် တပ်မ (၈၈) လက်အောက်ခံဖြစ်သည့် အမှ (၅) ခြေလျင်တပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ရှမ်းပြည်န နေရာအနှံ့အပြား စစ်ဆင်ရေး ဝင်ခဲ့ရသည်။ ကျွန်တော်အထက်တ ဖော်ပြခဲ့သည့်အတိုင်း သူရဲကောင်းမှတ်တမ်းဝင် ၂ ကြိမ် ရရှိခဲ့သ တိုက်ပွဲကြီး ၂ ခု ရှိခဲ့သည်။ ပထမတစ်ခုမှာ ယခု ကျွန်တော်ရေးသ တင်ပြမည့် ၁၉၇၀ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် ဖြစ်ပွားခဲ့သ ပန်ကျုံတိုက်ပွဲဖြစ်သည်။ နောက်တစ်ခုမှာ ၁၉၇၁ ခုနှစ်၊ ဇူလိုင် ၆ ရက်နေ့မှ ၁၃ ရက်နေ့အထိ ၈ ရက်ကြာဖြစ်ပွားခဲ့သ မန်မတ်ရှီးတိုက်ပွဲဖြစ်သည်။ မန်မတ်ရှီးတိုက်ပွဲဖြစ်စဉ်ကိုလ ကျွန်တော် ရေးသားတင်ပြရန်ဆန္ဒရှိပါသည်။ အခါအခွင့်သင့်လျ ရေးသားတင်ပြသွားပါမည်။

ကျွန်တော်၏ တိုက်ပွဲဖြစ်စဉ်များကို ရေးသားတင်ပြ ဆန္ဒဖြစ်ပေါ်လာသည့် အကြောင်းရင်း ၄ ချက် ရှိပါသည်။





ပထမတစ်ချက်အနေဖြင့် တစ်နေ့တွင် ကျွန်တော်နှင့် လိသင်တန်းတစ်ပတ်စဉ်တည်းဖြစ်သူ သူငယ်ချင်း ဒုဗိုလ်မှူးကြီး မောင်မောင်သန်း၊ ရဲမှူးချုပ်(ငြိမ်း) က ...

"သူငယ်ချင်း ကိုညီပု ခင်ဗျားတပ်ထဲမှာ တာဝန်ထမ်းဆောင်တုန်းက သူရဲကောင်းမှတ်တမ်းဝင် (၂)ခါ တောင်ရခဲ့တာပဲ။ ဒီတိုက်ပွဲဖြစ်စဉ်တွေ ရေးပေးပါ။ ကျွန်တော်တို့ စာအုပ်ထုတ်ဖို့ တယ်။ တခြားတပ်မတော် အရာရှိဟောင်းကြီးတွေ တချို့ဆီကလည်း တောင်းထားတယ်"

ဟုပြောလာပါသည်။ ကျွန်တော်မှ ...

"သူငယ်ချင်း ကိုမောင်မောင်သန်း ရေးတော့ရေးချင်တယ်ဗျာ။ ခင်ဗျားလည်း သိတာပဲ။ ကျွန်တော်က တစ်ချိန်လုံး ကိုပြင်နေတဲ့လူ။ ခေါင်းထဲမှာ စက်မှုအတွေး အခေါ် သိပ္ပံအတွေးအခေါ်တွေပဲ ရှိတာ။ တကယ်လို့ ရေးမယ်ဆိုရင်တောင် ခင်ဗျား နည်းနည်းပါးပါး ကူရေးပေးမှ ဖြစ်မယ်ဗျာ"

ဟု ပြန်ပြောလိုက်ပါသည်။ ကိုမောင်မောင်သန်းမှ လက်ခံပြီး –

"သူငယ်ချင်း အဲဒီလိုတော့ ရေးပေးလို့မရဘူး။ အခုဟာက ကိုယ်တိုင်တိုက် ကိုယ်တိုင်ရေး တိုက်ပွဲဖြစ်စဉ်တွေ။ သူများတိုက်တာကို ရေးပေးလို့မရဘူး။ ကိုညီပု ခင်ဗျားကိုယ်တိုင် ဆင်နွှဲခဲ့တဲ့ တိုက်ပွဲတွေပဲဗျာ။ ခင်ဗျား သေတောင်မေ့မှာမှ မဟုတ်တာ။ မှတ်မိသလောက်သာ ရေးပါ။ မပူနဲ့ ဖြစ်သွားလိမ့်မယ်"

ဟု အားပေးပြန်သည့်အတွက် ကျွန်တော်မှ –

"အဲဒီလိုဆိုရင်လည်း ရေးမယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ကတိပေးလိုက်ပါသည်။

ဒုတိယအချက်မှာ ကျွန်တော် စဉ်းစားမိသည်။ ယခုအခါ ကျွန်တော်အသက်အရွယ်ရလာပါပြီ။ အနိစ္စ သဘောအရ တစ် နေ့ တစ်ချိန်ချိန် ကွယ်ပျောက်ရပေဦးမည်။ ထိုအခါ မိမိအသက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် လုပ်ဆောင်ချက်များသည်လည်း ပို တစ်ခုအနေဖြင့်တောင် မကျန်ဘဲပျောက်ကွယ်သွားမည်မှာ အ ပင်သည်။ မိမိလုပ်ဆောင်ချက်များကို ဘဝမှတ်တမ်းတစ်ခုအနေ ကျန်စေချင်ခဲ့သည့်အတွက် ဖြစ်ပါသည်။

တတိယအချက်မှာ တိုက်ပွဲတစ်ခုဆင်နွှဲပြီဆိုလျှင် ၎င် တိုက်ပွဲတွင် အားနည်းချက်၊ အားသာချက်ဆိုသည်မှာ ရှိစမြ သည်။ ယခု တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်မျိုးဆ သစ်များ နောင်လာမည့် မျိုးဆက်သစ်များအနေဖြင့် ဤတိုက်ပွဲ အားနည်းချက် အားသာချက်များကို စစ်ပညာအနေဖြင့် သင်ခန်း ယူနိုင်စေရန်အတွက်ဖြစ်သည်။

စတုတ္ထအချက်မှာ ယခုလက်ရှိ တပ်မတော်မျိုးဆက်သ များအနေဖြင့် ဤတိုက်ပွဲဖြစ်စဉ်များအား ဖတ်ရှုပြီးနောက် ယ တပ်မတော်စစ်သားဟောင်းကြီးများ၏ တိုင်းပြည်နှင့် တပ်မတေ အတွက် အသက်ကို အဓိကမထားဘဲ တိုက်ပွဲဝင်ခဲ့ကြသည် သိမြင်လာပြီး ဇာတိသွေး ဇာတိမာန် ပိုမိုတက်ကြွကာ တိုက် နိုက်ချင် စွန့်စားချင်စိတ်များ ပိုမိုဖြစ်လာစေရန်အတွက် ရည်ရွယ် ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းရင်းများကြောင့် ကျွန် သည် ပိုမိုစိတ်ဝင်စားလာကာ တိုက်ပွဲဖြစ်စဉ်များအား ဖြစ်ပျက်ခဲ့သ





အတိုင်း အဖြစ်အမှန်အတိုင်း ပြန်လည်ခံစားရေးသားလိုက်ရခြင်း ဖြစ်ပေသည်။

ကျွန်တော်၏တိုက်ပွဲကြီးနှစ်ခုအနက် ယခုဖော်ပြသည့် ပန်ကျုံတိုက်ပွဲသည် ထိုအချိန်က တပ်မတော်၏ ဦးတည်ရန်သူ ဗကပများ၏မာန်စွယ်အား ရိုက်ချိုးလိုက်နိုင်ပြီး ၎င်းတို့၏မဟာဗျူဟာ ရည်မှန်းချက်ကိုပါ ပြောင်းလဲသွားစေသည့် တိုက်ပွဲဖြစ်သည့်အတွက် ဦးစားပေးရွေးချယ် တင်ပြလိုက်ရခြင်းဖြစ်ပေသည်။

**မိမိတပ်အင်အား**

ကျွန်တော်တို့တပ်မတော်အနေဖြင့် အမှတ်(၈၈) ခြေမြန် တပ်မလက်အောက်ခံဖြစ်သည့် အမှတ် (၅) ခြေလျင်တပ်ရင်းမှ မကွတပ်ရင်းမှူး၊ ဗိုလ်မှူးအာ(ရ်) ဖန်ခန်သန်း (ချင်းအမျိုးသား) ဦးစီးသည့် စစ်ကြောင်းတစ်ကြောင်းဖြစ်သည်။ စစ်ကြောင်းတွင် တပ်ခွဲ (၂) နှင့် တပ်ခွဲ (၄) နှစ်ခွဲအပြင် လက်နက်ကြီးတစ်ဖွဲ့ပါသည့် စစ်ကြောင်းဖြစ်သည်။

**ပန်ကျုံတိုက်ပွဲတွင်ပါဝင်ခဲ့သည့်အရာရှိများ**

ပန်ကျုံတိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် တပ်ရင်းမှူး၊ တပ်ခွဲမှူးများနှင့် တပ်စုမှူးများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) **ဗိုလ်မှူးအာ(ရ်)ဖန်ခန်သန်**၊ ဗိုလ်သင်တန်း အမှတ်(၉)မှ ဆင်းသူဖြစ်သည်။ ဤတိုက်ပွဲတွင် အောင်မြင်မှုများရရှိခဲ့ သည့်အတွက် စစ်မြေပြင် အဆင့်တိုးမြှင့်ခြင်းခံရပြီး၊ ခေတ္တ တပ်ရင်းမှူးမှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးရာထူးသို့ တိုက်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်တိုးမြှင့်ခြင်းခံရသည်။ ခလရ (၅)တွင် တပ်ရင်းမှူး တာဝန် ထမ်းဆောင်နေရင်း အသည်းရောဂါဖြင့် ကွယ်လွန်သွားပြီ ဖြစ်သည်။

(ခ) ဗိုလ်သောင်းတင်၊ ထောက်လှမ်းရေးအရာရှိဖြစ်ပြီး ဗိုလ်သင်တန်းအပတ်စဉ် (၃၆) မှ ဆင်းသည်။ တပ်မတော်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူကာ ယခုအခါ ပြင်ဦးလွင်မြို့တွင် အနားယူနေထိုင်လျက် ရှိသည်။

(ဂ) ဗိုလ်ညီပု (စာရေးသူ)၊ ၇၅ မီလီမီတာ နောက် ပွင့်ရိုင်ဖယ်နှင့် ၃.၅ လက်မ ဒုံးပစ်လောင်ချာ တပ်စုမှူးဖြစ်သည်။ ဗိုလ်သင်တန်းအပတ်စဉ် (၃၆) မှဖြစ်ပြီး တပ်မတော်တွင် ဒုတိယဗိုလ်မှူးကြီးဖြစ်သည့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ တပ်မတော်အစိုးရတက်ပြီး ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလတွင် နယ်ဘက်ဌာနဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်ဖြစ်သည်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ ရွှေပြည်သာမြို့တွင် အနားယူ နေထိုင်လျက်ရှိသည်။

(ဃ) ဗိုလ်ကြီးမြတ်ငြိမ်း၊ တပ်ခွဲ (၂)တပ်ခွဲမှူးဖြစ်သည်။ ဗိုလ်သင်တန်းအပတ်စဉ် (၃၀)မှ ဖြစ်ပြီး နောက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ စစ်ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် ဒုတိယဗိုလ်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ သက်ပြည့်အငြိမ်းစားယူပြီး ရန်ကုန်မြို့တွင် အနားယူနေထိုင်လျက်ရှိသည်။





(င) ဗိုလ်တင်စိုး၊ တပ်ခွဲ (၂)မှ တပ်စုမှူးဖြစ်သည်။ စစ်တက္ကသိုလ် အမှတ်စဉ် (၁၀)မှ ဆင်းသူဖြစ်ပြီး ဤတိုက်ပွဲတွင် သူရဘွဲ့ရရှိခဲ့ပြီး ဗိုလ်ကြီးအဆင့်သို့ တိုးမြှင့်ခြင်းခံခဲ့ရသည်။ နောက်ပိုင်း တပ်ရင်းမှူး၊ ဒုတိယဗိုလ်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် ရှေ့တန်းတစ်နေရာတွင် မိုင်းထိမှန်ကာ ကျဆုံးသွားခဲ့သည်။

(စ) ဗိုလ်ကြီးတင်လှ၊ တပ်ခွဲ (၄) တပ်ခွဲမှူးဖြစ်သည်။ ဗိုလ်သင်တန်းအပတ်စဉ် (၃၁) မှ ဆင်းသူဖြစ်သည်။ နောက်ပိုင်းတွင် စစ်ရာထူးခန့်ချုပ်ရုံးတွင် စစ်ဦးစီးအရာရှိ(ပထမတန်း) ဒုတိယဗိုလ်မှူးကြီးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့ကာ ရွှေပြည်သာမြို့တွင် အနားယူနေထိုင်စဉ် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

(ဆ) ဗိုလ်သောင်းလွင်၊ တပ်ခွဲ (၄)မှ တပ်စုမှူး ဖြစ်သည်။ စစ်တက္ကသိုလ် အမှတ်စဉ် (၁၀)မှ ဆင်းသူဖြစ်သည်။ ဤတိုက်ပွဲတွင် သူရဘွဲ့ရရှိသူဖြစ်ပြီး ဗိုလ်ကြီးအဆင့်သို့ တိုးမြှင့်ခြင်းခံရသည်။ ယခုအခါ မီးရထားဝန်ကြီးဌာနတွင် ဒုဝန်ကြီး တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။

ကျွန်တော်သည် ပန်ကျံတိုက်ပွဲတွင် ခြေလျင်အသွင်ဖြင့် မဟာဟ် လက်နက်ကြီးတပ်ဖွဲ့မှူးအဖြစ် လိုက်ပါခဲ့ခြင်းဖြစ်သည်။ ကျွန်တော်နှင့်အတူပါ သုံးလက်မ စိန်ပြောင်းကြီးတစ်လက်၊ ၃.၅ ဒုံးပစ်လောင်ချာ တစ်လက်၊ ၇.၆၂ စက်လတ်တစ်လက်တို့ပါဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ရန်သူ

ပန်ကျုံတိုက်ပွဲတွင် ကျွန်တော်တို့နှင့် ထိတွေ့မှုဖြစ်ခဲ့သည့် ရန်သူမှာ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) အင်အား ၁၅၀၀ ခ နှင့်ဖြစ်ပြီး ကျွန်တော်တို့၏ ဦးတည်ရန်သူ ဖြစ်သည်။ တိုက်ပွဲ အကြောင်းကို မတင်ပြမီ ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ)၏ အကြောင်းအရာအနည်းငယ်ကို တင်ပြလိုပါသည်။

## ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)

ဗမာပြည်ကွန်မြူနစ်ပါတီသည် မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလအတွင်းတွင် ပေါ်ပေါက်လာခဲ့သည်။ လွတ်လပ် ရေးကာလအတွင်း ပေါ်ပေါက်လာခဲ့ကြသည့် ရဲဘော်ဖြူ၊ ရဲဘော် ဝါ၊ လက်နက်ကိုင် အဖွဲ့အစည်းများနှင့်အတူ ယှဉ်တွဲထွက်ပေါ် လာခဲ့ကြသည်။ ကွန်မြူနစ်သောင်းကျန်းသူအဖွဲ့အနေနှင့် သခင် သန်းထွန်း၏ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)ခေါ် နစ်ဖြူနှင့် သခင်စိုး၏ ကွန်မြူနစ်ပါတီ ဗမာပြည် (နစ်နီ)ဟူ၍ပေါ်ထွက်ခဲ့ကြသည်။ နစ်နီများသည် ဗကပလောက် သက်ဆိုးမရှည်ခဲ့ပေ။ ဗကတို့သည် ပြည်တွင်း၌ အလယ်ပိုင်း၊ အောက်ပိုင်းတို့တွင် လှုပ်ရှားခဲ့ပြီးနောက် ပဲခူးရိုးမတွင် အခြေချခဲ့သည်။ ပဲခူးရိုးမတွင် အခြေချစဉ် တပ်မတော် ၏ ထိုးစစ်ဒဏ်ကို မကြာခဏ ရင်ဆိုင်ရသည့်အတွက် အကြပ် အတည်းနှင့် ရင်ဆိုင်ခဲ့ရသည်။

၁၉၅၁ ခုနှစ်နောက်ပိုင်းတွင် ပြည်ပအကူအညီ ရရှိရန် ကြိုးပမ်းလာခဲ့ကြသည်။ ဗကပခေါင်းဆောင် ရဲဘော်အောင်ကြီး ဦးဆောင်သည့် ဗကပအဖွဲ့သည် ကချင်ပြည်နယ် လိုင်ဇာမြို့မှ





တစ်ဆင့် တရုတ်ပြည်သို့ ထွက်ခွာခဲ့ပြီး ပီကင်းမြို့ (ယခု ပေကျင်း) မြို့ထိ ရောက်ခဲ့ကြသည်။ မကြာခင်မှာပင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗသိန်းတင်ဦးဆောင်သည့်အဖွဲ့လည်း တရုတ်ပြည်သို့ ရောက်ရှိခဲ့ကြသည်။ ဗကပ ၂ ဖွဲ့ပေါင်း အင်အားတစ်ရာကျော်ခန့် ရှိခဲ့သည်။ ၎င်းတို့သည် စီချွမ်ပြည်နယ်တွင် နိုင်ငံရေးသင်တန်း တက်ရောက်ခဲ့ကြောင်းသိရှိရသည်။

၁၉၅၀ ခုနှစ်တွင် တောခို နော်ဆိုင်း ခေါင်းဆောင်သည့် အင်အား ၃၅၀ သည် တပ်မတော်၏ ထိုးစစ်ဒဏ်ကို မခံနိုင်သဖြင့် တစ်ဖက်နိုင်ငံသို့ ဝင်ရောက်ခိုလှုံခဲ့ရာ ၎င်းတို့အဖွဲ့လည်း ကွန်မြူနစ် အင်အားစု ဖြစ်သွားခဲ့သည်။ ၁၉၅၃ ခုနှစ်အတွင်းမှာပင် ဗကပ ခေါင်းဆောင် ဗသိန်းတင်နှင့် ဗိုလ်ဇေယျတို့ ခေါင်းဆောင်သည့် ဗကပအဖွဲ့ (၂)ဖွဲ့သည်လည်း တပ်မတော်၏ ထိုးစစ်ဒဏ်ကို မခံနိုင် သဖြင့် တစ်ဖက်နိုင်ငံသို့ ဝင်ရောက်ခိုလှုံခဲ့ရာ ၎င်းတို့လည်း ပြည်ပ ရောက် ဗကပအင်အားစုများဖြစ်သွားခဲ့ကြသည်။

အဝေးရောက်ဗပကများသည် ပဲခူးရိုးမ ဗကပများနှင့် အဆက်အသွယ်ပြတ်ခဲ့ကြသည်။ ၁၉၆၃ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အခွင့်အရေးယူပြီး ပဲခူးရိုးမဗကပအဖွဲ့နှင့် လျှို့ဝှက် ဆက်သွယ်ခဲ့ကြကြောင်း သိရှိရသည်။ ဗသိန်းတင်သည် အဖွဲ့ဝင် ၅ ဦးပါဝင်သော ဦးဆောင်ကော်မတီကို ဖွဲ့စည်းခဲ့ကြပြီး ပဲခူးရိုးမမှ ဗကပအဖွဲ့အား ပြန်လည်အင်အားတောင့်တင်းရေးအတွက် အကူ အညီပေးရန် ဆုံးဖြတ်ခဲ့ကြသည်။ အကူအညီပေးရန်စီမံချက်များ ရေးဆွဲခဲ့ကြသည်။ စီမံချက်တွင် သံလျင်အရှေ့ခြမ်းစိုးမိုးရေး၊ ရှမ်း ပြည်နယ် အရှေ့မြောက်ဒေသ လွတ်မြောက်ရေးနယ်မြေ တည်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ရေးတို့ပါဝင်ကြောင်း သိရှိရသည်။

၁၉၆၃ ခုနှစ်တွင် ဗသိန်းတင်နှင့် နော်ဆိုင်းတို့ ပူးပေါ ခဲ့ကြသည်။ နော်ဆိုင်းနှင့်အတူ ဇော်မိုင်လည်း ပါဝင်သည် နော်ဆိုင်းနှင့်အဖွဲ့အား မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရော နိုင်ရန်အတွက် သဘောတရား သင်တန်းပေးခဲ့ကြကြောင်း သိ သည်။

ဗကပတို့သည် တစ်ဖက်နိုင်ငံ၏ နိုင်ငံရေး၊ စစ်ရေး ကျော ထောက်နောက်ခံရရှိပြီး မြန်မာနိုင်ငံ ပြည်တွင်းသို့ ထိုးဖောက်ဝ ရောက်နိုင်ရန် အခြေအနေနှင့် အချိန်အခါကို စောင့်ဆိုင်းနေကြသည် နယ်စပ်ဒေသတွင်လည်း လက်နက်တပ်ဆင်ပြီး စစ်ရေးလေ့ကျ လှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဗကပတို့သည် နော်ဆိုင်းခေါင်းဆောင်သော ဗကပ (၃၀၃) တပ်ရင်းကြီးအား ဖွဲ့စည်းပြီး ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် နေ့တွင် မုံးကိုးစခန်းကို ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ခြင်းဖြင့် စတင်ကျူးကျော်ဝင်ရောက်ခဲ့သည်။ ၎င်းပြင် ဖောင်းဆိုင်၊ မုံးယာ၊ မုံးဟောင်၊ မန်ကန် ဇော်ဂျူ၊ လွယ်ဆာ၊ ပေါ်ဝါးနှင့် နမ့်ချက် နယ်မြေများအထိ ထိုးဖောက်ဝင်ရောက်လှုပ်ရှားခဲ့ကြသည်။

၁၉၆၈ ခုနှစ်အတွင်းတွင် ရွှေလီဒေသ၌ ရှမ်းသောင်းကျန် သူအဖွဲ့နှင့် ပူးပေါင်းပြီး ဗကပ (၁၀၇) တပ်ရင်းကြီးကိုလည်း ဖွဲ့စည်းကြသည်။ ၎င်းနောက် ကိုးကန့်ကာကွယ်ရေးအဖွဲ့မှ ခွဲထွက် သွားသည့် ဖုန်ကြားရှင်နှင့်အဖွဲ့အား စည်းရုံးပြီး ဗကပ (၄၀၄) တပ်ရင်းကြီးအားလည်း ဖွဲ့စည်းကြသည်။

၁၉၆၉ ခုနှစ်တွင် ဗကပများသည် နယ်မြေများကို တိုးချဲ့





မ်းပိုက်လာသည့်အပြင် လှုပ်ရှားနယ်မြေများကိုလည်း တိုးချဲ့ လာခဲ့သည်။ ဗကပ (၃၀၃)တပ်ရင်းကြီးသည် သံလွင်အနောက် မ်းတွင် လှုပ်ရှားပြီး ကောင်းလုံနော်ဆိုင်ဒေသများကို တိုက်ခိုက်ခဲ့ သည်။ သံလွင်အရှေ့ခြမ်းရှိ ဗကပ (၄၀၄) တပ်ရင်းကြီးသည် ကိုးကန့်နယ်မြေ ကုန်းကြမ်းစခန်းအား တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ နောက်တွင် ကိုးကန့်ဒေသတစ်ခုလုံးနီးပါး ဗကပတို့လက်အောက်သို့ ရောက်သွားခဲ့သည်။

ဗကပများသည် ၎င်းတို့၏ခြေကုပ်စခန်းများမှတစ်ဆင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပဲခူးရိုးမ ဗကပများနှင့် ထိုးဖောက်ဆက် ယ်ရန် ရည်ရွယ်ချက်ရှိသည်။ ဗကပများသည် လှုပ်ရှားနယ်မြေ ဖြည်းဖြည်း တိုးချဲ့လာခဲ့ရာ လားရှိုးမြို့အနီးထိ ထိုးဖောက်လှုပ်ရှား ခဲ့သည်။

## အရှေ့မြောက်ဒေသမှ ဗကပ၏အင်အား

ဗကပတို့၏ အရှေ့မြောက်ဒေသ ဌာနချုပ်တွင် တောခို နော်ဆိုင်းသည် စစ်ရေးတာဝန်ခံဖြစ်ပြီး ယန်ကွမ်း (ခ) နေဝင်းသည် နိုင်ငံရေးမှူးဖြစ်သည်။ ဌာနချုပ်၏လက်အောက်တွင် ဗကပ (၂၀၂) တပ်ရင်း၊ ဗကပ (၃၀၃) တပ်ရင်းနှင့် ဗကပ (၄၀၄) တပ်ရင်းကြီး ၃ ခုနှင့် ဖွဲ့စည်းထားသည်။ ဗကပ (၄၀၄) တပ်ရင်းကြီးကို ၄၀၄(၅)၊ ၄၀၄(၆)၊ ၄၀၄(၇) နှင့် ၄၀၄(၈) တို့နှင့်ဖွဲ့စည်းထားပြီး ဗကပ တပ်ရင်းကြီး (၃၀၃) ကို ၃၀၃(၁)၊ ၃၀၃(၂)၊ ၃၀၃(၅)၊ ၃၀၃(၇) တို့ပြီး တပ်ရင်းငယ်များဖြင့် ဖွဲ့စည်းထားသည်။ ဒေသန္တရတပ်များ ဖြစ် (၁၀၇)၊ (၁၀၈) နှင့် (၈၀၁) တပ်ရင်းများအပြင် ပြည်သူ့စစ်



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းများပါ ဖွဲ့စည်းထားသည်။ နောင်တွင် ‘ဝ’ လူမျိုး များကို စည်းရုံးပြီး ‘ဝ’တပ်ရင်းများကိုပါ ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် အရှေ့ မြောက်ဒေသ ဗကပများ၏ အင်အားစုစုပေါင်းမှာ ၄၀၀၀ ကျော် ခန့်ရှိကြောင်းသိရှိရသည်။

ဗကပများသည် တိုက်ပွဲများကို ဖန်တီးပြီး အနိုင်တိုက် ကာ နယ်ခံလူထုအား စည်းရုံးသိမ်းသွင်းလျက် အမာခံနယ်မြေ တည်ဆောက်မှုကို ကြိုးပမ်းခဲ့ကြသည်။ ဗကပများသည် လူ အင်အား လက်နက်အင်အားကို အများအပြားသုံးပြီး တိုက်ခိုက်နိုင် သည့်အတွက် ၁၉၇၀ ခုနှစ်လယ်လောက်ထိ အောင်မြင်မှုများ ရရှိခဲ့ကြသည်။ ၁၉၇၀ ခုနှစ်၊ မေလတွင် ကျွန်တော်တို့ ခလရ (၅) စစ်ကြောင်း (၁)နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားရာ ၎င်းတို့၏ စစ်ရေး အဟုန် စတင်ဦးကျိုးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ မဟာဗျူဟာ ရည်မှန်းချက်ဖြစ်သည့် သံလွင်အနောက်ခြမ်းစိုးမိုးရေး၊ မြန်မာနိုင်ငံ အတွင်းသို့ စိမ့်ဝင်ထိုးဖောက်ရေးဆိုသည့် ရည်မှန်းချက်များလည်း ပျက်စီးခဲ့ရသည်။ သဲထဲရေသွန် ဆိုသည့်အတိုင်းဖြစ်ခဲ့ရသည်။

ထို့နောက်ပိုင်း တပ်မတော်မှလည်း စစ်ရေးအရှိန် တိုးမြှင့် လာခဲ့ရာ ဗကပများ၏ စစ်ရေးအရှိန် တုံ့ဆိုင်းသွားခဲ့ပြီး ရှေ့ကို မတိုးနိုင်တော့ဘဲ ကြူကုတ်၊ မုံးပေါ်၊ မုံးယား၊ မုံးဟောင်ခွင် အတွင်း၌သာ လှုပ်ရှားမှုပြုလုပ်နိုင်တော့သည်။

ဤသည်မှာ ပန်ကျုံတိုက်ပွဲမတိုင်မီ ဗကပများ၏ အခြေ အနေကို ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

ပန်ကျုံတိုက်ပွဲတွင် ကျွန်တော်တို့နှင့် ထိတွေ့ခဲ့ကြ သည့် ဗကပများမှာ ဗကပတပ်ရင်းကြီး (၃၀၃) မှ တပ်မဟာမှူး ရန်ခရ





စီးသည့် တပ်ရင်း ၄ ရင်းဖြစ်ပြီး အင်အား ၁၅၀၀ ခန့်ရှိကြောင်း သိရသည်။ တပ်မဟာမှူး ရန်ခရန်သည် ဗီယက်နမ်စစ်ပွဲတွင် ပါဝင် တိုက်ခိုက်ခဲ့ဖူးသည့်အတွက် ဗီယက်နမ်ပြန်ဆိုပြီး နာမည်ကြီးသူ ဖြစ်ကြောင်း သိရသည်။ ၎င်းတို့၏ လက်နက်ကြီးတပ်ဖွဲ့မှာ တစ်ဖက်နိုင်ငံ တပ်နီဘက်မှ ပါဝင်ကူညီ ပစ်ခတ်ပေးခဲ့ကြောင်း သိရှိရသည်။

စိတ်ဓာတ်မြင့်တက်နေသည့် ရန်သူဗကပများသည် ကွတ်ခိုင်၊ သိန္နီ အနီးအနားရှိ တပ်စခန်းများကို တိုက်ခိုက်သိမ်း ပိုက်ပြီး လားရှိုးအနီးပတ်ဝန်းကျင်ထိ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ လားရှိုးမြို့ကိုပါ သိမ်းပိုက်ရန် ရည်ရွယ်ကြောင်းသိရသည်။ ကျွန်တော်တို့တပ်ရင်း လားရှိုးသို့ မရောက်မီတစ်နေ့တွင် လားရှိုး ဗိမာန်ဘုရားအား လောင်ချာ (ဒုံးကျည်)နှင့် လာပစ်သွားသေးသည်။

## တိုက်ပွဲမဖြစ်မီ မိမိတပ်များ၏အခြေအနေ

ရှမ်းပြည်အရှေ့မြောက်ဒေသတွင် ထိုစဉ်အခါတုန်းက တပ်မ (၇၇) နှင့် တပ်မ (၉၉) လက်အောက်ခံတပ်များက ဖြန့်ခွဲ လှုပ်ရှားလျက်ရှိကြသည်။ ရန်သူဗကပများ၏စစ်ရေးအရှိန် တိုးမြှင့်လာမှု၊ နယ်မြေတိုးချဲ့ လှုပ်ရှားလာမှုများ လုပ်လာသည့်အတွက် မတ္တနားနေကြသည့် တပ်မ (၈၈) လက်အောက်ခံ တပ်ရင်းများထဲမှ ကျွန်တော်တို့ ခလရ (၅) နှင့် အမှတ် (၁) ချင်း သေနတ်ကိုင်တပ်ရင်း တို့အား ၁၉၇၀ ခုနှစ်၊ မေလ ဒုတိယပတ်အတွင်းတွင် လားရှိုးသို့ ချထားခဲ့သည်။ ရှေ့တန်းတပ်မ (၈၈) မဖွင့်လှစ် နိုင်သေးသည့်အတွက် ကျွန်တော်တို့ တပ်ရင်း ၂ ရင်းသည် လားရှိုးရှိ ရှေ့တန်းတပ်မ



www.burmeseclassic.com

www.burmeseclassic.com



(၇၇) ၏ ကွပ်ကဲမှုအောက်သို့ ဝင်ရသည်။ လားရှိုးတွင် တပ် (၇၇) ၏ ဗျူဟာတစ်ခု ရှိသည်။ ဗျူဟာမှူးမှာ ဗိုလ်မှူးကြ ပေါလ်ထွန်းရှိန်ဖြစ်သည်။ ချင်း (၁) တပ်ရင်းအား လားရှိုး အပေါ်ဘက်သို့ပို့လိုက်ပြီး ကျွန်တော်တို့ခလရ (၅) မှာ တပ်မ အရန်အဖြစ် တာဝန်ယူခဲ့သည်။

ကျွန်တော်တို့တပ်ရင်း ခလရ (၅)သည် ရှမ်းပြည် မတက်လာခင် တပ်မတော် ကြည်း/ရေ/လေ ပူးပေါင်း စစ်ဆင် တစ်ခုအတွက် သင်တန်းတစ်ခုတက်ခဲ့ကြသည်။ ကြည်း/ရေ/ ပူးပေါင်းပြီး စစ်ရေးလေ့ကျင့်ခန်းတစ်ခုကို မော်လမြိုင် စ ကင်း ခြံတွင် သွားရောက်လေ့ကျင့်ရန် ဖြစ်သည်။ လေ့ကျင့်ခန်း အမည်မှာ အောင်ဇေယျလေ့ကျင့်ခန်းဖြစ်သည်။ ကျွန်တော် ခလရ (၅) တပ်ရင်းတစ်ရင်းလုံးသည် ကမ်းတက်စစ်ဆင် **Amphibious Landing Operation** အပိုင်းမှပါဝင်ရန် ဖြစ်သ တစ်နည်းအားဖြင့်ဆိုသော် မရိန်း **Marine** တပ်အသွင်နှင့် ပါ ရမည်ဖြစ်သည်။ မရိန်းစစ်သားဆိုသည်မှာ စစ်သင်္ဘောပေါ်တ ရေတပ်သားဖြစ်ပြီး ကုန်းပေါ်ရောက်လျှင် ခြေလျင်စစ်သားဖြ သွားသည်။ စစ်သင်္ဘောပေါ်မှ ပိုက်ကွန်ကိုသုံးပြီး ကမ်းတက်ရေယာ **Landing craft** ပေါ်သို့ ဆင်းပြီး တပ်စုလိုက်၊ တပ်ခွဲလိုက် နေ ယူခြင်း၊ ကမ်းတက်ရေယာဉ် ကမ်းထိုးသည်နှင့် တစ်ပြိုင်နက် ရေယာဉ်ပေါ်မှ ခုန်ဆင်းပြီး ကမ်းခြေပေါ်သို့ တပ်ဖြန့်ပြေးတ ခြင်းများကို လုပ်ဆောင်ရသည်။

ကျွန်တော်တို့ ခလရ (၅)တပ်ရင်းတစ်ရင်းလုံးသ ရန်ကုန်မြို့ သံလျက်စွန်းရှိ တပ်မတော် ရေတပ်စခန်းဌာနချုပ်





ကမ်းတက်စစ်ဆင်ရေးသင်တန်းကို တစ်လခန့် တက်ရသည်။ တပ်မတော်(ရေ)မှ အမေရိကန်နိုင်ငံတွင် မရိန်းသင်တန်း တက် ရောက်ခဲ့ဖူးသူ ဗိုလ်မှူးတစ်ဦးမှ သင်တန်းမှူးအဖြစ် ဆောင်ရွက်ပြီး ကျွန်တော်တို့ တပ်ရင်းအား သင်တန်းပေးသည်။ တစ်ရင်းလုံး တပ်ရင်းမှူး၊ အရာရှိ အရာခံ၊ အကြပ်တပ်သားများအားလုံး သင်တန်းတက်ရသည်။ သင်တန်းမှာ တစ်လခန့်ကြာသည်။ မရိန်း သင်တန်းဆိုတာ လွယ်လွယ်နဲ့မရဘူး၊ ခြေလျင်သင်တန်းထက် ပင်ပန်းမယ်ဟု စကားခံထားပြီး အကြီးအကျယ် မောင်းတော့သည်။ အခြေခံဖြစ်သည့် စစ်ရေးပြ၊ လက်နက်ငယ်၊ ကြံ့ခိုင်ရေးလည်းပါသည်။ နေ့စဉ် လေးငါးမိုင်ခန့် အပြေးတက်ရသည်။ စစ်သင်္ဘောပေါ်မှ ကမ်းတက်ရေယာဉ်ပေါ်သို့ ဆင်းခြင်း၊ ကမ်းတက်ရေယာဉ်ပေါ်မှ ကုန်းပေါ်သို့ တပ်ဖြန့်ပြေး တက်ခြင်းတို့ကို အကြိမ်ကြိမ်လေ့ကျင့် ရသည်။ ရေကူးသင်တန်းလည်းပါသည်။ အခြေခံစစ်ပညာသင်တန်း လာထက်တောင် ပိုပင်ပန်းသည်ဟု ထင်မိပါသည်။

အောင်ဇေယျလေ့ကျင့်ခန်းမှာ လက်တွေ့မလုပ်ဖြစ်တော့ဘဲ စီအစဉ် ပျက်သွားပါသည်။ နိုင်ငံတော် အကြီးအကဲများမှ ကမ်းတက်စစ်ဆင်ရေးဆိုတာ သူတစ်ပါးနိုင်ငံကို ကျူးကျော်ပြီး ာတိုက်တဲ့အခါသုံးတဲ့ စစ်နည်းဗျူဟာဖြစ်တယ်။ ပြည်တွင်းစစ်မှာ ာတာမဟုတ်ဘူး၊ အိမ်နီးချင်းနိုင်ငံတွေက တို့ကို တစ်မျိုးထင် ကြမယ်။ လေ့ကျင့်ခန်းကို ဆက်လုပ်ချင်ရင် တပ်မဲ့လေ့ကျင့်ခန်း ithout troop လုပ်ပါဟု ညွှန်ကြားသည့်အတွက် အစီအစဉ်ပျက် ပြင်းဖြစ်သည်။ ကျွန်တော်တို့တပ်ရင်းကတော့ သင်တန်းကို အောင်တက်ခဲ့ရသည်။ သင်တန်းပြီး၍ တပ်ရင်းဌာနချုပ်



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်သာသို့ပြန်ကြရပြီး ရက်အနည်းငယ်သာ နားခဲ့ရ
ရှမ်းပြည်ဘက်ကို တက်ခဲ့ရသည်။ ဤသင်တန်းကို တက်ခဲ့ရသ
အတွက် ကျွန်တော်တို့တပ်ရင်း အကျိုးရှိခဲ့သည်။ ပန်ကျုံတိုက်ပွဲ
အတွက် ပူပူနွေးနွေး လေ့ကျင့်ပေးလိုက်သလို ဖြစ်သည်။ တိုက်
တစ်ခုကို အောင်နိုင်ရန်အတွက် လေ့ကျင့်ရေးသည်လည်း အ
ကျပါသည်။

ကျွန်တော်တို့တပ်ရင်း လားရှိုးကို ရောက်သည့်အချိန်
လားရှိုးမြို့နယ်မှ နယ်ခံတပ်များ၏ မိသားစုများ မြို့နေလူထု
အစိုးရဝန်ထမ်းများသည် စိုးရိမ်စိတ်များဖြင့် ကျီးလန့်စာစား ဖြစ်
ကြ‌ည်။ သူတို့လည်း ဗကပများ လားရှိုး အနီးပတ်ဝန်းကျင်
ရောက်ရှိနေကြပြီး လားရှိုးကိုဝင်တိုက်မည် ဆိုသည့်သတင်း
ရရှိထားကြဟန် တူသည်။

ကျွန်တော်တို့အရာရှိငယ်များသည်လည်း စိတ်
တက်ကြွနေကြသည်။ ကျွန်တော်လည်း ၎င်းအချိန်တုန်းက
အဆင့်သာရှိပြီး လူပျိုလူလွတ်ဖြစ်သည်။ တိုက်ချင်ခိုက်ချင်
ရှိသည်။ ရှမ်းပြည်ဘက်မှ ဗကပဆိုသည်ကို ကြားသာကြားဖူးသ
ဖြူသလား မည်းသလား မသိ၊ တွေ့ကြည့်ချင်သည်။

ကျွန်တော်လည်း မိမိတပ်စုမှ ရဲဘော်များအား လက်
များကို စနစ်တကျတိုက်ချွတ်ထားကြရန် ညွှန်ကြားထားသ
တစ်နေ့ ကျွန်တော်၏ကာဘိုင်သေနတ်နှင့် ပစ္စတိုသေနတ်ကိုဖြ
တိုက်ချွတ်နေရင်း အနီးတွင် ၎င်း၏သေနတ်ကို တိုက်ချွတ်နေသ
ကျွန်တော်၏အကူ ရဲဘော် တင်ဝင်းကျော်အား လှမ်းမေး
သည်။





"ဟေ့ကောင် ...တင်ဝင်းကျော် မင်းက ဘယ်လိုလဲ၊ က ဗကပတွေနဲ့ မတွေ့ချင်ဘူးလား"

"ဟာ ... တွေ့ချင်တာပေါ့ ဗိုလ်ကြီးရာ။ ဒီကောင်တွေကို ကျွန်တော် ချချင်နေတာ"

ဟု ပြန်ပြောပါသည်။ ကျွန်တော်မှ ဆက်မေးသည်။

"ငါတို့ ဒီကိုမလာခင်တုန်းက ကြားရတဲ့သတင်းတွေအရ ရှမ်းပြည်ဘက်က ဗကပတွေနဲ့ ဖြစ်တဲ့ တိုက်ပွဲတွေဟာ ပွဲသေးတွေ မဟုတ်ဘူးကွ။ ပွဲကြီးပွဲကောင်းတွေ များတယ်လို့ သိရတယ်။ မင်းကော ပွဲကြီးပွဲကောင်းတွေ မတွေ့ချင်ဘူးလား"

"တွေ့ချင်တာပေါ့ ဗိုလ်ကြီး။ ကျွန်တော့်စစ်သက် ပစ်လျှောက်မှာ တိုက်ပွဲတွေတော့ တွေ့ခဲ့ဖူးတယ်။ တစ်ခါမှ ပွဲကြီး ပွဲကောင်း မတွေ့ခဲ့ဖူးဘူး"

ဟု တင်ဝင်းကျော်က ပြန်ပြောသည်။ ကျွန်တော်က

"အေး ... မင်းကတော့ ဟုတ်ပြီ။ တခြားဆရာတွေ ရဲဘော်တွေအခြေအနေက ဘယ်လိုလဲ"

ဟု ရဲဘော် တင်ဝင်းကျော်ကို ဆက်မေးသည်။

ရဲဘော်တင်ဝင်းကျော်သည် လူမှုဆက်ဆံရေးကောင်းသူ ဖြစ်သည်။ မိမိတပ်ခွဲက ရဲဘော်များ ဆရာများနှင့် ခင်မင်သည့်အပြင် တခြားတပ်ခွဲမှ ရဲဘော်များ ဆရာများနှင့်လည်း ခင်မင်အောင်ပေါင်း တတ်သည်။ ရဲဘော်များ ဆရာများ၏အကြောင်းကို သိလိုလျှင် တင်ဝင်းကျော်ကို မေးလျှင်ရသည်။ တင်ဝင်းကျော်က ...

"တခြားရဲဘော်တွေလည်း ကျွန်တော့်လိုပါပဲ ဗိုလ်ကြီး။ သူတို့လည်း ဒီတစ်ခါတော့ ပွဲကြီးပွဲကောင်းနဲ့ တွေ့ရမယ် ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သူတို့အချင်းချင်း ပြောနေကြတာ ကြားခဲ့ရတယ် ဗိုလ်ကြီး''

ဟုဆို၏။

ကျွန်တော်လည်း ရဲဘော်များ၏စိတ်ဓာတ်ကို သိလိုသည့် အတွက် ရဲဘော်တင်ဝင်းကျော်ထံမှတစ်ဆင့် စုံစမ်းကြည့်လိုက်ခြင်း ဖြစ်သည်။ ရဲဘော်များအားလုံး တက်တက်ကြွကြွရှိနေကြကြောင်း သိလိုက်ရသည့်အတွက် ကျွန်တော် အားတက်မိသည်။ စစ်အောင်နိုင် သော အကြောင်းကြီးများတွင် စိတ်ဓာတ်သည်လည်း အဓိက အရေးကြီးသည်မဟုတ်ပါလား။

## ရန်သူသတင်းထောက်လှမ်းရေးနှင့် နယ်မြေရှင်းလင်းရေး

၁၉၇၀ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျွန်တော်တို့ တပ်ရင်းအတွက် အထက်ဌာနမှ ညွှန်ကြားချက်တစ်ခု ရရှိသည်။ ညွှန်ကြားချက်မှာ တပ်ရင်းမှူး ဦးစီးသည့် တပ်ခွဲ ၂ ခွဲသည် ရန်သူ သတင်းထောက်လှမ်းရန်နှင့် နယ်မြေရှင်းလင်းရေးဆောင်ရွက်ရန် တာဝန်ဖြင့် မေလ ၂၀ ရက်နေ့မှစ၍ ရိက္ခာ ၃ ရက်စာဖြင့် အခြေ ပြုရာ လားရှိုးမှ ထွက်ခွာရန် ဖြစ်သည်။ သွားရောက်ရှင်းလင်း ရမည့်နေရာများကို မြေပုံညွှန်းများဖြင့် ဖော်ပြထားသည်။ ပန်ကျုံရွာ လည်း ပါသည်။ ညွှန်ကြားချက်က လားရှိုးအနီးတဝိုက် ချီတက်ရှင်း လင်းရန် ဖြစ်သည်။

တပ်ရင်းမှူးသည် အရာရှိများအားလုံးအားခေါ်ပြီး လက်ရှိ ရန်သူ့အခြေအနေနှင့် မိမိတပ်လှုပ်ရှားရမည့် အစီအစဉ်များကို ရှင်းပြပြီးလိုအပ်သည်များကို ညွှန်ကြားသည်။ ကျွန်တော့်အားလည်း ပါလာရမည့် လက်နက်ကြီးများအား စစ်ဆေးပြီး ပြင်ဆင်ထားရန်





ညွှန်ကြားသည်။ ကျွန်တော်လည်း တပ်ခွဲမှူးအား တင်ပြပြီး အကောင်းဆုံး လက်နက်ကြီးများကို ရွေးချယ်စစ်ဆေးပြီး အသင့် ပြင်ထားသည်။ ကျွန်တော်၏အကူ လက်နက်ကြီးတပ်ခွဲမှူးမှာ ဗိုလ်ကြီးသာစိန်ဖြစ်သည်။ (ယခု ဒုဗိုလ်မှူးကြီးသာစိန် (ငြိမ်း) သာကေတတွင် နေထိုင်လျက်ရှိကြောင်း သိရှိရသည်။)

မေလ ၂၀ ရက်နေ့ မနက်စောစော ကျွန်တော်တို့ စစ်ကြောင်းအား သယ်ယူပို့ဆောင်ပေးမည့် TE -11 စစ်ကားကြီးများ ကျွန်တော်တို့တပ်ရင်း ခေတ္တတည်းခိုနေသည့် လားရှိုးအကျဉ်းထောင် ဝင်းကို ရောက်ရှိလာကြပြီး တန်းစီထားသည်။ ထိုစဉ်က လားရှိုး အကျဉ်းထောင်မှာ ဆောက်လုပ်ပြီးကာစ ဖြစ်သော်လည်း အသုံး မပြုသေးဘဲ ရှေ့တန်းကို ထွက်လာကြသည့် တပ်ရင်းများ၏ တည်းခိုရာနေရာ ဖြစ်နေသည်။

ကျွန်တော်တို့စစ်ကြောင်းသည် မိမိလိုက်ရမည့် မော်တော် ယာဉ်များပေါ်တွင် နေရာယူကြပြီး နံနက် (၀၆း၀၀)နာရီတွင် စတင်ထွက်ခွာခဲ့ကြသည်။ လားရှိုး–သိန္နီ ကားလမ်းအတိုင်း ထွက် ခွာလာကြပြီး လားဝန်တင်တပ်ရှေ့ဂိတ်ကိုကျော်ပြီး အရှေ့ဘက်သို့ သွားသည့်ကားလမ်းအတိုင်း ချီတက်လာကြသည်။ လမ်းတွင် လားရှိုးနယ်ခံတပ်များမှ ယူထားသည့် တပ်စခန်းများအား တွေ့ရ သည်။ ၁၀ မိုင်ကျော်ကျော်ခန့် ရောက်သည့်အခါ ရှမ်းရွာကြီး (အမည် မမှတ်မိ) တစ်ရွာသို့ ရောက်ရှိကြသည်။ ထောက်လှမ်းရေး အရာရှိ ဗိုလ်သောင်းတင်မှ စစ်ကြောင်းများအားလုံး ကားပေါ်မှ ဆင်းပြီး ခြေလျင်ဆက်လက်ချီတက်ရန်ဖြစ်ကြောင်း လာပြောသည်။ ကျွန်တော်တို့လည်း ကားပေါ်မှဆင်းပြီး ခြေလျင် ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com



ချီတက်ရန် ပြင်ဆင်ကြသည်။

တပ်ရင်းမှူးမှ ဗိုလ်ကြီးမြတ်ငြိမ်း၏ တပ်ခွဲ (၂) အား ရှေ့ပြေးသွားစေပြီး ဗိုလ်ကြီးတင်လှ၏ တပ်ခွဲ (၄)အား နောက်လိုက်စေသည်။ စစ်ကြောင်းရုံးနှင့် ကျွန်တော်၏ လက်နက်ကြီးအဖွဲ့ စစ်ကြောင်းရုံးအဖွဲ့နှင့်အတူ အလယ်မှ လိုက်ရန်ဖြစ်သည်။

ကျွန်တော်တို့ ချီတက်ရမည့်လမ်းကြောင်းမှာ ကျွန်တော်တို့ ထွက်လာသည့် ကားလမ်း၏ မြောက်ဘက်သို့ သွားသည့် လှည်းလမ်းကြောင်းအတိုင်းဖြစ်သည်။ လှည်းလမ်းကြောင်းဆိုသော်လည်း ကားသွားမည်ဆိုပါက သွားနိုင်သည်။ ဒေသခံဂျစ်ကားများ သွားလာနေကြောင်း သိရသည်။

တပ်ခွဲ (၂) ရှေ့ပြေးဖြစ်သည့်အတွက် တပ်စုမှူး ဗိုလ်တင်စိုး တပ်စုမှ ရှေ့ဆုံးမှ ရှင်းလင်းချီတက်ရမည်ဖြစ်သည်။ ရှေ့ဆုံးမှ သွားရမည့်သူ တပ်စုမှ တပ်စိတ် (၂) စိတ်အား လမ်းတစ်လျှောက် ဘေးဘယ်ညာကို ဂရုစိုက်ရှင်းလင်းရန် မှာကြားနေသည်။ မှာကြားပြီး ဗိုလ်တင်စိုးက . . .

"ဟေ့ကောင်တွေ . . . မင်းတို့ ဗကပကိုမြင်ဖူးကြသလား"

ဟု သူ့ရဲဘော်များဘက်သို့ လှမ်းမေးလိုက်သည်။ ရဲဘော်များက . . .

"မမြင်ဖူးဘူး ဗိုလ်ကြီး ကြားတော့ကြားဖူးတယ်"

"အေး . . . ငါလည်း မမြင်ဖူးဘူး။ ဗကပတော့ ချိုတွေ မပါဘူးကွ။ ဒါပေမဲ့ သိသာပါတယ်ကွာ။ ယူနီဖောင်း အစိမ်းရောင် ဝတ်ထားတယ်။ အစိမ်းရောင်လျှာထိုး ကက်ဦးထုပ် ဆောင်းထားတယ်။ ဦးထုပ် အလယ်တည့်တည့်မှာ အနီရောင်ကြယ်တစ်ပွင့်ပါတယ်။





အနီရောင်ကြယ်ကိုတွေ့ရင် ဗကပပဲ။ မင်းတို့ ပစ်သာပစ်"

ဟု ရယ်စရာလိုလိုပြောသည်။ ပြီးလျှင် သူ့ဟာသူ အသံကျယ်ကျယ်နှင့် ရယ်လိုက်သည်။ ဗိုလ်တင်စိုးသည် အလွန်ရိုးသား ပွင့်လင်းသူဖြစ်ပြီး စိတ်သဘောလည်း ကောင်းသည်။ ပျော်ပျော်နေတတ်သည်။ ရယ်စရာပြောပြီး သူ့ဟာသူ အသံကျယ်ကျယ်နှင့် ရယ်တတ်သည်။ စစ်တက္ကသိုလ် ဗိုလ်လောင်းဘဝတွင် လက်ဝှေ့ထိုးပြိုင်ပွဲများတွင် အနိုင်ရဖူးကြောင်းသိရသည်။ အသားကလည်း မည်းမည်း၊ ဗလကလည်း ကောင်းကောင်း၊ ဆံပင်ကလည်း တိုတိုနဲ့ နီဂရိုးပုံ ပေါက်နေသည့်အတွက် သူ့သူငယ်ချင်းများက ကမ္ဘာ့လက်ဝှေ့ချန်ပီယံ နီဂရိုးလူမျိုး ဆန်နီလစ်စတန်၏ အမည်ကိုယူပြီး လစ်စတန်ကြီးဟု အမည်ပြောင်ပေးထားကြသည်။

ကျွန်တော်တို့သွားရမည့်လမ်းကြောင်းသည် ပန်ကျုံရွာကို ဖြတ်သည်။ သိပ်မဝေးလှပါ။ ကျွန်တော်တို့စစ်ကြောင်းလည်း နံနက် (၀၉၀၀)နာရီခန့်တွင် လှည်းလမ်းကြောင်းအတိုင်း ဆက်လက် ချီတက်ခဲ့လာခဲ့ကြသည်။

**မြေပြင်အနေအထား**

လှည်းလမ်းကြောင်းသည် မြောက်ဘက်သို့ တဖြည်းဖြည်း မြင့်တက်သွားပြီးနောက် တောင်ကြောလမ်း ဖြစ်သွားသည်။ ဘေးဘယ်ညာတွင် မိမိထက်မြင့်သည့်တောင်များ မရှိပေ။ လှည်းလမ်း၏ ဘယ်ညာတွင် သစ်ပင်ကြီးများမရှိ။ သစ်ပင်ငယ်များသာရှိပြီး အောက်ခြေတွင် ချုံနွယ်များပေါက်ရောက်နေသည့်အတွက် အောက်ခြေရှုပ်သည်။ လူသွားမည်ဆိုပါက ခါးကုန်းပြီးမှသွားရမည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ချုံနွယ်များ နိမ့်လွန်းသည့်အတွက် လေးဖက်ထောက် သွားရသည်။ ပတ်ဝန်းကျင် တောတောင်များမှာလည်း သစ်ကြီး ဝါးကြီး မရှိ၊ အထက်တွင် ဖော်ပြခဲ့သည့်အနေအထားရှိပြီး တော ကြောများမှာလည်း မြေပြင်မှ ပေ (၅၀/၆၀) ခန့်သာမြင့်သည်ဟု ထင်ပါသည်။

## ရာသီဥတု

ရာသီဥတုမှာ မေလဖြစ်၍ မိုးကာလကျရောက်ခါနီးဖြစ် သည့်အတွက် တစ်ခါတစ်ရံ မိုးရွာသည်။ မိုးရွာနိုင်သည့် မိုးတိမ် တိုက်များ ကောင်းကင်တွင် ကွက်ကြားကွက်ကြား တည်ရှိသည်။ နေရောင်ပေါ်လာလိုက် ပျောက်သွားလိုက် ဖြစ်နေသည်။ ထိုနေ့က မိုးကလေးတဖျောက်ဖျောက် ရွာနေပါသည်။

## ရန်သူ့သတင်းကြိုတင်ရရှိခြင်း

လှည်းလမ်းကြောင်းကြီးအတိုင်း ကျွန်တော်တို့စစ်ကြောင်း သည် သတိထားပြီး ချီတက်လာခဲ့ကြရာ ရှေ့ဆုံးမှသွားသည့် ( ၂)ဗိုလ်တင်စိုးတပ်စုမှ ရှမ်းအဘိုးကြီးတစ်ဦးအား တွေ့လိုက်ရသည်။ အနီးအနားတွင် တောင်ယာလုပ်ကိုင်နေသူဖြစ်သည်။ ဗိုလ်တင်စိုးမှ ရှမ်းအဘိုးကြီးအား ခေါ်ပြီး ...

"ဖိုးဒေါက် (အဘ)မြန်မာ စကားနားလည်လား"

ဟုမေးရာ အဘိုးကြီးမှ ခေါင်းညိတ်သည်။ သို့သော် ရှမ်း အဘိုးကြီးမှာ မျက်နှာပျက်နေပြီး ကြောက်လန့်နေပုံရသည်။ ဗိုလ်တင်စိုးမှ –





"ဖိုးဒေါက် မကြောက်ပါနဲ့။ ကျွန်တော်တို့က တပ်မတော် သားတွေပါ ဖိုးဒေါက် ဘယ်ရွာကလဲ"

"ပန်ကျုံရွာက" ဟုပြန်ဖြေသည်။ ဗိုလ်တင်စိုးမှ

"အဲဒီလိုဆိုရင် ဖိုးဒေါက်တို့ရွာကို သောင်းကျန်းသူတွေ မလာဘူးလား။ သတင်းရှိရင် ကျွန်တော်တို့ကို ပြောပြပါ"

ဟု အေးဆေးတည်ငြိမ်စွာနှင့် ပြန်မေးသည်။

ရှမ်းအဘိုးကြီးသည် ပို၍ကြောက်လန့်လာပုံရပြီး လက်များ ပင် တုန်နေသည်ကိုတွေ့ရသည်။ သို့သော်လည်း သတင်းကို တွေ့ မြင်ခဲ့သည့်အတိုင်းပြန်ပြောသည်။

"အာဗိုလ်လုံ(ဗိုလ်ကြီး) ပန်ကျုံရွာထဲမှာ ဗကပတွေ အများ ကြီးပဲ။ ရွာထဲမှာလည်း အများကြီး။ အနီးအနား တောင်ပေါ်တွေမှာ လည်း အများကြီး။ ရွာအနီးက ဘုရားတောင်ကုန်းမှာရော၊ ကျုပ် တို့ရွာအနီးမှာရှိတဲ့ ရှမ်းရွာမှာလည်း အများကြီးရောက်နေကြတယ်"

မကြာခင် တပ်ခွဲမှူး ဗိုလ်ကြီးမြတ်ငြိမ်း ရောက်ရှိလာ သည်။ ဗိုလ်တင်စိုးမှ သူ ရသည့်သတင်းများကို တပ်ခွဲမှူးထံ တင်ပြ လိုက်သည်။ ဗိုလ်ကြီးမြတ်ငြိမ်းမှ ...

"ဖိုးဒေါက် ... ရန်သူ့အင်အားအများကြီးဆိုတော့ ဘယ် လောက်ရှိမယ်ထင်လဲ"

ဟု အဘိုးကြီးကိုလှမ်းမေး သည်။

"ဗိုလ်လုံ ငါထင်တယ်၊ တစ်ထောင်တောင် ကျော်မလား မသိဘူး။ တော်တော်များတယ်"

ဗိုလ်ကြီး မြငြိမ်းမှ ...

"ဖိုးဒေါက် ... လက်နက်တွေကော ဘယ်လိုလဲ လက်နက်



www.burmeseclassic.com

www.burmeseclassic.com



အကြီးကြီးတွေရော ပါသလား''

''လက်နက်အကြီးကြီးတွေ ပါတယ်။ ငါလည်း မခေါ်တတ်ဘူး။ ရွာအနားက ဘုရားတောင်ကုန်းပေါ်မှာ တင်ထားတယ်''

''ဖိုးဒေါက်တို့ရွာက ဒီကနေ ဘယ်လောက်ဝေးသေးလဲ''

ဟု ဗိုလ်ကြီးမြတ်ငြိမ်းမှဆက်မေးသည်။

ရှမ်းအဘိုးကြီးက ...

''မဝေးတော့ဘူးလေ။ ဗိုလ်လုံ ဒီက ၅ မိနစ် ၁၀ မိနစ်လောက်သွားရင်ကို ရောက်တော့မယ်''

ဟု ရှမ်းအဘိုးကြီးက ပြောသည်။

ကျွန်တော်တို့စစ်ကြောင်းအတွက် သတင်းကို ကစ်ပြီး ကြိုတင်ရလိုက်သည်မှာ ကုသိုလ်ကံကောင်းသည်ဟု ဆိုရပေမည်။ စစ်အောင်ရသော အကြောင်းကြီးများတွင် သတင်းလက်ဦးမှု ဆိုသည်မှာလည်း အထူးအရေးကြီး လှပါသည်။ သတင်းလက်ဦးမှု သည် မိမိအတွက် တစ်ပန်းသာသည်။

ဗိုလ်ကြီးမြတ်ငြိမ်းနှင့် ဗိုလ်တင်စိုးတို့သည် ရှမ်းအဘိုးကြီးကိုပါခေါ်ပြီး တပ်ရင်းမှူးထံသွားပြီး ရရှိသတင်းများကို သတင်းပို့လိုက်သည်။ တပ်ရင်းမှူးသည် နည်းနည်းစဉ်းစားပြီး ...

''အခု ဗကပတွေ ရွာထဲမှာ ဘာလုပ်နေကြတာလဲ''

ရှမ်းအဘိုးကြီးကို ဆက်မေးရာ သူထွက်လာတုန်းကတော့ ဗကပတွေ ထမင်းစားရန် ပြင်ဆင်နေကြကြောင်း ပြောပြသည်။

တပ်ရင်းမှူးမှ ...

''အဲဒီလိုဆိုရင် ငါတို့ အငိုက်ဖမ်းနိုင်ပြီ။ ဒီကောင်တွေ ဒို့စစ်ကြောင်းတက်လာတာ သိပုံမရဘူး။ ဗိုလ်ကြီးမြငြိမ်း ...





ခင်ဗျားတပ်ခွဲ ဆက်သွားလိုက်ပါ။ ရွာကို ရန်သူမရိပ်မိအောင် ချဉ်းကပ်ပြီး အတင်းဝင်ပစ်ပါ။ တကယ်လို့ အခြေအနေမကောင်းဘူးဆိုရင် ပြန်ဆုတ်လာခဲ့၊ ဒီမှာ လာပြန်ပေါင်းပါ။ ဒီမှာ စစ်ကြောင်းရုံးအဖွဲ့နဲ့ တပ်ခွဲ (၄)တို့ ခံစစ်ယူထားမယ်''

ဟု ညွှန်ကြားလိုက်သည်။

တပ်ရင်းမှူး၏ ညွှန်ကြားချက်ကို ရပြီးသည်နှင့် ဗိုလ်ကြီးမြတ်ငြိမ်းသည် သူ့တပ်ခွဲမှ အရာရှိနှင့် တပ်ကြပ်ကြီးများကိုခေါ်ပြီး တိုတိုနှင့် လိုရင်းကို ညွှန်ကြားလိုက်ပြီး တပ်ခွဲကို ဆက်လက် ထွက်ခွာရန် အသင့်ပြင်ဆင်လိုက်သည်။

တပ်ခွဲမှူး ဗိုလ်ကြီးမြတ်ငြိမ်းသည် ရိုးသားပြီး စိတ်သဘောကောင်းသူဖြစ်သည်။ အထက်မှအမိန့်ကို ရဲရဲဝံ့ဝံ့ဖြင့် အေးဆေးတည်ငြိမ်စွာ လုပ်တတ်သူဖြစ်သည်။ သူတို့ တပ်ခွဲ ဆက်ထွက်သွားသည့်အချိန်မှာ နံနက် ၁၀ နာရီကျော်ခန့် ရှိနေပြီဖြစ်သည်။

**မန်ကျူတိုက်ပွဲစတင်ဖြစ်ပွားခြင်း**

တပ်ရင်းမှူးသည် တပ်ခွဲ (၄)မှူး ဗိုလ်ကြီးတင်လှ၊ တပ်စုမှူး ဗိုလ်သောင်းလွင်၊ ထောက်လှမ်းရေးအရာရှိ ဗိုလ်သောင်းတင်နှင့် ကျွန်တော့်အားခေါ်ပြီး ယခုလက်ရှိ ရောက်နေသည့်နေရာတွင် လှည်းလမ်းကြောင်းအား ဗဟိုထားပြီး အမြန်ဆုံး ပတ်လည်ခံစစ်ယူရန် ညွှန်ကြားလိုက်သည်။

တပ်ရင်းမှူးနှင့် စစ်ကြောင်းရုံးအဖွဲ့သည် လှည်းလမ်းကြောင်း၏ ညာဘက် လှည်းလမ်းနှင့် ၁၀ ပေကျော်ခန့် အကွာ



www.burmeseclassic.com

www.burmeseclassic.com



အဝေးတွင် နေရာယူသည်။ ကျွန်တော့်လက်နက်ကြီးအဖွဲ့ စစ်ကြောင်းရုံးအနီး ပန်ကျုံရွာဘက်သို့ သွားသည့်ဘက် လှည်းလ ၏ညာဘက်တွင် နေရာယူသည်။ တပ်ခွဲမှူး ဗိုလ်ကြီးတင်လှသ ခွဲရုံးအဖွဲ့နှင့် တစ်စုအား စစ်ကြောင်းရုံးအဖွဲ့နှင့် ဆက်စပ် လှည်းလမ်းကြောင်း၏ ညာဘက်တွင် နေရာယူသည်။ လှည်းလ အရှေ့ဘက်တွင် ဗိုလ်သောင်းလွင်တပ်စုအား နေရာယူခိုင်းလိုက် သည်။ ကျွန်တော်တို့အရာရှိများ ညှိနှိုင်းပြီးစစ်ကြောင်းရုံးနှင့် တပ် များအားလုံး ပတ်လည်ခံစစ်အနေအထားရရန် အမြန်ဆုံး စီ လိုက်ကြခြင်း ဖြစ်သည်။

ပြီးလျှင် ရဲဘော်များကို ကိုယ်စီနေရာပေးပြီး ပါလာသည် ခေါက်ကော်ပြားများနှင့် ပစ်ကျင်းများ အမြန်ဆုံး တူးခိုင်းသည် မြေကြီးမှာ မိုးရွာထားသည့်အတွက် ကျင်းတူးရာတွင် ထင်သလော အခက်အခဲမရှိ။ ပတ်လည်ခံစစ်ကို တောချုံများအောက်တွ နေရာယူခဲ့ကြခြင်းဖြစ်သည်။ သစ်ကြီးဝါးကြီးများ မရှိ။ ၁၀ ၁၅ ပေခန့်မြင့်သည့် အမျိုးအမည်မသိ သစ်ပင်များ ခပ်ကြဲ ပေါက်ရောက်နေသည်။ အောက်တွင် စိန်နပန်ဟုခေါ်သည့် ချုံနွယ် များပေါက်နေသည့်အတွက် အောက်ခြေရှုပ်သည်။ ဝါးပင်ငယ်လိုလ အပင်များ အုံလိုက်ပေါက်နေသည်။ ချုံတောသို့ တိုးဝင်မည်ဆိုပါ ခါးကုန်း၍ သွားရမည်။ တစ်ခါတစ်ရံ ချုံနွယ်များစိပ်သည့်နေရာတွ ငြိတွယ်နေတတ်သည်။ ရှေ့မြင်ကွင်းသည်လည်း ကိုက် (၂၅/၃၀ ခန့်သာရှိသည်။ ရှေ့ကိုသွားလျှင် ပြေပြေလေးနိမ့်ဆင်းသွားသည် လှည်းလမ်းကြောင်းသည် တောင်ကြောပေါ်တွင် ရှိနေသည် အတွက် ဘယ်ညာတွင် တောင်များမရှိ၊ အပေါ်စီးရသည်။





တပ်ရင်းမှူးနှင့် ကျွန်တော်တို့သည် ခံစစ်ပြင်ဆင်ရာတွင် ၊တောင်မပြီးသေး၊ ရဲဘော်များ ပစ်ကျင်းတူးရာတွင် တစ်ဝက် တောင်မရခင် တပ်ခွဲ (၂)ထွက်သွားသည့်ဘက်မှ ပတောက် တောက် ဖောင်းဒိုင်း ဆိုသည့် သေနတ်သံများ ဆူညံစွာ ထွက် ပါလာတော့သည်။ တိုက်ပွဲ စပြီ။ မိမိဘက်မှ ပစ်သည့်ဟု ယူဆရသည်။ အုမ်း ဂျိမ်း ဆိုသည့် ၂ လက်မစိန်ပြောင်း ဗုံးကွဲ သံများပါ ကြားရသည်။

## တပ်ခွဲ (၂) နှင့် ●ကာပ

ဗိုလ်ကြီးမြတ်ငြိမ်းဦးစီးသည့် တပ်ခွဲ(၂)သည် ပန်ကျုံ ရွာနားသို့ တဖြည်းဖြည်းချဉ်းကပ်ခဲ့သည်။ ရွာသို့ဝင်မည်ဆိုလျှင် လှည်းလမ်းကြောင်းညာဘက် လျှိုတစ်ခုကို ဆင်းပြီးမှ ပြန်တက် ရမည်။

တပ်ခွဲမှူးသည် ဗိုလ်တင်စိုးတပ်စုအား လျှိုကိုဖြတ်ပြီး ရွာနှင့်ဆက်နေသည့် ကုန်းကြောပေါ်သို့ တက်ခိုင်းလိုက်သည်။ ဗိုလ်တင်စိုးတပ်စု လျှိုထဲသို့ ပြန်အတက် အပေါ်သို့ရောက်ခါနီးတွင် ကာပ ကာကင်းဟု ယူဆရသည့်အဖွဲ့နှင့် တွေ့ဆုံပြီး ရန်သူမှ ရုတ်စက်လတ်နှင့် စတင်အပစ်ခံရခြင်းဖြစ်သည်။ ဗိုလ်တင်စိုး တပ်စုမှ ပြန်ပြီးပစ်ခတ်စဉ် ဗိုလ်တင်စိုး၏ ဘယ်ဘက်လက်မောင်းအား ရန်သူကျည်ထိမှန်သွားရာ ဗိုလ်တင်စိုး၏ ကာဘိုင်သေနတ် အောက် ကို လွတ်ကျသွားသည်။ ဗိုလ်တင်စိုးသည် သူ၏ ညာဘက်လက်ဖြင့် လက်ပစ်ဗုံးတစ်လုံးအား တောင်ကြောပေါ်သို့ ပစ်တင်လိုက်ပြီး လျှိုထဲရောက်နေသည့်သူ့တပ်စုကို အတင်းပြေးတက် တက်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူ၏တပ်စု တပ်ကြပ်ကြီး ဆရာကြီးအေးကြည်မှလ
သူ့တပ်စုကို အသံကုန်အော်ပြီး တက်ခိုင်းသည်။ မိမိတပ်စု တော
ကြောပေါ်ရောက်သွားပြီး ဗကပများ ရှာဘက်ကို ထွက်ပြေး
ကြသည်။ ရန်သူအင်အား ၁၅ ယောက်ခန့်ရှိမည်ဟု ခန့်မှန်းသ
တပ်ခွဲမှူးနှင့် ကျန် ၂ စုလည်း တောင်ကြောပေါ်သို့ အပြေးအလ
တက်လာကြပြီး မြေအခြေအနေကိုကြည့်ပြီး ပတ်လည်ခံစစ်
လိုက်ကြသည်။ တပ်ခွဲမှူးမှ ရဲဘော်များအား နေရာချပေ
ဗိုလ်တင်စိုး၏ ဒဏ်ရာအခြေအနေကို ကြည့်သည်။ အရိ
နည်းနည်းထိသွားပုံရသည်။ ဒဏ်ရာပြင်းပုံရသည်။

မကြာပါ ၅ မိနစ်လောက်ပဲကြာမည်၊ ဗကပများသည်
(၂)ကုန်းအား ပတ်ဝိုင်း၍ပြီး တိုက်ခိုက်ပါတော့သည်။ ခွဲ (၂) ရဲဘ
များသည် စိန်နပန်ချုံများ၏ နောက်ကွယ်မှနေရာယူပြီး တက်
သည့်ရန်သူများကို ပစ်ချကြသည်။ သူတို့လည်း ကုသိုလ်
ကောင်းသည်ဟု ဆိုရပေမည်။ ဝါးပင်လိုလို အပင်များနှင့် ချုံ
တို့ကြောင့် ဗကပများ လွတ်လွတ်လပ်လပ် မတက်နိုင်ကြ။

ဗကပများသည် ပထမ ခွဲ (၂)တစ်ဖွဲ့တည်းသာ ရှိသည်
ထင်သည်။ သို့ဖြစ်၍ ၎င်းတို့၏ အင်အားဖြင့် ဝါးစားပစ်မည်ဆိုသ
သဘောဖြင့် အင်အားဖြင့် ဖိတိုက်ရာ ခွဲ (၂)သည် တပ်ရင်း
မှာလိုက်သည့်အတိုင်း ပြန်မဆုတ်နိုင်တော့ဘဲ ရှေ့လည်းမတိုး
နောက်ကိုလည်း မဆုတ်နိုင် ခံစစ်သေဖြစ်နေတော့သည်။





## ကျွန်တော်တို့စစ်ကြောင်းအဖွဲ့နှင့် ဗကပ

ခွဲ (၂)ဘက်မှ သေနတ်သံများ အဆက်မပြတ် ကြားနေ
ရသည့်အတွက် တပ်ရင်းမှူးမှ စက်ဖြင့် အခြေအနေကို လှမ်း
မေးသည်။ ဗိုလ်ကြီးမြတ်ငြိမ်းမှ ရွာမဝင်ခင် ဗကပ ကာကင်းအဖွဲ့
နှင့်တွေ့ပြီး တိုက်ပွဲ စတင်ဖြစ်ပွားကြောင်း၊ မိမိတပ်ခွဲ ရန်သူ့
ကာကင်းအဖွဲ့ တောင်ကုန်းကို သိမ်းယူနိုင်ခဲ့ကြောင်း၊ ယခု တစ်ခွဲ
လုံး ၎င်းတောင်ကုန်းပေါ်မှာ ခံစစ်ယူထားကြောင်း၊ ဗကပများ
မိမိတပ်ခွဲအား ဝိုင်းထားပြီး တိုက်ခိုက်ရန် ပြင်ဆင်နေကြကြောင်း၊
၎င်းတို့ ပြန်ဆုတ်ရန် မဖြစ်နိုင်တော့ကြောင်း၊ ဗိုလ်တင်စိုး ဒဏ်ရာ
ရထားကြောင်း ဒဏ်ရာမှာ နည်းနည်းပြင်းသည့်အတွက် ဆေး
အရာခံဗိုလ်ဖြစ်နိုင်ပါက လွှတ်ပေးစေလိုကြောင်း တင်ပြလိုက်ပါသည်။

တပ်ရင်းမှူးမှ လက်ရှိနေရာမှ မဆုတ်တန်း ခံစစ်ယူပြီး
ပြန်တိုက်ရန်နှင့် ဆေးအရာခံဗိုလ်ပို့ပေးမည်၊ လူချင်းမမှားရန်
ဂရုစိုက်ဟု ပြန်ပြောသည်။

ကျွန်တော်တို့စစ်ကြောင်းမှ ရဲဘော်များလည်း ရသည့်
အချိန်တွင် ပစ်ကျင်းများကိုတူးကြသည်။ ရဲဘော်များက ရှမ်းပြည်မှ
ဗကပများသည် အသေခံပြီး အတင်းတိုက်တတ်သည်ကိုသိသည်။
ထို့ကြောင့် ပစ်ကျင်းကို အားထည့်တူးကြသည်။ ကျင်းမှထွက်သည့်
မြေသားများကို ရန်သူချဉ်းကပ်မည့်ဘက်တွင် ပုံကြသည်။ ကျည်
ကွယ် မြန်မြန်ရအောင်အတွက်ဖြစ်သည်။ ကျွန်တော်လည်း ၃
လက်မစိန်ပြောင်းကြီးအား လှည်းလမ်းပေါ်တွင် လိုအပ်သည့်အခါ
ပစ်နိုင်အောင် အသင့်ဆင်ခိုင်းထားသည်။

အိုင်အို ဗိုလ်သောင်းတင်သည် ဆေးအရာခံဗိုလ် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမောင်နှစ်အား လုံခြုံရေးရဲဘော် ၂ ဦးနှင့်အတူ တပ်ခွဲ (၂)ရှိရာသို့ ဗိုလ်တင်စိုးအား လိုအပ်သလို ကူသနိုင်ရန် စေလွှတ်လိုက်သည်။

ထိုအချိန်တွင် ခွဲ (၂)ဘက်မှ သေနတ်သံဖုံးသံများ ပိုမိုများပြားလာသည်ကို ကြားရသည်။ တပ်ခွဲမှူး ဗိုလ်ကြီးမြငြိမ်းထံ ရန်သူများ မိမိတပ်ခွဲအား အပြင်းအထန်တိုက်ခိုက်နေပြီဖြစ်ကြောင်း အင်အား တော်တော်များကြောင်း လက်နက်ကြီး ပစ်ကူပေးရန် တောင်းဆိုပါတော့သည်။

''အိုင်အို ဗိုလ်သောင်းတင်မှ သူငယ်ချင်း ညီပု မင်း ၃ လက်မစိန်ပြောင်းကြီးနဲ့ ဆော်တော့ကွာ'' ဟု ကျွန်တော့်ဘက်ကို လှမ်းအော်သည်။

လက်နက်ကြီးကို ပစ်ခိုင်းပေမယ့် ကျွန်တော် ရမ်းပစ်၍ မရပါ။ အဘယ်ကြောင့်ဆိုသော်ရှေ့တွင် မိမိတပ်ခွဲ ရှိနေသည်။ ပစ်လိုက်သည့်ဗုံးမှာ ရန်သူပေါ်မကျဘဲ မိမိတပ် အပေါ်ကျပြီး ရဲဘော်များထိခိုက်မည်ကို ကျွန်တော် အလွန်စိုးရိမ်သည်။ ယခုလို အခါမျိုးတွင် မြေပုံပေါ်တွင် မိမိ လက်နက်ကြီးနေရာကို ရှာဖွေခြင်း၊ ပစ်မှတ်၏နေရာကို ရှာဖွေခြင်း၊ အကွာအဝေးကို တိုင်းတာခြင်း၊ ပစ်မှတ်၏ ဒီဂရီကို တိုင်းတာခြင်းစသည်တို့ကို အချိန်ကုန်ခံပြီး လုပ်၍မရနိုင်တော့ပါ။ မြေပြင်ပေါ်တွင် အခြေအနေအရ ကြည့်လုပ်ရပေတော့မည်။ ကျွန်တော်သည် အိုင်အိုဗိုလ်သောင်းတင်ကို လှမ်းပြောလိုက်သည်

''သူငယ်ချင်း စစ်ကြောင်းရုံးရှိတဲ့နေရာနဲ့ တပ်ခွဲ (၂)ရှိတဲ့နေရာခန့်မှန်းအကွာအဝေး ဘယ်လောက်ရှိသလဲ ဗိုလ်ကြီးမြငြိမ်းကို လှမ်းမေးပေးပါ'' ဟု ပြောလိုက်သည်။ ၎င်းအကွာအဝေးကို





ကျွန်တော်တို့ မသိနိုင်။ တောအုပ်များ ဖုံးကွယ်နေသည့်အတွက် အကွာအဝေးကို ခန့်မှန်း၍မရနိုင်။ ဗိုလ်ကြီးမြတ်ငြိမ်းသာ ခန့်မှန်းနိုင်မည်ဖြစ်ပါသည်။

အိုင်အိုဗိုလ်သောင်းတင်မှ ဗိုလ်ကြီးမြတ်ငြိမ်းကို လှမ်းမေးသည်။ ဗိုလ်ကြီးမြတ်ငြိမ်းမှ ကိုက် ၅၀၀ ခန့်ရှိမည်ဟု ပြန်ပြောသည်။ ဗိုလ်သောင်းတင်မှ ကျွန်တော့်အား ပြန်ပြောသည်။ ကျွန်တော်မှ ဒီလောက်သိရရင် ရပြီ၊ ဆက်လုပ်မယ်ဟုဆိုပြီး ၃ လက်မစိန်ပြောင်းတာဝန်ခံ တပ်ကြပ်ကြီးလှမောင်အား ...

''ဆရာကြီး ဒီကနေ တပ်ခွဲ (၂) ရှိတဲ့နေရာ ကိုက် ၅၀၀ ခန့်ရှိတယ်။ ဒါပေမဲ့ ကိုက် ၂၀၀ ထပ်ပေါင်း အကွာအဝေး ကိုက် ၇၀၀ နဲ့ ပထမတစ်လုံး ပစ်ထုတ်လိုက်။ ပစ်ရမယ့်ဘက် Direction ကတော့ အခု သေနတ်သံတွေ ကြားနေရတဲ့ဘက်ပေါ့''

ဟု ကျွန်တော် ပစ်မိန့်ပေးလိုက်သည်။

မိမိတပ်ခွဲကို ကျော်ကျအောင်ကိုက် ၂၀၀ တိုး ပေးလိုက်ခြင်းဖြစ်သည်။ ဗုံးကျသည့်နေရာကို ဗိုလ်ကြီးမြငြိမ်းအား လှမ်းမေးပြီး နောက်မှာ လိုတိုးပိုလျှော့လုပ်ပြီး ဆက်ပစ်ရန်ဖြစ်သည်။

ခွင်းဗုံးတစ်လုံးကို ပစ်ထုတ်လိုက်ပြီး ဗုံးကျသံကို သေနတ်သံများကြားမှ သဲ့သဲ့လေးကြားရသည်။ ဗိုလ်ကြီး မြငြိမ်းအား လှမ်းမေးရာ ဗုံးမှာ ရန်သူနောက်ကျောဘက်တွင်ကျကြောင်း၊ နည်းနည်းလျှော့ပစ်ရန်လိုကြောင်း သတင်းပို့သည်။

ကျွန်တော် တွက်ထားသည့်အတိုင်းဖြစ်သွားသည့်အတွက် ဂဏးတက်သွားသည်။ နောက်ဗုံးတစ်လုံးကို ကိုက် ၁၀၀ လျှော့ပြီး ပစ်ခိုင်းလိုက်သည်။ ဗိုလ်ကြီးမြငြိမ်းဆီမှ ''ဒီတစ်ခါမဆိုးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတိုင်းသာ ဆက်ပစ်ပေး'' ပါဟု ပြန်ပြောသည်။ ကျွန်တော်လည်း အကွာအဝေးကို မပြောင်းတော့ဘဲ ဘယ်/ညာ အနည်းငယ်ရွှေ့ပြီး နောက်ထပ် တစ်လုံး၊ နှစ်လုံးပစ်ပေးလိုက်သည်။ ခွဲ (၂) ရဲဘော်များသည် ၎င်းတို့အား နောက်မှ လက်နက်ကြီး ပစ်ကူပေးနေသည်ကိုသိလျှင် အားတက်သွားကြမည်မှာ အမှန်ပင် ဖြစ်သည်။

**စစ်ကြောင်းအဖွဲ့အား ရန်သူများမှ ဝိုင်းပတ်တိုက်ခိုက်ခြင်း**

ရန်သူဗကပများသည် ပထမ ခွဲ (၂) တစ်ခွဲတည်းဟု ထင်ပြီး ဝိုင်းပြီး ဖိတိုက်နေကြသည်။ ကျွန်တော်တို့လက်နက်ကြီး ပစ်ကူပေးလိုက်သည့်အတွက် တပ်ခွဲ (၂) တင်မက နောက်တစ်ဖွဲ့လည်းရှိနေကြောင်း ရိပ်မိသွားသည်။ လက်နက်ကြီးလည်း ပါသည်ဆိုသည့်အတွက် လူကြီးလည်း ပါနိုင်သည်ဆိုပြီး သိရှိသွားပုံရသည်။ ကျွန်တော်တို့ လက်နက်ကြီးပစ်ကူပေးပြီးမကြာပါ အနည်းဆုံး ၅ မိနစ်၊ ၁၀ မိနစ်ခန့်သာ ကြာမည်ထင်ပါသည်။ ကျွန်တော်တို့ လှည်းလမ်းကြောင်း တောင်ကြောအောက် ပတ်ပတ်လည်တွင် ရန်သူများ စုရုံးရောက်ရှိလာကြတော့သည်။ တရုတ်စကားပြောသံလိုလို ပြောဆိုသံများကိုပါ ကြားရသည်။

ကျွန်တော်နှင့် လက်နက်ကြီးအဖွဲ့သည် လက်နက်ကြီးပစ်ခတ်မှုကို အသာထားလိုက်ပြီး မိမိပစ်ကျင်းများတွင် နေရာယူကာ မိမိပစ်ပိုင်နယ်အတွင်းဝင်လာမည့် ရန်သူများကို ပစ်ခတ်ရန် နေရာယူထားလိုက်ကြသည်။ ရန်သူဘက်မှ လက်နက်ငယ်သံများကြားရပြီး ဗကပများသည် ရင်ဘောင်တန်းပြီး ကျွန်တော်တို့ဘက်ကို ပစ်ပြီး တက်လာကြခြင်းဖြစ်သည်။ ကျည်ဆန်များ ကျွန်တော်တို့





ခေါင်းပေါ်မှ ကျော်ဖြတ်သွားကြသည်။ ရဲဘော်များ သေနတ်မောင်းလုတ်တွင် လက်ညှိုးတင်လိုက်ပြီး ရန်သူ ပေါ်လာမှ ပစ်ချရန် စောင့်ဆိုင်းနေကြသည်။ ရန်သူ့သေနတ်သံများက ဆူညံနေသည်။ ရန်သူများ ပြေးတက်လာသည်ကို တွေ့လိုက်သည်နှင့် ကျွန်တော်တို့ ရဲဘော်များ၏ ဂျီ (၃)၊ ဂျီ (၄)၊ ကာဘိုင်သေနတ်များ၏ အသံမှာ ဆူညံသွားသည်။ ရှေ့မှ ပြေးဝင်လာသည့် ဗကပများ ထိမှန်ကုန်သည်။ တချို့က နေရာတွင်ပင်လဲသည်။ တချို့က နောက်ကို ပြန်လှည့်ပြေးသည်။ ရှေ့ကရန်သူများ ထိမှန်သွားသော်လည်း ၎င်းတို့နောက်မှ ကပ်ပါလာသည့် ရန်သူများ ပစ်ပြီးပြေးဝင်လာသည်။ ယင်းတို့လည်း ထိမှန်ကုန်ကြသည်။ ဗကပများသည် အတင်းပစ်ပြီး ပြေးဝင်လာသော်လည်း ကျွန်တော်တို့ ရဲဘော်များ၏ရှေ့တွင် ကာဝအတားအဆီးများဖြစ်သည့် တောချုံနွယ်ပင်များကြောင့် ဖုံဆိုင်းသွားကြသည်။ တချို့ ဗကပများက စိန်နပန်ချုံနွယ်များနှင့် ငြိနေကြပြီး ရှေ့တိုးမရ၊ နောက်ဆုတ်မရ ဖြစ်နေကြသည်။ ကျွန်တော်တို့က ကြက်တွေ ငှက်တွေ ပစ်ချသလို ပစ်ချကြသည်။

ကျွန်တော်တို့ လက်နက်ကြီးတပ်ဖွဲ့ နေရာယူထားသည့် လှည်းလမ်းကြောင်း၏ ညာဘက်မှ တရုတ်လိုပြောသည့် စကားသံများ အကျယ်ကြီးကြားလာရသည့်အတွက် ကြည့်လိုက်ရာ ဗကပများပစ်ပြီး တက်လာကြသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်တို့ လက်နက်ကြီး အဖွဲ့ကပဲ စာရင်းရှင်းလိုက်သည်။ ကျွန်တော့်အနားတွင် စက်လတ်တစ်လက်ရှိသည်။ အနီးသို့ကပ်လာသည့် ဗကပတချို့သည် စက်လတ်ကျည်ထိမှန်သည့်အခါ လေထဲသို့ မြောက်တက်သွားပြီးမှ ပြန်ကျပြီး ပက်လက်လန်နေသည်ကို တွေ့မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်တို့ လက်နက်ကြီးအဖွဲ့ နေရာယူထားသ
လှည်းလမ်းကြောင်း ဘယ်ဘက် တောစပ်နားမှကပ်၍ ဗကပတ
ကျွန်တော်တို့ဘက်ကို ပြေးဝင်လာကြသေးသည်။ ရန်သူများကလ
ကျွန်တော်တို့ကို မြင်သွားပြီး ပစ်လိုက် ပြေးတက်လိုက်နှင့် တ
လာကြသည်။ သူတို့လည်း ကျွန်တော်တို့အဖွဲ့၏ လက်နက်ငယ်
စက်လတ်ကြီး၏ဒဏ်ကို ခံလိုက်ရသည်။ (၂/၃) ယောက် လဲ
ခဲ့သည်။

လှည်းလမ်းကြောင်း၏ညာဘက်ခြမ်းတွင် တာဝန်ယူ
သည့် ဗိုလ်ကြီးတင်လှဘက်မှာလည်း ဗကပများသည် အထက်
ဖော်ပြခဲ့သည့်အတိုင်း လူအားသုံးပြီး တိုက်ခိုက်ခဲ့သည်။ သဘာ
အတားအဆီးများကြောင့် ကိုယ့်ဘက်မှ တစ်ပန်းသာခဲ့သ
လှည်းလမ်း၏ အရှေ့ဘက် ဗိုလ်သောင်းလွင် တာဝန်ယူထားသ
ဘက်မှ ရန်သူများ ပို၍အင်အားသုံးတိုက်ခိုက်ပုံရသည်။ အတ
ကြောင့်ဆိုသော် ရန်သူများ ချဉ်းကပ်ရာလမ်းသည် အနည်းငယ်
သည်။ တက်ရမည့်လမ်းကြောင်း ပိုကောင်းသည်။

ဗကပများသည် သူတို့၏စစ်နည်းဗျူဟာတစ်ခုဖြစ်သ
လူကို လှိုင်းလုံးသဏ္ဍာန်တက်ပြီး တိုက်ခိုင်းသည်ဟုသိရသ
ယခုလည်း ၎င်းတိုက်ခိုက်နည်းကို သုံးနေလားမသိ၊ အမှန်မ
လူများကို အသေခံခိုင်းနေခြင်းသာဖြစ်သည်။

ဗကပများသည် လက်နက်ကြီးပို၍သုံးလာသည်။
မီလီမီတာ စိန်ပြောင်းများနှင့် ပန်ကျုံရွာအနီး ဘုရားတောင်ကု
ပေါ်မှ လှမ်းပစ်သည်၊ လက်နက်ကြီးများ ကျွန်တော်တို့ခံစစ်စည်
အပြင်ဘက်တွင် တချို့၊ အတွင်းပိုင်းတွင် တချို့ ကျရောက်ပေါ





သည်။ လက်နက်ကြီးနှင့်ပစ်ခတ်နေစဉ် ဗကပများသည် ယခင်က
တိုင်း လက်နက်ငယ်များကိုပစ်ခတ်ပြီး တက်လာကြပြန်သည်။
ျွန်တော်တို့ရှေ့ လက်ပစ်ဗုံးတစ်ကမ်း အကွာအဝေးထိ ရောက်ရှိ
ာကြပြီး ကျွန်တော်တို့ကို သူတို့၏ တရုတ်လက်ပစ်ဗုံးများနှင့်
ယက်မပြတ် ပစ်ခတ်ပြီးတက်လာသည်။ တရုတ်လက်ပစ်ဗုံးမှာ
ရှတ်ကျည်ပွေ့ ပုံသဏ္ဍာန်နှင့်တူသည်။ အသံသာမြည်ပြီး
ပေါက်မှုသိပ်မရှိပါ။ ကျွန်တော်နှင့်မလှမ်းမကမ်းတွင် မှောက်
လျက်ပစ်နေသည့် ရဲဘော်တစ်ဦး၏ တင်ပါးအပေါ်တွင်ရှိနေသည့်
ဘေးလွယ်အိတ်အပေါ်တွင် ကျကွဲသော်လည်း ရဲဘော် မည်သို့မှ
မဖြစ်၊ ကျကွဲသည့်နေရာတွင်သာ အမည်းရောင် ဖြစ်သွားသည်။
ကပတစ်ဦးလျှင် လက်ပစ်ဗုံး လေးငါးလုံး ပါသည်။

အထက်ပါအတိုင်း ရန်သူများအားထည့်ပြီး တိုက်သော်
လည်း မိမိရဲဘော်များ၏ တိုက်စွမ်းရည် ထက်မြက်မှုနှင့် သဘာဝ
အတားအဆီးတို့ကြောင့် ဗကပများ မိမိတို့၏ ခံစစ်စည်းကို မကျော်
နိုင်ဘဲ အထိနာပြီး ဆုတ်ပြေးကြပြန်သည်။

## တပ်ခွဲ (၂)၏အခြေအနေ

ပထမပိုင်းတွင် ရန်သူဗကပများသည် တပ်ခွဲ (၂) အား
တစ်ခွဲတည်းသာထင်ပြီး ဖိတိုက်နေသည်။ လက်နက်ကြီး ပစ်ကူ
ပေးပြီး နောက်ပိုင်းစစ်ကြောင်းအဖွဲ့ပါ ပါလာကြောင်း သိသွားသည့်
အတွက် ဗကပများသည် သူတို့၏အင်အားကို ၂ ပိုင်းခွဲပြီး
ကျွန်တော်တို့ဘက်ကိုပါ တိုက်ခိုက်လာသည်။ ဒဏ်ရာရသွားသည့်
ဗိုလ်တင်စိုးအား ကုသရန်ဆိုပြီး လွှတ်လိုက်သည့် ဆေးအရာခံဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး မောင်နှစ်နှင့်အဖွဲ့အကြောင်းကို ဆက်လက်ပြီး အနည်း... ငယ်တင်ပြလိုပါသည်။

ဆရာကြီး မောင်နှစ်နှင့် ရဲဘော် ၂ ယောက်သ... စစ်ကြောင်းရုံးနေရာမှ ပန်ကျုံရွာဘက်သို့ လှည်းလမ်းမအတ... ထွက်ခွာသွားခဲ့ကြသည်။ ထိုအချိန်တွင် ကျွန်တော်တို့စစ်ကြောင်း... အဖွဲ့ရှိကြောင်းကို ဗကပများ မသိသေး။ ခွဲ(၂)ကိုသာ ဝိုင်းထော... စတင်တိုက်ခိုက်နေချိန်ဖြစ်သည်။ ဆရာကြီးနှင့်အဖွဲ့သည် ခပ်လှ... လှမ်းမှ ခွဲ(၂)တောင်ကုန်းအား လေ့လာရာ ခွဲ(၂)ချီတက်လာ... လမ်းဖြစ်သည့် လျှိုကို ဖြတ်တက်သည့်နေရာဘက်တွင် ဗကပမျ... မရှိဘဲ တခြားရွာဘက်တွင်သာ ဗကပများရှိပြီး ခွဲ(၂)ကို ဝိုင်းထော... သည်ကို တွေ့ရသည်။ အဆိုပါ လျှိုလမ်းသည် အနည်းငယ်... မတ်စောက်သည့်အတွက် ဗကပများ အသုံးမပြုခြင်း ဖြစ်သည်... ဆရာကြီး မောင်နှစ်နှင့်အဖွဲ့သည် လျှိုလမ်းအတိုင်းတက်သွားပြီး ခွဲ(၂)ကို အဆက်အသွယ်ယူကာ တောင်ကုန်းပေါ်သို့ ရောက်ရှိသွား... ကြသည်။ ဗိုလ်တင်စိုး ဒဏ်ရာအား စနစ်တကျကုသပေးပြီး ဆရာ... ကြီးမောင်နှစ်နှင့်အဖွဲ့ စစ်ကြောင်းရုံးကိုလည်း မပြန်နိုင်တော့... ခွဲ(၂)နှင့်အတူ တိုက်ပွဲပြီးသည်အထိ တိုက်ပွဲဝင်သွားကြရသည်။

**စစ်ကြောင်းအဖွဲ့နေရာအား နောက်တစ်ကြော့တိုက်ခိုက်ခြင်း**

ရန်သူဗကပများသည် လက်နက်ကြီးပစ်ကူသ... လက်နက်ငယ်ကျည်ဆန်များကို မိုးသီးမိုးပေါက်ပမာ ပစ်ခတ်... တက်လာကြပြန်သည်။ ကျွန်တော်တို့ရဲဘော်များသည် ဗကပမျ...





...တွေအပစ်လျော့သွားသည့်အချိန်တွင် ကျည်ကပ်များကို ကျည် ...ပြည့်ထည့်ထားကြသည်။ ရန်သူများ တက်တိုက်နေသည့် ...ချိန်တွင် ကျည်ဖြည့်ချိန်မရ။ ရန်သူတစ်ယောက် ကျည် ...တောင့်ဆိုသည့်အတိုင်း ရဲဘော်များပစ်ခတ်ကြသည်။ အချိန်မှာ ...လယ် ၁၁ နာရီကျော်ခန့် ရှိနေပြီဖြစ်သည်။ ထိုစဉ်တွင် ခွဲ (၄) ...စုမှူး ဗိုလ်သောင်းလွင် ဒဏ်ရာရသွားသည်ဆိုသည့်သတင်း ... စစ်ကြောင်းရုံးမှ ရဲဘော်တစ်ဦးအော်သံကို ကြားလိုက်ရသည်။ ...တော်လည်း စိတ်ပူသွားသည်။ သို့သော် ဒဏ်ရာမှာ မစိုးရိမ်ရ ...သိလိုက်ရသည့်အတွက် စိတ်သက်သာသွားသည်။

ကျွန်တော်နှင့် လက်နက်ကြီးအဖွဲ့သည် မိမိ တာဝန်ယူ ...ားသည့် ပစ်ပိုင်နက်ထဲဝင်လာသည့် ရန်သူများကို အလစ်မပေး ...ဆက်ပေးသည်။ ကျွန်တော်တို့ ပစ်ပိုင်နယ်ထဲသို့ တိုက်ပွဲစဖြစ် ...က တစ်ကြိမ် နှစ်ကြိမ်သာ ရန်သူများ တက်တိုက်ကြသည်။ ...က်လတ်ဒဏ်ကို ခံသွားရသည့်အတွက် စက်သေနတ်ရှိသည့် ...ပြီးနောက်ပိုင်း နယ်ကို ဂရုစိုက်နေချိန်တွင် နောက်ကြောဘက်မှ ...ရတ်စကားပြောသံကို ကြားရသည့်အတွက် နောက်ကို လှည့် ...ကြည့်လိုက်ရာ ဗကပအင်အား ၃/၄ ယောက် ကျွန်တော်တို့ ...စ်အတွင်းပိုင်းသို့ ဖောက်ဝင်လာပြီး လှည်းလမ်းကြောင်းပေါ် ...ရောက်လာသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။ တပ်ရင်းမှူး ...ရားထိ ရောက်လာကြခြင်း ဖြစ်သည်။ ဗကပတွေ ခံစစ်အတွင်း ...ထိရောက်လာပြီ၊ နောက်ကို လှည့်ပစ်ဟုအော်လိုက်ပြီး ...ပေဟ်လည်း ကာဘိုင်ဖြင့် လိုက်ပစ်သည်။ ကျွန်တော့်ရဲဘော် ...ာလည်း ဝိုင်းပစ်ကြသည်။ စက်လတ်ဖြင့်လည်း တစ်ခ...



www.burmeseclassic.com

www.burmeseclassic.com



ဗွေ့ရမ်းပစ်လိုက်ရာ ရန်သူများ ၎င်းတို့လာလမ်းတောစပ်
ဝင်ပြေးကြရာ ၅ ယောက်ခန့် လဲကျန်ခဲ့သည်။ သေကျန်ခဲ့သ
ဗကပများ ၅ ယောက်တွင် အရာရှိတစ်ဦးပါသည်။

ရန်သူဗကပများသည် လက်နက်ကြီးပစ်ကူများ
ကျွန်တော်တို့အား တက်တိုက်ရာ ယခုတိုက်သည့် အကြိမ်
လှည်းလမ်းကြောင်း၏ဘယ်ဘက် လူတစ်ရပ်ကျော်ခန့်နက်
လျှိုလိုလိုမြောင်းလိုလို တစ်ခုသည့် တောင်ကြော၏အောက်
ကျွန်တော်တို့ပတ်လည်ခံစစ်ယူထားသည့် အတွင်းပိုင်းထိ
ရောက်နိုင်သည်ထိ တွေ့ရှိသွားသည်။ ၎င်းမြောင်းကြီး၏အလ
လေ..ာက်တွင် သစ်ပင်ကြီးတစ်ပင် ရှိသည်။

တပ်ခွဲ(၄) ဗိုလ်သောင်းလွင် တပ်စုမှ ကို ၄ သေနတ်
ရဲဘော်တစ်ဦး မြောင်းကြီး၏ ညာဘက်တွင် နေရာယူထားသ
ပထမတိုက်သည့်အကြိမ်တွင် ဗကပများသည် မြောင်းကြီးအ
အတွင်းသို့ ဝင်ရန် ကြိုးစားကြသည်။ သို့သော် ၎င်းရဲဘော်
ပစ်ခတ်ပေးသည့်အတွက် ရန်သူများမဝင်နိုင်။ ယခုအကြိမ်
မြောင်းအဝင်လမ်းကို ထိန်းထားပေးသည့်ရဲဘော်လေး ကျဆုံး
သည်။ ရဲဘော်လေး၏ သေနတ်ပြောင်း ရှေ့ ၃ ပေလောက်
ဗကပတစ်ဦး သေဆုံးနေသည်ကိုတွေ့ရသည်။ ရဲဘော်နှင့်
သူပစ်ကိုယ်ပစ် ပစ်ခတ်ပြီး ကျဆုံးသွားကြပုံရသည်။

အဆိုပါရဲဘော်ကျဆုံးသည့်အတွက် မြောင်းအဝင်လ
ထိန်းမည့်သူမရှိတော့သည့်အတွက် ဗကပများ အလွယ်
အတွင်းပိုင်းသို့ ဝင်လာနိုင်ခြင်းဖြစ်သည်။ အရာရှိတစ်ဦး ဦးစီး
ဗကပ ၁၀ ယောက်ခန့် မြောင်းအတိုင်း ပြေးဝင်လာပြီး အတွ





မရောက်လာခြင်း ဖြစ်သည်။ ရန်သူများ ပြေးဝင်လာစဉ် မြောင်း
...တွင်း ပုန်းအောင်းနေသည့် အရပ်သား အထမ်းသမားများကို
...ည်း ပစ်သတ်သွားသည်။ အတွင်းထိရောက်လာသည့် ၎င်း
...သူများအား ကျွန်တော်တို့က လိုက်ပစ်သည့်အတွက် ပြန်ထွက်
...သွားကြရာ ၅ ယောက်ခန့် သေကျန်ခဲ့ပြီး ကျန်ရန်သူများ
...တ်မြောက်သွားသည်။

ယခုအကြိမ်တွင်လည်း ဗကပများသည် အ...နာသွားပြီး
...ဆုတ်သွားကြပြန်သည်။ ကျွန်တော်လည်း လှည်းလမ်း၏
...က်သို့ကူးသွားပြီး ဒဏ်ရာရသွားသည့် ဗိုလ်သောင်းလွင်ကို
...င်းသွားမေးသည်။ ဗိုလ်သောင်းလွင်သည် သူ၏ပစ်ကျင်းနား
...ပိုင်ပြီး စာရွက်ကလေးများပေါ်တွင် ဘောပင်နှင့်ရေးပြီး
...ပစ်တ်များကို အမိန့်ပေးနေသည်ကို တွေ့ရသည်။ ကျွန်တော်က
''ကိုသောင်းလွင် ဘယ်လိုနေလဲ'' ဟု လှမ်းမေးသည်။

သူ စကားပြန်မပြောခဲ့မရ။ သူ့ညာဘက်ပါး ပေါက်နေပြီး
...ယွက်နေသည်ကိုတွေ့ရသည်။ သူ့ပါးစပ်ထဲတွင် ဂွမ်းများဖုံ့ထား
...၍အတွက် စကားမပြောနိုင်။ ရန်သူ့ကျည်ဆန်သည် ညာဘက်
...မှဝင်သွားပြီး ပါးစပ်ထဲက ထွက်သွားကြောင်း ဘာမှမဖြစ်ကြောင်း
...က်ဟန်ခြေဟန်နှင့် ပြန်ပြောသည်။ တိုက်ပွဲတွင် သူ့ဒဏ်ရာကို
...မစိုက်ဘဲ စကားမပြောနိုင်သော်လည်း စာရွက်ပေါ်တွင် စာနှင့်
...ပြီး သူ့အကူရဲဘော်ကို စာပို့ခိုင်းပြီး သူ၏တပ်စိတ်များကို
...မိန့်ပေးသည်။ သူယူထားသည့် ရှေ့မျက်နှာစာမှ ရန်သူအင်အား
...သည့်အတွက် စက်လတ်တစ်လက်ပို့ပေးရန် အိုင်အို
...ယောင်းတင်ထံကို စာရေးပြီး တင်ပြတောင်းခံသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



စက်လတ်ကို ဗိုလ်သောင်းတင်ထံကို ပို့ပေးလိုက်သည်။ ဗိုလ်သော လွင်သည် ရရှိထားသည့်ဒဏ်ရာကို ဂရုမစိုက် တိုက်ပွဲပြီးသည့် လုပ်ဆောင်သွားသည့် သူ၏ဖွဲ့သတ္တိနှင့် စိတ်ဓာတ်ကို ကျွန် လေးစားမိသည်။

ရန်သူဗကပများသည် သူတို့ဘက်မှ ထိခိုက်ကျ များပြားသော်လည်း အားမလျှော့ အကြိမ်ကြိမ် လာတိုက်သ ၎င်းတို့တိုက်ပြီဆိုလျှင် လက်နက်ကြီးသုံးပြီး လက်နက်ငယ်ကျည် မိုးသီးမိုးပေါက်ပမာ သုံးပြီးတိုက်သည်။ လူအား လက်နက် ပို၍ ပို၍အသုံးပြုပြီး ထိုးစစ်ဆင်သည်။

နေ့လယ် ၂ နာရီခန့်လောက်တွင် အပေါ်မှ လေယာ အသံကြား၍ ကျွန်တော်မော့ကြည့်လိုက်ရာ တပ်မတော်(လေ) ဗုံးကြဲလေယာဉ်အဖြစ် အသုံးပြုသည့် ဘီ(ချ်) **(Beech Cra** အမျိုးအစား အင်ဂျင် ၂ လုံးတပ် လေယာဉ်တစ်စီး ကျွန်တော် တိုက်ပွဲဖြစ်သည့်အပေါ်တွင် ပျံဝဲနေသည်ကို တွေ့ရသည်။ တိုက် အခြေအနေကို လာကြည့်ပြီး အခြေအနေပေးလျှင်လည်း ပစ် ပေးရန် ရောက်လာခြင်းဖြစ်သည်။

ကျွန်တော်တို့တပ်ရင်းမှူးမှ ရန်သူနှင့်မိမိတပ်သည် ပူ နေသည့်အတွက် လေကြောင်းပစ်ကူပေးရန် မလွယ်ကြော တင်ပြလိုက်သည်။ လေယာဉ်သည် ခေတ္တပျံဝဲပြီး ပန်ကျ အရှေ့မြောက်ဘက်တွင် ပါလာသည့် ဗုံးများကို ဖြုတ်ချပစ် လှည့်ပြန်သွားသည်။ လေယာဉ်မှ ချသည့်ဗုံးများ ပေါ် သည့်အတွက် မြေကြီးပါ တုန်ဟည်းသွားသည်။

လားရှိုးမှ ဗျူဟာမှူးသည်လည်း ကျွန်တော်တို့





ကြောင်းကို အမြောက်ပစ်ကူပေးနိုင်ဆိုပြီး အမြောက်များကိုယူပြီး လားရှိုးမှထွက်လာကြောင်းသိရသည်။ သို့သော် တိုက်ပွဲမှာမိမိတပ်နှင့် ရန်သူ အလွန်နီးကပ်နေသည့်အတွက် ပစ်ကူပေးရန် မဖြစ်နိုင်။

ခလရ (၉)မှ စစ်ကြောင်းတစ်ခုကိုလည်း စစ်ကူလွှတ် ထားကြောင်းသိရသည်။ ၎င်းစစ်ကြောင်းကိုလည်း ရန်သူဗကပများက လမ်းမှ ဆီးကြိုတိုက်ခိုက်ဟန့်တားထားခြင်းကြောင့် အချိန်မီ မရောက်နိုင်ကြောင်း သိရသည်။ ကွပ်ကဲမှုယူထားသည့် အထက် ဌာနများမှလည်း ကျွန်တော်တို့စစ်ကြောင်းအတွက် လိုအပ်သည် များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးသည်။

BURMESE CLASSIC

ကျွန်တော်တို့စစ်ကြောင်းအနေနှင့်လည်း တိုက်ပွဲ ပြင်းထန် စွာဖြစ်ပွားနေချိန်တွင်ပင် အထက်ဌာနနှင့် အဆက်မပြတ် အချိန်နှင့် တပြေးညီ အစီရင်ခံတင်ပြနိုင်ခဲ့သည်။ ဤသည်မှာ ထောက်လှမ်း ရေးအရာရှိ ဗိုလ်သောင်းတင်၏ စွမ်းဆောင်နိုင်မှုကြောင့်သာ ဖြစ် သည်။ တိုက်ပွဲဖြစ်နေစဉ် လက်အောက်ခံတပ်ခွဲ၊ တပ်စုများအား တပ်ရင်းမှူးကိုယ်စား စီမံကွပ်ကဲပေးခြင်း၊ စက်အဆက်အသွယ် မပြတ်ရယူနိုင်ခြင်း၊ တိုက်ပွဲဖြစ်စဉ်များကို အထက်ဌာနသို့ အချိန်နှင့် တစ်ပြေးညီ အစီရင်ခံတင်ပြနိုင်ခြင်း၊ အထက်မှညွှန်ကြားချက်များကို ရယူနိုင်ခြင်း စသည့်အချက်များကို စွမ်းဆောင်နိုင်ခဲ့သည်။ သတ္တိနှင့် ဆောင်ရွက်ပေးနိုင်သည့် ကျွန်တော်နှင့် တစ်ပတ်စဉ် တည်း သူငယ်ချင်း ဗိုလ်သောင်းတင်အား ချီးကျူးမိပါသည်။

အချိန်မှာ ညနေ ၃ နာရီပင် ထိုးခဲ့ပြီ၊ ရန်သူ ဗကပများသည် တိုးစစ်အရှိန်ကို မလျှော့၊ တိုက်မြဲ တိုက်နေသည်။ ကျွန်တော် ကို့ရဲဘော်များ စိတ်ဓာတ်ကျစေရန်နှင့် ကျည်ဆန်ကုန်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်နေမိသည်ဟု ယူဆမိသည်။ ရာသီဥတု ရုတ်တရက် ပြောင်းလဲသွားပြီး မိုးတဖွဲဖွဲရွာလာသည်။ ကျွန်တော်တို့မှာ မိုး သည့်ကိုလည်း ဂရုမစိုက်တိုက်ပွဲကိုသာ ဆက်လက်ဆင်နွှဲနေ သည်။

ကျွန်တော်သည် ပါလာသည့် ကျွန်တော်တို့၏ လက်နက်ကြီး များကိုကြည့်ပြီး စဉ်းစားမိသည်။

တို့မှာ လက်နက်ကြီးတွေပါလာပြီး ဘာမှ အသုံးမတည့် ပါလား။ ရန်သူဇကတွေပစ်တဲ့ လက်နက်ကြီးဒဏ်ကိုပဲ တစ်ဖက် သတ်ခံနေရပါလား၊ တိုက်ပွဲစဖြစ်ကတည်းက ၃ လက်မစိန်ပြော ၃/၄ ချက်သာ ပစ်နိုင်ခဲ့ပြီး နောက်ပိုင်းဆက်မသုံးနိုင်ဘဲ ခေါက်ထား ခဲ့ရတယ်။

၃ လက်မစိန်ပြောင်းကိုတော့ အခုအခြေအနေအရဆိုရင် ဘယ်လိုမှ သုံးလို့မဖြစ်နိုင်ဘူး။ ဒီလက်နက်က အဝေးပစ်လက်နက် မိမိနှင့်ကပ်နေသည့် ရန်သူကိုပစ်၍ မရနိုင်။ ၃. ၅ ဒုံးပစ်လောင်ချာ ဒီလက်နက်ကလည်း အဓိက တင့်ကားတွေကို ဖျက်ဆီး တီထွင်ထားတဲ့ အမေရိကန်လုပ် တင့်ဖျက်လက်နက်ကြီးဖြစ်တယ်၊ အဝေးဆုံး ကိုက် ၉၀၀ ထိ ပစ်နိုင်တယ်။ အဝေးမှပစ်မှတ်ကို ပစ်မည်ဆိုရင် လောင်ချာပြောင်းကြီးရဲ့ ထောင့်ကိုမြှင့်ပေးရမယ်၊ အနီးက ပစ်မှတ်ကို ပစ်မယ်ဆိုရင် ထောင့်ကိုနှိမ့်ပေးရမယ်၊ လောင်ချာပြောင်းမှာပါတဲ့ မှန်ပြောင်းချိန်ခွက်ကနေ ပစ်မှတ်ကို ကြည့်ပြီးမှ ပစ်တဲ့လက်နက်မျိုးဖြစ်တယ်။

အခုက ပစ်မှတ်ကိုမမြင်ရဘူး၊ ရှေ့မှာတောတန်းကြီး ခံနေတယ်။ တောတန်းရဲ့အောက်မှာ တို့ရဲဘော်တွေ နေရာယူ

မြရတနာစာပေ



ပစ်ခတ်နေကြတယ်။ ရန်သူတွေ တောတန်းရှေ့ ကိုက် ၁၀၀ နဲ့ ၁၅၀ လောက်မှာရှိနိုင်တယ်။ လောင်ချာပစ်မယ်ဆိုရင် ထိုင်ပြီးပစ်လို့ မထိရောက်နိုင်ဘူး။ ထိုင်ပစ်ရင် ရှေ့ကတောတန်းကို ကျော်အောင် ထောင့်ကိုပိုမြှင့်ပေးရတဲ့အတွက် ဒုံးကျည် ရန်သူ့အပေါ်ကိုကျော် သွားပြီး အဝေးကို သွားကျနိုင်တယ်။ မတ်တတ်ရပ်ပစ်မှ ထောင့်နှိမ့် သွားပြီး လိုတဲ့နေရာကိုကျနိုင်တယ်။

ပစ်မယ်ဆိုရင် ကိုယ်တိုင်ပစ်မှဖြစ်မယ် လောင်ချာပစ် တာဝန်ပေးထားတဲ့ ရဲဘော်ကို ပစ်ခိုင်းရင်တော့ ရတယ်။ ဒါပေမဲ့ ရှေ့ကတောတန်းကို ကျော်ပစ်ရမှာ၊ မတော်တဆ ဒုံးကျည်လမ်း ကြောင်း နိမ့်သွားပြီး တောတန်းရဲ့အပေါ် သစ်ပင်သစ်ကိုင်းတွေကို သွားထိပြီး ပေါက်ကွဲသွားရင် အောက်မှာနေရာယူတဲ့ ရဲဘော်တွေနဲ့ ကိုယ့်ကိုပါ ဒုက္ခပေးနိုင်တယ်ဆိုပြီး ကျွန်တော် အသေးစိတ်တွက်ချက် စဉ်းစားလိုက်သည်။

ပစ်ခတ်ရမည့်ဘက် **Direction** ကိုလည်း လှည်းလမ်း ကြောင်း၏ဘယ်ဘက်၊ ဗိုလ်သောင်းလွင်တပ်စု၏ ရှေ့မျက်နှာ ဘက်ကို ရွေးချယ်လိုက်သည်။ ရန်သူအများဆုံး ဖိတိုက်သည့်ဘက် ဖြစ်သည်။ မလှမ်းမကမ်းတွင် ရွာတစ်ရွာလည်းရှိသည်ကို မြေပုံတွင် တွေ့ရသည်။ ရန်သူအင်အား အများဆုံး စုဝေးနိုင်သည့် နေရာ လည်း ဖြစ်နိုင်သည်။

လက်နက်ကြီးတွေကို အလေးခံပြီး သယ်လာခဲ့ပြီးမှ ဘာမှ မလုပ်နိုင်ဘူးဆို ဒါမဖြစ်စေရဘူး။ ငါကိုယ်တိုင် ပစ်မယ်ဆိုပြီး ဆုံးဖြတ်ချက်ချလိုက်ပါသည်။ လောင်ချာအား ဆွဲယူလိုက်ပြီး ကျွန်တော့်အကျီအိတ်ထဲတွင် အသင့်ယူလာသည့် လက်နှိပ်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်မီးသုံး မီးလုံးငယ်ဖြင့် လျှပ်စစ်ဖိုအား ထွက်၊ မထွက် စမ်းကြည့်လိုက်ရာ မီးလုံးငယ်လင်းသည့်အတွက် လောင်ချာကောင်း မွန်ကြောင်းသိရသည်။ ပြီးမှ "ရဲဘော်တွေ ဒုံးကျည်ထည့်တဲ့ သေတ္တာကိုဖွင့်ပြီး ဒုံးကျည်တွေ အသင့်လုပ်၊ ငါ ရှေ့ကတောတန်း ကိုကျော်ပြီး ရန်သူရှိတဲ့ဘက်ကို ဒုံးကျည်ပစ်မယ်၊ ငါကိုယ်တိုင် ပစ်မယ်၊ မင်းတို့ထဲက တစ်ယောက်လာ ဒုံးကျည်ထည့်ပေး"

ဒုံးကျည်ကို ပစ်တဲ့သူ ထည့်၍မရ၊ တစ်ယောက်က နောက်မှထည့်ပေးရသည်။

ကျွန်တော်သည် လောင်ချာကြီးအား ပခုံးတွင် ထမ်းလိုက်ပြီး မတ်တပ်ရပ်လိုက်သည်။ ရဲဘော်တစ်ဦးက "ဗိုလ်ကြီး မတ်တပ်မရပ်နဲ့ ထိုင်ပစ်ပါ။ ရန်သူဘက်က တအားပစ်နေတယ်"ဟုအော်ပြောသည်။

ရဲဘော် သတိပေးသည်မှာ မှန်ပါသည်။ ရန်သူဘက်က ပစ်သည့်ကျည်ဆန်များမှာ ကျွန်တော်တို့ အပေါ်မှ ဖြတ်သွားနေသည်။ ကျွန်တော်တို့အပေါ်မှ သစ်ကိုင်းများကို ထိပြီးပြုတ်ကျနေသည်။ ရဲဘော် သတိပေးသည်ကို ကျွန်တော် နားမဝင်တော့ပါ။ ကိုယ်လုပ်ချင်တာကို ဖြစ်အောင်လုပ်မယ်လို့ ဆုံးဖြတ်ထားပြီးဖြစ်သည်။

"ကဲ ... မင်းတို့လောင်ချာအဖွဲ့တည်းက တစ်ယောက် ဒုံးလာထည့်ပေးကွာ၊ မြန်မြန်လုပ်" ဟု ကျွန်တော် အော်လိုက်သည်။

ရဲဘော်များ မတ်တတ်ထရမည်ကို နည်းနည်းတွန့်နေပုံ ရသည်။ ထိုစဉ်ရဲဘော်သိန်းမောင်က "ကျွန်တော် ထည့်မယ်"ဟု ပြောပြီး ဒုံးကျည်တစ်လုံးကိုယူလာပြီး နောက်မှ ဒုံးကျည်ထည့်ပေး သည်။ ကျွန်တော်က ...

"သိန်းမောင် ဒုံးကျည်မှာပါလာတဲ့ လုံခြုံရေးကလစ်ကို





တ်ဖို့ မမေ့နဲ့" ဟုသတိပေးလိုက်ပါသည်။ ၎င်းကလစ်ကို မဖြုတ် ဲ ဒုံးထည့်လျှင် ဒုံးမထွက်နိုင်ပါ။ ရဲဘော် သိန်းမောင်က ...

"ဟုတ်ကဲ့ ဗိုလ်ကြီး ဖြုတ်ထားပြီးပြီ"

ရဲဘော်သိန်းမောင် ဒုံးကိုအတွင်းသို့ ဝင်အောင် ထည့်လိုက် ပြီး ဆက်သွယ်ရေးလျှပ်စစ်ငုတ်ကို ထောင်ပေးလိုက်ပြီး အသင့်ဖြစ် ပြီဟု အော်ပြောလိုက်သည်။ ကျွန်တော်လည်း "နောက်မှာ ယ်သူမှမနေနဲ့" ဟု အော်လိုက်ပြီး ရှေ့မှတောင်တန်း၏အပေါ် ကို ပြောင်းနှင့်ထိုးချိန်ပြီး ပစ်ခလုတ်ကို နှိပ်ချလိုက်သည်။

ဒိန်းဆိုသည့် ဒုံးကျည်ထွက်သည့်အသံသည် မိမိ ရန်သူ ပစ်နေသည့် လက်နက်ငယ်အသံများကို လွှမ်းမိုးသွားပြီး ကျယ် လောင်စွာမြည်ဟည်းသွားသည်။ ဒုံးကျည်မှာ ကျွန်တော်ချိန်သည့် ကကိုင်း တောအုပ်၏ အပေါ်မှကပ်ပြီး ထွက်သွားသည်ကို မြင်တွေ့ လိုက်ရသည်။

ပေါက်ကွဲသံကြီးထွက်လာသည့်အတွက် တပ်ရင်းမှူးက ကျင်းထဲမှ ကျွန်တော်တို့ဘက်ကို လှမ်းကြည့်လိုက်ပြီး ကျွန်တော် လောင်ချာပစ်နေသည်ကိုတွေ့သွားသည်။

"ဗိုလ်ညီပု လောင်ချာကို မတ်တတ်ရပ်ပြီး ပစ်နေတယ်။ ကောင်တော့ သေတော့မှာပဲ"ဟု ပြောလိုက်သည်။ တပ်ရင်းမှူး လည်း ကျွန်တော့်အတွက် စိတ်ပူသွားဟန်တူသည်။

ကျွန်တော်သည် ဒုံးကျည်ကို ဆက်တိုက်ထည့်ခိုင်းပြီး ရှေ့တည့်တည့် တစ်လုံး၊ ဘယ်သို့တစ်လုံး၊ ညာသို့ တစ်လုံး၊ ဖြန့်ပစ်ပစ်လိုက်သည်။ ဒုံးကျည် ၅ လုံးပစ်ပြီး ၆ လုံးမြောက်တွင် ပစ်မထွက်တော့ပါ။ မိုးကလည်း တဖွဲဖွဲ ရွာနေသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



လောင်ချာအတွင်းသို့ ရွှံ့ရေများဝင်ပြီး ဂျမ်းဖြစ်သွားသည်ဟု ထင်ပါသည်။ ပါလာသည့် မီးလုံးလေးနှင့်စမ်းကြည့်ရာ မီးမလင်းတော့ပါ။

ကျွန်တော်လည်း အားမရသေး၊ ဆက်ပစ်ချင်သေးသည်။ ပစ်ကျင်းဘေးနားတွင် ထိုင်ပြီး အင်္ကျီအိတ်ထဲတွင် အသင့်ပါလာသည့် ဝက်အူလှည့်ကလေးဖြင့် လောင်ချာ၏ ပျော့ပ်စစ်မက်ကနက်တိုပိုင်းကို ဖြုတ်ပြီး ထွက်လာသည့် ဝက်အူလေးများကို ကျွန်တော့်ဘေးတွင်ရှိသည့် ကျွန်တော်၏ ကျောပိုးအိတ်ပေါ်တွင် ခေတ္တ တင်ထားလိုက်သည်။

လောင်ချာပြင်နေရင်းနှင့် ကျွန်တော်သည် ရဲဘော်များအား သတိပေးလိုက်သည်။

''ငါ ခုနက လောင်ချာပစ်တာ မီးခိုးတွေ တအားထွက်တယ်။ အဲဒါကို ရန်သူလက်နက်ကြီးအဖွဲ့က မြင်တွေ့ပြီး လှမ်းပစ်နိုင်တယ်။ သတိထားကြ''ဟု ပြောပါသည်။

ကျွန်တော်ပြောပြီး ၄/၅ မိနစ်ခန့်သာကြာပါမည်။ ရန်သူပစ်လိုက်သည့် ၈၂ မီလီမီတာ စိန်ပြောင်းဗုံးသီးတစ်လုံးသည် ကျွန်တော်တို့နှင့် ၁၅ ပေခန့်အကွာ ချုံတစ်ခု၏အနီးတွင် ကျရောက်ပေါက်ကွဲတော့သည်။ ဝုန်းဆိုသည့် ပေါက်ကွဲသံကြီးနှင့်အတူ မီးခိုးလုံးကြီးထွက်လာပြီး ကျွန်တော်တို့ကို ဖုံးအုပ်သွားသည်။ ကျွန်တော်လည်း ဘာသံမှမကြားတော့ပါ။ ရဲဘော်များ စကားပြောအော်ဟစ်နေကြသည်ကို ပါးစပ်လှုပ်နေသည်ကို မြင်ရပြီး အသံမကြားရ။ သေနတ်သံဗုံးသံများကိုလည်း မကြား၊ မိမိကာဘိုင်သေနတ်ပစ်သည့်အခါ ပြောင်းဝမှ မီးခိုးထွက်သည်ကိုသာမြင်ရပြီး





အသံမကြားရ၊ ကျွန်တော်လည်း မိမိနား လုံးဝပင်းသွားပြီဟု ထင်လိုက်မိသည်။ မကြာသေးခင်က လောင်ချာပစ်သည့်အခါတွင်လည်း နားအူနေခဲ့သည်။ သို့သော် နာရီဝက်ကျော်ခန့်ကြာလျှင် ပြန်ကြားလာသည့်အတွက် တော်သေးသည်။ သို့သော်လည်း ကျွန်တော်၏ ညာဘက်နားသည် ယနေ့အထိ ပရစ်အော်သံလို အသံများ ကြားနေရပါသည်။ ပန်ကျုံတိုက်ပွဲ၏ မမေ့နိုင်စရာ ဟာဝရအမှတ်တစ်ခုပင်ဖြစ်ပါသည်။

ဗုံးကျကွဲသည်နှင့် တပ်ရင်းမှူးမှ ကျွန်တော်တို့ဘက်ကို ကြည့်လိုက်ရာ မီးခိုးလုံးကြီးဖုံးအုပ်သွားပြီး ကျွန်တော်တို့ကို မတွေ့ရသည့်အတွက် ''ဗိုလ်ညီပုတို့အဖွဲ့ သေကုန်ပြီလားမသိဘူး'' ဟု ဗိုးရိမ်တကြီးမေးလိုက် သည်။ မီးခိုးများပျောက်သွားပြီး ကျွန်တော်တို့ကို တွေ့မြင်သွားမှ တပ်ရင်းမှူးစိတ်ချသွားသည်။

ရန်သူပစ်လိုက်သည့်ဗုံးက ကျွန်တော်တို့လက်နက်ကြီးအဖွဲ့ကို အနည်းငယ်ဒုက္ခပေးသွားသည်။ ပစ်ကျင်းအနီးတွင် ထိုင်ပြီး လောင်ချာပြင်နေသည့် ကျွန်တော်က မည်သို့မျှမဖြစ်ဘဲ ကျင်းထဲတွင်ရှိနေသည့် လောင်ချာအဖွဲ့မှ ရဲဘော်အောင်ဝင်း ခေါင်းတစ်ချက်၊ ရင်ဘတ်တစ်ချက် ထိမှန်ဒဏ်ရာရသွားသည်။ သို့သော် ဒဏ်ရာမှာ မစိုးရိမ်ရ၊ ရှပ်မှန်သွားခြင်းသာဖြစ်သည်။ ပါလာသည့် ဆေးပတ်တီးများဖြင့် ပတ်ပေးလိုက်သည့်အတွက် ရဲဘော်အောင်ဝင်း ခေါင်းပေါင်းနှင့် မင်းသားပုံပေါက်သွားသည်။ သူ့သူငယ်ချင်း ရဲဘော်များမှ အရေးထဲ စိန်အောင်မင်းဟု ဝိုင်းနောက်နေသေးသည်။

ကျွန်တော်ဖြုတ်ထားသည့် ကျောပိုးအိတ်ပေါ်မှ ဝက်အူကလေးများလည်း ဗုံးကွဲရာမှ ထွက်ပေါ်လာသည့် လေဟပ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် လွှင့်စင်ပျောက်ဆုံးကုန်သည်။ ကျွန်တော်လည်း
လောင်ချာကိုဘေး သို့ချထားပြီး လက်လျှော့လိုက်ရတော့သည်။

ကျွန်တော် ကုသိုလ်ကံကောင်းသည်ဟု ပြောရပါမည်
ကျွန်တော့်ကိုမထိဘဲ ကျွန်တော့်အနီးတွင် ကပ်လျက်ရှိနေသော
ကျောပိုးအိတ်ကို ၂ ချက်ထိမှန်သွားသည်။ ကျောပိုးအိတ်
သွားသည်ကို တိုက်ပွဲဖြစ်နေစဉ် သတိမထားမိ၍မသိခဲ့ပါ။ တိုက်ပွဲ
နောက်ပိုင်း ညအိပ်ရပ်နားမည့်တစ်နေရာရောက်မှ ကျောပိုးအိတ်
အပေါက် နှစ်ပေါက်ပေါက်နေသည်ကို တွေ့ရသည်။ အထဲ
ပစ္စည်းများကို ထုတ်လိုက်ရာ ခေါက်ထားသည့် ခြင်ထောင် အတွ
မှ လက်တစ်ဆစ်ခန့်အရွယ်ရှိသည့် ဗုံးဆန် ၂ ခု ထွက်လာခဲ့သည်
လူကိုသာ ထိမှန်ရင်တော့ မလွယ်လှပါ။ သေကံမရောက် သ
မပျောက်ပေ့ခင်ဗျာ။

ရန်သူလက်နက်ကြီးပစ်ခတ်မှု အနည်းငယ် လျော့
သွားသည်။ ဗကပများသည် ကျွန်တော်တို့ ခံစစ်စည်း၏ ရှေ့အ
အနားတွင်ရှိသေးသည်။ တစ်ခါတစ်ရံ သူတို့ အော်ပြောသ
စကားသံကို ကြားနေရသည်။ လက်နက်ငယ်များဖြင့် မကြာမပြ
ပစ်ခတ်နေကြသည်။ ကျွန်တော်တို့ရဲဘော်များကတော့ ရန်သူ
မြင်မှပစ်သည်။ ကျည်ကလည်း နည်းနေပြီး တချို့ရဲဘော်မျ
ကျည်ကုန်သွားသည့်အတွက် စက်လတ်ကျည်ထဲမှ အနည်းငယ်
ခွဲပေးလိုက်ရသည်။

ကျွန်တော်သည် လက်နက်ကြီးဒဏ်ရာရထားသည့် ရဲဘော်
အောင်ဝင်း၏ဘေးတွင် ၂ ယောက်သား ယှဉ်၍ ထိုင်နေစဉ် ရဲဘော်
အောင်ဝင်းမှ ...





''ဗိုလ်ကြီး ... ကျွန်တော့်ကို မှန်သွားပြန်ပြီ ထင်တယ်'
ဟု အသံတုန်တုန်နှင့်ပြောရာ ကျွန်တော်မှ –

''ဟေ့ကောင် ... မင်းပဲမှန်နေသလားကွာ။ ဘယ်နေရာကို
မှန်သွားတာလဲ''ဟု မေးလိုက်သည်။ သူ၏ စစ်အင်္ကျီကို
ယာလေးလှန်ပြီး သူ၏ဝမ်းဗိုက်ကိုပြသည်။ ကိုယ်ဟာကိုယ်
ည်းမကြည့်ရဲ လက်များတုန်နေသည်။ ကျွန်တော်မှကြည့်လိုက်ရာ
ပေးသည်။ ရန်သူ့ M-22 ကျည်တစ်တောင့်သည် ကျွန်တော်၏
ပေါ်တည့်တည့်မှ ဖြတ်လာပြီး ရဲဘော်အောင်ဝင်း၏ ဘယ်ဘက်
က်ထဲသို့ ဖောက်ဝင်သွားသည်။ ဗိုက်ပေါက်နေသည်ကို တွေ့လိုက်
သည်။ သွေးများစိမ့်ထွက်နေသည်။ ကျွန်တော် ရဲဘော်အောင်ဝင်း
တွက် စိတ်ပူသွားမိသည်။ ကျွန်တော် သူ့ဗိုက်ကို လက်ဖြင့်
မ်းကြည့်ရာ သူ၏ချက်နားတွင် စူထွက်နေသည့် အရာတစ်ခုကို
တွေ့လိုက်ရသည့်အတွက် သေချာစွာ စမ်းကြည့်ရာ ကျည်ဆန်ထိပ်ဖူး
ပ်နေသည်ကို တွေ့ရသည်။

''ဟေ့ကောင် အောင်ဝင်း ... မင်းမသေနိုင်တော့ဘူး။
ဗိုက်ထဲဝင်သွားတဲ့ကျည်ဆန်က အတွင်းထဲကို မရောက်ဘူး။
ချက်နားက ပြန်ထွက်နေတယ်။ ဒီမှာ စမ်းကြည့်''ဟု ဆိုပြီး
လက်ကို ယူကာစမ်းခိုင်းသည်။ ရဲဘော်အောင်ဝင်း စိတ်သက်သာ
ရသွားသည်။ ကျွန်တော်က ''မင်း တော်တော်ကျည်လိုက်တဲ့
ကောင်ပဲ။ ဒီနေရာမှာ နောက်တစ်ခါဆိုရင် မင်းသေဖို့ပဲရှိတော့
တယ်။ အဲဒီတော့ ဒီမှာမနေနဲ့တော့၊ ဟိုဆက်သွယ်ရေးစက်ထားတဲ့
ချိုင်းငယ်မှာ သွားနေ၊ အဲဒီမှာ ဆေးတပ်သားလည်း ရှိတယ်။
အဲဒီမှာ နားနေတော့''ဆိုပြီး ရဲဘော်တစ်ယောက်ကို စစ်ကြောင်းနှင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ရေးကျင်းထဲသို့ ပို့နိုင်းလိုက်ရပါသည်။

ခွဲ(၂)ဘက်မှ သေနတ်သံများ အနည်းငယ် လျော့နည်း သွားသည်။ အခြေအနေလည်း မဆိုးကြောင်း ရန်သူ့အလော[illegible] များလည်း ရှေ့တွင်မြင်တွေ့နေရကြောင်း မိမိဘက်မှ ထိခိုက် ဒဏ်ရာရ အနည်းငယ်သာရှိကြောင်း သိရသည်။ ရန်သူသည် ခွဲ(၂) ကို ပထမတွင် ဖိတိုက်ခဲ့သည်။ သို့သော် ကျွန်တော်တို့စစ်ကြောင်း[illegible] ရှိသည်ကို ရန်သူများ သိသွားပြီးနောက်ပိုင်း ခွဲ(၂)ကို အဓိကမထား[illegible] ကျွန်တော်တို့ဘက်ကိုသာ ဖိအားပေးတိုက်ခိုက်ကြသည်။

စစ်ကြောင်းအဖွဲ့နှင့်အတူရှိသည့် ဗိုလ်ကြီးတင်လှ ဦး[illegible] သည့် တပ်ခွဲ(၄)သည်လည်း မိမိဘက်မှ ထိခိုက်ကျဆုံးမှု ယ[illegible] အချိန်ထိ ထင်သလောက်မရှိ။ ရန်သူ့ဘက်မှ အကျအဆုံး တော[illegible] တော်များကြောင်း ရန်သူ့အလောင်းများကို တွေ့မြင်နေရကြော[illegible] သိရှိရသည်။ တပ်ခွဲမှူး ဗိုလ်ကြီးတင်လှဘက်တွင် ရန်သူ့တစ်[illegible] ငှက်ပျောဖူး လောင်ချာကြီးတစ်ခုထမ်းပြီး မိမိတပ်ရှေ့နားထိ ရော[illegible] လာသည့်အတွက် ရဲဘော်များမှ ပစ်ချလိုက်ရာ ရှေ့နားတွ[illegible] လောင်ချာကိုကိုင်ပြီးသေဆုံးနေကြောင်းကိုလည်း သိရှိရသည်[illegible] ဗိုလ်ကြီးတင်လှသည် ရိုးသားပြီး စိတ်သဘော အထူးကောင်းမွန်[illegible] ဖြစ်သည်။ ပျော်ပျော်နေတတ်သည်။ စစ်ဆင်ရေးတွင် တပ်ရင်းမှူ[illegible] အားကိုးမှုကို ခံရသူဖြစ်သည်။

## ရန်သူ့ဗကပများ ပြန်လည်ဆုတ်ခွာခြင်း

အချိန်မှာ ညနေ ၄ နာရီထိုးပြီးဖြစ်သည်။ ကျွန်တော်[illegible] လောင်ချာပစ်ပြီးနောက်ပိုင်း ဗကပများ၏ ထိုးစစ်အရှိန်သ[illegible]





[illegible]ဖြည်းဖြည်း လျော့နည်းလာခဲ့သည်။ လက်နက်ကြီးများ ပစ်ခတ်[illegible]မကြားရတော့ပါ။ လက်နက်ငယ်များနှင့် တစ်ခါတစ်ခါ လှမ်းပစ်[illegible]နေသေးသည်။ ညနေ ၅ နာရီခန့်တွင် သေနတ်သံများ လုံးဝ[illegible]စဲသွားတော့သည်။ ရန်သူများ ဆုတ်ခွာပြီဟုယူဆကြသည်။

ရန်သူများဆုတ်ခွာရသည့်အကြောင်းရင်းကို ကျွန်တော်တို့[illegible]ိုက်ပွဲပြီး နောက်ပိုင်းရရှိသည့်သတင်းများအရ သိရသည်။ ကျွန်တော် ဖြန့်ပစ်လိုက်သည့် ဒုံးကျည် ၅ လုံးထဲမှ [illegible]စ်လုံးသည် [illegible]ကပတပ်ရင်း (၄)ရင်းကို ခေါင်းဆောင်လာသည့် တပ်မဟာမှူးနှင့် [illegible]ဖွဲ့၏ ရှေ့ တည့်တည့်တွင်ကျရောက်ပေါက်ကွဲရာ တပ်မဟာမှူး [illegible]ပါအဝင် ရုံးအဖွဲ့ဝင် ၄/၅ ယောက်ကျဆုံးသွားကြောင်း သိရသည်။ [illegible]နာပြုဆေးတပ်ဖွဲ့အဖြစ် လိုက်ပါလာသည့် အမျိုးသမီးတစ်ဦး [illegible]ိုးလည်း ကျဆုံးသည့်အဖွဲ့ထဲတွင် ပါဝင်ကြောင်းသိရသည်။ [illegible]ပ်မဟာမှူးနှင့် သူ၏ရုံးအဖွဲ့သည် ရှမ်းရွာ(အမည်မမှတ်မိ) [illegible]စ်ရွာ၏ ဘုန်းဝါးရုံတောတစ်ခု၏အောက်တွင် နေရာယူထားပြီး [illegible]တပ်အား တက်တိုက်ရန် အမိန့်ပေးနေစဉ် ဒုံးကျည် ကျရောက် [illegible]ပေါက်ကွဲရာ ၎င်းတို့အဖွဲ့ပါ ပါသွားပြီး ဝါးရုံတောမှာလည်း အပိုင်း [illegible]ပိုင်း ပြတ်ကျနေကြောင်းသိရသည်။ ဒုံးကျည်ကျသည့်နေရာ [illegible]ွင်လည်း မြောင်းကြီးတစ်ခု ဖြစ်သွားကြောင်းပါသိရသည်။

ကျွန်တော် ရမ်းပစ်လိုက်သည့် ဒုံးကျည်သည် ကျွန်တော် [illegible]တို့အတွက်တော့ ကံကောင်းပြီး ရန်သူ ဗကပများအတွက် ကံဆိုး [illegible]လို ဖြစ်သွားသည်ဟု ဆိုရမည်ဖြစ်ပေသည်။

ဗကပများသည် သူတို့၏ခေါင်းဆောင် ကျဆုံးသွားသည့် [illegible]တွက် ဆုတ်ခွာကြခြင်းဖြစ်သည်။ မဟုတ်ရင်တော့ မည်မျှကြာကြာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်တိုက်နေဦးမည်ဆိုတာကို မသိနိုင်ပါ။

ညနေ ၆ နာရီခန့်တွင် စစ်ကူလိုက်လာသည့် ခလရ မှ တပ်ခွဲတစ်ခွဲရောက်ရှိလာသည်။ သူတို့လည်း ဗကပမျာ... လမ်းမှ ဆီးကြိုတိုက်ခိုက်သည့်အတွက် အချိန်မီ မရောက်နိုင်ကြော... သိရသည်။ ခလရ (၉) တပ်ခွဲထံမှလည်း ဗကပတို့ဆုတ်ခွာ... ဖြစ်ကြောင်း သတင်းရရှိသည်။

ခလရ (၉) တပ်ခွဲနှင့် ပါလာသည့် တပ်ကြပ်ကြီး တ... အား တွေ့လိုက်ပါသည်။ ၎င်းတပ်ကြပ်ကြီးက ကျွန်တော်တို့ ... သင်တန်းတက်ခဲ့စဉ် ကျွန်တော်တို့ ဗိုလ်လောင်းတပ်စုကို ဗိုလ်သ... တန် ၁စ်လျှောက်လုံး အနီးကပ်ကွပ်ပဲဆုံးမ သွန်သင်ပေးခဲ့သ... ကျွန်တော်တို့၏ နည်းပြဆရာ ဆရာကြီးခင်မောင်ဦး ဖြစ်နေပါသ... ကျွန်တော် လှမ်းခေါ်လိုက်သည်။

''ဆရာကြီးခင်မောင်ဦး ကျွန်တော့်ကို မှတ်မိလား'' ... မေးလိုက်သည်။ ဆရာကြီးသည် ကျွန်တော့်ကို သေချာစွာကြည့်... ''ဟာ ... ဗိုလ်ကြီးမှတ်မိတာပေါ့။ အပတ်စဉ် (၃၆)တပ်စု (၃)... မဟုတ်ဘူးလား''ဟု ဝမ်းသာအားရပြန်ပြောပြီး သတိဆွဲအလေ... သည်။ အမည်ကို မမှတ်မိပေမယ့် လူကို ကောင်းကောင်းမှ... နေသည်။ ဗိုလ်သင်တန်း(၉)လလုံးလုံး အတူတူ သွားလာနေ... သည် မဟုတ်ပါလား။

''ဆရာကြီး လုပ်မနေပါနဲ့ဗျာ။ ကျွန်တော်တို့က ဆရာကြ... တပည့်တွေပါ''

''ဘယ်ဟုတ်မလဲ ဗိုလ်ကြီး။ အခုအခါ ဗိုလ်ကြီး... အထက်အရာရှိဖြစ်နေပြီလေ။ တပ်မတော်ရဲ့ စည်းကမ်းအရ...





ကိုယ့်အထက်အရာရှိကို လေးစားရမယ်မဟုတ်လား အပတ်စဉ် (၃၆)က နောက်တစ်ဦး ရှိသေးတယ် ဆရာကြီး''ဟုဆိုပြီး အိုင်အို ...လ်သောင်းတင်နှင့် တွေ့ပေးလိုက်ရာ ဆရာကြီး အရမ်းဝမ်းသာသွား ပါသည်။

''ဗိုလ်ကြီးတို့ ထမင်းမစားရသေးဘူးထင်တယ်''

''ဘယ်စားရဦးမလဲ ဆရာကြီး၊ မနက်စာရော၊ ညစာရော မစားရသေးဘူး၊ တိုက်ပွဲနဲ့ နပန်းလုံးနေကြလို့ ထမင်းစားရမှာ ...မေ့နေတယ်'' ဟု ကျွန်တော်က ပြောပြလိုက်သည်။

ဆရာကြီးက သူ့လွယ်အိတ်က ကောက်ညှင်းထုပ်ကလေး ၂ ထုပ်ယူပြီး ကျွန်တော်တို့ကို အတင်းပေးသွားသည်။ ဗိုလ်သင်တန်း ...ကန်းက ဆရာတပည့်သံယောဇဉ်ပင် ဖြစ်ပါသည်။ ခလရ(၉)တပ်ခွဲ ...လည်း ဆုတ်ခွာသွားသည့် ဗကပများနောက်သို့လိုက်ပြီး တိုက်ခိုက် ...ချမှုန်းရန် အထက်က တာဝန်ပေးလိုက်သည့်အတွက် ပန်ကျုံရွာ ...ဘက်သို့ ဆက်လက်ထွက်ခွာသွားကြသည်။

ကျွန်တော်တို့အား ကောက်ညှင်းထုပ် ပေးသွားသည့် ...တပ်ကြပ်ကြီးခင်မောင်ဦးသည် ကျွန်တော်တို့နှင့်တွေ့ပြီး နောက် ...တစ်နေ့တွင် ဆုတ်ခွာသွားသည့် ရန်သူများ နောက်ကိုလိုက်သွားရင်း ...တပ်ချင်းမှားပစ်မှုကြောင့် ကျဆုံးသွားကြောင်း နောက်မှ ကျွန်တော် ...သတင်းကြားရပါသည်။ စိတ်မကောင်း အလွန်ပင်ဖြစ်မိပါသည်။

ဒီနေ့တွေ့လိုက်ပြီး နောက်တစ်နေ့မရှိတော့တဲ့ ကျွန်တော်တို့ ...တပ်မတော်သားတွေမှာ နက်ဖြန်ဆိုတာ မရှိတဲ့ဘဝပါလားဟု ...တွေးပြီး သံဝေဂရမိပါသည်။

ခလရ (၉)စစ်ကြောင်း ဆက်ထွက်သွားပြီး နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ညနေ ၆ နာရီခန့်ရှိပြီးဖြစ်သည်။ ကျွန်တော်တို့သည် ကျွန်တော်တို့ ရှေ့အနီးဆုံးနေရာတွင် သေကျန်ခဲ့သည့် ဗကပအလောင်းများမှ သေနတ်များကို ဆွဲယူကြသည်။ ထိုစဉ် နေ့လယ်ပိုင်းက ဗကပများအတွင်းစည်းထိဝင်လာသည့် မြောင်းကြီးထဲမှ M-22 သေနတ်အတွဲလိုက် ပစ်သံတစ်ချက် ထွက်ပေါ်လာသည့်အတွက် ရဲဘော်များ နေရာယူလိုက်ကြသည်။ "မြောင်းကြီးထဲက ဟိုသစ်ပင်ကြီး ခြေရင်းဘက်က ပစ်တယ်" ဆိုပြီး ရဲဘော်တစ်ဦးက အော်လိုက်သည်။ သစ်ပင်၏ခြေရင်းတွင် တောချုံများဖြင့် ဖုံးကွယ်နေသည့်အတွက် ဘာမှမမြင်ရ။

ရဲဘော်များက ရန်သူရှိနေသည့်ချုံအတွင်းသို့ ဝိုင်းပစ်ကြသည်၊ ငြိမ်သွားသည့်အတွက် ဒီကောင် သေသွားပြီအထင်နှင့် နည်းနည်းလှုပ်ရှားသည်နှင့်ချုံအတွင်းမှ သေနတ်သံများ ထွက်လာပြန်သည်။ ကျွန်တော်လည်း စက်လတ်သမားကို ခေါ်ပြီးပစ်ခိုင်းသည်။ ၎င်းက ပြန်ပစ်သည့်အချိန်မှာ ညမှောင်သွားပြီ ဖြစ်သည်။ နောက်ဆုံး လက်ပစ်ဗုံး ၅ လုံးခန့်ပစ်သွင်းလိုက်တော့မှ ငြိမ်ကျသွားသည်။

ရဲဘော်များကို မှောင်သွားသည့်အတွက် သွားမရှင်းနဲ့တော့ မနက်မိုးလင်းမှရှင်းရန် ညွှန်ကြားလိုက်သည်။ အကျိုးအကြောင်း တစ်ခုလုံးကို တပ်ရင်းမှူးသို့ သတင်းပို့လိုက်သည်။ ကျွန်တော်၏ စစ်ကြောင်းတစ်ခုလုံး မိမိတို့၏ ပစ်ကျင်းနားမှာပင် တစ်ဝက်အိပ် တစ်ဝက်နိုးစနစ်ဖြင့် ညအိပ်စခန်းချကြသည်။

သို့သော် အိပ်၍မရနိုင်ပါ။ ရန်သူဗကပအင်အားတချို့သည် ညအချိန် အမှောင်ထုကို အကာအကွယ်ယူပြီး သူတို့၏အလောင်း





များကို တက်ဆွဲရန်ကြိုးစားကြသည်။ ကျွန်တော်တို့ရဲဘော်များက မိမိ လက်လှမ်းမှီသည့် အလောင်းများကိုပါ အပါမခံမဲမဲမြင်ရာ လှမ်းပစ်သည်။ အသံကြားရာမသက်ာ စရာတွေ့တိုင်း လှမ်းပစ်ကြသည်။

ဗကပများသည် ဆုတ်ခွာသွားကြသော်လည်း သူတို့ အလောင်းများကို ရသလောက်သယ်ယူနိုင်ရန် အင်အားတချို့ ချန်ထားခဲ့ခြင်းဖြစ်သည်။ တစ်ညလုံးနီးနီး ရန်သူတို့ ကြိုးစားကြသည်။ နံနက်သုံးနာရီလောက်မှ လုံးဝငြိမ်သွားကြသည်။ ကျွန်တော်တို့နှင့် လက်လှမ်းမမီသည့် အလောင်းများပါသွားသည်။ ဗကပများသည် ကျဆုံးသွားသည့်သူတို့၏အလောင်းများကို ဆုတ်ခွာရာ လမ်းတစ်လျှောက် မြေမြှုပ်သင်္ဂြိုဟ်သွားကြောင်း သိရသည်။

နောက်တစ်နေ့ မိုးလင်းသည်နှင့် မနက်စောစော ရန်သူ့ အလောင်းများနှင့် လက်နက်များကို ရှာဖွေကြသည်။

## သေတာတောင်ဒုက္ခပေးသည့်ဗကပ

ရန်သူ့အလောင်းများ တောချုံများအောက်တွင် ပြန့်ကျဲနေကြသည်။ ရဲဘော်တစ်ဦးမှောက်လျက် သေနေသည့် ဗကပ အလောင်းတစ်လောင်းကို ဆွဲလှန်လိုက်ရာ၊ အလောင်းအောက်မှ ဗုံးတစ်လုံးထကွဲပြီး ၎င်းရဲဘော် ခြေထောက်တွင် ဒဏ်ရာရရှိသွားသည်။

သေတာတောင်ကောင်းကောင်းမသေ သေခါနီး ကြွမိုင်းလို မိုင်းတစ်မျိုးကို သူ့အောက်မှာ ဖိပြီးမှ သေသွားခြင်းဖြစ်သည်။ နောက်ပိုင်း ဗကပအလောင်းကိုတွေ့လျှင် ခြေထောက်ကိုကြိုးနှင့်ချည်



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းမှ ကြိုးဆွဲကြည့် ဘာမှမဖြစ်မှ ဆွဲလှန်ကြရတော့သည်။

ဗကပအလောင်းများသည် အများအားဖြင့် အသားဖြူ လူငယ်များသာဖြစ်ပြီး ပုံသဏ္ဌာန်မှာ တရုတ်နှင့်တူသူများဖြစ်သည်။ ၎င်းတို့၏အင်္ကျီအိတ်ထဲတွင် အနီရောင်စာအုပ်တစ်အုပ်စီ တွေ့ရသည်။ တရုတ်ဘာသာနှင့် ရေးထားသည့်အတွက် မဖတ်တတ်၊ မော်စီတုံး အတွေးအခေါ် စာအုပ်ဖြစ်ကြောင်း သိရသည်။ ဗကပ အလောင်းတိုင်း ရင်ဘတ်တွင် မော်စီတုံးခေါင်းပါသည့် ရင်ထိုးတစ်ခု တွေ့ရသည်။

မနေ့က ဒုက္ခပေးခဲ့သည့် ဗကပအား သွားကြည့်ရာ မြောင်းအတွင်းရှိ သစ်ပင်ကြီးတစ်ပင်၏ အမြစ်ဆုံကြားတွင် သေဆုံးနေသည်ကိုတွေ့ရသည်။ သူကိုင်ထားသည့် M-22 သေနတ်ဒင်မှာလည်း ဗုံးမှန်ထားသည်မှာ ကြေမွနေသည်။ ခံစစ်စည်းအတွင်းပိုင်း ဝင်လာသည့် ရန်သူ့အဖွဲ့တွင် ပါလာသူဖြစ်ပြီး ကျွန်တော်တို့ လိုက်ပစ်သည့်အခါ တွင် ထွက်ပြေးရင်း သူ့ခြေထောက်တစ်ဘက်ကို ကျည်ထိမှန်သည့်အတွက် လမ်းမလျှောက်နိုင်၊ သူ့ရဲဘော်များက မသယ်နိုင်သည့်အတွက် သစ်ပင်ကြီးခြေရင်းတွင် ထားခဲ့ပြီး ကျည်ဆန်များလည်း ပုံပေးခဲ့ခြင်း ဖြစ်နိုင်သည်။

အထက်ဌာနမှ ဗကပအလောင်းများအားလုံးကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ထားရန် ညွှန်ကြားသည့်အတွက် တပ်ရင်းမှူးက ကျွန်တော့်ကိုပဲ တာဝန်ပေးလိုက်သည်။ ကျွန်တော် ငယ်ငယ်ကတည်းက ဓာတ်ပုံ ရိုက်ကူး၊ ဆေးသည့်အလုပ်ကို ဝါသနာပါပြီး တပ်ရင်းရှိ အရာရှိလူပျိုရိပ်သာတွင် ဓာတ်ပုံအမှောင်ခန်းတစ်ခု လုပ်ထားပြီး ကိုယ်တိုင်ကူးဆေးလေ့ရှိသည်။ ကင်မရာအငယ်စား





တစ်လုံးလည်း စစ်ဆင်ရေးသွားတိုင်း ပါလေ့ရှိသည့်အတွက် ကျွန်တော်ပဲ ရိုက်ရသည်။

ဗကပအလောင်းများကို တန်းစီပြီး ၅ လောင်း တစ်တွဲ၊ ၁၀ လောင်းတစ်တွဲ ဓာတ်ပုံရိုက်သည်။ အလောင်းများမှာ မြင်မကောင်း ရှုမကောင်း သွေးသံရဲရဲနှင့်၊ ခြေပြတ်၊ လက်ပြတ်၊ တချို့အလောင်းများမှာ ခေါင်းတစ်ခြမ်း မရှိတော့ပါ။ စစ်ပွဲ၏ အနိဋ္ဌာရုံများဟု ကျွန်တော်တွေးမိပါသည်။

ငြိမ်းချမ်းရေးကို မြတ်နိုးသူများသည် စစ်ကိုမုန်းကြသည်။ စစ်ကို မုန်းသူများထဲတွင် ကျွန်တော်တို့ စစ်သားများလည်း ပါပါသည်။ အဘယ်ကြောင့်ဆိုသော် အထက်ပါအတိုင်း အနိဋ္ဌာရုံများကို အများဆုံး မကြာခဏ မြင်တွေ့နေရသူများမှာ ကျွန်တော်တို့စစ်သားများပင် မဟုတ်ပါလား။

## မိမိရန်သူထိခိုက်ကျဆုံးမှု

ကျွန်တော်တို့ စစ်ကြောင်းတစ်ကြောင်းလုံးအနေဖြင့် စစ်သည် ၆ ဦးသာကျဆုံးပြီး ဒဏ်ရာရသူများမှာ အရာရှိ ၂ ဦး အပါအဝင် ၁၁ ယောက်ခန့်သာရှိပါသည်။ ဤကဲ့သို့ ပြင်းထန်သည့် တိုက်ပွဲတစ်ခုတွင် ဤမျှလောက် ထိခိုက်/ ကျဆုံးမှုမှာ မပြောပလောက်ဟု ဆိုရမည်။

ရန်သူဗကပဘက်မှ ၁၀၀ ကျော်ခန့် ကျဆုံးပြီး ဒဏ်ရာရများအပြားရရှိကြောင်း သိရသည်။ ရန်သူ အလောင်း ၅၂ လောင်း လက်ဝယ်ရရှိခဲ့သည်။ လက်နက်များမှာ 40 MM လက်ပျော့ဖူးလောင်ချာ တစ်လက် အပါအဝင်လက်နက်မျိုးစုံ ၂၇



www.burmeseclassic.com

www.burmeseclassic.com



လက် ရရှိခဲ့သည်။ ကျည်ကပ်၊ ကျည်ဆန်၊ တရုတ်လက်ပစ်ဗုံးများ တခြား စစ်သုံးပစ္စည်းများမှာ အရေအတွက်မမှတ်မိတော့ ဂုံနီအိတ်များနှင့် ထည့်ပြီးသယ်ရသည်။

## စစ်မြေပြင်မှ ပြန်လည်ဆုတ်ခွာခြင်း

တပ်ရင်းမှူးသည် မိမိတပ်အောင်ပွဲရသည့်အတွက် သိ ဆည်းရမိသည့် ရန်သူလက်နက်/ခဲယမ်းများကို ကြည့်ပြီး ပီတိ နေသည်။ ကျန်သည့် အရာရှိအရာခံ အကြပ်တပ်သားများ အား လည်း ဝမ်းသာပြီး တက်ကြွနေကြသည်။ အထက်ဌာနမှ ကျွန်တော် တို့စစ်ကြောင်းတစ်ခုလုံး ပြန်လည်ဖွဲ့စည်းရန် လားရှိုးသို့ ပြန်လ ဝင်ရောက်ရန် ညွှန်ကြားချက်ရသည်။ ကျဆုံး စစ်သည် ၆ ဦး သင့်တော်မည့်နေရာတွင် သဂြိုဟ်ခဲ့ပြီး တိုက်ပွဲဖြစ်ပွားရာဒေသ ပြန်လည်ထွက်ခွာခဲ့ကြသည်။ ကိုယ်နှင့်တိုက်ဖော်တိုက်ဖက် သေဖော်သေဘက်၊ ရဲဘော် ၆ ဦးအား ထားခဲ့ရပြန်သည့်အတွက် စိတ်တော့မကောင်းကြပါ။ နောက်တန်းတွင် ကျန်ခဲ့သည့် သူတို့ မိသားစုများအတွက်လည်း စဉ်းစားမိပြီး ပို၍စိတ်မကောင်း ဖြစ် တော့သည်။

## ဘွဲ့ထူးဂုဏ်ထူးနှင့် စစ်မြေပြင်အဆင့်တိုးမြှင့်ခြင်း

ခေတ္တတပ်ရင်းမှူး၊ ဗိုလ်မှူးအာ(ရ်)ဇာန်ခန်းသန်း၊ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးအဆင့်သို့၎င်း၊ တပ်စုမှူးများဖြစ်ကြ ဗိုလ်သောင်းလွင်နှင့် ဗိုလ်တင်ခိုးတို့အား သူရဘွဲ့ချီးမြှင့်ပြီး ဗိုလ် အဆင့်သို့လည်းကောင်း၊ လက်နက်ကြီးတပ်စုမှူး ဗိုလ်ညိုမှ





သူရဲကောင်းမှတ်တမ်းဝင်အဖြစ်လည်းကောင်း၊ အခြားအဆင့် စစ်သည် ၁၆ ဦးအား သူရဲကောင်းမှတ်တမ်းဝင်အဖြစ်လည်းကောင်း ၁၉၇၂ ခုနှစ်၊ လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ ချီးမြှင့်ခြင်းကို ခံခဲ့ရသည်။

## တိုက်ပွဲသုံးသပ်ချက်နှင့် စစ်ရေးအမြင်

ပန်ကျုံတိုက်ပွဲနှင့် တပ်ရင်းမှူး ဦးစီးစစ်ကြောင်း ရန်သူ သတင်းထောက်လှမ်းရန်နှင့် နယ်မြေရှင်းလင်းရေးတာဝန်ဖြင့် ထွက်ခွာလာခဲ့ပြီး၊ ဗကပများနှင့် ပန်ကျုံရွာအနီးတွင် ရင်ဆိုင်တွေ့ ကြုံပြီး ဖြစ်ပွားခဲ့သည့်တိုက်ပွဲ ဖြစ်သည်။ ရန်သူအင်အားမှာ မိမိထက် အဆပေါင်းများစွာ သာသည်။ ရှမ်းအဘိုးကြီးထံမှ သတင်းမှာ ၁၀၀၀ ကျော်ခန့်ဟု ဆိုသော်လည်း နောက်မှရရှိသည့် သတင်းများအရ ရန်သူအင်အား ၁၅၀၀ ခန့်ရှိကြောင်း သိရသည်။

၎င်းပန်ကျုံတိုက်ပွဲတွင် အောင်မြင်မှုရရှိခဲ့ခြင်း၏ အဓိက အကြောင်းရင်းတစ်ခုမှာ ရန်သူ့သတင်းကို ကြိုတင်ရရှိမှု (သတင်း လက်ဦးမှု) ပင်ဖြစ်သည်။ မိမိစစ်ကြောင်း ရန်သူနှင့်မတွေ့ခင် ရှမ်းအဘိုးကြီးမှ ရန်သူ့သတင်းအား မှန်မှန်ကန်ကန်ပေးခဲ့သည်။ ရှမ်းအဘိုးကြီးသည် ကြောက်လန့်နေသော်လည်း သတင်းကို တိကျမှန်ကန်စွာ ပေးခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဒေသခံ ပြည်သူများသည် ဗကပများ ၎င်းဒေသသို့ ဝင်ရောက်လာခြင်းကို လုံးဝလက်မခံလိုကြောင်း ထင်ရှားပေသည်။ ရှမ်းအဘိုးကြီးသည် ပေမည့် ဒေသခံ ပြည်သူ့ထဲမှ ပြည်သူတစ်ဦးဖြစ်ပြီး တပ်မတော်အား



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တစ်လမ်းမှ အကူအညီပေးသွားခြင်း ဖြစ်သည်။ မည်သည့်ရန်သူကိုမဆို တိုက်ခိုက်ခြေမှုန်းရာတွင် ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူ့အကူအညီ ရယူမှုသည် အဓိကကျပြီး စစ်ပွဲအောင်နိုင်ရာ အကြောင်းကြီးတစ်ခုပင်ဖြစ်ပေသည်။

တပ်ရင်းမှူးမှ စစ်ကြောင်းကို နှစ်ပိုင်းခွဲလိုက်သည်မှာ လည်း လုပ်ရပ်မှန်ကန်သွားသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့် ဆိုသော် ရန်သူဗကပများသည် မိမိတပ်အားတိုက်ရန် ၎င်းတို့၏ အင်အားကို နှစ်ပိုင်းခွဲပြီး တိုက်ရသည့်အတွက် လူကို လှိုင်းလုံးသဖွယ် တိုက်ခိုက်နိုင်းတတ်သည့် သူတို့၏နည်းဗျူဟာကို အားနည်းသွား စေခဲ့သည်။

ရန်သူကို ရုတ်ချည်းခံစစ်အသွင်ပြောင်းပြီး ပြန်လည်တိုက် ခိုက်ခဲ့သည်။ ခံစစ်နေရာ ရွေးချယ်ရာတွင်လည်း တောင်ကြောလမ်း ဖြစ်ပြီး အပေါ်စီးရခြင်း၊ သဘာဝ အတားအဆီးများရှိခြင်း စသည် အချက်များအပြင် မိမိစစ်သည်များ၏ တိုက်စွမ်းရည် ဖွံ့ဖြိုး လေ့ကျင့်မှုဆိုသည့် အချက်များနှင့် ပေါင်းစပ်ပြီးမှ တိုက်ပွဲကို ဆင်နွှဲခဲ့ကြသည့်အတွက် အောင်မြင်မှုကိုရရှိခဲ့ခြင်း ဖြစ်သည်ဟု သုံးသပ်မိပါသည်။

ပန်ကျံုတိုက်ပွဲတွင် ကျွန်တော်တို့စစ်ကြောင်းအား တစ်ဖက် တစ်လမ်းမှ ကယ်တင်လိုက်သည့်အရာမှာ သဘာဝအတားအဆီးများ ဖြစ်သည့် စိန်နပန်ချုံများနှင့် တခြားဆူးပင်နွယ်ပင်များဖြစ်ကြသည်။ လူကို လှိုင်းလုံးသဖွယ်သုံးပြီး တစ်ရှိန်ထိုး ပြေးတက်လာသည့် ဗကပများ၏ ထိုးစစ်အရှိန်ကို တုံ့ဆိုင်းသွားစေသည်မှာ ဤသဘာဝ အတားအဆီးများပင်ဖြစ်ပေသည်။ ရန်သူများ ရှေ့တိုးမရ၊ နောက်





ဆုတ်မရဖြစ်နေသည့်အတွက် အတုံးအရုံး ကျဆုံးကုန်ကြခြင်း ဖြစ်သည်။ ဤသဘာဝ အတားအဆီးများသည် လူတို့ဖန်တီးသည့် မိုင်းထူးကြိုး၊ ချောင့်၊ မိုင်းကွင်းများထက်ပင် ထိရောက်သည်ဟု ကျွန်တော်ယူဆပါသည်။ တပ်မတော် ခံစစ်စခန်းများတွင်လည်း လူလုပ်အတားအဆီးများအပြင် သဘာဝအတားအဆီးများကိုလည်း ဖန်တီးပြုလုပ်နိုင်မည်ဆိုလျှင် အလွန်ခိုင်မာသည့် **ခံစစ်တစ်ခု** ဖြစ်လာနိုင်မည်ဟု သုံးသပ်ပါသည်။

ရှမ်းပြည်အရှေ့မြောက်ဒေသမှ ရန်သူဗကပများသည် လူအင်အားကို အဆမတန်သုံးပြီး တိုက်ကွက်ဖော် အောင်မြင်မှု များရရှိခဲ့ကြသည့်အတွက် စိတ်ဓာတ်တက်ပြီး လှုပ်ရှားနယ်မြေများကို တိုးချဲ့ခဲ့ရာနောက်ဆုံး လားရှိုးမြို့အနီးထိ ချဉ်းကပ်လာပြီး လားရှိုး မြို့ကိုတောင် ခြိမ်းခြောက်သည်အထိ အတင့်ရဲလာခဲ့သည်ကို တွေ့ရပေသည်။

ရန်သူဗကပများသည် ၁၉၇၀ ခုနှစ်၊ မေလ ၂၀ ရက်နေ့ တွင် ကျွန်တော်တို့ခလရ (၅)စစ်ကြောင်းနှင့် ရင်ဆိုင်တွေ့ကြရာ တစ်ခါလည်း သူတို့ပိုင်ပြီဆိုပြီး အထင်သေးသေးနှင့် ကျွန်တော်တို့ စစ်ကြောင်းအား တက်တိုက်ခဲ့ခြင်းဖြစ်ဟန်တူပါသည်။ ရန်သူများ ထင်သည့်အတိုင်းမဖြစ်လာဘဲ ထိခိုက်ကျဆုံးမှုများစွာဖြင့် ဆုတ်ပြေး ရသည့်အခြေအနေထိ ရောက်ခဲ့ရပေသည်။

သို့ဖြစ်၍ ဤပန်ကျံုတိုက်ပွဲသည် မိုးထိအောင် မြင့်တက် နေသည့် ဗကပတို့၏စိတ်ဓာတ်ကို ရိုက်ချိုးလိုက်သလိုဖြစ်သွား ပေသည်။ သူတို့၏မဟာဗျူဟာ ရည်မှန်းချက်များလည်း ပျက်သွားခဲ့ ရပေသည်။ သံလွင်အရှေ့ခြမ်းစိုးမိုးရေးဆိုသည့် ရည်မှန်းချက်များ



www.burmeseclassic.com

www.burmeseclassic.com



လုံးဝပျောက်သွားခဲ့ရသည်။

ကျွန်တော်တို့ ပန်ကျုံတိုက်ပွဲနှင့်ပတ်သက်ပြီး တပ်မ အရာရှိကြီး စာရေးဆရာများ ရေးသားထုတ်ဝေခဲ့သည့် စာ တချို့တွင်လည်း ပန်ကျုံတိုက်ပွဲကို အမွှန်းတင်ရေးသားဖော်ပြ သည်ကို ဖတ်ရှုရသည်။

ဦးလှသောင်းဆိုသူမှ စုစည်းတင်ပြထားသည့် "ကိုယ် ကွန်လုံ ရက်ပေါင်းလေးဆယ်တိုက်ပွဲစဉ်" ဆိုသည့်စာအုပ်တ

ဗကပများသည် လားရှိုးအနီး ပန်ကျုံတိုက်ပွဲမှာ အ ဆုံးရှုံးခဲ့ရသည့်အတွက် အရှက်ရကာ သိက္ခာကျခဲ့ရာ ၎င်းအရှက် သိက္ခာကို အဖတ်ဆယ်နိုင်ရန်အတွက် ကွမ်းလုံကိုလာပြီး ကွက်ဖော်ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

စာရေးဆရာမောင်ဆွေသက် (ဗိုလ်မှူးကြီးညွန့်ဆွေ) သားခဲ့သည့် "ကဒူးမမှ မော်ဖသို့" ဆိုသည့် စာအုပ် စာမျ (၁၄၉)တွင် –

ဦးစွာသော စစ်ရေးလှုပ်ရှားမှုအဖြစ် လားရှိုးမြို့တ တိုးဝင်လာပြီး ပန်ကျုံတိုက်ပွဲကိုဖန်တီးခဲ့သည်။ ပန်ကျုံတိုက် ဗကပတို့၏ ရည်မှန်းချက်မအောင်မြင်ဘဲ ထိခိုက်ကျဆုံးမှုများ ဆုတ်ခွာသွားကြရသည်ဟု ဖော်ပြရေးသားထားသည်ကို သည်။

စာရေးဆရာသောင်းဝေဦး (ဗိုလ်မှူးကြီးသောင်းဝေ) သားသည့် အမှတ်တရ တိုက်ပွဲများအမှတ် (၈)၊ "မော် တိုက်ပွဲများ" ဆိုသည့် စာအုပ်စာမျက်နှာ (၂၆)မှ (၂၈) အောက်ပါအတိုင်း ဖော်ပြထားသည် ကိုတွေ့ရသည်။





"တိုက်ပွဲများအောင်မြင်၍ စိတ်ဓာတ်တက်ကြွနေသော ဗကပများသည် ၁၉၇၀ ခုနှစ်တွင် လားရှိုးနယ်မြေအတွင်း ရောက်၍ ပန်ကျုံတိုက်ပွဲကြီးကို တိုက်ကြတော့သည်။ တရုတ် အကြံပေးများပါဝင်၍ နယ်စပ်ဒေသ တိုင်းရင်းသားများနှင့် ထားသော ဗကပတပ်များသည် အစကနဦးအောင်ပွဲများကြောင့် တ်ဓာတ်များ တက်ကြွလျက်ရှိ၏။ မြန်မာ့တပ်မတော်ကိုလည်း ထင်သေးကြလေသည်။ ပန်ကျုံတိုက်ပွဲကြီး၌ ဗကပတို့ အထိနာ တချုံးကြီးရှုံးကာ မြောက်ဘက်သို့ ပြန်လည် ဆုတ်ခွာသွားခဲ့ရလေ သည်။ ပန်ကျုံတိုက်ပွဲတွင် အရေးနိမ့်သွားမှ ဗကပတို့သည် မြန်မာ့ တပ်မတော်မှာ သူတို့တွေးထင်ထားသည့် အောက်ခြေတပ်သားများ စိတ်ဓာတ်ကျဆင်းနေသော ကွပ်ကဲမှု ညံ့ဖျင်းသည့်တပ်မျိုးမဟုတ်ဘဲ စပရိယာယ်ကြွယ်ဝသည့် ခိုင်မာသော ဦးစီးကွပ်ကဲမှု အောက်မှ တိုက်ခိုက်ရေးစိတ်ဓာတ်မြင့်မားသော စနစ်တကျလေ့ကျင့်ထားသော တပ်မတော်ဖြစ်ကြောင်း သဘောပေါက်သွားကြလေတော့သည်။ ဗကပများသည် မုံးပေါ် ကြူကုတ် နယ်စပ်သို့ ပြန်လည် ဆုတ်ခွာခဲ့ ရလေသည်ဟု ရေးသားဖော်ပြထားပါသည်။

စာရေးဆရာ တပ်မတော်အရာရှိကြီးများ ရေးသား ထုတ်ဝေခဲ့သည့် စာအုပ်များတွင် အထက်ပါအတိုင်း ပန်ကျုံတိုက်ပွဲ အပေါ် သုံးသပ်ခဲ့ကြသည်ကို ကြည့်ခြင်းအားဖြင့် ပန်ကျုံတိုက်ပွဲသည် အပိုင်းဝင်တိုက်ပွဲကြီးတစ်ပွဲဖြစ်ကြောင်း သိသာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏တင်ပြချက်

ကျွန်တော်သည် ဤပန်ကျုံတိုက်ပွဲတွင် ကိုယ်တိုင် ပါ
တိုက်ခိုက်ခဲ့ပြီး ကျွန်တော် မှတ်မိသမျှ ဖော်ပြရေးသားခဲ့ြ
ဖြစ်ပါသည်။ ကျွန်တော်သည် စာရေးဆရာတစ်ဦးလည်းမဟု
သာမန်စစ်သားဟောင်း စစ်သားအိုကြီးတစ်ဦးသာဖြစ်ပါသည
မြန်မာစာကိုလည်း ဖွံ့ဖြိုးအောင် မရေးတတ်ပါ။ တက္ကသိုလ်တ
ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာဘာသာများဖြင့် သိပ္ပံဘွဲ့ကို ရ
ဖြစ်ပါသည်။

ကျွန်တော်၏ထူးခြားချက်တစ်ခုမှာ ကျွန်တော်သည် လူ
သိတတ်သည့်အရွယ်မှစ၍ သိပ္ပံပညာကို အထူးစိတ်ဝင်စားခဲ့ပါသည
သိပ္ပံဘာသာရပ်များတွင် အီလက်ထရွန်နစ်နည်းပညာကို
စိတ်ဝင်စားပါသည်။ အီလက်ထရွန်းနစ်နည်းပညာနှင့် ပတ်သက်
နိုင်ငံခြားမှ စာအုပ်များ၊ ပြည်တွင်းမှထုတ်သည့် စာအုပ်များ
လည်း အဆက်မပြတ် ဖတ်ရှုလေ့လာခဲ့ပါသည်။ တက္ကသိုလ်
သင်ပေးလိုက်သည့် ပညာရပ်ကို အခြေခံပြီးမှ ဆက်ပြီး လေ့လာ
စမ်းသပ်မှုများလုပ်ခဲ့ပါသည်။ အထက်တန်းပြ ဆရာဘဝတွင်လည
ဓာတ်ခွဲခန်းတွင်သာ အချိန်ကုန်ပြီး စမ်းသပ်မှုများပြုလုပ်ခဲ့သည
အတွက် ဓာတ်ခွဲခန်းပေါက်ကွဲမှု ၂ ကြိမ် ဖြစ်ခဲ့ရာ ၂ ကြိမ်စလုံး
ကံကောင်း၍မသေဘဲ ဆေးရုံတက်ခဲ့ရပါသည်။

တပ်ထဲရောက်သွားသည့်အခါတွင်လည်း ပြတ်မသွားပါ
အားလပ်သည့်အချိန်တိုင်းတွင် စက်များ စမ်းသပ်ပြုပြင်တတ်ပါသည
ကျွန်တော် စိတ်ဝင်စားသည့် အီလက်ထရွန်းနစ်ပညာရပ်ထဲ
ရေဒီယို အသံလွှင့် အသံဖမ်းစက်များကို ပို၍ ပို၍ စိတ်ဝင်စားပါသည်





ကျိုးတော့ရှိပါသည်။ ရှေ့တန်းစစ်ဆင်ရေးများတွင် စစ်ကြောင်း
များ၊ တပ်ခွဲများမှ ဆက်သွယ်ရေးစက်များ၊ ဘက်ထရီအားသွင်းစက်များ
ပျက်လျှင် နောက်တန်းသို့ ပို့ရင်ကြာမည်ဆိုပြီး ကျွန်တော်
သည့်နေရာသို့ အရောက်ပို့ပေးကြပါသည်။ ကျွန်တော့်မှာ
ရှေ့တန်းကိုထွက်တိုင်း စက်ပြင်သည့်ကိရိယာများပါ ယူဆောင်လာ
တက်သည့်အတွက် ကျွန်တော်မှ ဒိုင်ခံ ပြင်ပေးခဲ့ပါသည်။
စစ်ကြောင်းမှူး၊ တပ်ခွဲမှူး၊ တပ်စုမှူးတာဝန်အပြင် ရေဒီယိုစက်ပြင်
တာဝန်ပါယူခဲ့ရသလို ဖြစ်နေပါသည်။ ကျွန်တော် စက်ပြင်သည်ကို
လူကြီးများနားကိုပါ ရောက်သွားပြီး တိုင်းမှူး၊ တပ်မမှူး၊ ဗျူဟာမှူး
တို့မှ သူတို့၏အိမ်တွင် သုံးနေသည့် စက်ပစ္စည်းများ ချို့ယွင်းသည့်
အခါ ကျွန်တော့်အား ခေါ်ပြင်ခိုင်း၍ ပြုပြင်ခဲ့ရပါသေးသည်။
ရေဒီယို၊ ကက်ဆက်၊ ရုပ်မြင်သံကြားစက်နှင့် နာရီများဖြစ်ကြပါသည်။

ယခု အငြိမ်းစားဘဝတွင်ပို၍ အားလပ်ချိန်ရသည့်အတွက်
အပျင်းပြေ၊ အချိန်လည်းဖြုန်းဆိုသလို ဆက်လုပ်နေပါသေးသည်။
ဝါသနာကကြီးလွန်းတော့ သေမှပဲ ပြတ်သွားမည်ဟုထင်ပါသည်။
ကျွန်တော့်တွင် အီလက်ထရွန်းနစ်နှင့်ပတ်သက်သည့် စမ်းသပ်
ကိရိယာ **Electronic Test Equiment** များ အစုံရှိပါသည်။ အပြင်
တွင် မရှိနိုင်သည့်ပစ္စည်းများဖြစ်ပါသည်။ တန်ဖိုးလည်းကြီးပါသည်။
တန်ဖိုးကြီးလွန်းသည့်အတွက် ကျွန်တော် ဝယ်မသုံးနိုင်ပါ။
ကျွန်တော့်လို ဝါသနာကြီးသည့် နိုင်ငံခြားသားတစ်ဦးနှင့် သိကျွမ်းခဲ့
ရာ ၎င်းနိုင်ငံခြားသားမှ မြန်မာနိုင်ငံသို့ တစ်ခါလာတိုင်း စမ်းသပ်
ကိရိယာတစ်ခုစီယူလာပြီး လက်ဆောင်ပေးခဲ့ခြင်းဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စက်မှုသိပ္ပံနှင့် သိပ္ပံ



www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ်များသာ ခေါင်းထဲတွင် အများဆုံးရှိသည့် ကျွန်တော် သည် ကျွန်တော့်ကိုယ်ကျွန်တော် သံသယ ဖြစ်မိသည်။ စာ ဆရာ မဟုတ်သည့်အတွက် ဖြစ်မှဖြစ်ပါ့မလားဆိုသည့် သံသယမ ပင်ဖြစ်ပေသည်။ ကျွန်တော် ပြန်၍စဉ်းစားမိပြန်သည်။

အခုရေးမယ့် တိုက်ပွဲဖြစ်စဉ်ဟာ သူများတိုက်ခဲ့သ ရေးမှာမှမဟုတ်ဘဲ "ကိုယ်တိုက်တိုက် ကိုယ်တိုင်ရေး" တဲ့ဟာ မဖြစ်နိုင်စရာအကြောင်းမရှိနိုင်ဘူး။

ဟု စဉ်းစားမိပြီး ရေးသားရန်ဆုံးဖြတ်ခဲ့ပါသည်။ တကယ် တမ်း ရေးသားသည့်အခါ ကိုယ်ကိုယ်တိုင် တိုက်ပွဲဖြစ်ခဲ့သည့် နေရာကို တကယ်ရောက်ရှိသွားပြီး ကိုယ်တိုင်တိုက်ပွဲကို ပါဝင်နေ သလို စိတ်ထဲတွင် ခံစားမိပါသည်။ ရေးသားရန်အချက်များလည်း တန်းစီပေါ်လာပါသည်။ စိတ်ထဲတွင် ဖြစ်ပေါ်လာသည့် ခံစားချက် အတိုင်း ရေးချသွားခြင်းဖြစ်ပါသည်။ ရေးသားရာတွင်လည်း ချဲ့ကား ခြင်းမရှိ ဖြစ်ရပ်မှန်အတိုင်းသာ ရေးသားခဲ့ပြီး၊ ကျွန်တော်ရေးသည့် စာသားများမှာလည်း ရိုးရှင်းသည်ဟုထင်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်၏ တိုက်ပွဲဖြစ်စဉ်အား အချိန်ကုန် အညောင်းခံပြီး ဖတ်ရှုပေးကြသည့် စာဖတ်သူ အားလုံးအား အလွန်ပင်ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

စာဖတ်သူအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာ ခြင်းတို့နှင့်ပြည့်စုံကြပါစေ။

စာဖတ်သူ တပ်မတော်သားများအားလုံးလည်း ဘေးရ ကင်းရှင်းပြီး ဇွဲသတ္တိပြောင်မြောက်စွာဖြင့် တရားသောစစ်ကို အောင်မြင်သည်ထိ ဆင်နွှဲနိုင်ကြပါစေ။





ပန်ကျုံတိုက်ပွဲတွင် ကျဆုံးသွားကြသည့် စစ်သည်များကို ဂုဏ်ပြုလျက် ...


ဒုဗိုလ်မှူးကြီးညီပု

■



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ဒုဗိုလ်မှူးကြီးမောင်မောင်သန်း

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးရိုးမတွင် ဗကပဗဟိုအား
ချေမှုန်းခဲ့သည့် တပ်မ(၇၇) တပ်မှူး

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးရိုးမတွင် တပ်မ(၇၇)နှင့်(၈၈)မှ

ဦးစီးဖြုလုပ်ခဲ့သော

တောဇစစ်ဆင်ရေးမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



စိကာင်းမြန် ဝမ်ယွင် (ခေါ်)

မျိုးသန့် (ခေါ်) မစိန်ဝင်း (ခေါ်) နို့သစ်လုံးစိန်

www.burmeseclassic.com

www.burmeseclassic.com

# ဗကပဗဟိုဆေးကျောင်းပထမအကြိမ်တိုက်ပွဲ

ရေးသူ – ဒုဗိုလ်မှူးကြီးမောင်မောင်သန်း

## နိဒါန်း

## ဗမာပြည်ကွန်မြူနစ်ပါတီ

တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် ဤသို့စီကာပတ်ကုံး၊ ရေးရလိမ့်မည်ဟု မျှော်လင့်ခြင်းမရှိဘဲ စာရေးသူသည် စစ်သားဘဝနေခဲ့ကာလကပင် ဗကပအကြောင်း ဖတ်၊ မှတ်၊ လေ့လာ၊ သိကောင်းစရာအချက်အလက်များ စုဆောင်းခဲ့ပါသည်။ ဗကပအကြောင်းကို ဗရာဏသီကြိုးနဲ့ချည် (စာရေးသူ၏ ဇာတိ၊ ဝါးခယ်မတွင် ရှည်ရှည်ဝေးဝေးမပြောစေချင်လျှင် ပြောတတ်သောစကား) ပြီး ရေးပဝေဏသီက အကြောင်းတွေ ပြန်မပြောတော့ဘဲ ၁၉၆၃ ခုနှစ် ဒီဘက်မှာက စတင်ပါမည်။

၁၉၆၃ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် တော်လှန်ရေးကောင်စီမှ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းအားလုံးသို့ ပြည်တွင်းငြိမ်းချမ်းရေး ကမ်းလှမ်းသည်။ ဒါဟာ မင်္ဂလာအခွင့်ကောင်း။ ဟိုပါတီ (ဗကပ) က သွားရောက်ဆွေးနွေးသင့်တယ်ဟုဆိုကာ



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၃ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါ ငြိမ်းချမ်းရေးပဏာမ ပြင်ဆင်ရေးအဖွဲ့ကို ဖွဲ့သည်။ ဗကပပ ကော်မတီအတွင်းရေးမှူး ရဲဘော်ဌေးကို ခေါင်းဆောင်စေသည် အဖွဲ့ဝင်များအဖြစ် ရဲဘော်အောင်ကြီး၊ ဗိုလ်ဇေယျ၊ ဗိုလ်စိုးမော ဗိုလ်ပု၊ ရဲဘော်သက်တင်တို့ ပါဝင်စေသည်။ ရန်ကုန်သို့ စေလွှ သည်။ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့တွင် ၎င်းအဖွဲ့ပြည်မြ တစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆိုက်ရောက် သည်။

၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်နေ့တွင် ပီကင်း အဝေးရောက်ကော်မတီဥက္ကဋ္ဌ သခင်ဘသိန်းတင် ခေါင်းဆောင်သော တတိယအသုတ် ရန်ကုန်ရောက်လာသည်။ ပဏာမငြိမ်းချမ်းရေ ကိုယ်စားလှယ်အဖွဲ့ (ရဲဘော်ဌေး) တို့၏ နိုင်ငံရေး၊ စည်းလုံးရေ လုပ်ငန်းများအတွက် အားဖြည့်ပေးရန်ဖြစ်သည်။ ဗကပတို့အနေ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို အကြောင်းပြု၍ ဗကပအကျိုး အတွက် ရနိုင်သမျှအခွင့်အရေးထုတ်ယူရန် ရည်မှန်းသည်။ ဗ ပြည်ဒေသအသီးသီးမှ မြေပေါ်၊ မြေအောက်လက်ဝဲအင်အားစုများ စုစည်းယူရန် စည်းရုံးရေးလုပ်သည့်အနေဖြင့် (၄ • ၉ • ၁၉၆ တွင် ပြည်သူ့ကော်မတီ။ (၆. ၉. ၁၉၆၃) တွင် ပြည်သူ့တိုးတက်ရေ ပါတီ ကရင်အမျိုးသားအဖွဲ့ (အေဘီကေအို)၊ (၁၁. ၉. ၁၉၆၃) တွ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောတို့နှင့် ဆွေးနွေးသည်။

ဗကပတို့သည် အစိုးရနှင့် တစ်ကွဲတစ်ပြားစီ ဆွေးနွေးသည် ထက် တပ်ပေါင်းစုအသွင် ဆွေးနွေးရန် စိုင်းပြင်သည်။ ကေအင် ဥက္ကဋ္ဌ မန်းဘဇံ၊ အတွင်းရေးမှူးစကောလယ်တော၊ ပေါလစ်





အဖွဲ့ဝင် ဗိုလ်ကျင်ဖေ၊ ဗဟိုကော်မတီဝင် ဗိုလ်သန်းအောင်၊ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ရွှေကျင်၊ ကရင်နီတိုးတက်ရေးပါတီ အတွင်းရေးမှူး စောမော်ရယ်၊ ဗဟိုကော်မတီ ဗိုလ်စံလင်းတို့နှင့် တွေ့ဆုံပြီး မ. ဒ. ညႇ. တ ဖွဲ့သည်။ (၁. ၁၀. ၁၉၆၃) တွင် ၎င်းသုံး ပါတီအဖွဲ့နှင့် တော်လှန်ရေးကောင်စီ၊ ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးသည်။ အဆင်မပြေ။ (၁၄. ၁၁. ၁၉၆၃) တွင် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ လုံးဝပျက်ပြားသွား၏။ ဗကပများ လာရင်းနေရာပြန်ကြရာ ဗကပအများစု ပဲခူးရိုးမ ပြန်သည်။ သခင် ဘသိန်းတင်နှင့်အဖွဲ့ ပီကင်းပြန်သည်။

ဗကပတို့ အမြတ်သုံးခု ရလိုက်သည်။ ပထမတစ်ခုမှာ အဝေးရောက်အင်အားအချို့ ပြန်ခေါ်နိုင်ပြီး ပဲခူးရိုးမ၌ အင်းအား မှုနိုင်သည်။ ဒုတိယတစ်ခုမှာ တရုတ်ပြည်နယ်စပ်ကို ကျောချင်း ကပ်ကာ လွတ်မြောက်သည့် သေနင်္ဂပျူဟာ၊ အခြေခံတည်ဆောက်ရန် ယခင်သန်းထွန်းမှ သခင်ဘသိန်းတင်ကို မှာနိုင်သည်။ တတိယတစ်ခု မှာ ပဲခူးရိုးမတွင် ဗကပဗဟိုအခက်အခဲဖြစ်လျှင် ကူပံ့ရန်လည်း အလေးထားမှာကြားလိုက်သည်။

ဗကပတို့ အရှုံး (သုံးခု) ပေါ်သည်။ ပထမတစ်ခုမှာ ပြည် တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ခြင်းသည် ''သူ့ကြောင့်၊ ငါ့ကြောင့် တရားခံရှာကြသည်။ '' သူ့ထက်ငါအပြိုင် ငြင်းခုံကြသည်။ ရဲဘော်ဘတင် (ဂိုရှယ်) က ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက် ရခြင်းမှာ ဗကပကိုယ်စားလှယ်များသည်–

၁။ ငြိမ်းချမ်းရေးဆွေးနွေးပွဲမအတွက် လုံးပမ်းတာမဟုတ်။

၂။ မြေအောက်စည်းရုံးရေး တိုးချဲ့မည်။



www.burmeseclassic.com

www.burmeseclassic.com



၃။ အစိုးရကို အကြပ်ကိုင်သည်။

၄။ အခွင့်အရေး မယူသင့်တာတွေ ယူသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ရတာကို ဗကပ (ပါတီ) က တာဝန်ယူရမည်ဟု အပြတ်အသတ်ပြောသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားပြီးနောက် တိကျသော လမ်းစဉ်တစ်ရပ် မရှိတော့ချေ။ လမ်းစဉ်မရှိသော ကွန်မြူနစ်ပါတီ ဖြစ်နေ၏။ ထို့ကြောင့် ဒုတိယဆုံးရှုံးမှုအဖြစ် ပီကင်းပြန်တို့၏ လွှမ်းမိုးမှုအောက်၊ ပြားပြားမှောက် ကျရောက်တော့သည်။ ဗကပ သည် နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေးတို့တွင် ချွတ်ခြုံကျခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားပြီး ဗကပတို့၏လမ်းစဉ်ကို ဗကပ ပေါလစ်ဗြူရိုတို့ ချမှတ်နိုင်စွမ်းမရှိ။ ပီကင်းမှပေးပို့သော နိုင်ငံရေး စည်းရုံးရေး၊ စစ်ရေးလမ်းစဉ်အတိုင်း ဥက္ကဋ္ဌ၏ တင်ပြချက်ဟု ခေါင်းစဉ်ပြောင်းထုတ်ဝေရသည်။ ပီကင်းပြန်တို့ အာဏာနီတည် ဆောက်သည်။ သေနတ်ပြောင်းဝက အာဏာထွက်သည်။ အာဏာ နီတည်ဆောက်တယ်ဆိုတာ ညှော်သည့် ထမင်းဖိတ်ကျွေးတာ မဟုတ်ဘူး။ ဥပုသ်စောင့်တာ မဟုတ်ဘူး။ ဖာပန်းထိုးတာ မဟုတ် ဘူး။ ကဗျာရွတ်တာ မဟုတ်ဘူး။ ကတ္တရာလမ်းပေါ်မှာ လမ်း လျှောက်တာ မဟုတ်ဘူး။ အကြင်နာတရားပွားရတာမျိုးလည်း မဟုတ်ဘူး။ လူသတ်တာ ... ဟုဆိုကာ အပြစ်မဲ့လယ်သမားကြီး များကို နေ့စဉ်နှင့်အမျှ အစုလိုက် အပြုံလိုက်သတ်သည်။ နေအိမ် များကို လုယက်၊ ဖျက်ဆီး၊ မီးရှို့သည်။ 'အ' သုံးလုံးပေါ်လစီဖြင့် (အကုန်သတ်၊ အကုန်မီးရှို့၊ အကုန်လုတော့) သည်။ တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုတို့ကို ဘက်





ပါင်းစုံမှ နည်းမျိုးစုံဖြင့် ဖျက်ဆီးတော့၏။ ဆင်းရဲကို အခြေခံ ချမ်းသာကို လက်တွဲ။ မြေရှင်ကို ဦးတည်တိုက်ဟု ဟစ်ကြွေးသည်။ ၎င်းတို့မူဝါဒလမ်းစဉ်ကို ဆန့်ကျင်လျှင် မထောက်ခံလျှင် လူဆို ကျင်း၊ နွားဆိုဟင်း၊ လှည်းဆို ထင်းဖြစ်သည်။ ပေါက်ခေါင်းဒေသရှိ ဘုရား၊ ကျောင်းကန်များ ဖျက်၊ ဘုန်းတော်ကြီးကျောင်းများ လူထွက်စေသည်။ ဘုန်းတော်ကြီးများ၏ သင်္ကန်းကို လုယူကြပြီး ဗကပ (အမျိုးသမီး)များ ထမီနှင့်အင်္ကျီ ချုပ်ဝတ်ကြသည်။ ပေါက်ခေါင်းဒေသရှိ ကောင်းစီကျေးရွာကို ဒုတိယပီကင်းမြို့တော်ဟု ကြေငြာသည်။ ပေါက်ခေါင်းမြို့နယ်အတွင်း၌ အာဏာနီ၏ စစ်စည်း ပိုင်းဒေသများ ဖွဲ့စည်းသည်။ ပီကင်းပြန်တို့၏ တက်ကြွလန်းမှု ကြောင့် ဥက္ကဋ္ဌ သခင်သန်းထွန်းကိုယ်တိုင် စိတ်ကြီးဝင်ပြီး ၄ နှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်းရေးဆွဲသည်။ လာမည့် လေးနှစ်တာကာလအတွင်း တစ်ပြည်လုံးတွင် ကျေးလက်ဒေသပိုင်းကို သိမ်းရန် မြို့များကို ဝိုင်းရံထားရန်၊ လမ်းများကို ဖြတ်တောက်ထားရန်၊ ရန်ကုန်ကို ဝိုင်းထားရန် ...ဟု ထည့်သွင်းရေးဆွဲသည်။

တတိယဆုံးရှုံးမှုအဖြစ် ပဲခူးရိုးမတိုင်းကို ဖွဲ့သည်။ ပဲခူးရိုးမ တိုင်းကို ဗကပဗဟို၏ အာရုံစိုက်ရာ ဒေသအဖြစ် သတ်မှတ်သည်။ ဗဟိုသည် သာယာဝတီမြောက်၊ ပြည်အရှေ့၊ တောင်ငူအနောက် ခြမ်းတွင် ရှိရမည်။ တောင်ငူမြောက် ရေတာရှည်ဒေသကို ဗဟို အတွက် အရန်ဒေသသတ်မှတ်သည်။ ၎င်းဒေသတွင် အထူးလက် ရုံးကိုင်စည်းရုံးရေးအဖွဲ့ ထားရှိမည်။ သခင်သန်းထွန်းသည် ပြီးပိုယ်မိမိ သတ်ကွင်းသွင်းသည်။ ဂွင်သွင်းသည်။ ဗကပဗဟို ချွင်းဘွင်းကြီး ပေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



(စာရေးသူ၊ ဤ၌ ဤမျှ ရှည်လျားထွေပြားစွာ ဗကပ… အကြောင်း ရေးသားတင်ပြခြင်းမှာ ဗကပ ရာဇဝင်ကို တ… နေခြင်းမဟုတ် (မဟုတ်)ပါ။ အဘယ်ကြောင့် စာရေးသူတို့ မိ… တပ်ရင်း ခလရ (၆) သည် ပြည်၊ သာယာဝတီ၊ ပေါက်ခေါ… ပေါင်းတည်၊ ပေါင်းတလည်ဒေသကို မော်နိုင်၊ ပြည်သာယ… စစ်ဆင်ရေး အမည်များဖြင့် နှစ်ကျော့ပြန်၊ ဝင်ရောက်ခဲ့ကြရသည်… စာဖတ်သူတို့ မြင်သာထင်သာစေရန် ဖြစ်ပါသည်။ ဤကာ… စကားချပ်)

❖ ❖ ❖





## ဗကပ ဗဟိုဆေးကျောင်း (ပထမ) အကြိမ်တိုက်ပွဲ

စာရေးသူတို့ မိခင်တပ်ရင်း ခလရ (၆) သည် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လမှ နိုဝင်ဘာလကုန်အထိ အမှတ် (၈၈) ခြေမြန် တပ်ရင်းလက်အောက်တွင် 'မော်နိုင်စစ်ဆင်ရေး' အဖြစ် သာယာ ဝတီခရိုင်၊ တောင်ညိုဒေသ၌ ဗကပဗဟိုကို စစ်ဆင်ရေးဝင်ရောက် ခဲ့သည်။ ပဲခူးရိုးမအနောက်ခြမ်းဖြစ်သည်။ ရိုးမအနောက်တွင် ယရက်၊ သာယာဝတီ၊ ပြည်၊ မှော်ဘီခရိုင်တို့ တည်ရှိသည်။ ရိုးမအရှေ့တွင် တောင်ငူ၊ ပဲခူးခရိုင်များ တည်ရှိသည်။ မြန်မာပြည်၏ အဓိကရိုးကြီးသုံးခုအနက် အလယ်ရိုးသွယ်ကြီးဖြစ်သည်။ ပဲခူးရိုးမ သည် မြန်မာပြည်တောင်ပိုင်း သိဂုတ္တရကုန်းတော်မှသည် မြန်မာ ပြည်မြောက်ပိုင်း အပူပိုင်းဇုန်သို့ ဆိုက်ရောက်သည်။ အလျားမိုင် ၁၅၀၊ အချင်း ၁၅ မိုင်မှ မိုင် ၄၀ ထိ ကျယ်ပြောသည်။ ဧရာဝတီနှင့် စစ်တောင်းမြစ်နှစ်သွယ်ကြားရှိ ကျယ်ပြန့်သော တောင်ကြောကြီး ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၀၀ မှ ၂၂၂၀ ထိ ရှိသည်။ ရန်ကုန်– မန္တလေးကားလမ်း၊ ရန်ကုန်၊ ပြည် ကားလမ်းမကြီး နှစ်ခုကြား မီးရထားလမ်းလေးခုအလယ်တွင်



www.burmeseclassic.com

www.burmeseclassic.com



တည်ရှိသည်။ လျှိုမြောင်စိမ့်စမ်းပေါများသည်။ ထူးခြားချက်မှာ ပဲခူးရိုးမတွင် အရှေ့မှအနောက်၊ အနောက်မှ အရှေ့သို့ ကန့်လန့် ဖြတ်စီးဆင်းသည့် မြောင်ကြီးများ၊ ချောင်းကြီးများ ပေါများသည်။ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် စသော သစ်တောကြီးများ ဝါးတောကြီးများ ဖုံးအုပ်လျက်ရှိသည်။ မှိုင်းမှိုင်းညို့ကာ စိမ်းလန်း စိုပြည်သည်။ ရာသီအလိုက် ဖူးပွင့်ဝေဆာနေသဖြင့် ပန်းစုံတော ကြီးဖြစ်နေသည်။

တောရိုင်းတိရစ္ဆာန် ဆင်၊ ကျား၊ ဝက်ဝံပေါများသည်။ တစ်ရွာနှင့်တစ်ရွာ၊ တစ်ဒေသနှင့်တစ်ဒေသ ဆက်သွယ်ရေး အလွန် ခက်ခဲ ..ည်။ လူ၊ တိရစ္ဆာန်သွားရန် ကျဉ်းမြောင်းသောလမ်းလေး များသာ ရှိသည်။ ပဲခူးရိုးမတွင် အစုအဝေးအလိုက် နေထိုင်သော လူမျိုးများမှာ အများစု (ဗမာ) ရဘီးနွယ်များဖြစ်သည်။ ပဲခူးရိုးမ အရှေ့ တောင်ငူ၊ ညောင်လေးပင်ဒေသတွင် ကရင်လူမျိုးများ အများစုနေထိုင်သည်။ ပဲခူးရိုးအနောက် သာယာဝတီ၊ ပြည်ခရိုင် ဒေသတွင် ကရင်နှင့်ရှမ်း၊ ပြည်၊ အောင်လံဒေသတွင် မြေပြန့်ချင်းများ နေထိုင်ကြသည်။ လူဦးရေ စုစုပေါင်း ၃ သန်းခန့်ရှိသည်။

ဆန်စပါးပေါကြွယ်ဝသည်။ ဒေသခံလူထုမှာ ရိုးသားအေး ဆေးကြသည်။ ညီညွတ်မျှတသော ရာသီဥတု၊ ထွက်ရှိသော သစ်သီးဝလံ ပန်းမန် ပေါများသော သား၊ ငါး၊ သဘာဝအလျောက် ပေါကြွယ်သည့် ကျေးဇူးကြောင့်သာရကာတို့နှင့် ထမင်းခြိမ်းခဲ ရေဆမ်း၊ ယပ်ခတ်ပြီးစားမည်ဟူသော တောင်ပေါ်၊ တောင်အောက် မခွဲခြား၊ သာတူညီမျှအတူလက်တွဲနေထိုင်သည့် ရိုးမသူ၊ ရိုးမသား များဖြစ်ကြသည်။ ထိုသို့သော ပထဝီအနေအထား၊ တောတောင်





ရေမြေအနေအထားအရ ပဲခူးရိုးမသည် မဟာဗျူဟာအရ အလွန် အရေးပါသည်ဟု သုံးသပ်ကာ ၁၉၅၈ ခုနှစ်မှစ၍ ဗကပ (ဗမာ ကွန်မြူနစ်ပါတီ)တို့ စတင်ခြေကုပ်ယူခဲ့သည်။

## ကိုယ့်တပ်ကို ကိုယ်၊ စစ်တိုက်၍ ကောင်းအောင်လုပ်၊ ဗိုလ်မှူးကြီးတင့်ဆွေ (၇၇ တပ်မမှူး)

မိခင်တပ်ရင်း ခလရ (၆) သည် တပ်မများပြန်လည်ဖွဲ့စည်း ရာတွင် တပ်မ (၈၈) မှ တပ်မ (၇၇) သို့ ပြောင်းရွှေ့တာဝန်ထမ်းရသည်။ (၁၁-၁၂-၆၇) မှ (၃၁-၆-၆၈) ထိ ''ပြည်သာယာ စစ်ဆင်ရေး'' ကို အမှတ် (၇၇) ခြေမြန်တပ်မက ဦးစီး၍ ပြည်၊ သာယာဝတီ ခရိုင်အတွင်း ဗကပ (ဗဟို) ချေမှုန်းရေးကို စစ်ဆင်ဆောင်ရွက် ရာတွင် ခလရ (၆) ပါဝင်ပြန်သည်။ အထက်ပါစကားစုသည် အမှတ် (၇၇) ခြေမြန်တပ်မမှူးဗိုလ်မှူးကြီး တင့်ဆွေ(ငြိမ်း) (ဗိုလ်မှူး ချုပ်) မှာကြားခဲ့ခြင်းဖြစ်သည်။ မိခင်တပ်ရင်းအနေဖြင့် မော်နိုင် စစ်ဆင်ရေး ဝင်ရောက်ခဲ့သဖြင့် သာယာဝတီခရိုင်၊ တောင်ညိုဒေသ ကို ကျွမ်းသည်။ မြေအနေအထားကို ကျက်မိသည်။ ဒေသခံ ပြည်သူများအကြောင်းကို သိသည်။ ဗကပ၏ လူဆို ကျင်း၊ လှည်းဆို ထင်း၊ နွားဆို ဟင်း ဟူသော အကြောက်တရားကြောင့်သာ ကြောက်ကြွတ်ခံနေကြရသည်။ ဗကပကို မကြိုက်၊ ခဏတာတွေ့ရ ပေါင်းရ၊ လက်တွဲလုပ်ဆောင်ရသော်လည်း တပ်မတော်ကို ကြိုက်သည်။ တပ်မတော်ကမေးလျှင် ပြောချင်သည်။ မပြောရဲ။ ..ပ..င်းပေးချင်သည်။ မပေးရဲ။ သူ့လူ ကိုယ့်လူတွေက ရွာတွေမှာ ရောပြွမ်းနေသည်။ စာရေးသူတို့ တပ်မတော်သားများက သ..င်း



www.burmeseclassic.com

www.burmeseclassic.com



မေးလျှင် လက်ကာပြသော်လည်း ရွာလူထုက ပြုံးပြသည်။ သတိ
တာ မမှားဘူးပေါ့နော်ဟု အရိပ်အမြွက်လောက်ပြောသည်။ ဗက
ကို လိုလားသူများကျတော့ တပ်လာလျှင် စာမတတ်၍ မရေးတ
လျှင်၊ ခဲတစ်လုံး(တစ်ယောက်)၊ ရဲဘော်တစ်ယောက်ဖြတ်တိုင်း
ခဲတစ်လုံးချပြီး ဗကပလာသည့်အခါ တပ်အင်အား ဒီလောက်လ
ကြောင်း၊ ခဲပုံကို လက်ညှိုးဖြင့် ထိုးပြခြင်းဖြင့် သတင်းပေးကြရသည်
ထို့ကြောင့် တပ်မမှ ရွာတွင် စခန်းမချရန် ရွာသားလမ်းပြမသုံး
သံလိုက်အိမ်မြှောင်နှင့်ချိတက်ရန် အမိန့်များထုတ်သည်။ စာရေး
တို့ တပ်ခွဲများသည် တောတွင်းမှာနေ၊ တောထဲမှာစား၊ ဒေသ
ရွာသူရွာသားတို့နှင့် မထိတွေ့ဖန်များလာသည့်အတွက် ရန်
သတင်းဝေးလာသည်။ မျက်စိပိတ်၊ နားပိတ် ဖြစ်လာသည်
ထိုအခါ တပ်ခွဲမှူးများ အစီအစဉ်ဖြင့် ရန်သူ့သတင်းရရှိရေးအတွ
တပ်စုမှူးများ တိုက်ကင်း၊ ထောက်ကင်း သွား၍ ရွာတစ်ရွာရော
လျှင် အနည်းဆုံးတစ်ယောက် ကိုယ့်လူဖြစ်အောင် ကိုယ့်ကို ကျ
ချင်အောင်၊ ကိုယ့်စကားနားထောင်အောင်၊ ပေးကမ်း သိမ်းသွ
ဆေးဝါးကုသပေးသော နည်းလမ်းပေါင်းစုံနှင့် မွေးမြူစည်းရုံးကြ
အမိန့်ထုတ်သည်။ ထိုစဉ်က တပ်စုမှူးဖြစ်သော စာရေး
ဘန့်ဘွေးကန်ရွာမှ ခရစ်ယာန်သင်းအုပ်ဆရာ ဦးပန်းနွယ်န
ခင်မင်အောင် ပေါင်းသည်။ နို့ဆီ၊ သကြား၊ လက်ဖက်ခြော
ပေးသည်။ ဦးပန်းနွယ်က တောကြက်ဥ၊ တောကောင်သားကော
ယာထွက်သီးနှံပြန်ပေးသည်။ ထို့နောက် ရန်သူ့သတင်းစုပါသည်

ဦးပန်းနွယ်နေထိုင်သော ဘန့်ဘွေးကန်ရွာသို့ တစ်
ရောက်ရှိသည်တွင် ဦးပန်းနွယ်က ''ဟော ... ဗိုလ်ကြီး ဒီစာ





ကြည့်ပြီး အဓိပ္ပာယ်ပြောပြစမ်းပါ'' ဟု ဦးပန်းနွယ်က စာရေးသူကို ပြော၍ စာခေါက်လေး တစ်ခုကိုပြသည်။ ဖတ်ကြည့်သည့်အခါ ''မေတ္တာဆိုတာ၊ အလျားအနံ မရှိပေမယ့် အသွားအပြန်တော့ ရှိပါတယ်နော်'' ဟု ရေးသားထားသည်ကို တွေ့ရပါသည်။ ဖတ်မိသည်နှင့် ၎င်းစာမှာ **Newton's 3rd Law** နယူတန်၏ တတိယဥပဒေကို ရေးသားထားခြင်းဖြစ်ကြောင်း စာရေးသူသိပါသည်။ *(It every action, there is always equal and opposite reaction)* ဟူ၍ ဖြစ်ပါသည်။ မေတ္တာအကြောင်း၊ ဖွဲ့ကြွဲ့ကြပြီဆိုလျှင် မေတ္တာဟူသည် အလျားအနံမဲ့သည့်တိုင်၊ အသွားအပြန်ရှိစမြဲဟု ဆိုပါသည်။ ဦးပန်းနွယ်ကိုမူ နယူတန်၏ တတိယဥပဒေသတွေ ဘာတွေ အသေးစိတ်မပြောပြတော့ဘဲ တစ်ဦးမေတ္တာ တစ်ဦးမှာ အသွားအပြန်ရှိကြောင်း သူ နားလည်လွယ်အောင် ပြောပြပါသည်။ ဦးပန်းနွယ်က သဘောကျသွားသည်။ ဒီစာ ဘယ်ကရတာလဲ၊ ဘယ်သူရေးတာ၊ ပေးတာလဲ ဟု မေးရာတွင် သူ့သမီးလွယ်ပလိုင်းထဲမှ ရကြောင်း သူ့သမီးမှာ ချစ်သူရှိနေပြီဖြစ်ကြောင်း၊ မကြာမီကျရောက်မည့် ခရစ္စမတ်ကာလတွင် စိတ်အေးရအောင် ဒီစာရေးတဲ့ ခရစ်ယာန်ကောင်လေးနှင့် ထိမ်းမြားပေးတော့မည့်အကြောင်းတွေ ဦးပန်းနွယ်က ပြောပြသည်။ သူ့သမီးတို့ မင်္ဂလာဆောင်လျှင် စားဖို့ မွေးထားသော ဝက်ကို လိုက်ကြည့်ပါဦးဟု စာရေးသူကို သူ၏ဝက်ခြံသို့ခေါ်ပြရာတွင် စာရေးသူ အံ့ဩလွန်း၍ မျက်လုံးပြူးသွားပါသည်။

အချိန်တစ်ဆယ်ကျော် ဝက်မကြီး၏နို့ကို ခွေးပိန်လေးတစ်ကောင်မှ စို့နေပြီး



www.burmeseclassic.com

www.burmeseclassic.com



– အမဲလိုက်ခွေးမ ပုပုသေးသေးတစ်ကောင်၏ နို့ကို ဓါ
သားပေါက် ဝဝတုတ်တုတ်လေးမှ စို့နေသည်။

– မေတ္တာဆိုတာ အသွားအပြန်ရှိတယ်ဆိုတာ ဒါမျိုးလား
ဦးပန်းနွယ်က မေးပါသည်။ စာရေးသူ ဦးပန်းနွယ်ကို ဘာ
ပြန်မပြောတော့ပါ။ ဝမ်းသာကြည်နူးခြင်းဖြင့် တပ်ခွဲစခန်း
နေရာသို့ ပြန်ခဲ့သည်။ စာရေးသူ၏အတွေးတွင် မေတ္တာ
ဟူသည် ပဲခူးရိုးမတောကြီးမျက်မည်းထဲတည်းရှိတာ ပါ
လား။ တိုက်ပွဲအတွက် သတင်းစုပါတယ်ဆိုမှ ဦးပန်းနွယ်၏
သမီး 'နန်း'၏ မေတ္တာဇာတ်လမ်းက ရောပွမ်းပါလာ
ရသေးတယ်ဟု တစ်ယောက်တည်း သဘောကျနေမိပါ
တပ်ခွဲမှူးနှင့် တွေ့ဆုံသည့်ခါ ယင်းအတွေ့အကြုံ
ပြောပြပါသည်။ တပ်ခွဲမှူးက 'နန်း' အကြောင်း 'ပန်း'
အကြောင်းတွေ ခဏထားဦး၊ တပ်ရင်းမှူးထံမှ လာသော
ဒီကြေးနန်းကို ဖတ်ကြည့်ဟု ပေးပါသည်။ ကြေးနန်းမှာ

ပ။ ရတ ခလရ (၆)

လ။ ခွဲ (၃)

တစ်။ ရတ–ခလရ(၆)ခွဲ (၁)မှ ဒုဗိုလ်သန်းထွန်းစိုး
ဦးစီးတပ်စုတစ်စုသည် ပြည်ခရိုင်အရှေ့ခြမ်း၊ ပေါင်းတည်မြို့နယ်
'ငပေါ'ရွာအနီး၌ နယ်မြေရှင်းလင်းစဉ် (၂၅–၁၂–၆၇) ရက်
၀၉၀၄ ချိန် ဗကပ ပြည် ခရိုင်ကော်မတီဝင်နှင့် ပေါင်းတည်မြို့နယ်
အတွင်းရေးမှူးအေးဘို (ခ) ဘိုအေး ခေါင်းဆောင်သော အင်အား
၂၀ နှင့် တွေ့ဆုံတိုက်ပွဲဖြစ်။

နှစ်။ အေးဘို (ခ) ဘိုအေးနှင့် တပ်သားများဖြစ်သော





ကျော်ထွန်း၊ ထွန်းခင်၊ ချစ်လှနှင့် ကျော်မြင့် တို့အား လက်နက်ငယ်
၅ လက်နှင့်အတူ အသေရမိ။

သုံး။ ၎င်းတို့ထံမှ ရမိသော စာရွက်စာတမ်းများမှ
ဗကပဥက္ကဋ္ဌ သခင်သန်းထွန်း၏ မှတ်ချက်အား သိရှိနိုင်ရန်ပေးပို့သည်။

"ဖော်ပြစ –

– နေဝင်း၊ စန်းယု စစ်အုပ်စုဟာ ခလရ (၆) ကို တော်တော်အားကိုးတယ်။ ခလရ (၆) ဟာ သာယာဝတီခရိုင်၊ တောင်ညိုဒေသကို တပ်မ (၈၈) အဖြစ်နဲ့ ဝင်ပြီးသား။

– အခုအမြီးပေါက်ပြီး၊ တပ်မ (၇၇) အဖြစ်နဲ့ ပြည်၊ သာယာဂွင်ကို ပြန်ဝင်လာ။ သူ့ကို သတိထား၊ တို့ အဓိကဦးတည်တိုက်ရမည့် ရန်သူသည် တပ်မ (၇၇) ဖြစ်သည်။ ဖော်ပြဆုံး"

ဟူ၍ ဖြစ်ပါသည်။

ထို့ပြင် ဆက်သွယ်ရေးစက် တာဝန်ခံ တပ်ကြပ်မှစာရေးသူအား စာတိုတစ်စောင်၊ လာပေးပါသည်။

ပ။ ခွဲ (၁)

လ။ ခွဲ (၂)၊ ခွဲ (၃)၊ ခွဲ (၄)

စာတို။ ကျင်းလုံမှ မောင်မောင်သန်းအတွက်၊ အေးဘိုထံမှ ရရှိသောစာရွက်စာတမ်းတွေထဲက –

– ဒုဗေဒါ (ဒုဗိုလ်) မာလာ၊ မာလာ သူဇာ(မောင်မောင်သန်း) နှင့် စုတစ်စု၊



www.burmeseclassic.com

www.burmeseclassic.com



– ဒုပေဒါ (ဒုဗိုလ်) မာလာ၊ မာလာ (မောင်မောင်)
စုတစ်စု၊
– ဒုပေဒါ (ဒုဗိုလ်) စပါယ်၊ ဝက်ဝံ၊ အာလူး (စိန်ဝင်းအော
နှင့် စုတစ်စု)

ဆိုတဲ့ ကြေးနန်းကြားဖြတ် ဖမ်းတဲ့စာတွေ တွေ့ရတယ်၊
– သတိရှိကြရန်

ကျင်းလုံ

(ဒုဗိုလ်သန်းထွန်းစိုးနိုင်၏ငယ်မည်)။

(ဒုဗိုလ်သန်းထွန်းစိုးနိုင် (ကွယ်လွန်) သည် စာရေးသူ
**OTS 36** အပတ်စဉ်အတူ ဖြစ်ပါသည်)

မှတ်ချက်။ ဒုဗိုလ်မောင်မောင်သန်း(စာရေးသူ)
ဒုဗိုလ်မောင်မောင် (ဗိုလ်မှူးချုပ်မောင်မောင်) (ငြိမ်း)
ဒုဗိုလ်စိန်ဝင်းအောင် (ဗိုလ်မှူးကြီးစိန်ဝင်းအောင်) (ငြိမ်း
တို့ဖြစ်ပြီး မိခင်တပ်ရင်း အတူတူဖြစ်ပါသည်။

စာရေးသူတို့ တပ်မတော်သားများသည် တစ်ဦးနှင့်တစ် အလွန်ချစ်ခင်ကြသည်။ သံယောဇဉ်ကြီးကြသည်။ ရှေ့တ စစ်မြေပြင်တွင် တာဝန်အတူတူထမ်းဆောင်သူအချင်းချင်း၊ သတ ဖလှယ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် စစ်ရေးသ မလစ်ဟင်းကြစေရန် ဤသို့ သတင်းဖလှယ်လေ့ရှိပါသည်။

တပ်စု၊ တပ်ခွဲ နားနေကြပြီဆိုလျှင်လည်း အလကားမ စစ်ရေးအခြေအနေ ဆွေးနွေးကြသည်။ ယင်းသို့ဆွေးနွေးရာတွ တစ်သဘောတည်း တူညီချက်မှာ ဗကပကို စစ်ရေးနည်းတစ်ခုတည် မဟုတ်ဘဲ နိုင်ငံရေး နည်းပရိယာယ်ဖြင့်ပါ တိုက်ရမည်။ တိုက်သ





သည်။ ဗကပက သေနတ်ပြောင်းဝက အာဏာ ထွက်သည်ဆို သည်။ ကျွန်တော်တို့တပ်မတော်သားတို့၏ သေနတ်ပြောင်းက ငြိမ်းချမ်းရေးတေးကို ဆိုသည် ဟု ပြောမည်။ ဗကပလက်ထဲမှာ ရှိတာက လက်နက်၊ မရှိတာက တရားဥပဒေ။ တို့တပ်မတော်၏ ငြိမ်းချမ်းရေး တေးသွားများမှာ တရားသောစစ်။ ပြည်သူကို ရေပူရေချမ်းကမ်းလှမ်းဖို့၊ ပြည်သူကိုထိလျှင် မချိအောင် နာမည်ဆို တာ တို့ဖြစ်သည်။ ယင်းသို့ဆွေးနွေးနေကြစဉ် ခပ်လှမ်းလှမ်းမှ ဒိန်း ... ဒိန်း ... ဟူသည့် သေနတ်သံ နှစ်ချက်ပေါ်ထွက်လာသည်။ စနိုးအနားပတ်ဝန်းကျင်တွင် ဘေးနံတပ်မရှိ။ တူမီးသေနတ်သံ မဟုတ်။ သေနတ်သံသည် အသံအုပ်သွားသဖြင့် (သက်ရှိ) တစ်ခုခုကို မှန်သောအသံဟု ခန့်မှန်းရသည်။ တပ်ခွဲမှူး ဗိုလ်ကြီး မောင်ကြယ်က စာရေးသူ၏တပ်စုအား၊ နယ်မြေထောက်လှမ်း၊ သတင်းစုံစမ်းရင်း၊ တိုက်ကင်းထောက်ကင်း သွားရန် တာဝန်ပေး သည်။ ထိုစဉ်က ယင်းသေနတ်သံများသည် စာရေးသူအတွက် မျိုးဦးပေါက်တိုက်ပွဲခေါ်သံမှန်း မသိခဲ့ပါ။

တိုက်ပွဲမဖြစ်မီ သေနတ်သံကြားသောနေရာကို ပဲခူးရိုးမတွင် ရှာရသည်မှာ ရန်ကုန်မြို့မှာ အမေ့ထံ ပေးရန်ဟူသည့် စာပမာဖြစ်နေ ပေတော့သည်။ တဝဲဝဲ တလည်လည်နှင့် ပန်းနွယ်တို့ရွာ၊ ဘန့်ဘွေး ကန်ရွာသို့ ရောက်သွားသည်။ ရွာအထွက်တွင် ပန်းနွယ်ကိုတွေ့ သည်။ ဟော့ ... ဖထီးဘာလုပ်နေတာလဲဟု မေးသည့်ခါ ဘာမှ ပြန်မပြော။ ငုတ်တိုင်လေးများသာ စိုက်နေသည်။ ပန်းနွယ်၏ ပျက်နှာမကောင်း၊ နေကောင်းဘူးလား၊ ဘာဖြစ်သလဲ၊ သေနတ်သံ နှစ်ချက်ကြားတယ်။ ဘယ်ကလဲ၊ တောလာသလား (တော=ဗကပ)။



www.burmeseclassic.com

www.burmeseclassic.com



မြို့=တပ်မတော် ဟု ခေါ်ကြသည်။) ပန်းနွယ်စကားတစ်လုံး တစ်ပါဒမှ ပြန်မဖြေဘဲ ရွာဘက်သို့ လက်ညှိုးညွှန်ပြီး ပြန်သွားသည်။ စာရေးသူတို့လည်း သူ့နောက်က ကပ်လိုက်သွားကြရာ ဦးပန်းနွယ်၏ ဝက်ခြံသို့ရောက်ကြပါသည်။ ဝက်မကြီး ကော၊ ဝက်သားပေါက် ကော၊ အမဲလိုက်သည့်ခွေးမကော၊ တစ်ကောင်မှ မရှိတော့၊ ဝက်မကြီးနှင့်စို့သော ခွေးပိန်ပိန်လေးသာ တအီအီအော်ရင်း ကျန်ရှိ သည်ကို တွေ့ရသည်။ ပန်းနွယ်က ခြေဟန်လက်ဟန်နှင့် ဝက်မကြီး နှင့် ဝက်သားလေးကို တောကလာ၊ သေနတ်နှင့်ပစ်ခတ်၊ သယ် ဆောင်သွားကြောင်း အမဲလိုက်ခွေးမကြီးက ခြုံခုန်ထွက်ပြေးကြောင်း ဖြစ်ကြောင်းကုန်စင်ကို ပြောပြသည်။ မလုပ်ပါနဲ့လို့ မတားဘူးလား ဖထီးရယ်ဟု မေးသည့်ခါ တားတာပေါ့ ဗိုလ်ကြီးရယ်။ တားတာ လေ ထိုက်မကန်တော့ရုံတစ်မယ်ပါပဲ။ သီတင်းကျွတ်ရင် ငါ့သမီး မင်္ဂလာဆောင်မယ်။ 'နတ်စား' ဖို့ မွေးထားတာပါ။ မလုပ်ပါနဲ့ စားဖို့လိုရင် ဝက်အစားပြန်ရှာပေးပါ့မယ် အတန်တန်တားတဲ့ကြားက ဝက်မကြီးကော ဝက်သားပေါက်လေးကော ပစ်သတ်သယ်ဆောင် သွားကြတာဟု ပန်းနွယ် မျက်ရည်လေးတလည်လည်နှင့် ပြောပါ သည်။ တောက ဘယ်အဖွဲ့လဲဟု ဆက်မေးရာ ဗကပ ဗဟို ဆေးကျောင်းမှဖြစ်ကြောင်း၊ တစ်သက်လုံး ငါတို့သိမ္ဗ မြို့ကလာရင် ဘယ်တော့မှမပြောခဲ့ကြောင်း၊ ယခု ပြော တော့မည်ဖြစ်ကြောင်း၊ ပြောရုံတင်မက သူတို့ရှိတဲ့နေရာကို လိုက်ပြမည်၊ ကုန်အောင်သာ လုပ်ကြ၊ ငါ့မိသားစုကိုလည်း နက်ဖြန် မြို့ပေါ်ပြေးကြတော့မယ် မှာထားပြီးပြီဟု ပြောပါသည်။ ခြုံခုန်ထွက်ပြေးသွားသည့် သူ့တော လိုက်ခွေးမ ပြန်လာအောင် စောင့်ပါဟု ပန်းနွယ် တောင်းပန်သည်။





(စာရေးသူအနေဖြင့် ဘန့်ဘွေးကန်ရွာမှ ဖထီး၏အမည် ပန်းနွယ် ဟူသော ဝေါဟာရကို မမေ့ခြင်းမှာ ထိုစဉ်က တွံ့တေးသိန်းတန်၏ ပန်းနွယ်ကစိမ်း သီချင်းခေတ်စားသောကာလ ဖြစ်၍ ဖြစ်ပါသည်။) (ကျကား ... စကားချပ်)

တပ်ခွဲမှူးထံ အခြေအနေအရပ်ရပ်ကို စက်ဖြင့် တင်ပြသည်။ ပန်းနွယ်ကိုပါခေါ်ပြီး ပြန်လာရင် တပ်ခွဲ မှူးမှ ညွှန်ကြားသည်။ ပန်းနွယ်ကို စာရေးသူနှင့်တစ်ပါတည်း လိုက်ပါရန်ပြောသည်။ ခြုံခုန်ပြေးသွားသည့် သူ့ ခွေးမ ပြန်မရောက်လျှင် မလိုက်နိုင်ကြောင်း၊ လိုက်ပါလည်း ဘာအကျိုးမှရမည် မဟုတ်ကြောင်း၊ လမ်းပြမှာက သူ မဟုတ် သူ့ခွေးသာဖြစ်ကြောင်း ပန်းနွယ်က ပြောသည်။ ခွေးက ဗီလောက်ပဲအရေးကြီးသလား ဖထီးရယ် ဟု စာရေးသူက ပြောသည်တွင် သူ့ခွေးမကို ရွှေနှင့်မလဲနိုင်၊ သူတို့တစ်အိမ်သားလုံးကို ရှာဖွေကျွေးမွေးနေသည်မှာ သူ့ခွေးမဖြစ်သည်။ ခွေးမသည် ပိန်ပိန် ပသေးသေး ပုပုလေး ဖြစ်သည်။ ခွေးဖြစ်သော်လည်း ရေကူးတတ်၊ ငုတ်တတ်၊ ငါးဖမ်းတတ်သည်။ သစ်ပင်တက်တတ်သည်။ အနံ့ခံ အလွန်ကောင်းသည်။ ဖထီးတို့အိမ်၊ မီးဖိုချောင်တွင် စားစရာ ဟင်းရံအကုန်ကို သူ့ခွေးမက ရှာကျွေးသည်၊ ဖထီးအား၍ တူမီးကိုင်လျှင် ခွေးမက ရှေ့ကသွား သည်။ လမ်းရှေးပေးသည်။ အချက်ပြသည်။ သူရပ်လျှင် ရပ်၊ သူသွားလျှင် သွား။ တောကောင် ရှိရာအရပ်ကို မျက်နှာမူ၊ ရပ်ပြ၊ ဝပ်ပြသည်။ ကရင်စကား ကောင်း ကောင်းနားလည်သည်။ သူရှိသမျှ ဘယ်တော့မှ ထမင်း မငတ်နိုင် ဟု ခွေးပုံပြင်အရှည်ကြီး ပန်းနွယ်ရွတ်ဆိုသည်။ တော်ပါတော့ ဖထီးရာ။ ခင်ဗျားဟာ မဆုံးနိုင်ဘူးဟု စာရေးသူ ပန်းနွယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောဆဲတွင် ခြံခုန်ထွက်ပြေးသွားသော ပန်းနွယ်၏အမဲလိုက်မု
ခွေးမ အမောတကောနှင့် ပြန်လာသည်။ ဖထီး ပန်းနွယ် ခွေးမ
နှင့် ဖထီး၏တူ တောလိုက်ဖက် ကရင်လူငယ်လေးတစ်ဦး (အမ
မမှတ်မိ)တို့ကိုခေါ်၍ တပ်ခွဲမှူးရှိရာ ချီတက်ခဲ့ကြသည်။

ရရှိသတင်းပေါ်မူတည်၍ စာရေးသူတို့ တပ်ခွဲအရာရှိ
ဦး တိုက်ပွဲစီမံချက်ဆွဲကြသည်။ ထိုစဉ်က တပ်ခွဲမှူးမှာ ကြည်း/၉
ဗိုလ်ကြီးမောင်ကြယ်(ကွယ်လွန်) ဖြစ်သည်။ စီနီယာကြီးဖြစ်သ
စေ့စပ်သည်။ သေချာသည်။ ရန်သူ့စစ်အင်္ဂါစဉ်ကို အလွတ်ရသ
တပ်စုမှူးတစ်ဦးမှာ ကြည်း/၁၁၉၆ ဒုဗိုလ်ကိုကိုလေး (OTS-1
နေ... ဒုတိယဗိုလ်မှူးကြီးဖြစ်သည်။ ပုသည်၊ မြန်သည်။ ကျ
ကျော်ရုပ်ရှင်မင်းသား အော်ဒီမာဖီနှင့် တူသည်။ ၎င်းကို စာရေ
တို့သူငယ်ချင်းအရာရှိများကလေး ... ကိုကိုလေး ဟုခေါ်ကြသ
အဘယ်ကြောင့်ဆိုသော် ဂျိမ်းဘွန်းမင်းသားကြီးအား (Who
you?) ရှင် ဘယ်သူလဲဟု မင်းသမီးကမေးသည့်အခါ Bond
James Bond ဟုဖြေသည်။ မြန်မာ့ရုပ်ရှင်တွင်လည်း မင်းသမီ
ရှင်ဘယ်သူလဲ မေးရာတွင် ရွှေဘ ဘ ... ရွှေဘဟု ဖြေသ
ထိုအဖြေ ခေတ်စားနေသောကြောင့် ဖြစ်သည်။ ကျွန်တပ်စုမှူး
မှာ မိခင်တပ်ရင်း ခလရ (၆)၊ ခွဲ (၅) မှ တပ်ခွဲ (၃) သို့
လိုက်လာသော စာရေးသူဖြစ်ပါသည်။

စာရေးသူက ယခုသတင်းရသော ဗကပအုပ်စုမှာ
ဆေးကျောင်းဟု ပြောသည်နှင့် တပ်ခွဲမှူးက အောက်ပါ
ရန်သူ့စစ်အင်္ဂါစဉ်ကို ရွတ်ပါတော့သည်။ ဗကပ ဗဟိုဆေးကျော
၁၉၆၅ ခုနှစ်၊ ဇူလိုင်လ မှ စတင်ဖွင့်လှစ်ခဲ့သည်။ ဥက္ကဋ္ဌ





ပန်းထွန်းမှ တိုက်ရိုက်ညွှန်ကြားဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ စတင်
ဖွင့်လှစ်လျှင် ဖွင့်လှစ်ခြင်း ဗဟိုဆေးကျောင်းတာဝန်ခံမှာ ရဲဘော်
ထွန်းရှိန်(ခ) ဖေငြိမ်းဖြစ်၏။ ရဲဘော်ထွန်းရှိန်သည် ၁၉၆၀
ပြည့်နှစ်၌ ဇီချွန်ပြည်နယ်နမ့်ချုံမြို့ ပြည်သူ့ကျန်းမာရေးဌာနမှာ
တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ရန်ကုန် တက္ကသိုလ်မှ ဥပစာသိပ္ပံ
အောင်ပြီး ဆေးသိပ္ပံတွဲကို အိန္ဒိယတွင် သွားရောက်သင်ကြားခဲ့သည်။
၁၉၃၈ ခုနှစ် လောက်ကပင် ကွန်မြူနစ်ဖြစ်ခဲ့သူဖြစ်သည်။ နိုင်ငံခြား
၌ နှစ်အတန်ကြာနေခဲ့ဖူးသည်။

နောက်တစ်ဦးမှာ ဗမာပြည်ကွန်မြူနစ်ပါတီတွင် တစ်ဦး
တည်းသော ဆေးသိပ္ပံဘွဲ့ရ ဆရာဝန် ဒေါက်တာ နတ်(ခ)
ထွန်းမောင်လည်း ရှိနိုင်သည်။ ၎င်းသည် ဗဟိုကော်မတီဝင်ဖြစ်သည်။

ဘန့်ကွေးကန် ရွာလူကြီး ဦးပန်းနွယ်၏ပြောစကားအရ
ယခု ဗကပဗဟိုဆေးကျောင်းသားတာဝန်ခံမှာ ဆရာအောင်မြင့်ဟု
ဆိုသည်။ ၎င်း၏ငယ်မည်မှာ ခင်လတ်ဖြစ်သည်။ မော်ဘီခရိုင်ဇာတိ
ဖြစ်၏။ ၎င်းသည် ဗမာပြည်ကွန်မြူနစ်ပါတီဝင်အဖြစ် နှစ်ပေါင်း
၂၀ ကျော် တာဝန်ယူခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ဗမာပြည်
ကွန်မြူနစ်ပါတီ၊ တပ်မဟာ (၂) ဆေးမှူး ဗိုလ်ကြီးတာဝန်ယူခဲ့သည်။

ဖထီးဦးပန်းနွယ်၏ ပြောစကားအရ စုစုပေါင်း အင်အား
၆၀ ခန့်ရှိသည်ဟု ဆိုသည်။ ၎င်းတို့တွင် ကိုယ်စီလက်နက်မရှိ(မရှိ)။
တိုက်စွမ်းရည်လည်း မကောင်း။ ဗကပ ဆေးကျောင်းစခန်းတွင်
ရဲဘော်ထွန်းရှိန် (ခ) ဖေငြိမ်း၊ ဗဟိုကော်မတီဝင် ဒေါက်တာနတ်(ခ)
ထွန်းမောင်၊ ဆေးမှူးအောင်မြင့်(ခ) ခင်လတ်တို့ အတူ ရှိ/ မရှိ
မသိ။ ၎င်းတို့အထဲက တစ်ယောက်ယောက်တော့ ရှိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလုပ်ရပ်သည် တောသစ္စာကို ဖောက်ခြင်းဖြစ်သည်။ နေရာတိုင်းမှာ သစ္စာဆိုတာရှိသည်။ သစ္စာလေးချက်ပေါ်ဆီတက်က နွယ်မြက် သစ်ပင် ဆေးဖက် ဝင်သည်ဟူသော စကားရှိသည်။ တောလိုက်မုဆိုးများသည် ၎င်းတို့၏ပစ်ကွင်းထဲဝင်လာရပ်သော သားကောင်ကို မပစ်။ သားကောင်လှုပ်သွားအောင် အသံပေးပြီးမှ ပစ်ခတ်သည်။ ၎င်းကို တောသစ္စာဟု ခေါ်သည်။ ယခု တော့ နတ်စားဖို့ပါ။ (ဝက်) အစားလိုလျှင် ပေးပါ့မည် ပြောသည့်ကြားက ကျွေးမွေးသုတ်သင် သက်ဆုံးပင်၊ ချစ်ခင်ရှာပေ၊ ဒေသခံမိဘပြည်သူ့မေတ္တာကို ခေါ် ကားသည်။ ဒို့တပ်မတော်တွေနှင့်မှ ကွာပါ့။ တို့တပ်မတော်သား တွေ ဘွက်ကျတော့ –

"အကြောင်းဆွေးနွေး၊ နာဘိသေးလော့၊
မြို့ကျေးရွာသီ၊ ခရီးတစ်ခွင်
ဥစ္စာရှင်က၊ ကြည်လင်မြတ်လေး
မပေးမစွန့်၊ သစ်ညွန့်တစ်ခက်
ဟင်းရွက်တစ်နွယ်၊ သက်ငယ်တစ်မြစ်
ဝါးတစ်ဆစ်မျှ၊ သူ့ပစ္စည်းအား
မပစ်မှားနှင့်၊ ရှောင်ရှားနိုင်ကြ
စေကုန်သော် ..." လို့ လက်ဝဲသုန္ဒရ ရေးတဲ့
နန္ဒိသေနပျို့မှာ ဆိုတယ်။
ကောင်းမှုပြုသူ ကောင်းကျိုးရ၏။

မကောင်းမှုပြုသူ မကောင်းကျိုးကို ရ၏ လို့ တို့ဗုဒ္ဓဘုရားရှင် ဟောကြားသလို ဗကပတွေ အကျိုး သက်ရောက်မှုရှိတော့မယ်။ သူတို့စကားနဲ့ သူတို့ကို ပြန်ပြောရရင် ကျောက်တုံးကိုမပြီး သူတို့





ခြေမပေါ် သူတို့ ပြန်ပစ်ချနေကြပြီ။ ပြောနေ ကြာတယ်။ မနက် ၇ နာရီ တို့ထန်းသီးစားမယ် (ထွက်မယ်) တိုက်ပွဲဝင်ချိန် (နံ) နာရီ၊ (၀၇၀၀)။ ငါကိုယ်တိုင်ဦးစီး ခွဲရုံး + တပ်စု ၂ စုနဲ့ ချေမှုန်းမယ်။ တပ်စုတစ်စု (စာရေးသူ၏ တပ်စု) က ပိတ်ဆို့ရေး၊ ပိတ်ဆို့ရေးတပ်စု ဟာ ချေမှုန်းရေးတပ်စု ၂ စုဘက်က သေနတ်သံ မကြားမချင်း ပေါင်မပစ်ခတ်ရ။ ဒါ စစ်မြေပြင်မှာပေးတဲ့ စစ်ထွက်မိန့်ခွန်းလို့ ယူဆဘောထား။ ပြင်ကြတော့" ဟု တပ်ခွဲမှူး အားလုံး အခေါ် (အဘကြွယ်) ဗိုလ်ကြီးမောင်ကြွယ် အမိန့်ပေးပါသည်။

တပ်မတော်သားများသည် တိုက်ပွဲတိုက်ရမည်ဆိုသည်နှင့် ပျော်နေကြသည်။ သူတို့ကို တိုက်ချင်ခိုက် ချင်လွန်းလို့ တောကြီးတောင်ကြီးထဲ ပြေးဝင်လှုပ်ရှားလာကြရတာ။ သူတို့သတင်း ရတာ ကြာပြီ။ ရမယ့်ရတော့ ကိုယ်တိုင်ကိုယ်ကျ လိုက်ပြမယ့်သူနဲ့ ကာနဲ့ဆိုတော့ ဟန်ကျတာပေါ့။ ပွဲကောင်းကောင်းက ရတော့မယ် ဟု ဆို သူက ဆိုပြီ။ သေနတ်တိုက် **Equipment** (စစ်ထွက်ဝတ်စုံ) ကို အသံမမြည်အောင် လုပ်သူက လုပ်၊ မှိန်းသူက မှိန်း၊ တွေးသူက တွေး။ စစ်သည်တွေအားလုံးဟာ ထမင်းစားရေသောက် (သွေးနွေးလေ့ကျင့်ခန်း) အလုပ်တွေ လုပ်နေကြသည်။ တိုက်ပွဲ အတွေ့အကြုံ မရှိသေးသော စာရေးသူ၏ မျက်စိထဲတွင် အဆန်း ဖြစ်နေသည့်တိုင် မိခင်တပ်ရင်း (ခလရ ၆) ခွဲ (၃) စစ်သည်များ၏ လှုပ်ရှားမှုမှာ သာမန်သာဖြစ်ပါသည်။ နေဝင်သည်နှင့် ပန်းနွယ် အိပ်ငိုက်နေပြီ။ သူ၏အမဲလိုက်ကောင်းသည်ဆိုသော ခွေးမနှင့် ယမ်းပြမည့် ကရင်အမျိုးသားလေး တို့မှာဘယ်ကာလက အိပ်ပျော် ပျက်လာသည် မသိ။ မိုးချုပ်သည်နှင့် ခြေဆန့် လက်ဆန့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အိပ်နေကြသည်။ စာရေးသူတစ်ယောက်တည်း တိုက်ပွဲတိုက်တယ်ဆိုတာ ဘယ်လိုပါလိမ့်။ ဗိုလ်သင်တန်းတက်စဉ်က သင်ကြားခဲ့ရသော ကိုယ်စီတိုက်ပွဲဆိုတာမျိုးလား၊ တပ်စိတ်တိုက်ပွဲလား၊ တပ်စုတစ်စုကို ဦးစီးတိုက်ရမှာ တပ်စုတိုက်ပွဲပေါ့။ စစ်ဗိုလ်ဖြစ်မှတော့ စစ်တိုက်ဖူးရမယ်။ အို ... စစ်မရောက်ခင် မြားကုန်ပါ့မယ်၊ တိုက်မယ်၊ တိုက်မယ် ဒေသခံ ပြည်သူတွေကို ဒုက္ခအလီလီပေးတဲ့ ဗကပတွေကို တိုက်မယ်၊ ကျားငယ်ကို လိုချင်မှတော့ ကျားရဲတွင်းကို ဆင်းဝံ့ရမှာပေါ့ စသည်ဖြင့် တစ်ယောက်တည်း အတွေးနယ်တွင် တဝဲဝဲ တလည်လည် ဖြစ်နေသည်။

## ယောက်ပ၊ ခွေးခေါ်

၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်။ လွတ်လပ်ရေးအောင်ပွဲနေ့ စာရေးသူ၏ ပွဲဆော်ဦးတိုက်ပွဲ ဖြစ် သည်။ ဈေးဦးပေါက်ကောင်းသည့်နေ့။

ဗိုလ်ကြီးမောင်ကြယ် ဦးစီး၍ တပ်ခွဲတစ်ခွဲ တောတွင်း စခန်းချရာနေရာမှ (၄–၁–၆၈) နံနက် (၀၃၀၀) ချိန်၌ အရှေ့မြောက်ဘက်သို့ စတင်ချီတက်ခဲ့သည်။ စထွက်စက အလင်းရောင်ကောင်းကောင်း မရသေး။ တစ်နာရီခန့် သွားပြီးသည့်ခါ ကြယ်နီကြီးထွက်လာသည်။ တောကြက်များ တွန်သည်။ နံနက် (၀၅၀၀) ချိန်ခန့်တွင် စာရေးသူနှင့် ကရင်ဖထီး ပန်းနွယ်တို့တွေ့ဆုံသော ဘန့်ဘွေးကျေးရွာထိပ်နားသို့ ရောက်သည်။ ၎င်းနေရာတွင် စစ်ကြောင်းကို နှစ်ခုခွဲရမည်။ ဗိုလ်ကြီးမောင်ကြယ်ဦးစီး၍ ခွဲရုံးနှင့် တပ်စုနှစ်စုက ရွာကိုကွင်းပြီး အရှေ့ဘက် ဆက်ထွက်သည်။ တိုက်ပွဲပြုလုပ်ရမည့်





နေရာနှင့် မဝေးတော့ဟု သိရသည်။ ပိတ်ဆို့ရေးတာဝန်ကျသည့် စာရေးသူနှင့် တပ်စုတစ်စုမှာ ၎င်းဆုံရပ်မှ တောင်ဘက်ရူးရူးသို့ ဆက်ရမည်။ ဆုံရပ်မှ တောင်ဘက်သို့ ဆက်မထွက်မီ ဖထီးဦးပန်းနွယ်တစ်ယောက် ကရင်လို တဗွတ်ဗွတ်ပြောပြီး သူ့အမဲလိုက်ခွေးနှင့်သူ အလုပ်ရှုပ်နေသည်။ စာရေးသူနှင့် ပန်းနွယ်တွေ့စဉ်က တိုင်ကုတ်လေးများစိုက်ထားသော နေရာများအား ခွေးကို ပြသည်။ နမ်းခိုင်း သည်။ ဖထီးပန်းနွယ် ဘာလုပ်တာလဲဟု စာရေးသူ မေးသည့်ခါ ဝက်သွေးကျသွားတဲ့နေရာပြပြီး အနံ့ခံခိုင်း တာဟု ဖထီးပန်းနွယ်က ဖြေပါသည်။ စာရေးသူတို့တပ်စု၊ ဝက်သွေးကျ နေရာများအတိုင်း ပိတ်ဆို့ရမည့်နေရာသို့ ချီတက်ခဲ့သည်။ ထွက်ပြီး တစ်နာရီခန့်အကြာတွင် ရေသွင်သွင်စီးနေသော ချောင်းကစ်ချောင်းကို ရောက်သည်။ ဝက်သွေးကွက်များပျောက်နေသည်။ ချောင်းတစ်လျှောက် အစုန်အဆန် အမဲလိုက်ခွေးနှင့် ပန်းနွယ် ပိုက်ကြည့်သည်။ အနံ့ခံသည်။ တွေ့ပါပြီ။ ဗကပများ ချောင်း၏ ကစ်ဖက်ကမ်းတွင် ဝက်ပေါ်သွားသည့်နေရာ။ ဝက်ကို မီးမြှိုက်သည်၊ ဓုတ်ထစ်သည်၊ ဝါးခုတ်သည်၊ နှီးထိုးသည်၊ ဝက်သားငယ်ကို တံစို့ထိုးသည်၊ ကင်သည်၊ ပေါ်ပြီးသော ဝက်သားများကို အတွဲလိုက် နှီးဖြင့်ချည်ပြီး ထမ်းသွားကြသည့်လမ်းကို ခြေရာခံမိပြီ။ ပိုင်ပြီ။

ချောင်းထဲမှ ကုန်းပေါ်ပြန်တက်ကြသည့်အခါ စစ်သည်တိုင်း၏ ဖိနပ်များအတွင်း ရေဝင်နေသဖြင့် တဗွမ်းဗွမ်းမြည်နေသည်။ စာရေးသူ အပါအဝင် စစ်သည်အားလုံး တောစီးဖိနပ်များ ချွတ်လိုက်ကြသည်။ ဆက်ထွက်သည်။ နာရီဝက် မိနစ်လေးဆယ် ခန့်ကြာသည့်အခါ အမဲလိုက်ခွေးမလေး၊ ဆက်မသွားတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးပန်းနွယ်က ရန်သူမလှမ်းမကမ်းမှာ ရှိနေပြီ။ ခွေးမလေး မျက်နှာမူရာသို့ ဦးတည်ပြီး ရဲဘော်များ နေရာယူ သင့်ပြီဖြစ်ကြောင်း အကြံပြုသည်။ မြေအနေအထားကို လေ့လာလိုက်သည့်အခါ အောက်ခြေရှုပ်သော်လည်း ထင်သာမြင်သာ သစ်ပင်ကြီးငယ်များ ရှိသည်။ ကျည်ထွက်မျက်ကွယ်ရှိ ဂယ်ကွေ့ တောင်ပြတ်ဖြစ်သည်။ တပ်စိတ်(သုံး)စိတ်ကို တစ်စိတ်စီ ဖြန့်ခွဲချထားသည်။ နာရီကြည့်မိသည်။ နံနက် (၀၆း၄၅)။ ဘာသံမှ မကြားရ။ တောငှက်ကလေးများ ဟိုက ဒီက သံစုံဟစ်ကြွေးကြသည်။ စာရေးသူတို့ တစ်ယောက်နှင့်တစ်ယောက် လေသံ နှင့် စကားမပြောကြ (Field Signal) ခြေဟန်လက်ဟန်နှင့် စကားပြောကြသည်။ တပ်ကြပ်ရွှေအိုး တပ်စိတ်ဘက်မှ ရှေ့တွင် လှုပ်လှုပ်ရွရွ တွေ့ကြောင်း Secarh Fire (ရှာဖွေပစ်ခတ်ခြင်း) လုပ်ရမလားဟု မေးသည်။ မပစ်ရ။ တပ်ခွဲမှူး(အဘကြွယ်)အမိန့်ပေးစဉ်က ပိတ်ဆို့ရေးတပ်စုဘက်က ရန်သူနှင့် ပက်ပင်းမတိုးမချင်း စ,မပစ်ရဟူသော အမိန့်အပြတ်ရခဲ့သဖြင့် ငြိမ်ပြီးစောင့်ကြည့်ရန် Search Fire (ရှာဖွေပစ်ခတ်ခြင်း) မပြုလုပ်ရန် စာရေးသူတပ်စိတ် (၁) တပ်ကြပ်ရွှေအိုးဘက်သို့ အမိန့်ပေးလိုက်သည်။ ခဏအကြာ တပ်ခွဲမှူး ဗိုလ်ကြီး မောင်ကြည်တို့ဘက်မှ လက်နက်ငယ်သံများ ထွက်ပေါ်လာပါတော့သည်။ ပွဲကပြီ။ (တပ်မတော်တွင် တိုက်ပွဲ ဖြစ်သည်ကို 'ပွဲက' သည်ဟု သုံးနှုန်းလေ့ရှိပါသည်။ ဤကား စကားချပ်)

တောတိုးသံနှင့်အတူ တောတွင်းလက်နက်ကိုင် နှစ်ယောက်။ (ရှေ့တစ်ယောက်၊ နောက်တစ်ယောက်) ဝက်သားအိုးကို တုတ်လျှိုထမ်းသူနှစ်ယောက် ခေါင်းဆောင်ဟု ယူဆရသူ အခြား





...စ်ယောက် (တံစို့ထိုးထားသော ဝက်သားပေါက်ကင်)ကို ကိုင်၍ ...စာရေးသူတို့ တပ်စုနေရာယူထားရာသို့ ဦးတည်လာနေကြသည်။ ...တို့ ကို တပ်မတော်မှ ဝိုင်းထားပြီးဖြစ်ကြောင်း၊ လက်နက်ချ ...ည့်ခံရန်၊ တပ်ကြပ်ရွှေအိုးမှ အော်ပြောပါသည်။ ရန်သူမှ မိမိတို့ ...ကာအကွယ်ယူထားသည့် အသံလာရာဘက်သို့ လက်နက်ငယ်နှင့် ...တင်ပစ်ခတ်သည်။ စာရေးသူ ၏ တပ်စုသည် စနစ်တကျနေရာယူ ...ထားရာမှ ကျည်တစ်တောင့် လူတစ်ယောက်နှုန်း ပစ်ခတ်သည်။ ...ထွက် ပြေးသွားသော ဗကပတို့နောက်သို့ ကြောင်းမှန်းကန်မှန်း ...မောင် ဆိုကာ တပ်ကြပ်ကြီးကျော်မြင့် (ပွေးကျော် မြင့်) (ကွမ်းလုံ ရက် ၄၀ တိုက်ပွဲတွင်ကျဆုံး)က အတွဲလိုက် G4 နှင့် ...လိုက်သေးသည်။ တပ်ခွဲမှူးနှင့် တပ်စု ၂ စုက လူမှားမယ်၊ လူမှားမယ်။ ဒီဘက်ကလာပြီဟု အသံပေးလာကြသည်။ ...ချိန်တိုက် ဖာတ်လေး ပြီးသည်။ တိုက်ပွဲပြီးပြီးချင်း ခွေးမက တံစို့ထိုးထားသော ဝက်သားပေါက်ကင်ကို ကိုက်ချီ၍ပြေးသည်။ ...ယင်းတိုက်ပွဲတွင် ဗကပ ဗဟိုဆေးကျောင်းသား၊ ဆေးမှူးချုပ် ...ရာအောင်မြင့်၊ တပ်စိတ်မှူးမောင်သောင်း၊ အခြားအမည်မသိ ...နှစ်ဦး အသေရမိသည်။ အမေရိကန်ရိုင်ဖယ်နှစ်လက်၊ ဆေးပစ္စည်း ...မျိုး၊ အရေးကြီး စာရွက်စာတမ်း၊ မြေပုံ၊ ဓာတ်ပုံ (သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ စာအုပ်ပါ နားရွက်ပေါ်၊ ဝါးရွက်ရိပ် ထင်နေသော ပုံ) တို့ သိမ်းဆည်း ရမိသည်။

ကိုယ့်တပ်စု ကိုယ်ခေါ်၍ စုရပ်ဖြစ်သော ဘန့်ဘွေးကန် (ပန်းနွယ်တို့ရွာ)သို့ ချီတက်ခဲ့သည်။ လမ်းတွင် ဒုဗိုလ်ကိုကိုလေးနှင့် ...ပန်းရေးတပ်စု၊ နှစ်စုဘက်က အခြေအနေကို မေးကြည့်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဗကပတွေ နံနက်စောစောတည်းက နေရာရွှေ့နေကြပြီဟု ယူ ရကြောင်း ချေမှုန်းမည့်အဖွဲ့ရောက်သည့်အခါ ဗကပအမြီးပိုင်း သာ တွေ့တော့ကြောင်း၊ မပိုင်မနိုင်လိုက်လံပစ်ခတ်ရကြော လက်ကျန်ရှိရင် ဗိုလ်ဗလ (စာရေးသူအား ဤသို့ခေါ် ကြပါသည် တို့ဘက်ထွက်အောင် မောင်းထုတ်ကြခြင်းဖြစ်ကြောင်း သိရပါသည် ဘန့်ဘွေးကန်ရွာသို့ ရောက်သည့်အခါ တောကျွမ်းသည့် အမဲလို ခွေးမ (ခွေးအမေလေး)လေးက ရွာပြန်ရောက်နေပြီ။ ခွေးသေ ပေါက်က ခွေး၏နို့ကို အငမ်းမရစို့နေသည်။ ၎င်းတို့အနီးရှိ တံ ထားသော ဝက်သားကင်ကို အမိုးကကြည့်ရင်း မျက်ရည် ဖြိုင်ဖြိုင် ကျနေသည်။ ဝမ်းနည်းစရာမြင်ကွင်းကို စာရေးသူတို့ ကြည့် စဉ် . . .

''ယောက်ဖခွေးခေါ်၊ ယောက်ဖခွေးခေါ်'' ဟူသော အော်သံကိုပီပီပြင်ပြင် ကြားရသည်။ ဘာသံလဲ ဖထီးဟု ဦးပန်းမှူး ကို မေးရာတွင် မိုးအကုန် ဆောင်းအကူးတွင် အော်လေ့ရှိသော ယောက်ဖခွေးခေါ်ငှက် ဖြစ်ကြောင်း သိရသည်။ ထိုသို့ပြောဆိုနေ စဉ် ရန်သူစစ်အင်္ဂါစဉ်ကို အာဂုံဆောင်နိုင်သော တပ်ခွဲမှူး ဗိုလ် မောင်ကြယ်(အဘကြယ်)(ကွယ်လွန်)က "ဗိုလ်ကြီးမောင်မောင်သ ခင်ဗျား အခုရခဲ့တဲ့ အောင်မြင့် (ခေါ်) ခင်လတ်ဟာ ၁၉၆၂ ခုနှ အောက်တိုဘာလက သခင်သန်းထွန်းရဲ့ နှမအငယ်ဆုံး ရဲဘော် မမြဝင်း (ခ) မစိမ်းချိုနဲ့ လက်ထပ်ခဲ့တယ်။ သခင်သန်းထွန်းရဲ့ ယောက်ဖအရင်း'' ဟု ပြောလိုက်ပါသည်။

ဆောင်းကြိုငှက်၊ အော်ပြန်သည်။

ယောက်ဖခွေးခေါ်၊ ယောက်ဖခွေးခေါ် တဲ့။





ပညတ်သွားရာ၊ ဓာတ်သက်ပါခြင်းလား။ ထန်းသီးကြွေခိုက်၊ ကျိုးနင်းခိုက် ဟု ဆိုရမည်လား မသိပါ။ အရှောင်အတိမ်း ကျက်စီကျိမ်း ဗကပကြီးများ စာရေးသူတို့ မိခင်တပ်ရင်း ခလရ (၆) နှင့် နှခိရှာ နှစ်ခါရှိပြီ။ ပထမအကြိမ်၊ ပြည်ခရိုင် ပေါင်းတည်မြို့နယ်၊ ပေါ်ရွာအနီး (၂၅–၁၂–၆၇) တွင် ပြည်ခရိုင်ကော်မတီနှင့် ပေါင်းတည်မြို့နယ်၊ အတွင်းရေးမှူး အေးဘို(ခ) ဘိုအေးအား အသေရမိခဲ့သည်။ ယခု ပြည်ခရိုင်တောတွင်း တစ်နေရာ၌ ဗကပ ဆေးကျောင်း ဗဟိုဆေးမှူးချုပ် အောင်မြင့် (ခ) ခင်လတ်ကို ဒုတိယအကြိမ် အသေရမိပြန်သည်။ ဗဟိုဆေးကျောင်း ဖရိုဖရဲ ဖြစ်သည်။ ပဲခူးရိုးမအရှေ့ခြမ်းကို ဖြတ်ကျော်၍ တောင်ငူခရိုင်သို့ ရွှေ့ပြောင်းရသည်။ တပ်မတော်ထိုးစစ်ကြောင့် ဗကပတို့ နောက်ကျ သည့်ခြေထောက် သစ္စာဖောက်ဟု အော်မြည်ပြေးလွှားကြပြီ။

အချစ်နှင့်စစ်တွင် သစ္စာဆိုသည့် အမှန်တရားသည် နိုင်သူ ဘက်က အမြဲရပ်တည်သည်ဟု ဆိုသည်။ နိုင်၍ဆိုသော စကား မဟုတ် (မဟုတ်)ပါ။ ပို့ဆွမ်းလေးစား၊ မတ်(စ်)ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်၊ တရားလေးဟော ငြိမ်ငြိမ်လေးနေကြလျှင် ပဲခူးရိုးမတစ်ခွင် ဗကပတို့ သက်ဆိုးရှည်ကြဦးမည်။ ယခုတော့ ပြည်သူ့မေတ္တာဆုံး၍ ဗကပတို့စစ်ရှုံးပြီ။ ဘယ်သူမပြု မိမိမှုဖြစ်သည်။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြခြင်း ဖြစ်သည်။ ပြည်သူက လက်မခံ မကော့။ ဘန့်ဘွေးကန်(ကရင်ရွာ)ဒေသခံပြည်သူများ ပြောစကား အတိုင်း ပြောရလျှင် "ဒုစရိုက် မျိုးစေ့ကို ကြဲသူများ၊ ဒုက္ခစပါးကို ရိတ်သိမ်းသွားကြပြီ" မဟုတ်ပါလား။

ဒုဗိုလ်မှူးကြီးမောင်မောင်သန်း




www.burmeseclassic.com

www.burmeseclassic.com

# ၃၆၈၈
# (သုံးခြောက်ရှစ်ရှစ်)


ဗိုလ်မှူးကြီးတင်ထွန်း(ဉာဏ်ကျယ်လေး)



www.burmeseclassic.com

www.burmeseclassic.com

## မောရလီဒေသ တောင်ကုန်းခမ(အိပ်/၅၇၅၂၄၁)တိုက်ပွဲမြေပုံကြမ်း
## ၁၉၈၈ ခု၊ ဒီဇင်ဘာလ(၁)ရက်




www.burmeseclassic.com

www.burmeseclassic.com

## သုံးခြောက်ရှစ်ရှစ် (၁၉၈၈)

ရေးသူ – ဗိုလ်မှူးကြီးတင်ထွန်း (ညက်ကျယ်လေး)

ကိန်းဂဏန်းတစ်ခုကို ပြောဆိုလိုက်သည်နှင့် ကျွန်ုပ်တို့သည် အကြောင်းအရာအဓိပ္ပာယ်တစ်ခုခုကို နားလည်သဘောပေါက်ကြပါသည်။ ကိန်းဂဏန်း အားလုံးကို မဆိုလိုပါ။ ဥပမာ–

ဇန်နဝါရီ ၄ ရက်ဟုပြောလိုက်သည်နှင့် မြန်မာနိုင်ငံလွတ်လပ်ရေးနေ့ဟု သိလိုက်ကြသည်။

မတ်လ ၂၇ ရက်နေ့ဟု ပြောလိုက်သည်နှင့် တပ်မတော်သားအားလုံး၏ ရင်ထဲ၌ သိမ့်ခနဲ တုန်သွားလောက်သည့် ယခင့်ဖက်ဆစ်တော်လှန်ရေးနေ့၊ ယခု တပ်မတော်နေ့ကို သိလိုက်ကြသည်။

၁၉ ဂျူလိုင်မမေ့နိုင်သော အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးသောနေ့ကို အမှတ်ရကြသည်။

**14th January** ဟု ပြောလိုက်သည်နှင့် **OTS** အပတ်စဉ် (၃၆) အဖွဲ့အားလုံး မိမိတို့ ဗိုလ်သင် တန်းကျောင်းဆင်းရက် (၁၄. ၁. ၁၉၆၇) ကို အလိုအလျောက် အမှတ်ရပြီးဖြစ်ကြသည်။

ထိုနည်းတူစွာပင် အခြားသော ကိန်းဂဏန်း များကိုလည်း မိမိတို့နှင့်သက်ဆိုင်သလို အမှတ်ရ ကြသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



**O. T .S (36)**

တပ်မတော် (ကြည်း) ဗိုလ်သင်တန်း အပတ်စဉ် (၂၈) သင်တန်းပြီးဆုံးခဲ့ပြီးနောက်၊ ဗိုလ်သင်တန်းများ ယာယီရပ်ဆိုင်း ခဲ့သည်။ ထို့နောက် တိုင်းပြည်နှင့် တပ်မတော်၏ လိုအပ်ချက် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၉) ကို မှော်ဘီ၌ စတင် လုပ်ခဲ့ရာ ကျွန်ုပ်တို့သည် ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၃ ၌ တက်ရောက်ခဲ့ကြသည်။ ဤသင်တန်း၌ သင်တန်းသား (၁ ယောက်စလုံး အောင်မြင်စွာ သင်တန်းဆင်းနိုင်ခဲ့ပြီး တပ်မတော် ပြန်တမ်းဝင် အရာရှိများအဖြစ် ခန့်အပ်ခြင်းခံရသည်။

ထူးခြားသည်မှာ ဗိုလ်လောင်းသင်တန်းသား ၁ ယောက်အနက် တပ်မတော် (ကြည်း)သို့ ၁၂၉ ယော တပ်မတော် (ရေ) သို့ (၁၈) ယောက်နှင့် တပ်မတော် (လေ) (၁၅) ယောက် တာဝန်ပေး ခန့်အပ်ခြင်းခံရသည်။ ထို့ကြော ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၃၆) သည် တပ်မတော်ကြည်း ရေ၊ လေ အင်္ဂါအစုံအလင် ဖြစ်သွားခဲ့သည်။

ကျောင်းဆင်းအရာရှိများသည် တပ်မတော် ကြည်း၊ ရေ လေ၌ မြန်မာနိုင်ငံတစ်နိုင်ငံလုံး အနှံ့၊ တိုင်းတပ်မတော်မျ တာဝန်ကျေကျေပွန်ပွန် ထမ်းရွက်ခဲ့ကြသည်။ ထိုသို့ တာ ထမ်းဆောင်ကြရာတွင် တပ်မတော် (ကြည်း)၌ ဒုဗိုလ်မှ ဒုတ ဗိုလ်မှူးကြီးအဆင့်အထိ စုစုပေါင်း (၁၂) ယောက် တိုင်းပြည်အတွ အသက်စွန့်လွှတ်ခဲ့သကဲ့သို့ နိုင်ငံတော်မှ ချီးမြှင့်သော စွမ်းရည် တံဆိပ်များတွင် သူရဘွဲ့ ၂ ယောက်၊ သူရဲကောင်းမှတ်တမ်းဝင် ယောက် ချီးမြှင့်ခံခဲ့ရသည်။





ထိုသို့ တာဝန်ထမ်းဆောင်ခဲ့ရာတွင် တိုင်း ပြည်ပြိုကွဲ စိတ်စိတ်အမွှာမွှာ ဖြစ်တော့မည် ၁၉၈၈ ခုနှစ် အရေးအခင်းကြီး ကာလကြီးတွင် ဗိုလ်လောင်း သင်တန်းအပတ်စဉ် (၃၆) ကျောင်း ဆင်း အရာရှိများသည် အရေးကြီးသည့်နေရာများ၌ အရေးကြီးသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ မြန်မာပြည်အနှံ့၊ ဝဟင်နှင့် ကုန်းရေနှစ်သွယ် အပါအဝင် စစ်ဘက် တာဝန်များ၊ နယ်ဘက် တာဝန်များကို နေရာအမျိုးမျိုး၊ ထောင့်အမျိုးမျိုးမှ ကျွန်ုပ်တို့ ပါဝင်ထမ်းဆောင်ခဲ့ကြသည်။

**၁၉၈၈ ခုနှစ်အရေးအခင်းကြီး**

၁၉၈၈ ခုနှစ်တွင်ဖြစ်ပွားခဲ့သော တိုင်းပြည် မငြိမ်မသက်မှု အရေးအခင်းကြီးအား ၈၈ အရေး အခင်းဟု လည်းကောင်း၊ ၈-၈- ၁၉၈၈ ရှစ်လေးလုံး (၈၈၈၈) အရေးအခင်းဟုလည်းကောင်း ခေါ်ဆိုကြသည်။ အချို့ကမူ အရေးအခင်းကာလဟု ပြောလိုက် သည်နှင့်ပင် ဤကာလကို သဘောပေါက်ကြသည်။

၈၈–အရေးအခင်းသည် ရန်ကုန်–အင်းစိန် စက်မှုတက္ကသိုလ် မှ ကျောင်းသားများနှင့် အရပ်သားများ ရန်ပွဲမှ စတင်ခဲ့သည်။ "ငိုချင်လျက် လက်တို့"ဟူသောစကားပုံကဲ့သို့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် နှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို မကျေနပ်သော လူထုအုံကြွမှုတစ်ခုဖြစ်ပေါ်ခဲ့ကာ နိုင်ငံရေးလှုံ့ဆော် တိုက်ပွဲ အသွင် သို့ ရောက်ရှိခဲ့သည်။

အမှန်မှာ အာဏာမက်မောသော အချောင် သမားများက ရှုတန်းနေရာယူလာပြီး တိုင်းပြည် အခြေအနေသမိုင်းကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မည်သို့မျှသုံးသပ်ဆင် ခြင်ခြင်းမပြုဘဲ အာဏာရရှိရေးတစ်ခုတည်း[illegible] ကိုသာ ဦးတည်ဆောက်ရွက်ခဲ့သည်။ ထို့ကြောင့် တိုင်းပြည်သ[illegible] အစိတ်စိတ် အမွှာမွှာ ပြိုကွဲတော့မည့် အခြေအနေသို့ ရောက်[illegible] တော့မည် ဖြစ်ခြင်းကြောင့် တပ်မတော်သည် မလွှဲမရှောင်[illegible] တိုင်းပြည် အာဏာကို လွှဲပြောင်းရယူခဲ့ရသည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်သည် မြေပေါ်မြေအော[illegible] နှစ်ဖက်ညှပ်ပူးညှပ်ပိတ် အတိုက်ခံရခြင်း ဖြစ်သည်။ ရန်ကုန်မြို့[illegible] ဦးဆောင်ပြီး တစ်နိုင်ငံလုံး မြို့ကြီးများအားလုံး ဆူပူအုံကြ[illegible] ဖြစ်ပေါ်စေခဲ့ကာ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကြီးတစ်[illegible] ရပ်ကန့်သွားခဲ့ရသည်။ ဗကပတို့သည် မြန်မာနိုင်ငံ အရှေ့မြော[illegible] ဒေသတွင် မိုင်းယန်းမြို့နှင့် တပ်စခန်းကို တိုက်သည်။ တစ်ချိန်တည်[illegible] တစ်ပြိုင်တည်း ဟန်ချက်ညီအဖြစ် KNU ဦးဆောင်ပြီး တိုင်းရင်းသ[illegible] လူမျိုးစုလက်နက်ကိုင်အဖွဲ့စုံနှင့် ပြည်ပြေးအဖွဲ့များပါဝင်[illegible] မ-ဒ-တ တပ်ပေါင်း စုကြီးဖြင့် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်[illegible] ထိုင်း-မြန်မာနယ်စပ် မဲသဝေါစခန်းကို သာလွန်အင်အား[illegible] တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

## မိုင်းယန်းတိုက်ပွဲ

ရှမ်းပြည်အရှေ့ပိုင်း မိုင်းယန်းတိုက်ပွဲကြီးကို ဒုကာကွယ်[illegible] ဦးစီးချုပ် ကိုယ်တိုင်ကွပ်ကဲလျက် ရှိသည်။ ရပခ-တပ်များ၊ တ[illegible] (၈၈)တပ်များ၊ အသေအလဲ တိုက်ပွဲဝင်ကြသည်။ တမခ [illegible] လက်အောက်ခံ ခလရ (၁၁)ကို အသစ်စက်စက် တပ်ရင်းမှူ[illegible] ဗိုလ်မှူးစိုးလွင် (ယာယီတပ်ရင်းမှူး-ဒုမှူးကြီး) ကွပ်ကဲတိုက်[illegible]





သည်။

ဗကပတို့သည် တိုင်းပြည်မငြိမ်မသက် ဖြစ်ပေါ်နေမှုကို အခွင့်ကောင်းယူကာ ပြင်းထန်စွာ ထိုးစစ်ဆင်လျက်ရှိသည်။ မိမိ စစ်သည်များ အိမ်ထောင်စုများအပါအဝင် ထိခိုက်မှုများပြားခဲ့သည်။ ခလရ (၁၁) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးစိုးလွင် (**OTS-36** ကသ-၈၂၁။ ဗလ စိုးလွင်) သည် ဤတိုက်ပွဲ၌ တိုင်းပြည်အတွက် အသက် ပေးလှူသွားခဲ့သည်။ နိုင်ငံတော်မှ ထိုက်ထိုက်တန်တန် "သူရဘွဲ့" ချီးမြှင့်ခဲ့သည်။

## မဲသဝေါတိုက်ပွဲ

မိုင်းယန်းတိုက်ပွဲ အခြေအနေ တည်ငြိမ်လာသောအခါ မဲသဝေါတိုက်ပွဲအား ဆက်လက်တိုက်ရန်အတွက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်သည် "စစ်ဆင်ရေး ကွပ်ကဲမှုအဖွဲ့မှူး"အဖြစ် စစ်ရာထူးခန့်ချုပ်ဖြစ်သူ ဗိုလ်မှူးချုပ် မောင်လှအား ခေါ်ယူတာဝန်ပေးအပ်ခဲ့သည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) တာဝန် ယူထားသူ ဗိုလ်ချုပ်ကြီးသန်းရွှေ (ယခု-ဗိုလ်ချုပ်မှူး ကြီးသန်းရွှေ-ငြိမ်း)က စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့မှူး (စကကမှူး) ဗိုလ်မှူးချုပ် မောင်လှအား အောက်ပါအတိုင်း ညွှန်ကြားတာဝန်ပေးအပ်လိုက်သည်။

(တင်သန်းဦး (စစ်တက္ကသိုလ်) ရေးသား သော "မဲသဝေါတိုက်ပွဲ" ၁၉၉၄ ခုနှစ်၊ ဧပြီလ၊ မြဝတီပုံနှိပ်တိုက်ထုတ်စာအုပ်-စာမျက်နှာ (၂၇၀) မှ ကောက်နှုတ်ဖော်ပြချက်)



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြ–စ

"ဒီမှာ ကိုလှ– မဲသဝေါစစ်ဆင်ရေးဒေသမှာ ရန်သူ တိုက်စစ်ဆင်နိုင်ဖို့ အင်အားလိုတယ်၊ အင်အားဖြစ်လာအော ပြန့်နေတဲ့ တပ်တွေကို ခင်ဗျားစုဖွဲ့ရမယ်။ မစို့မပို့တိုက်နေလို့ မဖြစ် ဘူး။ ဟိုနားနည်းနည်း၊ ဒီနားနည်းနည်း ငါးစာကျွေးသလို လုပ်နေ လို့မဖြစ်ဘူး၊ တိုက်ရင် ရည်မှန်းချက်တစ်ခုကို သေသေချာချာရွေးပြီ အပြီးအပိုင်တိုက်ရမယ်။ ပစ်အားသုံး၊ လူအင်အားသုံးပြီး ပြတ်ပြတ် သားသား တိုက်၊ ဒါဆိုရင် ရဲဘော်တွေလည်း စိတ်ဓာတ် တက်ကြ လာမယ်၊ မိုင်းယန်းတိုက်ပွဲနဲ့ မဲသဝေါ တိုက်ပွဲဟာ နိုင်ငံတော် အတွက် သိပ်အရေးကြီးနေတယ်။ မိုင်းယန်းကျသွားရင် ဗကပတွေ ကျိုင်းတုံအထိ ဆင်းလာမယ်၊ မုံးကိုးကနေ ရွှေလီချိုင့်ဝှမ်းထဲအထိ ထိုးစစ်ဆင်မယ်။ မဲသဝေါကျသွားရင် နိုင်ငံရေးအရ အခွင့်ကောင်း ယူတာတွေရှိမယ်။

ကျွန်တော်တို့နိုင်ငံဟာ သုံးပိုင်းကွဲရတော့မယ် အခြေအနေ ရှိနေတယ် ကိုလှ။ တစ်ပိုင်းကို ဗကပတွေက ထိန်းချုပ်ထားတယ်၊ တစ်ပိုင်းကို အနောက်အုပ်စု ထောက်ခံတဲ့ အင်အားစုတွေက ထိန်းချုပ်ထားတယ်။ ကျွန်တော်တို့ ၄၁မတော်ဟာ လက်ဝဲ လက်ယာအုပ်စုတွေကြားထဲမှာ နှစ်ဖက်ညှပ်နေလိမ့်မယ်။ ခွဲထွက် တဲ့ သူတွေလဲရှိဦးမယ်။ မိုင်းယန်းတိုက်ပွဲကို ကျွန်တော် ကိုယ်တိုင်ကွပ်ကဲထားတယ်။ မဲသဝေါက ခင်ဗျားတာဝန်ပဲ"

နိုင်ငံတော်အတွက် အလွန်အရေးကြီးလှသော နိုင်ငံရေး အရ အဓိပ္ပါယ်လေးနက်သော ရှုပ်ထွေး၊ ပွေလီသော ဖြေရှင်း ရန်လည်း ခက်ခဲလှသော မဲသဝေါတိုက်ပွဲဟူသည့် တာဝန်သည်





ဗိုလ်မှူးချုပ် မောင်လှ၏ ပခုံးပေါ်သို့ ကျရောက်သွားလေပြီ။

ဖော်ပြ–ဆုံး

## မဲသဝေါတိုက်ပွဲအစ

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ထိုင်း မြန်မာနယ်စပ်၊ သောင်းရင်းမြစ်ဘေးရှိ မဲသဝေါ နယ်မြေ တစ်ခုလုံးအား တမခ (၆၆) လက်အောက်ခံ၊ ခလရ (၇၆) တပ်ရင်းမှူး၊ ဒုဗိုလ်မှူးကြီးသီဟ သူရ ကျော်ညွန့်ဦးစီးတာဝန်ယူထားသည်။ မဲသဝေါနယ်မြေအတွက် အထောက်အကူပြုရန် ရှမ်းရွာသစ်ဆန်းတွင် တမခ (၆၆) လက်အောက်ခံ ခလရ (၇၇) ခေတ္တ တပ်ရင်းမှူးတာဝန်၊ ဒုတပ်ရင်း မှူး ဗိုလ်မှူးတင်ထွန်း ဗသက (၃၆) ဦးစီးစစ်ကြောင်းက အခြေပြု ကပ် ဖြန့်ထားသည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ တွင် **KNU** တပ်မ (၁) ကွပ်ကဲမှုအောက်မှ အမာခံ တပ်များ၊ မဒတတပ်ဖွဲ့များ၊ စုစုပေါင်းအင်အား ၂၀၀၀ ကျော်သည် သာလွန်အင်အားဖြင့် မဲသဝေါ စခန်းအား စတင်တိုက်ခိုက်ကြသည်။ မဲသဝေါနယ်မြေ တွင် တပ်ဖြန့်ထားသည့် စခန်းများဖြစ်သော အံ့ကျော်ကုန်း၊ ပွိုင့် ၉၆၂ တောင်ကုန်း၊ ကာဆာနလီ တောင်ကုန်းနှင့် မဲသဝေါပင်မစခန်း များ တစ်ခုပြီးတစ်ခု ကျဆုံးသွားခဲ့သည်။ ခလရ (၇၆) သည် တပ်များပြန်စုဖွဲ့ပြီး မောရလီတောင်ကုန်း၌ ပြန်လည် စုဖွဲ့ခံစစ်ယူ တိုက်ခိုက်သည်။ တိုက်ပွဲမှာ အကြိတ် အနယ်ဖြစ်ပြီးပြင်းထန်သည်။ မောရလီတောင်ကုန်း ကျဆုံးသွားပါက မဲသဝေါ နယ်မြေတစ်ခုလုံး ရန်သူ လက်အောက်ရောက်သွားမည့် အခြေအနေရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိတပ်များ ရိက္ခာနှင့် ခဲယမ်းများ ပြတ်လတ်သည့်ကြ... ရဲဝံ့စွန့်စားဖြင့် အပြင်းအထန်ခုခံ ကြသည်။ စစ်ကူတပ်များလ... စေလွှတ်လျက် ရှိသည်။

ခလရ (၇၆) တပ်ရင်းမှူး၊ ဒုဗိုလ်မှူးကြီး **သီဟ**... ကျော်ညွှန့် **OTS-31** သည် ၁၉၈၆ ခုနှစ်၊ စီစိမ်တာပန်တိုက်ပွဲ... သီဟသူရစွမ်းရည် ဘွဲ့တံဆိပ်ရရှိခဲ့သူဖြစ်သည်။

ယခုတိုင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားနေပြီး **အင်**... ကြီးမားသော ရန်သူကိုရင်ဆိုင်ခုခံ နေစဉ် လက်နက်ကြီးကျည်... မှန်၍ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး သီဟသူရကျော်ညွှန့်သည်... တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့သည်။

ထိုကဲ့သို့ ရန်သူအင်အားများပြားခြင်း၊ တိုက်ပွဲပြင်း... နေခြင်း၊ မိမိတို့၏ တပ်ရင်းမှူး ကျဆုံးသွားခြင်း အခြေအနေတို့ကြ... ဒုတပ်ရင်းမှူးဖြစ်သော ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၃၆) မှ... ကြည်း ၁၁၁၅၂ ဗိုလ်မှူးထွန်းမြင့် ဗလအမှတ် **(၈၃)**... ဤတပ်ရင်း ခလရ (၇၆)၌ပင် တပ်ရင်းမှူး တာဝန်ပြောင်းရွှေ့... ထုတ်ပြန်ခန့်အပ်လိုက်သည်။

ပြောင်းရွှေ့တာဝန်ပေး ခန့်အပ်လိုက်သည် ဟုဆိုရခြင်း... ဗိုလ်မှူးထွန်းမြင့်သည် မဲသဝေါတိုက်ပွဲ မဖြစ်မီကလေးတွင်... ခြေလျင် တပ်ရင်း ကစ်ရင်း သို့ ယာယီတပ်ရင်းမှူးအဖြစ် **ပြောင်း**... မိန့်ထွက်ပြီး ဖြစ်သည်။ သို့သော် နောက်တန်းပြန်၍ **တပ်ပြော**... ရွှေ့ရေးမရသေးဘဲ စောင့်ဆိုင်းနေစဉ် မဲသဝေါ တိုက်ပွဲ ဖြစ်... ခဲ့လျှင် တိုက်ပွဲနေရာတွင်ပင် **Posting** ပြောင်းလဲပေးခြင်းဖြစ်သ...

ဗိုလ်မှူးထွန်းမြင့်သည် ကံမကောင်း၍ ပြောင်းရွှေ့မိန့်...





...လွှတ်ခဲ့ရသည်လား၊ ကံကောင်း၍ပင် ထိခိုက်ကျဆုံးများပြား... ။ တပ်ရင်းမှူးကျဆုံး၍ စစ်သည်များ စိတ်ဓာတ်ယိမ်းယိုင်ခြင်း ...နေသည့် ခလရ (၇၆) ကို မဲသဝေါတိုက်ပွဲပြီးဆုံးသည်အထိ ...ခက်အခဲများစွာကြားမှ အောင်မြင်စွာ ကွပ်ကဲနိုင်ခဲ့ခြင်းသည် ...ပ်မှူးကောင်းတစ်ယောက် ဟုတ်မဟုတ်ကိုမူ အားလုံးက ...လုလာသုံးသပ်နိုင်ပါသည်။

## မဲသဝေါတန်ပြန်ထိုးစစ်

မဲသဝေါတိုက်ပွဲ၌ ပါဝင်တိုက်ခိုက်ခဲ့ကြသော ခြေလျင် ...ပ်ရင်းများမှာ ကမခ (၄၄) လက်အောက်ခံ၊ ခမရ (၃)၊ ခမရ (၅)၊ ခမရ (၆)၊ ခမရ (၇) နှင့် တမခ (၆၆)လက်အောက်ခံ ...ပ်ရင်းများမှာ ခလရ (၇၅)၊ ခလရ (၇၆) ခလရ (၇၇) ခလရ (၇၈) ခလရ (၈၀)၊ ခလရ (၈၁) နှင့် ခလရ (၈၂) တို့ဖြစ်ကြသည်။

အကူလက်ရုံးတပ်များမှာ ၁၂၀ မီလီမီတာ စိန်ပြောင်း (...ပြောက်) တပ်ဖွဲ့၊ ၇၆ မီလီမီတာ အမြောက်တပ်ဖွဲ့က၊ ကက (ကြည်း)မှ အထူးစီမံ လေ့ကျင့်ဖွဲ့စည်းထား သည့် ခြေလျင်အကူ လက်နက်ကြီးများဖြစ်သော ၈၁ မီလီမီတာစိန်ပြောင်းတပ်ဖွဲ့၊ ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်အဖွဲ့၊ ပွိုင့် ၅ စက်သေနတ်ကြီး တပ်ဖွဲ့ တို့ဖြစ်ကြသည်။

ထူးခြားသည်မှာ ၈၁ မီလီမီတာစိန်ပြောင်းတပ်ဖွဲ့ ကို ...စ်လက် သို့မဟုတ် နှစ်လက်ဖြင့် ပစ်ခတ်ခြင်း မဟုတ်ဘဲ ၈၁ ...မီလီမီတာစိန်ပြောင်း (၈)လက်ကို အမြောက် စစ်ရေးပြပုံစံ ပစ် ...ခတ်ခြင်းနည်းဖြင့် တစ်ပြိုင်နက် ပစ်ခတ်ခြင်းဖြစ်ရာ ချေမှုန်းရေး



www.burmeseclassic.com

www.burmeseclassic.com



တွင် များစွာ ထိရောက်ခဲ့သည်။ ၈၁ မီလီမီတာ ဗုံးသီး... တစ်နေရာတည်းတွင် အဆက် မပြတ်ကျရောက်ပေါက်ကွဲလျက်... KNU တို့က ''ပျားတုတ်ခံရပြီ''ဟု တင်စားခေါ်ဝေါ် ခဲ့ကြသ...

**စကကမှူး ရောက်ရှိခြင်းနှင့် တန်ပြန်ထိုးစစ် စတင်ခြင်း**

စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့မှူး (စကက) မှူးသည် မဲသ... ဒေသပို့င်၌ ၈၆၅ တောင်ကုန်း၌ ရှေ့တန်း စစ်ဆင်ရေးကွပ်ကဲမှုဌာန... ဖွင့်လှစ်လိုက်ပြီး စစ်ဆင်ရေးများကွပ်ကဲသည်။

ပထမဦးဆုံး တန်ပြန်ထိုးစစ်အဖြစ် မဲသဝေါ ပင်မစခန်း... ပို့င် ၈၆၅ စခန်းကြားရှိ ခမ-မမည H-575241 အချက်အခြာကျ... တောင်ကုန်းအား စတင်တိုက်ခိုက် သိမ်းပိုက်ရန်စီမံသည်။

စကကမှူးသည် ရှမ်းရွာသစ်စခန်းရှိ ခလရ (၇၇) ... တပ်ရင်းမှူး တာဝန်ထမ်းဆောင်နေသူ ဒုတပ်ရင်းမှူး၊ ဗိုလ်... တင်ထွန်းအား ခမရ(၃) တပ်ရင်းမှူးအဖြစ် ကြေးနန်းအမိန့်... ခန့်အပ်လိုက်သည်။ ခမရ (၃) ၏ တပ်ရင်းမှူးဖြစ်သူ ဒုဗိုလ်မှူး... ဘိုသန်းသည် မဲသဝေါသို့ စစ်ကူချီတက်လာရာတွင် လမ်း... မိုင်းထိ ဒဏ်ရာရသွားသဖြင့် ၎င်းနေရာသို့ ချက်ချင်း အစား... ခန့်အပ်ခြင်းဖြစ်သည်။

ထို့ကြောင့် မဲသဝေါတိုက်ပွဲပြင်းထန်နေချိန်တွင် ခလ... (၇၇) ရှေ့တန်းမှ ခလရ (၃၃) ရှေ့တန်းသို့ တပ်ရင်းမှူးအဖြစ်ပြောင်း... တာဝန်ပေးအပ်ခံရ သူမှာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (... မှ ဗလအမှတ် (၅၃) ကြည်း ၁၁၁၆၃ ဗိုလ်မှူးတင်ထွန်း ဖြစ်သ... တပ်ရင်းမှူးတာဝန် ပေးအပ်ခန့်အပ်သော ရက်မှာ ၁၁ . ၁၁ ...





ဖြစ်သည်။

စစ်ဆင်ရေးစီမံချက်အတိုင်း ရည်မှန်းချက် ဖြစ်သော ခမ-မမည H-575241 အချက်အခြာ တောင်ကုန်းအား ယာယီတပ်ရင်းမှူး လုပ်သက် ၂၁ ရက်ပြည့်မြောက်သော ၁ . ၁၂ . ၁၉၈၈ ရက်နေ့တွင် အမြောက်ပစ်ကူ ခြေလျင်အကူ လက်နက်ကြီးများ ပစ်ကူတို့ဖြင့် အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။

ဤတိုက်ပွဲတွင် ၁၂၀ မီလီမီတာစိန်ပြောင်းဗုံးသီး အလုံး (၆၀) ပစ်ခတ်ပေးသည်။ မိမိခြေလျင်အကူ လက်နက်ကြီးဖြစ်သော ၈၁ မီလီမီတာစိန်ပြောင်းနှင့် ၆၀ မီလီမီတာစိန်ပြောင်းစုစုပေါင်း ဗုံးသီးအလုံး ၂၀၀ ပစ်ခတ်ခဲ့သည်။ ကျည်ဆန်များလိုသလောက် ထုပ်ပေးထားသည်။ စိန်ပြောင်းပစ်ခတ်ပုံမှာ ၈၁ မီလီမီတာစိန်ပြောင်း ၂ လက်နှင့် ၆၀ မီလီမီတာစိန်ပြောင်း ၂ လက်တို့အား ချိန်ရွယ် တပ်ဆင် Monunt လုပ်လိုက်သည်။ ဗုံးသီးများအား အကူယမ်း ထုပ်မပါဘဲ ပို့ကျည်သက်သက်ဖြင့် ပစ်ရန်အလုံး ၂၀၀ အသင့်ပြင် ဆင်စီးထားသည်။ ရန်သူစခန်းမှာ မိမိရင်ဆိုင်တောင်ကုန်းမှ အကွာအဝေး ၁၂၅ ကိုက်သာရှိသည်။ ပို့ကျည်သက်သက်ဖြင့်သာ ပစ်ခတ်ပြီးဖြစ်သည်။ Rangig ပြုလုပ်ပြီး ဖြစ်သည်။ ပို့ကျည် သက်သက်ဖြင့် ပစ်ခတ်သဖြင့် (အကူယမ်း ထုတ်များမပါ) စိန်ပြောင်းမှာ တုန်ခါမှုမရှိ။ ထို့ကြောင့် ချိန်မှတ်ရေချိန်လိုက်ရန် မလိုပေ။ လက်နက်ကြီး ပစ်ခတ်မှု ကျည်ကျရှုပ်ထွေးမှု မရှိစေရန် အတွက် အမြောက်ပစ်ကူမှုပြီးဆုံးမှ ခြေလျင်အကူစိန် ပြောင်းများ ပစ်ခတ်ရန်၊ ပစ်ခတ်မှုစီမံချက်ရေး ဆွဲထားသည်။ တပ်ရင်းမှူး ကိုယ်ပိုင်သတ်မှတ်သော န-နာရီ ဖြင့် ချေမှုန်းရေးတပ်များ လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



ရန် စီစဉ်ထားသည်။

သတ်မှတ်ချိန် ပစ်ခတ်မှုများ ပြီးဆုံးသောအခါ ရန်သူ့ စခန်းတောင်ကုန်းတစ်ခုလုံး မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ မီးခိုးလုံး၊ ဖုံလုံးနှင့် ယမ်းငွေ့များ ဖုံးအုပ်သွားသည်။

မိမိချေမှုန်းရေးတပ်များ ရန်သူ့စခန်းကို အောင်မြင်စွာ လုံ့စွပ်ထိုးချေမှုန်းသိမ်းပိုက်နိုင်ခဲ့သည်။

တပ်ရင်းမှူးသည် ခြေလျင်အကူ လက်နက်ကြီး သင်တန်း အမှတ်စဉ် (၁)၌ တက်ရောက်ခဲ့ခြင်း၊ စစ်တက္ကသိုလ်၌ လက်နက် သင်ဌာနမှူး တာဝန်ဆောင်ခဲ့ခြင်း၊ ထို့ကြောင့် လက်နက်ကြီးသဘော တရား ပိုင်နိုင်ကျွမ်းကျင်မှုရှိသည်။ ထို့ကြောင့် ပစ်ခတ်မှုနှင့်လှုပ်ရှား ဟန်ချက်ညီလှုပ်ရှားနိုင်ခဲ့ကာ အင်အား၂၀၀ ရှိသော ရန်သူများအား ချေမှုန်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဤတိုက်ပွဲသည် မဲသဝေါတိုက်ပွဲ၏ တန်ပြန် ထိုးစစ် ပထမ ဆုံးတိုက်ပွဲနှင့် အောင်ပွဲဖြစ်သည်။ မဲသဝေါ စစ်ဆင်ရေးဂွင်တစ်ခုလုံး ရှိ စစ်သည်များ စိတ်ဓာတ်ရေးရာ မြင့်တက်လာကြောင်း အထောက် ဌာနမှ သုံးသပ်သည်။

ရန်သူများ အထိနာသွားသည်။ မိမိ လက်နက်ကြီးပစ်ခတ် နှင့် စွမ်းအားကို ရန်သူများ တုန်လှုပ် သွားခဲ့သည်။ ပို့ကျည်မပါ စိန်ပြောင်း ပစ်ခတ်မှုမှာ ဗုံးသီးပြောင်းမှထွက်သံထူးခြားမကြား ထို့ကြောင့် စိန်ပြောင်းများ မည်သည့်နေရာက ပစ်နေသည်ကို ခန့်မှန်း၍မရ။ မိမိတပ်မတော်၌ လက်နက်ဆန်းများ အသုံး နေသည်ဟု ရန်သူများ ထင်မှတ်နေကြောင်းသိရသည်။ ကြားဖြတ် သတင်းအရ ရန်သူသည် ထိုင်းနိုင်ငံဘက်သို့ အားလုံး ဆုတ်





ဆုတ်ခွာကြရန် အမိန့်ပေးနေကြောင်းသိရှိ ရသည်။

ကျန်ရှိနေသော တပ်ရင်းများသည် မိမိ သတ်မှတ်ရည်မှန်း ချက် နေရာသို့ တိုက်ခိုက်သိမ်းပိုက်ကြသည်။ ပြင်းထန်သော ခုခံမှု မရှိတော့ပါ။ စခန်း အားလုံးအား မိမိတပ်မတော်မှ အောင်မြင်စွာသိမ်း ပိုက်နိုင်ခဲ့ပါသည်။

ခမရ (၃) တိုက်ခိုက်သိမ်းပိုက်သော ခပ-မပည-H 875241 တောင်ကုန်းတိုက်ပွဲသည် မဲသဝေါ တိုက်ပွဲကြီးတစ်ခုလုံး၏ အလှည့်အပြောင်း ဖြစ်စေသောတိုက်ပွဲ **Turining Point** ဖြစ်ပါ သည်။ ဤအကြောင်းကို မဲသဝေါတိုက်ပွဲအကြောင်း စာအုပ် ရေးသားသော တင်သန်းဦး (စစ်တက္ကသိုလ်) နှင့် သောင်းဝေဦးတို့၏ စာအုပ်များတွင် ရေးသား ဖော်ပြထားပါသည်။

## လေကြောင်းတိုက်ခိုက်မှု

မဲသဝေါတိုက်ပွဲကာလတွင် **KNU** တို့သည် မဲသဝေါ၏ မြောက်ဘက်၊ သောင်းရင်းမြစ်ကမ်းဘေးရှိ ဘိနစခန်း၌ ကွပ်ကဲမှု ဌာနချုပ်ထားရှိပြီး ကွပ်ကဲမှုနှင့် လိုအပ်သော အုပ်ချုပ်ထောက်ပံ့မှု များ ဆောင် ရွက်လျက်ရှိသည်။ တပ်မတော်လေတပ်သည် **T-33** ပုံကြတိုက်လေယာဉ်များဖြင့် ဘိနစခန်းအား ဗုံးကြဲ၊ ပစ်ခတ် တိုက်ခိုက် ဖျက်ဆီးမှုများ ပြုလုပ်ပါသည်။

ဤလေကြောင်းတိုက်ခိုက်မှုတွင် ပါဝင်သူ လေသူရဲတစ်ဦး မှာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၃၆)မှ တပ်မတော် (လေ) သို့ ရောက်ရှိသည့် **T-33** ဂျက်တိုက်လေယာဉ်လေသူရဲ၊ ပြန်တမ်းဝင် အမှတ် လေ/၁၄၉၈ ဗိုလ်မှူးကြီးလှမြင့်-ဗလအမှတ် ၁၅၅၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ ပါကစ္စတန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် မြန်မာစစ်သံ
**Military Attache** ကြည်း/ရေ /လေ အဖြစ်တာဝန်ထမ်းဆော
သူဖြစ်သည်။

**မဲသဝေါဒေသစစ်ဆင်ရေးရန်သူ/ မိမိအဆုံးအရှုံး**

၁။ မိမိတပ်အဆုံးအရှုံး

(က) ကျဆုံး ၂၃၀ ယောက်

(ခ) ဒဏ်ရာရ ၁၄၆၂ ယောက် (အရာရှိ ၈၈ +
အခြားအဆင့် ၁၃၇၄)

၂။ ရန်သူအဆုံးအရှုံး

(က) ကျဆုံး–၄၀၀ (အလောင်းရေ ၂၀၀ + သတ
၂၀၀)

(ခ) အများအပြားဒဏ်ရာရရှိသွား

မြန်မာ့အသံကြေညာချက်နှင့် ၃.၁၀. ၁၉၈၉ နေ့ထုတ်
လုပ်သားပြည်သူနေ့စဉ် သတင်းစာ ဖော်ပြချက်

**ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းရေးတာဝန်**

၈၈ အရေးအခင်းတွင် လူတန်းစားပေါင်းစုံ၊ အလွှာပေါင်း
ပါဝင်၍ ဆူပူအုံကြွကြသည်။ မြှောက်ထိုးပင့်ကော်သူမျ
ပယောဂကြောင့် တက်တက်ကြွကြွ လှုပ်ရှားကြသည်။ နိုင်ငံတ
အသံလွှင့် ဌာနများ ဖစ်သော **VOA,BBC, RFA** တို့ကလ
နပ်ကြောင်းပေး၊ အခါတော်ပေး၊ စည်းရုံးလှုံ့ဆော်မှုကြော
နားယောင်သွားကြသူများသည် ရန်ကုန်မြို့ကြီးအပါအဝင် တစ်





လုံး **Anarchism** ခေါ် မင်းမဲ့စရိုက် တိုင်းပြည်ကြီးဖြစ်သွားတော့
သည်။

ရန်ကုန်မြို့တော်၏ တည်ငြိမ်အေးချမ်းရေး အခြေအနေကို
ထိန်းသိမ်းရန် အခြားတပ်များနည်းတူ ဘားအံရှိ တမခ–၂၂၊
တပ်မတစ်ခုလုံးသည် ရန်ကုန်၌ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး
တာဝန် ထမ်းဆောင်ရသည်။ တပ်မ ၂၂ လက် အောက်ခံတပ်ရင်း
(၁၀) ရင်းအနက် တပ်ရင်းမှူး (၃) ယောက်သည် ဗိုလ်လောင်း
သင်တန်း အမှတ်စဉ် (၃၆) မှ ဖြစ်ပါသည်။

၁။ ကြည်း ၁၁၀၉၆ ဒုဗိုလ်မှူးကြီး စိုးဝင်း (ဗလ အမှတ် ၂၇)
ဗိုလ်မှူးကြီး၊ ရဲချုပ် (ငြိမ်း) အမှတ် (၂၀၇) ခြေမြန်တပ်ရင်း

၂။ ကြည်း ၁၁၁၀၈ ဒုဗိုလ်မှူးကြီးစိုးညွန့် (ဗလ အမှတ် ၁၆၁)
ဗိုလ်မှူးကြီး၊ ရှုရှစစ်သံ၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
အလုပ်သမား ဝန်ကြီးဌာန၊အမှတ် (၂၁၀) ခြေမြန်တပ်ရင်း

၃။ ကြည်း ၁၁၂၂၁ ဒုဗိုလ်မှူးကြီးမောင်ကို (ဗလ အမှတ်
၁၃၄) တပ်မ–ဦးစီး (ပ) (ငြိမ်း) အမှတ် (၂၀၆)ခြေမြန်
တပ်ရင်း

အခြားသောအရာရှိများသည် ဤသို့ ပွဲကြီး/ပွဲကြမ်းများ၌
မပါဝင်သည့်တိုင် ကျရာနေရာ၊ ကျရာတာဝန်ကို ဤအရေးအခင်း
ကာလတွင် တိုင်းပြည်၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြ
ပါသည်။

ဆက်လက်ဖော်ပြလိုသည်မှာ ဤကာလ၊ တပ်မတော်
ကာကွယ်ရေး ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်မှူးကြီးစောမောင်၏
ကိုယ်ရေးအရာရှိမှာ ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၃၆)မှ ကြည်း



www.burmeseclassic.com

www.burmeseclassic.com



၁၁၂၁ – ဒုဗိုလ်မှူးကြီးဝင်းကြည် (ငြိမ်း) (ဗလ အမှတ် ၁၄…
ဖြစ်ပါသည်။

**နိုင်ငံတော်ကိုကယ်တင်သူ**

ရန်ကုန်မြို့အခြေအနေ တည်ငြိမ်အေးချမ်း သွားသော… နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တရား ဥပဒေစိုးမိုးရေးဥက္ကဋ္ဌ… ကာကွယ်ရေးဦးစီးချုပ် ဖြစ်သူ ဗိုလ်ချုပ်မှူးကြီးစောမောင်သ… ဤအရေးအခင်း ဖြစ်စဉ်နှင့်ပတ်သက်ပြီး နိုင်ငံခြားသတင်းထော… များက သတင်းစာရှင်းလင်းပွဲပြုလုပ်၍ အပြန်အလှန်မေးခွန်းမျ… ဖြေကြားခဲ့သည်။ အားလုံး ပြီးစီးသောအခါ ဗိုလ်ချုပ်မှူးကြီ… စောမောင်က အောက်ပါအတိုင်း အင်္ဂလိပ်လို ပြောကြားခဲ့သည်…

**"I Save Burma"**

နိုင်ငံတကာ သတင်းမီဒီယာများ၌ ဤစကားလုံး အဓိ… အနှုန်းအတိုင်း ဖော်ပြကြသည်။

မြန်မာနိုင်ငံ ကယ်တင်သော သမိုင်းဝင်အား ဖြစ်ရပ်… ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၃၆) သည် အဓိကအခန်းက… မဟုတ်စေကာမူ အရေးကြီးသော အခန်းကဏ္ဍ၌ ကျေပွန်… တိုင်းပြည် တာဝန် ထမ်းဆောင်ခဲ့ကြပါကြောင်း မှတ်တမ်း… ဂုဏ်ပြုရေးသားလိုက်ပါသည်။

ဗိုလ်မှူးကြီးတင်ထွန်း(ဉာဏ်ကျယ်…

မြရတနာစာပေ

# …ကျောင်းဆင်းရွှေရတု



ဒုဗိုလ်မှူးကြီးမြတ်စိုး(ရေ)

www.burmeseclassic.com

www.burmeseclassic.com

## ကျောင်းဆင်းငွေရတု

ရေးသူ – ဒုဗိုလ်မှူးကြီးမြတ်စိုး(ရေ)

လွန်ခဲ့သောနှစ်ပေါင်း (၅၀)ဖြစ်တဲ့ ၁၉၆၇ ခုနှစ် ဇန်နဝါရီလ (၁၄)ရက်နေ့တွင် ကျွန်တော်တို့တက် ရောက်ခဲ့သည့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၊ ဗိုလ်လောင်းသင်တန်း ဗပတ်စဉ် (၃၆)၊ သူရတပ်ခွဲကျောင်း ဆင်းပွဲနေ့ဖြစ်ပါသည်။ နှစ်ပေါင်း(၅၀) ကြာခဲ့ပြီးနောက် ယနေ့အချိန်အခါကို ပြန်လည် ယန်းစစ်ကြည့်သောအခါ အတိတ်ကဖြစ်ပျက်ခဲ့သော အခြေအနေ ရပ်ရပ် ဘဝဖြစ်စဉ်များကို ပြန်လည် တွေးတောမိပါသည်။

ကျွန်တော်အနေဖြင့် ၁၉၆၆ ခုနှစ် ဒီဇင်ဘာလတွင် ဗိုလ်လောင်းအဖြစ် အရွေးချယ်ခံရပြီး မှော်ဘီဗိုလ် သင်တန်း ကျောင်းသို့ ရောက်ခဲ့ပါသည်။ ၁၉၆၆ ခုနှစ် ဧပြီလ (၁၈)ရက်နေ့တွင် သင်တန်းစခဲ့ပါသည်။ သင်တန်းမဖွင့်မီ (၃)လကျော်ခန့် ဗိုလ်လောင်း များ စုစည်းနေချိန် ဗိုလ်သင်တန်းကျောင်းတွင် နေထိုင်စောင့်ဆိုင်းပြီး နံနက် ၅ နာရီထ၊ **PT** ပြေး၊ သင်တန်းကခိုင်းတဲ့ လုပ်အားပေး လုပ်များလုပ်၊ ညနေ ၄ နာရီ **PT** ပြေး၊ ညအချိန် စာကြည့်၍ စောင့်ဆိုင်းရင်း လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ လုပ်ခဲ့ပါသည်။

www.burmeseclassic.com



မြန်မာပြည် အရပ်ရပ်မှ ရောက်ရှိလာသော ဗိုလ်လောင်းများနှင့် သူငယ်ချင်းဖြစ်ကြရပါသည်။ ကျွန်တော်အနေဖြင့် ရန်ကုန်တက္ကသိုလ် တက်ခဲ့သူဖြစ်ရာ ရန်ကုန်တက္ကသိုလ် ကျောင်းထွက်သူငယ်ချင်း အတော်များများနှင့် သိကျွမ်းပြီး တက္ကသိုလ်အရန်တပ်ရင်း (U T C) သင်တန်းတက်ဖက်သူငယ်ချင်းများနှင့် သိကျွမ်းခင်မင်သူများ ဖြစ်ပါ သည်။ အသက်အားဖြင့် အသက် ၂၀ ကျော် ၂၅ နှစ်များ ဖြစ်ကြ ပြီး ထို့ထက်ကြီးသူ အစ်ကိုအရွယ်အချို့လည်း ပါလာပါသည်။ ဒါပေမဲ့ ကျွန်တော်တို့က ကြီးကြီးငယ်ငယ် မင်းနှင့်ငါ ပြောဆိုဆက်ဆံ တာများကြပါသည်။ အားလုံးလည်း ခင်ခင်မင်မင် နောက်နောက် ပြောင်ပြောင် ပျော်ပျော်ရွှင်ရွှင် ရင်းရင်းနှီးနှီး ဆက်ဆံကြပါသည်။ အပြင်မှာ ဘယ်လိုနေခဲ့နေခဲ့ ကျောင်းရောက်တော့ ဗိုလ်လောင်း အချင်းချင်း တန်းတူရည်တူပြောဆို ဆက်ဆံခဲ့ကြပါသည်။ ကျောင်း မဖွင့်မီ သကြိန်ရက်များတွင် ပိတောက်ပန်းများ ဝေဝေဆာဆာ ပွင့်နေသော မှော်ဘီ ဗိုလ်သင်တန်းကျောင်းတွင် ပျော်ပျော်ပါးပါး စုပေါင်း ရေကစားခြင်း၊ သီချင်းများ၊ သံချပ်များ၊ ဇာတ်လမ်းတိုများ၊ ဇာတ်တိုက်၊ သီဆိုတီးမှုတ်ကခုန်ခဲ့ကြလို့ ပိုပြီး ရင်းနှီးကြပါသည်။ သူ့အကြောင်း ကိုယ့်အကြောင်း ပြောကြ၊ ရယ်စရာ ရွှေဖြစ် နောက်ဖြစ်များ ပြောကြ၊ ငယ်ကျိုးငယ်နာများ ဖော်ထုတ်ကြ၊ အမူအကျင့်မျိုးစုံ ပါလာကြတော့ နာမည်ပြောင်များပေးကြ၊ ဟားကြနှင့် တော်တော်ပျော်ခဲ့ရပါသည်။

ကျောင်းဖွင့်ပွဲ အခမ်းအနားကို ကျောင်းအုပ်ကြီး ဒုတိယ ဗိုလ်မှူးကြီး သူရမင်းမောင်ကပဲ ဖွင့်ပေးသည်ဟု မှတ်မိပါသည်။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းကလည်း တော်လှန်ရေး





ကောင်စီဥက္ကဋ္ဌ တာဝန်ယူချိန် ဖြစ်၍ မအားလပ်ပါ။ ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးချုပ်စန်းယုဖြစ်ပြီး အစိုးရတာဝန် များဖြင့် မအားလပ်ပါ။ ဒုတိယကျောင်းအုပ်ကြီး (နည်းပြချုပ်)က ဗိုလ်မှူးကျော်မြင့် (နောင်တွင် ရန်ကုန်တိုင်းကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်မြင့်)ဖြစ်ပါသည်။ ကျွန်တော်တို့ ဗိုလ်လောင်းတပ်ခွဲ မှူးက ဗိုလ်ကြီးကျော်ခင်ဝင်း (နောင် ကရင်ပြည်နယ် ပြည်သူ့ ကောင်စီ ဥက္ကဋ္ဌ ဦးကျော်ခင်ဝင်း) ဖြစ်ပါသည်။ တပ်ခွဲအရာရှိများမှာ ဗိုလ်ကြီးတင်ဝင်း၊ ဗိုလ်ကြီးမောင်သိန်း၊ ဗိုလ်ကြီးမောင်ချစ်၊ ဗိုလ်ကြီးအောင်သန်း၊ ဗိုလ်ကြီးလှမြင့်ကျော် (နောင် ဗိုလ်မှူးကြီး လှမြင့်ကျော်) တို့ဖြစ်ကြပါသည်။ ဗိုလ်ကြီးကျော်ခင်ဝင်း ရာထူးတိုး၍ S1 ဖြစ်သွားသောအခါ တပ်ခွဲမှူး ဗိုလ်ကြီး ရန်တင်ဂန်း ဖြစ်သွားပါ သည်။ ကျွန်တော်တို့ ဗိုလ်လောင်း တပ်ခွဲကို အမြဲတမ်း အနီးကပ် ကိုင်တွယ် ကြပ်မတ်သွား သူကတော့ ဗိုလ်ကြီးမောင်ချစ် (နောင် ဗိုလ်မှူး) ဖြစ်ပါသည်။ ဗိုလ်လောင်းတွေအကြောင်း နောကြေနေပြီဖြစ် လို့ ဘယ်လိုမှ အလွတ်မပေးဘဲ ကြပ်မတ်ကိုင်တွယ်သွားနိုင်သူ ဖြစ်ပါသည်။ ကျောင်းဖွင့်ပွဲနေ့ညနေပိုင်းမှာ ကျွန်တော်တို့ တပ်ခွဲ အလံတိုင်လဲကျသွား၍ ဗိုလ်လောင်းများ စိတ်မကောင်းကြပါ။ ဘာမျှထူးထူးခြားခြား မိုးမရွာ လေမတိုက်ဘဲ လဲကျသွားခြင်း ဖြစ်ပါသည်။ အတိတ်နိမိတ် မကောင်းဘူးဟု ယူဆကြပါသည်။ ဆိုင်၊ မဆိုင်တော့ မသိပါ။ နောင်သောအခါ ကျွန်တော်တို့ ကျောင်း ဆင်းတပ်ခွဲက ပထမဦးဆုံးကျဆုံးသူမှာ အကောင်းဆုံး ဗိုလ်လောင်း ကျောင်းသားဖြစ်သူ (Best Cadet) ဒုဗိုလ်အောင်ဆန်းမြင့် ကျောင်း ဆင်းပြီး ၁၀ လ ခန့်အကြာတွင် ကျဆုံးသွားပါသည်။ အလ...



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားနံပါတ်(၁) ဗိုလ်လောင်းအုန်းကျော်မှာလည်း ဒုဗိုလ်ဘ တွင်ပင် ကျဆုံးခဲ့ပါသည်။ ဒုဗိုလ်စိုးတင့်လည်း အလားတူ ကျ ခဲ့ပါသည်။ ကိုယ်ပိုင်အမှတ်ထူးခြားသူ သိန်းဆွေ ကြည်း ၁၁၁ ဒုဗိုလ်အဆင့်မှာပင် ကျဆုံးကွယ်လွန် (၁၀) ဦးရှိပါသည်။ နောက် တစ်ခုက ကျွန်တော်တို့ အပတ်စဉ် (၃၆) ဆင်း သူငယ်ချင်းတွေထဲက ဗိုလ်ချုပ်ဖြစ်သူ၊ ဝန်ကြီးဖြစ်သူ တစ်ယောက်မျှ မရှိပါ။ ကျွန်တော်တို ရှေ့မှ နောင်တော်များရော၊ နောက်မှ ညီတော်များရော ဗိုလ်ချု တွေ၊ ဝန်ကြီးတွေဖြစ်ကြပါ သည်။ ကျွန်တော်တို့ထဲမှ အတော်ဆုံ ကိုစိုးဝင်းက ရဲချုပ်၊ ကိုမောင်မောင်သန်းက ရဲမှူးချုပ်၊ နောက် ညွှန်ချုပ်များ၊ သံအမတ်ကြီးများ၊ ဗိုလ်မှူးကြီး၊ ရဲမှူးကြီးရာထူးလောက် သာ ရကြပါသည်။ စိတ်မကောင်းတော့မဖြစ်ပါ။ ကိုယ့်ကုသိုလ် ကိုယ်ပဲလေ။ ကြိုးစားအားထုတ်မှုကတော့ အခြားညီနောင်အရာရှိ များထက် လျော့နည်းခြင်း မရှိပါ။ နိုင်ငံတော်တာဝန်ထမ်းဆောင် ရင်း တိုက်ပွဲတွင်ကျဆုံးသူ (၁၃)ဦး၊ သူရဲကောင်းမှတ်တမ်းဝင်ရသူ (၅) ဦး၊ သူရဘွဲ့ ရသူ (၃)ဦးရှိပါသည်။

သင်တန်းကာလအတွင်း လေ့ကျင့်ရေးနှင့် ပတ်သက် ထိုစဉ်က အခြားဗိုလ်သင်တန်း အပတ်စဉ် များနည်းတူ ပင်ပ ပန်းပန်း ဆင်းဆင်းရဲရဲ လေ့ကျင့်ခဲ့ရတာ မှတ်မိပါသည်။ လေ့ကျ ရင်း သေလည်း အရေးမကြီးဘူး။ မြန်မာ့တပ်မတော်တွင် အရာ များအဖြစ် တာဝန်ယူရမည်ဖြစ်၍ ထုသားပေသားကျအောင်၊ ဝ မြေပြင်တွင် သွေးထွက်နည်းအောင်၊ လေ့ကျင့်ချိန်တွင် ချွေးထွ များရမည်ဟု ဆရာများက ပြောပါသည်။ အချိန်မပေးဘဲ လုပ်ရ များကို အမြန်အချိန်မီပြီးစီးအောင် လုပ်ရပါသည်။ **Time and**





**distance** အချိန်နဲ့အကွာ အဝေးကို အမြဲချင့်ချိန်တတ်အောင် လေ့ကျင့်ပေးထားပါလားဟု သဘောပေါက်ပါသည်။ ဗိုလ်လောင်း သင်တန်းများနှင့်ပတ်သက်၍ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် သင်တန်း တက်ရောက်နေကြသော အရာရှိကြီးများကို တပ်မတော် လေ့ကျင့်ရေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သူရထွန်းတင် (နောင် တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်၍ အနီးကပ် တစ်ပတ်ကျော် လာရောက်အတူနေပြီး လေ့လာခဲ့သည့်အတွက် ကိုယ်စီတိုက်ပွဲမှစ၍ အဖွဲ့လိုက်လှုပ်ရှားမှု တပ်စိတ်တိုက်စစ်၊ တပ်စုတိုက်စစ်များ၊ တပ်ခွဲတိုက်စစ်များ သရုပ်ပြတိုက်ခိုက်ပြကြရပါသည်။ ကျောင်းဆင်း လျှင် အနည်းဆုံး တပ်စုမှူးတာဝန် ထမ်းဆောင်ရမည်ဖြစ်၍ နှစ်ဆင့်မြင့်ရာထူးဖြစ်သည့် တပ်ရင်း မှူး တာဝန်ထမ်းဆောင်နိုင်ရန်၊ ဦးစီးအရာရှိကြီး တာဝန်ထမ်းဆောင်နိုင်ရန် စာတွေ့၊ လက်တွေ့ လေ့ကျင့်ပေးခဲ့ပါ သည်။ သင်တန်းဆင်းချိန်တွင်တော့ ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်ဖြင့် နိုင်ငံတော်တာဝန်၊ တပ်မတော် တာဝန်များ ထမ်းဆောင်ရန်အသင့်ဖြစ်ခဲ့ပါပြီ။ သင်တန်းကာလ (၁၀) လကျော် တွင် ထူးထူးခြားခြား ကျွန်တော်တို့နှင့်အတူ ခွေးတစ်ကောင်လည်း သင်တန်း အစအဆုံး တကောက်ကောက်လိုက်ပါခဲ့သည်ကို တွေ့ခဲ့ ရပါသည်။ အဆိုပါ အနီရောင်ခွေးသည် ဗိုလ်လောင်းအားလုံး၏ ချစ်ခင်ခြင်းကို ခံခဲ့ရပါသည်။ ကျွန်တော်တို့တပ်ခွဲတွင် ဗိုလ်လောင်း (၁၆၂)ဦးရှိခဲ့ရာ ကျောင်းသား အမှတ်စဉ် (၁)မှ (၁၆၂) ထိပေး ခဲ့ပါသည်။ ဗိုလ်လောင်းနံပါတ် (၁)က အုန်းကျော်၊ နံပါတ် (၁၆၂) က မြင့်သိန်း၊ ကျွန်တော်ကနံပါတ် (၃၆)ဖြစ်ပါသည်။ အဆိုပါ ခွေးနီလေးကိုတော့ ဗိုလ်လောင်းအမှတ်စဉ် (၁၆၃)ဟု ဆေးခဲဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရေးပြီး အားလုံးက ၁၆၃ ဟုခေါ်ကြသည်။ ၁၆၃ သည် စစ်ရေး ပြကွင်း၊ လေ့ကျင့်ရေးကွင်း၊ PT ပြေးစဉ် အမြဲလိုက်ပါခဲ့ပါသည်။ မော်တော်ယာဉ်ဖြင့် သွားလျှင်လည်း ခေါ်သွားပါသည်။ ညအချိ ချီတက်ခြင်း၊ ညတိုက်ပွဲလေ့ကျင့်ရာတွင် လနှင့်ချီ၍လိုက်ပါပြ အတူနေ၊ အတူစား၊ အတူအိပ်လေ့ရှိပါသည်။ ကျောင်းဆင်းခါနီး တပ်မှူးကြီးများ၏ စစ်ရေးအတွေ့အကြုံ ဟောပြောပွဲများ ပြုလုပ် စဉ် တိုင်းမှူးဗိုလ်မှူးကြီးသူရတင်ဦး (ယခု NLD ဗိုလ်ချုပ်ကြီးဟော သူရဦးတင်ဦး) အောင်ဆန်းခန်းမတွင် ဟောပြောနေစဉ် ခွေး ခွေးလွှင့်များကို အမဲသား တုံးကျွေး၍ ရှင်းလင်းရာတွင် ၁၆၃ လည်း စားမိ၍ ခန်းမဘေးတွင် လူးလိမ့်နေသည်ကို တွေ့ကြသော ဗိုလ်လောင်းများမှာ သင်ခန်းစာစိတ်မဝင်စားနိုင်ဘဲ ခွေး မသေ အောင် ဝိုင်းကုသကြပါသည်။ ကံကောင်းထောက်မစွာ ၁၆၃ လည်း ကျွန်တော်နှင့်အတူ ကျောင်းဆင်းနိုင်၍ ဗိုလ်လောင်းများ ဝမ်းသာ အားရဖြစ်ရပါသည်။

ဗိုလ်သင်တန်းဆင်းသောအခါ တပ်မတော် (ကြည်း)သို့ အရာရှိ (၁၂၉)ဦး၊ တပ်မတော်(ရေ)သို့ အရာရှိ (၁၈)ဦး၊ တပ်မတော် (လေ)သို့ အရာရှိ (၁၅)ဦး ခွဲဝေချထားပေးပါသည်။ ကျွန်တော်နှင့်အတူ အရာရှိ (၁၈) ဦး တပ်မတော်(ရေ)သို့ ရောက်ကြပါသည်။

၎င်းတို့မှာ –

(၁) ရေ/၃၂၇၆ ဒုဗိုလ်မြတ်စိုး
ယခုဒုဗိုလ်မှူးကြီး(ငြိမ်း)

(၂) ရေ/၃၂၇၇ ဒုဗိုလ်အေးသွယ်
ယခုဒုဗိုလ်မှူးကြီး(ငြိမ်း)





(၃) ရေ/၃၂၇၈ ဒုဗိုလ်တင်ထွဋ်သိန်း
ယခုဒုဗိုလ်မှူးကြီး(ငြိမ်း)

(၄) ရေ/၃၂၇၉ ဒုဗိုလ်ထွန်းအောင်
ယခုဗိုလ်မှူး(ငြိမ်း)

(၅) ရေ/၃၂၈၀ ဒုဗိုလ်ဝင်းမြင့်
ယခုဗိုလ်မှူး(ငြိမ်း)

(၆) ရေ/၃၂၈၁ ဒုဗိုလ်သာထွန်းအောင်
ယခုဗိုလ်မှူး(ကွယ်လွန်)

(၇) ရေ/၃၂၈၂ ဒုဗိုလ်သိန်းအေး
ယခုဗိုလ်မှူး(ငြိမ်း)

(၈) ရေ/၃၂၈၃ ဒုဗိုလ်ရဲညွန့်
ယခု ဗိုလ်မှူး(ငြိမ်း)

(၉) ရေ/၃၂၈၄ ဒုဗိုလ်သောင်းညွန့်
ယခုဒုဗိုလ်မှူးကြီး(ငြိမ်း)

(၁၀) ရေ/၃၂၈၅ ဒုဗိုလ်ရင်မောင်
ယခုဒုဗိုလ်မှူးကြီး(ကွယ်လွန်)

(၁၁) ရေ/၃၂၈၆ ဒုဗိုလ်ဇော်လင်း
ယခုဒုဗိုလ်မှူးကြီး(ငြိမ်း)

(၁၂) ရေ/၃၂၈၇ ဒုဗိုလ်တင်သိန်း
ယခုဗိုလ်မှူး(ကွယ်လွန်)

(၁၃) ရေ/၃၂၈၈ ဒုဗိုလ်ခင်မောင်ဆွေ
ယခုဗိုလ်မှူး (ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com



(၁၄) ရေ/၃၂၈၉ ဒုဗိုလ်အောင်ခင်ကျော်
ယခုဒုဗိုလ်မှူးကြီး(ငြိမ်း)

(၁၅) ရေ/၃၂၉၀ ဒုဗိုလ်ခင်မောင်ဦး
ယခုဗိုလ်မှူး(ငြိမ်း)

(၁၆) ရေ/၃၂၉၁ ဒုဗိုလ်လှကြည်
ယခုဒုဗိုလ်မှူးကြီး(ငြိမ်း)

(၁၇) ရေ/၃၂၉၂ ဒုဗိုလ်ခင်မောင်ကြီး
ယခုဗိုလ်မှူး(ကွယ်လွန်)

(၁၈) ရေ/၃၂၉၃ ဒုဗိုလ်ညိုထွန်း
ယခုဒုဗိုလ်မှူးကြီး(ငြိမ်း)

တို့ဖြစ်ကြပါသည်။

ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၃၆) ကျောင်း ဆင်းအရာရှိ (၁၆၂)ဦးရှိသည့် အနက် (၆၀)ဦးခန့် ကျဆုံး ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ ယခုအထိ (၁၀၀) ဦးခန့် အသက်ရှင်ကျန်ရှိနေပါသည်။ ကျွန်တော်တို့ တပ်မတော် (ရေ)သို့ ရောက်ရှိသူ (၁၈)ဦးအနက် (၄)ဦး ကွယ်လွန်ခဲ့ပြီး (၁၄)ဦး သက်ရှိကျန်ရှိနေပါသည်။

တပ်မတော်(ရေ)သို့ ရောက်ရှိသည့်အတွက် ကျွန်တော် ဝမ်းသာဂုဏ်ယူမိပါသည်။ အရာရှိငယ်ဘဝမှ အရာရှိကြီးဘဝတိုင် တပ်/စခန်း/ရေယာဉ်/ဌာနချုပ် အသီးသီးနှင့် ကာကွယ်ရေးဦးစီးချုပ် ရုံး(ရေ)၊ မြန်မာ ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ တပ်မတော် စည်းရုံး တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ တပ်မတော်၏ လိုအပ် ချက်အရ တပ်မတော်(ကြည်း)ကဲ့သို့ ယူနီဖောင်း စစ်စိမ်းရောင်ဝတ်၍ ရေတပ်တပ်ရင်း (၂)(Marine)တွင် တပ်စုမှူး၊ တပ်ခွဲမှူးတာဝန်ထမ်း





ဆောင်ကာ စခန်းထိုင်ခြင်း၊ စစ်ဆေးရေး တာဝန်ထမ်းဆောင်ခြင်း များလည်း ဆောင် ရွက်ခဲ့ရပါသည်။ စစ်သည်အချို့နှင့်အတူ ဗာနသ်ာရီတိုင်း၊ မြိတ်ဘုတ်ပြင်းဒေသတွင် ပြည်ပြေးများနှင့် တိုက်ပွဲ ဖြစ်၍ အကြပ်/စစ်သည်(၅)ဦးကျဆုံး (တက/စိန်လွင်၊ တသ/ မောင်အေး၊ တသ/မြင့်သန်း၊ တသ/စံထွန်း၊ တသ/ လှမြင့်) (၉) ဦး ဒဏ်ရာရခဲ့ရာ ကျွန်တော်လည်းပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပါသည်။ ဘုတ်ပြင်းဆေးရုံသို့ ဒေသခံ ပြည်သူများ၏ အကူအညီဖြင့် စစ်အတွင်း တည်ဆောက်ထားသော လေယာဉ်ကွင်းသို့ လေယာဉ် စေလွှတ် ဆင်းသက်၍ ရန်ကုန်-မင်္ဂလာဒုံ စစ်ဆေးရုံကြီးသို့ပို့ဆောင် တက်ရောက်ကုသခဲ့ရပါသည်။ ကျွန်တော်နှင့်အတူ တပ်သားထွန်း လှအောင်(မျက်လုံးတစ်ဖက် သေနတ် ထိမှန်)၊ ကိုယ်တွင် ဒဏ်ရာ ရသူ တပ်သားအောင်ငြိမ်းနှင့် တပ်သားမြင့်ဆွေတို့ လေယာဉ်ဖြင့် လိုက်ပါခဲ့ပါသည်။ လေယာဉ်ပေါ်တွင် မှောက်လျက်အနေအထားဖြင့် လိုက်ပါခဲ့ရပြီး နိုင်ငံတော်နှင့် ပြည်သူအတွက် စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်ခဲ့သူများကို ယခုကဲ့သို့ ထိုက်တန်စွာ အသက် ကယ်ခဲ့သည်ကိုလည်း အားရကျေနပ် ဝမ်းသာပီတိဖြစ်ရပြီး ဂုဏ်ယူ မဆုံးဖြစ်ခဲ့ရပါသည်။ ဒုတိယ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်မှူးချုပ် သောင်းတင်၏ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ကြေးနန်း ရရှိခဲ့ပါသည်။ ဆေးရုံမှဆင်းသောအခါ စစ်ဆေးရေးနယ်မြေ သို့ပြန်သွားပြီး ဆက်လက် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ တပ်မတော် စည်းရုံးရေးကော်မတီတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါပတီတာဝန် (၅)နှစ် တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ဗဟိုကော်မတီ အစည်းအဝေးကြီးများနှင့် ပါတီညီလာခံ (၂)ကြိမ်၊ အရေးပေါ် ပါတီ



www.burmeseclassic.com

www.burmeseclassic.com



ညီလာခံတစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ တပ်မတော်(ရေ)
စစ်ရေယာဉ် ငယ်/လတ်/ကြီးများတွင် တာဝန်အမျိုးမျိုး စစ်ရေယာ
မှူးတာဝန်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မြန်မာ့ပင်လယ်
ဒီ့ကာကွယ် ဆိုသည့် အတိုင်း ကမ်းရိုးတန်းမိုင်ပေါင်း ၁၃၀၀ ကျော်
ပင်လယ်ပြင်၊ ကျွန်းပေါင်း ၈၀၀ ကျော်ပါဝင်သည့် ရေပိုင်နက်
ကာကွယ်စောင့်ရှောက်ခဲ့ပါသည်။ မှောင်ခိုရေယာဉ်၊ ငါးခိုးရေယာ
(တန်ကေ့ား)အမျိုးမျိုး၊ သစ်ခိုးရေယာဉ်၊ မိုင်းခွဲရေယာဉ်များကိုလည်း
ဖမ်းဆီးခဲ့ပါသည်။ ကမ်းခြေစောင့် တိုက်ရေယာဉ်(၄၂၃) ဗိုလ်မှူး
သိန်းအေးနှင့်အတူ ငါးခိုးတန်ကေား(၆)စီးကို ဖမ်းဆီးရာတွင်
တစ်မနက်အတွင်း ကျွန်တော်စစ်ရေယာဉ်က တန်ကေား(၅)စီး
ငါးခိုးဖမ်းသူ ၁၀၀ ကျော်ဖမ်းမိခဲ့ပါသည်။ စံချိန်တင် ဖမ်းမိခြင်းဖြစ်
ကာကွယ်ရေးဦးစီးချုပ်(ရေ) ၏ ဂုဏ်ပြုခြင်းခံရပါသည်။ (၁၉
အရေးအခင်းတွင်လည်း စစ်ရေယာဉ်ဖြင့် ရန်ကုန်နှင့် ရောဝတီတို
အတွင်း တာဝန်ထမ်းဆောင်ခဲ့ရပြီး နယ်ဘက်တာဝန်ဖြစ်သော
ဟံသာဝတီမြို့နယ်စု စဝတ (ခရိုင်)အတွင်းရေးမှူးနှင့် မဝတဥက္က
(သန်လျင်)တို့တွင် (၅)နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ရပါသေးသည်
၁၉၇၇–၁၉၇၉ ခုနှစ်တွင် မှတ်ပုံတင်ရှေ့နေ (**R.L**) သင်တန်းတက်
ရောက်အောင်မြင်ပြီး ယခုအခါ တရားလွှတ်တော် ရှေ့နေလည်း
ဖြစ်နေပါပြီ။)

ယခုအခါ အငြိမ်းစားယူ၍ မိသားစုနှင့်အတူ သန်လျင်မြို့တွ
နေထိုင်လျက်ရှိရာ အငြိမ်မနေတတ်၊ တာဝန်ပေးလျှင် စနစ်တကျ
တာဝန်ယူတတ်အောင် သင်ပေးထားသော တပ်မတော်၏ ကျေးဇူး
ကြောင့် သမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဂေါပက





အဖွဲ့ ဥက္ကဋ္ဌအဖြစ် (၂၀၀၂–၂၀၁၅) ၁၃ နှစ်၊ ရန်ကုန် တောင်ပိုင်း ခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် (၂၀၁၀–ယနေ့တိုင်)၊ သမိုင်းဝင်ခေတ်ပြောင်း ရွေး ကောက်ပွဲ သုံးကြိမ်၊ သန်လျင်မြို့နယ် ကျက်သရေဆောင် မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော် ကြီး တည်ဆောက်ရာတွင်လည်းကောင်း၊ ထိန်းသိမ်းစောင့်ရှောက် ရာတွင်လည်းကောင်း၊ ဆံတော်ရှင်ကျိုက်ခေါက် စေတီတော် တက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်း၊ ကြာကန်ဓမ္မဗိမာန်တော်ကြီး တည်ဆောက်ခြင်း၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင် တိုက်၊ (မြန်မာ့ရေပိုင်နက်အတွင်း ကမ်းလွန်လုပ်ကွက်များ၌ ရေနံသိုက် များရှာဖွေ ဆိုက်စမစ်တိုင်းတာခြင်း၊ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများတွင် အနီးကပ် အချိန် ပြည့်လုံခြုံ ရေး ဆောင်ရွက်ပေးခြင်း တာဝန်ယူခဲ့ရပါသည်။) အဂ္ဂမဟာ မဏိရတနာကျောင်းတော်ကြီး တည်ဆောက်ခြင်း၊ သန်လျင်မြို့ မြို့နယ်သံဃဗိမာန်တော်ကြီးများတည်ဆောက်ရာတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ တပ်မတော်(ရေ) တပ်တွင်၃၆နှစ်၊ အငြိမ်းစားယူပြီး ၁၅ နှစ် နိုင်ငံတော်တာဝန်၊ တပ်မတော် တာဝန်၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးတာဝန်၊ ဘာသာရေး သာသနာရေး တာဝန်များကို ထမ်းရွက်ခဲ့ပြီး ဘဝနေညိုချိန်၊ ဗိုလ်သင်တန်းကျောင်း ဆင်းပြီး ရွှေရတုကာလတိုင် တပ်မတော်၏ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရရင်း သူငယ်ချင်းတို့ မိသားစုနဲ့အတူ သက်ရှည် ကျန်းမာ တရားနဲ့ မွေ့လျော်နိုင်ပါစေလို့ ဆုတောင်းနေမိပါသည်။

ဒုဗိုလ်မှူးကြီးမြတ်စိုး(ရေ)



www.burmeseclassic.com

www.burmeseclassic.com

# ရောင်အာန်တိုက်ပွဲ

ဗိုလ်မှူးကြီးစိုးဝင်း



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးစိုးဝင်း

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ်အောင်သိန်း(ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com

## ရှေ့တန်းအမှတ် (၇၇) ခြေမြန်တပ်မဟာနှချုပ် ကွပ်ကဲမှုအောက် အရှေ့မြောက်စစ်ဒေသ၊ ဗဟာပဟာနှချုပ် (ပန်ဆန်း)၏ တံစက်မြိတ် ရောင်အန်တိုက်ပွဲ

ရေးသူ – ဗိုလ်မှူးကြီးစိုးဝင်း

**မော်ဖဒေသ**

ယခင်က 'မော်ဖ'ကို 'ဝ'နယ်တောင်ပိုင်း၊ ဟိုပန်၊ ပန်လုံ၊ ပိုင်းမော၊ ပန်ဝိုင်တို့ကို 'ဝ' နယ် မြောက်ပိုင်းဟု ခေါ်ခဲ့ကြသည်။ အဓိကနေထိုင်သော လူမျိုးများမှာ 'ဝ'ခေါ် လွယ်လ တိုင်းရင်းသားများ ဖြစ်ကြသည်။ အင်္ဂလိပ်–မြန်မာ စစ်ပွဲအပြီး မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့စဉ်က အင်္ဂလိပ်တို့သည် **Divide and Rule Policy** ကို ကျင့်သုံးခဲ့ရာတွင် ဖော်မဒေသရှိ 'ဝ' တိုင်းရင်းသားတို့သည် အပစ်ပါယ်ခံများဖြစ်ခဲ့သည်။ လွတ်လပ်မှုရပြီးသည့်အခါ မော်ဖဒေသသည် ရှမ်းပြည်နယ်တွင် ပါဝင်ပြီး ရှပ်းစော်ဘွားများ ကွပ်ကဲမှု မရှိ၊ ဆေးခန်း မရှိ၊ ကျောင်းကန်များ



www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ လူသူ အရောက်အပေါက် နည်းပါး လှ၏။ စီးပွားရေးဘ နိမ့်ကျ၊ တောင်ယာစိုက်၊ တောင်ကတုံးများဖြစ်၊ ရှေးက တောင်ယာ စိုက်ချိန်တွင် လူကို ခေါင်းဖြတ် ယဇ်ပူဇော်သော ဓလေ့ပင်ရှိခဲ့သည်။ ဆိုသည်။ ယဇ်ကောင်အတွက် တစ်ရွာနှင့်တစ်ရွာ လက်နက်ရှိ တိုက်ခိုက်၍ သုံ့ပန်းဖမ်းကြသည်။ ထို့ကြောင့် ‘ဝ’ တိုင်းရင်းသာ လွယ်လလူမျိုးများသည် လူမရောက်သော ဂူချောက်ချော တောင်ကတုံးများတွင် စုရုံးကာ နေထိုင်ကြကြောင်း သိရသည်။ မျိုးရိုးတူအုပ်စု ပေါင်းများစွာ ပြန့်ကြဲနေသည်။ ‘ဝ’တိုင်းရင်းသာ များသည် ရိုးသားသည်၊ အေးဆေးသည်၊ နှစ်သိမ့် ရောင့်ရဲသည်။ အိုးတစ်လုံး ဓားတစ်လက်ရှိလျှင်ပင် ၎င်းတို့ဘဝ ရပ်တည်နိုင်ပြီ ထို့ကြောင့် ၎င်းတို့ဒေသ ကို ရှမ်းစကားဖြင့် (မော် = အိုး။ ဖ = ဓား) ဟု သတ်မှတ်ကာ ‘မော်ဖ’ ဟု အမည်ပေးခဲ့ကြကြောင်း သိရသည်။ ‘မော်ဖ’တွင် သစ်ကြီးဝါးကြီးမရှိ တောင်တွေက ပေ ၂၀၀၀၊ ၃၀၀၀ မှ ၆၀၀၀၊ ၇၀၀၀ ထိ ရှိသည်။ မော်ဖသည် သမိုင်းဝင် သံလွင်မြစ်နှင့် နမ့်မခမြစ်ကြားတွင် ရှိသည်။ မြောက်သို့ လားသော် ပန်းဆန်း၊ ပန်းယန်းမြို့နယ် အရှေ့သို့ လားသော် မိုင်းပျင်းမြို့နယ်၊ အနောက်သို့လားသော် မိုင်းရှူးမြို့နယ်တို့ ရှိသည်။ ‘မော်ဖ’သည် တောင်ကြီး ကျိုင်းတုံ ပြည်ထောင်စုလမ်းမ ကြီးနှင့် တစ်ရက်ခရီး ကွာသည်။ ပန်ဆန်းနှင့်လည်း တစ်ရက်ခရီးကွာ သည်။ ထို့ကြောင့် အရှေ့မြောက်စစ်ဒေသ ဗကပများ၊ မော်ဖကို မျက်စိကျသည်။





**ပန်ဆန်း(ဗကပမြို့တော်)**

၁၉၆၇ ခုနှစ်တွင် ပန်ဆန်းသို့ အရှေ့မြောက် စစ်ဒေသ ဗကပဌာနချုပ် စတင်ရောက်ရှိသည်။ ထိုနှစ်တွင်ပင် (၁၀၁) (မြစ်ကြီးနား)၊ (၂၀၂) (ရွှေလီ ချိုင့်ဝှမ်း)၊ (၃၀၃) (သံလွင် အနောက်ခြမ်း)၊ (၄၀၄) (သံလွင်အရှေ့ခြမ်း) ဟူ၍ တပ်ဖွဲ့ကြီးများ ဖွဲ့စည်းသည်။ အတွင်းပိုင်းကို ထိုးဖောက်ရန် ကြိုးစားရာ မအောင်မြင်သဖြင့် ၎င်းတို့၏ တပ်များကို စုစည်းပြီး သံလွင်အရှေ့ခြမ်း၊ ‘ဝ’နယ် တောင်တန်းများအပေါ် ခြေကုပ်ယူတိုးချဲ့ရန် အရှေ့မြောက်ဗကပတို့ ပြောင်းလဲစီမံသည်။ မော်ဖဒေသအပါအဝင် ‘ဝ’နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းကို စတင်ထိုးဖောက်ကြတော့သည်။ ဗကပတို့သည် ‘ဝ’ နယ်တွင် စစ်အင်အားကို ကြီးမားစွာ တိုးချဲ့နိုင်သည်။ ၁၉၇၄ မှနှစ်တွင် စစ်ဒေသ စစ်ဒေသဌာနအသီးသီးသည် ‘ဝ’နယ် မြောက်ပိုင်းမှ ‘ဝ’တောင်ပိုင်း ပန်ဆန်းသို့ ပြောင်းရွှေ့ အခြေစိုက်ခဲ့ကြသည်။ တပ်မဟာ (၂) (၈) (၁၂) (၇၆၈) နှင့် တပ်မဟာ (၅) ကို တပ်မဟာ (၆၈၃/ ၆၈၅) ဟူ၍ ဖွဲ့သည်။ တပ်မဟာ (၆) ခု လက်ဝယ် ရှိလာသည့်အခါ တပ်မဟာ (၆၈၃) ကို သံလွင်အနောက်ခြမ်း စိုးမိုး ဆောင်ရွက်သည်။ မော်ဖမှ သံလွင်မြစ်ကိုကူးပြီး မိုင်းရှူးကိုရှောင်၊ မိုင်းကိုင် လဲချားကိုကျော်လျှင် ဗကပ (၁၀၈) စစ်ဒေသ အင်တော၊ မကျောက်ဂူရောက်သည်။ ထိုမှတစ်ဆင့် ၎င်းတို့စိုးမိုးခဲ့သော ပဲခူးရိုးမ ဖအထိ ဝင်ရောက်ရန် စိုင်းပြင်းသည်။ တပ်မဟာ (၂) ကို လားရှိုးဂွင်၊ တပ်မဟာ (၁၂)၊ (၈)၊ (၆၈၅) တို့ကို ပန်လုံ၊ ဟိုပန်နှင့် ကျိုင်းတုံ ယခွင်သို့ ဖြန့်ကျက် သည်။ ဗကပ ဗဟို၏ဖြန့်ကျက်မှု အခင်းအကျင်း သည် အတော်ကျယ်ပြန့်သည်။ နောင်လုံ နောင်ပိုး အခြေခံ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမည့် တပ်မဟာ (၆၈၃) သည် တောင်ကြီး၊ ကွန်ဟိန်း၊ တောင်ခြမ်း၊ ဆီဆိုင်၊ ဘန်းယဉ်၊ ကျိုင်းခမ်းဒေသမှ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့ ရလလဖ (နီ) တာကလယ်နှင့် ပေါင်း၊ လူသစ်စု၊ SSA နှင့် ချိတ် မဟာမိတ်တိုးရှာသည်။ တပ်မဟာ (၆၈၃) မှ စုဆောင်းရရှိသမျှ လူသစ်များကို မော်ဖပြန်ပို့ရာ မော်ဖ တွင် ဗကပတို့က လူသစ်သင်တန်းဖွင့်သည်။ ပန်ဆန်းရှိ ဗကပဌာန ချုပ်သည် မော်ဖကို လက်ဝယ်ပိုင်ပိုင်ရသဖြင့် အတော်ကြီး အလုပ် ဖြစ်နေသည်။ မော်ဖရှိ တောင်ကုန်း၊ တောင်ထွတ်များကို ပန်ဆန်း ဗကပဌာနချုပ်၏ အရှေ့ကာတပ် ကာကင်း ထောက်ကင်း၊ တိုက် ကင်းများ အခြေပြုရာအဖြစ် အခိုင်အမာတည် ဆောက်ထားသည်။ မော်ဖဒေသရှိ ပြာလဲ့လဲ့ တောင်စဉ်ခုနစ်ထပ်သည် ဗကပတို့၏ တောင်ထွတ် ခံတပ်များဖြစ်သည်။ မော်ဖဒေသတွင် အစစ အရာရာ ရှားပါးသလောက် တောင်ဖြူတ်ပေါ်များသည်။ မော်ဖဒေသခံ 'ဝ' နှင့် ကိုးကန့်တိုင်းရင်း သားတို့ကို 'မင်းတို့က အကိုက်ခံနေကျ ရိုးနေပြီ' ဟု ဆိုကာ မော်ဖတောင်ထိပ်များပေါ်တင်ပြီး တောင်ဖြူတ် စာ ကျွေးထားသည်။ ပန်ဆန်းသည် နှစ်နိုင်ငံ နယ်နမိတ်မျဉ်းကြောင်း ဖြစ်သော နမ့်မခချောင်းပေါ်တွင် တည်ရှိသည်။ ချောင်းဟိုဘက်က တရုတ်ပြည်ချောင်းဒီဘက်က မြန်မာနိုင်ငံဖြစ်သည်။ ပန်ဆန်းတွင် မီးစက်ရုံရှိ၍ ဟိုဘက်ကမ်းက မီးထိန်ထိန် ဒီဘက်ကမ်းက မီး ထိန်ထိန်ဖြစ်နေသည်။ ပန်ဆန်းတွင် အမှတ် (၇၇၄) ဗဟို စစ် လက်နက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံရှိသည်။ ပုံနှိပ်နှင့် အသံလွှင့်ရုံ ရှိသည်။ ထို့ပြင် လူ ၁၀၀၀ ဆန့် ပြည်သူ့ခန်းမဆောင်ကြီး ရုံ ရုံးကန္တာအသီးသီးလည်း ဟည်းနေအောင် ဆောက်ထားသည်။





ကြားဖြတ်ဖမ်းယူစက် ဌာနရှိပြီး မိမိတပ်မတော် လှုပ်ရှားမှုကို ကြားဖြတ်ဖမ်းယူသည်။ ဟိုမှာ၊ ဒီမှာ တိုက်ပွဲကြီးငယ်ဖြစ်လျှင် မော်ဖမှ လူသစ် 'ဝ' လူငယ်များကို တိုက်ပွဲအတွေ့အကြုံ ရစေရန် ဟူသော အကြောင်းပြချက်ဖြင့် ရှေ့တန်းအကျဆုံးနေရာ ပို့သည်။ 'ဝ' လူငယ်များကို အသေခံခိုင်းသည်။ ပန်ဆန်းတွင် အရှေ့မြောက် စစ်ဒေသ ဗကပဌာနချုပ်သည် သဘာဝ အတားအဆီး၊ လူလုပ် အတားအဆီး၊ သဘာဝအကာအကွယ်၊ လူလုပ်အကာအကွယ်များ အလယ်၌ 'ဂ'ငယ်ပုံဝိုင်းထားသော နမ့်မခချောင်း ရေကိုသောက်ပြီး ငြိမ့်နေသည်။

## မင်းရန်အောင် စစ်ဆင်ရေး

အရှေ့မြောက်စစ်ဒေသ ဗကပသည် ပန်ဆန်းတွင် ငြိမ်ငြိမ် မနေ။ တရုတ်၊ မြန်မာနယ်စပ်ရှိ တပ်မတော် အင်အားနည်းစခန်းများကို သာလွန် အင်အားဖြင့် တိုက်သည်။ ယင်းတိုက်ပွဲများ အောင် မြင်သဖြင့် သွေးနားထင်ရောက်ကာ အတွင်းပိုင်းသို့ ထိုးဖောက်သည်။ အတွင်းပိုင်းအရောက်တွင် မြန်မာ့တပ်မတော်နှင့် ထိပ်တိုက်တွေ့ တပ်မတော်၏ စွမ်းရည်ကို သိသွားသည်။ အရှေ့မြောက် ပြန်ပြေး ရသည်။ သို့သော် အရှေ့မြောက် စစ်ဒေသသည် အမှတ်ပညာမရှိ။ ယခင်ရှိပြီးသော ၇၅၁၀ စီမံကိန်း (၁၉၇၅ ခုနှစ် ဆယ်လပိုင်းတွင် ချမှတ်ခဲ့သော စီမံကိန်း) ပြည်သိမ်းတိုက်ပွဲ စီမံချက်ပါအတိုင်း လက်တံရှည်ရှည်ဖြင့် အရှေ့မြောက် စစ်ဒေသ ဗကပတို့ ဆောင် ရွက်လာသည်။ တပ်မတော်မှ ဒီအတိုင်း ကြည့်နေ၍ မဖြစ်တော့။ ထို့ကြောင့် မင်းရန်အောင် စစ်ဆင်ရေးကြီးဖြင့် မော်ဖကို တိုက်ရန်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ခဲ့တော့သည်။ မင်းရန်အောင် စစ်ဆင်ရေးကြီး၏ အဓိက ရည်ရွယ်ချက်မှာ မိမိတပ်များ မော်ဖုတွင် အခြေပြုစိုးမိုး၍ ဗကပ (ဗဟို)အား ထိန်းချုပ်ထားပြီး ပန်ဆန်းကို ခြိမ်းခြောက်ရန် ဖြစ်သည်။

၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်တွင် မော်ဖဒေသကို မိမိတပ်များ အဟုန်ပြင်းစွာ ဝင် ရောက်တိုက်ခိုက်ခဲ့ကြသည်။ မော်ဖ စစ်ဆင်ရေးသည် တကယ့်နိုင်ငံတကာအဆင့်ရှိ စံထားတိုက်သော တိုက်ပွဲ Classic Battle ကြီးဖြစ်ခဲ့သည်။ ပန်ဆန်း ဗဟိုကို ဖြိုမှု နိုင်ရန် ဗကပတို့၏ ရှေ့ကားအခင်း အကျင်းများ ပြိုအောင်ဖြိုရသည်။ ဗကပကလည်း အလျှော့မပေး၊ လက်သွေးပြီး စောင့်နေသည်။ ဘတစ်ပြန် ကျားတစ်ပြန် တိုက်ကြပြီး နောက်ဆုံးတွင် အရှေ့ မြောက်စစ်ဒေသ ဗကပဌာနချုပ်၏ ရှေ့ကာတပ်များ အခြေပြုရာ ဖြစ်သော ပွိုင့် ၆၀၂၈၊ ပွိုင့် ၆၀၀၀၊ မွတ်နီး၊ မက်မန်း ပွိုင့် ၅၇၁၀၊ ပွိုင့် ၆၁၇၀ လွယ်ဟိုလာတို့ကို တပ်မတပ်ရင်း ၆ ရင်း၊ အမြောက် ၈ လက်ဖြင့် ၂၆ ရက်ကြာ တိုက်ခိုက်ခဲ့သည်။ ပွိုင့် ၆၀၂၈ ကို ခမရ (၁၀၇) ယာယီ ရင်းမှူး ဗိုလ်မှူး ဖေအောင် (ဒုတိယဗိုလ်မှူးကြီး သူရဖေအောင်) ရဲချုပ်(ငြိမ်း) က သိမ်းပိုက်ရရှိခဲ့သည်။ ဗကပ ဗဟိုရုံးစိုက်ရာ ပန်ဆန်းမှာ တစ်ဖက်နိုင်ငံနှင့် လွန်စွာ နီးကပ်သဖြင့် ဆက်လက်တိုက်ခိုက်သိမ်းပိုက် ခြင်း မပြုခဲ့။ အချက်အချာကျသော တောင်ကုန်းများ သိမ်းယူပြီးဖြစ်သဖြင့် ပန်ဆန်း (ဗကပဌာနချုပ်) ကို အချိန်မရွေး ထိန်းထားနိုင်ခဲ့သည်။ ယင်းသို့ တပ်မတော်မှ မော်ဖတိုက်သည်နှင့် ဗကပဥက္ကဋ္ဌ ဘသိန်းတင်က 'ဗဟိုကို ကာကွယ်ကြ' ဟု ငယ်သံပါအောင် အော်တော့သည်။ မိုင်းမ

မြရတနာစာပေ



မိုင်းလားသို့ ရောက်နေသော တပ်မဟာ (၈) ကို အပြေးအလွှား ခေါ်သည်။ ၎င်းတို့၏ နှလုံးသည်းပွတ်ဖြစ်သော ပန်ဆန်းနှင့် မိမိတို့ တပ်မတော်မှ သိမ်းထားသော တောင်ထိပ်များ ကြားရှိ Apron = (ဖာတ်စကားနှင့်ပြောရလျှင် ဖာတ်ခုံအစွန်း၊ ဖာတ်စင်ဥပစာ၊ တံစက် မြိတ်များဖြစ်သော) ပန်ယန်းရှေ့ကာ ညောင်ပင်ကုန်း ရောင်အန်၊ ၎က်ကန်၊ မခေရှုန် စသည့် တောင်ထိပ်များသို့ ပန်ဆန်း၏ မဆုတ်တမ်း ခံစစ်များအဖြစ် ဆုတ်လျှင် သေဒဏ် သတ်မှတ်တင်ထားတော့သည်။

## ဝေလးမာန်အောင် စစ်ဆင်ရေး

၁၉၈၆ ခုနှစ် နိုဝင်ဘာလ ဒုတိယအပတ် အတွင်း ရမခ နယ်မြေ၌ ရှေ့တန်းအမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှု အောက်တပ်များက စီစိဝမ်တာပန်ရှိ ဗကပ ခံစစ်စခန်းများအား ပြန်လည် ထိုးစစ်ဆင်တိုက်ခိုက်မည် ဖြစ်၍ မော်ဖဒေသရှိ ဗကပ ပဟိုမှ စစ်ကူပစ်ကူများ မစေလွှတ်နိုင်အောင် မိမိတို့ အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှု အောက်ရှိ အမှတ် (၁၀၄) ခြေမြန် တပ်ရင်းမှ ဒုတပ်ရင်းမှူး ဗိုလ်မှူးတင်မောင်လေး ဦးစီးစစ်ကြောင်း (၂)၊ အမှတ် (၁၀၆) ခြေမြန်တပ်ရင်းမှ ဒုတပ်ရင်းမှူး ကျွန်တော် ဗိုလ်မှူးစိုးဝင်း ဦးစီး စစ်ကြောင်း (၂) အမှတ် (၂) ခြေလျင်တပ်ရင်းမှ ဒုတပ်ရင်းမှူး ဗိုလ်မှူးဘိုကြည် ဦးစီးစစ်ကြောင်း (၂) အမှတ် (၈) ခြေလျင်တပ်ရင်းမှ ဒုတပ်ရင်းမှူး ဗိုလ်မှူးတင်စိုး ဦးစီးစစ်ကြောင်း (၂) တို့က အောက်ပါရည်မှန်းချက် အသီးသီးကို ယောင်ပြ ထိုးစစ် ဆင် ချီတက်တိုက်ခိုက်ခဲ့ကြရသည် –

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၁။ ခမရ (၁၀၄) စက (၂) ပန်ယန်း ရှေ့ကာ တပ်ညှောင်ပင်ကုန်း စခန်း

၂။ ခမရ (၁၀၆) စက (၂) ရောင်အန်စခန်း

၃။ ခလရ (၂) စက (၂) ငှက်ကန်စခန်း

၄။ ခလရ (၈) စက (၂) မခေရှန်စခန်း

၁၉၈၆ ခု နိုဝင်ဘာလ ဒုတိယပတ်အတွင်း ရှေ့တန်းခမရ (၁၀၆) မှ ကျွန်တော်ဦးစီးသည့် စစ်ကြောင်း (၂) နှင့် ဗိုလ်ကြီး မောင်စန်း ဦးစီးတပ်ခွဲ (၂) ဗိုလ်ကြီးဇော်ထွန်း ဦးစီးတပ်ခွဲ (၅) တို့သည် ခေါက်မူရွာပျက်ပွိုင့် ၃၈၅၀ ခြေကုပ်စခန်းအား တပ်ခွဲမှူး (ဗိုလ်မှူး) ဗိုလ်မှူးကျော်မြင့် ဦးစီးသော ရှေ့တန်း ခလရ (၈) စစ်ကြောင်း (၂) ထံမှ လွှဲပြောင်းရယူခဲ့သည်။ မိမိတို့စစ်ကြောင်း ပွိုင့် ၃၈၅၀ ခြေကုတ်စခန်းပေါ်သို့ ခြေချလိုက်သည်နှင့် တစ်ပြိုင်နက် ရောင်အန်ခေါ် ယုန်အန်စခန်းဘက်မှ ဗကပတို့ပစ်လိုက်သော မွိုင် (၅) (မွိုင့်ဗိုက်) စက်သေနတ်သံများက 'တောက်ဖုန်း' 'တောက်ဖုန်း' ဟု ဆူညံစွာ ဆီးကြိုခဲ့သည်။ ကျွန်တော်တို့သည် ခလရ (၈) စစ်ကြောင်း (၂) က တူးထားသော ကတုတ်ကျင်းများနှင့် ဆက် သွယ်ရေးမြောင်းများအတွင်း စစ်ဆင်ရေးတာဝန်များ လွှဲပြောင်း လက်ခံ ပြုလုပ်ခဲ့ကြသည်။ တာဝန်များလွှဲပြောင်းရာတွင် ထွေထွေ ထူးထူးမှ မရှိလှပါ။ တဲများ၊ ရိက္ခာများ၊ အရန်ကျည်များ လွှဲပြောင်း လက်ခံရန် ဘာမှမရှိဘဲ ရန်သူ့နောက်ဆုံးအခြေအနေနှင့် အထွေ အထ၊ အသုံးပြုသည့် လက်နက်အမျိုးအစားများ မြေပြင် အခြေ အနေနှင့် ရန်သူမိမိနေ့စဉ် ပစ်ခတ်ထိန်းချုပ်ပုံများကိုသာ ရှင်းလင်း ဆွေးနွေးလွှဲပြောင်းယူခဲ့ကြသည်။





ပွိုင့် ၃၈၅၀ တောင်ကုန်းသည် အထက် ခေါက်မူရွာပျက်နှင့် ကပ်လျက်တည်ရှိသည်။ ဗကပ တို့၏ အမှတ် (၈၅၁) တပ်မဟာ လက်အောက်ခံရင်း (၁၈) မှ တပ်ခွဲများက မဆုတ်တမ်း ခံစစ်အဖြစ် အခိုင်အမာတပ်စွဲထားသော ရောင်အန်ခေါ် ယုန်အန် စခန်းအား ထိုးဖောက်တိုက်ခိုက်ရန် ခလရ (၈) စစ်ကြောင်း (၂) က နယ်မြေ ရှင်းလင်း ချီတက်လာစဉ် ခေါက်မူ ရွာပျက်အရောက် ဗကပတို့နှင့် တင်ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး အရာရှိ ၁ ဦးနှင့် စစ်သည် ၁ ဦး ကျဆုံးခဲ့သည်။ ကျွန်တော်တို့နှင့် တာဝန်လွှဲပြီးနောက် ခလရ (၈) စစ်ကြောင်း (၂) အား ဒုတပ်ရင်းမှူး ဗိုလ်မှူးတင်စိုး ဦးစီး၍ မခေရှန် တစ်ဝိုက် နယ်မြေရှင်းလင်းစဉ် ဗကပများနှင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားပြီး ခလရ (၈) စက (၂) နှင့် နဗဟ (၇၇၁) တို့ ဆက်ဆက်သွယ်မှု ဖြတ်တောက်ခဲ့သည်။ နဗဟ (၇၇၁) က အရန် တပ်အဖြစ် ထားရှိသော ခမရ (၁၀၆) မှ တပ်ခွဲမှူး ဗိုလ်ကြီးပေတူး ဦးစီးသည့် တပ်ခွဲ ၁ ခွဲအား စစ်ကူစေလွှတ်ခဲ့သည်။ ဗကပတို့ကလည်း မသချာပေါက် စစ်ကူလာမည်ကို ကြိုတင်တွက်ဆထားပြီး အပိုင် စောင့်နေရာယူ၍ ကျူးသွင်း တိုက်ခိုက်ခဲ့ရာ ဗိုလ်ကြီးပေတူးတပ်ခွဲမှ တပ်ကြပ်ကြီး ၁ ဦး အပါအဝင် စစ်သည် ၅ ဦး ကျဆုံးခဲ့သည်။ ကျွန်တော်တို့ လက်ရှိနေရာယူထားသော ပွိုင့် ၃၈၅၀ ရင်ဆိုင် ကုန်းတွင် ခြံစည်းရိုးမရှိ၊ တဲမရှိ ကျင်းများသာရှိသည်။ ခလရ (၈) စစ်ကြောင်း (၂) အနေဖြင့် ရက်ပိုင်းမျှသာ တာဝန်ယူခဲ့ရသဖြင့် Over Head များပင် ပြီးစီးပြည့်စုံအောင် လုပ်ရန် အချိန်မရခဲ့ပါ။ စစ်ဆင်ရေး တာဝန်များလွှဲပြီး ခလရ (၈) စစ်ကြောင်း (၂) ထွက်ခွာ သွားသည်နှင့် ကျွန်တော့်စစ်ကြောင်းက တပ်ခွဲမှူးများ ဖြစ်ကြသည့်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးဇော်ထွန်း၊ ဗိုလ်ကြီးမောင်စန်းနှင့် AQ (ရေးထောက်အရာရှိ) ဗိုလ်မောင်မောင်ကျော်တို့အား ခေါ်ယူကာ 'မနက်ဖြန် မနက်ကစပြီး ထမင်းချက်ဆင်းတဲ့ အဖွဲ့တွေနဲ့အတူ လျှိုထဲက မျှောတိုင်တွေ လိုက်ခုတ်ပြီး **Over Head** တွေ အနည်းဆုံး တစ်နေ့ကို တစ်စိတ် ၁ စိတ်စာ ပြီးအောင်လုပ်ရန်' ညွှန်ကြားခဲ့သည်။ အမှန်တော့ မိမိတို့ခြေကုပ် ယူထားသော ကုန်းပေါ်တွင် သစ်ပင်များ ထူထပ်စွာ ပေါက်လျက်ရှိပါ၏။ သို့သော် အသံ မဆူညံစေရန်နှင့် သဘာဝအကာ အကွယ်များ မဆုံးရှုံးစေရန် လျှိုထဲသို့ ဆင်း၍ခုတ်ခိုင်းရခြင်းဖြစ်သည်။ ကျွန်တော်တို့ ကျင်းတူးသံ မျှောတိုင်ဖြတ်သံ ထွက်လာတိုင်း ဗကပ တို့က ပွိုင့် (၅) နှင့် ၈၂ မီလီမီတာတို့ကို ရောသမပြီး ပစ်လေ့ ရှိသည်။ သူတို့ပစ်နေသည်ကို သိပ်အရေးလုပ်နေရင် ကျွန်တော်တို့ ကျင်းများ **Over Head** များ ဘယ်တော့မှ ပြီးမည်မဟုတ်ပါ။ ထို့ကြောင့် ပစ်နေတုန်း ခဏတစ်ဖြုတ်နားပြီး ပစ်သံ စဲသွားသည်နှင့် ထပြီးတူးကြ ဆွကြခဲ့သည်။ ဗကပ တို့ ၈၂ မီလီမီတာ စိန်ပြောင်း ဗုံးသီးထည့် ချိန် ကျည်ရိုက်တံနှင့် ဗုံးသီးထိသည့် 'ဖောင်' ဆိုသော အသံနှင့် ဗုံးသီးကျကွဲသည့်အချိန်ကို ကျွန်တော် စောင့်၍ နား ထောင်ရင်း ကြာမြင့်ချိန်ကို မှတ်သားလိုက်သည်။ ဖောင်သံကြားပြီး ၈ စက္ကန့် ၉ စက္ကန့် လောက်တွင် ရှဲရှဲ ရှဲရှဲ အသံက ခေါင်းပေါ်ကဖြတ် ကျော်သွားပြီး ၁၁ စက္ကန့်အကြာတွင် 'ဂျိုင်း'ခနဲ ဗုံးသီးကျကွဲသည်။ သူတို့ ၈၂ မီလီမီတာ စိန်ပြောင်းကို ဒီဂရီ ဘယ်လောက်နှင့် အကွာအဝေး ဘယ် လောက်ထားပြီး ပစ်သည်ကိုတော့ မသိပါ။ ကြာချိန်ကတော့ ၁၁ စက္ကန့်ဖြစ်ပါ၏။ ထို့ကြောင့် ဗုံးထည့်သံကြား လျှင် ကျွန်တော့် ရဲဘော်များအား ကျင်းထဲ ပြန်ဝင် နေရာယူရန်





ကျွန်တော်အမြဲသတိထား အမိန့်ပေးခဲ့သည်။ ကြာတော့လည်း ရိုးလာခဲ့ပြီး အစားမပျက် အသောက်မပျက် လုပ်စရာရှိသည်များ ကိုသာ အာရုံစိုက်ပြီးလုပ်ခဲ့ကြ သည်။ ၂ ပတ်ခန့် အကြာတွင် ကျင်းအားလုံး **Over Head** များ စိတ်တိုင်းကျ ပြီးခဲ့၏။ သေနတ် ပစ်ပေါက်များကိုလည်း မြင်ကွင်းကောင်းရှိ မကျဉ်းမကျယ် ဖောက်ခဲ့ ကြသည်။ စားရေးကိစ္စအတွက် ၁ နေ့ ၁ ကြိမ် ထမင်းချက်အဖွဲ့ များ အလှည့်ကျလျှိုအောက်ရှိ ရေဆိပ်သို့ မိုင်းရှင်းရင်း ထမင်း ဟင်းကို ညမနက်စာ ၁ ခါတည်း ချက်ပြီးမှ ပြန်တက်ခဲ့ကြသည်။ ထမင်းချက်ဆင်းချိန်ကို ပုံမှန်မလွတ်ဘဲ အချိန်ပြောင်းလဲ သတ်မှတ် ပေးခဲ့သည်။ တစ်ခါတစ်ရံတွင် ကျွန်တော်တို့စစ်သည်များ နေ့ဘက် က ဝါးကျည်တောက်များဖြင့် ခပ်ယူထားသော ရေနှင့် ညဘက်တွင် ကျင်းများအတွင်း အပြင်ဘက်က ပလပ်စတစ်မြေခင်းနှင့် စောင်များ ကာရံ၍ ထမင်းချက်စားကြသည်။ ကျင်းထဲတွင် မီးခိုးအူ၍ မွန်းကြပ် ကြသဖြင့် တစ်လှည့်စီ ဝင်လိုက် ထွက်လိုက် အလှည့်ကျချက်ခဲ့ကြ သည်။ တစ်ခါက ညဘက်ကျင်း အပြင်ဘက်ထွက်၍ ထမင်းချက် သည့် အဖွဲ့မှ ထမင်း အိုး ၁ လုံး ဗကပတို့၏ လက်နက်ကြီးစာ မိပြီး ထမင်းအိုးပျောက်ကာ ထမင်းငတ်ခဲ့ကြသည်။

နိုဝင်ဘာလ လလယ်ခန့်တွင် လစာပေးအဖွဲ့နှင့်အတူ နောက်တန်းမှ မိသားစုများ ပေးပို့လိုက် သည့်စာနှင့် အစား အသောက်များ ရောက်လာသဖြင့် အိမ်ထောင်သည်များရော လူပျို များပါ ထုံးစံအတိုင်း ပီတိများ ဝေဖြာနေခဲ့ကြသည်။ ကျွန်တော်တို့ အရာရှိများသည် သာမန်အားဖြင့် ထမင်းစုစားခြင်း စကားဝိုင်းဖွဲ့ ပြောခြင်းများ ပြုလုပ်လေ့ရှိသော်လည်း ဤရင်ဆိုင်ကုန်းတွင်မူ

www.burmeseclassic.com



ရန်သူ့အခြေအနေ လှုပ်ရှားမှုများကိုသာ မျက်ခြည်မပြတ် စော င့် ကြည့်ပြီး အမြဲ နိုးကြားနေရသဖြင့် ကျွန်တော်တို့ ခလာ ... လူစုပြီး မစားဖြစ်ကြပါ။ ကျွန်တော်နှင့် ကျွန်တော်၏ ... ရေး/ထောက်အရာရှိ ဗိုလ်မောင်မောင်ကျော် (ယခု စသုံးလုံးညွှန်မှူး) တို့ ၂ ဦးသာ အတူအိပ် အတူစား ဖြစ်ခဲ့ကြသည်။

## မိမိတို့ စတင်ထိုးဖောက်တိုက်ခိုက်ပြီ

ကျွန်တော်တို့ ခမရ (၁၀၆) စစ်ကြောင်း (၂) သည် ဗကပနှင့် ရပ်ဆိုင်းထားသကဲ့သို့ ခမရ (၁၀၄) မှ ဒုတပ်ရင်းမှူးဗိုလ်မှူး တင်မောင်လေး ဦးစီးသော စစ်ကြောင်း (၂) သည် ပန်ယန်း၏ ရှေ့ကာတပ်ဖြစ်သည့် ညောင်ပင်ကုန်းစခန်းအား လည်းကော င်း ခလရ (၂) မှ ဒုတပ်ရင်းမှူး ဗိုလ်မှူးဘိုကြည် ဦးစီးသည့် စစ်ကြောင်း (၂) သည် ငှက်ကန် မခေရှန် စခန်းများအားလည်းကော င်း ထိုးဖောက်တိုက်ခိုက်ရန် အသီးသီးရင်ဆိုင်ထားခဲ့ကြသည်။ ရင်ဆိုင်ထားရာမှ ၂ ဖက်တပ်များ သွေးထိုးစမ်းတိုက်ခိုက်မှုများ ရှေ့မတိုးနိုင်အောင် ပစ်ခတ် ထိန်းချုပ်မှုများ နေ့စဉ်ရှိခဲ့သည်။ ဆက်သွယ်ရေးစက်များ အားလုံး ၂၄ နာရီဖွင့်ထားကြရသဖြင့် မော်ဖဒေသ စစ်မြေပြင် တစ်ခွင်လုံးရှိ တပ်အားလုံး၏ ထိတွေ့မှု ဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ သိခဲ့ကြရသည်။

ဤစစ်ဆင်ရေးတွင် ကျွန်တော်တို့ ခမရ (၁၀၆) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးသိန်းလွင် ဦးစီးသည့် စစ်ကြောင်း (၁) နှင့် ကွပ်ကဲမှု အောက် တပ်ခွဲများသည် ငှက်ရောင်းစခန်းနှင့် နည်းဗျူဟာကုန်း၏ လုံခြုံရေး၊ ဆက်သွယ်ရေးလမ်းကြောင်းများ လုံခြုံရေးနှင့် အရန်





တပ်တာဝန်များ ယူထားရသည်။ မိမိတို့ စစ်ကြောင်း (၂) သည် ရန်သူနှင့် ရင်ဆိုင်ထား ကြရာမှ ၁ လခန့်အကြာတွင် ရှေ့သို့တိုး၍ ထိုးဖောက် တိုက်ခိုက်ရန် အမိန့် ရောက်ရှိလာခဲ့သည်။ ကျွန်တော် သည် ယင်းအမိန့်မရောက်မီကပင် လိုလိုမယ်မယ် လက်ရွေးစင် တပ်စုတစ်စုကို ရွေးချယ် ဖွဲ့စည်းထားခဲ့သည်။ လက်ရွေးစင် တပ်စု ကို ဗိုလ် သက်ဇော်အား ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခဲ့ သည်။ ထိုသို့ ဖွဲ့စည်းထားကြောင်းကိုလည်း တပ်ရင်းမှူးထံသို့ တင်ပြထားခဲ့သည်။

ကျွန်တော် စစ်ကြောင်းအား ရှေ့သို့တက်၍ ထိုးဖောက် တိုက်ခိုက်ရာတွင် ကျင်းတူး၍ တက်ရန် ညွှန်ကြားထားသည်။ သို့ရာတွင် ကျွန်တော် စဉ်းစားမိသည်မှာ တစ်ကြောင်းထိုး ကျင်းတူးတက်ပါက ထိတွေ့မှု စတင်ဖြစ်ပွားချိန်၌ ရန်သူ့ပစ်ကွင်း အောက် ရောက်ခဲ့လျှင် ရန်သူမှ ပုံသေပစ်ကြောင်းထား၍ ပစ်ခတ် နိုင်ဖွယ်ရှိသဖြင့် ၂ ကြောင်း ထိုးတက်ရန်နှင့် စတင်ထိတွေ့မှုဖြစ်ချိန် တွင် လျင်လျင်မြန်မြန်နှင့် လွယ်လွယ်ကူကူ တပ်ဖြန့်နိုင်အောင် ၂ ဖွဲ့ခွဲ၍ ကျင်း များကို ၂ ဖက် အပြိုင် တူးစေခဲ့ပါသည်။ ထိုသို့ ကျင်းတူးတက်ရာတွင် ဘီအီးတပ်သားနေဝင်းနှင့် ကျွန်တော်တို့တပ်မှ မိုင်းဖော် အထူးကျွမ်းကျင်သူ တပ်သား ငွေအောင်တို့က ရှေ့ဆုံးမှ နေ၍ မိုင်းရှာဖွေ ရှင်းလင်းပြီးမှ နောင်က ကျင်းတူး၍ တက်ကြခြင်း ဖြစ်သည်။ ဒုတိယနေ့ဆက်လက်၍ မိုင်းရှင်းကျင်းတူး တက်စဉ်မိုင်း ၂ လုံး တူးဖော်ရရှိခဲ့ပြီး လက်ဆင့် ကမ်းနောက်သို့ ပြန်ပေးပို့ခဲ့သည်ကို ကျွန်တော် မှတ်မိနေပါသည်။

ထိုနေ့ နေ့လယ်ပိုင်းမှာပင် ကျွန်တော်တို့ စစ်ဆင်ရေးကို



www.burmeseclassic.com

www.burmeseclassic.com



ကွပ်ကဲနေသော နဖဟ (ရရ၁) နည်းဗျူဟာမှူး ဗိုလ်မှူးကြီးအောင်စိုး (အငြိမ်းစား ယဉ်ကျေးမှု ဝန်ကြီး)က ဆက်သွယ်ရေး စက်မှ RT ဖြင့် ကျွန်တော့်ကို ပြောသည်မှာ "ရောင်နီမင်းတို့ အရမ်းနေ့နေတယ်၊ ဟိုဘက်မှာ တင်မောင်လေးတို့ ပစ်တဲ့ လက်ပစ်ဗုံးနဲ့ ရန်သူပစ်တဲ့ လက်ပစ်ဗုံးချင်း ထိနေပြီ။ မင်း မြန်မြန်လုပ်ကွာ။ ဒီနေ့မမှောင်ခင် လိုချင်တယ်" ဟု ကျွန်တော့်ကို မခံချင်အောင် နှိုးဆွပြောခဲ့သည်။

ကျွန်တော်က "ဟုတ်ကဲ့ပါ အဘလေး။ ကျွန်တော့်ကို ကျင်းတူးတက်ဖို့ ခိုင်းထားတာဆိုတော့ ဒီအတိုင်း ကျင်းတူးတက်နေရင် ဒီနေ့မရောက်နိုင် ပါဘူး။ ကျင်းမတူးဘဲ ကျွန်တော်ကိုယ်တိုင် ခေါင်းဆောင်ပြီး တက်ပါမယ်"လို့ ပြောခဲ့ပါသည်။

အဲဒီအချိန်မှာ ငှက်ရောင်းစခန်းလုံခြုံရေး တာဝန်ယူထားသော ကျွန်တော့်တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီးသိန်းလွင်က "ရောင်နီ ခင်ဗျား လိုက်ဖို့ မလိုဘူး။ ခင်ဗျားဖွဲ့ထားတဲ့ လက်ရွေးစင် အဖွဲ့နဲ့ပဲ လုပ်ပါ။ ခင်ဗျားက ပစ်ကူပေးဖို့ပဲလုပ်ပါ။ ခင်ဗျား မလိုက်ပါနဲ့"ဟု ပြောပါသည်။ အဲဒီနောက် ကျွန်တော်တို့ ရွေးထားသော ဗိုလ်သက်ဖော်နဲ့အဖွဲ့ကို ခေါ်ပြီး "သက်ဖော် ... မင်းတို့ အလုပ် စရတော့မယ်။ ငါ ပစ်ကူပေးမယ်။ ရဲရဲဝံ့ဝံ့သာလုပ်။ ဒီပွဲက ငါတို့ (၁၀၆) ရဲ့ပွဲပဲ။ ငါ စိတ်ချမယ် ဟုတ်လား" လို့ ပြောခဲ့သည်။ ဗိုလ်သက်ဖော်က "စိတ်ချပါ ဗိုလ်မှူး။ ကျွန်တော် သေသေချာချာ လုပ်ပါမယ်"လို့ ပြောပြီး "ကဲ ... ထွက်တော့လို့" ပြောလိုက်တဲ့ အချိန်မှာ ဗိုလ်သက်ဖော်က ဂျီသရီး(ဂျီ–၃) သေနတ်ကို ကိုင်ပြီး ကျွန်တော့်ကို အလေးပြု နှုတ်ဆက်တော့ ကျွန်တော်က "ဟေ့ သက်ဖော် ... ဘာလို့ဂျီသရီး ယူတာလဲ။ မင်းက Commander





ကာဘိုင်ပဲကိုင်။ ဂျီသရီးက ချုံနွယ်တွေနဲ့ ငြိမယ်။ ကာဘိုင်ပဲ ကိုင်ပါ ငါ့ညီ" လို့ ပြောလိုက်သည်။ သို့သော် ဗိုလ်သက်ဖော်မှာ တိုက်စိတ် လွန်စွာ ပြင်းပြတက်ကြွလျက်ရှိပြီး "ဗိုလ်မှူး ... ကျွန်တော် ကာဘိုင်နဲ့ အားမရလို့ပါ။ ဂျီသရီးပဲယူပါရစေ" လို့ ခွင့်တောင်းတော့ ကျွန်တော်လည်း ခေါင်းညိတ်လိုက်ပါသည်။ ဗိုလ်သက်ဖော်တို့အဖွဲ့ ခြေကုပ်စခန်းမှ စတင်ထွက်ခွာသည်မှာ ညနေ ၄ နာရီ မိနစ် ၂၀ ဖြစ်သည်။ ကျွန်တော်လည်း တပ်ကြပ်ကြီးသန်းအောင် ခေါင်းဆောင်သော ၈၁ မီလီမီတာ စိန်ပြောင်းနှင့် တပ်ကြပ်ကြည်ပြုံး ခေါင်းဆောင်သော ၇၅ မီလီမီတာ နောက်ပွင့် ရိုင်ဖယ်တို့ကို နေရာ သေသေချာချာ ရွေးချယ်ချထားခဲ့သည်။ ဗိုလ်သက်ဖော်တို့ လက်ရွေးစင်အဖွဲ့ ထွက်သွားသည်နှင့် တပ်စုမှူး ဗိုလ်ကြီးဝင်းမောင် ဦးစီးသော တပ်စု ၁ စုကိုလည်း **Stand By** လုပ်ထားခဲ့သည်။ ကျွန်တော်တို့အားလုံး သေနတ် သံကို နားစွင့်နေကြရင်း ညနေ ၅ နာရီခွဲလောက် မှာ သေနတ်သံတွေ မိုးခြိမ်းသလို ဝေါခနဲ ကြား လိုက်ရပါပြီ။ သေနတ်သံတွေက လက်နက်ငယ် အတွဲလိုက်ပစ်တဲ့ အသံတွေပါ။ လက်နက်ငယ်အတွဲ လိုက်ပစ်ခတ်သံတွေနဲ့ **M 79** လောင်ချာပစ်သံတွေ ကြားနေရသည်။ ကျွန်တော်လည်း ၈၁ မီလီမီတာ စိန်ပြောင်းကို ရန်သူခန့်မှန်းတည်နေရာကို နည်းနည်း ကျော်ပြီး စစ်ကူပစ်ကူလာနိုင်မယ့် လမ်းကြောင်း ၇ လုံးခန့် ပစ်ခိုင်း လိုက်သည်။ မကြာလိုက်ပါ။ ဗကပ တို့ရဲ့ ၈၂ မီလီမီတာ စိန်ပြောင်းနဲ့ ၇၅ မီလီမီတာ နောက်ပွင့် ရိုင်ဖယ်တို့ကလည်း ကျွန်တော်တို့ ခြေကုပ်စခန်းပေါ်သို့ တန်ပြန်ပစ်ခတ်ပါတော့သည်။ ဗိုလ်သက်ဖော်တပ်စုနှင့် ဗကပအနီးကပ် ထွေးလုံး တိုက်ခိုက်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ၇၅ မီလီမီတာကို မသုံးခဲ့ပါ။ ပစ်ခတ်သံများ အဆက်မပြတ် ကြားနေရရာမှ တဖြည်းဖြည်း ကျဲလာသည်။ မှောင်စပြုလာပြီဖြစ်၍ ပစ်မှတ်များကို ထင်ထင်ရှားရှားမမြင်ရတော့၍လည်း ဖြစ်နိုင်သည်။ တိုက်ပွဲသံ တဖြည်းဖြည်း စဲသွားပြီးနောက် ကျွန်တော် လည်ပင်း ရှည်နေချိန် ည ၇ နာရီခန့်တွင် ဗိုလ်သက်ဇော် လက်ရွေးစင်တပ်စုမှ တပ်ကြပ်မြင့်ဆွေ ဦးဆောင်သောအဖွဲ့နှင့် ဒဏ်ရာရ စစ်သည် ၃ ဦး ပြန်လည်ရောက်ရှိလာသည်။ ၎င်းတို့အား တိုက်ပွဲအခြေအနေနှင့် ထိခိုက်ကျဆုံးမှု အခြေအနေမေးမြန်းပြီး လက်နက်ကြီး ခံယမ်းများ ထားရှိသော ကျင်းကြီးအတွင်း ဆေးကုသရန် ပို့ဆောင်ပေးခဲ့သည်။ သူတို့ပြောပြချက်အရ ဗိုလ် သက်ဇော်သည် ဗကပ စခန်းကို မြင်ရသည်နှင့် သူကိုင်ထားသော ဂျီသရီးနှင့် တပ်သားတင်မောင် ကိုင်ဆောင်ထားသော **M 79** ကို လဲလှယ်ပြီး ဗကပ ခြံစည်းရိုး အတွင်းသို့ **M 79** ကို ထောင်၍ ဆက်တိုက်ပစ်ခဲ့ကြောင်း၊ ရန်သူ စခန်းအတွင်းမှ ပစ်ခတ်မှုကြောင့် ရဲဘော်တချို့ ထိမှန်ဒဏ်ရာ ရသည်ကို မြင်တွေ့ရသော ဗိုလ်သက်ဇော်က “မင်းတို့ ဟိုနားက ကမူဘေးမှာ သွားနေရာယူထားကြ”လို့ အမိန့်ပေးကြောင်း သူနှင့် တပ်စိတ် ၁ စိတ်က ဆက်ပြီး ပစ်နေကြောင်း၊ ရန်သူ့ ခြံစည်းရိုး ကျားလုံ့ကို သူ ကိုယ်တိုင် ဆွဲနုတ်နေကြောင်း၊ ထို့နောက် ဗိုလ်သက်ဇော်က တပ်ကြပ်မြင့်ဆွေအား “ဒဏ်ရာရထားသူတွေကို တွဲခေါ်ဆုတ်ကြ” ဟု အမိန့်ပေးခဲ့ကြောင်း သိရသည်။ ကျွန်တော် လည်း ဗိုလ်ကြီးဝင်းမောင်အား ခေါ်ပြီး “ကိုဝင်းမောင် အခြေအနေက မသဲကွဲသေးဘူး။ ခင်ဗျားနောက်ကလိုက်ပြီး ကိုယ့်အဖွဲ့တွေနဲ့ ပေါင်း ပါ။ ရန်သူတွေနဲ့ တွေ့ရင်လည်း ချ။ ကိုယ့်လူတွေနဲ့ ပေါင်းမိဖို့က





တော့ အဓိကပဲ။ တောင်ကြောက ကျဉ်းလို့ တပ်သိပ်မဖြန့်နဲ့။ တော်ကြာ လျှိုထဲ ရောက်ကုန်ဦးမယ်။ တော်တော်တော့ ဂရုစိုက် ရမယ်နော်” ဟု ပြောပြီး တပ်စု ၁ စုနဲ့ လွှတ်လိုက်သည်။ ၄၅ မိနစ်ခန့်အကြာ ည ၈ နာရီခန့်တွင် ဗိုလ်ကြီးဝင်းမောင် ဦးစီးသော တပ်စုနှင့် ဗိုလ်သက်ဇော်၏ တပ်စုမှ တပ်စိတ် ၁ စိတ်တို့ ပူးပေါင်း မိပြီး ဒဏ်ရာရသူ ၄ ယောက်နှင့်အတူ ခြေကုပ်စခန်းသို့ ပြန်လည် ရောက်ရှိကြသည်။ သို့သော် ဗိုလ်သက်ဇော် တစ်ယောက်တော့ ပြန်ပါမလာပါ။ သူ ဘယ်တော့ မှလည်း ပြန်လာနိုင်တော့မည်မဟုတ်ပါ။ ရန်သူ့ ခြံစည်းရိုးခြေရင်းတွင် အနီးကပ် ပစ်ခတ်ခံလိုက်ရပြီး တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေးလှူသွား ခဲ့ပါပြီ။ လင်းလက်တောက်ပသော ကြယ်တစ်ပွင့် ထိုညကပင် ကြွေကျမြေခ ခဲ့ရရှာပြီ။ နာကြည်း ခံပြင်းသော ခံစားချက်များဖြင့် ဗိုလ်သက်ဇော် တစ်ယောက် ကောင်းရာသုဂတိ လားပါစေလို့သာ မေတ္တာပို့သ အမျှ ပေးဝေလိုက်ရသည်။ ကျွန်တော်တို့သည် ဗိုလ်သက်ဇော်၏ ကိစ္စဆောင်ရွက်ရန် ရှိသည်များကို တင်ပြဆောင်ရွက်ပြီး ဒဏ်ရာရ စစ်သည်များအား စစ်ကြောင်း(၁)မှ လာကြိုသော တပ်ခွဲနှင့် လွှဲပြောင်းပေးခဲ့သည်။ ဒီလိုနှင့်ပင် ကျွန်တော်တို့နှင့် ဗကပတို့သည် ရင်ဆိုင်ထားရင်း နေ့စဉ် နေ့တိုင်း အပြန်အလှန် ကြိုကြား ကြိုကြား ပစ်ခတ်မှုများဖြင့် ထိန်းချုပ်ရင်း အခွင့်သာမည့် အရိပ်အခြည်ကို စောင့်ကြည့်နေခဲ့သည်။ နေ့ရက် အတိအကျ မမှတ်မိသည့် နေ့တစ် နေ့ ညနေစောင်း တွင် ဖောက်ကျိုင်း၊ ဖောက်ကျိုင်းဟု ဗကပတို့ဘက် မှ ပစ်နေကျမဟုတ်သော ၅၇ မီလီမီတာနှင့် ၇၅ မီလီမီတာတို့ကို တစ်ပြိုင်နက်တည်း ၂ မိနစ်ခန့် ဆက်တိုက်ပစ်ခတ်ခဲ့သည်။ နေ့ဦး



www.burmeseclassic.com

www.burmeseclassic.com



ပစ်နေကျပစ်ခတ်မှုမျိုး မဟုတ်သဖြင့် ကျွန်တော့်ခေါင်းထဲတွင် ဒီ... ဒီကောင်တွေ ငါတို့ကို တိုက်ဖို့ဖြစ်လိမ့်မည်ဟု တစ်ထစ်ချ သုံးသပ် လိုက်မိသည်။ သူတို့ပစ်ခတ်မှု ရပ်သွားသည်နှင့် အရာရှိအားလုံး ကိုခေါ်၍ အခြေအနေ ကို ရှင်းပြပြီး စစ်သည်အားလုံး အထူးသတိ... အသင့်ပြင်ဆင်ထားကြရန် ညွှန်ကြားလိုက်သည်။ လက်နက်ကြီး... အဖွဲ့နှင့် ဆက်သွယ်ရေး စက်အဖွဲ့တို့ကိုလည်း တပ်လှန့်ထားခဲ့သည်။ သို့သော် ထိုနေ့ညတွင် ထူးခြားမှုမရှိခဲ့ပါ။

## ●ကာပတို့ တိုက်စစ်စပြီ

နောက်နေ့နံနက် ဝေလီဝေလင်း ၆ နာရီခန့်တွင် ဗကပ တို့၏ တိုက်စစ်စတင်ပါတော့သည်။ လက်နက်ကြီးမျိုးစုံကို စုပုံ... အော၍ ပစ်ခတ်ရာ ကျွန်တော့်စစ်ကြောင်းမှာလည်း ၅၊ ၆၂ စက်လတ် ၈၁ မီလီမီတာနှင့် ၅၅ မီလီမီတာတို့ဖြင့် ပြန်လည် ပစ်ခတ်ခဲ့သည်။ ဗကပတို့က လက်နက်ကြီးများနှင့် ၅ မိနစ်၊ ... မိနစ်ခန့် ပုံအောပစ်ခတ်ပြီးနောက် လက်နက်ငယ်သံများ၊ လူသံများ ပေါ်ထွက်လာခဲ့သည်။ ဗကပများ ၄ ဖက် ၄ တန်မှ လက်နက်ငယ်များ လောင်ချာများ ပစ်ခတ်အသုံးပြုပြီး အော်ဟစ်၍ တက်လာကြသည်။ ကျွန်တော့်စစ်ကြောင်းကလည်း (၁၀၆) ကွဟု အော်ဟစ်ကြွေ... ကြော်ကာ ပြန်လည် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ ကျွန်တော်တို့ ထောင်ထားသော မိုင်းအချို့ ပေါက်ကွဲသံများနှင့်အတူ အော်သံ ငိုသံများကြားရပါသည်။

ကျွန်တော်တို့ အရာရှိများစုပြီး ဤတိုက်ပွဲကို သုံးသပ်ခဲ့ကြ သည်။ ဒီတစ်ချီနဲ့တော့ ပြီးမည်မဟုတ် လူ၊ လက်နက်အင်အား...





ပြည့်တင်းပြီး နောက်တစ်ချီတော့ လာစမ်းလိမ့်ဦးမည်ဟု ကျွန်တော် တို့ သုံးသပ် မျှော်လင့်ထားသည်။ အရာရှိများအား ရဲဘော်များ စိတ်ဓာတ်တက်ကြွစေရန်နှင့် ကျည်ကို မလိုအပ်ဘဲ မဖြုန်းရန် မခြွပစ်ရန်နှင့် ချိန်ပစ်ရန် မှာကြားခဲ့သည်။

သို့နှင့် နံနက် ၈ နာရီခန့်တွင် ပထမအကြိမ်အတိုင်း ဗကပ တို့ လက်နက်ကြီးမျိုးစုံဖြင့် ထပ်မံ ပွဲကြမ်းပါတော့သည်။ ဗကပတို့၏ ၅၅ မီလီမီတာ ဒဏ်ကြောင့် ကျွန်တော်တို့ ခြေကုပ်ကုန်းပေါ်ရှိ သစ်ပင်ကြီး အချို့ ပင်စည်များပြတ်၊ သစ်ကိုင်းများ ကျိုးပြီး ဆက်သွယ်ရေးမြောင်းများပေါ်တွင် ကိုးလို့ ကန့်လန့် ပိတ်ဆို့ မုံးအုပ်သွားသည်။ ကျွန်တော်တို့ကလည်း ၈၁ မီလီမီတာ၊ ၆၀ မီလီမီတာနှင့် ၅၅ မီလီမီတာတို့ဖြင့် ပြန်လည်တုံ့ပြန်ပစ်ခတ်ခဲ့သည်။ ကျွန်တော်တို့ အပင်ပန်းခံကာ ဝီရိယစိုက်ထုတ် ပြုလုပ်ခဲ့သော ကတုတ်ကျင်း **Over Head** များနှင့် သေနတ်ပစ်ပေါက်များ စနစ်တကျ ဖောက်ထားခြင်း၏အကျိုးကို လက်တွေ့ခံစားကြရ သည်။ မိမိစစ်သည်များ ရန်သူ့လက်နက်ကြီးများဒဏ်ကို ကြံ့ကြံ့ခံ နိုင်ခဲ့ကြသည်။ ထုံးစံအတိုင်း လက်နက်ကြီး ပစ်သံများ စဲသွားပြီး ဓါသံ အော်သံနှင့် လက်နက်ငယ် အတွဲလိုက် ပစ်ခတ်သံများဖြင့် ဒုတိယအကြိမ် ချဉ်းကပ် တိုက်ခိုက်လာပြန်သည်။ '၁၀၆' ကွဟု ကျွန်တော်ရော စစ်သည်များပါ ဝမ်းခေါင်းသံကြီးများဖြင့် အော်ခဲ့ကြ သည်။ စက်လတ်ကို ရှေ့ဆုံးကျင်းများ အနားထိတက်၍ ပစ်ခတ် စေခဲ့သည်။ ၂၅ မိနစ်ခန့် ပြင်းပြင်းထန်ထန် ပစ်ခတ်ပြီးနောက် ဗကပများ နောက်ကြောင်းပြန်လှည့်သွားခဲ့ကြပြန်သည်။ အပစ် ...းနေခိုက် ကျွန်တော်လည်း ဆက်သွယ်ရေးအဖွဲ့ တပ်ကြပ်ထွန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



ဆီက စာရွက်အလွှတ် ၁ ရွက် နှင့် ဘောပင် ၁ ချောင်း တောင်း
ပြီး ''စာတတ်တဲ့ ရဲဘော်တွေက စာမတတ်တဲ့ ရဲဘော်တွေကို
ဖတ်ပြကြပါ'' ဟု ဖော်ပြလျက် ''ငါတို့ ခမရ (၁၀၆) ဟာ သူရ
ရခဲ့တဲ့ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး သူရအောင်ဖေနဲ့ ပထမဦး
ဖွဲ့စည်းခဲ့တဲ့ တပ်ဖြစ်တယ်။ အစဉ်အလာကောင်းတဲ့ ဒီတပ်ရင်း
ဂုဏ်သိက္ခာကို အကျမခံနိုင်ဘူး။ သတ္တိရှိရှိ တိုက်ကြ၊ ဒီဘယ်တော့
အရှုံးမပေးဘူး။ ကျည်မဖြုန်းဘဲ ရန်သူကပ်လာမှ ချိန်ပြီးပစ်ကြ
ရေးပြီး တပ်စိတ်များမှ ရဲဘော်များအား လက်ဆင့်ကမ်းပေးသွား
ဗိုလ်မောင်မောင်ကျော်နှင့် ဒုတပ်ကြပ်မောင်မောင် အုန်းတို့အား
သည်။ မှတ်မှတ်ရရ ထိုနေ့က ရေးခဲ့သော ဘောပင်မှာ မှင်
ရောင်ဘောပင် ဖြစ်သည်။ ထိုစာအရွက် အလွှတ်ဘက်တွင် ရဲဘော်
၃၀ ခန့် လက်မှတ်ထိုးပြီး ကျွန်တော့်ထံ ပြန်ရောက်လာခဲ့သည်
ယခုတော့ ထိုစာရွက်ကို မပြနိုင်တော့ပါ။ တတိယအကြိမ် ဗကပ
တို့၏ ဗိုင်းပတ် တိုက်ခတ်မှုကို ၁၀ နာရီ အချိန်တွင် လည်းကော
စတုတ္ထအကြိမ် တိုက်ခိုက်မှုကို ၁၂ နာရီ အချိန်တွင် လည်းကော
ပဉ္စမအကြိမ် တိုက်ခိုက်မှုကို ၂ နာရီ အချိန်တွင် လည်းကော
မကျေနိုင်မခံနိုင် တိုက်လိုက် ဆုတ်လိုက်လုပ်နေပါသည်။ ၃ နာ
ခန့်တွင် အားလာစမ်းလိမ့်ဦးမည်ဟု မျှော်လင့်ထားပြီး အသင့်ပြင်
စောင့်ဆိုင်းခဲ့သော်လည်း ဆက်၍ ငြိမ်နေသည်။ ထိုနေ့
ကျွန်တော်တို့ စစ်ကြောင်း တစ်ကြောင်းလုံး ထမင်းမချက်ဖြစ်သ
ထမင်း ငတ်ခဲ့ကြသည်။ လစာပေးအဖွဲ့နှင့်အတူ နောက်တ
ဓနီးဖြစ်သူ ထည့်ပေးလိုက်သည့် မြေပဲဆံကြော် ဟောလစ်ပုလ
ဘူးကိုကိုင်ပြီး တစ်ကျင်းပြီး တစ်ကျင်းကူး၍ ရဲဘော်တစ်ယောက်





မြေပဲဆံ ၄၊ ၅ ဆံဆီ လက်ဖက်ရည်ဇွန်းလေးဖြင့် လှည့်လည်
ကျွေးမွေးရင်း စိတ်ဓာတ်မြှင့်တင်ပေးခဲ့သည်။ ''ဒီကောင်တွေ
နောက်တစ်ခါ တက်လာရင် စောစောက အော်သလို ၁၀၆ ကွလို့
အော်ပြီး ချကြ''လို့ မှာခဲ့သည်။

နဗဟ (ရရ၁) မှူးမှ တိုက်ပွဲအခြေအနေကို မေးမြန်းရာ
မိမိစစ်သည် ၂ ယောက်သာ ဒဏ်ရာရရှိခဲ့ကြောင်း ကျဆုံးမှု
မရှိကြောင်း ဗကပတို့ဘက်မှ အနည်းဆုံး ၇၊ ၈ ယောက်ခန့်
ကျဆုံးပြီး ဒဏ်ရာရသူ ၁၄ ယောက်၊ ၁၅ ယောက်လောက်
ရှိမည်ဟု တင်ပြခဲ့သည်။ မိမိတို့ ကျည်သုံးအနည်းငယ်များကြောင်း
ကျည်ကို အခုလို သုံးနိုင်၍လည်း ၎င်းတို့ မိမိတို့ အနားမကပ်နိုင်ခြင်း
ဖြစ်ကြောင်း၊ လက်နက်ငယ် ကျည်များ ဖြည့်တင်း ပေးစေလိုကြောင်း
တင်ပြခဲ့သည်။ ညနေ ၄ နာရီခန့်တွင် ဗကပများ ၆ ကြိမ်မြောက်
တိုက်စစ် စတင်ပါသည်။ တိုက်ပွဲပြန်စချိန်မှာပင် နဗဟ (ရရ၁) မှ
ပြေးနန်းတို့ ၁ စောင် ဝင်လာသည်။ ''လေကြောင်းပစ်ကူနှင့်
မြောက်ပစ်ကူတို့ စီစဉ်ထားပြီးဖြစ်ကြောင်း ပစ်မှတ်များ ကြိုတင်
ရှာဖွေထားရန်'' ဟု ဖြစ်သည်။

## ရာသီဥတုအခြေအနေ

ထိုစဉ်က ဆောင်းဦးကာလ ချမ်းအေးစ ရှမ်းပြည်အရှေ့ခြမ်း
၏ ရာသီဥတုမှာ နံနက် ၈ နာရီခွဲ၊ ၉ နာရီခန့်အထိ နှင်းမှုန်များက
ထူထပ်စွာ ကျနေဆဲဖြစ်၏။ ကျွန်တော်တို့ ခြေကုပ်ယူထားသော
မ၊ ၄၀၀၀ နီးပါးမြင့်မားသည့် ခေါက်မူရွက်ပျက် ပွိုင့် ၃၈၅၀
ပေါင်ကုန်းမှ ပတ်ဝန်းကျင် တောင်တန်းများ အားလုံးကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါက တောင်ခါးပန်း များကိုလှပစွာ ရစ်ပတ်သိုင်းဖက်ထား မြူနိုးများနှင့် တိမ်တောင်တိမ်လိပ်များကို ကောင်းကင်ပြ တစ်ဆက်တစ်စပ်တည်း ရင်သပ်ရှုမောဖွယ် တွေ့ရသည်။

ဤရာသီကာလအတွင်း ပွင့်လင်းတောက်ပသည့် နေ ခြည်ကို နေ့လယ်ပိုင်း ၂ နာရီ၊ ၃ နာရီခန့်သာ ကြိုကြား ကြို တွေ့ရပါသည်။ ထို့ကြောင့်လည်း နဗဟ (၇၇၁) မှ ပစ်မှတ် ကြိုတင်ရှာဖွေထားရန် ညွှန်ကြားချက်ရရှိသည့်အခါ ကျွန်တော် အထူးစဉ်းစားရပါ၏။

## လေကြောင်းပစ်ကူ

ဗကပတို့ လက်နက်ကြီးရော၊ လက်နက်ငယ်ပါ တစ် တည်း ပစ်ခတ်တိုက်ခိုက်လာသည်။ ကျွန်တော်တို့ဘက်က ထိန်း သိမ်းသိမ်း ပြန်လည် ပစ်ခတ်ကြသည်။ မကြာမီ 'လင်းယု ရောင်နီ အသံ ဘယ်လောက်ကြားလဲ ဒါပဲ' 'ရောင်နီမှ လင်း အသံ ၅ ဒါပဲ' ဆိုပြီး လေကြောင်းပစ်ကူ ပေးမည့် လေယာဉ်ငယ် ၂ စီးနှင့် ကျွန်တော်တို့ မြေပြင်/ဝေဟင် ဆက်သွယ်ရေးကောင်း ရရှိခဲ့သည်။ လင်းယုန်သို့ ဗကပတို့ ရှိရာပစ်မှတ် ၂ ခု ၃ ပေးခဲ့သည်။ ကျွန်တော်ပေးခဲ့သော ပစ်မှတ်များ အား လေကြော လှည့်ပတ်ပျံသန်းပစ်ခတ်ပေးခဲ့သည်။ လေယာဉ်ငယ် ၂ စင်းသ ကောင်းကင်မှ လှည့်ပတ်ကြည့်ရှု၍ အခြားပစ်မှတ်များကိုလ ာင်းထောက်ရှာဖွေခဲ့သည်။ "လင်းယုန်မှ ရောင်နီ စခန်းတစ်ခု ကား ၂ စီးတွေ့တယ်။ ခင်ဗျားတို့ တပ်က ကားလား" ဟု သည်။ ကျွန်တော်က မိမိတို့တပ်က ကားများမဟုတ်ကြော





ာစ်ဖက်နိုင်ငံက ကားများဖြစ်နိုင်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ်င်းယုန်များလည်း ထိုပစ်မှတ်များ ကိုပါ ပစ်ခတ်ပြီး ဌာနေသို့ ပြန်လည်ပျံသန်းထွက်ခွာသွားခဲ့ကြသည်။ လေကြောင်းစစ်ကူကြောင့် မိတို့ စစ်သည်များ စိတ်ဓာတ်များစွာ တက်ကြွခဲ့သည်ကို သတိပြု မိခဲ့ပါသည်။

## အမြောက်ပစ်ကူ

ဗကပများကလည်း အကြီးတွေရော အသေးတွေပါ ပျာထွေးပစ်ခတ်ကောင်းနေဆဲ ဖြစ်သည်။ အခြေအနေမှာ မီးကုန် ယမ်းကုန် ကျဲနေသည့် သဘောဖြစ်သည်။ သူတို့စကားပြောသံများကို ဖြည်းဖြည်း ပို၍ ပို၍ ကြားလာရသည်။ ထိုအချိန်တွင် နဗဟ (၇၇၁) ဗျူဟာမှူးကြီးမှ အမြောက်ပစ်ကူအတွက် အမြောက်တပ်ခွဲမှူး ကဲ ပစ်မှတ်မြေပုံညွှန်း ပေးရန်ညွှန်ကြားသည်။ ကျွန်တော် ထိုအချိန် တွင် ခေါင်းပူအောင် စဉ်းစားခဲ့သည်။ ထို့နောက် ပစ်မှတ် မြေပုံညွှန်း ၂ ခုကို အမြောက်တပ်ခွဲမှူးထံပေး လိုက်သည်။ ကျွန်တော် ပေး လိုက်သော မြေပုံညွှန်းကို နဗဟမှူးကြီးဖတ်ပြီး **RT** ဖြင့် "ဟေ့ ခင်မောင် မောင်ကြီး ရောင်နီပေးတဲ့ ၆ လုံးမှားနေတယ် မပစ်နဲ့ဦး။ ခဏစောင့်" ဆိုပြီး "ရောင်နီ ရောင်နီ မင်း ၆ လုံး မှားနေတယ် ပြန်စစ်ပါ ဒါပဲ" ကျွန်တော်လည်း "ရောင်နီမှ အဘလေး အဲဒီ အတိုင်းသာ ပစ်ပေးပါ။ အဲဒါ အကောင်းဆုံးပဲ။ ကျွန်တော်တို့ကို စိတ်ချပါ။ သဘောပေါက်မယ်ထင်ပါတယ် အဘလေး" ဟု ဖက်ပေါ်မှ **RT** ဖြင့်ပင် တင်ပြခဲ့သည်။ နဗဟမှူးကြီးသည် ဘာမှ မပြောဘဲ ခဏငြိမ်နေခဲ့သည်။ နောက်မှ "ကဲ ... ခင်မောင်ရော



www.burmeseclassic.com

www.burmeseclassic.com



ကြီး ရောင်နီပေးတဲ့ ၆ လုံးအတိုင်း ပစ်ပေးလိုက်တော့ကွာ'' တဲ့

နဗဟာမှူးကြီးအနေနဲ့ ကျွန်တော့်အပေါ် ယုံကြည်ပေး ပေးမယ့် စစ်ကြောင်းမှာ ပါဝင်နေကြသည့် အရာရှိ၊ အရာ အကြပ်၊ တပ်သားများ၏ ကံကြမ္မာကို တွေးပူနေဟန်တူသည့် နဗဟာမှူးကြီး၏ အသံမှာအနည်းငယ် ဆို့နစ်နေသည်ဟု ကျွန်တော် ခံစားခဲ့မိသည်။ တပ်မတော်တွင် အထက်အကြီးအကဲ အဆင့် တို့၏ လက်အောက်ငယ်သားများအပေါ် ထားရှိသော မေတ္တာ စေတနာကို အထူးကြည်ညို လေးစားမိပါသည်။ နဗဟာမှူးကြီး အမိန့်ဆုံးသည်နှင့် စက္ကန့်ပိုင်းမှာပင် အမြောက်ဆံများ ကျွန်တော် ခေါင်းပေါ်မှ တရှဲရှဲဝဲပြီး ခြေကုပ်စခန်း ရှေ့နောက် အစပ်တွေမှ တအုံးအုံးကျရောက် ပေါက်ကွဲသည်။ အမြောက်ဆံအလုံး ၂၂ ကျော်လောက် ကျရောက် ပေါက်ကွဲပြီးသွားသည့်အချိန်မှာတော့ ဗကပများ အတုံးအရုံး ကျဆုံးသူများနှင့် ဒဏ်ရာ ရသူများ ကျောကုန်းအောင် ထမ်းပိုး တရွတ်တိုက်ဆွဲ ခေါင်းဒိုက်စိုက်ပြ ထွက်ပြေးဆုတ်ခွာသွားကြသည်။ သူတို့ဆုတ်ခွာသွားပြီးနောက် မမှောင်ခင်မှာပင် မိမိတို့ စခန်းပတ်ဝန်းကျင် လိုက်လံရှာဖွေရှင်းလင်းရာ မီးကျိုးမောင်းပျက် (M-21) ၃ လက်၊ (M-22) ၁ လက်နှင့် အလောင်း ၄ လောင်း ရရှိခဲ့သည်။

ထိုနေ့မှာ မှတ်မှတ်ရရ ကျွန်တော်တို့ ပွိုင့် ၃၈၅၀ ရင်တော ကုန်းတွင် စတင်နေရာယူခဲ့သည့် နေ့မှ ၄၈ ရက်တိတိပြည့်မြောက် သောနေ့ ဖြစ်ပါ၏။ ကျွန်တော်တို့သည် ဒုဗိုလ်မှူးကြီး သူရအောင် စတင် ဖွဲ့စည်းထူထောင်ခဲ့သည့် အမှတ် (၁၀၆) ခြေမြန်တပ်ရင်း၏ ဂုဏ်သိက္ခာကို ဆယ်တင်နိုင်ခဲ့ပါပြီ။ ဤနေရာတွင် တစ်ခုရှင်းလင်း





တင်ပြလိုသည်မှာ ကျွန်တော့်အား ယုံကြည်ပေးချင်ပေမယ့် ကျွန်တော်တို့ ခြေကုပ်ယူထားသော ပွိုင့် ၃၈၅၀ တောင်ကုန်း ပေါ်တွင်ရှိနေကြသော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ၏ ကံကြမ္မာကို တွေးပူနေဟန် တူသည်ဟု ရှေ့တွင် ကျွန်တော်ဖော်ပြခဲ့ ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်ပေးလိုက်သည့် ပစ်မှတ် မြေပုံညွှန်းများကြောင့်ဖြစ်သည်။ ကျွန်တော် ရွေးချယ်တင် ပြခဲ့သော မြေပုံညွှန်းများက လိပ်တစ် ကောင်၏ ပုံသဏ္ဍာန်တူညီ သည့် ခေါက်မူရွာပျက် ပွိုင့် ၃၈၅၀ တောင်ကုန်းနှင့် နှိုင်းယှဉ်၍ ဖော်ပြရလျှင် လိပ်၏ခေါင်းပိုင်းနှင့် ကျောကုန်းပိုင်းတို့ကို မြေပုံညွှန်း ပေးခဲ့ခြင်း ဖြစ်သည်။ ကျွန်တော် ယင်းသို့ စဉ်းစား ဆုံးဖြတ်ရခြင်းမှာ ရန်သူက ခြေကုပ်စခန်းထိပ် ဝင်ပေါက်အနီးသို့ နီးကပ်စွာရောက်ရှိပြီး အလုံးအရင်းနှင့် အနီးကပ်တိုက်ခိုက်လာပြီဖြစ်၍ ယင်းနေရာအား ပစ်မှတ်အဖြစ် ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ ခေါင်း ပေါ်သို့လည်း ကျရောက်နိုင်သည်။ ဗကပတို့သည် ဘယ်/ညာ လျှိုအောက် လျှိုစောင်းတို့တွင် အင်အားအနည်းငယ်သာ ဖြန့်ထား ကြပြီး မိမိခြေကုပ်စခန်းနောက် ဆင်ခြေလျှောတွင်မူ အင်အား တော်တော်များများ ဝိုင်းပတ်ထား ကြပြီးဖြစ်သည်။ အကယ်၍ ပိမိစစ်သည်များ မလွဲ မရှောင်သာ၍ ခြေကုပ်စခန်းကို စွန့်ခွာခဲ့ရ ပါက ပိတ် ဆို့ချေမှုန်းနိုင်အောင် ကြိုတင်ရောက်ရှိနေရာယူထား ကြခြင်းဖြစ်သည်။ ထို့ကြောင့် မိမိတို့ခြေကုပ်စခန်း မှ ရေဆိပ်သို့ဆင်း သည့် နောက်ဆင်ခြေလျှော တစ်ဝိုက် ပစ်မှတ်နေရာကို ရွေးချယ် တင်ပြခြင်းဖြစ်သည်။ ထိုအချိန်က တိုက်ရည်ခိုက်ရည်ပြည့်ဝ၍ တိကျမှန်ကန်စွာ ထိထိရောက်ရောက် ပစ်ကူပေးခဲ့ကြသော



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော် (လေ)မှ လေသူရဲကြီးများနှင့် အမြောက်တပ်ခွဲမှူး ဗိုလ်မှူး ခင်မောင်မောင်ကြီးနှင့် အဖွဲ့တို့အား အထူး ကျေးဇူးတင်ရှိပါကြောင်း အလျဉ်းသင့်၍ ဖော်ပြလိုက်ပါသည်။

ယင်းတိုက်ပွဲကြီး ပြီးဆုံးသွားပြီးနောက် ၄ ရက်မြောက်နေ့တွင် ဒုတိယဗိုလ်မှူးကြီး စိုးမြင့်ဦးစီးသော ရှေ့တန်းအမှတ် (၁၀၂) ခြေမြန်တပ်ရင်း စစ်ကြောင်း (၁) နှင့် တပ်ခွဲ ၃ ခွဲ ကျွန်တော့်စစ်ကြောင်းထံမှ စစ်ဆင်ရေးတာဝန်များ လာရောက်လွှဲပြောင်းလက်ခံရယူခဲ့သည်။ ကျွန်တော်လည်း စစ်ဆင်ရေး တာဝန်များကို ရှေ့တန်း အမှတ် (၁၀၂) ခြေမြန် တပ်ရင်းမှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး စိုးမြင့်အား လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး သိန်းလွင် ဦးစီးသော စစ်ကြောင်း (၁) နှင့်အတူ တပ်ရင်းဌာနချုပ်သို့ ပြန်လည်ထွက် ခွာခဲ့ကြသည်။ ကျွန်တော်ကွပ်ကဲ၍ တိုက်ပွဲဝင်ခဲ့သည့် အထက်ပါ ရောင်အန်တိုက်ပွဲတွင် အရှုံးအမြတ်များ ထင်ထင်ရှားရှား ဖော်ပြနိုင်လောက်အောင် ကိန်းဂဏန်းအားဖြင့် မများသော်လည်း ကျွန်တော်တို့ အမှန်တကယ် ရရှိခဲ့သည့် တန်ဖိုးမဖြတ်နိုင်သောအမြတ်မှာ အမိန့် နာခံမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် စည်းလုံးညီညွတ်မှုတို့ပင် ဖြစ်ပါသည်။

## တောခို ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောနှင့် ကွန်မြူနစ် တပ်မှူးကြီးများ၏ သုံးသပ်ချက်

ကျွန်တော်တို့ ခမရ (၁၀၆) စစ်ကြောင်း (၂) နှင့် ဗကပ ရင်း (၁၈) တပ်ခွဲများ၏ ရောင်အန် ခေါ် ယုန်အန်စခန်းတိုက်ပွဲအပေါ် ဝါရင့်ကွန်မြူနစ် စာရေးဆရာကြီးများနှင့် တောခိုကျောင်းသားများ





စုပေါင်း ရေးသားပြုစုထားသည့် 'ထို့ကြောင့် ဤသို့' ဟူသော စာအုပ်တွင် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော နှင့် ကွန်မြူနစ်တပ်မှူးကြီးများက သုံးသပ်ထားခဲ့ကြသည်။ ယင်းသုံးသပ်ချက်များကို အရှိအတိုင်း ပူးတွဲ ဖော်ပြလိုက်ပါသည်။

## ထို့ကြောင့် ... ဤသို့

၁၉၇၉ ခုနှစ်၊ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေးကာလတွင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောသည် ဗမာပြည် ကွန်မြူနစ်ပါတီ ဝင်ပြန်ဖြစ်လာခဲ့သည်။ ထို့နောက် ၁၉၈၅ ခုနှစ်၊ ပါတီကွန်ဂရက်တွင် ဗဟိုအဆင့်သတ်မှတ်ပြီး ဗဟိုကော်မတီ အရွေးခံစေခဲ့ရာ ရွေးချယ်ခြင်းခံခဲ့ရသည်။ ဗဟိုစစ်ကော်မရှင် အဖွဲ့ဝင်အဖြစ်လည်း ဆက်လက် ပါဝင်ခဲ့သည်။ သို့သော် လုပ်ငန်းတာဝန်ပိုင်းမှာမူ ဘာမှအရေးပါ အရာရောက်ခြင်းမရှိသော စစ်ရေး သုတေသနတာဝန်သာ ဖြစ်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ဗဟိုစစ်ဦးစီးဌာန စစ်ဦးစီးမှူး ဖြစ်လာသော ရဲဘော်တင်ရီ (ခ) ယန်ကွမ်း၏ လက်အောက်တွင် အလုပ်လုပ် ခဲ့ရသည်။

၁၉၈၇ ခုနှစ်၊ စက်တင်ဘာလခန့်က ပန်ဆန်းတွင် ကျင်းပခဲ့သော အရှေ့မြောက်ပိုင်းစစ် ဒေသစစ်ရေး ကေဒါများ အစည်းအဝေးတွင် သူ့အား စစ်ရေးသုတေသနဆိုင်ရာ နိဂုံးချုပ်ချက် အချို့ကို တစ်ရက် ဟောပြောခွင့်ပြုခဲ့သည်။ သူသည် ၁၉၈၆ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၁၉၈၇ ခုနှစ်တွင် တပ်မတော်မှ ထိုးစစ်ဆင်ခဲ့သော 'ယုန်အန်း–ပန်ယန်း' တိုက်ပွဲများကို သုတေသနပြု တင်ပြခဲ့သည်။ တပ်မတော်သည် စခန်းသိမ်းတိုက်ပွဲများတွင် နည်းနာသစ်သုံးသော



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု သူ တင်ပြခဲ့သည်။ ဗမာပြည်ကွန်မြူနစ် ပါတီဗဟိုကော်၊ တပ်မဟာ (ခ) တပ်မဟာ (၈၅၁) ၏ လက်အောက် ခံရင်း (၁၈) မှ တပ်ခွဲတစ်ခွဲအား တပ်စွဲထားရာ 'ယုန်အန်းခံ စစ်မြေစခန်း'တိုက်ပွဲ ကို ဥပမာ ထုတ်ပြခဲ့သည်။ တပ်မတော်သည် ၎င်းစခန်းအား တက်ရောက်ထိုး စစ်ဆင်ခဲ့ပြီး အလစ်အငိုက်မရသောအခါ အနာခံ မတိုက်ခဲ့။ ၎င်းစခန်း၏ အောက်ဘက် မီတာတစ်ထောင်ခန့်သာ ကွာဝေးသော 'အထက် ခေါက်မူ' ရွာပျက်နေရာတွင် အခိုင်အမာ ကတုတ် တူး၍ တပ်စွဲထားခဲ့သည်။ ကတုတ် တူး၍ ရှေ့သို့ တိုးကပ်ခဲ့သည်။ 'ယုန်အန်း'သည် နေ့စဉ်နှင့်အမျှ ရင်တထိတ်ထိတ် ဖြစ်ခဲ့ရသည်။ နှာခေါင်း အောက်မှာ လာကပ်နေ၍ အသက်ရှူမဝ ဖြစ်ခဲ့ကြရသည်။ တပ်မတော်မှလည်း ကတုတ်၊ ဆက်သွယ်ရေးမြောင်း များတူး၍ ကပ်လာခဲ့သည်မှာ နှစ်ဖက်စလုံးမှ စကား အပြန်အလှန် ပြော၍ ရသည်အထိ နီးကပ်လာခဲ့သည်။ ၎င်း 'အထက်ခေါက်မူ' ရှိ တပ်မတော်ရှေ့တန်းအကျ ဆုံးစခန်းအား'ဖြေရှင်း' ပစ်ရန် ကြိုးစားသည့် တိုက်ပွဲတစ်ပွဲစီမံပြီး တိုက်ခဲ့သော်လည်း မအောင်မြင် ခဲ့။ နောက်ဆုံး တပ်မတော်မှ သူ့အစီအစဉ်နှင့်သူ ဆုတ်ခွာသွားမှပင် ကွန်မြူနစ်တပ်မှူးများ သက်ပြင်းချနိုင်တော့သည်။ ၎င်းအဖြစ် အပျက်ပုံစံနှင့်ပတ်သက်၍ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောက ဤသို့ သုံးသပ်အကြံပေးရှာသည်။ ''ဒီလို နှာခေါင်းအောက်မှာ ရောက်နေတဲ့ သပလည်း နီးကပ်နေတဲ့ ရန်သူဟာ သိပ်ခက်တယ်။ တက်မတိုက်လို့ 'ခံစစ်နဲ့သတ်'ဖို့လည်း မလွယ် သိပ်နီးနေတာမို့ တစ်ဟုန်ထိုး ကျားတက်ထိုးလိုက်ရင် ချက်ချင်း စခန်းကျသွားမယ့် အန္တရာယ်လည်း ရှိနေတယ်။ လက်ပစ်ဗုံးနဲ့ပစ်လို့ကလည်း မပီ၊





တဇူကာတို့၊ ၅၇ မီလီမီတာတို့ကလည်း တည့်တည့်သွားတဲ့ အမျိုးအစားမို့လို့ မထိရောက်ဘူး။ ၆၀ မီလီမီတာ မော်တာတို့၊ ၈၂ မီလီမီတာ မော်တာတို့ကို လှိုင်လှိုင် သုံးပြီး နောက်ကလည်း ခြေလျင်တပ်နဲ့ ပတ်တိုက်တဲ့နည်း သုံးသင့်တယ်လို့ ထင်တယ်''

## သုံးသပ်တင်ပြချက်

ကျွန်တော်တို့ ရှေ့တန်းအမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက်ရှိ ခမရ (၁၀၄)၊ ခမရ (၁၀၆)၊ ခလရ (၂) နှင့် ခလရ (၈) တို့မှ စစ်ကြောင်း (၂) များသည် ရန်သူ ဗကပဌာနချုပ် ပန်ဆန်းနှင့် ရှေ့ကာတပ်ခံစစ်မြေ (မဆုတ်တမ်းခံစစ်) စခန်းများ ဖြစ်သော ညောင်ပင်ကုန်း၊ ၄ကကန်၊ မခေရှုန်နှင့် ရောင်အန်ရောင် အော်စခန်းများရှိ ရန်သူ အား စစ်ဆင်ရေးကာလတစ်လျှောက်လုံး လုံးဝ အနားမပေးဘဲ အဆက်မပြတ် ထိတွေ့ခြိမ်းခြောက်ထား နိုင်ခဲ့ကြသည်ကို တွေ့ရသည်။

ကျွန်တော်တို့ ခမရ (၁၀၆) စစ်ကြောင်း (၂) အနေဖြင့် တောခိုကျောင်းသားဟောင်းများ ရေးသားပြုစုထားသည့် 'ထို့ကြောင့် ဤသို့' စာအုပ် တွင် သုံးသပ်ဖော်ပြထားသည့်အတိုင်း 'ရောင်အန်' စခန်းအား နေ့စဉ်နှင့်အမျှ ရင်တထိတ်ထိတ် ဖြစ်ခဲ့ရအောင် ခြိမ်းခြောက်နိုင်ခဲ့သည်။ ၎င်းတို့ နှာခေါင်း အောက်မှာ တွယ်ကပ်ထားပြီး အသက်ရှူမဝအောင် ဖန်တီးနိုင်ခဲ့သည်။ ရှေ့တန်း အမှတ် (၉၉) ခြေမြန် တပ်မဌာနချုပ် ကွပ်ကဲမှုအောက်တပ် များက ထိုးစစ် ဆင်လျက်ရှိသော လားရှိုးမြောက်ခြမ်းရှိ စီစီဝမ်၊ တာပန် စစ်မျက်နှာသို့ မော်ဖဒေသမှ စစ်ကူတပ်များ ထုတ်နှော်



www.burmeseclassic.com

www.burmeseclassic.com



စေလွှတ်ခြင်း မပြုနိုင်အောင် ထိန်းချုပ်ထားနိုင်ခဲ့သည်။ ဤအ မှာ အထက်ကွပ်ကဲမှုဌာနချုပ် အဆင့်ဆင့်က ချမှတ်ပေးထားသ ရည်မှန်းချက်ဖြစ်ပြီး ထိုရည်မှန်းချက်ကို ကျွန်တော်တို့ အောင်မြ စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ထိုရည်မှ ချက်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည့်သာမက စစ်ဆင်ရေ ကာလအတွင်း ဗကပများ တောင်ကြီး–ကျိုင်းတုံ ပြည်ထော လမ်းမကြီး ဆက်သွယ်ရေးလမ်းကြောင်းအား ဖြတ်တော တိုက်ခိုက်မည့်အစီအမံများနှင့် သံလွင်အနောက်ခြမ်း မိုင်းရှူး နှင့် ဆက်စပ်နယ်မြေများအတွင်း တိုက်ကွက်ဖော်မည့် စီမံချက်မျာ ကိုလည်း ရိုက်ချိုး ဖျက်ဆီးနိုင်ခဲ့ပါကြောင်း ဖော်ထုတ်သုံးသ တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

**စာရေးသူ၏ဆန္ဒမွန်**

ဗကပဗဟိုသည် မော်ဖဒေသကို ခြေကုပ်ယူ၍ သံလွင် အနောက်ခြမ်းသို့ မကြာခဏ ထိုးဖောက် ဝင်ရောက်ပြီး မိမိတပ်များ အနားမရအောင် ဒုက္ခ ပေးနေသဖြင့် ၁၉၇၉ ခုနှစ် နိုဝင်ဘာလအတွင်း တပ်မတော်က မော်ဖဒေသကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ သို့သော် ဗကပဌာနချုပ် အခြေပြုထားသည့် ပန်ဆန်း ပန်ယန် တစ်ပိုက်ကိုတော့ သိမ်းပိုက်ခြင်း မပြုဘဲ ချန်ထားခဲ့သည်။

၁၉၈၆ ခုနှစ် ကုန်ခါနီးတွင် အရှေ့မြောက် စစ်ဒေသနယ်မြေ စီစီဝမ် တာပန်ဒေသရှိ ဗကပတို့၏ အခိုင်အမာစခန်းများအား အမှတ် (၉၉) ခြေမြန် တပ်မဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်များ က ထိုးစစ်ဆင်နေချိန်၌ အမှတ်(၇၇) ခြေမြန်တပ်မ လက်အောက်





ကျွန်တော်တို့တပ်များက မော်ဖ ဒေသအတွင်း တိုက်ကွက်များဖော်၍ ယောင်ပြ စစ်ဆင်ခဲ့ကြသည်။ ယောင်ပြတိုက်စစ်များပင်ဖြစ်သော်လည်း အဓိကထိုးစစ်ပမာ နှစ်ဖက်တပ်များ ပြင်းထန်စွာ တိုက်ပွဲဝင်ခဲ့ကြရပုံကို နောင်တစ်ခေတ်၏ အောင်စစ်သည်များ လေ့လာနိုင်အောင် ဤစာစု ဖြင့် မှတ်တမ်းပြုထားပါကြောင်း။

အမှတ် (၁၀၆) ခြေမြန်တပ်ရင်းမှ ကျွန်တော်နှင့်အတူ တိုက်ပွဲဝင်ခဲ့ကြသော အရာရှိ၊ စစ်သည်များအားလုံးကို ဤမှတ်တမ်းစာစုများဖြင့် လေးစား ဂုဏ်ပြုလျက် –

**ဗိုလ်မှူးကြီးစိုးဝင်း**

■



www.burmeseclassic.com

www.burmeseclassic.com


# ိုင်အောင် စစ်ဆင်ရေး

ဗိုလ်မှူးကြီးစိုးဝင်း



www.burmeseclassic.com

www.burmeseclassic.com




ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံဒေသ၊ မိုင်းညွှင်း မိုင်းခတ်တွင် လွယ်ဝမ်ဝတောနီး
တိုက်ပွဲဖြစ်ပွားရာနေရာ မြေပုံကြမ်း

www.burmeseclassic.com

www.burmeseclassic.com

# ရဲနိုင်အောင် စစ်ဆင်ရေး

ရေးသူ – ဗိုလ်မှူးကြီးစိုးဝင်း

ရဲနိုင်အောင် စစ်ဆင်ရေး

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ

ရှေ့တန်းအမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်

နည်းဗျူဟာ (၈၈၁) ကွပ်ကဲမှုအောက်

ရှေ့တန်းအမှတ် (၂) ဗမာ့သေနတ်ကိုင်တပ်ရင်း၊ တပ်ခွဲ (၃)

စစ်ဆင်ရေးအမည်။ ။ရဲနိုင်အောင်

စစ်ဆင်ရေးနယ်မြေ။ ။အရှေ့ပိုင်းတိုင်း စစ်ဌာန ချုပ်နယ်မြေ၊ ကျိုင်းတုံဒေသ၊ တောင်ကြီး ကျိုင်းတုံ မဟာဗျူဟာလမ်းမကြီး အနောက် ဘက်ခြမ်း၊ မိုင်းညှင်း၊ မိုင်းခက်ဂွင်။

တိုက်ပွဲဖြစ်ပွားရာဒေသ။ ။မိုင်းညှင်းနှင့် ဝမ်တာ ပုံအကြား လွယ်ဝမ်ဝ တောင်ကြောအနီး

တိုက်ပွဲဖြစ်ပွားသည့်ကာလ။ ။ ၁၉၇၆ ခု ဧပြီလ။

ရန်သူ။ ။ဗကပ တပ်မဟာ (၈) ရင်း (၁၅) လက်အောက်ခံတပ်ဖွဲ့များ

ပိမိတပ်။ ။ ရှေ့တန်း သနက (၂) တပ်ခွဲ (၃)

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## တပ်ရင်းမှူး၏ တာဝန်ပေးချက်

ရှေ့တန်းသနက (၂) စစ်ကြောင်း (၁) ဌာနချုပ်နှင့် တပ် (၂) တို့သည် လွယ်ဝမ်ဝတောင်ကုန်း ခန့်မှန်း (ကေ/၇၈၅၅) မြို့ပိုင် ၅၈၀၃ တွင် ဖြန့်ခွဲ အခြေပြုထားသည်။ ဗိုလ်မှူးအောင်နွယ် ဦးစီးတပ်ခွဲ (၅) သည် စက (၁) နှင့် ကိုက် (၇၀၀) ခန့် အကွာ တောင်ကုန်းတစ်ခုတွင် အခြေပြုထားပြီး ကျွန်တော် တာရေး ဦးစီးသော တပ်ခွဲ (၃) သည် လွယ်ဝမ်း စခန်းကုန်းနှင့် ကိုက် (၁၀၀၀) ခန့်အကွာရှိ မြို့ပိုင် (၃၆၁၀) စခန်းဖြစ်သည်။ ကျွန်တော့်စခန်း နှင့် ၁ မိုင် ခန့်အကွာတွင် အီကောရွာလေးတစ်ရွာရှိသည်။ ထိုရွာ နေ့ငြ မနက်တိုင်း ပြောင်းဖူး ငရုတ်သီးစသည့် ဟင်းသီးဟင်းရွက် ကို စခန်းခြံစည်းရိုးအဝနားအထိ လာရောင်းချသည်။ တပ်ရင်းမှူး ကျွန်တော်တို့ တပ်ခွဲမှူးများကို ၁ ပတ် ၁ ကြိမ် **Briefing** ခေါ် ရှိသည်။ ကျန်အချိန်များမှာတော့ ဆက်သွယ်စက်ဖြင့်ပင် ညွှန်ကြား သည်။

ဧပြီလ လဆန်းပိုင်းတစ်နေ့တွင် စက (၁) ဌာနချုပ်တွင် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးအောင်ကြည်နှင့် ဗိုလ်မှူးအောင်နွယ် ကျွန်တော်နှင့် နောက်တန်းမှ လစာနှင့် အိမ်ထောင်သည်ပေးစာများ သယ်ယူလာသော **Pay Party** ခေါင်းဆောင် ဗိုလ်ကြီးဝင်းအောင်စိန် ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးကြည်မောင်တို့ လူစုံချိန်တွင် တပ်ရင်းမှူးကြီးက ''ကဲ... ဒီကြေးနန်းတွေ ဖတ်ကြည့်ကြ''ဟု စိတ်မသက်သာပုံစံကြီးနှင့် ပြောပြီးကြေးနန်းစာရွက် ၂ ရွက်ကို လှမ်းပေးသည်။

ကျွန်တော်တို့ တစ်လှည့်စီယူဖတ်ကြသည်။ ကြေးနန်း





တင်က ရတ တမခ (၈၈) မှ နဗဟ (၈၈၁) သို့ ပေးပို့ထားသော ကြေးနန်းဖြစ်ပြီး၊ နောက်တစ်စောင်ကတော့ နဗဟ (၈၈၁) မှ ရတ ခနက (၂) စက (၁) သို့ ပို့ထားသောကြေးနန်းဖြစ်သည်။ ကြေးနန်း ၂ စောင်လုံးရဲ့ အဓိပ္ပာယ်ဆိုလိုရင်းကတော့ အတူတူပင် ဖြစ်သည်။ ''ရန်သူက ဒို့တပ် တွေကို မကြာခဏ ထိုးဖောက် တိုက်တာတွေလုပ်နေတယ်။ ဒို့တပ်တွေက ရန်သူက ထိုးဖောက် တိုက်ခိုက်တာ မရှိသလောက်ဖြစ်နေတယ်''ဟူ၍ ဖြစ်၏။ ယင်း ကြေးနန်း ၂ စောင် ဖတ်ပြီးသည်နှင့် ဗိုလ်မှူးအောင်နွယ်ရော ကျွန်တော်ပါ ''ကျွန်တော် လုပ်ပါမယ် တပ်ရင်းမှူး''ဟု ပြိုင်တူ လိုလိုပင် ပြောလိုက်ကြသည်။ တပ်ရင်းမှူးက ကိုအောင်နွယ် မလုပ်နဲ့ဦး။ ဗိုလ်စိုးဝင်းပဲ လုပ်ကွာ''ဟု ကျွန်တော့်ကို တာဝန်ပေးခဲ့ သည်။

ကျွန်တော်လည်း ပြင်ဆင်ချိန် လုံလုံလောက်လောက်ရ ဖြင့် နောက်နေ့တွင် တောင်ခြေရှိ အီကော ရွာသို့ဆင်းပြီး ကျွန်တော်နဲ့ ရဲဘော်တချို့ အမှတ်တရ ဓာတ်ပုံရိုက်ချင်လို့ဆိုပြီး အီကောဝတ်စုံ ၉ စုံ ငှားခဲ့၏။ သိတဲ့အတိုင်းပဲ အီကောဝတ်စုံများမှာ အားလုံး ပေတူးညစ်ပတ်နံစော်နေ၏။ ကျွန်တော်လည်း ၎င်းဝတ်စုံ များကို ဝါးလုံးပေါ်မှာလှမ်းထားပြီး မိုးရွာအစို နေပူအခြောက် ပစ်ထားလိုက်၏။ ၄/၅ ရက်ကြာတဲ့အထိ အနံ့အသက်က မပျောက် သေး။ သို့သော် မတတ်နိုင်၊ ဝတ်ရန် ဆုံးဖြတ်လိုက်၏။ နောက်နေ့ ကွင် ကောက်ညှင်းပေါင်း တစ်နပ်၊ ထမင်းကြော်တစ်နပ်၊ ရိုးရိုး ထမင်း တစ်နပ် ပေါင်း ၃ နပ်စာ ပြင်လိုက်၏။ လမ်းမှာ မီးမမွှေးရ အောင် ဖြစ်သည်။ ဒီနေ့ စထွက်မည်။ ညစာကို ထမင်းရိုးရိုးကို



www.burmeseclassic.com

www.burmeseclassic.com



စားမည်။ နောက်နေ့ မနက်စာကို ထမင်းကြော် စားမည်။ ညစာ ကျတော့ ကောက်ညှင်းပေါင်းကို စားမည်။ ထိုနေ့ညအိပ် စိတ်စောခြင်း၊ ရင်ခုန် ခြင်းများကြောင့် ထင်၏ တစ်ညလုံးအိပ် နောက်နေ့ စထွက်ကြပြီ။ ပွိုင့်တပ်စိတ်နောက်က ကျွန် ကပ်လိုက်ခဲ့သည်။ ကျွန်တော်တို့က အီကောဝတ်စုံများနှင့် ဖြစ် နောက်က တပ်ယူနီဖောင်းဖြင့် သမားရိုးကျဖြစ်သည်။ အာ အင်အားက ၂၀ ယောက်ထွက်လာပြီး ၄၅ မိနစ်ခန့်အကြာ ရှေ့ စကားပြောသံတွေကြား၍ အချင်းချင်း သတိပေးကာ ချွတ်နင်း တက်ခဲ့ကြ၏။ တောင်စောင်းကို ဘယ်ဘက်ဖောင်းကနေ ဖြည် ဖြည်းချင်း ဆက်ထွက်လာစဉ် ရုတ်တရက် ဗကပဝတ်စုံအပြ နှင့် မိုင်းညှင်းဘက်မှ တောင်ဘက်သို့ ဦးတည်သွားနေသော အင်အား ၃၀ ခန့်ကို ဖြုန်းခနဲတွေ့ပြီး "ပစ်"လို့ ကျယ်လောင်စွာ အမိန့်ပေးပြီး နေရာ ယူကာ ကိုယ်တိုင် ဝင်ပစ်ခဲ့သည်။ ကျွန်တော်တို့ လက်ဦးမှုရ၍ ရန်သူအထိနာခဲ့သည်။ သူတို့လည်း တိုက်ပွဲအတွေ့ အကြုံ များပြီး လက်နက်ခဲယမ်း တောင့်တင်းသူများဖြစ်၍ ချက်ချင်းရှေ့က တောင်ကုန်းကို အတင်းတက်ပြီး နေရာ ယူခဲ့၏ သူတို့က အပေါ်စီးဖြစ်သွား၏။ သို့သော်လည်း သူတို့ လက်နက်ယ ပစ်သမျှ ကျွန်တော်တို့ မထိသေး။

ကျွန်တော်က တပ်သားကျော်ဝင်းဆီက ၄၀ မမ ဖုံးပေ လောင်ချာယူ၍ ၆၀ ဒီဂရီလောက်ထောင်ပြီး ပစ်သည်။ နောက်တော့ ဗကပတို့က ဖြုပ်ကျည်မွေ့ လက်ပစ်ဗုံးများ လှိုင်လှိုင်သုံးခဲ့ကြသည်။ မကြာမီ ကျွန်တော့်ညာဘက်ခြေသလုံး ရန်သူ့လက်ပစ်ဗုံးစ ထိမှ တော့သည်။ ကျွန်တော်တို့ ဆက်ပစ်နေတုန်းမှာပင် ဗိုလ်လေးလှမြင့်





(ဖာလုပ်သင်ဗိုလ်လှမြင့်) လည်းပင်း ဗကပ လက်ပစ်ဗုံးစ ထိပြန်၏။ လည်ပင်း မှန် သည်ဆို၍ ကျွန်တော် တော်တော်လေး ခေါင်းကြီး သွားသည်။ ဗိုလ်လေးကို ကျွန်တော့်နားခေါ်ထား လိုက်သည်။ လည်ပင်းက ဒဏ်ရာကြည့်တော့ သိပ်မများလှ၍ တော်သေး၏။ ဗိုလ်လေးထိတယ် ကြားလို့ အရမ်းစိတ်ပူမိတာက ဒီလိုပါ။

သူတို့ အလုပ်သင်ဗိုလ်သင်တန်းဆင်းပြီး တပ်ရင်း ရောက် လာတော့ ဗိုလ်လေးလှမြင့်နဲ့ ကျွန်တော့်မရီး ဖြစ်သူက ရေးပေး လိုက်တဲ့ စာတစ်စောင် ပါလာခဲ့သည်။ စာထဲမှာ ဗိုလ်လေးလှမြင့်က မိတ္ထီလာကဖြစ်ကြောင်း အမျိုးမကင်းကြောင်း အပ်ပါတယ် စသဖြင့် ရေးထား၏။ ခြေဉ် ဒီကောင့်ကို ငါ့အပ်ထားကာမှပဲ ဒုက္ခ ရောက်တော့မလို့ပါလားလို့ တွေးပူမိခဲ့တာပါ။ ကျွန်တော့်တပ်စုမှူးပါ ဒဏ်ရာရထားပြီး ကျွန်တော်က လမ်းကောင်းကောင်း မလျှောက်နိုင် တော့သဖြင့် တိုက်ပွဲနေရာမှ ဆုတ်ခွာရန် ဆုံးဖြတ်လိုက်သည်။ ဒါနဲ့ တောကျွမ်းသည့် တပ်ကြပ်ခွန်နောင်ကိုခေါ်ပြီး ဆုတ်ခွာမည့် အကြောင်းနဲ့ ရှေ့ဆုံးက လမ်းကြောင်းရှာထွက်ရန် ညွှန်ကြားခဲ့သည်။ ထို့နောက် စတင်ဆုတ်ခဲ့ကြသည်။ ပထမဆုံး ရန်သူ မျက်ခြည်ပြတ် အောင် ချောင်းထဲဆင်းပြီး ချောင်းအတိုင်း စုန်လိုက်ခဲ့သည်။ ရေစီး က သန်သည်။ တပ်သားကျော်ဝင်းက ဂျီ (၄) ထမ်း၍ ချောင်း အတွင်းဆင်းစဉ် ကျောက်တုံးနင်းမိ၍ ချော်လဲပြီး ရေစီးနဲ့ ပေ ၁၀၀ ခန့်မျောပါခဲ့သည်။ သူ့ကို ဝိုင်း၍ ဆယ်ခဲ့ကြသည်။ သူ့ကိုတော့ ဆွဲ၍ရသည်။ ဂျီ (၄) ကို မဆယ်နိုင်၊ မဆွဲနိုင်ခဲ့။ ရန်သူပစ်လို့ တိုက်ပွဲမကျပေမယ့် ဂျီ (၄) တစ်လက် ဆုံးရှုံး ခဲ့သည်။ သို့သော် နာက် ၂ ပတ်ခန့်အကြာ ရွာသားများအကူအညီဖြင့် ချောင်းအတွင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်လံ ရှာဖွေရာ ဂျီ (၄) ပြန်၍ တွေ့ရှိခဲ့သည်။ ကျွန်တော်တို့ တစ်ကိုယ်လုံး ရေစိုရွဲရွဲဖြင့် ကုန်းပေါ်သို့ တက်ခဲ့ကြသည်။ မှောင်စပြုပြီး မှောင်ရီပိုးတစ်ဝါးတွင် ညာဘက် တောင်ကြောပေါ်တွင် ဗကပတစ်ယောက် သေနတ်အသင့်အနေထားကိုင်ပြီး လျှောက်လိုက် ကြည့်လိုက်လုပ်နေသည်ကို မြင်ရ၏။ ရှေ့နည်းနည်း တိုးပစ်လျှင် ၁ လောင်း ၁ လက်တော့ရမည်။ သို့သော် သူတို့ဝိုင်းအုံလုပ်လိုက်လျှင် ပျားအုံတုတ်နဲ့ ထိုးသလို ဖြစ်မည်။ လိုက်မပစ်တော့ပါ။ သစ်ပင်ကျဲကျဲ တောင်ကြောင်တစ်ခုရောက်စဉ် စက်ထောင်ကြည့်သည်။ အဆက် အသွယ် မရခဲ့။ အဲဒီနေရာမှာ အိပ်ဖို့ဆုံးဖြတ်ခဲ့သည်။ အဲဒီည တပည့်ရဲဘော် စံမြ့ာက ခေါင်းအုံးအိပ်ဖို့ ၂ လက်မစိန်ပြောင်းကို ချပေးသည်။ ပင်ပန်းနွမ်းနယ်လို့ အိပ်ပျော်သွား၏။ မနက်လင်းတော့ ရဲဘော် ၂ ယောက်က ကျွန်ုတော့်ကို ရွှေတောင်စောင်ကို ပုခက်လုပ်ပြီး ထမ်းခဲ့ကြသည်။ ဆက်ထွက်ရာတွင် သရက်ရှစ်ပင်က ဆက်မထွက်ဘဲ အဲဒီနေရာမှာပင် စောင့်နေရန် နောက်တန်းပြန်မည့် တပ်ထောက်ဗိုလ်ကြီး အဖွဲ့နှင့်ဆုံပြီးမှ ဆက်ထွက်ခဲ့ရန်၊ တပ်ချုပ်၊ မမှားရေး ဂရုပြုရန် ရတစက (၁) မှ ညွှန်ကြားသည်။ မနက် (၀၉း၀၀) နာရီခန့်တွင် နောက်တန်းပြန်မည့် ဗက ဝင်းအောင်စိန်တို့ အဖွဲ့နှင့် ဆုံသည်။ ဗကဝင်းအောင်စိန်က "စိတ်မကောင်းဘူး ကိုစိုးဝင်းရာ နောက်တန်းကလည်း သိသွားပြီ။ ခင်ဗျားကိုယ်တိုင် စာရေးပေးရင်တော့ ပိုကောင်းတာပေါ့ဗျာ"လို့ ပြောသည်။ "ဟဲ ကျွန်တော့်မှာ ရေးစရာ ဘာမှမရှိဘူးဗျ" လို့ဆိုတော့ ကိုဝင်းအောင် စိန်က "ကျုပ်လည်း မပါတော့ဘူး။ ဒါပေမဲ့ ဒီဒူးယားစီးကရက်ဗူးခွံကို ပြောင်းပြန်လှန်ပြီး ရေးရင်ရတယ်"ဟုဆိုကာ စီးကရက်ဗူးခွံကို





ဖြဲ၍လှန်ပေးသည်။ သူ့ဘောပင်နှင့်ပင် "အနန်းမောင် စာရေးပေး လိုက်ပါတယ်။ ဘာမှမဖြစ်ဘူး။ စိတ်မပူနဲ့နော်"လို့ ရေးပေးလိုက် သည်။ တပ်ထောက် ဗိုလ်ကြီး ဗိုလ်ကြီးဝင်းအောင်စိန်တို့ မိုင်းခတ် ဘက် ဆက်သွားထွက်သွားတော့ သူတို့အဖွဲ့ရဲ့ နောက်ကျောတွေကို မျက်စိတဆုံး ငေးမောကြည့်ပြီး ရင်ထဲမှာ တစ်ဆို့ဆို့ ခံစားလိုက် ရပါတယ်။ သူတို့နဲ့ ကျောချင်းခိုင်းပြီး ကျွန်တော်တို့အဖွဲ့ စက (၁) ရှိရာ လွယ်ဝမ်စခန်းကို ပြည်လည်ချီတက်ခဲ့ကြသည်။ (၁၂း၀၀) နာရီခန့်တွင် စခန်းသို့ ပြန်ရောက်ပြီး တပ်ရင်းမှူးကြီးနဲ့ အိုင်အိုတို့က ပက်ဖက်ရည်ချိုချို ပူပူလေးနဲ့ အမောပြေတိုက်ကျွေးခဲ့သည်ကို ယခုထိ အမှတ်တရဖြစ်နေဆဲ။ ကျွန်တော့်တပ်ခွဲစခန်းကုန်းကို ပြန်ရောက်ချိန် မှစပြီး တပ်ရင်းမှူးက စက (၁) မှ ဆေးလက်ထောက် MA ကြီးကို ကျွန်တော့်ဆီ နေ့တိုင်းလွှတ်ပေးသည်။ MA ကြီးက ကျွန်တော့် ခြေထောက်ဒဏ်ရာကို ဆေးကြောပေး၊ ပတ်တီး စဂေါ်စ်နဲ့ အနာပေါက်ထဲထိုးထည့် သောက်ဆေးတိုက်နဲ့ပေါ့။ ကျွန်တော့်တပည့် ပလောင်တိုင်းရင်းသားလေး တပ်သားစံမြတ်က ကျွန်တော့်အပေါ် အလွန်အနွံ အတာခံပြုစုသည်။ ပွေ့ချီပြီး အိမ်သာပို့ပေးရသည်။ ပြန်ခေါ်ရသည်။

ဒီလိုနဲ့ ရှေ့တန်းစစ်ဆင်ရေးတာဝန်ပြီးဆုံးလို့ တပ်လဲပြီး ကျိုင်းတုံသို့ရောက်သည်။ ကျိုင်းတုံရောက်တော့ ချက်ချင်းမပြန် ရသေး၊ အမိကပုဂ္ဂိုလ်လုံခြုံရေး လုပ်လိုက်ရသေးသည်။ အဲဒီအမိက ပုဂ္ဂိုလ်က ရဟတ် ယာဉ်နဲ့လာမှာမို့ ရဟတ်ယာဉ်လုံခြုံရေး လုပ်ရ သည်။ "ဗိုလ်စိုးဝင်းက ခြေထောက်ဒဏ်ရာနဲ့မို့ ရဟတ် ယာဉ်ကွင်း အနီးကပ်လုံခြုံရေးပဲလုပ်"ဟု တပ်ရင်းမှူးက ညွှန်ကြားသည်။



www.burmeseclassic.com


www.burmeseclassic.com



ကျန်တပ်ခွဲတွေ ကျိုင်းတုံ မြို့ပတ်လည် တောင်ကုန်းတွေပေါ် တက်ကြရသည်။ ရဟတ်ယာဉ်ဆင်းသည်နှင့် တံခါးဖွင့်ပြီး ရှေ့ဆုံးက ဆင်းလာသူကတော့ ကက (ကြည်း) စစ်ဆင်ရေး ဂျီဝမ်း (စစ်ဦးမှူး ပထတန်း) ဒုဗိုလ်မှူးကြီးသန်းရွှေ ဖြစ်သည်။ ကျွန်တော် ကြိုဆို အလေးပြုလိုက်စဉ် ''မင်း ခြေထောက်မှန်ထားတာ ဆေးရုံမတက်သေးဘူးလား''လို့ မေးသည်။ ကျွန်တော်က ''ဗိုလ်မှူးကြီးတို့ ခရီးစဉ်ရှိနေလို့ ဆေးရုံမတက်သေးတာပါ။ ဒီခရီးစဉ်ပြီးရင် တက်မှာပါ'' လို့ ဖြေကြားခဲ့သည်။ ဂျီဝမ်းကြီးနဲ့ အလုပ်တွေရှုပ်လို့ ထပ်မတွေ့ဖြစ်ပါ။ လူကြီးခရီးစဉ်ပြီးတော့ တပ်ရင်းမှူးကြီးက ''ဗိုလ်စိုးဝင်း ကျိုင်းတုံ စစ်မြေပြင်ဆေးရုံမှာတက်နေခဲ့မလား''လို့မေးရာ ကျွန်တော်က ''မနေခဲ့ပါရစေနဲ့ စီအိုကြီး ခင်ဗျား၊ တပ်ရင်းပြန်ရောက်ပြီးမှ ပုသိမ်စစ်ဆေးရုံကို သွားတက်ပါ့မယ်''လို့ ဖြေခဲ့ရာ တပ်ရင်းမှူးက ''ဒီကောင် လူလည်ပဲ''ဟုမှတ်ချက်ပြုသည်။ ကျွန်တော်တို့ သနက (၂)က ဟင်္သာတမြို့နယ် ခမောက်စုရွာ နားမှာ ရှိသည်။ နောက်တန်းရောက်တော့ ပုသိမ် စစ်ဆေးရုံသွားတက်ပြီး ခြေသလုံးထဲမှ လက်ပစ်ဗုံးအဆံ **Foreign Body** ကို ခွဲထုတ်ခဲ့သည်။ ချုပ်ရိုးဖြေဖို့ နောက်တစ်ခေါက် ပုသိမ်ပြန်သွားလိုက်ရသေးသည်။

တပ်ရင်းနားစဉ်ကာလအတွင်း လေထီးမွမ်းမံ သင်တန်း၊ **Refresher Course** ခေါ်၍ ရှေ့တန်းပြန် မလိုက်ဘဲ လေထီးသွားခုန်ခဲ့ရသည်။ လေထီး ကျောင်းမှပြန်လာပြီး လစာအဖွဲ့ကို ဦးဆောင်၍ ရှေ့တန်း လိုက်ခဲ့ရသည်။ မိုင်းယောင်းနယ်မြေတွင် စစ်ဆင်ရေး တာဝန်ထမ်းဆောင်စဉ် ၁၉၇၆ ဇွန်လ ၁၅ ရက်နေ့တွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) တာဝန်ဌာနသို့ ပြောင်းရွှေ့မိန့် ထွက်





ယုန်အန် (ခေါ်) ရောင်အန်တိုက်ပွဲတွင် တာဝန်ယူခဲ့သူနှင့်အတူ တိုက်ပွဲဝင်ခဲ့သော ဗိုလ်မောင်မောင်ကျော်(ယာဘက်မှ) ယခု စသုံးလုံး ညွှန်မှူး



ဆယ်ကျော်သက်အရွယ် လူမမယ် တိုင်းရင်းသားတ[illegible]များဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ကျွန်တော့် ကက (ကြည်း) တာဝန်သို့ ပြောင်းရွှေ့ ရောက်ရှိလာပြီး ၂ လအတွင်းမှာပင် သနက (၂) မှ ကျွန်တော့်တပည့် တပ်သားစံမြွတ်ကို ကက (ခန်း) သို့ ပြောင်းရွှေ့ခေါ်ယူခဲ့သည်။ သို့နှင့် ကျွန်တော်၏ ညာဘက်ခြေထောက်ကျေးဇူးဖြင့် ကက (ကြည်း) တွင် တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည်။ Col Gs ၁ ဆက်၊ ၂ ဆက် လက်အောက်တွင် တာဝန် ထမ်းဆောင်ခဲ့ရသည်။ ကက (ကြည်း) တွင် တာဝန် ထမ်းဆောင်ခဲ့ရသဖြင့် နိုင်ငံ ခေါင်းဆောင်လောင်းများ၊ တပ်မတော်အကြီးအကဲလောင်းများ၏ မူဝါဒများ၊ လမ်းညွှန်ချက်များ၊ သွန်သင်ဆုံးမမှုများကို နာခံ မှတ်သား လိုက်နာဆောင်ရွက်ခဲ့ခြင်းကြောင်း ရောက်ရာတပ်၊ ရောက်ရာဌာနများတွင် တာဝန် ဝတ္တရားများကို ကျေပွန် အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့သည်ဟု ယုံကြည်ခံစားမိပါကြောင်း တင်ပြလိုက်ရပါသည်။

**ဗိုလ်မှူးကြီးစိုးဝင်း**

■




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ကချင်ပြည်နယ် တြိဂံဒေသ မြေပုံကြမ်း

www.burmeseclassic.com

www.burmeseclassic.com

## ကချင်ပြည်နယ်၊ ဗြိဂံဒေသ! ရှုရဲဂါးတိုက်ပွဲ

ရေးသူ – ဗိုလ်မှူးကြီးစိုးဝင်း

၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်တွင် ကျွန်တော်တို့ ဗိုလ်သင်တန်း အပတ်စဉ် (၃၆) ကျောင်းဆင်း ပြီးနောက် ဒုဗိုလ်အောင်ဆန်းမြင့် Best Cadet နှင့်အတူ ကျွန်တော် ဒုဗိုလ်စိုးဝင်း၊ ဒုဗိုလ်ကျော်သောင်း၊ ဒုဗိုလ်မောင်မောင်စန်းနှင့် ဒုဗိုလ် သန်းဖံတို့ ၅ ယောက် အမှတ် (၁) ခြေလျင်တပ်ရင်းသို့ တာဝန်ပေးအပ်ခြင်းခံရပြီး မေတ္တူပြောင်းရွှေ့ ရောက်ရှိခဲ့ကြသည်။ ဒုဗိုလ်အောင်ဆန်းမြင့်က တပ်ခွဲမှူး ဗိုလ်အောင်သိန်း (ယခု ဗိုလ်မှူးချုပ် အောင်သိန်း(ငြိမ်း) ပြန်ကြားရေးဝန်ကြီးဌာန ဒုဝန်ကြီး (ငြိမ်း) ၏ တပ်ခွဲ (၁) တွင် တပ်စုမှူးတာဝန် ထမ်းဆောင်ရပြီး ကျွန်တော် ဒုဗိုလ်စိုးဝင်းက တပ်ခွဲမှူး (၃) တွင် တာဝန်ကျသည်။ တပ်ခွဲမှူးမှာ ဗိုလ်လေးညွန့် (ယခု ဗိုလ်ကြီးလေးညွန့်–ငြိမ်း)ဖြစ်သည်။ ကိုမောင်မောင်စန်းက တပ်ခွဲ (၂) တွင် တာဝန်ကျပြီး ကိုသန်းဖံကတော့ တပ်ခွဲ (၅) ကက်နက်ကြီး တပ်ခွဲတွင် တာဝန်ကျသည်။ ကျွန်တော်တို့တပ်ရင်း တစ်ရင်းလုံး ကချင်ပြည်နယ်သို့ သွားရောက်စစ်ဆင် ရေးတာဝန်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်ရသည်။ ကျွန်တော်တို့ တပ်ရင်းမှာ ရှေ့တန်းထွက်ခါစက အနောက်မြောက် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ဖြစ်၍ နမ လက်မောင်းတံဆိပ် တပ်ဆင်ခဲ့ရသည်။ ရှေ့တန်း ရောက်ပြီး လခန့်အကြာတွင် အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ် စတ ဖွင့်လှစ်ခဲ့ပြီး ကျွန်တော်တို့လည်း တမခ (၈၈) လက်မောင်းတံဆိပ်များ ပြောင်းလဲတပ်ဆင်ခဲ့ရသည်။

ကျွန်တော်တို့တပ်ရင်းတစ်ရင်းလုံး ကချင်ပြည်နယ်၊ တြိဂံ ဒေသဟုခေါ်သော မေလီခမြစ်နှင့် မေခမြစ်အကြား မြစ်ဆုံ၏ အထက်ပိုင်းနယ်မြေတွင် တာဝန်ထမ်းဆောင်ရသည်။ ပထမအစပိုင်း တွင် ကျွန်တော်တို့တပ်ခွဲ (၃) သည် နင်ရော်ကောင်းရွာပျက်တွင် အခြေပြုစခန်းထိုင်၍ ပတ်ဝန်းကျင်နယ်မြေ ရှင်းလင်းရေး ဆော ရွက်ရသည်။ ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးညွန့်လွင် ဦးစီးသော စစ်ကြောင်း (၁) ဌာနချုပ်နှင့် တပ်ခွဲ (၂)၊ တပ်ခွဲ (၄) တို့သည် ချိန်မာယန်တွင် အခြေပြု၍ ပတ်ဝန်းကျင်နယ်မြေ ရှင်းလင်းရေး တာဝန်ယူရသည်။ တပ်ခွဲ (၁) နှင့် တပ်ခွဲ (၅) တို့က လှုပ်ရှားတာဝ ထမ်းဆောင်ရသည်။ ဗိုလ်အောင်သိန်း ဦးစီးသော တပ်ခွဲ (၁) သည် ချိန်မာ ယန်မှထွက်ခွာခဲ့ပြီး မြောက်ဘက်သို့ ဦးတည် နယ်မြေ ရှင်းလင်းချီတက်ခဲ့ရာ ၁၉၆၇ ခုနှစ်၊ မေလအတွင်း (နေ့/ရက် မမှတ်မိ) ရက်တစ်ရက်တွင် ရန်သူတပ်၏ ဗိုလ်သင်တန်းကျော င နေရာဖြစ်သည့် တာရာခူးစခန်းအရောက် ရန်သူ အင်အား ခန့်နှင့် တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားပြီး ဒုဗိုလ်အောင်ဆန်းမြင့် ကျဆုံး သည်။

တပ်ခွဲ (၁) သည် ဆက်လက်၍ နယ်မြေ ရှင်းလင်းရ





ချီတက်ခဲ့ရာ နင်ရော်ကောင်းရှိ ကျွန်တော်တို့ ခွဲ (၃) စခန်းသို့ရောက်ရှိ ခေတ္တ ပူးပေါင်း စခန်းချသည်။ စစ်ကြောင်း (၁)၏ ညွှန်ကြားချက် အရ ကျွန်တော် တပ်ခွဲ (၁)သို့ ပြောင်းရွှေ့ပြီး တပ်စုမှူးတာဝန် ထမ်းဆောင်ရသည်။ တပ်ခွဲ (၁)သည် လိုအပ်သည့်ရိက္ခာများ ထုတ်ယူပြီး နောက် နယ်မြေရှင်းလင်းရေးတာဝန်များ ဆက်လက် ထမ်းဆောင်ခဲ့သည်။ ကျွန်တော်တို့ နယ်မြေ ရှင်းလင်းခရီး တာဝန် ယူရသော တြိဂံဒေသအတွင်း ရွာပျက်များနှင့် တောင်ယာဘဲများသာ တွေ့ရှိရသည်။ တစ်ခါတစ်ရံ ရွာပုန်းများ တွေ့ရှိမှ စားစရာ သောက်စရာများ ဝယ်ယူ စားသောက် ခွင့်ရသည်။ ကျွန်တော်တို့ ဂိလိုနှင့် နယ်မြေရှင်းလင်းရေး လှုပ်ရှားဆောင်ရွက်ရင်း ရိက္ခာ ပြတ် တောက်လာ သည်။ တောင်ယာများသို့ ဝင်ရောက် ရှင်းလင်းရင်း ပါး အနည်းအကျဉ်းတွေ့လျှင် အသင့်ရှိ သောဆုံများနှင့် ထု ထောင်း ချက်ပြုတ် စားသောက်ခဲ့ရသည်။ တစ်လ ကိုးသီတင်းခန့် ယ်တစ်လုည့် ပြုတ်တစ်လှည့်ဖြင့် ရှာဖွေ စားသောက်ခဲ့ကြရသည်။ တစ်ခါတော့ ပင်ပန်းမောဟိုက်နေကြသည့်ကြားမှ တဝါးဝါး ရယ်မောခဲ့ကြရသည့် အဖြစ်အပျက်လေး တစ်ခုနှင့် ကြုံကြိုက် ခဲ့ကြရသည်။ ရှေ့က ပွိုင့်သွားနေသည်မှာ ဗိုလ်ကြည်အောင် (ယခု ဗိုလ်ချုပ် ကြည်အောင် ပြန်ကြားရေး ဝန်ကြီး–ငြိမ်း) ၏ တပ်စု ဖြစ်သည်။ ဗိုလ်ကြည်အောင်၏ တပ်စု နောက်က ကျွန်တော့် တပ်စု ဖြစ်သည်။ ဗိုလ်ကြည် အောင်က နောက်ကိုလှည့်ပြီး လေသံ တိုးတိုးဖြင့် ''နောက်က အသံမထွက်ကြနဲ့၊ ခြေသံ မထွက်အောင် ဖြည်းဖြည်း နင်း။ ရှေ့မှာဖင်ထိုင်သွားတဲ့ အရာနဲ့ ဆေးလိပ်တို တွေ့တယ်၊ ဂရုစိုက်'' ဟုပြောသည်။ ကျွန်တော် ရှေ့တက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ''ဟာ ... ဗိုလ်ကြည်အောင် ခင်ဗျားတို့
မျက်စိလည်နေတာပဲ။ ဒါ ကျွန်တော်တို့ ခုနက ထိုင်သွ
နေရာလေဗျာ။ ဒီပွတ်ချွန်း (တပ်မတော် စာစဥ် စာရွက်ကို
ခါချဉ်ပေါင်ဆေးနှင့် လိပ်ထားသည့် ဆေးလိပ်) က ကျွန်
လိပ်သောက်ထားတဲ့ ဆေးလိပ်ပဲ'' လို့ ပြောလိုက်ရာ ဗိုလ်ကြ
အောင်လည်း ''ဟေ ... ဟုတ်လား'' ဆိုပြီး ရယ်လို
ကြရပါတော့သည်။ တစ်နေ့မှာတော့ လေကြောင်းမှ ရိက္ခ
ပေးမည်ဖြစ်ကြောင်း သတင်းကောင်း ရရှိပြီး အရာရှိ၊ စစ်သ
အားလုံး ဝမ်းသာအားရဖြစ်ပြီး စိတ်ဓာတ် တက်ကြွခဲ့ကြသ
ကျွန် ာ်တို့ တပ်ရင်း ရှေ့တန်းထွက်ခဲ့ကြသည်မှာလည်း ၁၀ လ
ကျော်ခဲ့ပြီဖြစ်သည်။ ကျွန်တော်တို့ တပ်နှင့် စစ်ဆင်ရေး တာဝ
လဲမည့် ခလရ (၁၆) လည်း ကျွန်တော်တို့နယ်မြေထဲ ရောက်လာ
ဒါပေမဲ့ လေကြောင်းက ရိက္ခာချမယ့် အစီအစဥ်ကို ပိုပြီးလုံခြုံ
အပြည့်အဝ ရအောင် တပ်ရင်း ၂ ရင်း ပေါင်းပြီး လေယာ
လုံခြုံရေး ယူရမှာဖြစ်သည်။

ထိုစဥ်က လေကြောင်းမှ ရိက္ခာ ချမည် ဆိုလျှင် ၅ မိုင်
ပတ်လည် လုံခြုံရေးယူရသည်။ ရဟတ်ယာဥ်ဆင်း မည်ဆိုလျှင်
မိုင်ပတ်လည် လုံခြုံရေး ယူပေးရသည်။ ကျွန်တော်တို့တပ်
နယ်မြေရှင်းလင်းရေး ဆောင်ရွက်ရင်း ခေတ္တစခန်းချ ရပ်နားနေ
ပေ ၃၅၀၀ ကျော် မြင့်မားသော တောင်ကြောတစ်ခုမှ နေ့ပိုင်းတွ
မှန်ပြပြီး ညပိုင်းဆိုလျှင် မီးဖိုပြလေ့ရှိသည်။ ရိက္ခာချမည့် လေယာ
လုံခြုံရေးယူရန်အတွက် ကျွန်တော့် တပ်စုက ထိုမှန်ပြ၊ မီးဖိုသော
တောင်ကုန်းကို ရှင်းလင်းနေရာယူရန် တာဝန်ကျသည်။ ကျွန်တော်





စစ်သုံးမြေပုံအရ ထိုတောင်ကြောအောက်ခြေတွင် ရှရဲဂါး
ရှိသည်။ ယခုတော့ ရွာပျက်ဖြစ်သည်။ ထို့ကြောင့် ယင်း
တောင်ကြောကို ရှရဲဂါး တောင် ကြောဟု ခေါ်ခဲ့ကြသည်။
ကျွန်တော့်တပ်ခွဲမှူး ဗိုလ်အောင်သိန်းက ကျွန်တော့်တပ်စုကို
တစ်စုတည်း ယင်းတောင်ကုန်းသို့ စေလွှတ်ရန် စိတ်မချ။ ထိုတောင်
ကြောတွင် ရန်သူအင်အား အနိုင်အမာနှင့် တောင့်တောင့်တင်းတင်း
ရှိလိမ့်မည် ဟု သုံးသပ် ခန့်မှန်းထားသည်။ ဒါကြောင့် တပ်ခွဲမှူးက
ခွဲမှူး တစ်စုနှင့် သူကိုယ်တိုင်ဦးဆောင်ပြီး လိုက်ပို့ချင်သည်။
စစ်ကြောင်းမှူး ဗိုလ်မှူးမောင်ကိုက ပထမတော့ သဘောမတူ။
ရန်သူ့အင်အား များများစားစား မရှိနိုင်ဟု သုံးသပ်ထားသည်။

တပ်ခွဲမှူးက ၃/၄ ခါ တင်ပြမှ ခွဲရုံးတစ်စုနှင့် ကျွန်တော့်
တပ်စုကို လိုက်ပို့ခွင့်ပြုသည်။ ဒီလိုနှင့် ကျွန်တော့်တပ်စုက
ဦးဆောင်ပြီး ခွဲရုံးတစ်စုက နောက်မှ ကပ်လိုက်ခဲ့သည်။ လမ်းကြောင်း
ဘယ်ဘက်တွင် လျှိုရှိသည်။ ကျွန်တော့်တပ်စုက လျှိုနှင့် လမ်း
အကြား လျှိုစောင်းဘေးကို ကပ်ပြီး ချီတက် ချဥ်းကပ်ခဲ့သည်။
တပ်ခွဲမှူး ဗိုလ်အောင်သိန်း ဦးစီး ခွဲရုံးစု ၁ စုက လမ်းကြောင်း
အတိုင်း ခပ်ကျဲကျဲ လိုက်ပါလာသည်။ ကျွန်တော့်တပ်စု လျှိုစောင်း
အတိုင်း ချဥ်းကပ်လာပြီး ၁၅ မိနစ်ခန့်အကြာတွင် လမ်းပြ
အဘိုးကြီး အတားက ကျွန်တော့်ပခုံးကို ပုတ်၍ သူ့လက်ညှိုးကို
သူ့နှုတ်ခမ်းပေါ် ဖိတင်ထားပြီး ရန်သူနှင့် အလွန်နီးကပ်နေပြီ
ဖြစ်ကြောင်း အထူးဂရုစိုက်ရန် သတိပေးသည်။ မကြာလိုက်ပါ။
လမ်းပြကြီး သတိပေးပြီးသည်နှင့် တစ်ပြိုင်နက် ရုတ်တရက်
ပိုးချွန်းလိုက်သကဲ့သို့ ရန်သူမှ ကျည်အား အစွမ်းကုန်သုံးပြီး



www.burmeseclassic.com

www.burmeseclassic.com



စုပုံအောလိုက်သည့် ပစ်ခတ်သံမှာ ဝေါခနဲ ကျယ်လောင်... ထွက်ပေါ်လာတော့သည်။

ကျွန်တော့်တပ်စုမှာ လျှိုစောင်းမှ ကပ်တက် လာခြင်းဖြ... တစ်ယောက်မှ မထိမခိုက်ခဲ့ပါ။ သို့ရာတွင် ခွဲရုံးနှင့် တပ်စု ၁ မှ... စက်လက်သမား တပ်သားသန်းအောင် ပခုံးကျည် ထိမှန်ကျဆုံး... တပ်သားဆစ်ဖြူမှာ ဝမ်းဗိုက်ကျည် ထိမှန်ပြီး အူများ ထွက်လာ... သည်။ အဲဒီမှာ ထူးခြားမှုလေးတစ်ခုက တပ်သားအောင်စိန်မှာ... ချပ်ဝတ်တန်ဆာ **Equipment** ရော၊ ယူနီဖောင်းမှာပါ ကျည်ထိမှန်... ဆန်ကာ ပေါက်လို ဖြစ်ခဲ့သော်လည်း လူ ခန္ဓာကိုယ်ကို လုံး... ကျ... ထိမှန်ခဲ့ခြင်းပင်။

ကျွန်တော့် တပ်စုကတော့ ရန်သူစပစ် သည်နှင့် သူ... နေရာယူထားသည့် တောင်ကြော အောက်ခြေကို အတင်းပြေးကာ... နေရာယူလိုက်သည်။ တပ်စုတစ်စုလုံး ကျည်လွတ်မြေကို ရောက်... သွားသည်။ ကျွန်တော်က 'ခလရ (၁)ကွ' လို့ အသားကုန်... အော်သည်။ ရဲဘော်အချို့က ဗိုလ်ကြီး မအော်ပါနဲ့။ ရှေ့တက်ကျည်ပွေ့... လက်ပစ်ဗုံးတွေ ကျလာပြီလို့ပြောသည်။ မအော်ရင် ငါတို့... သေကုန်ပြီ ထင်ပြီး ဆင်းလာပြီး ကျားထိုးမှာပေါ့ကွ။ မင်းတို့လည်း... အော်ဆိုပြီး ကျွန်တော် ဆက်အော်သည်။ ရန်သူများ စက်သေနတ်... အပါအဝင် **M 21, M 22, M 23** တို့ဖြင့် ခွဲရုံး ချီတက်လာသော... လမ်းကြောင်း ကို **Fix** လိုင်းဆွဲ၍ ပစ်ခတ်နေသဖြင့် ကျွန်တော်က... တပ်ခွဲမှူးကို လှမ်းကြည့်ရာ တပ်ခွဲမှူးက ၂ ဘက်မ စိန်ပြော... ပြောင်းကို မတ်မတ်ထောင်ပြီး သစ်ကိုင်း လွတ်ရာ ပစ်ပေါက်ရာပြ... ပစ်နေသည်ကို တွေ့ရ၏။ ဒါနဲ့ ... "ဗိုလ်ကြီး ... ဗိုလ်ကြီ...





လမ်းပေါ်က မပစ်ပါနဲ့။ ဘေးကိုဆင်းပစ်ပါ။ လမ်းအတိုင်း သူတို့ ပစ်နေတယ်" ဟု သတိ ပေးလိုက်သည်။ တပ်ခွဲမှူးလည်း အဲဒီ တော့မှ ဘေးလှိမ့်ဆင်း လိုက်၍ ကျည် လွတ်ရာ ရောက်သွားတော့၏။

ကျွန်တော့်တပ်စုမှ ရဲဘော် ၂ ယောက် ၃ ယောက် လက်ပစ်ဗုံးစ ထိမှန်လာပြီဖြစ်သည်။ ဒီထက်ပိုမှန်လာလျှင် အခြေ တစ်မျိုး ဖြစ်တော့မည်။ ရန်သူဘက်ကလည်း တဖြည်းဖြည်း ပစ်အားလျော့လာသည်ကို သတိပြုမိသည်။ ရန်သူ စဆုတ်နေပြီ။ ထို့ကြောင့် တပ်စုကို သတိပေးကာ 'ကျား' ဟု အသံကုန် ဝစ်ပြိုင်နက်အော်ရင်း ရန်သူနေရာကို တက်ပြီးသိမ်းပိုက်ခဲ့သည်။ ရန်သူမှာ ၁ ယောက် ပစ်ကျင်းနှင့် ၂ ယောက်ပစ်ကျင်း စုစုပေါင်း ၃၃ ကျင်းတူးပြီး အခိုင်အမာနေရာယူ၍ အပိုင်စောင့်ကြို ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ပထမတော့ ကျွန်တော်ကိုယ်တိုင် ဗိုင်ဘာဦးထုပ်ထဲကို ရန်သူပစ်ခတ်ခဲ့သော ၃ မျိုး ကျည်ခွံများထည့်၍ ရေတွက်ကြည့်သည်။

နောက်ပိုင်းမှာတော့ မရေနိုင်တော့ပါ။ ရှေ့တက်ကျည်ပွေ့ လက်ပစ်ဗုံး၏ လီဗာကြိုးများ ၃ မျိုး သုံးကျည် ချာချာကတ်များကို ကောက်ယူသိမ်းဆည်း လိုက်သည်။ တပ်ခွဲမှူးက ဒီကောင်တွေ တစ်ဖက်နိုင်ငံက လက်နက်ခဲယမ်းတွေသုံးပြီး ကျုပ်တို့ကို တိုက် နေတာ လူကြီးတွေကို ဒါတွေနဲ့သက်သေပြရ မယ်ဟုဆိုသည်။ သူတို့တူးထားတဲ့ ပစ်ကျင်းတစ်ခု ရဲ့ထိပ်မှာ ဝါးခြမ်းပြားကိုခွဲပြီး စာရွက်တစ်ရွက် ညှပ်ထားသည်။ စာရွက်တွင် မိုင်ရှန်ဂွန်ဂျာနော် **Special Column** လို့ရေးပြီး ညှပ်ထားသည်ကို တွေ့ရှိခဲ့ရ သည်။

ကျွန်တော်တို့စစ်ကြောင်း၏ အစီရင်ခံ တင်ပြချက်အရ



www.burmeseclassic.com


www.burmeseclassic.com



ထိုစဉ်က နမခဝတိုင်းမှူး ဗိုလ်မှူးကြီး စိန်မြနှင့် ကကနက်ညွှန်မှူးတို့သည် တိုက်ပွဲဖြစ်ရာ နေရာသို့ ရဟတ်ယာဉ်ဖြင့် လာရောက်ကြည့်ရှု စစ်ဆေးပြီး ရန်သူသည် တစ်ဖက်နိုင်ငံမှ လက်နက် ခဲယမ်းများကို လှိုင်လှိုင်ပေါပေါ အသုံးပြုနေကြောင်း အတည်ပြုခဲ့ကြသည်။ နေ့ဘက် မှန်ပြ၊ ညဘက် မီးဖိုပြပြီး မိမိတို့စစ်ကြောင်းကို ခြိမ်းခြောက်ခဲ့သော ရန်သူ့တောင်ကြောကို ကျွန်တော်တို့ အထိရောက် အကျဆုံးအနည်းဆုံးနဲ့ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ • ဒီနေရာမှာ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ လက်အောက် ငယ်သားများအပေါ် ထားရှိမှုနဲ့ ရဲရင့်ပြတ်သားသော ဆုံးဖြတ်ချက် ချမှတ်နိုင်မှု စတဲ့ အရည်အချင်းများနဲ့ ပြည့်ဝတဲ့ တပ်ခွဲမှူး ဗိုလ်အောင်သိန်း၊ ယခု ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ်အောင်သိန်း (ငြိမ်း) ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) အား ဤမှတ်တမ်းစာစုဖြင့် ဂုဏ်ပြုလိုက်ရပါကြောင်း ခင်ဗျား။


ဗိုလ်မှူးကြီးမိုးဝေ

မြရတနာစာပေ




www.burmeseclassic.com

www.burmeseclassic.com




# ဗိုလ်မှူးကြီးသောင်းဝေ

# (သောင်းဝေဦး)

www.burmeseclassic.com

www.burmeseclassic.com





၁၉၇၈ - ခုနှစ် နမ့်ပလောက်တိုက်ပွဲကာလအ

စာရေးသူ တာဝန်ထမ်းဆောင်ခဲ့သည့်

တန့်ယန်း၊မိုင်းရယ်၊မိုင်းကောင် ဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၈-ခုနှစ် နမ့်ပလောက်တိုက်ပွဲကာလက စာရေးသူ၏
ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်အောင်
(ယခု-ဒုဗိုလ်ချုပ်ကြီးမြင့်အောင် ကွယ်လွန်)

www.burmeseclassic.com

www.burmeseclassic.com

# ကြုံခဲ့ဖူးသောမြစ်ကူးစစ်ဆင်ရေးများ

## သံလွင်မြစ်ကူးခဲ့ရသည့် နမ့်ပလောက်တိုက်ပွဲ

ရေးသူ – ဗိုလ်မှူးကြီးသောင်းဝေ(သောင်းဝေဦး)

**နိဒါန်း**

၁၉၇၈ ခုနှစ် နှောင်းပိုင်းကာလများ။

အတိအကျဆိုရပါက ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ပထမပတ် ကျွန်တော်သည် စစ်ဆင်ရေးတာဝန်ဖြင့် မိုင်းကောင် အရှေ့ခြမ်း လွယ်လန်းတောင်တန်းကြီး၏အခြေရှိ နားဟန်အမည်ရ ရှမ်းရွာကလေးတစ်ခုအနီး ရောက်နေပါသည်။ ကျွန်တော့်တာဝန်မှာ တန့်ယန်း၊ မိုင်းကောင်၊ မိုင်းရှူးအရှေ့ခြမ်းသို့ သံလွင်မြစ်အား ဖြတ်ကူးပြီး အသူရာခေါ် ဗကပများ ဝင်ရောက်မလာရေးအတွက် ၁၅ မိုင်၊ မိုင် ၂၀ ခန့်ရှိ သံလွင်ကမ်းခြေကို တပ်ခွဲတစ်ခွဲနှင့် ပိတ်ဆို့ ရေးတာဝန် ထမ်းဆောင်နေရခြင်း ဖြစ်၏။

၁၅ မိုင်၊ မိုင် ၂၀ ခန့်အား တပ်ခွဲတစ်ခွဲနှင့် ပိတ်ဆို့ရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



တယ်မလွယ်သော အလုပ်ဖြစ်၏။ ကျွန်တော့်လူ ၆၀၊ ၇၀ ခန့်ရှိ ဒေသခံ လားဟူသောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့၊ ၀ သော င်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့များကိုပါ ကျွန်တော်တို့နှင့်အတူ အထက်မှ တာဝန်ချထားပေးသည်။ သူတို့ကလည်း လူလေးငါးဆယ် ဆိုတော့ အားလုံး လူ ၁၀၀ ကျော်လောက်တော့ ရှိပါ၏။

ကျွန်တော့်တပ်ခွဲနှင့် လားဟူ သကဆဖများသည် သံလွင်ကမ်းခြေတွင် ကမ်းခြေစောင့်တဲကလေးများထိုးပြီး တဲတစ်တဲလျှင် ရဲဘော် နှစ်ယောက်၊ သုံးယောက်၊ သကဆဖ နှစ်ယောက်၊ သုံးယောက် တွဲပြီး နေရာချထားရ၏။ မိုင် ၂၀ ခန့်အတွင်း နေရာ ပေါင်း ၂၀ ခန့်တွင် ကမ်းခြေစောင့် တဲလေးများထိုးကာ သံလွင် မြစ်ကြီးကို အနီးကပ် **Under Watch** လုပ်နေရ၏။ ကျွန်တော် ကိုယ်တိုင်ပင်လျှင် သံလွင်မြစ်ကမ်းနဖူးရှိ တောအုပ်ကလေး တဲထိုးကာ ခွဲရုံးအဖွဲ့နှင့် အတူနေသည်။ အားလုံး လေးငါး ဆယ် ယောက်သာရှိသည့် သကဆဖခေါင်းဆောင် လောတတို့ ယော တို့လည်း ကျွန်တော်နှင့်အတူနေသည်။ သူတို့နှင့်ပေါင်းသော် အားလုံး လူ ၂၀၊ ၂၅ တော့ ရှိပါသည်။

ကျွန်တော့်တပ်ခွဲကို မိုင်းကောင်ရှိ ခလရ (၆၇) စစ်ကြောင်း (၂) ဌာနချုပ်က ကွပ်ကဲသည်။ စစ်ကြောင်း ဌာနချုပ်နှင့် တပ် တစ်ခွဲက မိုင်းကောင်လုံခြုံရေးအတွက် ဆောင်ရွက်ရသည်။ မိုင်း ကောင်ကား စည်ကားသိုက်မြိုက်သော ရှမ်းမြို့ကလေး ဖြစ်၏ နေ့စဉ် ၃၆ ကောင်ဖွင့်သည်။ ငါးရက်တစ်ပတ် ဈေးနေ့ရှိသည်။ ဈေးနေ့တွင် လောင်းကစားဝိုင်း အမျိုးစုံရှိသည်။ ရှမ်းအရက်မျိုးစုံ လည်း ရောင်းသည်။ မိုင်းကောင်သူ ဖြူဖြူဖွေးဖွေး ရှမ်းတိုင်းရင်းသူ





...လေးများကလည်း မျက်စိပသာဒရှိသည်။ ကြည့်ကောင်းသည်။ ...သည်တို့၏ အိမ်လွမ်းနာကို ဖြေဖျောက်နိုင်စွမ်းရှိသည်။ နေလို့ ...ိုင်လို့ အလွန်ကောင်းလှသည်။ မြို့စား စောဝ်ကျော်နှင့် ဇနီး ...မှူးတို့ကလည်း အလွန်သဘောကောင်းသည်။

ကျွန်တော် နေနေရသော သံလွင်ကမ်းခြေကား မိုင်းကောင် ...ြို့ကလေးနှင့် ၁၀ မိုင်ကျော် ဝေး၏။ အသူရာခေါ် ဗကပများ၏ ...ကြောင့် ကမ်းခြေရှိ ရွာအတော်များများကား ပျက်သွားကြပြီ။ ...ကြောင့် ကျွန်တော့် နားဟန်စခန်းဘေးမှာ ရွာများများစားစားမရှိပါ။ ...ဟန်ရှမ်းရွာလေးသာ ရှိပါသည်။ အိမ်ခြေက ဆယ့်လေးငါး ...သာ။ နားဟန်တောင်ဘက်ခြမ်း ကျွန်တော့်နယ်မြေအတွင်း၌ ...ားဟူရွာကလေး နှစ်ရွာ၊ သုံးရွာ ရှိပါသည်။ သူတို့အားလုံးလိုလို ...ကဆဖ အဖွဲ့ဝင်များဖြစ်ကြ၏။ မိုင် ၂၀ အတွင်းမှာ ရွာ ပေါက်စ ...ကလေး လေးရွာသာရှိပြီး မိုင်းကောင်နှင့် ကျွန်တော်တို့ ပိတ်ဆို့ရေး ...ပ်မှုကြား၌ ပေ ၇၀၀၀၊ ၈၀၀၀ ခန့် မြင့်သော လွယ်လန်းတောင်ကြီး ...မနေသဖြင့် ကျွန်တော်တို့တပ်ခွဲသည် ပြင်ပကမ္ဘာနှင့် လုံးဝ ...ဆက်ပြတ်နေပါ၏။ အလွန်ပျင်းစရာ ကောင်းလှ၏။ ဤပျင်းစရာ ...ကောင်းလှသော နေရာသို့ ကျွန်တော် ရောက်ရှိ တာဝန်ထမ်းဆောင် ...နေသည်မှာ နှစ်လခန့်ရှိပြီ။ အောက် တိုဘာက ရောက်တာ အခုဆို ...ိုဝင်ဘာကုန်ပြီး ဒီဇင်ဘာထဲ ရောက်နေပြီ။

နေ့တိုင်း စာဖတ်၊ ရေဒီယိုနားထောင်ဖြင့် အပျင်းဖြေရ၏။ ...ာစ်ခါတစ်ရံ ပိတ်ဆို့ရေးတပ်ဖွဲ့လေးများကို လိုက်စစ်ရ၏။ စားစရာ ...ည်း အလွန်ရှားသဖြင့် အစားအသောက်ကလည်း ရှာစားရ၏။ ...စားအသောက်အတွက် စားပင်၊ သီးပင်လေးများ စိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သံလွင်မြစ်ထဲတွင် ငါးကိုင်းထောင်ရ၏။ ဝါးတောများထဲတွင် မျှစ် ချိုးရ၏။ အောက်တိုဘာတုန်းက မျှစ်ရသေးသော်လည်း ဒီဇင်ဘာတွင်ကား မျှစ်တုံးနေပြီ။ တောကောင်းကောင်း ကမ် တွင်မရှိ၍ တောလည်းလည်၍ မရပါ။ လားဟူ သကဆဖများ ပေါင်းပြီး လွယ်လန်းတောင်ကြီး၏ မြောက်ဘက်ခြမ်းများ ကျောက်ဆောင် ကျောက်ခက်များကြားတွင် တောင်ဆိတ်များ လိုက်ရှာကြသည်။ ကျွန်တော်နေခဲ့သည့် လေးလကျော်အတွ လွယ်လန်းမြောက်ခြမ်းက တောင်ဆိတ်ထီးကြီး ၂ ကော ပစ်ခတ်ရရှိခဲ့သဖြင့် များစွာအဆင်ပြေသွား၏။ တောင်ဆိတ်သား အာမီရမ်မှာ အလွန်လိုက်ဖက်ပါသည် ခင်ဗျာ။ အာမီရမ်က တစိမ့်စိမ့် သောက်ကာ တောင်ဆိတ်သားလေး မြည်းပြီး ရေဒီယိုမှ ကိုယ် ကြိုက်တဲ့ သီချင်းလေး နားထောင်နေရတာ ရှေ့တန်းရောက် ကျွန်တော့်အတွက် ပျင်းစရာကောင်းသော တစ်နေ့တာအတွက် အပျင်းပြေစရာအဖြစ်သာမက နောင်အခါတွင် မမေ့စရာ လွမ်းမော လေးများ ဖြစ်ခဲ့ပါသည်။ ဒါမျိုးလည်း နောက်ဘယ်တော့မှ ပြန်မကြုံ တော့ဘူးလေ။

ဤသို့ဖြင့် ဘာထူးခြားဖြစ်စဉ်မှမရှိဘဲ လွယ်မော်ချေမှုန်းရေး တုန်းက မောခဲ့သမျှ အတိုးချနားပြီး နှစ်လအကြာတွင် ကျွန်တော် ၏ ကမ်းခြေပိတ်ဆို့ရေး တပ်ခွဲရုံးသို့ မိုင်းကောင် စစ်ကြောင်းရုံးက ညွှန်ကြား ချက်တစ်စောင် ရောက်လာ၏။ ညွှန်ကြားချက်နှင့်အတူ ၁၅၆ ဆက်သွယ်ရေးစက်ကလေးတစ်လုံး ပါလာ၏။ အထူးဆက် သားအဖွဲ့ဖြင့် မိုင်းကောင်မှ လာပို့ခြင်းဖြစ်၏။ ညွှန်ကြားချက်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။





"အထက်ဌာနများ၏ ညွှန်ကြားချက်အရ သံလွင်မြစ်ကို ဖြတ်ကူးပြီး အရှေ့ဘက်ကမ်းသို့ ထိုးဖောက် တိုက်ခိုက်ရန်ရှိ ပိတ်ဆို့ရေးတပ်ခွဲမှ လားဟူသကဆဖများနှင့် ပူးပေါင်းပြီး လက်ရွေး စင် လူ ၅၀ ထက်မနည်း စုဖွဲ့ထားရန်နှင့် ရေပြင် ဖြတ်ကူးခြင်းများ ကိုတင်လေ့ကျင့်ထားရန် အစီအမံများကို တပ်ခွဲမှူးကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်သွားပါရန်"

အလို ... သံလွင်မြစ်ကြီးကို ဖြတ်ကူးရမယ်ဆိုပါကလား။ ဘယ်တော့များမှာပါလိမ့်။

မိုင်းကောင်စစ်ကြောင်းရုံးမှ ညွှန်ကြားချက်နှင့်အတူ စစ်ကြောင်းမှူး၏ ပေးစာတစ်စောင်ပါလာ၏။ စစ်ကြောင်းမှူးမှာ OTS 29 မှ ဗိုလ်မှူးသာဝင်းဖြစ်၏။ သူသည် အပြောအဆို ညက် ပညာညင်သာပြီး အပေါင်းအသင်းဝင်ဆံ့သူဖြစ်၏။ ယခုအခါ Major ဖြစ်နေပါပြီ။ မိုင်းကောင်တွင် သူ အဆင်ပြေပါသည်။ အဆင်ပြေလွန်းအားကြီး၍ မိုင်းကောင်မှလွဲပြီး သူ ဘယ်မှမသွားရပါ။ ကျွန်တော့် ကမ်းခြေပိတ်ဆို့ရေး အဖွဲ့များဆီသို့လည်း သူ တစ်ခါမှ ရောက်မလာခဲ့ပါ။ အခု သူက စာရေးလိုက်တယ်ဆိုပဲ။ ဘာပါလိမ့်။

ကိုသောင်းဝေ

ကိုယ် စာရေးလိုက်တယ်။

ကိုယ့်ညီတပ်ခွဲက ကိုယ့်ညီနဲ့ တပ်စုနှစ်စု လောက် သံလွင်မြစ်ကို ဖြတ်ကူးပြီး သံလွင် အရှေ့ ဘက်ကမ်းကို ထိုးဖောက်လုပ်ရမယ်။ လုပ်ဖို့ရှိတယ်။

ကိုယ့်ညီဆရာကြီး ဗိုလ်မှူးကြီးမြင့်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် နိုင်းတာပါ။ ကိုယ့်ညီကို တာဝန်ပေးပါ
ပြောပါတယ်။ လွှန်ခဲ့တဲ့ လေးငါးရက် မိုင်းကော
လာသွားတယ်။ အချိန်တော့ နှစ်ပတ်ပဲ ရမယ်။ ရန်
နေရာ **Pin Point** ရွေးပေးပါ။ စီမံချက်လည်း ရေး
ပေးပါ။

ဒီဖင်ဘာနောက်ဆုံးပတ်ထဲ ဒီစစ်ဆင်ရေး လု
ရမယ်။ လက်နက်ကြီး ပစ်ကူပေးဖို့ ကိုယ်လည်း
လာခဲ့မှာပါ။ အခအနတွေ ပုံမှန်သတင်းပို့နိုင်ဖို့
စက်တစ်လုံး ထည့်ပေးလိုက်ပါတယ်။

လိုတာမှာပါ

သင့်ရဲဘော်
သာဝ
စစ်ကြောင်းမှူး
ရတခလရ(၆၇) စက ၂၊ မိုင်းကော

အင်း ... သံလွင်မြစ်ကြီးကူးပြီး ထိုးဖောက်လုပ်ရမ
ကဲ ... လုပ်လိုက်စမ်း။

**ထိုးဖောက်စီမံချက်အတွက်ပြင်ဆင်ရပြီ**

မိုင်းကောင်မှ ညွှန်ကြားချက်ရပြီးသည်နှင့် တပ်မှူ
ထိပ်ပိုင်း ခေါင်းဆောင်များကို နားဟန်စခန်း လှမ်းခေါ်ရသည်
သကဆဖ ခေါင်းဆောင် ၂ ဦး ဖြစ်သော ယောသနှင့် လော
ဘို့ကိုလည်း ခေါ်ရမည်။





"ကဲ ... ကိုယ့်လူတို့ သံလွင်အရှေ့ဘက်ကမ်းကို ထိုးဖောက်လုပ်ရမယ်တဲ့။ နှစ်ပတ်အတွင်း စီမံချက် အပြီးတင်ရမယ်။ ခွဲရုံး ၂ စုနဲ့ လက်ရွေးစင် သကဆဖ တပ်ဖွဲ့ပါ ခေါ်သွားမယ်"

"အဲဒီတော့ ခွဲရုံး ၂ စုဆိုတော့ တပ်ခွဲမှူးဖြစ်တဲ့ ကိုယ်ကိုယ်တိုင်ပါမယ်။ ဗိုလ်ရဲမြင့်က တပ်စုတစ်စုနဲ့ လိုက်ခဲ့။ တပ်ကြပ်ကြီး စံရှင်းကလည်း တပ်စုတစ်စုနဲ့ လိုက်ခဲ့။ ခွဲရုံးကို ဒုရာကြီးမောင်ကြည်က ကွပ်ကဲပေးပါ"

ကျွန်တော့်တပ်ခွဲတွင် အရာခံဗိုလ်မရှိပါ။ တပ်ခွဲတပ်ကြပ်ကြီး မောင်ကြည်အား ခွဲရုံးတွင် အရာခံဗိုလ်တာဝန် ပေးထားရပါသည်။ မောင်ကြည်သည် စစ်မြေပြင်တွင် လုပ်ရဲကိုင်ရဲရှိပြီး မိုင်းဘာသာရပ်တွင် အထူးကျွမ်းကျင်၏။ တောလည်လည်း ဝါသနာပါ၏။ ငါးမိုင်းလည်း ကောင်းကောင်းခွဲတတ်၏။ အစားအစာရှားပါးသော သံလွင်ကမ်းခြေတွင် ကျွန်တော့်ကို သားငါးမပြတ်အောင် ရှာဖွေကျွေးနေသူဖြစ်၏။

ဗိုလ်ရဲမြင့်မှာ မနေ့တစ်နေ့ကမှ ကျောင်းဆင်းလာသည့် ဗိုလ်ကလေးဖြစ်၏။ ကျွန်တော့်တပ်ခွဲတွင် အရာရှိဗိုလ်ကျော်ဋ္ဌေး သင်တန်းသွားတက်၍ သူ့အစား တပ်ရင်းက လစာပေးအဖွဲ့အကြံဖြင့် လွှတ်ပေးထားသည့် လူသစ်ကလေး ဖြစ်သည်။ ဘာအတွေ့အကြုံမှ မရှိသေးပါ။ သို့ဖြစ်၍ ခွဲရုံးနှင့် မနီးမဝေး စခန်းတစ်ခုတွင် တာဝန်ပေးထားရပါသည်။

တပ်ကြပ်ကြီးစံရှင်းက လွယ်မော်ချေမှုန်းရေးတုန်းက ကျွန်တော်နှင့်အတူ လက်တွဲတိုက်ပွဲဝင်ခဲ့သူဖြစ်ရာ စစ်ရေး စွမ်းရည်ရှိသည့် လူဟောင်းဖြစ်၏။ ထို့ကြောင့် သူ့အား အဝေးဆုံး မိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင် မိုင်းရှူးနယ်စပ်ရှိ စခန်းများကို တာဝန်ပေးထားပါသည်။

လားဟူ သကဆဖခေါင်းဆောင် ၂ ဦးအနက် ယောသမှာ ခရစ်ယာန်တရားဟောဆရာဘဝမှ ဗကပရန်ကြောက်၍ သေနတ် ကိုင်လာသူ ဖြစ်သည်။ စကားပြောလည်ဝယ်၍ ပေါင်းတတ်သင်း တတ်သည်။ အဆင်ပြေသလို နေတတ် ထိုင်တတ်သည်။ အသက် က ၃၅ နှစ်ခန့်။

လောတမှာမူ ကျွန်တော်နှင့် သက်တူရွယ်တူ အသက် ၃၀ သာသာ။ သူက စကားသိပ်မပြော။ မှုန်တေတေနှင့် မပွင့်တပွင့်ရှိ။ သို့ရာတွင် သူသည် လုပ်ရဲကိုင်ရဲ တိုက်ရဲခိုက်ရဲသည်။ နားဟာ ရှမ်းနှ ကလေးတွင် မိန်းမငယ်တစ်ယောက် ယူထားသည်။ သူတွင် လားဟူအမျိုးသမီးတစ်ဦး အရင်က ရှိနှင့်ပြီးသား။

''သတင်းရအောင် ရှမ်းမ ယူလိုက်တာပါ''

ဟု ကျွန်တော့်ကို သူ ပြောဖူးသည်။ ကျွန်တော် သံလွင် ကမ်းခြေရောက်တော့ သူ နောက်မိန်းမ ယူပြီးခါစ။ ညည စခန်းမှာ မနေဘဲ နားဟန်က မယားငယ်အိမ်ကို သွားသွားအိပ်တတ်သည်။

အရက်ကတော့ သကဆဖခေါင်းဆောင် ၂ ဦးလုံး သောက် သည်။ တရားဟောဆရာဟောင်း ယောသကလည်း သောက်သည်။ လောတကမူ ပိုသောက်သည်။ လစာပေးအဖွဲ့ ရှေ့တန်းတက်လာ ပြီး တပ်ရင်းက **Army Rum** ပုလင်းများပါလာရင် ကျွန်တော်က သူတို့နှစ်ယောက်ကို ရမ်တိုက်ပြီး ညစာကျွေးလေ့ရှိသည်။ စားရင်း သောက်ရင်း နယ်မြေအခြေအနေ ရန်သူ့သတင်း စသည်တို့ကို ပြောရဆိုရ၏။ သူတို့ သကဆဖ ၂ ဖွဲ့ပေါင်းတွင် လူ ၅၀ ကျော် တော့ ရှိပါ၏။ တောင်ခြမ်းက ယောသ။ မြောက်ခြမ်းက လောတ။





ထိုနေ့က အစည်းအဝေးတွင် ကျွန်တော်က ယောသနှင့် လောတတို့အား တိုက်ရမည့် **Pin Point** ရွေးပေးရန် **Target** ရွေးပေးရန် ပြောရသည်။ ကျွန်တော်က ရမခတွင် သံလွင် အရှေ့ ခြမ်း ရောက်ဖူးသေးတာ မဟုတ်ပါ။

''အရှေ့ဘက်ကမ်း သတင်းကိုတော့ လောတက ပိုသိပါ တယ်။ သူက အရှေ့ဘက်ကမ်းမှာ အမျိုးရှိတယ်''

ယောသက ဆိုသည်။ နောက်သလိုလို ပြောင်သလိုလိုနှင့် အတည်ပြောလိုက်ခြင်း ဖြစ်၏။ ထိုအခါ မှုန်တေတေလောတက အောက်ပါအတိုင်း ပြောသည်။

''နားဟန်နဲ့ တစ်ဖက်ကမ်းမှာ နမ့်ပလောက်ရွာရှိတယ်။ အိမ်သုံးဆယ်လောက်ရှိတယ်။ ဗကပဌာနေ ပြည်သူ့စစ် ဆယ့်လေး ငါးယောက် အမြဲရှိတယ်။ သိပ်ပြီး ခက်ခက်ခဲခဲ ဝေးဝေးလံလံ လိုက်စရာ သွားမရှာပါနဲ့။ အဲဒီရွာသွားရှင်းရင် ရပါတယ်''

''ခင်ဗျားလိုက်မလား''

''လိုက်ခဲ့မယ်လေ။ ကျွန်တော့်လူ လက်ရွေးစင် ၁၀ ယောက် ခေါ်ခဲ့မယ်''

''ကဲ . . . အဲဒါဆို နမ့်ပလောက်တိုက်ဖို့ စီမံချက်တင်မယ်''

''ရေပြင်ဖြတ်ကူးခြင်းအတွက် ဆရာကြီး မောင်ကြည်နဲ့ ဆရာစောရွှေမောင်တို့က လူ ၁၅ ယောက် ၂၀ တင်နိုင်မယ့် ဝါးဖောင်သုံးခုလုပ်မယ်။ ဝါးဖောင်က နှစ်ထပ် ဝါးဘိုးနဲ့လုပ်ပါ။ အလျား ၁၅ ပေ၊ အနံ ပေ ၂၀ လောက်ဆို ရပြီ။ ပြီးရင် ဝါးဖောင် တွေကို နားဟန်ယောင်ပြ စခန်းကြီးနားက အင်းကြီးထဲမှာ သွားပို့ ထား။ အစမ်းလေ့ကျင့်ကြမယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးစံရှင်းက အရှေ့ဘက်ကမ်းကို အထောက်တော် လွှတ်ပြီး သတင်းစုံစမ်းခိုင်းကွာ။ ရတဲ့သတင်းကို တစ်ပတ်အတွင်း ကိုယ့်ဆီပို့ပေး။ အထောက်တော်အတွက် ဆန်တစ်အိတ်နဲ့ ငွေ တစ်ထောင် တစ်ခါတည်း ထုတ်သွား။ မလွှတ်ခင်က ကြိုပေးလိုက်ပြီးတော့ မြန်မြန်လွှတ်။ ရတဲ့သတင်းလည်း မြန်မြန်ပြန်ပေး"

"ထိုးဖောက်မလုပ်မီ တစ်ရက်ကြိုပြီး ဒီမှာ လာစုကြ။ မီးပျောက်ရိက္ခာ ခွဲရုံးက လုပ်ပေးထားမယ်"

"ခရီးမထွက်မီ ကြိုပြီး **Briefing** လုပ်မယ်"

"ဘာမေးစရာရှိကြသေးလဲ"

"မရှိတော့ပါဘူး"

"မရှိရင် ဒါလောက်ပါပဲ။ တန်းဖြုတ်ကြတာပေါ့"

ကျွန်တော်သည် မှာသမျှမှာထိုက်သည်များကို မှာပြီး အားလုံး ကို တန်းဖြုတ်ပေးလိုက်၏။

## ထိုစဉ်က အရှေ့မြောက်ဒေသအခြေအနေ

ထိုစဉ်က အရှေ့မြောက်ဒေသ အခြေအနေမှာ ဗကပတို့ စစ်ရှိန်တက်နေသည့်ကာလပင် ဖြစ်ပါ၏။

၁၉၇၅ ခုနှစ်တွင် ဇင်ချစ် ကျဆုံးပြီးနောက် ဘသိန်းတင် ဗကပဥက္ကဋ္ဌဖြစ်လာသည်။ ဘသိန်းတင်အား တရုတ်ကွန်မြူနစ် ပါတီကြီးက လိုအပ်တာတွေ ပံ့ပိုးပေး၏။ လူ၊ လက်နက်၊ ခဲယမ်း၊ ဆေးဝါး၊ ငွေ။ လိုတာအစုံပါပေ။ ဘသိန်းတင်က နောင်တော် ပေါက်ဖော်ကြီးများအလိုကျ အရှေ့မြောက်တွင် တိုက်ကွက်များ တစ်ခုပြီးတစ်ခုဖော်သည်။





ဗဟိုကော်မတီအသစ် ဖွဲ့စည်းပြီးနောက် ၁၉၇၅ ခုနှစ် ဇွန်လတွင် တပ်မဟာ (၁၂) သည် သံလွင် အနောက်ဘက်ကမ်း မန်ကျောင်းနားခါနယ်မြေသို့ ဝင်ရောက်လှုပ်ရှားခဲ့သည်။

နိုဝင်ဘာလဆန်းပိုင်းတွင် ၄၀၄၅ တပ်ရင်းသည် **S.S.A** တပ်များနှင့် ပူးပေါင်းလှုပ်ရှားရန် သံလွင် အနောက်ဘက်သို့ ဖြတ်ကူး၍ မိုင်းခေး၊ မိုင်းတုံ၊ မိုင်းလားနှင့် မိုင်းရှူး၊ ကျေးသီး၊ မန်စန် တစ်ဝိုက် လှည့်လည်ခြေကုပ်ယူခဲ့သည်။

တစ်ပြိုင်နက်မှာပင် တပ်မဟာ (ဂ) လက်အောက်ခံ ၅၀၃၊ ၃၀၃၅၊ ၄၀၄၈ တပ်ရင်းများသည် ကော် ၈၁၅ စစ်ဒေသမှ ရင်း ၁၂၊ ၁၄၊ ၁၈ တို့နှင့် ပူးပေါင်းကာ အင်အား ၁၂၀၀ ခန့်ဖြင့် ကျိုင်းတုံနယ်မြေသို့ ထိုးဖောက်ဝင်ရောက်ခဲ့ကြသည်။

နိုဝင်ဘာ ၂၅ ရက်တွင် မိမိ ကချင် (၅) မှ တပ်စိတ် ၅ စိတ် အခြေပြုထားသော မိုင်းပါလျှိုးစခန်းကို လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ကျိုင်းလတ်စခန်းကိုလည်းကောင်း သိမ်းပိုက်ခဲ့ကြ၏။ ၎င်းစခန်းများကို မိမိ ခမရ (၁၀၈) စစ်ကြောင်းများမှ ပြန်လည်တိုက်ခိုက်ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်တွင် စခန်းများ ပြန် သိမ်းမိပြီး ဗကပများအား နမ့်မလေ့ချောင်းမြောက်ဘက်သို့ မောင်း ထုတ်နိုင်ခဲ့လေသည်။

၁၉၇၇ ခုနှစ် မေလတွင် ဗကပတပ်မဟာ (၁၂) သည် အင်အား ၈၀၀ ခန့်ဖြင့် တန့်ယန်းမြို့နယ် မြောက်ခြမ်းရှိ နောင်လိုင် ပါဖန်စခန်းများကို ဝင်ရောက်တိုက်ခိုက်ရာ တပ်မတော်က ဒေသခံ တပ်များကို ကူညီရန် တပ်မ (၇၇) မှ ခမရ (၁၀၄) ကို စေလွှတ်ကာ တိုက်ထုတ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၇ ခုနှစ်တွင် ရဲဘော်ထွန်းလွင်နှင့် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော ဦးစီးအင်အား ၄၀၀၀ ခန့်သည် မိမိ ခြူးရွှေပန်ကောက် စခန်းများအား တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ တပ်မ ၂ ခုဖြင့် ၎င်း စခန်းများကို ပြန်တိုက်ယူခဲ့ရ၏။ တစ်လကျော်ကြာသွားသည်။

၁၉၇၈ ခုနှစ် မတ်လတွင် နောင်လိုင်ပါဖန်နှင့် ပို့ုင့် ၆၀၄၁ တို့အား ဗကပတပ်မဟာ (၈) နှင့် (၁၂) ပူးပေါင်းအင်အား ၂၀၀၀ ကျော်ဖြင့် ဝင်တိုက်ပြန်သည်။ ထိုတိုက်ပွဲကြီး၌ မိမိတို့တပ်စခန်း သုံးခု ကျဆုံးခဲ့ရာ ရမခ တပ်များသာမက တပ်မ (၆၆) နှင့် (၇၇) မှ နည်းဗျူဟာ ၂ ခု လာရောက်ဝိုင်းတိုက်ပေးမှ တိုက်ပွဲများ ပြီးဆုံးတော့၏။ တစ်လနီးပါးကြာသွား၏။

ဤသို့ဖြင့် ဗကပများသည် စစ်ရှိန်အလွန်တက်နေရာ ကျွန်တော်တို့ ဒေသခံ ရမခတပ်များမှာ ထိပ်ပြခေါင်းကွဲနှင့် မကြာ ခဏ စစ်ကူတောင်းနေရသည့်ကာလ ဖြစ်၏။ ဗကပများကိုလည်း သံလွင်အရှေ့ခြမ်းသို့ မောင်းထုတ်ပြီး သံလွင်မြစ်ကြီးကို သဘာဝ အတားအဆီးသဖွယ်ထား၍ တပ်တွေ တန်းစီပိတ်ထားရ၏။ ဒေသ ခံတပ်များနှင့် မလုံလောက်သဖြင့် တပ်မတပ်များကိုပါ တာဝန် ပေးရပါသည်။

တပ်မ (၉၉) ကို ကွမ်လုံမြောက်ဘက်ခြမ်းမှ မုန်းယော် မုန်းကျုက် ဒေသအထိ၊

တပ်မ (၇၇) ကို မုန်းယော်မုန်းကျုက်မှ မိုင်းရှူးဒေသအထိ

တပ်မ (၆၆) ကို တာကော်ကွန်ဟိန်းမှ တောင်ဘက် တာ သန်းအထိ

ထိုစဉ်က မင်းရန်အောင်စစ်ဆင်ရေးကြီး မစရသေးပါ။





မင်းရန်အောင် စစ်ဆင်ရေးကြီးကို ၁၉၇၉ ခုနှစ် နှစ်ကုန်ပိုင်းမှ တပ်မ သုံးခုနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

အထက်ဌာနများက သံလွင်မြစ်ကြီးကို အနောက်ဘက် ကမ်းမှ တန်းစီပိတ်ဆို့ထားသော်လည်း လုပ်ရဲကိုင်ရဲရှိအောင် နောင် စစ်ဆင်ရေးကြီးများ ဆောင်ရွက်လာပါက လုပ်တတ်ကိုင်တတ် ရှိအောင် ဒေသခံတပ်ရင်း တပ်ဖွဲ့များကို သံလွင်မြစ်ကူး ထိုးဖောက် များ မကြာခဏ လုပ်စေ၏။ မရှုံ့မရဲထိုးဖောက်များမှာ အစပိုင်းက သိပ်မအောင်မြင်ပါ။ သေသူ သေ၊ အဖမ်းခံရသူ အဖမ်းခံရနှင့် ထိပ်ပြခေါင်းကွဲ ဖြစ်နေ၏။ ဗိုလ်ချုပ်အေးစံ တိုင်းမှူးဘဝ၌ ထိုးဖောက်များ အောင်မြင်အောင် ဆောင်ရွက်သူများကို **Promotion** ပေးခိုင်းသည်။ ထိုအခါမှ ထိုးဖောက်များ တစ်စတစ်စ အောင်မြင်လာသည်။

"ထိုးဖောက်လို့ ဟိုဘက်ကမ်းက ဘာမှရလာတာ မလိုပါ ဘူး။ သံလွင်ကို ကူးရဲတယ်ဆိုတာပဲ လိုချင်တယ်"

တိုင်းမှူးက လေးလပတ်အစည်းအဝေးတွင် အထက်ပါ အတိုင်း မှတ်ချက်ပြုသည်။ **Promotion** ကြောင့် **Morale Support** ဖြစ်ပြီး အခြားတပ်များ၏ ထိုးဖောက်များ အောင်မြင်လာသည်။ မိုင်းရယ်တပ် မပါသေးပါ။ မထိုးဖောက်ရသေးပါ။ ဒီတစ်ခါ မိုင်းရယ် တပ်အလှည့်တဲ့။

"ကဲ ... လုပ်လိုက်စမ်းဟ ကိုယ့်လူရေ မင်းတပ်ခွဲနဲ့"

"လွယ်မော်ချော့မှုန်းရေးမှာ ပထမရလာတာ မဟုတ်လား"

သို့ကလို ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်ရပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



## သံလွင်မြစ်ကြီးကို ဖြတ်ကူးမြီ

ကျွန်တော်သည် ရက်သတ္တတစ်ပတ်အတွင်း သံလွင်အရှေ့ဘက်ကမ်း ထိုးဖောက် မြစ်ကူးစစ်ဆင်ရေး စီမံချက်ကို စစ်ကြောင်းရုံးသို့ အထူးဆက်သားဖြင့် By hand လွှတ်ကာ တင်လိုက်သည်။ စက်ဖြင့်တင်က သတင်းပေါက်ကြားသွားနိုင်၏။ ရည်မှန်းချက် Pin Point မှာ အရှေ့ဘက်ကမ်းမှ နမ့်ပလောက်ရွာရှိ ဗကပ ဌာနေ ပြည်သူ့စစ်စခန်းကို ချေမှုန်းရန် ဖြစ်လေသည်။

တန့်ယန်းဗျူဟာက စီမံချက်ကို သဘောတူကြောင်း သုံးရက်အကြာ၌ ပြန်ကြားလာ၏။ ထို့ကြောင့် လိုအပ်သည်များ အဆောတလျင် ပြင်ဆင်ရပါတော့သည်။

စစ်ဆင်ရေးမစမီတစ်ရက်အလို၌ မိုင်းကောင်မှ စစ်ကြောင်းမှူး ဗိုလ်မှူးသာဝင်းသည် ၇၅ မီလီမီတာ နောက်ပွင့် ရိုင်ဖယ်တစ်လက်၊ ၈၁ မီလီမီတာ စိန်ပြောင်းတစ်လက်ဖြင့် နားဟန်သို့ ရောက်လာ၏။

''ဘယ်လိုလဲ ကိုသောင်းဝေကလေး''

''အားလုံးအဆင်သင့်ပါ စစ်ကြောင်းမှူး။ နက်ဖြန် အလုပ်စလို့ရပါတယ်။ ရေပြင်ဖြတ်ကူးတာလည်း အကြိမ်ကြိမ် ကျင့်ထားပြီးပါပြီ။ အားလုံး ဘာပြဿနာမှ မရှိပါဘူး''

''ရိက္ခာတစ်ရက်စာက ကောက်ညှင်းထုပ်နဲ့ ဝက်သားကြော် လုပ်ထားပါတယ်။ တပ်ခွဲတစ်ခွဲစာပါ။ သတင်းကလည်း ကောင်းပါတယ်။ ဟိုဘက်ကမ်းမှာ မန်မန်ဆိုင် ခရိုင်တပ်က အမာခံ တိုက်ခိုက်ရေးတပ်ဖွဲ့မရှိပါဘူး။ ဗဟိုကခေါ်လို့ ပန်ယန်းပန်ဆန်းဘက်သွားကြတယ်ပြောပါတယ်။ ဗဟိုမှာ ဥက္ကဋ္ဌအသစ် ဘာသိန်းတင်က ဗဟိုကော်မတီအသစ် အစည်းအဝေးကျင်းပဖို့ ပြင်ဆင်နေကြောင်းလည်း သတင်းရထားပါတယ်''

''တယ်ဟုတ်ပါလား ကိုယ့်ညီရာ။ အဲဒီသတင်း ကိုယ်တောင် မရသေးဘူး။ ဒီကပြန်ရင် တန့်ယန်းဗျူဟာ တင်လိုက်မယ်''

ထိုနေ့ညက စစ်ကြောင်းမှူးနှင့် ကျွန်တော်သည် နားဟန်တွင် အတူ ညအိပ်အခြေပြုခဲ့ကြ၏။

ထိုနေ့ကား ဒီဇင်ဘာ ၂၄ ရက်နေ့ပင်တည်း။ နက်ဖြန် ဒီဇင်ဘာ ၂၅ ရက်ကား စစ်ဆင်ရေးဆောင်ရွက်မည့်နေ့ ဖြစ်၏။

၂၅ ရက်နေ့ မနက် ၅ နာရီ၌ ကျွန်တော်တို့၏ လူလေးဆယ့်ငါးဦးပါဝင်သည့် လက်ရွေးစင် တပ်ဖွဲ့သည် လူဆယ့်ငါးဦးခန့် တင်နိုင်သည့် ဝါးဖောင်ကြီး ၃ ခု၊ ပေါ့ပေါ့ပါးပါး စစ်ဝတ်စုံများ၊ ပိုးပျောက်ရိက္ခာများ၊ မောင်းပြန် သေနတ်များ၊ နင်းမိုင်းများ၊ လက်ပစ်ဗုံးများ၊ ၆၀ မီလီမီတာစိန်ပြောင်း ၁ လက်တို့ဖြင့် သံလွင်အရှေ့ခြမ်းကို ကူးပါသည်။ မနက် ၀၄း၀၀ နာရီမှ စကူးရာ မနက် ၇ နာရီတွင် အားလုံးကူးပြီးသည်။

မြစ်ကူးကြပုံလေးကို ပြောပါဦးမည်။

ပထမဆုံးဖောင်တွင် တပ်ကြပ်ကြီးစံရှင်း၊ တပ်ကြပ်စောရွှေမောင်တို့ ခေါင်းဆောင်ပြီး လူ ၁၅ ဦး လိုက်ပါကာ ကူးသွားကြသည်။ တပ်ကြပ်စောရွှေမောင်က မြစ်ဝကျွန်းပေါ်သား ကရင်ကလေး အလွန်သတ္တိရှိသည်။ ရေလည်း အထူးကျွမ်း၏။ သူတို့ဖောင်၌ ထိုးဝါးကြီး ၂ ချောင်းနှင့် လှော်တက် ၄ ချောင်း ပါသွားသည်။ အားလုံးကလည်း ရေကူးတတ်သူတွေ။

နတ်တော် လပြည့်ကျော် ၁၀ ရက် နံနက်ခင်း လတံစွန်း







www.burmeseclassic.com

www.burmeseclassic.com



ကွေးလေးက ကောင်းကင်မှာ ကျန်နေသေးသည်။ သံလွင်မြစ်... ခပ်ဖြည်းဖြည်း သာသာစီးနေ၏။ မြစ်ရေစီးကို စောစောကတ... က တိုင်းထားပြီးပြီ။ ၁ နာရီမှာ လေးငါးဆယ်မိုင်ထက် မပို... ထို့ကြောင့် ဖောင်ကို သက်သာလွယ်ကူစွာ လှော်ခတ်သွားနိုင်... ၏။ ဟိုဘက်ကမ်း ဒီဘက်ကမ်းက ကိုက် ၅၀၀ ကျော်ကျော် ... သည်။ တစ်ထောင်နီးပါးရှိမည်လား မပြောတတ်။ မိနစ် ၂၀ ခန့်... ပင် ပထမဖောင် အရှေ့ဘက်ကမ်း ရောက်သွား၏။ စော... မောင်က ကမ်းပေါ်ပြေးတက်သွားသည်။ သူ့တပ်စိပ်က တက်လိုက်... သွား၏။ သူတို့ **Bridge head** ပေါင်းကူးခြေကုပ် တည်ဆောက် ပြီးသောအခါ ဆရာကြီးစံရှင်က အလံဖြူ ယမ်းပြသည်။ ... တစ်ချက်ထိုးလိုက်၏။ ရပြီး **All Clear.**

ဒုတိယဖောင်တွင် ကျွန်တော့်ခွဲရုံးနှင့် **BE, Signal,** ဆေး အဖွဲ့တို့ လိုက်ပါကြသည်။ သကဆဖ လောတနှင့် သူ့လူ ၁၀ ယောက်လည်း ပါလာသည်။ နည်းနည်းလေး၌ ဖောင်က မြစ်... ချင်ချင်ဖြစ်၏။

"ဆရာကြီး မောင်ကြည်ရေ အရေးကြီးတာတွေ ရေစိုမယ်။ ဂရုစိုက်"

ဟိုဘက်ကမ်းကို ချောချောမောမော ရောက်ပါသည်။ ရေစိုပါမယ်ဆိုမှ **Signal** စက် ရေစိုသွားသည်။ စစ်ကြောင်း လှမ်း သတင်းပို့တော့ စက်က ဆက်သွယ်၍ မရတော့။

"တောက် ... အရေးထဲကွာ။ စက်မကောင်းရင် ဆက် သွယ်ရေးအဖွဲ့ မလိုက်နဲ့တော့။ ဆရာကြီးမောင်ကြည်နဲ့ ဒီမှာ နောက်ချန်နေခဲ့။ နေပူလှမ်းပြီး စက်ပြန်ကောင်းအောင်လုပ်" ဟု





...မှာခဲ့ရသည်။

၁၅၆ စက်တွေက ရေစိုရင် ဆက်သွယ်မရတော့။ နေ ...ည်းနည်းပြလိုက်ရင် ပြန်ကောင်းသွားသည်။ မိုလ်ရဲမြင့်နှင့် နောက် ...ဖောင်တစ်စီးလည်း ရောက်လာ၏။ တစ်ဖွဲ့လုံး လူစုံသည့်အခါ ...အလံယမ်းအချက်ပြ၍ နမ့်ပလောက်သို့ ဆက်ထွက်ခဲ့၏။ အားလုံး ...တောင်အတက် တောလမ်းဖြစ်သည်။ ဂရုတစိုက် ထွက်ခဲ့သည်။ လမ်းတွင် ဘာမှ အခုအခံမတွေ့ရပါ။ ကံကောင်း ထောက်မသည်ပဲ၊ ...အားလုံးက ပေါ့ပေါ့ပါးပါးနှင့် ပထမတန်း ကျည်များသာ ပါလာ၏။

သုံးမိုင်သာသာကို တဖြည်းဖြည်း ရှင်းချီတက်ခဲ့ရာ သုံးနာရီ ခန့် သွားလိုက်ရသည်။

ရှေ့တွင် ဘွားခနဲ သက်ကယ်တဲကြီးတစ်လုံး တွေ့ရ၏။ တဲက ခြေတံရှည်အမြင့်။

"တပ်ခွဲမှူး အဲဒါ ဗကပ ပြည်သူ့စစ်တဲပဲ"

"ဟ ... ဘာမှမတွေ့ရပါလား"

ရှေ့ဆက်တိုးရာ ပွိုင့်က စပစ်တော့၏။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း" ရန်သူ့ကင်းနှင့် တွေ့၍ဖြစ်၏။

"ရန်သူ ပြည်သူ့စစ်တွေ ပြေးကုန်ကြပြီ။ ပစ် ပစ် ပစ်"

"ဝုန်း ... ဝုန်း ... ဝုန်း"

၂ လက်မစိန်ပြောင်း ဗုံးသီးသံများဖြစ်၏။ ရှမ်းရွာလေးမှာ လူမရှိပါ။ တောင်ယာသွားနေကြသည် ထင်ပါ၏။ ဗကပပြည်သူ့ စစ်ကင်းတဲကို အလွယ်တကူ သိမ်းနိုင်ခဲ့ပါသည်။ ၁၄ ငါး ယောက် သော ဗကပများက ကင်းသမားမှလွဲ၍ ခံမပစ်ကြပါ။ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးသွားကြ၏။

"ကဲ ... ရှာရှင်းပြီး ပြန်ကြစို့။ သိပ်စိမ်နေလို့မဖြစ်ဘူး"

စခန်းသိမ်းမိသောအခါ ရန်သူ ၁ လောင်း၊ အမ် ၂၊ တစ်လက်နှင့် ဗကပအဝတ်အစားများ၊ သုံးမျိုးသုံးကျည် ၅၀၀ ခန့်၊ ဗကပ လက်ပစ်ဗုံး ၅ လုံး၊ အစိတ် ၆၀ မိုင်း ၃ လုံးနှင့် ကျောပိုးအိတ်များ သိမ်းဆည်းရမိပါသည်။

ကျွန်တော်တို့ ထိုးဖောက်အဖွဲ့မှာ ရန်သူ၏ ပြင်းထန်စွာ ခုခံမှုကို မတွေ့ရသဖြင့် ဝမ်းသာကြသည်။ အမြန်ပြန်လာကြရာ ကမ်းခြေပြန်ရောက်တော့ အနောက်ဘက်ကမ်းမှ စစ်ကြောင်းမှူး အဖွဲ့ကလည်း "လက်နက်ကြီးပစ်ကူ ပေးရမလား" ဟု မေး၏။ ဆက်သွယ်ရေးစက်က ရေခြောက်သွား၍ ဆက်သွယ်၍ ရသွားပါပြီ။

"ပစ်ကူတော့ ပေးစရာမလိုပါ။ သို့ရာတွင် ရန်သူတွေ ချောက်ချားသွားအောင် ၇၅ မမ သုံးလေးလုံးလောက်တော့ ပစ်ပေးပါ" ဟု ပြန်လည်တင်ပြလိုက်ရာ စစ်ကြောင်းမှူးမှ ပစ်ပေးပါသည်။ ၇၅ မီလီမီတာ ကျည်များ "ဂျိမ်းခနဲ၊ ဂျိမ်းခနဲ" ကျရောက်ပေါက်ကွဲတိုင်း ကျွန်တော်တို့ ထိုးဖောက်အဖွဲ့က ဝမ်းသာအားရဖြင့် "ဝေး ဟေး ဟေး၊ ဝေး ဟေး ဟေး" ဟု အော်ကြ၏။

ဤသည်မှာ ကျွန်တော်တို့အမှားပင်ဖြစ်ပါသည်။ ကျွန်တော်တို့၏ ယခု ထိုးဖောက်မှုသည် မြစ်ကူးစစ်ဆင်ရေးသာမက တောင်ပေါ်နှင့် တောတွင်းစစ်ဆင်ရေးလည်း ဖြစ်၏။ တောတွင်းစစ်ဆင်ရေးတွင် တော၊ ဆိတ်၊ ဖုံး၊ လှည့်၊ မျက်၊ လက်၊ ကိုယ် ဟူ၍ စာဆိုရှိသည်။





တော – တောကျွမ်းကျင်မှု
ဆိတ် – ဆိတ်ငြိမ်မှု
ဖုံး – ဖုံးကွယ်မှု
လှည့် – လှည့်စားမှု
မျက် – မျက်စိရှင်မှု
လက် – လက်ဖြောင့်မှု
ကိုယ် – ကိုယ်ခန္ဓာကြံ့ခိုင်မှု
ဟူ၍ ဖြစ်ပါသည်။

ဤသည်ကို ကောင်းစွာ မလိုက်နာဘဲ အော်ဟစ်ဆူညံနေကြရာ ကျွန်တော်တို့၏ တပ်တည်အား ရန်သူ မှ သိသွားပါတော့သည်။ ညနေ ၃ နာရီတွင် ကျွန်တော်တို့ သံလွင်မြစ်အား ပြန်လည်ဖြတ်ကူးကြ၏။ ကင်းချနေရာယူပြီး ဖြတ်ကူးကြခြင်းဖြစ်သည်။ ပထမဖောင် သံလွင်မြစ်ကိုဖြတ်နေစဉ် 'ဖောင်း–ဖောင်း၊ ဖရော–ဖရော' ဟု M-22 သေနတ်သံများ ကြားရပါသည်။

"ဟ ... ဆရာကြီးစံရှင်၊ ဆရာကြီးမောင်ကြည်နဲ့ ဆရာစောရွှေမောင်တို့ ဘာဖြစ်တာလဲ"

ကျွန်တော်မှ တပ်ခွဲက ဆရာများကို မေးမိ၏။

"ဟေ့ ... သိန်းဟန်။ ဘယ်နားက အသံထွက်လာတာလဲ"

အတူပါလာသည့် ကျွန်တော်၏ အကူရဲဘော်သိန်းဟန်ကိုလည်း မေးမိပြန်သည်။

"ဟေ့ ... ဗိုလ်ရဲမြင့် မင်းရော ဘယ်ဘက်က အသံ



www.burmeseclassic.com

www.burmeseclassic.com



ကြားလဲ''

ကျွန်တော်၏ တပ်ခွဲရှိ ကျောင်းဆင်းခါစ တပ်ရင်း ဒုဗိုလ်ရဲမြင့်ကိုလည်း ယခုထိုးဖောက်စစ်ဆင်ရေးတွင် အတွေ့ အကြုံရအောင် ကျွန်တော် ခေါ်လာခြင်းဖြစ်သည်။ သူ့ကိုလည်း မေးမိပြန်သည်။

''တပ်ခွဲမှူးရဲ့နောက်ကျောဘက်ကပဲ''

''မင်းအသံ ဘယ်က နောက်ကျောရမှာလဲ။ မင်းတပ် ကင်းချထားတဲ့ဘက်က အသံမဟုတ်လား။ ကြားတဲ့နေရာ မ ကိုယ်တိုင်လိုက်သွားကြည့်ချေ''

တပ်သားသိန်းဟန်နှင့် ဒုဗိုလ်ရဲမြင့်တို့ အသံကြားရာသို့ သွားကြည့်ကြသည်။ အသံကြားသည့်နေရာမှာ သိပ်မဝေးပါ။ ကိုက် ၂၀၀၊ ၃၀၀ သာ ရှိပါလိမ့်မည်။

''တပ်ခွဲမှူး တပ်စု (၂) က ငွေပေါတော့ ကျသွားပြီ''

သိန်းဟန်က ကျွန်တော့်ကို အပြေးအလွှား လာရောက် သတင်းပို့၏။ ကျွန်တော် တောက်တစ်ချက် ပြင်းစွာခေါက်လိုက်မိ လောတနဲ့အတူ အသံကြားရာသို့ လိုက်ကြည့်ရာ တပ်သား ငွေပေါသည် G-4 အားပိုက်၍ ကျောက်ဆောင်ကိုမှီပြီး ရင်ဘတ် ကျည်ဆန်ရာ ဗရပွနှင့် သွေးများထွက်၍ အသက်ပျောက်နေ ရန်သူက ၎င်းအား M-22 ကျည်ကတ်တစ်ခုစာ တော့၍ ဖြုတ် သွားခြင်းဖြစ်သည်။ ငွေပေါမှာ ကင်းသမားဖြစ်ပြီး ပင်ပန်း၍ က မစောင့်နိုင်တော့ဘဲ အိပ်ပျော်နေခြင်းဖြစ်မည်။

ကျွန်တော်တို့အသံကြား၍ လိုက်လာသောရန်သူ ဗကပ ကျွန်တော်တို့ကို ပစ်ရန်အလာ ဘွားခနဲ ကင်းသမားကို တွေ့





ကို ရုတ်ခြည်းတော့ဖြုတ်သွားခြင်းဖြစ်၏။ ဤသည်မှာ အသက်၊ သွေး၊ ချွေး တို့ဖြင့် လဲလိုက်ရသော သင်ခန်းစာပင်ဖြစ်ပါ၏။ တော တောင်ထဲတွင် ခြေလုံ၊ လက်လုံမနေဘဲ ဆူညံစွာ အော်ဟစ် နေခြင်း၏။ ရလဒ်ပါပေ။ ကျွန်တော်တို့သည် စိတ်မကောင်းစွာဖြင့် ငွေပေါ၏အလောင်းကို အနောက်ဘက်ကမ်းသို့ ပြန်လည်သယ်ယူ ၍၊ တပ်ထုံးစံအတိုင်း ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်လိုက်ပါတော့ သည်။

အပြန်၌ မကျေနပ်နိုင်သော ကျွန်တော်က –

''ခွေးမသား ဗကပတွေ ဒီ့အကြောင်း သိအောင်တော့ မှတ်ပြီးပညာပေးမယ်။ ဆရာကြီးမောင်ကြည် ခင်ဗျား ဘီအီး ၂ ယောက်ခေါ်ဗျာ။ LTM နင်းမိုင်း တစ်သေတ္တာကို ပြန်မသယ်နဲ့တော့။ ကျုပ်တို့ ဒီနားတစ်ဝိုက် ဒီမိုင်းတွေ အကုန်လုံးထောင်ခဲ့မယ်''

ဟုပြောဆိုကာ မိုင်းထောင်ရန် စီမံလိုက်ပါတော့သည်။

ကျွန်တော်တို့သည် ဗကပများ၏ ခြေရာခြေကြောင်းကို ကြည့်ပြီး နင်းနိုင်သည့်နေရာများတွင် မိုင်းထောင်၏။ ထိုသို့ တော တိုးမိုင်းထောင်ရင်း ဗကပတို့၏ ကင်းတဲငယ်တစ်လုံးတွေ့ရာ ၏ဝင် ၂ခုအောက်တွင် လည်းကောင်း၊ တဲအဝတွင်လည်းကောင်း၊ ဖိုဘေးတွင်လည်းကောင်း နင်းမိုင်းများ မလွတ်အောင် ထောင် ထားခဲ့ပါသည်။ မိုင်းထောင်ထားမှန်း မသိအောင်လည်း ပုံဖျက်ဖုံး ကွယ် ထားခဲ့၏။ အားလုံးပြီးသည့်အခါ အနောက်ဘက်ကမ်းသို့ ပြန် ကူးခဲ့ပါသည်။ စစ်ကြောင်းမှူးနှင့် တွေ့၏။ စစ်ကြောင်းမှူးမှ ကျွန်တော်တို့၏ ထိုးဖောက်မှု အထိုက်အလျောက် အောင်မြင်မှုရ၍ မှာနေဖြင့် ကျေနပ်ကြောင်း ပြောပြီး ထိုနေ့ ညနေတွင်ပင်

www.burmeseclassic.com



မိုင်းကောင်သို့ ပြန်လည်ထွက်ခွာသွားပါတော့သည်။

ထိုစဉ်က သံလွင်အရှေ့ဘက်ကမ်းကူးရဲသည့် တပ်မျှား လူကြီးများ၏ အားပေးမှုကို ခံရသဖြင့် ကျွန်တော်တို့ ခလရ (၆) မှ မကြာခဏ သံလွင်အရှေ့ဘက်ကမ်းကို ထိုးဖောက်ကြပါသည်။ တပ်ခွဲတစ်ခွဲလျှင် အနည်းဆုံး တစ်ကြိမ်တော့ ထိုးဖောက်ကြ ကျွန်တော်လည်း ကိုယ့်အလှည့်တော့ မနွဲ့စတမ်း ထိုးဖောက်လိုက် ပါသည်။ သို့ရာတွင် အတွေ့အကြုံ နုနယ်သဖြင့် အမှားတစ်ချက် ကျူးလွန်လိုက်ရာ မိမိဘက်မှ အသက်တစ်ချောင်း ပါသွားခဲ့သည်ကို လက်တွေ့သင်ခန်းစာ ရခဲ့ပါသည်။

ထိုညက ကျဆုံးသွားသော ရဲဘော်ငွေပေါ်၏ ရိုးသားသည့် ရုပ်သွင်လက္ခဏာကို ပြန်လည်မြင်ယောင်ရင်း တော်တော်နှင့် အိပ်မပျော်ပါ။ ည ၈ နာရီထိုးတွင်တော့ ''အုံး ဝုန်း ဝုန်း'' ဟူသော အရှေ့ဘက်ကမ်းက မိုင်းသံ ကြားရပါသည်။

''သွားပြီဟေ့ ... ခွေးမသားတစ်ကောင်''

ကျွန်တော်က ငွေပေါ်အတွက် အလွန်ကျေနပ်စွာ ရေ ရွတ်လိုက်ပါသည်။ နောက်ထပ် ကြားလိုကြားငြား နားထောင်နေရာ ည ၁၁ နာရီထိုးတွင် အလွန်ခရီးပန်းသဖြင့် မျက်လုံးများ မှေးစင်း အိပ်ပျော်စပြုခိုက် နောက်ထပ် ''အုံး ဝုန်း ဝုန်း'' ဟူသော အသံ ကြားရပြန်သည်။

''သွားပြန်ပြီတစ်ယောက်''

နောက်တစ်နေ့ မိုးလင်းချိန်တွင်တော့ နောက်တစ်လုံး ထပ်ကြားရပြန်၏။ မိုင်းသံများ နေ့စဉ်လိုလို ကြားနေရ၏။ သိမ်ပြန် သွားသည်ဟူ၍ မရှိပါ။





ဤသို့ဖြင့် တစ်ပတ်ခန့် မိုင်းများ ဆက်တိုက်ပေါက်ကွဲ နေရာ ဗကပများမှာ အတော်ပင် ချောက်ချားကာ ဒုက္ခရောက်သွား သည်ဟု နောက်အခါ သူတို့ထံမှ အလင်းဝင်များ၏ ထွက်ဆို ပြော ကြားချက်များအရ သိရပါ တော့သည်။

ဤသည်ကား သံလွင် အနောက်ဘက်ခြမ်းနှင့် လွယ်လန်း တောင်တန်းကြီးအကြား မိုင်းကောင်အရှေ့ခြမ်း ဒေသတွင် ကျွန်တော် မောင်သက်ဦး တာဝန်ထမ်းဆောင်ခဲ့စဉ်က သံလွင်အရှေ့ ဘက်ကမ်းသို့ ထိုးဖောက်ခဲ့သည့် တပ်ခွဲအဆင့် မြစ်ကူးစစ်ဆင်ရေး ဇာတ်လမ်းပင်ဖြစ်ပါတော့သည် ခင်ဗျား။

## နီကုံးချုပ်ဖော်ပြချက်

ဤသည်မှာ တပ်ဖွဲ့ငယ်တစ်ဖွဲ့ကို ကိုယ်တိုင်ဦးဆောင်ကာ ရန်သူနယ်မြေထဲ ကွန်မန်ဒိုဆန်ဆန် ထိုး ဖောက်တိုက်ခိုက်ခဲ့သော ကျွန်တော်၏ ပထမဆုံးသော မြစ်ကူးစစ်ဆင်ရေးဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်သည် တပ်မတော်(ကြည်း) တိုက်ခိုက် ရေးကျောင်းတွင် ခြေလျင်တပ်ခွဲမှူးသင်တန်း တက်ခဲ့ပြီးဖြစ်၍ အထူးစစ်နည်းဗျူဟာ ဥပဒေသများကို လိုက်နာနိုင်သမျှ လိုက်နာ လုပ်ဆောင်ခဲ့ပါသည်။ သို့ရာတွင် ခြေလုံလက်လုံ အသံလုံစနစ် မကျင့်သုံးမိ၍ တပ်သားတစ်ဦး ကျဆုံးခဲ့ရပါသည်။

သင်ခန်းစာကို သွေးချွေးများနှင့် လဲခဲ့ရပါသည်။

မည်သို့ဆိုစေ ရန်သူ့ထံမှ တစ်လောင်း၊ တစ်လက် သိမ်း ပိုက် ရရှိ၍ သံလွင်မြစ်ကြီးကို အောင်မြင်စွာ ဖြတ်ကူးထိုးဖောက်နိုင် ခဲ့မှုကြောင့် ကျွန်တော်တို့ မိုင်းရယ်တပ်ရင်းအတွက် တာဝန်ကျေ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဟုကား ဆိုနိုင်ပါသည်ခင်ဗျား။


(၁၉၇၈ ခုနှစ်က စာရေးသူကိုယ်တိုင် ပါဝင်ခဲ့သော တကယ့်အဖြစ်အပျက်ကို ပြန်လည်ရေးဖွဲ့ပါသည်)

ဗိုလ်မှူးကြီးသောင်းဝေ(သောင်းဝေဦး)

■



www.burmeseclassic.com




လှိုင်ကော်ရောက် စာရေးသူနှင့်စစ်ကြောင်း(၁)မှအရာရှိများ
(၁၉၉၀ ခုနှစ်)



လှိုင်ကော်တောင်ကွဲစေတီရှေ့ရောက် စာရေးသူနှင့်အရာရှိများ
(၁၉၉၀ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းပြည်နယ်မှ နမ့်ပွန်ချောင်းပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com

# ပွန်ချောင်းကို ဖြတ်ကူးခဲ့စဉ်က

ရေးသူ- ဗိုလ်မှူးကြီးသောင်းဝေ(သောင်းဝေဦး)

## ပွန်ချောင်းဆိုတာ ဘယ်မှာလဲ

၁၉၈၈ ခုနှစ် ဇူလိုင်လတွင် ကျွန်တော် တပ်ရင်းမှူး ဖြစ်လာသည်။

ခလရ (၆) မှာပါ။

တပ်ရင်းမှူးတာဝန် လက်ခံပြီး ရှေ့တန်းအမြန်လိုက်သွား ရသည်။

ပထမအကြိမ် တပ်ရင်းမှူးတာဝန် လက်ခံပြီးတော့ မိုင်းရှူး ဒေသကို တာဝန်ယူရသည်။ ဒုတိယအကြိမ်က မော်ဖတောင်ခြမ်း၊ တတိယအကြိမ်က တောင်ကြီးမြို့ လုံခြုံရေးနှင့် ရပခတိုင်းအရန်၊ စတုတ္ထအကြိမ်က မော်ဖမြောက်ခြမ်း၊ ပဥ္စမအကြိမ်က တိုင်းအရန်၊ တစ်ရင်းလုံး လှုပ်ရှား၊ ဟိုပြေးလိုက်ရ ဒီပြေးလိုက်ရနှင့် ဆဋ္ဌမ အကြိမ်ကတော့ ကျွန်တော့်နေရာဟောင်း ကျိုင်းတုံ၊ ကျိုင်းတုံ ဒေသမှာ တာဝန်ကျနေစဉ် တောင်ပိုင်းတိုင်းသို့ စစ်ဦးစီးမှူး ပထမ ပခန်း (ကျီခမ်း) ရာထူးနှင့် ပြောင်းခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူးလုပ်သက် သုံးနှစ်။

၁၉၈၈ ခုနှစ် ဇူလိုင်မှ ၁၉၉၁ ခုနှစ် ဇူလိုင်အထိဟု ဆိုရပါမည်။

တပ်ရင်းမှူးတာဝန်ကို ဗိုလ်မှူးစိန်တင်ဝင်း (ယခု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ)ကို လွှဲခဲ့ရသည်။

စစ်ဆင်ရေးတာဝန် ၆ ကြိမ်ထွက်ခဲ့ရရာ တစ်ကြိမ်လျှင် ၆ လ၊ ၇ လခန့်ကြာသည်။ အမြန်ဆုံးက ငါးလ။ ရပခတောင်ကြီးတွင် နေခဲ့ရစဉ်ကတော့ လေးလသာသာ နေခဲ့ရ၏။ မြို့ပေါ်မှာ လေးလ။ တောထဲ တောင်ထဲတော့ ၆ လ၊ ၇ လ။ ဒါတွေက မကြာခဏ ဖြစ်တတ်ပါသည်။ စစ်ရေးစစ်ရာကိစ္စများတွင် မမျှော်လင့်တာတွေက ဖြစ်ဖြစ်လာတတ်သည်။ ထို့ကြောင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်တတ်ပါသည်။ ထားပါတော့ခင်ဗျာ။ ပြောချင်တာက ဒါမဟုတ်ပါ။

ပြောချင်တာက မြစ်ကူးစစ်ဆင်ရေးအကြောင်းပါ။

ပြောပါမည်။ တပ်ရင်းမှူးတာဝန်နှင့် စစ်ဆင်ရေး ၆ ကြိမ်ထွက်ခဲ့ရရာ ပဉ္စမအကြိမ် တိုင်းအရန် လှူပ်ရှားကား အပင်ပန်းဆုံးဖြစ်၏။ သာမန်ပင်ပန်းရုံသာမကပါ အထူးစစ်နည်းဗျူဟာဖြစ်သော မြစ်ကူးစစ်ဆင်ရေးကိုပါ ကြုံရဆုံရခဲ့ပါသည်။ စစ်ဆင်ရေး စဝင်ကတည်းက ပြန်ထွက်သည့်အချိန်ထိလည်း ခြေတိုအောင် လမ်းလျှောက်ခဲ့ရပါသည်။ အရှေ့ဘက် ယိုးဒယား မြန်မာနယ်စပ်မှသည် အနောက်ဘက် ပျဉ်းမနားအရှေ့ခြမ်း ကင်းလိုက်တောင်တန်းအထိ။ ထိုသို့သွားရင်းလာရင်း ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မြောက်မှတောင်သို့ စီးဆင်းနေသည့် မြစ်ချောင်း အသီးသီးကို





ဖြတ်ကျော်ခဲ့သည်။ အများဆုံး ဖြတ်ခဲ့ရသည်မှာ ပွန်ချောင်း ခေါ် နမ့်ပွန်ချောင်းဖြစ်၏။

နမ့်ပွန်ချောင်းကား လဲချားမိုင်းကိုင်ဒေသမှ မြစ်ဖျားခံ၍ မဲနယ်တောင်ကြီးဒေသ ဖြတ်စီးပြီး လွိုင်ကော်နှင့် ရှားတောကြားမှ တစ်ဆင့် ဖားဆောင်းမြို့အနီးတွင် သံလွင်မြစ်ကြီးထဲ စီးဝင်လေသည်။

နမ့်ပွန်ချောင်းက ကျွန်တော် တာဝန်ကျသည့် လွိုင်ကော်တောင်ကြီးဒေသတွင် ပြေးမလွတ် ရှောင်မရသည့် အဓိက ချောင်းဖြစ်၏။ ထို့ကြောင့် သူ့ကို စစ်ဆင်ရေးကာလအတွင်း အကြိမ်ကြိမ်ဖြတ်ခဲ့ရသည်။ ယခု ဖော်ပြလတ့်သော ဝတ္ထုလေးမှာ နမ့်ပွန်ချောင်းအား ပထမဆုံးအကြိမ် ဖြတ်ကူးပြီး စစ်ဆင်ရေးလုပ်ခဲ့ရသည့် မြစ်ကူးစစ်ဆင်ရေးအကြောင်းပါခင်ဗျာ။

## ကျွန်တော်နှင့် တပ်မမှူးအသစ်

၁၉၉၀ ခုနှစ် ဇူလိုင်လကုန်တွင် တပ်မ (၇၇) တပ်မမှူး အဟောင်း ဗိုလ်မှူးချုပ်စိုးမြင့် တပ်မမှူးမှ တိုင်းမှူး **promotion** ဖြင့် ထွက်ခွာပြောင်းရွှေ့သွားသည်။

တပ်မမှူးအသစ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူး ဗိုလ်မှူးကြီး ကက်စိန်ရောက်လာသည်။

တပ်မမှူးအသစ်နှင့် ကျွန်တော်သည် သိဟောင်း ကျွမ်းဟောင်းများ ဖြစ်၏။ တပ်ထဲတွင် သုံးလေးခါ ဆုံဖြစ်၏။ ပထမဆုံးအကြိမ်က ၁၉၇၉ ခုနှစ် ကျွန်တော် ဗထူးတိုက်နိုက်ရေးကျောင်းပြောင်းရတော့ သူက တပ်ကြပ်သင်ကျောင်းက နည်းပြအရာရှိချုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သင်တန်းကိစ္စများနှင့် ဘုရင့်နောင် ခဏ ခဏ လာတ... ထိုစဉ်က နည်းပြပေါက်စလေး ကျွန်တော်နှင့် မျက်မှန်း... ကြသည်။ ၁၉၈၄ ခုနှစ်တွင်တော့ တပ်မ (၈၈) တွင် ကျွန်... ဂျီတူးတာဝန်ထမ်းဆောင်နေစဉ် ဗိုလ်မှူးကြီးကက်စိန်က သ... (၆) တပ်ရင်းမှူးနှင့် ကျိုင်းတုံရောက်ချလာ၏။

"ကိုသောင်းဝေလေး ပြန်တွေ့ကြပြန်ပြီပေါ့"

ဗိုလ်မှူးကြီးကက်စိန်က ပြုံးပြုံးရွှင်ရွှင်နှင့် ကျွန်တော့်ကို... ပင္ငိုသန္တာရပြု၏။ သူသည် စကားပြောလျှင် ပြုံး၍ ပြောတတ်... သူ့မှာ စိတ်ဆိုးသည့်အမူအရာ မတွေ့ခဲ့ဘူးပါ။ ပြုံးရွှင်ဖော်ရွေ... ခင်မင်နှစ်လိုဖွယ် ကောင်းပါသည်။

၁၉၈၈ ခုနှစ် ကျွန်တော် ရန်ကုန်မှာ တပ်ရင်းမှူး ဖြစ်လာ... တော့ သူက ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိုင်းမှူး ဖြစ်နေပါပြီ။

ခလရ (၆) ၏ အုပ်ချုပ်မှုကိစ္စများကို ရန်ကုန်တိုင်းက... တာဝန် ယူနေသဖြင့် ဒုတိုင်းမှူး ဗိုလ်မှူးကြီး ကက်စိန်ကို ရောက်... ရောက်ချင်း သွားပြီး ဂါရဝပြုလိုက်သည်။

"ခလရ (၆) မှာ ကိုယ်နေခဲ့ဖူးတယ်။ တပ်က တပ်ကောင်းပါ။ ကိုသောင်းဝေ ကံကောင်းပါတယ်။ ဘာလိုလဲ လိုတာပြော"

"ဟုတ်ကဲ့ပါခင်ဗျ"

ဗိုလ်မှူးကြီး ကက်စိန်က မုဒိတာစကား ဆီးပြောသည်။ ကျေနပ်ရပါ၏။

ဟော ... သိပ်မကြာပါခင်ဗျာ။

ကျွန်တော် ဒုဗိုလ်မှူးကြီး Lt. Colonel အဆင့်ရပြီး တစ်နှစ်ခန့်အကြာတွင် ဗိုလ်မှူးကြီးကက်စိန် တပ်မ (၂၂) တပ်မမှူး





...လာသည်။ ကျွန်တော့်တပ်ကို ချက်ချင်း ရောက်လာ၏။ တပ်...နားနေချိန်မို့ ကျွန်တော်နှင့် တွေ့ကြသည်။ တပ်မှာ တစ်ညအိပ်...သည်။ စစ်ဆင်ရေးကိစ္စ၊ အုပ်ချုပ်ရေးကိစ္စများကို ဖိဖိစီးစီး ...ကြားသွားသည်။ တပ်ကို စစ်ပေးသွားသည်။

"တပ်ကောင်းဖို့ကတော့ စာရင်းအင်း ကောင်းရမယ်။ ...ခင်းအကျင်း ကောင်းရမယ် တပ်ရင်းမှူး"

"ဟုတ်ကဲ့ပါခင်ဗျ"

"ခလရ (၆) က စွမ်းရည်ရှိပါတယ်။ အစဉ်အလာရှိတဲ့ ...တပ်ကောင်းပဲ။ ဒါပေမဲ့ ရေး ၃ များတယ်။ သတိထားကိုင်။ ကိုယ့် ...ယ်ချင်းကိုသိန်းမောင်က ရေး ၃ တွေ သိပ်ပြီး ဖိဖိစီးစီးမကိုင် ...ဘူး"

"ဟုတ်ကဲ့ပါခင်ဗျ"

"ဪ ... တပ်ရင်းမှူးရေ ဒီတစ်ခေါက် ခလရ (၆)က ...ိုင်းအရန် လှုပ်ရှားတာဝန်ယူရမယ်။ မြစ်ကူးချောင်းခြားတွေ ...မယ်။ Water Crossing တော့ အသေအချာလုပ်ခဲ့။ နည်းနည်းလည်း လေ့ကျင့်လာခဲ့လေ"

"ဟုတ်ကဲ့ပါခင်ဗျာ။ လှိုင်မြစ်သွားပြီး လေ့ကျင့်ခဲ့ပါ့မယ် ...င်ဗျ"

"နည်းနည်းတော့ အန္တရာယ်ရှိတယ်။ မြောက်ဘက်တက်ပြီး ...ါးတစ်ရာလောက်မှာ သွားလေ့ကျင့်ခဲ့ပေါ့။ ကိုယ်လည်း တိုင်း ပြောထားပါ့မယ်"

"ဟုတ်ကဲ့ပါခင်ဗျ"

ဤသို့ဖြင့် တပ်မမှူးအသစ် ခလရ (၆) လာစစ်ပြီးသည့်



www.burmeseclassic.com

www.burmeseclassic.com



နောက် တပ်မမှုး၏ မှာကြားချက်အရ မြစ်ကူးစစ်ဆင်ရေး ဆော် ရွက်နိုင်ရန်အတွက် **Water Crossing** ရေပြင် ဖြတ်ကူးခြင်းအာ လှိုင်မြစ်ကို သွားပြီး လေ့ကျင့်ရပါတော့သည် ခင်ဗျား။

## မြစ်ကူးစစ်ဆင်ရေးအတွက် လေ့ကျင့်ရာဝယ်

လှိုင်မြစ်သည် သဲကုန်း ပုတီးကုန်း ပေါင်းတည်ဒေသမှ မြစ်ဖျားခံ၏။ မြစ်ဖျားပိုင်းကို မြစ်မခဟု ခေါ်ကြသည်။

ဒီရေများက မှော်ဘီအလွန် တိုက်ကြီးထိ ရောက်သည်။ ရန်ကုန်အနီးတွင် ကားကမ်းနှစ်ဖက်လုံး၌ ရွှံ့နွံများရှိသည်။ ကျွန်တော် တို့ကြိုးရမည့် မြစ်ချောင်းများက သဲနှင့်ကျောက်ဆောင် များသာ ပေါသည့် ချောင်းများဖြစ်၏။

ထို့ကြောင့် လှိုင်မြစ်ကို ဖြတ်ကူးရာ၌ ဒီရေ သိပ်မရောက် သည့် ဝါးတစ်ရာအလွန် မြောင်းတကာတစ်ပိုက်ကို ရွေးလိုက်သည်။ တပ်က ကားသုံးလေးစီးဖြင့် လှိုင်မြစ်သွားပြီး တစ်ရက်လျှင် တစ်ခွဲ တစ်ခွဲ ကူးခိုင်းကြည့်သည်။

ပထမ ဖြတ်ကူးမည့်နေရာ ရွေးရသည်။

ဒုတိယ စနစ်တကျဖြတ်ကူးခြင်းကို လက်တွေ့လုပ်ခိုင်း ကြည့်သည်။

ဦးစွာ ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့သည်။

ဖြတ်မည့်အဖွဲ့များ ခွဲသည်။

မြစ်ကူးမည့် လှေဖောင်များ အရန်သင့်လုပ်ခိုင်းထားသည်။

ဖြတ်ကူးမည့်သူများ အဖွဲ့လိုက် ဖြတ်ကူးခိုင်းသည်။

တပ်စိတ်လိုက် ဖြတ်ကူးခိုင်းခြင်း ဖြစ်ပါ၏။





ရေပြင်ဖြတ်ကူးရာတွင် အောက်ပါများ လိုက်နာရပါသည်။

* တောစီးဖိနပ်ချွတ်ရမည်။ (ဒါမှ ရေထဲလိမ့်ကျလျှင် ရေကူး၍ရမည်)
* အီကွတ်မင့် ချွတ်ရမည်။ (ပတ်ထားလျှင် လိမ့်ကျသွားက ပြန်မပေါ်တော့)
* သေနတ်ကို လှေဖောင်တွင် ချည်နှောင်ထားရမည်။ (ဒါမှ မပျောက်မှာ)
* လှေဖောင်ပေါ်တွင် အသက်ကယ်ဘောများ ပါရမည်။
* လှေဖောင်စီးနေစဉ် လူးခြင်း၊ လှုပ်ခြင်း မလုပ်ရပါ။ (မှောက်တတ် မြုပ်တတ်သည်)
* ထိုးဝါး၊ လှော်တက်၊ ချိတ်၊ ကြိုးများ သုံးရမည်။
* အချက်ပြစနစ်များ သုံးရမည်။

တပ်ခွဲတစ်ခွဲစီ စနစ်တကျ ဖြတ်ကူးခြင်း၊ ပြီးတော့ အရေးပေါ် ဖြတ်ကူးခြင်း လက်တွေ့လုပ်စေသည်။ အရေးပေါ် ဖြတ်ကူးခြင်း၌ –

လက်ပစ်ကူးနိုင်သူတွေ ကူးစေသည်။

ကြိုးတန်းကူး၍ ရက ကူးစေသည်။

လုံးဝ ရေမကူးတတ်သူတွေကို ဖောင်လေးများဖြင့် တင်၍ ကူးခိုင်းရသည်။

အသက်ကယ်ဘောများ၊ မော်တော်ကားကျွတ်များအစား ဝါးလုံးကြီးများကို အသုံးပြုစေသည်။ ဝါးတစ်လုံးက အရှည် ပေ ၂၀ ဆို လူတစ်ယောက်ကို ကောင်းကောင်းထိန်းနိုင်ပါသည်။

လေ့ကျင့်ရေးကို တစ်ပတ်ခန့် လုပ်လိုက်ရာ တပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ရင်းလုံး ပြီးသွားပါသည်။ အချိန်က ၁၉၉၀ ခုနှစ် မိုး
ဩဂုတ်လကုန်ဖြစ်၏။

စက်တင်ဘာ ပထမပတ်တွင် ရှေ့တန်းသို့ ပြန်တက်ရ
ခရီးမထွက်မီ လိုတာတွေ ပြင်ရပါမည်။ မြစ်ကူးစစ်
ရေးအတွက်ကား **Water Crossing** ကို လေ့ကျင့်ခဲ့ပြီးပါပြီ။

မိုးတွင်းစစ်ဆင်ရေးအတွက် လိုအပ်သည့် ပစ္စည်း
စုဆောင်းခဲ့၏။ တပ်ခွဲလိုက် ပလပ်စတစ်စများ၊ နိုင်လွန်မိုးကာ
နိုင်လွန်ကြိုးခွေများ၊ ရေပြင်ဖြတ်ကူးခြင်းအတွက် ကားဘီးကျွတ်
သစ်ခုတ်ဝါးခုတ်ဓားများ၊ ပေါက်ဆိန်အငယ်စားများ၊ ငါးမန်းလှ
ဖောင်ဖွဲ့ရာတွင် အသုံးပြုရန် တူ၊ လွှအသေးစား၊ ဆောက် စသ
လက်သမား ကိရိယာတန်ဆာပလာများ၊ နိုင်လွန်ကြိုး အ
ကလေးများ အစုံအလင်ပါပေသည်။

ကျွန်တော့်စစ်ကြောင်း (၁) ၌ ဒါသာမကပါ ချက်ပြုတ်
သောက်ဖို့ အိုးခွက်ပန်းကန်များ၊ အသားဘူး ငါးဘူးများ၊ ခေါ
ဆွဲခြောက်ထုပ်များ၊ ရမ်နှင့် ဝီစကီပုလင်းများ အစုံအစေ့ သေ
ကြီးငယ်နှင့် သယ်လာခဲ့ပါသည်။ ဂီတာသုံးလေးလက် ပါပါသေး
ဦး ၅ လုပ်ဖို့။

ဒါကို တွေ့သွားသည့် အိမ်ထောင်သည်လိုင်းက ရဲမေ
များက ...

''ဟောတော် ... တပ်ရင်းမှူးကြီး ရှေ့တန်းထွက်တာ
ကလည်း အရာခံဗိုလ်ကြီးတစ်ယောက် အိမ်ထောင်ပြောင်းတာ
ကျနေတာပဲ''

ဟု ကျွန်တော့်ဇနီး ဗေအား ပြောကြသည်ဆို၏။

မြရတနာစာပေ



သူတို့စကားကြောင့် ပြုံးရပါသည်။ **Logistics** အုပ်ချုပ်
ထောက်ပံ့မှုကောင်းမှ စစ်နိုင်သည်လေ။ မသိဘူးလား။ စစ်တိုက်
တာ သတ္တိတစ်ခုတည်းနဲ့ မရဘူး။

သတ္တိတစ်ခုတည်းနဲ့ စစ်နိုင်ရင် ဂျပန်နဲ့ ဂျာမန်တွေ စစ်
နိုင်မှာပေါ့။

အမေရိကန်နဲ့ အင်္ဂလိပ်ရဲ့ **Logistics** အုပ်ချုပ်ထောက်ပံ့မှု
ကို မယှဉ်နိုင်လို့ သူတို့ စစ်ရှုံးသွားတာ။

ထားပါတော့ခင်ဗျာ။

အားလုံးစုံပါပြီ။ သတ်မှတ်ရက်မှာ ခရီးထွက်နိုင်ဖို့ပါပဲ။

### ● ရှေ့တန်းသို့ချီတက်ပြီ

စက်တင်ဘာ ၅ ရက်နေ့တွင် ကားအစီး ၂၀ ကျော်ဖြင့်
တပ်ရင်းတစ်ရင်းလုံး ရွှေပြည်သာမှ ကားတွေထွက်ခဲ့သည်။
အားလုံး အစီး ၂၀ ကျော်။ အတ်အကျဆိုက **Brake down**
အပါအဝင် ၂၄ စီး။ ပဲခူးဘူတာမှာ စစ်ရထား ပြောင်းစီးရသည်။

နောက်တစ်နေ့ သာစည်ဘူတာရောက်သည်။ မိတ္ထီလာ
ထောက်ပို့က စစ်ကားတွေ လာစောင့်နေ၏။ ရပခကို ဆက်တက်
ကြသည်။ ရွှေညောင်ရောက်တော့ ရောက်ရှိပြီဖြစ်ကြောင်း စက်
ကြင့် လှမ်းသတင်းပို့ရသည်။

''နက်ဖြန် စက်တင်ဘာ ၇ ရက်နေ့ မနက် တပ်ရင်းမှူးနဲ့
အရာရှိတွေ မနက် ၀၇း၀၀ အချိန်အရောက် ရပခကို တက်ခဲ့ပါ။
ဒါကို ရွှေညောင်မှာပဲ ထားခဲ့ပါ။ ဒီရောက်မှ ဘာလုပ်ရမယ်ဆိုတာ
ပြောမယ်''

မြရတနာစာပေ

www.burmeseclassic.com

ရပခဂျီဝမ်း ဗိုလ်မှူးကြီးစိန်ဝင်းအောင် (ယခု ရွှေတိဂုံ ဘုရားလူကြီး ဦးစိန်ဝင်းအောင်) က လှမ်းပြောသည်။

တပ်ကို အဲဒီမှာ ထားခဲ့ပါတဲ့။ ဘာလုပ်ရမှာပါလိမ့်။

နောက်တစ်နေ့ ရပခကို မနက်အစောကြီး ကားတစ်စီးဖြ တက်သွားသည်။ ကျွန်တော်တို့ ရပခ ရောက်သွားတော့ စစ်ဆ ရေးဌာနခွဲ ဦးစီးအရာရှိများ အလုပ်များနေ၏။

''ခလရ (၆) အရာရှိ ၂၁ ယောက်၊ အခြားအဆင့် ၅၂ ပေါင်း ၅၄၁ ယောက် ရောက်ရှိသတင်းပို့ပါတယ်ခင်ဗျာ''

ဂျီဝမ်းနှင့် ဂျီတူး အလုပ်များနေ၍ ဂျီသရီး ဗိုလ်ကြီးမြင့်စိုး ဗိုလ်ကြီးမျိုးမြင့်တို့အား သတင်းပို့လိုက်သည်။ ယခုအခေါက် တပ်မှအထွက်တွင် ဒု-တပ်ရင်းမှူး ဗိုလ်မှူးမောင်ဦးမှာ ကော ကာငင်ကာ နေမကောင်းဖြစ်သဖြင့် ထားခဲ့ရ၏။ စစ်ကြောင်း (၂) စစ်ကြောင်းမှူးတာဝန်ကို ဗိုလ်ကြီးလှရွှေ (ယခု ဗိုလ်ချုပ် လှ အငြိမ်းစား) ကို တာဝန်ပေးလိုက်ရသည်။ နောက်တန်းဌာနချု ဌာနချုပ်တပ်ခွဲမှူးအဖြစ် ဗိုလ်မှူးခင်မောင်မြင့်ကို တာဝန်ပေးခဲ့ တပ်ရေးဗိုလ်ကြီးကား ပြီးခဲ့သည့် စစ်ဆင်ရေးအပတ်က ပြော ရွှေ့ရောက်လာသည့် ဗိုလ်ကြီးစောထွန်းကို တာဝန်ပေးလိုက် သူ့အရင် တာဝန်ပေးထားသော ဗိုလ်ကြီးခင်မောင်ဌေးက တပ (၇၇) သို့ ဂျီသရီးနှင့် ပြောင်းသွားရသည်။ စစ်မြေပြင်အတွေ့ အားကိုးရမည့်သူများကို ယခုအခေါက်၌ ရှေ့တန်းသို့ ခေါ်ခဲ့ရ

''အတော်ပါပဲ တပ်ရင်းမှူးကြီး။ တပ်ရင်းမှူး စစ်ကြော မှူးနဲ့ တပ်ခွဲမှူးတွေ နမ့်ဆန်ဗျူဟာမှူးနဲ့ တွေ့ပေးဖို့ ဂျီဝမ်းကြ သူ့အခန်းကို လွှတ်ပေးလိုက်ပါတဲ့ခင်ဗျာ''





အလွန်သွက်သည့် ဂျီသရီး ဗိုလ်ကြီးမျိုးမြင့်က ပြောသည်။ သူသည် ကျွန်တော်နှင့် တစ်မြို့တည်း ရေဦးသားဖြစ်ပြီး ငယ်ရွယ်စဉ်က နှစ်ပေါင်းအတော်ကြာအောင် အတူနေခဲ့ဖူး၏။ အိမ်နီးချင်း နှစ်အိမ့်တစ်အိမ်ဖြစ်၍ ညီရင်းအစ်ကိုလို ချစ်ခင်နေ၏။ ကျွန်တော်ဘွဲ့ရ၍ တပ်မတော်အရာရှိဖြစ်စတွင် သူက ရဲဘော်ဖြင့် တပ်ထဲဝင်လိုက်သည်။ စစ်သက်လေးငါးနှစ်တွင် အကြပ်ရာထူး ရရှိခဲ့ပြီး ဆယ်တန်းလည်းအောင်သဖြင့် ဗိုလ်သင်တန်းဖြေရာ အောင်မြင်သွား၏။ သူ စစ်ထဲဝင်သွားသည်ကို ကျွန်တော် မသိလိုက်။ ကျွန်တော် စစ်ထဲဝင်သည်ကိုတော့ သူက သိသည်။ ကျွန်တော်က သူ့ထက် အသက်ခြောက်နှစ် ခုနစ်နှစ်ခန့် ကြီး၏။ မနှစ်က သူ့ကို ရပခ ဂျီသရီးနှင့် ပြန်တွေ့မှ သူနှင့် ကျွန်တော် ရှေးဟောင်းနှောင်းဖြစ်များ ပြောဖြစ်ကြပါတော့သည်။ ယခုလည်း သူကပင် ကျွန်တော့်အား လိုအပ်သည့် မှာကြားချက်များကို ရှင်းလင်းပြကာ ဂျီဝမ်းကြီး အခန်းသို့ လိုက်လံပို့ဆောင်ပေးပါတော့သည်။

''ကဲ ... တပ်ရင်းမှူး ဒီတစ်ခေါက်ကတော့ ခင်ဗျား တပ်ရင်းက ရပခတိုင်းအရန်မို့ တစ်ရင်းလုံး လှုပ်ရှားပဲ၊ လောလော ဆယ် စစ်ဆင်ရေးအစီအမံကို နမ့်ဆန်ဗျူဟာမှူးကြီးက ရှင်းပြပါ လိမ့်မယ်''

ဂျီဝမ်း ဒုဗိုလ်မှူးကြီး စိန်ဝင်းအောင်က ကျွန်တော့်အား ပြောပြ၏။ အတူရှိနေသည့် နမ့်ဆန်ဗျူဟာမှူး ဗိုလ်မှူးကြီး ပိုင်ထွန်းက ...

''ဒီလိုဗျာ ... ကျွန်တော့်နယ်မြေ ရှမ်း-ကယားနယ်စပ်



www.burmeseclassic.com

www.burmeseclassic.com



မှာ အခုတလော ရန်သူအဖွဲ့ပေါင်းစုံ လှုပ်ရှားမှု အတော်များတယ်။ ဘစ်ဖက်နိုင်ငံကို မှောင်ခိုကုန်ကူးသွား ပို့တာတွေလည်း နေ့စဉ်ရက်ဆက်ပဲ။ ကျွန်တော့်မှာက အဲဒီဘက်ကို နှစ်ခွဲတစ်ကြောင်းတောင် အနိုင်နိုင် လွှတ်နေရတာ။ အခု တပ်ရင်းမှူးတို့ တစ်ရင်းလုံးရရင် အဲဒီခွင်ကို L.R.P နဲ့ ထိုးဖောက်ချင်တယ်။ ကဒူးကြီး၊ ကဒူးလေး၊ ဟိုနမ့်ဂွင်ပေါ့။ အရေးကြီးတာက အငိုက်ရဖို့ပဲ''

''အငိုက်ရအောင် တပ်ရင်းမှူးတို့ ဒီကနေပြီး လှိုင်ကော်ကို သွား။ ဟိုမှာ သုံးရက်နား။ လိုတာပြင်ပြီး ကျွန်တော်ပြောတဲ့ ဂွင်ကို L.R.P နဲ့ ဝင်ရှင်းပေးဖို့ပဲ။ အငိုက်ရရင် ထိတွေ့မှုဖြစ်မယ်။ Result ရမယ်ဗျာ။ ကျွန်တော့် နမ့်ဆန်ဘက်က ထိုးလို့ကတော့ အငိုက်မရနိုင်ဘူး။ ချက်ချင်း သတင်းပေါက်မယ်။ လှိုင်ကော်ဘက်က ထိုးမှ Surprise ရမှာ။ စီမံချက်ကို တိုင်းမှူး တင်ပြပြီးပါပြီ။ တိုင်းမှူးကြီးကလည်း သဘောတူပါတယ်''

ဗိုလ်မှူးကြီး လှိုင်ထွန်းက စကားကို အဆုံးသတ်လိုက်၏။ ကျွန်တော်လည်း ...

''ဖြစ်ပါတယ် ဗျူဟာမှူးကြီး။ အောင်မြင်အောင် ကျွန်တော် အစွမ်းကုန်ဆောင်ရွက်ပါ့မယ်''

''ကဲ ... ဟောဒီမှာ စစ်ဆင်ရေးစီမံချက် ဖတ်ကြည့်ဗျာ။ ခင်ဗျား မရှင်းတာရှိရင် ပြော။ ရှင်းရင်တော့ နက်ဖြန်ခါ ဒီက ထွက်ပေတော့။ လှိုင်ကော်မှာ သုံးရက်နားပြီးရင် ရည်မှန်းချက်ကို ချီတက်ပေတော့။ အခုတော့ L.R.P မဟုတ်ပါဘူး။ S.R.P (Short Range Penetration) လောက်ပဲ ဖြစ်မှာပါ။ ခရီးတို ထိုးဖောက်ပေါ့''

ကျွန်တော်က ဗျူဟာမှူး ပေးလိုက်သည့် စီမံချက်အား





ဖတ်ကြည့်ပြီး အထူးတလည် မေးမြန်းရန် မရှိကြောင်း တင်ပြလိုက်၏။ ကျွန်တော်တို့လူကြီးသုံးယောက်၏ စစ်ဆင်ရေး အစည်းအဝေးကို ဤမျှနှင့်ပင် အဆုံးသတ်လိုက်ပါ၏။ တပ်က ရွှေညောင်မှာရှိနေသည်မို့ လိုအပ်သည်များ စီစဉ်နိုင်ရန် ရွှေညောင်သို့ ပြန်ဆင်းခဲ့ရပါသည်။

## ရွှေညောင်မှသည် လှိုင်ကော်သို့

နောက်တစ်နေ့ မနက် စောစောတွင် အခြေပြု ရွှေညောင်မှ ထွက်ခဲ့၏။ ယာဉ်အစီးပေါင်း ၂၀ ကျော် ပါဝင်၏။ နေ့လယ်တွင် ပင်လောင်းသို့ရောက်သည်။ နေ့လယ်စာကို ပင်လောင်းတွင် စားခဲ့၏။ လမ်းတစ်လျှောက်လုံး ပေ ၃၀၀၀၊ ၄၀၀၀ မြင့်သည့် ကျောက်တောင်များ မြေနီတောင်များကို မကြာခဏ တွေ့ရသည်။ စိမ်းစိုနေသည့် တောင်ယာစပါးများကိုလည်း မြင်ရသည်။ ပင်လောင်းကျော်သော် ကယားအစပ်ကို ရောက်ပေပြီ။

''မနောကြည်မှုစရာ xxx လောပီတအမည်တွင်က၊
ရေတံခွန်အဆင့်ဆင့် xxx ထူးတင့်ကျက်သရေဖြာ
သာယာတင့်ဆန်း xxx ရေမျှင်တန်းများ
စီးကျသွယ်သွယ်ဖြာ xxx ရှုမငြီးနိုင်စရာ
ကယား x ကယားတို့ xx ပြည်နယ်ပါ''

ကျွန်တော်တို့ ငယ်စဉ်က နားထဲစွဲအောင် နားထောင်ခဲ့ဖူးသည့် ကိုမင်းသူ၏ မောင်းသံတလွင်လွင်ဖြင့် သီဆိုခဲ့သော ကန္တာရဒေသသီချင်းကို ကြားယောင်လာ၏။ ညနေ ... ဖယ်ခုံ။ ထို့နောက် မိုးဗြဲသို့ ရောက်ပါသည်။ နေဝင်ချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ကော်သို့ ရောက်ရှိပြီး လှိုင်ကော်ဗျူဟာမှူးရုံးသို့ သတင်းပို့သည်။ ဗျူဟာမှူးက ...

"နယ်မြေအခြေအနေကို မနက်မှ ရှင်းပြမယ်။ လောလောဆယ် တပ်ရင်းတစ်ရင်းလုံး မြို့မြောက်ဘက် ဂေါက်ကွင်းနားမှာ အခြေပြုလိုက်ပါ။ ဒေသခံပြည်သူလူထုနဲ့ ပြဿနာမပေါ်ပါစေနဲ့။ လိုတာရှိရင် ပြောပါ။ ဒီနေ့တော့ နားကြဦးပေါ့"

ဗျူဟာမှူး ညွှန်ကြားချက်အတိုင်း လှိုင်ကော်ဂေါက်ကွင်းအနီးတွင် တပ်ခွဲအလိုက် နေရာချကာ ၃ ရက် နားခဲ့ရပါသည်။ ငိုးတစိမ့်စိမ့်နှင့် ကယားတို့၌ာနီ ကန္တာရဝတီက ကျောက်တောင်ကျောက်ခက် ကျောက်လက်များ၊ ရှုံ့နွံတောများနှင့် ကျွန်တော်တို့အား စောင့်ကြိုနေပါသည်။

တစ်ပွဲတစ်လမ်းတော့ အကဲစမ်းရပေဦးတော့မည်။

နောက်တစ်နေ့ လှိုင်ကော်ဗျူဟာမှ **briefing** တွင် ...

"ခင်ဗျားတို့အတွက် လမ်းကြောင်းကတော့ လှိုင်ကော်ကနေ ပွိုင့် ၃၆၂၃ လှိုင်ပန်ယမ်း၊ အဲဒီကနေ ဒေါ်ခူးလီ၊ ပြီးတော့ဘက်ဝ၊ တက်ဝကနေပြီး ပွန်ချောင်းကို ဖြတ်၊ ပွိုင့် ၅၁၄၃ တောင်ခြမ်းကတစ်ဆင့် အရှေ့ဘက်နားအွမ်ဆိုရင် လမ်းကြောင်းပိုကောင်းပါတယ်။ တစ်ရင်းလုံး တစ်ကြောင်းထိုးမသွားဘဲ စစ်ကြောင်း (၁) နဲ့ (၂) ခွဲပြီးသွားတာ ပိုကောင်းတယ်။ လှုပ်ရှားမှုပိုသွက်တာပေါ့"

"နယ်မြေကတော့ ပေသုံးလေးထောင်မြင့်တဲ့ ကျောက်တောင်တွေ ပေါ်တယ်။ အင်တော၊ ကျွန်းတော များတယ်။ လူထုက လှိုင်ကော်နားတစ်ဝိုက်ကတော့ ကယားတိုင်းရင်းသားရွာတွေများတယ်။ မြောက်ဘက် ရောက်သွားမှတော့ ရှမ်းနဲ့ ပအို့ပါပဲ။ ရန်သူကတော့ အဖွဲ့ပေါင်းစုံကျက်စားနေကြတယ်။ ကဒူးကြီး၊ ကဒူးလေး၊ ဟိုနမ့်ခွင်ကတော့ စပ်ကြားနယ်မြေပဲ။ မှောင်ခိုကျွဲ၊ နွား၊ သစ် အရောင်းအဝယ် မပြတ်ဘူး။ သုံးသပ်ပြီး ရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်ပါဗျာ"

ဗျူဟာမှူး ဗိုလ်မှူးကြီး မောင်ကြည်က မြေပုံထောက်ပြီးရှည်လျားစွာ ရှင်းပြ၏။ ကျွန်တော်တို့ရည်မှန်းချက်တာဝန်မှာ လှိုင်ကော်မှ အရှေ့မြောက်ဘက် မိုင် ၃၀ ကျော်အကွာ ကဒူးကြီးခွင်တောင်ဘက်မှ နားအွမ်တစ်ဝိုက်ကို ရှင်းလင်းရန်ဖြစ်၏။ နားအွမ်တွင် ရန်သူအဖွဲ့ပေါင်းစုံ အစည်းအဝေးကြီးတစ်ရပ်ကျင်းပရန် ရှိကြောင်းလည်း သတင်းရ၏။ ဒါကို ဖြိုခွဲ ရှင်းလင်းရမည်။ ထို့နောက် နားအွမ်နှင့် နမ့်မတိန်းချောင်းကြား ရှင်းလင်းရန် ဖြစ်၏။

"ကဲ ... ဘာမေးစရာရှိသေးလဲ"

"ရပါပြီခင်ဗျာ။ ဗျူဟာမှူးကြီး"

"အေးဗျာ ... ရပြီဆိုလည်း လိုတာတွေပြင်ပြီး အေးအေးဆေးဆေး နားနားနေနေ နေကြပါ။ သတင်းတော့ လုံးဝမပေါက်ကြားစေနဲ့နော်။ လှိုင်ကော်က လူစုံတယ်။ ရဲဘော်တွေလည်း **Out-pass** မပေးနဲ့နော်။ လူငယ်တွေက အတွေ့အကြုံနည်းသေးတယ်။ ထိန်းထားမှ"

"စိတ်ချပါ ဗျူဟာမှူးကြီးခင်ဗျာ"

ကျွန်တော်သည် ဗျူဟာရုံးမှ ပြန်ရောက်ပြီးနောက် တပ်ရင်း တစ်ရင်းလုံး အရာရှိများကို စုစည်းပြီး ချီတက်မှုအစီအစဉ် လုပ်ရပါတော့သည်။





မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ စစ်ကြောင်း (၁) တွင် ဗိုလ်လွင်ဦးနှင့် ခွဲ (၁)၊ ဗိုလ်သန်းနိုင်နှင့် ခွဲ (၃)၊ ဗိုလ်ကြီးမင်းသွင် နှင့် ခွဲ (၄)၊ စစ်ကြောင်း (၂) တွင် ဗိုလ်ကြီးလှရွှေနှင့် ခွဲ (၅)၊ ဗိုလ်ကြီးသိန်းထွန်းနှင့် ခွဲ (၂) တို့ ပါဝင်၏။ ဗိုလ်ကြီးလှရွှေက စစ်ကြောင်းမှူးရော ခွဲ (၅) မှူးပါ လုပ်ရ၏။ သူ့အောက်က စီနီယာတပ်စုမှူး ဗိုလ်သန်းလှိုင်ကို ခေတ္တတပ်ခွဲမှူးတာဝန် ပေးထား၏။ အားလုံးလိုလို လူငယ်များချည်းသာ ဖြစ်ပါ၏။

"ကဲ ... အရာရှိတွေ သေသေချာချာ နားထောင်ပါ။ အခု သွားရမယ့်နေရာတွေက တစ်ခါမှလည်း မရောက်ဖူးသေးဘူး။ နယ်မြေသစ်။ ရန်သူတွေကလည်း ရန်သူအသစ်။ အရောင်အသွေးစုံ၊ အဖြူရော၊ အနီရော၊ ဘိန်းလုပ်တဲ့လူရော၊ နွားမှောင်ခိုရော အစုံပဲ။ အဲဒီတော့ First impression မှာတော့ Result ကောင်းဖို့လိုတယ်။ ဦးကျိုးသွားလို့ မရဘူး။ ဒါကြောင့် အစစအရာရာ သတိကြီးစွာထား လှုပ်ရှားရမယ်။ စစ်ကဏ္ဍကြီး လေးရပ်ရဲ့ ဥပဒေတွေ အားလုံး Apply လုပ်နိုင်သမျှတို့ လုပ်သွားရမယ်"

"အခု ချီတက်ရမှာဆိုတော့ မင်းတို့ ချီစစ်ဥပဒေသတွေ ရသေးသလား။ ရရင် ပြောကြစမ်းပါဦး။ ကဲ ဗိုလ်လွင်ဦးနဲ့ ဗိုလ်တင်ကိုကိုတို့ ပြောစမ်း"

ကျွန်တော်က မကြာသေးမီက တပ်စုမှူးသင်တန်း ဆင်းလာသည့် ဗိုလ်လွင်ဦးနှင့် ဗိုလ်တင်ကိုကိုတို့အား ကြည့်ပြီး မေးလိုက်၏။ နှစ်ဦးစလုံးက သွက်သွက်လက်လက် မဖြေနိုင်ကြ။

"မင်းတို့ မပြောရင် ငါပဲပြောမယ်ကွာ။ ကျယ်ချီလေ လက်မှန်ချီ၊ စိတ်အုပ်လေကွာ။ ကျယ် – ကျယ်ပြန့်စွာ ကင်းထောက်





ခြင်း။ ချီ – ချီတက်ရာ လမ်းကြောင်းမှန်ကန်ခြင်း၊ လေ – လေကြောင်းအကူ အသုံးပြုခြင်း။ လက် – လက်အောက်သို့ အာဏာဖြန့်ဝေခြင်း။ မှန် – မှန်ကန်စွာ စုဖွဲ့ခြင်း၊ ချီ – ချီစစ်အဟုန်ထိန်းသိမ်းခြင်း၊ စိတ် – စိတ်ဓာတ်ကောင်းမွန်ခြင်း၊ အုပ် – အုပ်ချုပ်မှု ကောင်းမွန်ခြင်းတို့ မဟုတ်ဘူးလား။ အဲဒါတွေထဲက ရနိုင်သလောက် Apply လုပ်ရမယ်"

"နောက်ပြီးတော့ တောင်ပေါ်နဲ့ တောတွင်း စစ်ဆင်ရေးလည်း ဖြစ်တယ်။ ဒါကြောင့် တောဆိတ်ဖုံး လက်မျက်လက်ကိုယ်တို့၊ ဆက်ရာရောချိန်မြင်တို့ဆိုတာတွေလည်း မင်းတို့ မမေ့နဲ့ကွာ။ စစ်သားချင်းတူရင် Principle မ Out တဲ့လူ နိုင်မှာပဲကွ။ အသေအချာ ပြင်ကြဆင်ကြ မပေါ့မဆကြနဲ့။ မင်းတို့လိုတာတွေလည်း ပြော"

မှာသင့်တာ မှာရပါသည်။

ကျွန်တော်သည် ပထမဆုံးအကြိမ် ကယားပြည်နယ်သို့ ဝင်လာခြင်းဖြစ်၍ Result ကောင်းကောင်းဖြင့် Frist-impression ကို ရယူလို၏။ ထို့ကြောင့် အစွမ်းကုန်ကြိုးစား၏။ သိထားသည့် တတ်သမျှ မှတ်သမျှကိုလည်း သင်ပေး၏။ တိုက်ခိုက်ရေးကျောင်းက နှစ်ခါပြန် ကျောင်းဆရာဖြစ်၍ ဆရာ့ဇာတိကို သိပ်မစွန့်နိုင်ပါချေ။

"ကဲ ... ဘာမှမရှိရင်တော့ ခရီးက နှစ်ရက်ခရီး။ စစ်ကြောင်း (၂) ဗိုလ်ကြီးလှရွှေနဲ့ နှစ်ခွဲက ပထမနေ့ လွိုင်ကော်က လွယ်လင်လေး၊ အဲဒီကမှ တက်ဝ အပေါ် ကူးတို့ဆိပ်ကနေ ပွန်ချောင်းကူးပြီး ပွိုင့် ၅၁၄၃ မြောက်က တစ်ဆင့် ကဒ္ဒကြီးကို ဒုတိယနေ့မှာ ဝင်ရှင်းပါ။ တို့စစ်ကြောင်း (၁) ကတော့ အရင်



www.burmeseclassic.com

www.burmeseclassic.com



စိမ်ချက်အတိုင်း လှိုင်ကော်၊ လွယ်ပန်ယမ်း၊ တက်ဝ၊ နားအူ၊ နောက်ဆုံးရည်မှန်းချက်ကတော့ အခြေအနေပေးရင် ဖွေလိုင်၊ ကူတို့ဆိပ်ကို ရှင်းမယ်။ ဒါလောက်ပဲ။ စစ်ကြောင်းနှစ်ခု ပေါင်းမယ်၊ မပေါင်းဘူးဆိုတာတော့ ဗျူဟာ အစီအမံပဲ။ စစ်ဆင်ရေး ညွှန်ကြားချက်မှာတော့ တစ်ကြောင်းစီ ရှင်းခိုင်းထားတယ်''

''မသွားခင်နှစ်ရက်တော့ ကောင်းကောင်းနားပါ။ ဘာပြဿနာမှ မပေါ်စေနဲ့။ ရဲဘော်တွေ ရေး ၃ မစပ်စေနဲ့နော်။ ဒါလောက်ပဲ မှာမယ်။ မေးစရာမရှိရင် တန်းဖြုတ်''

ကျွန်တော်သည် လိုအပ်သည်များ မှာကြားပြီး ကျန်နှစ်ရက်အား ချီစစ်အတွက် ပြင်ဆင်ခြင်းဖြင့် အချိန်ကုန်လွန်စေပါ၏။ အရာရှိများနှင့် ညစာစုပေါင်းစား၏။ လှိုင်ကော်၏ နာမည်ကျော် တောင်ကွဲစေတီအား သွားရောက်ဖူးမြော်၏။ တောင်ကွဲစေတီကို နောက်ခံထားကာ စုပေါင်းဓာတ်ပုံ ရိုက်ကြ၏။ အမှတ်တရပေါ့။ (နောင်တွင် ထိုဓာတ်ပုံလေးမှာ တကယ်ပင် အမှတ်တရဖြစ်နေပါသည်။)

တောင်ကွဲစေတီတွင် ကိုမင်းသူ၏ ''ကန္တာရဝတီ'' သီချင်းမှ ...

''တောင်ကွဲစေတီမှာ xxx နောင်အမြဲစဉ်မကွာ
ရွှင်ရွှင်လန်းလန်း xxx ပန်းရေချမ်းနဲ့
ကြည်ကြည်နူးနူး xxx ပူဇော်မှာ''

ဆိုသည့်အပိုဒ်ကို ရေရွတ်ကြည့်မိ၏။ မှန်၊ မမှန်တော့ သိတော့ပါ။ ကြာပါပြီ။ ကျွန်တော်သာ ကြားဖူးနားဝရှိ၏။ အငယ်ားကတော့ ကြားတောင် သိပ်ကြားဖူးမည် မထင်ပါ။ ၁၉၆၀ ခုနှစ်





မတိုင်မီလောက်က သီချင်းများဖြစ်၏။

မည်သို့ဖြစ်စေ ကယားပြည်နယ်၏ သဘာဝအလှများကြောင့် နှစ်ရက်တာကတော့ စိတ်ချမ်းသာစွာ အနားယူနိုင်ခဲ့ပါသည်။

## မှန်ချောင်းကို ဖြတ်ကူးရာဝယ်

ယရက် ပေးထားသဖြင့် ယရက်တွင် ရည်မှန်းချက် ဝင်ရှင်းနိုင်ရန် ခရီးစဉ်ကို တစ်ရက်စော စရ၏။

ယအနုတ် ၁ ရက် မနက် ဝ၄း၀၀ နာရီတွင် အိပ်ရာမှထပြီး အားလုံးပြင်ဆင်ကြရ၏။ ဝ၅း၀၀ နာရီတွင် ဗျူဟာမှူးကြီးနှင့် ဗျူဟာရုံးသို့ သတင်းပို့၍ ဝ၆း၀၀ နာရီတွင် ခရီးစတင်ခဲ့၏။

ဗိုလ်ကြီး လှရွှေနှင့် စစ်ကြောင်း (၂) က လှိုင်ကော်၏ မြောက်စူးစူးသို့ ချီတက်သွား၏။ ကျွန်တော်နှင့် စစ်ကြောင်း (၁) က အရှေ့စူးစူးသို့ ချီတက်ခဲ့၏။ ပွိုင့်အတွက် ပထမတွင် ဗိုလ်လွင်ဦးအား တာဝန်ပေးလိုက်၏။ လှိုင်ကော်ကအထွက်ဆိုတော့ မြင်ကွင်းကောင်း၍ သိပ်အခက်အခဲမရှိနိုင်သဖြင့် **Junior** များအား တာဝန်ပေးခြင်း ဖြစ်ပါသည်။ နောက်နေ့ ရည်မှန်းချက် ဝင်ရှင်းပါက ဗိုလ်ကြီးမင်းသွင်ကို တာဝန်ပေးရန် ရည်ရွယ်ထား၏။

လှိုင်ကော်မှ ထွက်ကတည်းက မိုးတဖွဲဖွဲ၊ ရိက္ခာငါးရက်ဖြင့် စစ်ကြောင်းမှာ ခရီးမတွင်လှပါ။ စစ်သုံးမြေပုံ သုံးပြီး **Compass March** လုပ်ရာ အလွဲလွဲအချော်ချော်ဖြစ်နေ၏။ နယ်မြေမှာ အပေါ်က ကျောက်တောင်များဖြစ်သော်လည်း တောင်ခြေတွင် ဖွက်တော၊ နွယ်တောများက အတော်ထူပြော၏။ ခပ်အင်



www.burmeseclassic.com

www.burmeseclassic.com



ဆင် တောင်ကုန်းကလေးများကလည်း ပေါလှသဖြင့် ပို့င့်က ဗိုလ် လွင်ဦးမှာ မျက်စိလည်နေသည်။ ထို့ကြောင့် ခရီးကမတွင်။

''ကဲ ... လွင်ဦး။ မင်း နေကွာ။ ငါပဲ ရှေ့ကသွား တော့မယ်''

ပို့င့် ၃၂၆၃ လွယ်ပန်ယမ်းမှာပင် လမ်းမှားနေ၏။ ကျွန်တော်လည်း **Compass March** သာမက ဒေသခံ လမ်းပြကို သုံး၍ ချီတက်ခဲ့၏။ လမ်းပြကလည်း လှိုင်ကော်မြို့သားဖြစ်၍ တော မကျွမ်း။ နောက်ဆုံး ဖြစ်လိုရာဖြစ်တော့ဟု ဆုံးဖြတ်ကာ မြောက် စူးစူးသို့ ဦးတည်ချီတက်ရာ ပို့င့် ၃၆၂ အနီးရောက်မှ မှိုရှာနေ သည့် ကယားအဘိုးကြီးတစ်ဦးအား သွားတွေ့၏။ ကျွန်တော်က ပါလာသည့် အင်းစိန်ဘဏ်မှ လဲယူလာသော တစ်ကျပ်တန်ထုပ် အသစ်စက်စက်ထုတ်ပေး၍ ...

''အဘ ခေါ်မှုးလီမျှာ်ပြပါ'' ဆိုရာ

အဘိုးအိုက ...

''ဟ ... ငါက အဲဒီရွာသားကွ'' ဟုဆိုကာ ရှေ့ရှောရှုပြ ခေါ်သွားပါသည်။

တစ်နာရီသာသာနှင့် ရွာရောက်သွား၏။ ညနေစောင်းစပြုပြီ ထိုရွာမှာ ခဏနား၍ လမ်းပြယပ်ခေါ်ကာ တက်ဝသို့ အပြင်း ချီတက်ခဲ့၏။ မမှိုတက်၍လည်း မရ။ အလင်းရောင် မပျောက်ပီ ပွန်ချောင်းကို ဖြတ်နိုင်မှ ဖြစ်မည်။ ညနေ ၁၆း၀၀နာရီခန့်တွင် အခက်အခဲမရှိဘဲ တက်ဝသို့ ရောက်သွား၏။ တက်ဝကား ပအို ရွာဖြစ်၏။ အိမ်ခြေသုံးလေးဆယ်ရှိပါသည်။ တက်ဝမှ နာရီဝက်ခန့် ယွာနေပူသော ပွန်ချောင်းသို့ ရောက်ပါသည်။ ပွန်ချောင်း အကျယ်





ကား ငမိုးရိပ်ချောင်းဖျားအနေအထားခန့် ရှိမည်ထင်၏။

ကျွန်တော်တို့ရောက်သွားသည့် ကူးတို့ဆိပ်တွင် လှေလုံးဝ မရှိပါ။ လူလည်း မရှိ။ သို့ဖြစ်၍ တပ်ခွဲမှူးများကိုခေါ်ကာ ...

''ကဲ ... ချောင်းကူးစရာ လှေမရှိဘူး။ **Improvide Method** နဲ့ **Water Crossing** ပဲ။ တပ်ခွဲလိုက် ဝါးခုတ်၊ မြေခင်း **Ground Sheet** ပလပ်စတစ်စနဲ့ နိုင်လွန်ကြိုးတွေသုံးပြီး လှေလုပ်၊ မြေခင်းမပါရင် ဝါးဖောင်လုပ်။ ရေကူးတတ်တဲ့သူတွေက ဦးဆောင်၊ မကူးတတ်တဲ့ လူတွေက လှေစီး၊ တပ်ခွဲသုံးခွဲလုံး ကင်း အသေ အချာချပြီး တစ်ပြိုင်နက် ကူးကြ။ ဗိုလ်ကြီး မင်းသွင်က ဟိုဘက် ကမ်းအတွက် လုံးဝ တာဝန်ယူပါ။ အချိန် သိပ်မပေးနိုင်ဘူး''

ဟု ပြောရ၏။

ပွန်ချောင်းကား ကိုက် ၂၀၀၊ ၃၀၀ ခန့်ဘော့ ကျယ်မည် ထင်ပါသည်။ ရည်မှန်းချက်အား နောက်တစ်နေ့မနက်တွင် **Dawn attack** ဖြင့် ဝင်ရှင်းရမည်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်က လော ဆော်လိုက်ပါသည်။

ကျွန်တော်တို့တပ်ရင်း ပွန်ချောင်းကူးမယ်လုပ်မှ မိုးက လည်း သည်းကြီးမဲကြီး ရွာလာသည်။

ကျွန်တော်သည် ဦးစွာပထမ ကင်းချရေးကို အရင် လုပ်သည်။ လွန်ခဲ့သည့် ၁၀ နှစ်ကျော် ၁၉၇၈ ခုနှစ် က တပ်ခွဲမှူး ဘဝနှင့် သံလွင်ကို ဖြတ်ကူးပြီးအပြန် ကင်းကောင်းစွာ မချမိ၍ ကင်းသမားတစ်ယောက်တည်း ထားခဲ့မိ၍ ထိုကင်းသမားကို ရန်သူ လာပစ်သွားရာ ကင်းသမား ကျဆုံးခဲ့ရသည့် ခါးသီးသော အတွေ့ အကြုံ ကျွန်တော့်မှာ ရှိသည်။ ထို့ကြောင့် ယခု ပွန်ချောင်းဖြတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကင်းချတာကို အရင်လုပ်နိုင်းရသည်။ ကင်းသမားကို တစ်ယောက်တည်း မထား၊ နှစ်ယောက်တွဲ ချနိုင်းလိုက်သည်။

ပွန်ချောင်းကား တဟဲဟဲ တရှဲရှဲ မြည်ကာ ရေနီနီများ ဒလဟော စီးဆင်းနေသည်။ တစ်နာရီ မိုင် ၂၀၊ ၃၀ တော့ ရှိမည် ထင်၏။

"ကဲ ... တပ်ခွဲမှူးတွေ လိုင်မြစ်မှာ လေ့ကျင့်လာခဲ့တဲ့အတိုင်း လုပ်ကြ။ ဗိုလ်ကြီးမင်းသွင်နဲ့ ခွဲ (၄) က အလေးအပင်တွေ ထားခဲ့။ အရန်ရိက္ခာနဲ့ ခဲယမ်းတွေ ထားခဲ့။ ဒို့ သယ်ခဲ့မယ်။ ပေါ့ပေါ့ပါးပါးနဲ့ အမြန်ကူးပြီး အမြန်ဆက်ထွက်"

ဗိုလ်ကြီးမင်းသွင်က အလွန်လျင်သည်။ သူ့တပ်ခွဲက လက်ရွေးစင် တပ်စိတ်က အကျိုးချွတ်ပြီး ပွန်ချောင်းကို လက်ပစ်ကူး သွားကြသည်။ ကင်းချပြီးသည့်နောက် ကမ်းနှစ်ဖက်လုံးမှာ ဝါးခုတ်ကာ ဖောင်တွေ လုပ်သည်။ ထို့နောက် ဟိုဘက်ဒီဘက် ကြိုး တန်းလိုက်ကြ၏။ ကြိုးသုံးချောင်းလောက် တန်းပြီးသောအခါ အသင့်အတင့် ရေကူးတတ်သူများက ရေစီးထဲ မျောပါမသွားအောင် ကြိုးကို ကိုင်ထိန်းပြီး ကူးသွားကြ၏။ ဖောင် နှစ်ခု၊ သုံးခုကို နာရီဝက် တစ်နာရီခန့် လုပ်လိုက်ရပါသည်။

ဗိုလ်ကြီးမင်းသွင်တပ်ခွဲက ဟိုဘက်ကမ်းမှာ လူစုံသည့်အခါ ချက်ချင်းဆက်ထွက်သွားကြသည်။

ကျွန်တော်က အချိန်ယူပြီး လက်နက်ကြီးများ၊ အရန်ကျည်များ၊ အပိုဆောင်းရိက္ခာများကို ဖောင်ပေါ်တင်ကာ စနစ်တကျ ဖြတ်ကူးစေသည်။ ဖောင်တွေကို ကြိုးနဲ့တုတ်ပြီး ဆွဲရသည်။ ထိုးဝါးတွေ၊ လှော်တက်တွေ သိပ်မနိုင်ပါ။ ထို့ကြောင့် တန်းထား





သော ကြိုးများအတိုင်း ကပ်ပြီး ကြိုးနဲ့ဆွဲနိုင်းရသည်။ ဒါမှ ရေစီးမှာ မျောပါမသွားမှာ။ ကူးရင်း ကူးရင်း မိုးမှောင်က ကျလာ၏။ လုံးဝ မမှောင်ခင် ကူးပြီးအောင် တွန်းအားပေးရ၏။

အရင် ဟိုတုန်းက မြစ်ကူးစစ်ဆင်ရေးများမှာ အသံမလုံ၍ ဒုက္ခရောက်ခဲ့ဖူး၏။ ယခုတော့ မလိုလားအပ်ဘဲ စကားတောင် အော်မပြောနိုင်းပါ။ သတင်းမပေါက်ကြားအောင် ဂရုစိုက်ခဲ့ပါသည်။

အကျိုးပေးပါသည်။

မှောင်စပျိုးချိန်၌ ခွဲ (၄) ထွက်သွားရာ သိပ်မကြာပါခင်မှာ။

သေနတ်သံများ ကြားရ၏။

"ပတောက် ... ပတောက် ... ဖောင်း ... ဖောင်း ဂျိမ်း ... ဂျိမ်း ... ဂျိမ်း"

စက်ဖွင့်၍ "ဘာလဲ" ဟု လှမ်းမေးရာ ရန်သူအဖွဲ့ငယ် တစ်ဖွဲ့နှင့် တွေ့ဆုံပစ်ခတ်မှုဖြစ်ကြောင်း၊ တစ်လောင်းနှင့် ၂ လက်မ စိန်ပြောင်းတစ်လက်၊ ဗုံးသီး ၅ လုံး ရလိုက်ကြောင်းဖြစ်၏။

ပွဲဦးထွက် လာဘ်ကောင်းသွားပေပြီ။

ရည်မှန်းချက် ပျောက်သွားမည်စိုး၍ ရန်သူကို ဆက်မလိုက်ဘဲ ဆက်ထွက်ရန်မှာရ၏။ ခွဲ (၄) တိုက်ပွဲဖြစ်သည့် ပွိုင့် ၃၉၇၅ သို့ တစ်ရင်းလုံး ရောက်သော် လုံးဝမှောင်နေပေပြီ။ ရန်သူမှာ ရလလဖ အနီးဖြစ်၏။ အလောင်းကို ပစ်မထားခဲ့ဘဲ ကောင်းစွာ ကျင်းတူး မြှုပ်နှံပေးခဲ့ပါသည်။ ပွိုင့် ၃၉၇၅ မှ ဒေါတနော ပွိုင့် ၃၆၈၄ တို့အား ကွေ့ပတ်တက်ရ၏။ ညမှာ မိုးမှောင်ကျနေ၍ ဘာမှ မမြင်ရသဖြင့် အားလုံးကို မီးထိုးခွင့်၊ မီးတုတ်သုံးခွင့် ပေးလိုက်ရ၏။ လျင်မြန်မှုလိုက လုံခြုံမှုကိုတော့ လျှော့ရပေမည်။ လမ်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျောက် ကြီးကျောက်ကြား ခပ်သိုးသိုး၊ လဲလိုက် ကွဲလိုက်ဖြင့် တစ်ညလုံး တစ်ရေးမှ မမှေးလိုက်ရဘဲ ''သွားဟ၊ သွားဟ'' ဆိုပြီး အတင်း မောင်းတင် ချီတက်ခဲ့ရသည်။

မနက် ၇း၀၀ နာရီအချိန်တွင် စက်ခေါ်ရာ ခွဲ (၄) က နားအွမ်ရွာရောက်သွားပြီး ဘာမှမထူးသေးကြောင်း သတင်းပို့၏။ မိမိတို့မှာက အလေးအပင်များနှင့် ဖြစ်နေ[illegible] ခွဲ[illegible] ခရီးမတွင်ပါ။ သို့ရာတွင် ၀၈း၀၀ နာရီတွင်တော့ ရည်မှန်းချက် နားအွမ်ရွာသို့ ရောက်ပါပြီ။

''ဟူး ... ခုမှပဲ သက်ပြင်းချနိုင်တော့တယ် ကိုမင်း သွင်ရေ''

ကျွန်တော်က ရွာထိပ်မှ လာစောင့်နေသည့် ဗိုလ်ကြီး မင်းသွင်အား ပြောလိုက်ရာ သူက ...

''တပ်ရင်းမှူးကြီး လောလောဆယ် ဘာမှ မထူးခြားပါ ဘူးခင်ဗျ။ ရွာက ရှမ်းရွာလေးပါ။ အိမ်အလုံး ၂၀ ကျော်နဲ့ တောင် ဘက်မှာ ဘုန်းကြီးကျောင်းရှိပါတယ်။ ကျောင်းဘက်မှာ ကျွန်တော့် တပ်ခွဲယူထားပါတယ်။ တပ်ရင်းမှူးကြီးနဲ့ နှစ်ခွဲတော့ ရွာထဲမှာနေဖို့ လုပ်ထားပါတယ်ခင်ဗျ''

''ကောင်းပြီလေ။ ကိုမင်းသွင်ပဲ ကျန်တဲ့တပ်ခွဲမှူးတွေနဲ့ ညှိပြီး နေရာချလိုက်ပါ။ မဆူညံစေနဲ့။ ဗိုလ်ကြီး တင်သိန်းနဲ့ ဗိုလ်တင်ကိုကိုတို့က လက်နက်ကြီးတွေ တစ်ခါတည်း ဆင်ထား ကွာ။ တို့လည်း ရောက်ဖူးသေးတာ မဟုတ်ဘူး။ အရေးဟဲ့ အကြောင်းဟဲ့ဆို ပစ်နိုင်အောင် လုပ်ထား''

ဟု မှာရ၏။ သူတို့အားလုံးက ...





''တပ်ရင်းမှူးကြီး နားပါဦးခင်ဗျ။ တစ်ကိုယ်လုံး ရွှံ့ဗွက် တွေချည်းပဲ''

အားလုံးက ဝိုင်းနားခိုင်းသဖြင့် ကျွန်တော်သည် စစ် ကြောင်း ရုံးအခြေပြုသည့် အိမ်ကလေးပေါ်သို့ တက်လိုက်၏။ ရှမ်း အဘိုးကြီး၊ အဘွားကြီး ဖနီးမောင်နှံနှင့် ကလေးနှစ်ဦး၊ ၎င်းတို့အမေ အသက် ၄၀ ခန့် အမျိုးသမီးတစ်ဦးကို အိမ်မှာတွေ့၏။ အိမ်အားလုံး မှာ ပျဉ်ခင်း၊ ထရံကာ၊ သက်ကယ်မိုးအိမ်ကလေးများ ဖြစ်ကြသည်။ ရှမ်းရွာများက သက်ကယ်မိုး၍ ကယားရွာများက အင်ဖက်မိုး ကြသည်။ ကျွန်တော်သည် အဝတ်အစားလဲကာ မောမောနှင့် လက်ဖက်ရည်တစ်ခွက်သောက်နေ၏။ အချိန်ကား မနက် ၀၈း၃၀ နာရီခန့် အချိန်ခန့်ဖြစ်သည်။ ရွာတွင်း တပ်ခွဲသုံးခွဲ ရောက်ရှိ နေရာ ချပြီးချိန်လည်း ဖြစ်၏။

ကျွန်တော်သည် အိမ်ရှင် အဘိုးကြီးအဘွားကြီး၊ ဖနီး၊ မောင်နှံအား လက်ဖက်ရည် တစ်ခွက်စီတိုက်ပြီး တတ်သမျှလောက် မှတ်သလောက် ရှမ်းစကားဖြင့် ပြောနေ၏။ အိမ်ရှင်ဖနီးမောင်နှံ ကလည်း ကျွန်တော့်အား...

''ဩ ... ကွန်းလုံ၊ ကွန်းလုံ''

ဟု ပြန်ပြောရင်း စကားကောင်းနေ၏။ ထိုစဉ် ရွာ တောင်ဘက်ထိပ်မှ ...

''ဖောင်း ... ဖောင်း ... ဖောင်း ... ဝေါ ... ဝေါ ဝေါ''

ရုတ်တရက် ကျည်သံများ ထွက်လာ၏။ ထို့နောက် ...

''ဒက် ... ဒက် ... ဒက် ... ဒက် ... ဒက် ...



www.burmeseclassic.com

www.burmeseclassic.com



ဒက်''

ဆိုသည့် ဂျီဖိုးအတွဲလိုက် ဆွဲသံများကြားရ၏။

''ဟော့''

''တင်ကိုကိုနဲ့ ဗိုလ်ကြီးတင်သိန်း မေးစမ်းပါဦးကွ။ ဘာတွေဖြစ်နေတာလဲလို့''

ကျွန်တော်၏ စကားသံ မဆုံးလိုက်ပါ။

''အုံးခနဲ ... အုံးခနဲ'' ၈၁ မီလီမီတာ စိန်ပြောင်းဟု ယူဆရသည့် လက်နက်ကြီးကျည်များ ရုတ်တရက် ကျရောက်ပေါက်ကွဲလာသည်။ ကျွန်တော်လည်း အိမ်ပေါ်မှ လှေခါးခနဲ အောက်ခုန်ဆင်းလိုက်၏။ ကျွန်တော် ဆင်းအလိုက်တွင် နောက်ထပ် ''အုံးခနဲ'' ကျလာသည့် တစ်လုံးက လှေကားခြေရင်း၌ ကျကွဲသွား၏။ ဖွားခနဲ Splinter စများ၊ မြေမှုန့်များ လွင့်ပျံသွား၏။ ကျွန်တော်က မြေပေါ်ဝပ်လိုက်မိ၍ ခေါင်းပေါ်ကျော်သွားပြီး အိမ်တိုင်များ မှန်သွား၏။ အိမ်အောက်ရှိ ကျွဲနှစ်ကောင်ကိုလည်း သွားထိ၏။

''ဟော့ ... ဗိုလ်ကြီးတင်သိန်း ရန်သူ့ကျည်လာတဲ့ဘက်ကို ၆၀–ရော၊ ၈၁–ရော အမြန်ပြန်ပစ်။ အမြန်ပြန်ပစ်''

ကျွန်တော်လည်း ဝပ်နေရာမှ လှမ်းအော်ရာ ဗိုလ်ကြီးတင်သိန်းက အပြေးအလွှားဖြင့် လက်နက်ကြီးများ ပြန်ပစ်ပါတော့သည်။ အုံးခနဲ၊ ဂျိမ်းခနဲ သူပစ် ကိုယ်ပစ် ပစ်နေကြရာ ကျွန်တော်တို့က စိတ်ပေါက်ပေါက်ဖြင့် အလုံးနှစ်ဆယ်၊ အစိတ်ခန့် ဆက်တိုက် ပစ်လွှတ်လိုက်မှ ရန်သူ့ဘက်က အပစ်ရပ်သွားပါတော့သည်။ ပစ်ခတ်ချိန်မှာ ၁၅ မိနစ်ခန့်သာ ကြာပါ၏။

ဗိုလ်ကြီးမင်းသွင် အပြေးရောက်လာသည်။





''တပ်ရင်းမှူးကြီး ရွာတောင်ထိပ်ကို ရန်သူတွေ ဝင်လာတာ ကင်းရှည်အဖွဲ့က ပစ်လိုက်လို့ တိုက်ပွဲ ဖြစ်တာပါ ခင်ဗျာ။ ကံကောင်းတယ် တပ်ရင်းမှူးကြီး။ ရန်သူနှစ်လောင်း၊ နှစ်လက် ကျန်ခဲ့တယ်ခင်ဗျ''

''ဟော့ ... ဟုတ်လား။ ကောင်းတာပေါ့ ကိုမင်းသွင်ရာ။ ကဲ ... လာ သွားကြည့်ကြမယ်။ ဗိုလ်ကြီးတင်သိန်းက ကျန်တဲ့ တပ်ခွဲမှူးနှစ်ယောက်နဲ့ ရွာပတ်စစ်ပြီး ဘာဖြစ်သေးလဲ ကြည့်ပါ။ ဗိုလ်တင်ကိုကိုက ငါနဲ့လိုက်ခဲ့ကွာ။ ကိုးနာရီ Call မှာတော့ ဗျူဟာကို ထူးခြားဖြစ်စဉ်ရှိကြောင်း တင်ပြလိုက်ပါ''

ကျွန်တော်တို့သည် ရွာတောင်ဘက်အထွက် ကိုက် ၅၀၀ ခန့်အကွာ ရေချောင်းငယ်လေးအစပ်တွင် ရန်သူနှစ်ဦး မှောက်နံ့လဲကျသေဆုံးနေသည်ကို တွေ့ရပါ၏။ အမ် ၁၆ သေနတ်နှစ်လက်ကတော့ ခွဲ (၄) က ယူထားပြီးပါပြီ။

''ကင်းရှည်ချတော့ ဒီအဝင်လမ်းကိုထိန်းပြီး နှစ်ယောက်ကို တစ်ယောက် လမ်းတစ်ဖက်တစ်ချက်စီမှာ ချထားတယ်ခင်ဗျ။ နှစ်ယောက်တွဲထားရင် စကားပြောနေပြီး ရန်သူလွတ်မှာစိုးလို့ ခွဲထားတာ။ အခု ဒီကောင်တွေ ပွိုင့်က ၆ ယောက်တက်လာပြီး ဒီရေချောင်းမှာ သေတဲ့နှစ်ယောက်က ချောင်းစပ်မှာ ရေခပ်တယ်။ ကျွန်တော့်ဆီက ကင်းသမားလူသစ်က ဟေ့ ဘယ်အဖွဲ့ကလဲလို့ မေးတာနဲ့ ပြန်လှည့်ပြေးတော့တာပဲ''

''အဲဒါ ကျန်တဲ့ ကင်းသမားလူဟောင်းက ကပ်ပြီး ဂျီဖိုးနဲ့ ကုတ်လိုက်တာ နှစ်ယောက်လုံး ကျသွားတယ်။ သူပစ်မှ လူသစ်လေးကလည်း လိုက်ပစ်တာ။ နောက်က Main Body ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူးကြီး **Main Body** က အကြီးနဲ့ ထောက်ထားတာ။ ဒီကောင်တွေ အသံကြားလို့ နောက်လည်း ပြန်ပြေးရော နောက်က အကြီးနဲ့ ကျွန်တော်တို့ရွာထဲ လှမ်းပစ်တော့တာပါပဲခင်ဗျ''

''သူတို့နေရာယူထားတဲ့ ခြေရာလက်ရာတွေ ကျွန်တော် ကြည့်ပြီးပြီ။ အားလုံး လူတစ်ရာတော့ကျော်မယ် တပ်ရင်းမှူးကြီး''

ဗိုလ်ကြီးမင်းသွင်က ဒီခွင်က ရန်သူ့အထားပေါက်သူဖြစ်၏။ ထို့ကြောင့် ကျွန်တော်လည်း ခေါင်းညိတ် ပြီး . . .

''ကိုမင်းသွင်နဲ့ ခွဲ (၄) နှစ်စု၊ ခွဲ (၁) နှစ်စု ရန်သူ့နောက် လိုက်ရှင်းပါ။ ဒီနေ့တော့ ဒီမှာပဲ ပတ်လည်လုံခြုံမှုယူပြီး နေကြတာပေါ့။ နားမှရမယ်။ ဘယ်သူမှ မအိပ်ရသေးဘူး။ သုံးလောင်း သုံးလက်အတွက်တော့ ဆုငွေ သုံးထောင်ပေါ့။ ရန်သူနှစ်ယောက် ရအောင် ပစ်လိုက်တဲ့ ကင်းသမားရဲဘော်ကို **Field Promotion** အနေနဲ့ ဒုတပ်ကြပ် အဆင့်တပ်ပေးလိုက်ပါ''

ကျွန်တော်သည် ကျဆုံးသွားသော ရန်သူနှစ်ဦးကိုကြည့်ရာ ခပ်ငယ်ငယ်ချောချောလေးများ ဖြစ်သည်ကို စိတ်မကောင်းစရာ တွေ့ရ၏။ ၎င်းတို့စစ်အင်္ကျီ ပခုံးတံဆိပ်ကိုကြည့်ရာ မနေ့က အဖွဲ့နှင့်မတူပါ။ သူတို့က တစ်မျိုးဖြစ်၏။ ဘိန်းလုပ်နေသည့် အဖွဲ့တွေ။

မည်သို့ဆိုစေ ကောင်းစွာ မြှုပ်နှံသင်္ဂြိုဟ်ပေးလိုက်ပါ၏။ ရန်သူဝင်လာရာ လမ်းကြောင်းများကိုလည်း အသေအချာ လိုက်ကြည့်လိုက်ပါ၏။ အမှန်ပင် လူတစ်ရာကျော်ခန့် ခေတ္တနားထားသည့်နေရာများကို တွေ့ရ၏။

ရွာထဲပြန်ရောက်သော ကျွန်တော်နေသည့်အိမ်မှ ကျွဲ နှစ်ကောင် ပြင်းထန်စွာ ဒဏ်ရာရပြီး သေဆုံးသွားသည်မှ လွဲ၍





မည်သူမျှ အထိအခိုက်မရှိပါ။ ထိချင်းထိရင် အိမ်အောက်ခုန်ဆင်းလိုက်သည့် ကျွန်တော်သာ ထိနိုင်၏။ အဘယ်ကြောင့်ဆိုသော် လက်နက်ကြီးကျည်ကျသည့်နေရာနှင့် ကျွန်တော် ဝပ်သည့်နေရာမှ တစ်လံသာသာသာ ဝေးသောကြောင့်ပါတည်း။

ထောက်လှမ်းရေးအရာရှိ ဗိုလ်တင်ကိုကိုက . . .

''တပ်ရင်းမှူး . . . အတော်ကံကောင်းတယ်။ တပ်ရင်းမှူး ခုန်ဆင်းပြီး ဝပ်တဲ့နေရာနဲ့ အလုံးကြီးကျတဲ့နေရာ ကပ်နေတယ်''

''သေနေ့စေ့မှ သေတာပါကွာ။ သေမယ်ဆိုရင် သေတာကြာပြီ ဟော့ကောင်ရေ။ ထားလိုက်ပါကွာ''

ကျွန်တော်မှာ တပ်ရင်းတွင် ရာထူးအကြီးဆုံးမို့ ဟိတ်နှင့် ဟန်နှင့် ပြောသာပြောရသည်။ လက်နက်ကြီး ကျသည့်နေရာနှင့် ကျွန်တော့်ခေါင်းမှာ မဝေးလှသဖြင့် အတော်တော့ဖျားသွားပါ၏။

''ကဲ . . . တင်ကိုကို တို့နေတဲ့အိမ်က မဲထောက်ပေါ့ ထောက်ရဲ့ ကျွဲအသေနှစ်ကောင် ဝယ်လိုက်ကွာ။ စစ်ကြောင်းကို အသားပေါ်ပေးလိုက်။ ဒီညတော့ ကင်းရှည်ရှည်ထုတ်ပြီး နားကြတာပေါ့''

သူတို့ကျွဲကြီးနှစ်ကောင်သေ၍ အိမ်ရှင်များမှာ မျက်ရည်လည်ရွဲနှင့် ဖြစ်နေကြ၏။ မတတ်နိုင်ပါ။ ဖြစ်တတ်သည့်အရာများသာ ဖြစ်ကြပါ၏။ သနား၍ ကျွဲနှစ်ကောင်ဖိုးကို သူတို့ကျေနပ်အောင် ပိုက်ဆံပေးခိုင်းလိုက်ပါသည်။

နေ့လယ်တွင် ဗိုလ်ကြီးမင်းသွင် ပြန်ရောက်လာ၏။

''ရန်သူတွေ အရှေ့တောင်ဘက် ဆုတ်သွားတယ် တပ်ရင်းမှူးကြီး။ ဒီကောင်တွေ သံလွင်မြစ်ဘက် ပြန်မပယ်ဝင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒေါ်တဖွီးလောက်ထိ ရောက်ပါတယ်''

''ကောင်းပြီလေ။ ကိုမင်းသွင်နဲ့ ခွဲ (၄) နားပါ။ ဒီနေ့တော့ အားလုံးနားမှ ရမယ်''

ပွဲဦးထွက်အောင်ပွဲကြောင့် ထိုညက ကောင်းကောင်း၊ အိပ်ပျော်သွားပါ၏။ အိပ်ရေးပျက်ပြီး ပင်ပန်းနေတာလည်း ပါမည် ထင်ပါသည်။ ဗျူဟာကလည်း ကျေနပ်ကြောင်း ကြေးနန်းဝင်လာပါသည်။

အထက်ဌာနက ကျေနပ်သည်ဆိုလျှင် လုပ်ရကျိုးနပ်ပါပြီ။

❖ ❖ ❖

နားအွမ်တွင် နှစ်ရက်ခန့် ပတ်ဝန်းကျင်ရှင်းရင်း နားလိုက်ရ၏။

မြောက်ဘက် ကဒူးကြီး ဝင်ရှင်းသည့် ဗိုလ်ကြီးလှရွှေ စစ်ကြောင်းက ပွိုင့် ၄၉၄၅ အနီးတွင် ရန်သူအဖွဲ့ငယ်တစ်ဖွဲ့နှင့် ထိတွေ့မှုတစ်ခုဖြစ်၍ တစ်လောင်းနှင့် အမ်–၂၁ တစ်လက် ရလိုက်၏။ မိမိဘက်မှ တစ်ယောက်ကျသွား၏။ စစ်တိုက်တာပဲ ပန်းနဲ့ပေါက်တာမှ မဟုတ်ဘဲ။ ဟိုဘက် ဒီဘက် အကျအဆုံးတော့ ရှိတတ်ပါ၏။

နောက်ရက်များတွင် ဗျူဟာမှ ဟွေလိုင်းကို ရှင်းနိုင်ရင် ရှင်းပါဟုဆို၏။ ရိက္ခာကလည်း ကုန်လုပြီ။ မြန်မြန် မရှင်းက ထမင်းငတ်တော့မည်။ ထို့ကြောင့် တပ်ခွဲမှူးများနှင့် ဆွေးနွေးပြီး ဟွေလိုင်းရှင်းရန် ပြင်ဆင်ရ၏။ ထိုနေ့က ဆွေးနွေးပွဲ၌ ပြီးခဲ့သည့် ဖြစ်စဉ်များတွင် ကင်းသမား ကောင်းသောကြောင့် နှစ်လောင်း၊





နှစ်လက် ရခဲ့သည်ကို ဆွေးနွေးဖြစ်ကြ၏။

''စစ်မြေပြင် ကင်းစောင့်တစ်ယောက်ရဲ့ သိထားရမယ့် အချက်တွေနဲ့ ပစ်ခတ်မှုနေရာကောင်းတစ်ခုရဲ့ ပြည့်စုံရမယ့်အချက်တွေ သိတဲ့သူပြောကွာ''

ကျွန်တော်က ဆိုလိုက်ရာ အားလုံးက အလိုက်သိစွာဖြင့် ''တပ်ရင်းမှူးကြီးပဲ ရှင်းပြပါခင်ဗျာ'' ဟု ဆိုကြ၏။

''နေတင်းနယ်တပ် ထင်ရှားမှတ် ချဉ်းကပ်လုပ်ဆောင်ဖွယ်။ လှည့်ကင်းဝင်ထွက် စကားဝှက် ပေးချက် လုပ်ဆောင်ဖွယ်ဆိုတာ စစ်မြေပြင် ကင်းစောင့်သိထားရမယ့်ဟာတွေလေကွာ။ နေ – မိမိတည်နေရာ၊ တင်း – ရန်သူ့သတင်း၊ နယ် – နယ်မြေအခြေအနေ၊ တပ် – တပ်ချထားမှု၊ ထင်ရှားမှတ် – ထင်ရှားတဲ့ အမှတ်အသား၊ ချဉ်းကပ်လုပ်ဆောင်ဖွယ် – ရန်သူချဉ်းကပ်လာရင် လုပ်ဆောင်ရမယ့်အချက်တွေ၊ လှည့်ကင်းဝင်ထွက် – မိမိလှည့်ကင်း ဝင်ထွက်ချိန်တွေ၊ စကားဝှက် – မိမိတို့ သတ်မှတ်ထားတဲ့ စကားဝှက်၊ ပေးချက် – အချက်ပေးရင် လုပ်ရမယ့်ဟာတွေပေါ့၊ ဒါတွေ သိထားရင်ရပြီ။ အဲဒါတွေသိအောင် ရဲဘော်တွေကို သင်ပေးကြပါ''

''ပစ်ခတ်မှုနေရာကောင်းကတော့ကွာ ကျည်ကွယ် မျက်ကွယ်ရှိရမယ်။ တက်လမ်းဆုတ်လမ်း ကောင်းရမယ်။ မီးရောင်နဲ့ မီးခိုးကို အကာအကွယ်ပေးနိုင်တဲ့နေရာဖြစ်ရမယ်။ မိမိက ရန်သူကို ကောင်းစွာမြင်နိုင်ပြီး ရန်သူက မိမိကို မမြင်နိုင်တဲ့နေရာဖြစ်ရမယ်။ ဒိမိလက်နက်ကို အစွမ်းကုန် အသုံးချနိုင်တဲ့နေရာ ဖြစ်ရမယ်။ အဲဒါ ;တွပါပဲ''

ကျွန်တော် စကားဆုံးသည်နှင့် ဗိုလ်တင်ကိုကိုက...



www.burmeseclassic.com

www.burmeseclassic.com



''တပ်ရင်းမှူးကြီး ... ဒီကပြန်ရင် ဗိုလ်လောင်းကျ[illegible] ဖွင့်စားလို့ရပြီခင်ဗျာ'' ဟု ဝင်နောက်လိုက်၏။

''အောင်မယ် ... ခွေးမသား။ မင်းကလား ငါ့ကို''

ကျွန်တော်က ရယ်ကျဲကျဲနှင့်ဆိုလိုက်သောအခါ အားလုံး[illegible] ပြုံးကြပါ၏။ မိမိစစ်သည်များ၏ ချစ်ကြောက်ရိုသေမှုကိုရမှ ခေါင်း[illegible] ဆောင်ကောင်းဖြစ်မည်။ အောင်ပွဲရမည်ကို ကျွန်တော် ယုံကြည်[illegible] ထားပါသည်။ ထို့ကြောင့် တပည့်များနှင့် ရင်းရင်းနှီးနှီး နေဖြစ်[illegible] ပါသည်။

''ကဲ ... နက်ဖြန် ဟွေလိုင်း ရှင်းမယ်။ အားလုံး အသင့်[illegible] ပြင်ထား။ ဒီတစ်ခါတော့ ရှမ်းကြီးသန်းနိုင် အလှည့်ပဲ''

❖ ❖ ❖

နောက်တစ်နေ့တွင် ဟွေလိုင်းသို့ ထွက်ခဲ့၏။

ဟွေလိုင်းမှာ သောင်းကျန်းသူတို့၏ သံလွင်မြစ်ကူး စခန်း[illegible] ကြီးဟု ဆို၏။ ထုံးစံအတိုင်း လမ်းပြမရှိ။ **Compass March** ပ[illegible] ဖြစ်၏။ လမ်းမှာတွေ့သည့် ရွာသား တစ်ဦးစ နှစ်ဦးစကလည်း[illegible] ထွက်ပြေးကြ၏။ မည်သူကမျှ အတွေ့မခံပါ။ ကျွန်တော်တို့မှာ[illegible] လမ်းပြမပါ၍ အင်တောများ၊ ကျောက်တောင်များကြားတွင်[illegible] ဟိုတက် ဒီတက်ဖြင့် လမ်းပျောက်သွား၏။ ပွိုင့် ၃၂၂၇ အနီး[illegible] ရောက်ချိန်တွင် နေ့လယ် ၁၂း၀၀ နာရီထိုးပြီ။

''ဘယ်လိုလဲ ရှမ်းကြီး မင်း လမ်းရှာမတွေ့ဘူးလား''

ကျွန်တော့်တပ်တွင် သန်းနိုင် နှစ်ယောက်ရှိရာ တစ်ယောက်[illegible] က ရှမ်း တစ်ယောက်က ထားဝယ်။ ထို့ကြောင့် ရှမ်းသန်းနိုင်[illegible]





[illegible]းဝယ်သ[illegible]ဟု ခွဲခြားထားရ၏။

''ဟု[illegible]တယ် တပ်ရင်းမှူး။ လမ်းပျောက်နေပြန်ပြီ''

ကျွန်တော်တို့သည် ပွိုင့် ၃၂၂၇ အနီးရှိ ကျောက်တောင် တစ်ခု၏ လူသွားလမ်းယောင်ယောင် လမ်းဘေးတွင် ထိုင်နေရာ မနီးမဝေး၌ စက္ကူစလေးများ ဆုတ်ဖြဲထားသည်ကို တွေ့ရ၍ [illegible]န်နိုင်း ၏။

''ကဲ ... တင်ကိုကို ကော်ကပ်ပြီး ဆက်ကြည့်စမ်းကွာ''

ဗိုလ်တင်ကိုကိုက ဆက်ကြည့်၏။

''ဟာ ... တပ်ရင်းမှူး ဟွေလိုင်း ကျွဲ နွား အကောက် ဂိတ် လက်မှတ်ပဲ''

''နေ့စွဲပါလား''

''ပါပါတယ်ခင်ဗျ။ မနေ့ကနေ့စွဲပါ''

''အဲဒါဆိုရင် ဒီနားမှာ ဂိတ်ရှိမယ်ကွ။ တပ်ဖြန့်ရှာဖို့ တက်ခွဲ မှူးတွေကို ပြောကွာ''

ချက်ချင်းပင် တပ်ခွဲသုံးခွဲဖြင့် တပ်ဖြန့်ရှာကြ၏။ သိပ် မရှာရပါ။ မိနစ်နှစ်ဆယ်ခန့်သာကြာ၏။ ရှမ်းကြီး ပြေးလာသည်။

''တွေ့ပြီ ... တွေ့ပြီ'' ဟု ဝမ်းသာအားရပြော၏။

ကျွန်တော်တို့ စစ်ကြောင်းနားနေသည့်နေရာနှင့် ကိုက် တစ်ထောင်ခန့် မရှိတရှိတွင် အင်ဖက်တဲတန်းလျား ဆယ်ခုနှင့် နွား မှောင်ခိုစခန်းကြီးအား တွေ့ရပါသည်။ စခန်းတွင် လူတစ်ဦး တစ် ယောက်မျှ မတွေ့ပါ။ လူနေသည့် လက်ရာ ခြေရာများကိုကား အထင်အရှား တွေ့ရပါသည်။ ဘေးနားတွင် ရေချောင်းကလေးရှိ၍ ဝမင်းမစားရသေးသဖြင့် ခေတ္တအခြေပြုကာ မနက်စာစားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားနေစဉ် တောင်ဘက်တွင် နေရာယူထားသည့် ခွဲ (၄) မှ ပစ်ခတ်မှုဖြစ်၏။ သိပ်မပစ်လိုက်ရပါ။ ''ဒိုင်း . . . ဒိုင်း ဒိုင်း . . . ဒိုင်း'' ဖြင့် လေးငါးဆယ်ချက်သာ ပစ်ရ၏။ ရန်သူတပ် လောင်းနှင့် ဘေးလွယ်အိတ်တစ်လုံး သိမ်းဆည်းရမိရာ ကံကောင်း စွာပင် လမ်းဘမ်းပစ္စတိုခေါ် ၉ မမ ကျည်နှင့် ပစ်ရသည့် တစ်ချက် ပစ် ခြောက်လုံးပြူးတစ်လက်နှင့် ငွေတစ်သိန်းခုနစ်သောင်း ရလိုက် ၏။ ၎င်း၏ ကိုယ်ပေါ်မှ ရရှိသည့် စာရွက်စာတမ်းများအရ ရန်သူ အကောက်အဖွဲ့မှ ဖြစ်သည်ကို သိရပါသည်။

''အင်း . . . ဒီစစ်ဆင်ရေးကတော့ ခွဲ (၄) အောင်ပွဲပဲ''

ချီးကျူးစကားဆိုမိ၏။

ခွဲ (၄) မှူး ဗိုလ်ကြီးမင်းသွင်အား ပျောလိုင်းကူးတို့ထိ လေးစုဖြင့် ရှင်းခိုင်းလိုက်၏။ ကူးတို့တွင် ရန်သူအနည်းငယ်နှင့် ပစ်ခတ်မှု ခဏဖြစ်၍ စီးမြင်းတစ်ကောင် ရလိုက်ပြန်၏။ ရန်သူ သုံး စက်လှေများကမူ သံလွင်အရှေ့ဘက်ကမ်း မောင်းပြေးကြ၏။

ထိုနေ့ညမှောင်မှ ဗိုလ်ကြီးမင်းသွင်နှင့် လေးစုပြန်ရောက် လာသည်။ ပျောလိုင်း နွားမှောင်ခိုစခန်းမှာပင် ထိုတစ်ညအား အခြေ ပြုလိုက်ရ၏။

ငါးရက်စာ ရိက္ခာလည်း ကုန်သွားပါပြီ။

❖ ❖ ❖

ရိက္ခာများ ကုန်သွား၍ အခြေအနေကို ဗျူဟာသို့ တင်ပြ ရ၏။ ဗျူဟာက ရိက္ခာဆန့်စားရန် ညွှန်ကြား၏။ သံလွင်နှင့် နမ့်မတိန်း၊ ချောင်းဆုံရှိတာဆွတ်တိန်ကူးတို့ကိုလည်း ရှင်းခဲ့ပါဦး





ဟု ညွှန်ကြားပြန်၏။ တာဆွတ် တိန်ကို နှစ်ရက် ရှင်းလိုက်ရပါသည်။ ကျွန်တော်ကတော့ ဆန်လက်ကျန်လေးနှင့် ထမင်းစား၍ ရနေသေး ၏။ ရဲဘော်များကတော့ ကွဲသားနှင့် ဆန်ပြုတ် ပြုတ် သောက်နေ ရသည်။ ကြာသော် အားလုံး ကွဲညှီနံ့ ပေါက်လာ၏။ တာဆွတ် တိန်တစ်ဝိုက်တွင် ရန်သူစခန်းဟောင်းများ၊ နိုးထုတ်ရန် ပြင်ဆင်ထား သည့် သစ်လုံးများသာ တွေ့ခဲ့ရ၏။

ဘာထူးခြားမှုမှ မဖြစ်တော့ပါ။ ထိုအခါကျမှ ဗျူဟာက. . .

''လုပ်ဆောင်မှုအားလုံး ကျေနပ်ပါသည်။ ကနရလျှင် ရခြင်း ဆီဆိုင်သို့ တစ်ရင်းလုံး ဝင်ရောက်ပါ''

ဆိုသည့် ကြေးနန်းပို့လာပါ၏။

ကျေနပ်ရမှာပေါ့ခင်ဗျာ။

စစ်ဆင်ရေးကာလ ရက်သတ္တနှစ်ပတ်လောက်အတွင်း၊မှာ တိုက်ပွဲငါးပွဲလောက်ဖြစ်ပြီး လူအသေ ၅ ယောက်၊ **လက်နက်ငယ်** ၅ လက်။ စီးမြင်းတစ်ကောင်၊ ငွေက ၁ သိန်း ၇ **သောင်းကြို၊** များတောင် ရလိုက်ပြီးပြီ။ ထိုစဉ်က ထိုငွေမှာ **လူစီးမော်တော်ကား၊** တစ်စီး ကောင်းကောင်းဝယ်နိုင်ပါသည်ခင်ဗျာ။

''ကဲ . . . ဗိုလ်တင်ကိုကိုရေ ဒို့ကို ဘာခိုင်းဦးမှာလဲလို့ ဗျူဟာက ဗိုလ်ကြီးမျိုးချစ်ကို မေးစမ်းပါဦးကွာ''

''စောစောကတည်းက မေးပြီးပါပြီခင်ဗျ။ ကျွန်တော်တို့ ဘပ်ရင်း တော်တော်ပင်ပန်းသွားလို့ ဗျူဟာက မဲနယ်တောင်တန်း ပေါ်တက်ပြီး တစ်ရင်းလုံး အနားပေးဖို့ပါတဲ့ခင်ဗျ''

''အင်း . . . တော်သေးတာပေါ့ကွာ။ ဒီတစ်ခါတော့ လူ င်စစ်က ကွဲဖြစ်တော့မယ်ဟေ့။ ကဲ . . . အဲဒါဆိုရင် ဆီဆိုင်သာ



www.burmeseclassic.com

www.burmeseclassic.com



အရောက်ချီတက်ကြပေတော့''

ထိုစဉ်တွင် အသင့်ဖွင့်ထားသော ရေဒီယိုမှ အဆိုတော်ကြီး ဒေါ်တင်တင်မြ၏ တောင်တန်းပြာနှင့် ကျောပိုးအိတ်သီချင်းက လာနေသည်။

''မြင်စေချင်စမ်းလှသည် xxx တောင်တန်းပြာစစ် စခန်းမှာ xxx ကျောပိုးအိတ်ကိုလွယ်ချီ xxx စစ်သည် များစွာ xxx အားမန်တက်အသက်ပေးကာရည် xxx မျိုးသာကီ xxx ဇာနည်ဖွားတွေ xxx စွန့်စားဝံ့ကြွား xxx စွမ်းပကားပြကြသည် xxx''

ထိုအခါ ကျွန်တော်က သီချင်းကို နားထောင်ပြီး အောက်ပါအတိုင်း ရေရွတ်လိုက်၏။

''အစ်မကြီးဒေါ်တင်တင်မြရေ စွမ်းပကားကတော့ ဒါအစပဲ ရှိသေးတယ်ဗျို့''

အင်း ... ဒီတစ်ခေါက် မြစ်ကူးစစ်ဆင်ရေးကတော့ တယ်မချောင်ပါလားဗျာ။

BURMESE CLASSIC

## နိဂုံးချုပ်ဖော်ပြချက်

အထက်ဖော်ပြပါဖြစ်စဉ်ကား ကျွန်တော်တပ်ရင်းမှူးဘဝနှင့် ပထမဆုံးအကြိမ် ပွန်ချောင်းကို ဖြတ်ကူး၍ စစ်ဆင်ရေးလုပ်ခဲ့ရသည့် ဖြစ်ရပ်မှန်ပင် ဖြစ်ပါ၏။ တပ်ခွဲမှူးဘဝက မြစ်ကူးစစ်ဆင်ရေးနှင့် စာသော် အထူးတလည် လေ့ကျင့်ရေးကြောင့် အောင်မြင်မှုများ ရခဲ့ပါသည်။ မဲနယ်တောင်တန်းကြီးပေါ် ရောက်ပြီးနောက်တော့လည်း တောင်ခြေရင်းက ပွန်ချောင်းကို နောက်ထပ်အကြိမ်ကြိမ်အခါခါ ဖြတ်ကူးရပါသည်။ ပထမအခေါက် ဖြတ်ကူးမှု အောင်မြင်ခဲ့၍ မြစ်ကူးစစ်ဆင်ရေး၌ ယုံကြည်မှုရှိသွားပြီး ပွန်ချောင်းကို အောင်မြင်စွာ အကြိမ်ကြိမ် အခါခါ ဖြတ်ကူးနိုင်ခဲ့ပါ၏။

နောက်တော့ ချောင်းရိုးတစ်လျှောက် အထက်အောက် စုန်ဆန်လေ့လာပြီး လူကူးတံတားကလေးများ ရှိသည့်နေရာက ကူးတော့သည်။ ပထမအခေါက်တုန်းကတော့ မသိလိုက်လို့ပေါ့ ခင်ဗျာ။ ဒေသခံများက ပွန်ချောင်းပေါ်၌ လူကူးကြိုးတံတားကလေးများ သုံးလေးငါးခုလုပ်ထားပါသည်။ ဒါကလည်း အနေကြာမှ သိလာသည်။ သိတော့လည်း တံတားက ကူးခဲ့ကြသည်။ တံတားက ကူးတော့ သိပ်မစွန့်စားရဘူးပေါ့။ အဆင် ပြေပါသည်။ မည်သို့ပင် ဖြစ်စေ ထိုစစ်ဆင်ရေးကာလက ရန်သူထံမှ အလောင်းလက်နက် အတော်များများ ရလိုက်သဖြင့် ထိုစစ်ဆင်ရေးအပြီးတွင် ကျွန်တော်၏ ခလရ (၆) သည် တပ်မ (၇၇) တွင် စစ်ရေးစွမ်းရည် ပထမရ၍ ဦးရေးထောက် အောင်တံခွန်ဒိုင်းနှင့် တပ်မမှူး၏ ဖလံနီဒိုင်းဆုကြီးကို ချီးမြှင့်ခြင်းခံရပါသည်။

ဤသည်မှာ ပွန်ချောင်းခေါ် နန့်ပွန်ချောင်းအား ဖြတ်ကူးခဲ့သည့် ခလရ (၆) ၏ မြစ်ကူးစစ်ဆင်ရေး အကြောင်းပါခင်ဗျား။

(၁၉၉၀ ခုနှစ်က စာရေးသူကိုယ်တိုင် ပါဝင်ခဲ့သော တကယ့်အဖြစ်အပျက်အား ပြန်လည်ရေးဖွဲ့ပါသည်)

ဗိုလ်မှူးကြီးသောင်းဝေ(သောင်းဝေဦး)





မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ဆောင်းဝေဦး၏ ထွက်ရှိပြီးသောစာအုပ်များ


၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်
၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း
၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)
၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)
၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)
၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)
၇။ ဓါးသကာမရောက် သက်မပျောက်
၈။ ဣတ္ထိယခေါ် မိန်းမတို့သည်
၉။ ယောက်ျားတို့အကြောင်း
၁၀။ ကျွန်တော်လယ်သမားကြီး
၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ
၁၂။ ဝံသားများ စစ်ထဲဝင်ရင်လေ
၁၃။ ကြည်း၊ ရေ၊ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ
၁၄။ မှန်မြစ်မှသည် ဧရာဝတီ
၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ
၁၆။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၁)
၁၇။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၂)
၁၈။ ဣတ္ထိယခေါ် မိန်းမတို့သည်နှင့် ယောက်ျားတို့အကြောင်း
၁၉။ အစ်ကိုတို့စစ်သား
၂၀။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၃)
၂၁။ ကျွန်တော် ဖေါက်သီးသမား
၂၂။ ဒိုဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ
၂၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၄)
၂၄။ ကပ္ပတိန်ကျော်ညွန့်၏ စွန့်စားခန်းများ
၂၅။ အချစ်နဲ့ စစ်သား
၂၆။ စစ်မြေစခန်းက လွမ်းပုံပြင်
၂၇။ ဆန်းကြယ်ထူးခြား စစ်သားတို့၏လက္ခဏာများ
၂၈။ မလွမ်းပို မငိုနဲ့နော်
၂၉။ စီစီဝမ်တာပန်တိုက်ပွဲကြီး
၃၀။ မြန်မာ့မြေမှ အင်္ဂလိပ်-ဂျပန်တိုက်ပွဲများ
၃၁။ လူစွန့်စားကြီးကပ္ပတိန်စောနားမူး
၃၂။ မိုင်းယန်းတိုက်ပွဲ
၃၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၅)
၃၄။ ကျွန်တော်ပါဝင်သော နောင်လိုင်ပါဇန်နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲကြီး
၃၅။ ဗိုလ်ချုပ်ကြီးယာမာမိုတိုနှင့် ပုလဲဆိပ်ကမ်းတိုက်ပွဲ
၃၆။ ဟော့ . နို့ကွန်မန်ဒို
၃၇။ ဗိုလ်ချုပ်ကြီးယာမာရှိတာနှင့်မလေးကျွန်းဆွယ်တိုက်ပွဲ
၃၈။ ကျွန်တော်နှင့်ဘိန်းစစ်ဆင်ရေးများ
၃၉။ ဗိုလ်ချုပ်ကြီးမတ်အာသာနှင့် ဖိလစ်ပိုင်တိုက်ပွဲစဉ်များ
၄၀။ ကပ္ပတိန်စောနားမူး၏ မက်ဆိုပိုတေးမီးယားစွန့်စားခန်းများ (ပထမပိုင်း)
၄၁။ ဗိုလ်ချုပ်ဝင်းဂိတ်နှင့် သူ၏ခြေသုံ့စစ်ဆင်ရေးများ
၄၂။ ကွန်လုံ ရက် ၄၀ တိုက်ပွဲကြီး
၄၃။ ဗိုလ်ချုပ်ကြီးဝီလီယံစလင်းနှင့် မြန်မာပြည်တိုက်ပွဲစဉ်များ
၄၄။ ဗိုလ်ချုပ်ကြီးဝေဗီးဝဲလ်နှင့် မြစ်ကြီးနားတိုက်ပွဲ
၄၅။ ကပ္ပတိန်စောနာမူး၏မက်ဆိုပိုတေးမီးယားစွန့်စားခန်းများ (ဒုတိယပိုင်း)
၄၆။ ထင်ရှားကျော်ကြားပဲ့နှိုးမတိုက်ပွဲများ
၄၇။ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်နှင့် ဂါဇာလာတိုဘရပ်တိုက်ပွဲ
၄၈။ ပြည်သူပါဝင်သော မြစ်ဝကျွန်းပေါ်စစ်ဆင်ရေးများ
၄၉။ ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီနှင့် အယ်လ်အာလာမိန်းတိုက်ပွဲ
၅၀။ မော်ဖဒေသတိုက်ပွဲများ


www.burmeseclassic.com

www.burmeseclassic.com

၅၁။ ဗိုလ်ချုပ်ကြီးရှုးကော့စ်နှင့် မော်ဝကိုစတာလင်ဂရတ်တိုက်ပွဲများ
၅၂။ မြန်မာနိုင်ငံသို့ တရုတ်ဖြူကျူးကျော်ဝင်ရောက်မှုနှင့်
မြန်မာ့တပ်မတော်၏ ကျော်ကြားသော စစ်ဆင်ရေးများ
၅၃။ မြူးရှွေပန်တောက်တိုက်ပွဲကြီး
၅၄။ ဗိုလ်ချုပ်ကြီး ဗိုဝုယင်ဂီယက်နှင့် ကမ္ဘာကျော်ဒင်ဗင်ဖူးတိုက်ပွဲကြီး
၅၅။ ရဲဝံ့စွန့်စားတကာယ်ကွန်မန်ဒိုများ
၅၆။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၁)
၅၇။ ကျွန်တော်နဲ့ ညတိုက်ပွဲများ
၅၈။ မိုင်းယောင်းတိုက်ပွဲ
၅၉။ ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ
၆၀။ မုန်းစီးနားလယ်နှင့် ဂျူးဂျူးဂျက် တိုက်ပွဲကြီး
၆၁။ ဂုဏ်ရှိယခေါင်းမတိုသည်နှင့် ယောက်ျားတို့အကြောင်း(ဒုတိယအကြိမ်)
၆၂။ ကြုံခဲ့ဖူးသော ချုံခိုတိုက်ပွဲများ
၆၃။ သူရစိုးအောင်နှင့် သူ၏စွမ်းရည်ဘွဲ့ရ နားလုံတိုက်ပွဲ
၆၄။ မြဝတီတိုက်ပွဲ
၆၅။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၂)
၆၆။ မဲသဝေါ်တိုက်ပွဲ
၆၇။ အစ်ကိုတို့ရှေ့တန်း
၆၈။ ၁၉၄၉ ခုနှစ်က သမိုင်းဝင်အင်းစိန်တိုက်ပွဲကြီး
၆၉။ ငါ့သားများစစ်ထဲဝင်ရင်လေ
၇၀။ ကျွန်တော်တို့ KNU ကေအင်ယူဝပ်ိ မာနေပလောကို တိုက်ခဲ့စဉ်က
၇၁။ သူတို့တိုက်ခဲ့သော ဟိုက်ကမ်းပါးနှင့် မြူးရှွေပန်ကောက်တိုက်ပွဲကြီးများ
၇၂။ ဝမ်ခသစ် ခေါ် ကော်မူးရာစခန်းသိမ်းတိုက်ပွဲကြီး
၇၃။ နမ့်မယောင်းမှသည် ရောဝတီ
၇၄။ မဖော်ပြဖြစ်ခဲ့သည့် အရှေ့မြောက်ဒေသက တိုက်ပွဲများ
၇၅။ ကျွန်တော်နဲ့ ပြောက်ကျားတိုက်ပွဲများ
၇၆။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၃)
၇၇။ သူတို့တိုက်ခဲ့သော **KIA** နှင့် တိုက်ပွဲများ
၇၈။ **KNU** တပ်မဟာ (၄) မင်းသမီးစခန်းသိမ်းတိုက်ပွဲ
၇၉။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၄)
၈၀။ **KIA** ဝပ်ို ပါဂျီနားဇော့ တိုက်ပွဲကြီး
၈၁။ ယောယုံတိုက်ပွဲ
၈၂။ ဇုန်ကြားရှင်နှင့် တိုက်ပွဲများ
၈၃။ စစ်မြေပြင်မှ ကိုယ်တွေ့လှုပ်ရှားဆန်းကြယ်ဖြစ်ရပ်များ အမှတ် (၆)
၈၄။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၅)
၈၅။ ကျွန်တော်သိသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
၈၆။ စစ်မြေပြင်မှ ကိုယ်တွေ့လှုပ်ရှားဆန်းကြယ်ဖြစ်ရပ်များ အမှတ် (၇)
၈၇။ ပန်ကျူတိုက်ပွဲ
၈၈။ ကျွန်တော်သိသော ဗိုလ်ချုပ်ကြီးသိန်းစိန် (သို့မဟုတ်)
သမ္မတကြီးဦးသိန်းစိန်
၈၉။ အရှေ့တောင်တိုင်းက အမှတ်တရတိုက်ပွဲများ
၉၀။ မြန်မာနိုင်ငံတောက်လှမ်းရေးများအကြောင်း
၉၁။ ရဲဝံ့စွန့်စား **KIA** နှင့် တိုက်ပွဲများ
၉၂။ မိုးမိတ်တိုက်ပွဲ

## ထခုထွက်ရှိထည့်စာအုပ်

၉၃။ ဝသက (၃၆) မှ ကြည်း၊ ရေ၊ လေ တပ်မှူးများ၏
အမှတ်တရ တိုက်ပွဲများ

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၉၄။ စစ်မြေပြင်မှ ကိုယ်တွေ့လှုပ်ရှားဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၁) (ဒုတိယအကြိမ်)
၉၅။ မြန်မာတို့ တရုတ်ရန်ကို ခုခံကာကွယ်ခဲ့စဉ်က

www.burmeseclassic.com

www.burmeseclassic.com

## မြရတနာစာပေမှ
## ထုတ်ဝေခဲ့သော အခြားစာရေးဆရာများ၏စာအုပ်များ

### ထုတ်ဝေပြီးစာအုပ်များ


၁။ ဗိုလ်မှူးကြီးမိုးခင်(အငြိမ်းစား)၏
(က) နှောင်တွယ်ကျွမ်းရစ် သောကဖြစ်မို့
(ခ) ချိုလေတဲ့ချိုလေ (၁)
(ဂ) ချိုလေတဲ့ချိုလေ (၂)
(ဃ) ချိုလေတဲ့ချိုလေ (၃)
(င) ချိုလေတဲ့ချိုလေ (၄)
၂။ ဗိုလ်မှူးကြီးတင်ထွန်း(အငြိမ်းစား)၏
ရူလိုင် (၇)ရက်၊ ရှစ်လေးလုံးနှင့် တာဝန်အထွေထွေ
၃။ ရဲကျော်သူရ
ရှုံ့တောထဲက စိတ်ဓာတ်နဲ့ ထူးခတ်၍ ခြေရာရှာခြင်း
၄။ ဒုဗိုလ်မှူးကြီးလှမြင့်(အငြိမ်းစား)
ကလောင်အမည် လှမြင့် (ပုသိမ်) ၏
ရာဟုဖွားငလေမွေး၏ ငယ်ဘဝကောက်ကြောင်းနှင့်
သူ၏စစ်မြေပြင်ကိုယ်တွေ့ဖြစ်ရပ်မှန်များ
၅။ ကို(တက္ကသိုလ်)အမည်ခံ
ဗိုလ်မှူးကြီးကိုကို(လေ)(အငြိမ်းစား)၏
မေ့ပါနိုင် တစုများ
၆။ သေနင်္ဂဗျူဟာစစ်ရေးစစ်ရာများ
၇။ ခွန်ဝိဇ္ဇာ ၏
ပအို့ဝ်ဒုတိယတော်လှန်ရေး
၈။ ဒုတိယဗိုလ်မှူးကြီးညိုပု
တပ်မတော်သားဘဝ ကြုံတွေ့ရသည့် ထူးခြားဆန်းကြယ်
သည်းထိတ်ရင်ဖို မမေ့နိုင်စရာဖြစ်ရပ်များ


ကိုယ်တိုင်တိုက် ကိုယ်တိုင်ရေး တိုက်ပွဲဝင်တပ်မှူးတစ်ဦး

# ဒုတိယဗိုလ်မှူးကြီးညိုပု

လုပ်ငန်းကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

သူရဲကောင်းမှတ်တမ်းဝင် နှစ်ထပ်ကွမ်း ၏
ပထမဆုံးလုံးချင်း

# တပ်မတော်သားဘဝ
# ကြုံတွေ့ခဲ့ရသည့် ထူးခြားဆန်းကြယ်
# သည်းထိတ်ရင်ဖို မမေ့နိုင်စရာဖြစ်ရပ်များ


မြရတနာစာပေတွင် ရနိုင်ပါသည်၊
မြရတနာစာပေ (ဖုန်း) ၀၁-၃၇၉၇၇၃/ ၀၁-၅၇၈၆၇၀


www.burmeseclassic.com

www.burmeseclassic.com

ယနေ့ဖြစ်ပေါ်နေသော လားရှိုး၊ ကွတ်ခိုင်၊
မူဆယ်ကြား မြောက်ပိုင်းမဟာမိတ် KIA, TNLA,
MNDAA တို့နှင့် မြန်မာ့တပ်မတော်တို့၏
တိုက်ပွဲများကို ရှေးမဆွတပင်
ကြိုတင်သုံးသပ်မျှော်မှန်းရေးသားထားသည့်

# သောင်းဝေဦး

# ရဲဝံ့စွန့်စား KIA
# နှင့်
# တိုက်ပွဲများ

မြရတနာစာပေတွင် ရနိုင်ပါသည်၊
မြရတနာစာပေ (ဖုန်း) ၀၁-၃၇၉၇၇၃/ ၀၁-၅၇၈၆၇၀

လွတ်လပ်ရေးရပြီး မြန်မာ့တပ်မတော်
ပေါ်ပေါက်ချိန်မှစ၍ စတင်ဖွဲ့စည်းခဲ့သော
မြန်မာ့တပ်မတော်ထောက်လှမ်းရေးများ၏
ယနေ့အချိန်ထိအဆင့်ဆင့်ပြောင်းလဲလာပုံများအား
အသေးစိတ်ဖော်ပြထားသည့် . . .

# သောင်းဝေဦး

# မြန်မာနိုင်ငံ
# ထောက်လှမ်းရေးများအကြောင်း

မြရတနာစာပေတွင် ရနိုင်ပါသည်၊
မြရတနာစာပေ (ဖုန်း) ၀၁-၃၇၉၇၇၃/ ၀၁-၅၇၈၆၇၀

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၇ ခုနှစ်က ရှားရှားပါးပါး
ဗကပလက်ထဲ ကျသွားသည့်
မိုးမိတ်မြို့တိုက်ပွဲအကြောင်းအား
စာရေးသူကိုယ်တိုင်
ကွင်းဆင်းလေ့လာတင်ပြထားသည့်
တိုက်ပွဲသုံးသပ်ချက်နှင့်
သင်ခန်းစာဖော်ထုတ်ချက်များ

# သောင်းဝေဦး

# မိုးမိတ်တိုက်ပွဲ



မြရတနာစာပေတွင် ရနိုင်ပါသည်၊
မြရတနာစာပေ (ဖုန်း) ၀၁-၃၇၉၇၇၃/ ၀၁-၅၇၈၆၇၀

www.burmeseclassic.com